လရောင်ကျူးရင့်

မြန်မာပြည်တွင် ချစ်သည်



ပုံနှိပ်မှတ်တမ်း

ထုတ်ဝေဖြန့်ချိရေး — ဒေါ်ဝါဝါထွေး(မြ-၀၂၁၇၄)
ပတ္တမြားသိုက်စာပေ
အမှတ်(၈၆)၊ ဥက္ကာ(၃)လမ်း၊ (ဂ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်း ပုံနှိပ် — ဦးကျင်ရင်(မြ-၀၀၃၂၇)
ရွှေခြင်္သေ့ပုံနှိပ်တိုက်
အမှတ်(၁၇၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း — ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ။

အုပ်ရေ — ၅၀၀အုပ်

တန်ဖိုး — ၄၀၀၀ကျပ်

ထုတ်ဝေသည့်စာ ကတ်တလောက်အညွှန်း(CIP)

မြန်မာပြည်တွင် ချစ်သည် / လရောင်ကျူးရှင့်   ရန်ကုန်
ပတ္တမြားသိုက်စာပေ။
စာမျက်နှာ(၃၂၈) ၊ ၁၃.၂စင်တီ× ၂၀.၅
(၁) မြန်မာပြည်တွင် ချစ်သည်



အခန်း(၁)

"ကျတယ်ဒေါက်တာရေ..အုန်းခနဲပဲ.."

ကော်ဖီသောက်နေတုန်း မေမေရေရွတ်ပြလိုက်သည့် အုန်းခနဲအသံက လည်ချောင်းထဲရောက်နေသည့် ပေါင်မုန့်မီးကင်တွေတောင် ပြန်ခုန်ထွက်လာနိုင်၏။ ကော်ဖီနဲ့မျှောချတာတောင် ပါမသွားနိုင်တဲ့အထိ ဘယ်လိုတောင် ကျယ်လောင်လိုက်သည့် အုန်းခနဲလဲ.. ။

"မေမေဆိုတာလေ ကိုယ့်ဘာသာစာမေးပွဲကျတာကို မခံစားရဘူး.. သူ့ဆီက ဘယ်တစ်ယောက်ယောက်ကိုပြောရင်း အုန်းခနဲထမြည်မလဲပဲ ကြောက်နေရတယ်.."

နောက်ထပ်ပေါင်မုန့်တစ်ချပ်ကို ကောက်ကိုင်ရင်း ထမင်းစားခန်းရှေ့ကဖြတ်သည့် ဒေါက်တာသဲစုဝင်းကိုလည်း သွားဖြဲပြရင်း မြည်တွန်တောက်တီးရင်း.. ။

"အဲ့ဒီဒေါက်တာကလည်း အောင်စာရင်းထွက်တဲ့နေ့ကျမှပဲ လာရတယ်လို့.."

ပြောရင်း ပေါင်မုန့်ကိုခါးလယ်ထိဝင်အောင်သွင်း၍ ကိုက်ပစ်လိုက်

သည်။ ပြီးတော့ တစ်ချက်နှစ်ချက်ပဲဝါးပြီး ပါးစောင်တစ်ဖက်ကိုပို့၍ ကော်ဖီကိုငုံလိုက်တာ ပါးစပ်တစ်လုံး။ ထိုအခါ ပါးနှစ်ဖက်စလုံးဖောင်းခြင်းသို့ ရောက်တာ.. ။

"ဝူး..ဟွမ်း၊ အဲ့ဒါပဲ.. ဟွမ်း.."

"ကဲ..ပါးစပ်ထဲကဟာတွေ မျိုချပြီးမှ ပြောစမ်းပါ၊ ခြေမြှောက်လက်မြှောက်တွေ လုပ်ပြောနေရအောင် ကျုပ်တို့ကဆွံ့အနားမကြားတွေလား.."

"ဟွမ်း.."

ဒါတောင် မျိုချနေတုန်း စကားပြောဖို့ ကြိုးစားသေးသည်။ ပြီးမှ လည်ချောင်းရှည်ထွက်လာအောင်စင်း၍ မျိုချလိုက်ပြီး.. ။

"စကားအရှိန်ဆိုတာ ပြောလို့ရတုန်းပဲ ပြောဂို့ကောင်းတာ..အပြင်မှာမေမေပရယ်ဇန်တာ လုပ်နေတာလေ.."

"ဘာဖြစ်လဲအဲ့ဒါ..နင်စာမေးပွဲကျတာ ပွတ်ကာသီကာကျတာမှမဟုတ်တာ.."

"အောင်မယ်..ပွတ်ကာသီကာကျသလား ပစ်စလပ်ခတ်ကွာဝေးပြီး ကျသလား ဘယ်တုန်းကကြိုသိလိုက်တာလဲ.."

ကလေးငိုကလည်း ကော်ဖီကမန်းကတန်းမျိုချပြီး လည်ချောင်းနာသွားသည့် မျက်နှာရှုံ့တွတွနှင့်.. ။

"အမှတ်စာရင်းကို စောင့်ကြည့်စရာမလိုဘူး..နှစ်စဉ်နှစ်တိုင်း အုန်းခနဲကျနေတာ နင်ချည်းပဲ.."

"လာပြန်ပြီ အုန်းခနဲ.."

"မှတ်မိနေတာ.."

"သေပါလား.."

"ကဲ..ကဲ ခွေးနှစ်ကောင်ကျနေတာပဲနော်.."

"ဟုတ်ပ..အဲ့ကောင်မလေး ကလေးငိုဆိုရင် သိပ်နိုင်တယ်.."

တိုင်းရင်းသားပီပီ ကလေးငိုဆိုသည့်နာမည့်ဆန်းလေးနှင့်ကောင်လေးသည် သူမလေး၏သူငယ်ချင်းလည်းဖြစ် မောင်ဝမ်းကွဲလည်းဖြစ်သောကြောင့်.. ။

"နိုင်တော့ဘာဖြစ်လဲ..သူကရဲရဲထက်အငယ်ပဲ.."

ပြောရင်း နောက်စေ့ကိုရိုက်ပစ်လိုက်တာ ဖျန်းခနဲ။ တော်သေးသည်။ ကော်ဖီနဲ့ပါးစပ်နဲ့ မထိသေးခင်မို့.. ။

"ရဲရဲနော်..နင်.."

"ဟဲ့..တော်ကြတော့လို့ ဖေဖေပြောနေတယ်လေ.."

ကော်ဖီဝိုင်းမှာ ဦးရဲလူနှင့်သမီးအကြီး နီနီဇင်မြင့်ရယ်..ရဲရဲရယ် ပြီးတော့ ကလေးငိုရယ် ရှိနေကြကာ ဒေါ်မြတ်ပန်းနီက ဆရာဝန်လူနာလာကြည့်သဖြင့် ကော်ဖီဝိုင်းလည်းမထိုင်ရသေးသူမို့ ဆရာခန်ကိုလိုက်ပို့ရင်း..

"ဟုတ်ပါတယ်ဒေါက်တာရယ်..အန်တီတို့လည်း ဘယ်လိုနည်းလမ်းရှာရမှန်းကို မသိတော့ပါဘူး၊ ပထမတစ်ခါကျတယ်လေ..ပြီးတော့ မဖြေဘဲနေခဲ့တဲ့နှစ်တွေနဲ့ ပြန်ဖြေမယ်လို့ စိတ်ကူးလေးပေါ်လာပြီဟဲ့ဆိုပြီး ဝမ်းသာအားရဖြေခိုင်းလိုက်ပါတယ် ဘယ်မှာအောင်လို့လဲ.."

"ပြန်ဖြေတာ နှစ်နှစ်ရှိပြီနော်.."

"သုံးနှစ်ရှိပါပြီဒေါက်တာရယ်..မဖြေခဲ့တဲ့နှစ်တွေနဲ့ ဆယ်တန်းမှာဘယ်လောက်တောင်အောင်းနေပြီလဲဆိုတာ အသက်ပဲနှစ်ဆယ့်လေးထဲရောက်နေပြီလေ.."

"ဟယ်..ဟုတ်လား၊ ရဲရဲကနုတယ်နော်..မျက်နှာလေးချိုလို့လားမသိဘူး၊ ကြည့်လိုက်ရင် ဆယ့်ခွန်ဆယ့်ရှစ်လောက်ပဲ ထင်ရတယ်.."

"ဟုတ်မှာပေါ့..ဘာမှမှပူပင်သောကမရှိတာ၊ မွေးတည်းက စုပုံဝိုင်းချစ်တာခံပြီး မွေးလာတာလေ..ရှေ့ရေးနောက်ရေးဆိုတာလည်း တစ်ခါဆိုတစ်ခါမှ ပါးစပ်ထဲထည့်ပြောတာ မရှိဖူးပါဘူး.."

သမီးအကြောင်း ဘယ်လိုပြည့်ပြည့်စုံစုံနေလာခဲ့တာကို ပြောချင်တာလား.. တကယ်ပဲ ရှေ့ရေးနောက်ရေးကို တွေးပူနေတဲ့ကရုဏာဒေါသတွေလားမသိ။ ဒေါ်မြတ်ပန်းနီမျက်နှာမသာမယာနှင့် ညည်းတွားနေတာကို ဒေါက်တာသဲစုဝင်းက ကြည့်နေရင်းပြုံးကာ.. ။

"ကျောင်းစာဆိုတာ ကိုယ်တိုင်လည်းလိုချင်မှ..ပြီးတော့ နေ့စဉ်ထိတွေ့နေမှအန်တီရဲ့၊ အထူးသဖြင့် ကာယကံရှင်ပဲ.."

"သူလည်းဖြေချင်ပါတယ်..တက္ကသိုလ်ကျောင်းသူတော့ ဖြစ်ချင်ပါသေးတယ်ဆိုလို့လေ၊ နောက်ပြီး.."

ဒေါ်မြတ်ပန်းနီက တစ်ခုခုကို ပြောဖို့တွန့်ဆုတ်သွားသလို ခြေလှမ်းတွေနှေးသွားသည်။ ဒေါက်တာသဲစုဝင်းကလည်း သူမပြောလာမှာကိုစောင့်ရင်း နှေးကျသွားသည်။ နှစ်ယောက်သား ကားနားထိရောက်လာကာမှ.. ။

"သူအောင်ချင်တယ်ဆိုတာလည်း ဖွဲ့နိုင်ကိုပြိုင်ဆိုင်ပြီး အောင်ချင်တာဖြစ်နိုင်တယ်.."

တစ်ယောက်တည်း ထင်ကြေးပေးသလိုပြောနေရင်း သဲစုဝင်းကိုကြည့်ကာ.. ။

"ဒေါက်တာလည်းမိသားစုလိုဖြစ်နေပြီဆိုတော့ အတွင်းရေးလေးနည်းနည်းပြောပြချင်တယ်.."

"ဟုတ်ကဲ့ပါ..ပြောပါ.."

သဲစုဝင်းက ဒေါ်မြတ်ပန်းနီရဲ့အမေ အသက်ရှစ်ဆယ်ကျော်အဘွားအိုကို တစ်ပတ်တစ်ခါကျန်းမာရေးလာစစ်ပေးနေသည့် Family doctorဖြစ်ကာ အိမ်နီးချင်းလည်းဖြစ်သည်။ မိသားစုဝင်ချင်းလည်း ရင်းနှီးကြသည်မို့..၊

"ရဲရဲကို ဒီနှစ်ကုန်နိုဝင်ဘာ ဒီဇင်ဘာလောက် လာစေ့စပ်တော့မှာ.."

သဲစုဝင်းက အိတ်လေးဆွဲထားလျက် ခေါင်းညိတ်သည်။

"ကောင်လေးက အစကတော့ သူ့သူငယ်ချင်းပေါ့နော်..နောက်တော့ နိုင်ငံခြားမှာပဲ ကျောင်းပြီးသွားတာ၊ ကျောင်းအတူတက်ခဲ့တဲ့သူငယ်ချင်းလည်းဖြစ် ရဲရဲကိုလည်းမေတ္တာရှိနေတာဆိုတော့ ပညာအရည်အချင်းဘာညာ သူ့အတွက်ပြဿနာမရှိဘူးပေါ့..ဒါပေမဲ့.."

ဒေါ်မြတ်ပန်းနီစကားမဆက်ပေမယ့် သဘောပေါက်သွားသည့်မျက်နှာနှင့် သဲစုဝင်းကခေါင်းညိတ်သည်။

"အဲ့ဒါလေ အန်တီကတော့ ဆယ်တန်းတောင်မအောင်နိုင်ဘဲ လက်ထပ်မပေးချင်ဘူး.."

"ရဲရဲက လက်ထပ်ဖို့လက်ခံလိုက်တာလား.."

"ဟုတ်တယ်..ဒါပေမဲ့ အန်တီသိတယ်၊ ရဲရဲကဘာကိုမှ လေးနက်တာမဟုတ်ဘူး..အိမ်ထောင်ရေးဆိုတာ ပေါ့ပျက်မှုတွေနဲ့ တည်ဆောက်လို့မရသလိုပေါ့ပေါ့ပါးပါးရှေ့ဆက်လို့ရတဲ့ ခရီးရှည်မှမဟုတ်တာ၊ သမီးလေးကူကယ်ရာမဲ့ပြီဆိုမှ ကိုယ်ဘာမှမတတ်နိုင်တော့မှာ အရမ်းစိုးရိမ်တယ်.."

"အဲ့ဒီတော့ အန်တီကဘယ်လိုဖြစ်စေချင်လို့လဲ.."

"ဒေါက်တာညီမ ဆေးကျောင်းသူဟောက်ဆင်းနေတဲ့သူလေးရှိတယ်မို့ ..ဘား..သဲလတ်ချိုလေ၊ သူ့ကိုသမီးရဲ့ဂိုက်ဒ်လုပ်ပေးဖို့ အကူအညီတောင်းချင် ..ဘာ.."

သဲစုဝင်းက မျက်မှောင်ကုတ်သွားသည်။

"ဒီလိုပါဒေါက်တာရယ်..ဒီပြင်ကဂိုက်ဒ်ခေါ်ရင် တခြားမလိုလားအပ် ..ကိစ္စတွေ ရှိလာမှာစိုးလို့ပါ၊ သမီးကို ဒီအရွယ်ကြီးကျမှ ဂိုက်ဒ်နဲ့ပြန်သင်နေ ..တာလည်း ကောင်လေးမိဘတွေဘက်က မသိစေချင်ဘူး..ကောင်လေးကအင်္ ..န်မှာပေမယ့် သူ့မိဘတွေဘက်က ဒီကံကပ်လျက်လမ်းမှာနေကြတာ.."

ဒေါ်မြတ်ပန်းနီဆန္ဒက ဒေါက်တာသဲစုဝင်းတို့အိမ်ကနေ သဲလတ်ချို ..းလာလျှင် တစ်အိမ်ကျော်ပဲဖြစ်သလို ကျောင်းကအပြန်ဝင်သင်ပေးမယ်ဆို ..င်လည်း ဘေးလူရိပ်မိဖို့သိပ်မရှိပေ။ ဘာကြောင့် ဒီလောက်ထိစိုးရိမ်နေရသလဲ ..လျှင် ဖွဲ့နိုင်တို့အဒေါ်အရင်းက ဒီလမ်းထိပ်မှာနေတာဖြစ်ကာ ရဲရဲနဲ့ဖွဲ့နိုင်ကိစ္စ ..မလိုလားသည့်စကားသံတွေ သူမတို့ဆီကအထွက်ဆုံးဖြစ်နေခြင်းကြောင့်..

"ဒီလောက်အများကြီးပြောနေပုံထောက်ရင် ရဲဆယ်တန်းမအောင်ဘဲ ..ယောက်ျားယူတော့မယ့်အဖြစ်ကို မေမေပြောပြီးပြီ.."

စကားသံနှင့်အတူ ထမင်းစားခန်းထဲက ရဲရဲထွက်လာတော့ ကလေးငို ..ပါလာ၏။ ဒေါ်မြတ်ပန်းနီမျက်နှာက သမီးကိုမြင်လိုက်မှ တင်းသွားသည်။ ..းတော့ ရှုံ့မဲ့မဲ့မျက်နှာလွှဲ၏။ ဆိုဖာမှာသွားထိုင်လိုက်ပြီးမှ ပြန်မော့ကြည့်ကာ..

"ဟဲ့..ဒီမှာလာထိုင်လေ.."

အထဲပြန်လှည့်ဝင်သည့်ခြေလှမ်းက မေမေ့ခေါ်သံကြောင့် တုံ့ခနဲဖြစ်သွားသည်။ ကိုယ်ကမပါဘဲ မျက်နှာချည်းပဲလည်ပင်းလိမ်အောင်လှည့်ကြည့် ..။

"သိဘူးလေ..မျက်နှာကြီးရှုံ့မဲ့နေတော့ မေမေရဲ့ဖေ့စ်လန်းငွေ့ချ်အရ မြန်မြန်သွားကြစမ်းပါလို့ အဓိပ္ပာယ်ရနေတော့.."

"ရဲရဲ.."

"ရှိန်.."

"အဲ့ဒီရှုန့်ကိုထားပြီး လူအရင်လာခဲ့.."

"ဟုတ်.."

ဟုတ်ကိုထားပြီး မျက်နှာကကလေးငိုဘက်ရောက်သွားသည့်ရဲရဲသည်..

"ကလေးငို..နင်မတိုက်နဲ့ဦးနော်၊ အသုံးလည်းမကျဘဲနဲ့ ငါမပါရင်နင်ရှုံးမှာပဲ.."

"အံမာ..မတိုက်နဲ့ဆိုလည်း မတိုက်နဲ့ရိုးရိုးမပြောဘူး၊ တိုက်ကိုတိုက်ဦးမှာ.."

"ဟဲ့..နေဦး.."

"ဟာ..ဖယ်စမ်းပါ၊ ငါ့..ငါ့အကျီနော်၊ ပြဲပြီ..ဟာ မေလေး.."

"ကြည့်စမ်း..မအေကခေါ်နေတယ်၊ သူတို့ကလုပ်ချင်ရာလုပ်နေတယ်.."

"မဟုတ်ဘူး..လာပြီမေမေ့.."

ဒေါ်မြတ်ပန်းနီလက်ပါတော့မှာကို ရဲရဲကသိသည်။ ထို့ကြောင့် ဆိုဖာမှာဦးအောင်ပြေးထိုင်လိုက်ပြီး မျက်နှာကလည်ပင်းလိမ်လျက် နောက်မှာ..၊

"ငါပြောနေတယ်နော်ကလေးငို..နင်တိုက်ကြည့်.."

"ဟား ဟား ဟား.."

"နီရဲရဲနီ.."

"ဒုန်း.."

စားပွဲကိုထုပစ်လိုက်သဖြင့် သူမတုန်ခနဲဖြစ်သွားကာမှ..၊

"မေမေ့..အဟွန့်.."

"နင့်ကိုငါမပြောချင်တော့ဘူးသိလား.."

"မေမေကလည်း.."

လက်ဖဝါးချင်းပွတ်၍ ခါးလိမ်နေပုံက 'မပြောချင်မပြောနဲ့ပေါ့'လို့ အသံတိတ်ပြောနေတာမှန်းသိလိုက်သည်။ ကိုယ့်သမီးဘယ်လိုခွန်းတုံ့ပြန်တတ်တာကို သိပြီးသား။ ကလေးငယ်လေးတွေ ဖျားနာပြီဆို စည်းကမ်းပျက်သွားတတ်သည်တဲ့။ လူမမာလေးဆိုပြီး မိဘကလဲကဲကမချ။ ပူဆာသမျှဖြည့်ဆည်းပေးဘာအပြစ်လုပ်လုပ် အပြုံးမပျက် ခေါင်းလေးပွတ် လက်ဖျားခြေဖျားလေးတွေဆုပ်။ ဒါက ကိုယ်လည်းဖြတ်သန်းခဲ့ရတဲ့ သဘာဝပါ။ ဆယ်တန်းစာမေးပွဲဖြေခါနီးမှ သွေးလွန်တုတ်ကွေးဖြစ်လို့ မဖြေခဲ့ရသည့်ဆယ့်ခြောက်နှစ်သမီးအရွယ်က ဘာကြောင့်စည်းကမ်းပျက်ပါသလဲ..။ သူမကိုဂရုစိုက်ခဲ့သည် အလိုလိုက်ခဲ့

သည်။ စာမေးပွဲလည်းပြန်ဖြေပါ မတိုက်တွန်းခဲ့သလို မျက်နှာရိပ်လေးတကြည့် ကြည့်နဲ့ နေလာခဲ့ရသည်။ သေရာပါအရိုးစွဲမယ့်ရောဂါမဟုတ်ပေမယ့်အသက်ဘေးနီးသွားသည့်အဖြစ်က အရိပ်မည်းကြီးလို အမြဲတမ်းလွှမ်းမိုးနေခဲ့၏။ ဒါပေမဲ့ သင်းကကလေးမှမဟုတ်ဘဲ..၊

စာမေးပွဲပြန်ဖြေချင်ပါသည်ပြောခဲ့တာ သူမဆန္ဒနဲ့သူမ။ ထပ်ကျပေမယ့် ထပ်ဖြေပါမည်ဆိုတာလည်း ဘယ်သူမှတိုက်တွန်းခဲ့တာမဟုတ်။ ဒါပေမဲ့ သူမစာမေးပွဲဖြေချင်နေတာက အောင်ချင်တာမှမဟုတ်ဘဲ..။ ဒါဆိုဘုန်းဗုန်းကျနေတာကို ပျော်နေတာလား..။ ကိုယ်အရင်လို ပေါ့ပေါ့တန်တန်နေလို့ မဖြစ်တော့ဘူးဆိုတာ နည်းနည်းလောက်တော့ တွေးမိဖို့သင့်နေပြီမဟုတ်ဘူးလား..။ မျက်လုံးတွေက သမီးဖြစ်သူကိုယ်ပေါ်မှာ ခေါက်တုံ့ပြေးနေပေမယ့် စိတ်ကသူမထံမှာမရှိ။ ရှေ့ရေးနောက်ရေးတွေမှာ နီရဲရဲနီဆိုသောမိန်းကလေးအတွက်သည်..၊

"ညည်းကိုနီရဲရဲနီလို့ပေးထားတာ စာမေးပွဲဘယ်လောက်ကျကျမကြောက်တတ်အောင် ပေးထားတယ်များ ထင်နေရောသလားရဲရဲ..ဟင်.."

"အဟွန်း.."

"ဘာရယ်တာလဲ..ဒါက.."

"မေမေကလည်း.."

"အဲ့ဒီမေမေကလည်း တိတ်စမ်း.."

စားပွဲကိုထပ်ထုလိုက်မှ ရဲရဲကိုယ်လေးတောင့်မတ်ငြိမ်သက်သွားသည်။ ထိုစဉ် ဦးရဲလူနဲ့သမီးကြီး နီနီဇင်မြင့်တို့အပြင်ရောက်လာကြပြီး..၊

"သမီးငယ်ပြောပုံဆိုပုံကိုပြင်စမ်းနော်..လူကြီးတွေ သမီးကြောင့်ဘယ်လောက်မျက်နှာပျက်အရှက်ရနေကြသလဲ မသိဘူးလား.."

ဦးရဲလူအသံကြားမှ ရဲရဲမျက်လွှာချ၏။ ရိုက်နှက်ဆုံးမခဲ့တာမဟုတ်ဘဲ နေရာတကာလည်းဝင်ပြောပင်းသူမရှိခဲ့သည့်ဖိုင် ဦးရဲလူကိုမှ သူမကြောက်ကြသည်။ ကုန်လှောင်ပွဲရုံကြီးတွေနှင့် ကုန်သည်လောကမှာနာမည်ကျော်နေသည့်ဦးရဲလူက ခန့်ညားသလောက် အနေတည်သည်။ စကားနည်းသလောက် နုနုနွဲ့နွဲ့တွေလည်း သိပ်မပြောတတ်..၊

"ဖွဲ့နိုင်ကိုစေ့စပ်ဖို့ သမီးလက်ခံခဲ့တယ်..ဖွဲ့နိုင်က ဗိသုကာပညာရှင်၊

သမီးကခုထက်ထိ ဆယ်တန်းမအောင်ဘူး.."

"သမီးစာမတော်တာ ဖွဲသိပါတယ်.."

ဦးရဲလူမျက်ခုံးတွေ ဆတ်ခနဲကျုံ့သွားခဲ့သည်။ ပြီးမှ.. ။

"လက်ထပ်တယ်ဆိုတာ လူနှစ်ယောက်ပဲပေါင်းဖက်ကြတာမှန်တယ်..ဒါပေမဲ့ ဒီနှစ်ယောက်နဲ့ပတ်သက်တဲ့ အသိုက်အဝန်းကို ထည့်မတွက်လို့မရဘူး၊ ဖွဲနိုင်ကတစ်ဦးတည်းသောသား..မိဘတွေက ဖေဖေတို့ထက်ချမ်းသာတယ်၊ ခေတ်မီတယ်..အိမ်ထောင်ဖက်ရွေးချယ်ခွင့်ကို သူ့သားလက်ထဲထည့်ထားပေမယ့် သမီးကိုသူတို့လိုလားပါ့မလား.."

"မလိုလားပါဘူးလို့ ဒီနားထဲရောက်အောင် သတင်းအမျိုးမျိုးလွင့်နေတာကိုရယ်..မြတ်တော့ ရှက်လို့သေသွားနိုင်တယ်၊ တကယ်ပဲ.."

"မေမေကလည်း စေ့စပ်မယ်ဆိုတာလည်း သူတို့ကပဲစပြီးကမ်းလှမ်းတာဥစ္စာ.."

နီနီဇင်မြင့်ကပြောရင်း ကိုင်ထားသည့်အိတ်လေးကို ပေါင်ပေါ်တင်ပြီး ရဲရဲဘေးမှာဝင်ထိုင်လိုက်သည်။ ဦးရဲလူက ဒေါ်မြတ်ပန်းနီဘေးမှာထိုင်လိုက်ပြီး မိဘနှစ်ပါးကတစ်ဖက် ညီအစ်မနှစ်ယောက်ကတစ်ဖက်.. ။

"ရဲရဲ မမအတွက်နှင်းဆီငါးပွင့်လောက် သွားခူးပေးစမ်းပါ..ပြီးရင်ပါကင်လှလှလေးထုပ်ပေးနော်၊ လက်ဆောင်ပေးစရာရှိလို့.."

"ဟုတ်.."

ဒီနေရာကနေ ဘယ်လောက်ထသွားချင်နေသည်မသိ။ အစ်မဖြစ်သူက လမ်းဖွင့်ပေးလိုက်တာနှင့် ပခုံးသာသာဆံနွယ်ပျော့လေးတွေ ဖျတ်ခနဲဝေ့ခါသွားအောင် ခုန်ထ၏။ အရပ်မနိမ့်မမြင့် ကိုယ်လုံးသွယ်သွယ်လေးနှင့် ရဲရဲသည် အိမ်မှာဆိုဘောင်းဘီတို ကွာတားလေးတွေနှင့် နေတာများကာဂါဝန်ဝတ်တာက တစ်ခါတလေ။ ဒါတောင်ခြေဖျားကပ်ဂါဝန်တွေ မဝတ်တတ်သဖြင့် ဂါဝန်ရှည်ပြီဆို လက်ထဲမှာဆုပ်လို့မနိုင်တဲ့အထိ လုံးထွေး'မ'ထားရတာ ရာဇဝင်တွင်၏။ သူတို့တွေ ရဲရဲထွက်သွားတဲ့ဆီ သုံးယောက်သားမျက်လုံးတွေကပ်ပါသွားခဲ့ပြီး.. ။

"ခက်တယ်.."

"ငါတော့စိတ်ညစ်ပါတယ်.."

ဦးရဲလူနဲ့ဒေါ်မြတ်ပန်းနီ သံပြိုင်ထွက်၏။ အလုပ်သွားရမည့်နီနီဇင်မြင့်က နာရီကြည့်လိုက်ပြီးမှ.. ။

"ရဲရဲကိုသိပ်မဆူပါနဲ့မေမေရယ်.."

"ဘာရယ်.."

ဒေါ်သဖြစ်သွားသည့်အသံက ရှုတ်တရက်ကျယ်လောင်သွားခဲ့၏။ ပြီးမှ ကိုယ့်အသံကိုယ်သတိထားမိပြီး ခပ်ကိုးတိုးနှိမ့်၍.. ။

"ဒီလောက်တဗုန်းဗုန်းကျပြီး ဒီအသက်အရွယ်တိုင်လာတာကို မဆူရပါနဲ့ဟုတ်လား..ဒီအမေက ဆူတာလောက်ပဲတတ်နိုင်တာလေ.."

"မေမေဆူရင် ခံရမှာပဲရှိတယ်..သူကိုယ်တိုင်မှမလိုချင်ရင် ဘယ်နှစ်ခါဖြေဖြေ အောင်မှာမဟုတ်ဘူးမေမေ၊ စာမေးပွဲဆိုတာ ကံနဲ့လည်းဆိုင်သေးတယ်..ဒီလောက်ကျူရှင်ကောင်းတွေ တက်နေသားနဲ့ စာကျက်ရမယ့်အချိန်သည်း ကျက်နေတာပဲ.."

"ပါးစပ်ကအော်နေပြီး ခေါင်းထဲမရောက်လို့ပေါ့အေ..အခု မေမေစိတ်ပူနေတာ သူစေ့စပ်မယ့်ကိစ္စပဲ၊ စာမေးပွဲကျခဲ့တာ ကိစ္စမရှိဘူးထား..အဲ့လိုမဟုတ်ဘဲနဲ့ သူကဆက်ဖြေနေတာ၊ အောင်လားဆိုတော့လည်း မအောင်ဘူး..အခုစေ့စပ်ဖို့ ခေါင်းညိတ်လိုက်ပြန်ပြီ.."

ရဲရဲတစ်ယောက် ဆယ်တန်းမအောင်ခဲ့ပေမယ့် စီးပွားရေးလုပ်နေတယ် အောင်မြင်နေတယ်ဆိုရင် ဒါကိုမေ့တောင်မေ့နေမှာပါ။ ခုတော့ သူမအဖြစ်က အမြဲတမ်းဆယ်တန်းဖြစ်နေသည့်အခြေအနေက မထွက်နိုင်ဘဲ စေ့စပ်ဖို့ကိုတော့ လက်ခံခဲ့သည်။ ကိုယ့်သမီးမို့ သေချာသိနေတာကို ပြောရပါလျှင် သူမခေါင်းထဲမှာ စာမေးပွဲကလည်း အရေးမကြီး အိမ်ထောင်ပြုခြင်းသည်လည်း ပေါ့ပေါ့တန်တန်.. ။

"ဟုတ်ပါပြီ..ဒီတော့ မင်းကဘာလုပ်ပေးချင်တာလဲ၊ ဒေါက်တာသဲစုဝင်းဆီက တစ်ခုခုအကူအညီတောင်းလိုက်တာလား.."

လင်မယားချင်း မကြာခဏပြောဖြစ်ခဲ့တာကို ဖမ်းပြီးမေးလိုက်တာဖြစ်သည်။ စာမေးပွဲဖြေပြီး အခြေအနေသိပ်မဟန်ဘူးဆိုတည်းက 'ကျူရှင်ကိုချည်း အားမကိုးဘဲ အိမ်မှာဂိုက်ဒ်ခေါ်ထားခဲ့ရင် ကောင်းသား'လို့ ဒေါ်မြတ်ပန်းနီတဖွဖွညည်းခဲ့သည်။ 'သဲစုဝင်းညီမလေးက စာသိပ်တော်တာ..အငယ်မ

ကို ပြနိုင်မှာပဲ'လို့ ထုတ်ပြောတာလည်းရှိခဲ့တာကြောင့်.. ၊

"ဟုတ်လား..ကိုယ်ကတွေးကြည့်တာပါ.."

"ဟုတ်တယ်..ဒါပေမဲ့ ရွယ်တူချင်းဆိုတော့၊ ပြီးတော့ သဲလတ်ချိုက စကားနည်းတယ်..ပြောရရင် ပညာမာန်လေးလည်းရှိပုံပဲ.."

"ဩော်..ဆရာလုပ်ခိုင်းရမှာပဲကွာ၊ ဆရာဂုဏ်မြောက်မယ့်ဂိုက်ဆိုက်တော့ ရှိမှာပေါ့၊ မဆိုးပါဘူး..ဒါပေမဲ့ သမီးငယ်က ဆက်ဖြေမယ့်ပုံရှိလို့လား"

"ဟုတ်ပါတယ်မေမေရယ်..ဆက်လည်းမဖြေသင့်တော့ပါဘူး၊ မေမေ့ သမီးက သူ့အသက်သူမေ့နေတာ..သူ့ထက်ငယ်တဲ့ ကလေးငိုတောင်မှ ကျောင်းပြီးနေပြီ၊ သူ့ကိုယ်သူသတိမရဘူး..သူဘာဝါသနာပါသလဲသေချာမေးပြီး သူလုပ်ချင်တဲ့စီးပွားရေးတစ်ခုခု ထူထောင်ပေးလိုက်ရင် မကောင်းဘူးလား.."

ဆယ်တန်းမအောင်တာက အမြတ်မရပေမယ့် အလုံးအရပ်လျော့တာမဟုတ်။ စီးပွားရေးထူထောင်ပေးကာမှ ရင်းနှီးပေးသမျှ တစ်သုတ်ပြီး တစ်သုတ် ပလုံပစ်နေရင် မခက်ဘူးလား..။ ဒေါ်မြတ်ပန်းနီ ခင်ပွန်းသည်ကို ကြည့်လိုက်တော့ မျက်မှောင်ကုတ်နှုတ်ဆိတ်နေသဖြင့် သမီးကြီးပြောတာကို ကဲန်ဆယ်လ်ထားလိုက်ရကာ.. ၊

"စေ့စပ်ဖို့ကို နောက်နှစ်ဆုတ်ထားလိုက်ပြီး သမီးငယ်ကိုစာမေးပွဲအာရုံစိုက်ဖို့ တိုက်တွန်းချင်တာ..သူတကယ်ဖွဲ့နိုင်နဲ့နီးနီးနေချင်တာမှန်ရင်.."

"နီးချင်တာဝေးချင်တာထက် မင့်သမီးဖြေချင်စိတ်ရှိမှဖြစ်မှာမြတ်.. သူ့ဟာသူဖြေပါ့မယ်ဆိုပြီး ဖြေနေတာတောင် မအောင်ဘဲနဲ့ ကိုယ်ကတိုက်တွန်းလို့ဖြေရတာဆိုရင်.."

"တိုက်တွန်းကြည့်ရမှာပဲကို..သူ့အသက်အရွယ်က ခုနှစ်နေ့ရက်တွေနဲ့မဆိုင်တော့ဘူး..ဆယ်တန်းကာလမှာပဲ ရပ်တန့်နေတာ၊ အဲ့ဒီတော့ ဘယ်အရွယ်ဖြစ်ဖြစ် ဒီဆယ်တန်းကိုအောင်မှကိုဖြစ်မှာ.."

စာမေးပွဲကျတုန်းက သမီးလေးကိုသနားလိုက်တာ..တဟီးဟီးနဲ့ကြကြ ကျူပါအောင်ငိုလို့ ချော့လိုက်ရတာဆိုတာ သူများတွေက စာမေးပွဲအောင်လို့ ဆုချကြပေမယ့် ကိုယ်ကတော့ စာမေးပွဲကျလို့ ပြိုင်ကားလှလှလေးတစ်စီး ဝယ်ပေးခဲ့ရတဲ့အဖြစ်။ နောက်နှစ်ကျတော့ နေမကောင်းဖြစ်လို့။ ဒါလည်း

ယ့်ကလေးပြန်ကောင်းလာတာအမြတ်။ စာမေးပွဲကအရေးမကြီး။ သူမမဖြေချင်တော့ဘူးဆိုတဲ့နှစ်တွေမှာလည်း အငယ်ဆုံးမို့အလိုလိုက်ထားသည့်အဒါက သူမဖြေချင်တာကို ဖိအားမပေးတော့ပါဘူးလေဆိုပြီး ထားခဲ့လိုက်သည်။ နောက်နှစ်တွေမှာ အဖေ့ကိုကူမလား အစ်မကိုကူမလား စီးပွားရေးတစ်ခုခုလုပ်မလားစသဖြင့် မေးခွန်းတွေထုတ်၍ သွေးတိုးစမ်းခဲ့ပေမယ့် တစ်ကိုးမပေါက်ခဲ့ပေ။ အထပ်ထပ်ကျနေတာကြီးကို ရပ်တန့်ချင်ပါပြီဆိုသည့်အချိန်မှာ အိမ်ထောင်ရေးက ငုတ်တုတ်စောင့်နေ၏။

ကိုယ်မွေးခဲ့တဲ့သမီး ကိုယ်တိုင်လည်းနားမလည်တော့ပါ။ ဘယ်လိုနက္ခတ်နဲ့ ဘယ်လောက်တောင်ကြီးမြတ်စွာမွေးမိခဲ့တာလဲ..

♦♦♦♦

အခန်း(၂)

"ဟာ..မဖြစ်နိုင်တာမမကလည်း၊ နီရဲရဲနီက အရမ်းရိုင်းတာ..သူ့ဟာသူအသုံးမကျလို့ ကျကျန်ခဲ့ပေမယ့် အသက်ချင်းကမတိမ်းမယိမ်း၊ ကျူရှင်လည်း အတူတက်ခဲ့ဖူးတယ်.."

"ဒါပေမဲ့ ညီမလေးတို့သူငယ်ချင်းတွေမှမဟုတ်တာ..မရင်းနှီးရင် ခပ်တန်းတန်းနေလို့ရတာပဲ၊ နောက်ပြီး ဆယ်တန်းအောင်ရုံနဲ့တောင် ဆယ်တန်းချင်းပြန်ပြီးဂိုက်ဒ်လုပ်နေကြတာညီမလေးရယ.."

"ဒါပေမယ့် လတ်ကတော့ သူ့ကိုလုံးဝမသင်ပေးဘူး.."

ခံစားချက်က ရင့်နေပြီမို့ နီရဲရဲနီဆိုသည့်အသံကြားတာနဲ့ ထွီခနဲ တောင်လုပ်ပစ်ချင်သည်။ နာမည်ကနီသလောက် ဝတ်လိုက်ရင်အနီရောင်တွေပဲများသည်။ မနီရင်တောင် ဘယ်လိုအရောင်ဖြစ်ဖြစ် လက်လက်တောက်နေမှ။ လက်ဝတ်ရတနာ ဘယ်တော့မှမဝတ်ဘဲ ဖန်စီတွေကို သူများလိုက်မမီတဲ့ဒီဇိုင်းတွေနဲ့ မိန်းမချင်းငေးရအောင်ဝတ်သည်။ သူမအသားကဖြူဖြူတာထက်ပိုပြီး ဝင်းထိန်နေသည့်အသားမျိုးမို့ သူမနဲ့မလိုက်တဲ့အရောင်လည်းမရှိ။ အတိုအပြတ်တွေ ဘယ်လိုဝတ်ဝတ် တင့်တယ်သောကိုယ်ဟန်

သွယ်သွယ်က ကဲ့ရဲ့ဖို့မေ့လောက်အောင် ကြည့်ကောင်းနေသည်။ ထို့ပြင် မျက်လုံးမျက်ခုံးက သာမန်ပဲဖြစ်သည့်တိုင် မေးတစ်ဖက်မှာ အညိုရောင်မှဲ့လေးရှိနေသဖြင့် သူမ၏အပြုံးအရယ်တွေက အသက်ဝင်၏။

ဤကဲ့သို့ မနာလိုဖွယ်အလှတရားတို့ဖြင့် ပြည့်နှက်နေသောသူမသည် ကိုယ်ချစ်ရတဲ့သူကို လုယူသွားခဲ့သည့်နောက်.. ၊

"စာသင်ဖို့ထက် ရည်းစားထားဖို့ပဲ အာရုံစိုက်နေတာ.."

"သူရည်းစားထားတာ ညီမလေးကသိနေလို့လား.."

သဲလတ်ချိုအသံလေး တိတ်သွားသည်။ သူမရှေ့မှာ ဖွင့်ချထားသည့် စာအုပ်ကို သဲစုဝင်းကအသာလေးဆွဲယူပြီး ပိတ်ထားလိုက်ကာ.. ၊

"လူပြောသူပြောနဲ့ ရမ်းထင်မနေပါနဲ့ညီမလေးရယ်..မိန်းကလေးတစ်ယောက်လှနေပြီ ဝတ်စားသွားလာနေပြီဆို အဲ့မိန်းကလေးပွေတယ်ရှုပ်တယ် ဆတ်ကော့လက်ကော့ဘာညာတွေ လူတွေကပြောကြတာပဲ..သူ့လိုဆယ်တန်းတဗုန်းဗုန်းကျနေတဲ့မိန်းကလေးဆို ပိုပြောတာပေါ့.."

"သတင်းဆိုတာလည်း ချဲ့ကားကြီးမားသွားတာ ဖြစ်ရင်ဖြစ်မယ်.. အရင်းအမြစ်ကတော့ ရှိနေတာပဲမမ၊ နီရဲရဲနီကို မပွေမရှုပ်ပါဘူးလို့တော့ မမမပြောနိုင်ဘူးမို့လား.."

ဒါတော့ ဝန်ခံရမှာပေမယ့် မိန်းကလေးချင်းအလှချင်းပြိုင်ပြီး မနာလိုတာများလားလို့လည်း တွေးလိုက်မိသည်။ ရဲရဲအကြောင်းပြောလိုက်တာနှင့် ခါးခါးသီးဖြစ်သွားသည့် ကိုယ့်ညီမမျက်နှာက ထူးခြားနေသည်မို့..၊

"ဒါနဲ့ ညီမလေးသူငယ်ချင်းတွေထဲမှာရော ဂိုက်ဒ်လုပ်ပေးချင်တဲ့ အခြေအနေမျိုး တစ်ယောက်တောင်မရှိဘူးလား.."

"သူ့ကိုဆို ဘယ်သူမှဂိုက်ဒ်လုပ်ချင်မှာမဟုတ်ဘူး.."

"ဟင်.."

သဲစုဝင်းအံ့သြသွားတော့ သဲလတ်ချိုကလှည့်ကြည့်ကာ.. ၊

"မမကလျှော့တွက်နေတာလား..အဲ့တစ်ယောက်က လူကဆယ်တန်းမအောင်တာ ကျောင်းထဲမှာ သူ့ခြေရာချည်းပဲ၊ အပေါင်းအသင်းကလည်း စုံပါ့..တချို့ဆို အားငယ်ပြီးဆေးတက္ကသိုလ်မပြောနဲ့ ဘယ်ယူနီဗာစီတီဖြစ်ဖြစ် တော်ရုံခြေမချရဲကြဘူး၊ သူကတော့ ဆေးကျောင်းလည်း[illegible]

..ဆရာတွေလည်းမလွတ်.."

ကြည့်စမ်း..မိန်းကလေးချင်း အတင်းပြောတတ်နေတာ..

သဲစုဝင်း ကိုယ့်ညီမကိုအံ့သြနေကာ နားလည်းလည်သွားခဲ့သည်။ ထို့ပြင် သူမနဲ့အတူရှိနေကြမည့် သူငယ်ချင်းတွေလည်း ထိုနည်းနှင်နှင်ဖြစ်နိုင်သည်လို့ တွေးမိရင်း.. ।

"အေးလေ..မမဘာသာပဲ ရှာကြည့်ပါတော့မယ်၊ အန်တီမြတ်တို့က အရမ်းသဘောကောင်းကြတာ..နောက်ပြီး မမအမြင်မှာတော့ ရဲရဲက ကလေးဆန်တာပါ၊ အဲ့လိုလူမျိုးတွေက ကိုယ့်ကြောင့်သူများထိခိုက်သွားတာလည်း မသိဘူး..ကိုယ့်ကိုယ်ကိုထိခိုက်မှာလည်း ဂရုမစိုက်တတ်ဘူး၊ ပြောချင်တာက ပေါ့ပေါ့တွေးပေါ့ပေါ့နေတတ်တာပေါ့..ရည်းစားထားနေတာနဲ့တော့ စရိုက်ပျက်နေပြီလို့ မဆိုနိုင်ပါဘူး၊ မမကတော့ ဒီကောင်မလေးကို တိုက်တွန်းပေးရင် ထူးချွန်လာမှာပဲထင်နေတယ်.."

ဒီစကားမှာ သဲလတ်ချိုက ပခုံးလေးတွန့်ပြီး တစ်ဖက်လှည့်သွားသည်။ သဲစုဝင်းကလည်း နေရာမှထရပ်လိုက်ကာ.. ।

"ဘာပဲဖြစ်ဖြစ် မိဘတွေရဲ့ပူပန်မှုကို လျှော့ပါးစေမယ်ဆိုလည်း မမကတော့ ကူညီဖို့ကြိုးစားမှာပဲ..ဖြစ်လာတာ မဖြစ်လာတာကတော့ သူတို့အပိုင်းပေါ့.."

♦ ♦ ♦ ♦

အခန်း(၃)

မျှော်စင်ကျွန်းထဲကို လမ်းလျှောက်ဝင်လာကြရင်း နှစ်ယောက်သားအအေးဘူးတွေကိုယ်စီပိုက်လေးတပ်၍ စုပ်နေကြသည်။ ရေငက်နေတာမို့ တစ်ဝက်ကျော်ကျော်ကုန်သွားတဲ့အထိ မော့လည်းမကြည့်နိုင်။ စကားလည်း မပြောနိုင်ကြဘဲ.. ।

"အား..ရင်ထဲကိုအေးသွားတာပဲ.."

"ဟုတ်တယ်နော်..သိပ်မဝေးပါဘူးဆိုပြီး လျှောက်ခဲ့ကြတာ ညောင်းလိုက်တာ၊ အဲ့ကားပြန်စွေးရင် ငါမလိုက်တော့ဘူး.."

"အဲ့ဒီတော့ ငါကကားကို ခေါင်းပေါ်ရွက်ခဲ့ရမှာလား.."

မမောင်းတတ်သည့်ကလေးငိုက မျက်စောင်းထိုးပြီးငေါ့သည်။

"နင့်ကိုငါသင်ပေးထားတာ ဘာအတွက်လဲ.."

"အောင်မာ..တဖြောင့်တည်းပြေးနေအောင်တော့ ခဏလေးသင်တာနဲ့တတ်တယ်လေ၊ ငါလည်းအဲ့လောက်ပဲတတ်တဲ့ဟာ.."

ထိုစဉ် လူတွေစုရုံးစုရုံးဖြစ်နေကြတာ လှမ်းမြင်လိုက်ကာ.. ।

"ဟိုမှာဘာလဲမသိဘူး.."

"ဘာဖြစ်ရမှာလဲ..ရုပ်ရှင်ရိုက်နေတာဖြစ်မှာပေါ့.."

"သွားကြည့်ရအောင်.."

ရဲက အအေးဘူးကို လမ်းဘေးမြက်ခင်းတွေပေါ် လွှဲပေါက်လိုက်ပြီးမှ သည်။

"ဘာလို့ကြည့်ရမှာလဲ.."

"ဟ..ဟိုမှာ မင်းသား မင်းသား၊ ဘယ်သူပါလိမ့်..ပါးစပ်ဖျားတင်မေ့နေတယ်.."

"မင်းသားတွေလောက်တော့ ရင်မခုန်ပါဘူး..ငါ့ရည်းစားတွေကိုကြည့်ကြည့်လိုက်၊ မြန်မာနိုင်ငံကမင်းသားတွေ ထိုင်ငိုသွားလိမ့်မယ်.."

"လေကြီးမိုးကြီး.."

"ခစ် ခစ်.."

ရယ်နေရင်း ထိုအနီးဝန်းကျင်ကို ရောက်လာသည်။ လှည့်ကြည့်လိုက်တော့ မင်းသမီးနဲ့မင်းသားရန်ဖြစ်ခန်း ရိုက်နေကြတာဖြစ်ကာ ဟာသမှန်းသိလိုက်တော့ သေချာကြည့်မိ၏။ ထိုစဉ် ဘေးကဖြတ်သွားသည့်တစ်ယောက်က ပိတ်ကွယ်လိုက်သဖြင့် ထိုသူကိုရှောင်၍ ခေါင်းတိမ်းကြည့်လိုက်သည်။ ထိုသူက ကိုယ်တိမ်းသည့်ဘက်ကို ယိမ်းလာတော့ တခြားဘက်ကနေ ခေါင်းထုတ်ကြည့်မိ၏။ မင်းသမီးက မင်းသားကိုအရုပ်နဲ့ရိုက်မလို့ အရုပ်သည်ဆီက လှည့်ဆွဲလိုက်တော့ အရုပ်ကခေါင်းပြုတ်ပါသွား၏။

"ဟား ဟား ဟား.."

အရုပ်ခေါင်းကလက်နဲ့အရှိန်ပါသွားကာ မင်းသမီးပါပက်လက်လန်သလိုဖြစ်သွားတော့ မင်းသားကလက်ဝါးရိုက်ရယ်၏။

"ခစ် ခစ် ခစ်.."

ရဲရဲမနေနိုင်တော့ဘဲ ရယ်ချလိုက်မိသည်။ ရယ်လို့ကောင်းတုန်း ထိုပုဂ္ဂိုလ်၏ကျောပြင်ကြီးက ရှေ့တည့်တည့်ကိုရောက်လာပြန်လျှင်.. ၊

"ဩော်..ရှုပ်နေတာပဲ ဖယ်စမ်းပါ.."

"ဟာ.."

"အယ်..ဆောရီး ဆောရီး.."

တွန်းလိုက်တာက ဘေးရောက်သွားရုံပါ။ သူလည်းငေးလို့ကောင်းနေတုန်းထင်သည်။ ရဲရဲတွန်းလိုက်တာနှင့် ဘေးကိုစိုက်စိုက်ပါအောင် ယိုင်ထွက်သွားတာ ကံကောင်းလို့မလဲခြင်း.. ၊

"ခစ်..ခစ် ရယ်ရတယ်ဟာ၊ ကြည့်ဦး.."

"ဆောရီးပါဗျာ..ဒီမှာအာရုံများနေလို့ပါ.."

ရဲရဲလုပ်ချလိုက်တာကို ကလေးငိုကတောင်းပန်နေသည်။ တဖက်လူဘာတွေဖြစ်နေသလဲ ရဲရဲကစေ့စေ့တောင်မကြည့်ပေ.. ၊

"လာ..ဒီဘက်တိုးခဲ့စမ်းပါ၊ ငါတောင်းပန်ပြီးပြီဥစ္စာ..ဒီမှာလာကြည့်"

ယိုင်သွားသည့်လူကိုကြည့်ခြင်း ကလေးငိုကိုခေါ်ခြင်းက ခေါင်းတစ်ချက်လှည့်ရုံပဲဖြစ်ကာ ဟိုဘက်ဒီဘက်လှည့်သွားသည့်အခိုက်အတန့်တို့သည် မျက်မှေးတဆုံးတောင် ကြည့်ဖြစ်မည်မထင်လောက်အောင် မြန်ဆန်သွားခဲ့ပြီး ဆံပင်တွေကဖွာခနဲ လွင့်ခနဲ.. ၊

"ရဲရဲရာ..နင်ကလည်းမကြည့်ချင်လို့ပဲနော်၊ ဟိုလူဘာတွေဖြစ်သွားလဲတောင် တစ်ချက်မှလှည့်မကြည့်ဘူး.."

ရဲရဲက ဟိုကိုငေးနေဆဲနှင့်.. ၊

"ကြည့်တာပဲဟာ.."

"ဘာကြည့်တာလဲ..ဟိုမှာကံကောင်းလို့ လေးဘက်ထောက်မလဲတာ"

"ယောကျ်ားကြီးဖြစ်ပြီး ငါ့လက်လေးနဲ့တွန်းတာကို လဲစရာလား..တောက်..လာတွန်နေတယ်ကလေးငိုရာ.."

ရဲထိုနားက လှည့်ထွက်လာခဲ့ရင်း ဆံပင်တွေဖွ ခြေဆောင့်နှင့် ကလေးငိုကို လှည့်ထိုးနေသည့်မျက်စောင်းက မျက်လုံးကြီးတွေကျွတ်ထွက်လာတော့မယ့်အတိုင်း.. ၊

"အဲ့ဒါကြောင့်ပြောတာ စိတ်က ခုဒါလုပ်မယ်..ချက်ချင်းမလုပ်တော့ဘူး၊ တော်ကြာသွားမယ်..တော်ကြာမသွားတော့ဘူး.."

"ငါ့စိတ်နဲ့ငါ့ကိုယ် ဘာဖြစ်လဲ.."

"ခုရော..ဘယ်ကိုသွားမှာလဲပြော၊ ရည်းစားနဲ့ချိန်းထားတာတော့ မဟုတ်ပါဘူးနော်..နမလင်နေ မောင်ဖင်ကျိန်း.."

"ဒါလားဖင်ကျိန်းမယ့်ရုပ်.."

စကားပြောလည်း ဘယ်တုန်းကမှ မတည့်မတ်ခဲ့ဘဲ ကလေးငိုနဲ့ပဲ

ဘယ်သွားသွားအတူတူ။ မရှိရင်ရှာသည်။ တွေ့တော့ရန်ဖြစ်ကြသည်။ မောင်ဆိုပေမယ့် ညီအစ်မတွေလို ပြောချင်ပြီဆို ပြောသင့်သင့်မပြောသင့်သင့် အကုန်ပြောတော့သည်။

"ဟင်..ဟိုမှာ အကဲလေး.."

ရုတ်တရက်ကြီး လက်ကိုဆွဲချိတ်လိုက်သဖြင့် ကလေးငိုမျက်လုံးတွေ ဟိုဒီလှည့်ပတ်ရှာမိ၏။ ရဲရဲဒီလိုလုပ်ပြီဆို သူမပြတ်စဲချင်သော ရည်းစားတစ်ယောက်ယောက်အနားမှာရှိနေပြီ.. ၊

"ဘယ်မှာလဲ..ဘယ်သူလဲ၊ ငါမတွေ့ဘူး.."

"နင်လိုက်ရှာနေတာနဲ့ ပေါ်ကုန်လိမ့်မယ်..ဘယ်မှမကြည့်နဲ့၊ လာမေးရင်ခပ်တည်တည်နေ.."

"ဟမ်..လာမေးမယ်.."

ထိုစဉ် အသားဖြူဖြူ ခပ်ဖြောင့်ဖြောင့်လူနှစ်ယောက် သူတို့ရှိရာကို ဦးတည်လာနေကြတာ မြင်လိုက်ရပြီး.. ၊

"ရဲ.."

ရဲရဲကိုခေါ်လိုက်ပြီး ကလေးငိုကို မျက်လုံးဝေ့ကြည့်ပုံက မကြည်ကြည့်။ ကလေးငိုက အရုပ်သိပ်မမြင့်ပေမယ့် ရဲရဲထက်တော့ ပိုမြင့်သည်။ ဆံပင်ပုံစံက နားအထက်မှာပတ်လည်ရိတ်ထားတာမို့ ရုတ်တရက်ဆိုသပိတ်စွပ်ထားတာနှင့်တူ၏။ ထို့ကြောင့် ရုပ်လေးသနားကမားပေမယ့် ကြည့်ရဆိုးခြင်းသို့ရောက်ကာ.. ၊

"တို့ကိုတွဲပြတာတော့ မဟုတ်ပါဘူးနော်.."

ဒီရုပ်မျိုးနဲ့ဆိုသည့် သရော်ကြည့်က နောက်ထပ်ကလေးငိုထံဝေ့သွားသည်။ ပြီးတော့ သွားတွေပေါ်အောင်ပြုံးလိုက်ရင်း.. ၊

"တို့ ရဲကိုရှင်းမပြခဲ့တာက.."

"ခုလည်း ရှင်းပြဖို့မလိုဘူးနော်..ရဲက နိုးဆိုရင် နောက်ထပ်မေးလည်းဒါပဲ၊ သွားမယ်ကို.."

"နေပါဦး.."

ဆွဲလိုက်တာက ကလေးငိုရဲ့ပခုံးစွန်းကိုဖြစ်ကာ ဖိဆုပ်ကိုင်လိုက်ပြီး ဆွဲသလိုနှင့် တွန်းပစ်၏။ ကလေးငိုယိုင်သွားတာနှင့် ရဲရဲရဲ့လက်တစ်ဖက်က

သည်း ရိုပ်ခနဲမြောက်တက်သွားသည်။ ထိုတစ်ယောက်က လက်ကိုအမိအရဖမ်းကိုင်ထားလိုက်လျှင် ရဲရဲ၏နောက်လက်တစ်ဖက်သည်.. ၊

"ဖြန်း.."

"အ.."

လက်တစ်ဖက်ကို မိလိုက်သည်မို့ အပိုင်တွက်လိုက်သည့်အခိုက်မှာ ပါးတစ်ဖက်ကိုအရိုက်ခံလိုက်ရသဖြင့် ညည်းသံပါထွက်လာ၏။ လူသည်သည်း တစ်ဖက်စောင်းယိုင်ထွက်သွားကာ.. ၊

"ရဲ..မင်းလုပ်ရက်လှချေလား.."

"ဟုတ်တယ်..ရှင်မကျေနပ်ရင် ဖြန်ရိုက်လေ၊ ရဲက အားမတန်လို့ ရှုံးရင်တောင် ကြောက်ပါပြီလို့တော့ မအော်ဘူးနော်..ဟွန့်.."

ကလေးငိုလက်ကိုဆွဲ၍ ရဲဆံပင်တွေခါပြီး ထွက်လာခဲ့သည်။ ဟန်ကိုယ့်ဖို့လုပ်ရင်း မှင်မောင်းကောင်းခဲ့သော်လည်း နောက်ကများပါလာလေမသားလို့ စိုးရိမ်စိတ်တော့ဝင်၏။ ကလေးငိုက စားသောက်ဆိုင်အကွယ်ရောက်မှ လက်ကိုဆောင့်ရုန်းလိုက်ကာ.. ၊

"မိရဲရဲ..နောက် နင်နဲ့ဘယ်မှမလိုက်တော့ဘူး.."

"နေနိုင်ရင်နေပေါ့.."

အနီရဲရဲလည်ကပ်ကိုယ်ကျပ်သည် ခါးစပ်ထိပဲရှည်ကာ ဘောင်းဘီရှည်ခါးစပ်နဲ့ လက်နှစ်လုံးလောက်ကွာ၏။ ထို့ကြောင့် လက်မြှောက်လိုက်လှဲလိုက်တိုင်း ဗိုက်သားကဖွေးခနဲ လှပ်ခနဲ။ သူမကိုကြည့်၍ ကလေးငိုမျက်နှာကြီးမဲ့သွားသည်။ ရဲရဲတို့ချက်မှာ စိန်လုံးတပ်ထားပြီးတည်းက ဝတ်လိုက်သမျှချက်ပေါ်။ မောင်နဲ့နှမသွားလာတာတော့ လုံလုံခြုံခြုံဝတ်ခဲ့ပါပြောတော့လည်းမရ.. ၊

"နင့်ကိုများ မောင်လို့ကိုမှတ်လို့မရဘူး...လုပ်မနေစမ်းပါနဲ့၊ ငါတို့တွေ ညီအစ်မလိုလည်းပေါင်းလို့ရတာပဲ..နော်.."ဆိုတာမျိုး ချော့သလိုခြောက်သလိုလို ပြောတာတွေက စိတ်တိုရခက် ရယ်နေရခက်.. ၊

"ရဲရဲ..အဲ့ကောင်ကဘယ်သူလဲ၊ ဘယ်တုန်းကငြိလိုက်တာလဲ.."

"ငါကရည်းစားထားတိုင်း အထက်ပါအောက်ပါအရည်အချင်းအပြည့်အစုံနဲ့တကွ နင့်ကိုရီပို့တင်နေရမှာလား.."

"ငါကလကုန်ရင် ပြန်တော့မှာလေ..နင့်ချည်းပဲကျန်ခဲ့တဲ့အခါ ဒီလို အခက်အခဲတွေဖြစ်လာရင်.."

"ဩော်..အင်း အတော်အားကိုးရတာကိုး.."

"ဘာပဲဖြစ်ဖြစ် နင်လက်ချိတ်လို့တော့ရတယ်မို့လား.."

ရဲကရယ်ကာ နောက်ကိုလှည့်ကြည့်သည်။ ဘယ်သူမှပါမလာတော့မှ အနီးဆုံးမှာရှိသည့်ခုံတန်းလေးမှာ စိတ်မောသွားသလို ပစ်စလက်ခတ်ထိုင်ချလိုက်ပြီး.. ।

"စာမေးပွဲကျလို့ လူကညစ်နေရတဲ့အထဲ ဘာတွေတရေးထနိုးနေမှန်းမသိဘူး.."

"တစ်ရေးထနိုးတယ်ဆိုတော့ ပြတ်ဆဲတာကြာခဲ့တဲ့ပုံပဲ.."

"ဆယ်ရက်.."

"ဟင်..ဆယ်ရက်ပဲရှိသေးတယ်.."

သူမဘေးမှာဝင်ထိုင်လိုက်ပြီး ကလေးငိုကမျက်လုံးပြူးနှင့်.. ।

"နင်ဘယ်လိုတွေလုပ်နေတာလဲရဲရဲရာ..ရည်းစားဆိုတာလည်း ချစ်မှကြိုက်မှတွဲကြတာပါ၊ နင်ကတော့ ဘယ်ရည်းစားအကြောင်းပြောပြော အနှစ်မပါတဲ့ဘဲဥလိုပဲ..နည်းနည်းတော့ ထူးဆန်းစပြုနေပြီ.."

"အနှစ်ပါတာမပါတာ ဘယ်သူတွေကထိုင်ကြည့်ပြီး ဘာနဲ့တိုင်းနေတာလဲ..အလကားအရေးမပါတာ.."

ရဲက မဲ့ရွဲ့လက်ခါသည်။ ပြီးတော့ ခါတဲ့လက်ကို ပေါင်ပေါ်ပြုတ်ကျသလို ဘုတ်ခနဲဖြုတ်ချလိုက်ပြီး.. ।

"ချစ်လို့ရည်းစားထားတာမဟုတ်ဘူး..ရင်ခုန်ချင်လို့ထားတာ၊ ရင်ခုန်တယ်ဆိုတိုင်း ရူးခါးနေအောင် ချစ်သွားကြတယ်လို့ ဘယ်သူပြောလဲ.."

"ရင်ခုန်တာအချစ်ပဲ.."

"မဟုတ်ဘူး..ရင်ခုန်တာအပျော်ပဲ၊ ရင်ခုန်လာရင် ပျော်တယ်..သူ့အကြောင်းတွေးပြီး တက်ကြွနေတာ၊ ဥပမာဟာ အလှပြင်နေချင်တာ..သူ့အသံပဲကြားချင်တာ၊ သူနဲ့တွေ့ဖို့ စိတ်စောနေတာ.."

"အေးလေ..အဲ့ဒါအချစ်ပဲ.."

"အဲ့ဒါပျော်နေတာလေ..ဟွန်း ငါသိတဲ့အချစ်ဆိုတာ အစမ်းသပ်ခံ

ယ်.."

တစ်ခါတလေ ရဲရဲကဤသို့ထူးဆန်းနေတတ်လေသည်။ သူမနဲ့သွားဘူစားအတူနေခဲ့ကြတာမို့ တော်တော်များများသိထားပြီးသည့်အထဲမှာ မထင်ရာလုပ်ပြီး ထိုရည်းစားခွင့်မလွှတ်ခြင်းကို အချစ်မဟုတ်ဘူးလို့ င်းစဥ်တပ်ပစ်တာမျိုး.. ।

"တချို့က ရည်းစားထားပေမယ့် တစ်ယောက်ပဲတွဲပြီး အဲ့ဒီတစ်ယောက်ကိုပဲ လက်တွဲဖော်ရွေးချင်ကြတာလေ.."

"အဲ့ဒီတော့.."

"သူလည်း သူ့စိတ်တိုင်းကျမကျ သဘောထားချင်းထပ်တူကျမကျ း သပ်ချင်မှာပေါ့..အဲ့ဒီတော့နင်က.."

"တော်ပါတော့ဟာ..ချစ်ကြဖို့အတွက် ညှိနှိုင်းချက်မလိုပါဘူး.."

"ဒါဆို ရည်းစားစကားပြောပြီး ချစ်လားမချစ်လားပြန်မေးတာကျတော့ရော အဲ့ဒါညှိနှိုင်းတာမဟုတ်ဘူးလား.."

"အဲ့ဒါခွင့်တောင်းတာလေ..မိန်းကလေးဆီက လက်ခံဖို့ခွင့်တောင်း ဒါကြောင့် တစ်ယောက်အပေါ်တစ်ယောက်စိတ်ဘဝင်ကျဖို့ ရွေးချယ် ဆိုတာလည်း မိန်းကလေးမှာပဲ ရှစ်ဆယ်ရာနှုန်းဖြစ်ရမှာပေါ့.."

"လာသေးတယ်.."

ယောက်ျားပီပီ ယောက်ျားထုဘက်က ခံပြင်းသွားသည်။

"မိန်းကလေးက မှီခိုသူ ယောက်ျားလေးက ဦးဆောင်သူ..ဒီမိန်းမနဲ့ း လာမယ့် ပေါက်စနီပေါက်စနတွေကို တစ်သက်လုံးပခုံးပေါ်အောင် ကျွေးသွားရမယ့်ကောင်က ကိုယ့်စိတ်တိုင်းမကျတဲ့မိန်းမမျိုးကို မျိုသိပ် သည်းခံပြီး တစ်သက်လုံးသွားရမယ်ပေါ့..နင်တို့မိန်းကလေးတွေ တော်တော် ရားကျဖို့ကောင်းတယ်နော်၊ ကျေနပ်ရင်တစ်မျိုး မကျေနပ်ရင်တစ်မျိုး.. ယောက်ျားတွေကို ပုတ်ခတ်သိက္ခာချတယ်၊ ပိုဆိုးရင် ထောင်ထဲတောင်ပို့ က်သေးတယ်.."

"အဲ့တော့ဘာဖြစ်လဲ..သစ်ခေါင်းထဲကနေ ထတွန်မနေစမ်းပါနဲ့မောင် လေးငိုရယ်၊ နင့်ထက်ဦးနှောက်ကြီးမြတ်သူတွေ ချမှတ်ခဲ့တဲ့လမ်းမှန်ဥပဒေ တွေ ဝေဖန်ဖို့မကြိုးစားနဲ့..မိန်းမဆိုတာ နင့်အမေမျိုးလို့မှတ်.."

"အံမာ.."

"ကမ္ဘာမှာအမေဖြစ်လို့ရတာ မိန်းမပဲ.."

"အဖေဆိုတာရှိမှ အမေဖြစ်တာ.."

"ပြောင်းပြန်ပြောပြန်ပြီ..အဲ့ဒါက ယောကျ်ားတစ်ယောက်ပဲ၊ အဖေ မဟုတ်ဘူး.."

"ဒါဆိုနင်တို့လည်း မိန်းမပဲ..အမေမဟုတ်ဘူး.."

ကလေးငိုဆတ်ဆတ်ခါလိုက်ငြင်းနေသဖြင့် ရဲရဲသဘောတွေကျနေ၏။ စလို့စမှန်းမသိ စိတ်တိုလွယ်တတ်သော ကလေးငို.. ၊

"စကားကိုရှင်းတတ်မှ ရှုပ်ရတယ်..မိန်းမက ကလေးမွေးပြီးရင် အမေဖြစ်တယ်၊ နင်တို့ယောကျ်ားတွေ ကိုယ့်သွေးသားဖြစ်နေလည်း အဲ့ဒီမိန်းမက အဖေမတပ်ရင် အဖေဖြစ်မလား..တချို့ယောကျ်ားတွေများ ကလေးအမေက သူ့ကလေးကို အဖေမတပ်တော့ အဖေဖြစ်ချင်လွန်းလို့လေ..ခစ် ခစ်.."

"ရဲရဲ..နင်နော်.."

မိန်းကလေးလို ပေါက်ပေါက်ရှာရှာတွေလည်း မပြောတတ်တော့သဖြင့် ကလေးငိုလက်သီးဆုပ်ကြီးနဲ့ ကပ်ကြိမ်းသံည်။ ကိုယ်ကြီးကြွပြီး မချင့်မရဲအံကြိတ်ပြ၏။ ရဲရဲ တခစ်ခစ်ရယ်နေကာ ဖုန်းလာသဖြင့်.. ၊

"ဟလိုမေမေ့.."

"................."

"ခုမှ ခဏပဲရှိသေးတာမေမေကလည်း..ကားပျက်လို့ကြာနေတာပါ.."

"....................."

"ဟုတ်ကဲ့ပါ.."

ခုနရယ်နေသည့်မျက်နှာ ရှုံ့မဲ့သွားတော့ ကလေးငိုဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ အဲ့ဒီတစ်ယောက် များများခံရပါစေ.. ၊

"ဘာလဲ ရုပ်ကြီးက.."

"ဟား ဟား ဟား ဟား.."

"သေအောင်ရယ်..အဲ့ဒီမှာ.."

သူမဆောင့်အောင့်ထရပ်တော့ သူပါလိုက်ထရပ်လိုက်ရကာ ဘေးလွယ်အိတ်ကြီးကို ပခုံးမှာစလွယ်သိုင်းချိတ်လိုက်ရင်း.. ၊

"ငါကမသေဘူးမိရဲရဲ..နင်သာ သေလောက်အောင်ကြိုက်ပြီး တကောက်ကောက်လိုက်ရတဲ့ ကောင်နဲ့တွေမှာ.."

"အံမာ.."

ရဲရဲ ခြေလှမ်းရပ်သွားတော့ ကလေးငိုက သူမရှေ့မှာ မျက်နှာချင်းဆိုင်သေချာပိတ်ရပ်လိုက်ပြီး စပ်ဖြဲဖြဲ.. ၊

"အဲ့လိုကျောတတ်တဲ့မိန်းမတွေ ဝဋ်လိုက်ကြတာပဲ..သူများကိုကျောကျောမောမော အသည်းခွဲခဲ့သမျှ ကိုယ့်ကိုကျောမယ့်ကောင်နဲ့ကျမှ ပစ်စလက်ခတ်ကြွေ..ဖျတ်ဖျတ်လူးအသည်းစွဲပြီး သွက်သွက်ခါအောင်ရူးလိမ့်မယ်၊ အဲ့ကောင်နောက်ကို ထမီမနိုင် ပဝါမနိုင်လိုက်..အဲ ထမီဝတ်တာမဟုတ်ဘော့.."

"ဘုန်း.."

လွယ်အိတ်နဲ့ရိုက်ချလိုက်တာ ကလေးငိုကျောကော့သွားသည်။ သို့သော် ရယ်နေရင်း ကျောပွတ်ရင်းနှင့်.. ၊

"လှလှပပကြီး ဝဋ်လိုက်ပါစေဗျား.."

"လိုက်ပေ့စေ..ငါထမီမနိုင် ပဝါမနိုင်လိုက်ကြိုက်ရတဲ့ယောကျ်ားမျိုးရှိလာရင်ကို ဂျွမ်းဆယ်ပတ်လောက်ထိုးပြီး ကွေးအောင်ကလိုက်ဦးမယ်..ကျတ်ကျခဲ့တဲ့ထမီတွေ ပဝါတွေတော့ နင်လိုက်ကောက်ပြီးလာပေး.."

"ဘာ.."

◆◆◆◆

အခန်း(၄)

"ဟဲ့..ဆင်းလေ.."

"ဟုတ်ကဲ့ပါမေမေကလည်း..ဒီမှာထမီကျွတ်နေလို့.."

"ကျွတ်နေရင်ဝတ်လေ..နောက်ကျနေပါတယ်ဆိုမှ တကယ်ပဲ.."

ဘုရားကိုးဆူပွဲကို ဘုရားဖူးချင်လို့လာရတာမဟုတ်ဘူးဆိုရင် ငရဲကြီးမလားမသိ။ သားသမီးဇောက ဒီအိမ်မှာ တက္ကသိုလ်ကပါမောက္ခဟောင်းတစ်ယောက်နဲ့ဆုံရဖို့ အရေးကြီးနေသည်။ ပါမောက္ခနာမည်ဦးကျော်ဒင်..။ ပိန်ရှည်ရှည်အသားညိုညို။ ဟုတ်ပြီ..ဒါသိသာလွယ်တဲ့ပုံစံပဲ.. ।

ဒေါက်တာသဲစုဝင်းသေချာပြောလိုက်သည်ကို အိမ်ထဲမဝင်မချင်း စိတ်ထဲကရေရွတ်နေရသည်။ ပါမောက္ခဆိုတဲ့မျက်လုံးထဲမှာ ကိုယ့်သမီးပုံစံကို အံဝင်ပါ့မလား.. စာသင်ပေးဖို့ခေါင်းညိတ်ပါ့မလား.. ।

"ဆရာကြီးက အရမ်းစိတ်ရင်းကောင်းတာ..ပညာရေးကိုလည်း ဝါသနာပါတယ်၊ အငြိမ်းစားယူလိုက်ပေမယ့် သူ့တပည့်တွေနဲ့ပတ်သက်ရင် ခုထိလိုက်ပါနေတုန်းပဲ..အန်တီ့ကိုဆရာကြီးက ကူညီမှာပါ၊ အထူးသဖြင့် ဆယ်တန်းမအောင်နိုင်တဲ့နှစ်ကျတွေ အောင်ချင်ပေမယ့် လိုအပ်ချက်ရှိနေတဲ့လူတွေ

ဆို ဆရာကြီးကအိတ်စိုက်ကူညီခဲ့တာ.."တဲ့.. ।

ဒီအသက်အရွယ်ကြီးကျမှ ဆယ်တန်းစာသင်ပေးပါလို့ ဘယ်လိုတောင်းဆိုရမလဲ..ဘယ်လိုလက်ခံတာပဲဖြစ်ဖြစ် ဆရာကြီးကူညီတာဆိုရင်တော့ ရဲရဲလည်းလေးစားလိမ့်မည်။ ကျောင်းသားကိုမြင်တာနဲ့ ဘာလိုအပ်နေသလဲဆိုတာ ဆရာကြီးလိုလူကသာ အကဲခတ်နိုင်မှာဖြစ်၏။ ထို့ကြောင့်..

"အမေ့ရေ.."

"အမလေးတော်.."

ကျောပြင်မှာ ရဲရဲရဲ့ရင်ဘက် အင့်ခနဲလာတိုက်ဆောင့်သဖြင့် ဒေါ်မြတ်ပန်းနီရှေ့ကို ငိုက်ကျသွားသည်။ ရဲရဲသာပြန်ဆွဲမထားလျှင် လေးဘက်ထောက်ပြီးသားဖြစ်သွားမှာ သေချာ.. ।

"ဘယ်လိုဖြစ်ရတာလဲရဲရဲရယ်..အသက်ကြီးမှ နဖူးကွဲဒူးပြဲတွေဖြစ်ရတော့မယ်.."

"မဖြစ်ပါဘူးမေမေကလည်း.."

ရဲက မအေကိုဇက်လိုက်ပြီး ပါးနားကပ်ကာ.. ।

"သမီးထမီအောက်နားကို တက်နင်းမိတာ..ခါးပတ်ပတ်လာမိလို့တော်သေးတယ်.."

"ဩော်..လူလည်းဒီလောက်မကျပ်ဘဲနဲ့ တက်နင်းတာဘယ်သူတုံး.."

"သမီး.."

"ဟင်.."

"ကိုယ့်ဘာသာတက်နင်းမိတာ.."

"ဖြစ်ရတယ်အေ.."

စိတ်များလည်းညစ်ရပါ့..။ ဗေဒါရောင်ပိုးသား ရင်စေ့လက်ကျလေးက ကိုယ်နှစ်ဥက မြန်မာဝတ်စုံလေးပါ။ အဝါနဲ့အပြာနုချိတ်လေးတွေပါသည့် ပိုးထမီကလည်းချပ်ချပ်ကပ်ကပ်။ သို့သော် ထမီကငြိမ်နေပေမယ့်လူကတော့ မျောက်ငပိကိုင်မိသည့်အတိုင်း။ ဗိုက်ပွတ်လိုက် ခါးနှိုက်လိုက်။ ဗိုက်ကိုဖောင်းလိုက်ပိန်လိုက်ဖြစ်အောင် အသက်ရှူနေပြီး တစ်ယောက်တည်း ချွေးပြန်နေတာက တစ်မျိုး.. ।

ကြိုတင်ပြင်ဆင်ပြီးလာတာ မဟုတ်တော့ ဘယ်တုန်းကမှထမီမဝတ်

ခဲ့သည့်သူမအတွက် ချိတ်ထမီလေးဘာလေးပြေးချုပ်ပေးလိုက်ဖို့လည်း မ လုပ်လိုက်နိုင်။ ထို့ကြောင့် သူမဒုက္ခကို ဒီတိုင်းကြည့်နေခဲ့ရလျက်.. ၊

"ဖြေမှာက ဒီကလေးလား.."

ဦးကျော်ဒင်နဲ့စားပွဲတစ်ဝိုင်းတည်းမှာ ဆိုက်ဆိုက်မြိုက်မြိုက်ဆုံခဲ့ကြသဖြင့် ဒေါ်မြတ်ပန်းနီစိုးရိမ်စိတ်တွေ ဖိစီးရင်း ကပျာကယာခေါင်းညိတ်၍..

"ဟုတ်ပါတယ်ဆရာကြီးရယ်..အင်္ဂလိပ်စာ သချ်ာသိပ်တော်တာ၊ တခြားဘာသာတွေလည်းရတယ်..စာမကျက်လို့ဆိုးတာ၊ နောက်ပြီး နည်းနည်းလည်းလျှမ်းချင်တယ်..အဲ့ဒါကတော့ အဆိုးဆုံးပေါ့နော်၊ စာဘယ်လောက်တော်တော် လျှမ်းတာကိုဘယ်လိုမှပြုပြင်လို့မရဘူးမို့လား..အဲ့ဒါဆရာကြီးကို ကျွန်မတလေးတစားအကူအညီတောင်းချင်လို့ပါ၊ သူ့ကိုဆရာကြီးဆီလွှတ်.."

"နေပါဦး..အဲ့ဒါကသူ့ကိုမေးရမှာ၊ စာမေးပွဲဖြေဖို့ကို သူဆန္ဒရှိသေးရဲ့လား..ဆန္ဒရှိနေတာက ကျောင်းသူလုပ်နေချင်ရုံလား၊ စာမေးပွဲအောင်ဖို့လား"

*ကိုယ့်ကိုတည့်တည့်ကြည့်ပြီး မေးနေတာမို့ ရဲရဲမျက်ခုံးလေးမသိမ*သာပင့်သွားသည်။ ပြီးမှ ကမန်းကတန်းပြန်ဖြည်ချကာ ကိုယ်လေးလှုပ်၍ နေရာပြင်သည်။ ခါးမတ်မတ် အသက်ဝဝရှူ၍ လည်ချောင်းရှင်းခြင်းကိုပါ တဆက်တည်းလုပ်၍.. ၊

"စာမေးပွဲအောင်ချင်ပါတယ်ဆရာ..ကျောင်းသူလုပ်နေချင်တာထက်လည်းပိုပါတယ်..."

ဟုတ်တော့ဟုတ်သည်ဆိုတဲ့သဘော.. ၊

သမီးဖြေလိုက်ပုံကြောင့် ဒေါ်မြတ်ပန်းနီမျက်နှာတွေပူကာ မချင့်မရဲမဲ့သွားခဲ့၏။ ဒီအရွယ်ရောက်နေမှ အပြောအဆိုမတတ်ဘူးဆိုတာလည်း အလကား.. ၊

"ဒီလိုပါရှင့်..စာမေးပွဲက တဖုတ်ဖုတ်ကျနေပေမယ့် သမီးကိုယ့်ကိုယ်ကိုတော့ အောင်မယ်လို့ပဲ ယုံကြည်နေတာပါ.."

"ဖြေပြီးတော့ရော.."

ဖြေပြီးရင် ကိုယ့်ကိုယ်ကိုအားရတာမရတာတော့ သိနေကြတာပဲ..။ ရဲရဲက ဆတ်ခနဲခေါင်းညိတ်၍.. ၊

"ဖြေပြီးလည်း အောင်မယ်လို့ပဲထင်တာ..ဒါကြောင့် ဘယ်နှစ်ခါဖြေရဖြေရ သမီးဘက်ကအမြဲတမ်းထက်သန်မှုအပြည့်ပါပဲ.."

"နီရဲရဲနီ.."

မအောင့်အည်းနိုင်တော့ ခပ်ကြိတ်ကြိတ်အော်ရင်း ပေါင်ကိုလှမ်းလိမ်လိုက်မိသည်။ ဆရာကြီးကပြုံး၍.. ၊

"ဟုတ်ပြီ..ဒါပေမဲ့ သမီးကိုဆရာကြီးသင်ပေးရမယ်ဆိုရင်တော့ သမီးဆီက ဘယ်နှစ်ခါဖြေရဖြေရ အမြဲတမ်းထက်သန်နေတဲ့ဖွဲကို မလိုချင်ဘူး.."

"ဟုတ်.."

ပေါင်ကိုပွတ်နေရင်း ခေါင်းညိတ်လိုက်ရတော့ ရဲမျက်နှာလေးမဲ့နေ၏။ ဆရာကြီးက သွားတွေပေါ်အောင်ပြုံးလိုက်ပြီး ဘာကိုသဘောကျနေမှန်းမသိ ခေါင်းတညိတ်ညိတ်နှင့်.. ၊

"သမီးဆီက ဒီနှစ်သမီးအောင်ရပါစေ့မယ်ဆိုတဲ့ ကတိရမှ ဆရာကြီးက ကြပ်မတ်ပေးဖို့တာဝန်ယူမှာ.."

"ဟုတ်.."

"လွယ်လွယ်ကတိမပေးနဲ့ရဲရဲ..ဆရာကြီးကို တလေးတစားပြော.."

"လေးလေးစားစားကတိပေးပုံပေးနည်း ရှိသေးရင်လည်း ပြောလေ.."

"ဘာ.."

ဒေါ်မြတ်ပန်းနီအော်လိုက်တော့ ရဲပခုံးလေးကျုံ့သွားကာ ဆရာကြီးကို တောင်းပန်သလိုလှည့်ကြည့်၏။

"သမီးကဒီတိုင်းပြောလိုက်တာကို.."

"ညည်းဆရာကြီးရှေ့မှာလေ.."

"အဟမ်း..ဟမ်း.."

ဆရာကြီးက ချောင်းဟန့်လိုက်ပြီး သားအမိနှစ်ယောက်သူ့ဘက်လှည့်ကြည့်ကာမှ လက်ကာပြကာ.. ၊

"ဒီအဖြေက ရွဲ့သလိုချိတ်သလိုထင်ရပေမယ့် ကလေးပြောတဲ့အဓိပ္ပာယ်ကို ကျွန်တော်သဘောပေါက်ပါတယ်.."

"ဟုတ်ပါတယ်ရှင့်..သမီးက ဆရာကြီးပြောတာကို လိုလိုလားလားလက်ခံတဲ့သဘောနဲ့ ချက်ချင်းခေါင်းညိတ်လိုက်တာပါ၊ ပြီးတော့ သမီးနှစ်

ပေါင်းများစွာ ဒါတွေပဲကျက်လာခဲ့တာလေ..ဟုတ်တယ်မလား.."

သင်းကပဲ ဆရာကြီးကိုကြည့်ပြီး စကားထောက်ဖော်ညှိနေသေးသည်။

"ဒါတွေပဲကျက် ဒါတွေပဲတွက်နေရတာ တချို့ဟာတွေကို အလွတ်တောင်ရနေတဲ့ဟာ.."

"ဒါနဲ့လည်းမအောင်.."

"တချို့တွေရှိပေမယ့် တစ်လုံးမှမသိတာတွေကျတော့ မသိဘူးဆိုပြီး ဘယ်တစ်ခါမှကို ဖတ်မကြည့်ခဲ့တာ.."

"ကြည့်စမ်း.."

"ဘယ်နှစ်နှစ်ဖြေဖြေ အဲ့ဒါမျိုးတွေပဲတွေ့နေတော့.."

"နီရဲရဲနီ.."

"ပြောပြတာ.."

"မပြောနဲ့တော့..တော်ပြီ.."

သားအမိကြိတ်ဖြစ် ကြိတ်ဆူနဲ့ပဲ သဘောကောင်းသည့်ဆရာကြီးထံမှ ကူညီပါ့မယ်ဆိုသည့်ကတိကို ရခဲ့၏။ ဘုရားကိုးဆူမှာ ကြာဖံချက်တိုက်သည်။ သူများတွေဆီဝေ့နေသည့်ကြာဖံချက်က အာပူလျှာပူတွေလောင်ကြ အပူလောင်လို့စားမရတွေဖြစ်ကြပေမယ့် ဒေါ်မြတ်ပန်းနီတို့သားအမိကတော့ အေးစက်နေသည့်ကြာဖံချက်ကို သောက်ခဲ့ရသဖြင့် အေးဆေး.. ।

◆◆◆◆

အခန်း(၅)

"ဟာ..အဲ့ခါးပတ်မဟုတ်ပါဘူး၊ ခုလေးတင်ဝယ်လာခဲ့တာတောင် ကလေးငိုရယ်..ဟိုဘက်ကအိတ်အနီထဲမှာရှာ.."

"အေးပါ..ငါရှာနေတုန်း နင်ကဘာလို့အဝတ်လဲနေတာလဲ၊ နင့်မောင်နော်..ညီမမဟုတ်ဘူး.."

"မောင်မို့လို့ပေါ့..နင်မော့မကြည့်ဘဲ လုပ်စရာရှိတာလုပ်.."

"ဟ..ဘာဖြစ်တာလဲမိရဲနော်၊ ထမီကျွတ်ကျလို့ကတော့ ငါ့လက်သီးစာမိမှာ..နင်.."

"ဒီမှာ ထမီဆွဲတာအဆွဲလွန်သွားလို့..တကယ်ပါပဲ၊ ချိတ်စကက်လေးအပ်တာကို ချိန်းလိုက်တာသုံးပတ်တဲ့..မပြောလိုက်ချင်ဘူး၊ ကြိုးချည်ထမီတွေဝယ်ဝတ်မယ်ဆိုတော့ ကြိုးတန်းလန်းနဲ့မျက်စိရှုပ်တဲ့သူကရှုပ်..အဲ့ဆရာကြီးဆီကို သုံးပတ်စလုံး ထမီဝတ်သွားရရင် ငါ့တော့သေပြီ.."

အခန်းရှေ့ကိုအရောက်မှာ အထဲကညည်းညူသံတွေကြားနေရသဖြင့် တံခါးကြားထဲကနေ လှမ်းကြည့်လိုက်မိသည်။ မွေ့ရာခြေရင်းမှာ အထုပ်တွေပလုံစီနေကာ အကုန်လုံးကဖွထားပြီးသားဖြစ်လျက် နောက်တစ်ထုပ်ကို က

လေးငိုက ပြုံးပြုံးရှာနေသည်။ ရဲရဲက နံ့သာရောင်ရင်စေ့လက်ရှည်ပွပွနှင့် ပါတိတ်အဖြူအဝါပွင့်ထမီကို ဘယ်လောက်တောင်ဆွဲဝတ်ထားသည်မသိ၊ ရင်စေ့အင်္ကျီက ရင်စေ့လားဘေးစေ့လားတောင်မသိတော့အောင် ရင်စေ့ထ ထမီနဲ့လိပ်ပြီး ဘေးရောက်နေ၏။

"အဲ့ဒါ ဘယ်လိုတွေဖြစ်ကုန်တာလဲ..ဘာလုပ်နေကြတာလဲ.."

တံခါးတွန်းဖွင့်ပြီး ဒေါ်မြတ်ပန်းနီလှမ်းဝင်သွားကာ ဗီရိုရှေ့မှာ ချိတ် တန်းလန်းနှင့်ဖြုတ်ချထားသည့် အင်္ကျီထမီတွေအပုံလိုက်ကို ငုံ့ကြည့်သည်၊ ပြီးတော့ ခါးကြားမညှပ်ရသေးဘဲ ညှပ်မလိုပြင်လိုက် ဆန့်ထွက်လာလိုက်နှင့် ထမီစကိုအသေဆုပ်၍ ဝေ့ဝဲလွှဲနေသည့် ရဲရဲလက်ကိုတွန်းပစ်လိုက်ရင်း..။

"အဲ့ဒီလက်က ထမီစလွှတ်သွားရင် ကျော်မကောင်းကြားမကောင်း ဖြစ်ဦးမယ်..ဝတ်မှာဖြင့်ဝတ်လေ.."

"ဝတ်မလို့ပဲဟာ..ခါးကြားထဲထည့်မယ်ကြံလိုက် လျှော့ကျသွားလိုက် ဖြစ်နေတာ.."

"ငါမေးတာ အဲ့ဒါကိုမဟုတ်ဘူး..ညည်းဘာလုပ်နေတာလဲ၊ ဟိုမှာ မောင်ကို ခါးပတ်ရှာခိုင်းထားတယ်..ကိုယ့်ဘာသာကိုယ် ထမီစတောင်နိုင် အောင်မကိုင်နိုင်ဘဲနဲ့.."

"အဲ့ဒါကြောင့် ခါးပတ်အမြန်ထုတ်ခိုင်းနေတာလေ..မေမေပဲသမီးကို ဘိုးတော်မင်းလက်ထက်က ပါမော်က္ခကြီးဆီမှာ.."

"အခု အဲ့ဒါကိုပြောမလို့လေ်..ညတည်းက ဆရာကြီးဖုန်းဆက်ထား တာ ညည်းမသိဘူးလား.."

"မသိဘူး..ဘာလဲ.."

မေးပြီးမှ ဖျတ်ခနဲမျက်နှာဝင်းထိန်သွားကာ..။

"ဆရာကြီးက အိမ်လာသင်ပေးမယ်တဲ့လား.."

"ဟုတ်တယ်..ဒါပေမဲ့ သူကိုယ်တိုင်တော့မဟုတ်ဘူး.."

"ဘာလဲ..ဖြစ်သွားပြီမလား၊ အဲ့ဒါပြောတာပေါ့..မေမေ့ဆရာကြီး လည်း.."

"ဘာတွေစော်ကားဦးမလို့လဲ..ဆရာကြီးက မျက်နှာလွှဲခဲပစ်လွှတ်မှာ မဟုတ်ဘူး၊ သူ့တပည့်ထဲကအတော်ဆုံး ပြန်ပြီးသင်ပြတာလည်းတော်တဲ့

...ည့်ကိုလွှတ်မှာ..မေမေဒေါက်တာသဲကိုလည်း မေးပြီးပြီ၊ အဲ့ကောင်လေး ... ဘာကယ်တော်တာတဲ့..အခု ဟောက်ဆင်းနေတည်းက နာမည်ကောင်းနဲ့ ...င်းကျော်နေတာတဲ့.."

ဆရာဝန်ဆိုပါလား..။ ရဲရဲမျက်နှာလေး ပြုံးစိစိဖြစ်သွားပြီး ပခုံးတွန့် ...ကလေးငိုက နှုတ်ခမ်းမဲ့၍ မျက်စောင်းထိုးလေသည်။ ဒေါ်မြတ်ပန်းနီ ...တော့ သမီးဖြစ်သူကို ဆုံးမစကားတွေပြောနေပြီး မမြင်..။

"သူများသားသမီးတွေများ တော်လိုက်ကြတာ..အလုပ်ကမရသေး ...း မိဘကိုငွေရှာပေးနိုင်နေပြီ..ကိုယ့်သမီးအဲ့တစ်ဝက်လောက် တော်ရင်ကျေ ...ပါပြီ၊ ဘာပိုက်ဆံမှရှာမပေးနဲ့..တော်နေရင်ကိုပဲ ထမီအလံတင်ကြွားပစ် ...ိက်မှာ.."

........ဂျူတီကုတ်အဖြူရောင်လေးနဲ့ သိပ်ခန့်တဲ့ကောင်လေးရာ.....

ဒေါ်မြတ်ပန်းနီ ခြေလှမ်းတုံ့သွားတော့ သီချင်းသံလည်းရပ်သွား သည်။ နောက်ကိုလှည့်ကြည့်လိုက်လျှင် ရဲရဲက ဟဲခနဲရယ်ကာ..။

"ကြားပါတယ်..မေမေထမီအလံတင်မယ့်ကိစ္စ.."

"ဘာ.."

"ကြိုးစားမယ်လို့ ပြောမလို့..အဲ့ဒါ.."

"တောက်.."

"သီချင်းလေးညည်းမိတာကို မေမေကလည်း.."

ဒေါ်မြတ်ပန်းနီ မကျေနပ်ပေမယ့် ဘာမှမပြောတော့ဘဲ လှည့်ထွက် သာခဲ့သည်။ ဦးရဲလူက လေ့ကားရင်းမှာရပ်နေရင်း ဇနီးသည်ခြေသံပြင်းလာ ဘာကို မော့ကြည့်နေလျက်..။

"ဖြစ်လာကြပြီသားအမိ.."

"မဖြစ်ပါဘူးအစ်ကိုရယ်..အဲ့ကောင်မလေး နည်းနည်းမှကိုအပိုးကျိုး ဘဲ့ပုံမရှိတာကို စိတ်ပျက်လို့.."

"မင်းလည်းနေရာတကာ စိတ်ပျက်လို့ထိုင်ကြည့်နေမိတာမျိုး မဖြစ် စေနဲ့ပေါ့မြတ်ရယ်..မိဘကတော်ရုံဆို မသိချင်ယောင်ဆောင်ပေးလိုက်ရတာ တွေ ရှိတယ်မို့လား၊ နောက်ပြီး အသုံးမကျတာတွေချည်း ထိုင်ပြောနေရင် အသုံးမကျခြင်းတွေထဲမှာပဲ သူ့စိတ်ကဝဲလယ်နေလိမ့်မယ်..သမီးစာမေးပွဲကျ

သွားတိုင်း မင်းမှာဆိုင်မထွက်နိုင် အလုပ်မလုပ်နိုင်.."

"သူ့ကိုအဲ့လိုမဟုတ်ရင်တောင် နည်းနည်းတော့ရှက်ရွံ့သိမ်ငယ်သွားတာမျိုးလေး ခံစားမိစေချင်တာကို စာမေးပွဲကျသွားပြီဆို ဘာမှန်းတောင်သူသိရဲ့လား.."

သမီးက ဒီလောက်တော့လည်း ပေါ့သွမ်းတဲ့မိန်းကလေးမဟုတ်ပါ။ တစ်ခါတလေ ဖေဖေ့ကိုဝိုင်းကူမယ်ဆိုပြီး အလုပ်အကြောင်းစာရင်းဇယားကိစ္စတွေ မေးမြန်းစပ်စုလာတာရှိသည်။ သူမသိချင်တာကျတော့ မေးလည်းမေးသည်။ ပြောပြတာကို မှတ်မှတ်သားသားလည်းရှိသည်။ သမီးဒါလုပ်ဆိုမပြီးသေးဘဲ မထတမ်းလုပ်သွားတတ်တာလေးတွေလည်း ရှိသည်။ တွေးကြည့်ရတဲ့အတိုင်းဆို ဆယ်တန်းစာမေးပွဲအောင်ဖို့ဆိုတာ သူမအတွက်ဘယ်တုန်းကမှ အရေးတကြီးမဟုတ်ခဲ့တာပင်.. ၊

"ကိုယ်တို့တွေကလည်း သူပြန်ဖြေမယ်ပြောလာတာနဲ့ ငါ့သမီးဖွဲ့မလျှော့ဘူးဟဲ့ဆိုတဲ့ ပီတိတွေနဲ့ ကျူရှင်ပုံမှန်သွားနေရင်ပြီးရော စာအုပ်နဲ့မျက်နှာကပ်နေရင် ကျေနပ်နေ..အဲ့လိုလစ်ဟင်းနေခဲ့တာလေ၊ သူကိုယ်တိုင်လိုချင်လို့ ယူနေတယ်ပဲထင်ကြတာကိုး.."

"ဒါဆိုအခုရော.."

"ဆရာကြီးရဲ့ဖန်ရဲခါ ဝင်သင်ပေးမယ်ဆိုတော့ စာမေးပွဲမတိုင်ခင်မင့်သမီးအခြေအနေပေါ်လာမှာပဲ..နောက်ပြီး လူငယ်ချင်းစာသင်မယ့်ကိစ္စသူ့ကိုမှတ်သားစရာဖြစ်စေမယ်လို့နတော့ ထင်ရတာပဲ.."

လူငယ်ချင်းစာသင်ခံရရင် ရှက်သွားနိုင်တယ်လို့များ ပြောလိုက်တာလား..။ ဒေါ်မြတ်ပန်းနီ ခုန ရဲရဲညည်းလိုက်တဲ့သီချင်းလေးကို ကြားယောင်ရင်း မျက်နှာကလူမသိသူမသိမဲ့လေသည်။

အဲ့ဒီဆရာဆိုတဲ့လူငယ် ကလေးငိုလိုဂိုဏ်းဝင်သွားရင်တော့ သွားပြီ..

♦ ♦ ♦ ♦

အခန်း(၆)

"ဒါကဘယ်ကိုလဲ.."

"ဆရာမှမလာသေးတာမေမေရာ..ခြံထဲခဏဆင်းမလို့ပါ၊ ကလေးငိုသည်း ညနေကားဂိတ်ဆင်းမှာဆိုတော့ သူမပြန်ခင်လေး.."

"ဒီလိုပဲ ခဏခဏပြန်နေကျဥစ္စာ..ဆရာလာကာမှ ညည်းကိုလိုက်ရှာနေရဦးမယ်သမီးရယ်၊ နောက်ကရေတံခွန်နားရောက်နေရင် ရေသံနဲ့ဘာသံနဲ့ မကြားရဘဲနေဦးမယ်.."

"ဒီနားတင်နေမှာပါ..ဖေဖေရော.."

"ညည်းအဖေလည်း ဒီရက်ပိုင်းခရီးသွားမှာလေ..အဲ့ဒါကြောင့် မသွယ်ပေါက်က သံချေးကိုက်နေတဲ့တိုင်တွေနဲ့ သစ်ဆွေးတွေပြန်ပြင်မလို့တဲ့..ခြံထဲမှာပဲ.."

ဖြေနေရင်း သမီးဝတ်စားထားပုံကို ဒေါ်မြတ်ပန်းနီက ခြေဆုံးခေါင်းဆုံးကြည့်သည်။ ဘောင်းဘီအတိုတွေဝတ်တတ်ပေမယ့် ဂျင်းနဲ့အထူသားတွေပဲဝတ်တာမို့ အမြင်ကတော့ သိပ်မရိုင်းပါ။ တစ်ခါတလေဆွဲသားကပ်ကပ်လေးတွေဝတ်ထားတဲ့အခါ အကျီခါးရှည်ဖားဖားကြီးတွေနဲ့ဖြစ်သည်။

ဆရာကြီးဆီမသွားရတော့ဘူးဆိုပြီး ဂျင်းနက်ကွာတားလေးနဲ့အင်္ကျီခါးတိုတိုကို ဝတ်ထားသည်။ လှုပ်ရှားလိုက်တဲ့အခါ ခါးစပ်တို့ပေါ်သွားတတ်ပေမယ့် စားပွဲမှာ ထိုင်လိုက်ရင် ဒါကသိပ်ပြဿနာမရှိတာမို့ ဘာမှမပြောဘဲနေလိုက်၏။ ရဲကလည်း မေမေတစ်ခုခုပြောလာရင် တစ်ခုခုအကြောင်းပြနဲ့ စောဒကတက်ဖို့ပေမယ့် ဘာမှမပြောတော့လည်း အမှတ်ယူဖို့ဆုံးဖြတ်၍.. ။

"ဘယ်လိုလဲမေမေ..မေမေ့သမီးဝတ်တတ်စားတတ်နေပြီမို့လား.."

"ဩော်..ဩော် အဆင်ပြေလွန်းလို့ ပါးစပ်ပိတ်နေတယ်များ ရှင်က ထင်နေလို့လား.."

"ခစ် ခစ်.."

ဒါဆို ဆူဖို့သေချာပြီ။ ဘာမှမလာခင် ရဲပြေးထွက်လာခဲ့သည်။ ခြံကြီးကကျယ်သလောက် အရပ်လေးမျက်နှာပန်းခြံသည် တစ်ဖက်ထောင့်မှာသာရှိလျက် ကစားကွင်း ရေကူးကန်နှင့် အပန်းဖြေဆောင်မှာ ရေတံခွန် အတုတွေဆိုတာ အစစ်တွေနီးပါးရေအားကောင်းအောင် ဖန်တီးထားတာဖြစ်၏။ မေမေတို့ဘက်က တစ်ဦးတည်းသောသမီးလေးဆိုပြီး အိမ်ကိုနတ်ဘုံနတ်နန်းသဖွယ် လိုလေသေးမရှိ ပြင်ဆင်ဖန်တီးပေးခဲ့တာကို သိသည်။ ကိုယ့်ခြံထဲမှာ လှည့်ပတ်ခံစားမိတိုင်း ဒါကိုပီတိဖြစ်မိ၏။ သို့သော်.. ။

"အ.."

အတွေးလေးနဲ့ ဖေဖေတို့ဆီလျှောက်လာခဲ့သည်။ အနားရောက်ကာမှ မျက်စိရှေ့မှာ ပြူးတူးပြဲတဲ့တိုးထွက်နေသည့်သံပိုက်လုံးကြီးကို ခလုတ်တိုက်မိ၏။ တော်တော်နာသွားသဖြင့် ခြေထောက်ကိုငုံ့ကြည့်မိသည်။ ထိုစဉ် ကိုယ့်မျက်လုံးထောင့်မှာ လူရိပ်မြင်လိုက်ကာ ကုန်းနေရင်းမော့ကြည့်လိုက်၏။ ကတ္တီပါညှပ်ဖိနပ်နှင့် အညိုရောင်ခြေထောက်သည် ခြေကျင်းဝတ်သာရှိသော ချည်ပုဆိုး၏အောက်မှာ ဒီတိုင်းမြင်နေရကာ.. ။

"ဘာကြည့်တာလဲနင်က.."

စိတ်ကထောင်းခနဲ တိုသွားသည်နှင့် လူကမတ်တပ်ရပ်လိုက်ပြီးဖြစ်ကာ ဖေဖေတို့အလုပ်လုပ်နေတာကိုလည်း ကြည့်လိုက်သေးသည်။

"အလုပ်သမားက အလုပ်လုပ်နေတဲ့ဆီမသွားဘဲ ဒီကိုလာပြီးဖွန်တာပေါ်တင်ကြီးပါလား.."

"ကျွန်တော်က.."

"အလုပ်လုပ်နေတာက ဟိုမှာ.."

ဟိုမှာဆိုတော့ သူကလည်းလှည့်ကြည့်သည်။ အလုပ်သမားသုံးယောက်နှင့်ဖေဖေကိုယ်တိုင် ပေဘူးကြီးကိုင်ပြီး ကုန်းတော့မလို မတ်တော့မလို အတူလုပ်ကိုင်ညွှန်ကြားနေတာ သူ့အာရုံနဲ့သူ။ ရဲရဲနဲ့ထိုသူ မျက်နှာတွေပြန်လှည့်ပြီး မျက်နှာချင်းဆိုင်ပြန်ကြည့်မိတာလည်း ပြိုင်တူပဲဖြစ်ကာ.. ။

"ကျွန်တော်ကအဲ့ဒါလုပ်ဖို့လာတာ မဟုတ်ဘူး.."

ဟင်.. ။

သူ့လက်ထဲမှာ စာအုပ်ထည့်ထားသည့်ဖိုင်နဲ့။ မျက်လုံးသည်ထိုသူ၏မျက်နှာကနေ ကိုယ်ခန္ဓာသွင်ပြင်ဆီ ဝေ့ခနဲရောက်သွားလျှင် အသားညိုညိုအရပ်မြင့်မြင့်ကြီးနှင့် ရှပ်လက်ရှည်နီညိုရောင်ကို ကြယ်သီးစုံတပ်ပြီး ဝတ်ထားပေမယ့် ခပ်သန့်သန့်ရည်မွန်ပုံမပေါက်ဘဲ အလုပ်သမားလို့သာ ထင်စရာရှိသည်ဖြစ်ရာ.. ။

"ရှင်.. ရှင်က.."

"ဒီအိမ်က ဆယ်တန်းတဖုန်းဖုန်းကျနေတဲ့တစ်ယောက်ကို စာသင်ပေးဖို့လာတာပါ.."

အံမာ..

ရဲရဲ ဆတ်ခနဲဖြစ်သွားသည်။ စိတ်တိုတော့ နောက်ထပ်ကြည့်မိတာ မျက်နှာ။ နီညိုရောင်ဝတ်ထားတဲ့ထဲမှာ ဘယ်လိုမှရုပ်မထွက်ဘဲ အလုပ်သမားနဲ့မှားတာကို သင်းကနာကျင်ဟန်နဲ့.. ။

"အော်..ဟုတ်လား၊ တဖုန်းဖုန်းကျနေတာက ကျွန်မပါ..ဆောရီးနော်၊ ငါတွေအများကြီးပေးပြီး ခေါ်ထားရတဲ့ဆရာဝန်ပေါက်စဆိုတော့ ဖြူဖြူသန့်သန့်ခန့်ခန့်လေးလာမယ်ထင်နေလို့ပါ..ယူက အင်္ကျီနဲ့အသားနဲ့ရောပြီး နောက်ခင်းတောင်မှ မိုးချုပ်နေတော့.."

သူ့မျက်ခုံးတွေ တွန့်ခနဲတွန့်ကျသွားလျှင် ကျေနပ်လိုက်သည့်ဖြစ်ခြင်း။ ဝမ်းသာဝမ်းမြောက်ခြင်းအတွက် ဖုံးဖိမတတ်သည့်အကျင့်က ရဲရဲမျက်နှာလေး သွားအဖွေးသားနှင့်ဖြစ်နေခဲ့ပြီး.. ။

"ဟုတ်ကဲ့..ရှေ့ကကြွပါရှင့်.."

"ခင်ဗျားအိမ်ပဲ..ခင်ဗျားပဲလမ်းပြပါ.."

လမ်းမသိခွေးနောက်လိုက်.. ။ ရဲမျက်နှာလေးပျက်သွားတာကို သူကအပြုံးအရယ်မဲ့စိုက်ကြည့်နေ၏။ သူမကလည်း ဒါမျိုးဆို ကြာကြာမခံစားတတ်တဲ့သူပါ။ ခံလိုက်ရရင်လည်း မှတ်ထားသည်။ ကိုယ့်အလှည့်ကျလို့ ပြန်တွယ်ရပြီဆိုရင်လည်း အားနာရမှန်းမသိတတ်သော.. ။

"အဟွန်း..အိုခေလေ.."

သူမအိမ်ဘက်ပြန်လှည့်သည်။ အားပါးတရခြေလှမ်း၏။ သို့သော် ခိုက်မိထားသည့်ခြေထောက်က စူးစူးရှရှနာကျင်သွားသဖြင့် ကိုယ်ကိုဖော့ကြည့်တော့ ယိမ်းယိုင်သွား၏။ သူမခြေလှမ်းအတိုင်း လှမ်းတက်လိုက်ပါလာသည့် ထိုသူ့ကိုယ်ပေါ်သို့ ပစ်ကပ်သွားမိလျှင်.. ။

"အား.."

ရဲကိုယ်လေး ရှေ့ကိုပြန်စိုက်ကျသွားပြီး.. ။

"ရှင်ဘယ်လိုလုပ်လိုက်တာလဲ.."

"တွန်းလိုက်တာလေ.."

"ဟုတ်တယ်..တွန်းတာကိုမေးတာ၊ အား..သေပါပြီ.."

"ခင်ဗျားကိုမတွန်းရင် ကျွန်တော်ပါလဲသွားမှာပေါ့.."

ယောကျ်ားဖြစ်ပြီးတော့ တစ်ကိုယ်ကောင်းဆန်လိုက်တာ..သူတွန်းလိုက်တဲ့ပုံက သူပါလဲသွားမှာထက်ပိုသည်။ ရန်ပြုဖို့လာသည့်သတ္တဝါတစ်ကောင်ရန်က လန့်ဖျန့်ကာကွယ်နှာမျိုး ဒါမှမဟုတ် ချေးထုပ်တစ်ထုပ်လွင့်တက်လာလို့ ရွံရွံရှာရှာပုတ်ထုတ်ပစ်လိုက်တာမျိုးလား..။ တော်ရုံလောက်နဲ့ ဖြုံတတ်တာမျိုးမဟုတ်ပေမယ့် ဒီတစ်ခါစိတ်တိုသွားတာက ဘယ်လိုမှဟန်ဆောင်ဖုံးဖိလို့မရ။ ကြည့်လိုက်တော့ သင်းကလည်း ပုံပန်းပျက်သွားသည့်သူ့စာအုပ်နဲ့ဖိုင်တွေကို ပြုပြင်ကိုင်တွယ်ရင်း မျက်နှာကမသာမယာ။ တကယ်ကိုဒီလိုယောကျ်ားမျိုးမတွေ့ဘူးခဲ့.. ။

"ဟယ်..ဆရာလေးလား၊ မသိလိုက်ဘူး.."

ဒေါ်မြတ်ပန်းနီ တံခါးဝထိ ထွက်ကြိုနေသည်။

"ခြံတံခါးဖွင့်ထားတာနဲ့ ခြံစောင့်ဦးလေးကိုမေးပြီး ဝင်လာခဲ့တာပါ.."

"ဟုတ်တယ်..မှာထားတာလေ၊ ခုနကတော့ ထွက်ထွက်ကြည့်နေတာ

ပါ..ဆရာလေးလာရင် အဆာပြေစားစရာသွားစီစဉ်ခိုင်းနေတာနဲ့.."

မေမေတို့ပျာယာခတ်နေတာများ မျက်စိနောက်လောက်အောင်ပါ။ စာကြည့်ခန်းထဲဝင်ပြီး ပြင်ဆင်ပြီးသည့်နေရာကိုပြပြီးမှ.. ။

"အဆင်ပြေရဲ့လားဆရာလေး..နေရာထိုင်ခင်းအဆင်မပြေရင် ပြောနော်၊ ဒီနေရာက တံခါးဖွင့်ထားရင် နောက်ကရေတံခွန်ကိုလည်း မြင်ရတော့လေ.."

"ရပါတယ်ခင်ဗျ.."

ဘာဖြစ်ဖြစ် ရပါတယ်ခင်ဗျ.. ။ ရဲသူ့ကို အမြင်ကပ်ကပ်နှင့် မျက်စောင်းထိုးဖို့ သေချာစောင့်ကြည့်နေမိသည်။ ဒါပေမဲ့ ထိုပုဂ္ဂိုလ်သည် မျက်လွှာတစ်ချက်တောင် ပင့်တက်မလာခဲ့ဘဲ.. ။

"စာအုပ်ထုတ်.."

"ဟင်..စားဦးသောက်ဦးမှာ မဟုတ်ဘူးလား.."

ခပ်မှေးမှေးမျက်လုံးတွေ ကိုယ့်မျက်နှာပေါ်ရောက်လာပုံက မဖြစ်သာသည့်အဆုံးမို့ ကြည့်လိုက်ရတာမျိုး.. ။

"ကျွန်တော်စာသင်ပေးဖို့လာတာ စားဖို့သောက်ဖို့မဟုတ်ဘူး.."

"ဒါပေမဲ့ ကျွန်မကတော့ စားရမှဖြစ်မှာ.."

"ဒီမှာ.."

သူမထိုင်ပြီးမှ ပြန်ထရပ်လိုက်တော့ သူကရဲဘက်ခြမ်းထိ လက်ကျွဲပြီး စားပွဲကိုပုတ်လိုက်ကာ.. ။

"ကျွန်တော်အချိန်မရဘူး..ပြန်ထိုင်လိုက်ပါ.."

"ကျွန်မလည်းစားသောက်ဖို့ အချိန်မပေးလို့မရဘူး..အဲ့ဒါကြောင့် မထိုင်နိုင်ဘူး.."

"သမီးရေ.."

သွားပြီ..ဒါကိုမေမေမြင်သွားသည်။ ကြားလည်းကြားလိမ့်မည်။ စကားချိုချိုလေးနဲ့ဝင်လာပြီး ဘယ်လိုပြောတော့မှာကို ကြိုသိနေကာ.. ။

"ကျွတ်.."

ရဲစိတ်ဆင်းရဲကြီးစွာ ထိုင်ချလိုက်၏။

"သမီးအဆာပြေစားတဲ့အချိန်လည်း မရောက်သေးပါဘူး..ဆရာတ

ပည့်မိတ်ဆက်ကြဦးလေ..”

ရဲပြုံးသွားပေမယ့် ထိုပုဂ္ဂိုလ်မျက်နှာ ကွက်ခနဲပျက်၏။ ဒေါ်မြတ်ပန်းနီက ရဲတို့နှစ်ယောက်နဲ့ တြိဂံပုံအနေအထားမှာ ရပ်လိုက်ပြီး ရဲရဲဘက်ကိုကြည့်၍ ၊

“သမီးနာမည်က နီရဲရဲနီတဲ့..ငယ်ငယ်တည်းက ဘာဖြစ်ဖြစ်ဘယ်လောက်ခြောက်ခြောက် ကြောက်ရမှန်းကိုမသိတာ..အဟွန်း တခြားငယ်ရာဇဝင်လေးတွေနဲ့ပေါ့ကွယ်၊ အဲ့ဒါကြောင့် နီရဲရဲနီလို့ပေးထားတာ..”

“ဟုတ်ကဲ့..အားလုံးဆရာပြောထားပါတယ်..”

အားလုံးဆိုတာက နာမည်အပြင်ဘာရှိသေးလို့လဲ..။ မေမေပြောနေတဲ့ ငယ်ရာဇဝင်ဆိုတဲ့အထိ ဆရာကြီးကသိထားတာမို့လို့လား..။ မိတ်ဆက်ခြင်းကို မလိုလားမှန်းသိသာစေသော်လည်း မေမေကအပြုံးမပျက်.. ၊

“သမီးလည်း ကိုယ့်ဆရာနာမည်ကိုမှတ်ထား..ဆရာ့နာမည်က ချစ်မောင်တဲ့..”

“ဟား ဟား ဟား..”

“ဟဲ့..ဩော်..”

မိန်းကလေးတန်မယ့် ရယ်ချလိုက်တာကြည့်စမ်း..။ မျက်နှာရဲခနဲဖြစ်သွားပြီး တစ်ဖက်လှဲသွားသည့်လူငယ်အတွက် ဒေါ်မြတ်ပန်းနီဘယ်လိုဖြေဆေးထိုးရမှန်းမသိအောင် အားနာသွားလေသည်။ ဘုဘောက်တွေပြောနေကြမှန်းသိလိုက်လို့ ရင်းနှီးသွားအောင်ဆိုတဲ့အတွေးနဲ့ပါ.. ၊

“ခစ် ခစ်..”

“သမီးတော်တော့..”

“အဟွန့်..”

တော်တာတောင် ပါးစပ်ပိတ်လိုက်ပါပြီဆိုတဲ့အဖြစ်ကို လူအမြင်ကတ်အောင် ဒီမိန်းကလေး.. ၊ ဒေါ်မြတ်ပန်းနီဘာဆက်ပြောရမှန်းမသိဖြစ်ကာ ကဲ..ဆက်ပြောကြပါတော့လို့ ပြောရမလား ဖြစ်ချင်သလိုသာဖြစ်ကြတော့ဆိုပြီး လှည့်ထွက်သွားရမလား.. ၊

နီရဲရဲနီ ..ညည်းတော့လေ..

♦ ♦ ♦ ♦

အခန်း(၇)

“ဘာဖြစ်လာတာလဲသား..”

“ဘာမှမဖြစ်ပါဘူး..”

ပုတ်သိုးလာသည့်မျက်နှာကို ပြေပြစ်အောင်လျှော့ချသည်။ ‘ဘာမှမဖြစ်ပါဘူး’လို့ပြောပြီး အိပ်ခန်းထဲဝင်သွားသည်။ ဧည့်ခန်းမှာကျန်ရစ်ခဲ့သည့် ဒေါ်နုလွင်နဲ့ဒေါ်ဝင်းမာတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ကျန်ရစ်ခဲ့ကြပြီး.. ၊

“ဘာမှမဖြစ်ပါဘူးဆိုပြီး မျက်နှာကဘာဖြစ်သွားတာလဲကြည့်ဦး..”

“နင့်သားအကြောင်း နင်မသိပေမယ့် ငါသိတယ်..သူ့နာမည်ခေါ်ပြီး တစ်ယောက်ယောက်စလိုက်ပြီ..”

“အဲ့ဒါကြောင့် ဒီလောက်ဖြစ်စရာလားဝင်းမာရယ်..ဒီနာမည်ကို တစ်ယောက်ယောက်ခေါ်ပြီးနောက်လိုက်တိုင်း ဒီတိုင်းဖြစ်လာခဲ့တာ တစ်သက်လုံး..ခု လူပဲဆရာဝန်ဖြစ်နေပြီ..”

“ဩော်..နင်ကလည်း နာမည်ခေါ်တိုင်း စိတ်ဆိုးစရာမဟုတ်ပေမယ့် ခေါ်ပုံခေါ်နည်းချည်းကွာလို့ပေါ့ဟယ်၊ ငါ့သားကြီးက နိုင်ငံတကာစံချိန်မီအ

ရပ်အမောင်းကြီးနဲ့ ရင်အုံဖွင့်ဖွင့် ပခုံးပြေပြေနဲ့ လမ်းလျှောက်သွားရင် ဘယ်လောက်တောင်ကြည့်ကောင်းလိုက်လဲဆိုတာ..နောက်ပြီး ဗိုက်သားကအဆီပိုလုံးဝမရှိတဲ့အပြင် မိန်းမလိုဖင်ကောက်တင်ကားကြီးလည်း မဟုတ်ဘူး၊ ဘယ်ကကြည့်ကြည့် ဖြောင့်စင်းတောင့်တင်းနေရော.."

"အောင်မယ်လေး..လိုရင်းကိုမရောက်တော့ဘူး၊ ခေါ်ပုံချင်းကွာတယ်တော့ ဘာဆက်လာမလဲ နားစွင့်နေတာ ဒီမှာ.."

"ဩော်..ချစ်မဝအောင်ဆိုတဲ့နာမည်ကို အရသာခံပြီး ခေါ်ချင်နေတဲ့မိန်းကလေးတွေလေ.."

"အရသာခံခေါ်တာဆိုရင် သာယာနာပျော်ဖွယ်ရှိမှာပေါ့ဝင်းမာရယ်..နင့်တူဒီလောက်ဖြစ်လာတာ မျက်နှာကြီးကိုကြည့်ဦး.."

"ဟဲ့..အဲ့ဒါ ယောကျာ်းချင်းမနာလိုတာတွေက စကြနောက်ကြမယ်၊ သူတို့ကိုမကြိုက်ရင် မကျေနပ်တဲ့မိန်းကလေးတွေက စစရာနောက်စရာလုပ်ပြီး ခေါ်မယ်..ဒါတွေပဲပေါ့.."

အဆုံးတော့လည်း ဒါပဲ..။ ယောက်မဖြစ်သူပြောနေတာကို ဒေါ်နုလွင်ကပြုံးနေ၏။ ဝင်းမာဆိုသည့်ယောက်မတစ်ယောက်ဟာ အပျိုကြီးပီပီ ပစိပစပ်လည်း ပြောတတ်သေးသည်။ သူမကစိတ်အပြောင်းအလဲမြန်သလောက် ကတိပေးလွယ်သည်။ စိတ်ကဖြစ်တိုင်း ဆုံးဖြတ်ချက်တွေလည်းပြောင်းသွားတတ်ကာ သူမသည်စကားမတည်သူလည်းဖြစ်လေသည်။ ကတိပေးလွယ်သည်။ သူမကိုယ်တိုင်လည်း အိမ်ရောက်လာတည်းက ပြန်ခွဲမထွက်ခဲ့သလို ကလေးတွေဒီအရွယ်ရောက်တဲ့အထိ အရိပ်တကြည့်ကြည့်စောင့်ရှောက်ခဲ့တာဖြစ်သည်။ ခုတော့ ဘယ်သူ့ကလေးမှန်းမသိတော့အောင် တူ တူမတွေကိုချစ်ရှာ၏။ ခင်ပွန်းသည်ဆုံးပါးသွားပြီဖြစ်သည့် ကိုယ့်အတွက်တော့ ကိုယ့်ရဲ့ကိုယ်ခွဲလိုပင်.. ।

သူပဲသိသလို တတ်သလိုပြောပြီး ချစ်မဝအောင်အခန်းထဲထိ လိုက်ဝင်သွား၏။ ဒေါ်နုလွင်လည်း နောက်ကနေထလိုက်လာခဲ့သည်မို့ ယောက်မဖြစ်သူကို ပြန်ကြည့်ပြီးမှ အကျီလဲနေသည့်ချစ်မဝအောင်ဘက်လှည့်၍.. ।

"ဂိုက်ဒ်လုပ်ဖို့သွားတာ အဆင်ပြေလားသား..မျက်နှာကြီးကဘာဖြစ်လာတာလဲ.."

"ဘာမှမဖြစ်ဘူးဆိုမှဒေါ်လေးရာ.."

"ဘာမှမဖြစ်ဘူးဆိုပြီး သားမျက်နှာကြီးအဲ့လိုဖြစ်နေတာကဘာလဲ.."

"နည်းနည်းတော့ပြောစမ်းပါအောင်ရယ်..ဒေါ်လေးတို့ အဲ့ဒါမသိရမချင်းမင်းနောက်ပဲလိုက်နေမိလိမ့်မယ်.."

ပုဆိုးတစ်ထည်ကို ခေါင်းကနေစွပ်ချလိုက်ပြီး ရင်ဝမှာတင်းအောင်ဝတ်သည်။ ပြီးတော့ အတွင်းကပုဆိုးကိုငုံ့ချွတ်၍.. ।

"ပုဆိုးလဲနေလည်း နည်းနည်းပါးပါးပြန်ထွက်ပေးပါလား..မေမေနဲ့ဒေါ်လေးကတကကယ်ပဲ.."

"အို..နည်းနည်းပြန်ထွက်လို့ရမလား၊ ဒေါ်လေးတို့အပြင်ထွက်လိုက်ရင် မင်းကတံခါးထပိတ်ပစ်မှာကို.."

အောင်က ပုဆိုးကိုလုံးပြီး အဝတ်ခြင်းထဲထည့်လိုက်ကာ ဒီတိုင်းစွပ်ထားသည့်အကျီကို ကြယ်သီးတွေတပ်၏။

"သားရယ်..ချစ်မဝအောင်ဆိုတဲ့နာမည်လေးက ဘယ်လောက်တောင်အဓိပ္ပာယ်ရှိပြီး အဲ့ဒီကလေးငယ်ငယ်တုန်းက သူ့မိဘတွေဘယ်လောက်တောင်ချစ်ခဲ့သလဲဆိုတာကို ဖော်ပြနေလဲသိလား.."

"မေမေတို့ကဟုတ်တာပေါ့..သားကျတော့ လူကြားသူကြားထဲ သွားလာနေရတာ၊ အားလုံးကချစ်ခင်ရင်းနှီးပြီးသားတွေမှမဟုတ်ဘဲ..တစ်နေ့တစ်နေ့ သိသိလာသမျှ လူစိမ်းသူစိမ်းတွေကို ဒီနာမည်ပြောမိသမျှ.."

"အောင်ရယ်.."

ဒါဆိုရင်တော့ နာမည်ကြောင့်ဖြစ်လာတာသေချာပါပြီ။ သမီးယောက်မမျက်လုံးချင်းဆုံကြပြန်လျက်.. ।

"ကဲ..ဟုတ်ပါပြီ၊ ဒီနာမည်အရမ်းကိုကောင်းပါတယ်..နောက်လည်းဒေါ်လေးတို့ရှေ့မှာ အဲ့လိုမျက်နှာနဲ့မမြင်စေရဘူး..ရပြီလား.."

"မရပါဘူး..မင်းစိတ်မချမ်းသာဖြစ်နေတာသိရက်နဲ့ လူကြီးတွေကဘယ်လိုလုပ်နေရမှာလဲ.."

ဟိုလိုပြောလည်းမရ။ ဒီလိုဖြေလည်းမပြီး။ ဒီနာမည်ကိုဘာကြောင့်ပေးခဲ့တာလဲလို့ မေးလိုက်တိုင်းလည်းအဖြေက 'ချစ်လို့ပေါ့သားရယ်'ဒါပဲလာနေတာ ဘာထပ်ပြောရမှာလဲ..။ ဒီနေ့လည်းစာသင်ဖို့သွားခဲ့တဲ့အိမ်က **နီရဲရဲ**

နီဆိုတာ။ မျက်လုံးထဲမှာ မြင်ယောင်လာတာနဲ့ စိတ်ထဲမှာအချဉ်ပေါက်**သည်။ စာသင်မယ်ဆိုပြီး** စာသင်ပေးနေတဲ့သူ့ကို မလေးမစားပြုံးစိစိနဲ့..ဘာ**ပုံစံလဲ..** ၊

“စာသင်ပေးရတာ မိန်းကလေးလားသား..အဲ့ဒီမိန်းကလေးနဲ့များ အဆင်မပြေဖြစ်လာတာလား..”

မေမေမေးချလိုက်တာ တန်းခနဲ..။ ဒါပေမဲ့ ယောကျ်ားဖြစ်ပြီး ကိုယ်စာသင်ပေးရတဲ့ မိန်းကလေးတစ်ယောက်နဲ့ မသင့်မတင့်ဖြစ်လာပါတယ်လို့ ဘယ်လိုမျက်နှာနဲ့ပြောရမလဲ.. ၊

“ကိုယ်ကဆရာပဲသားရယ်..ကျောင်းသားက မိန်းကလေးဖြစ်နေတော့ ပိုပြီးသည်းခံရမယ်၊ နောက်ပြီး သူက..”

“ထားလိုက်ပါတော့မေမေရာ..အဲ့ဒီနာမည်ခေါ်ခံရတိုင်းဖြစ်လာတဲ့ခံစားချက်ကိုတော့ သားဖျောက်လို့ရမှာမဟုတ်ဘူး၊ ဖျောက်မရတိုင်း ဒီနာမည်ကိုမှဘာလို့ပေးခဲ့တာလဲဆိုတဲ့မေးခွန်းကလည်း တွေးမိတိုင်းသားအတွက်အပြစ်ဖြစ်တယ်..”

“ဒါဆိုလည်းမတွေးနဲ့ပေါ့သားရယ်..ဒီလိုပဲ နာမည်ပြောင်လေးတွေနဲ့ကြီးပြင်းလာကြတဲ့ကလေးတွေ အများကြီးပါ..ချစ်မဝလို့ချစ်မဝအောင်လို့ပေးတာ ဘာများမှားသွားလို့လဲ၊ သားမကြီးဆိုရင် လှယဉ်ကျေးတဲ့..သူ့ကိုလည်းစနောက်တဲ့သူတွေရှိတာပဲ၊ ဒါပေမဲ့..”

“ဘာတွေဖြစ်နေကြတာလဲ့..သုံးယောက်စလုံးအောင့်အခန်းထဲမှာစုပြီး”

စပြီ..။ မကြီးကိုပြန်ပြောပြပြီး ဒီကိစ္စနောက်ထပ်တစ်ပတ်လည်တော့မည်။ သူနဖူးပွတ်ရင်း ရှုံ့မဲ့သွားမိလျက်.. ၊

အဲ့ဒီနာမည်ကြောင့် ဘယ်တော့မှဆုံးမှာမဟုတ်သည့် စိတ်ညစ်ရခြင်းသည်...

♦ ♦ ♦ ♦

အခန်း(၈)

“ဟား ဟား ဟား..”

“ခစ် ခစ် ခစ်..”

ရယ်သံတွေကြောင့် ခြေလှမ်းတုံ့သွားမိသည်။ ထိုအခါနားထောင်တာမဟုတ်ပေမယ့် နားထဲကိုအကုန်လုံးစုပြုံဝင်လာခဲ့ပြီး.. ၊

“ဆေးကျောင်းသားဆိုတော့ အဲ့လိုမျိုးကျွဲပေါက်ဆင်ပေါက်ကြီးလာမယ်မှန်း ငါဘယ်လိုလုပ်ထင်မှာလဲ..နင်တွေးကြည့် အသားကလည်းမည်းသေးတယ်..”

“ငါမြင်လိုက်ပါတယ်ဟာ..အသားလတ်ပါ..”

“ဖြစ်ရတယ်ကလေးငိုရယ်..”

လက်ခုပ်တီး၍ ရင်ထုမနာရေရွတ်လိုက်သေးသည်။ ပြီးတော့ တခိခိရယ်ကာ.. ၊

“နာမည်ကျတော့ ချစ်မဝအောင်တဲ့..ခစ် ခစ်..”

“ငါထင်တယ်..နင့်ပုံစံနဲ့တော့ ဒီဆရာသေချာပေါက်ပြန်ပြေးတော့မှာ..”

သူခြေလှမ်းပြင်သည်။ ပြီးတော့ အသက်ဝဝရှူလိုက်ပြီး နှုတ်ခမ်းလေးစိနေလိုက်၏။ ပြီးမှ တံခါးရှေ့ကိုကျော်လွန်၍ လှုလုံးပြလိုက်သည်။ မျက်နှာနှစ်ခု ဗျတ်ခနဲလှည့်လာကြသည်။ ပြီးတော့ အသံတိတ်သွားကာ ပြူးဝိုင်းသွားသည့်မျက်လုံးတွေ ဟိုဘက်ဒီဘက်လှုပ်ရှားပြေးလွှား၏။ ပြီးတော့မှ မျက်တောင်တွေခတ်၍.. ၊

"အဲ..လာပြီလား၊ အဟဲ.."

"ဆရာ.."

ကလေးငိုက အချိန်မီဖုံးဖိပြီး ဆရာခေါ်သည်။ ပြီးတော့ စားပွဲကနေ ကမန်းကတန်းထရပ်ပြီး ဘာမှကပ်ပေနေစရာအကြောင်းမရှိဘဲ ဖင်ပွတ်လိုက် ခါးပွတ်လိုက်နှင့်ထွက်လာပြီး.. ၊

"ကြွပါခင်ဗျ..ဆရာမလာသေးလို့ ပျင်းနေတယ်ဆိုတာနဲ့ စကားလာပြောပေးနေတာပါ.."

ပြောပေမယ့် အောင့်ဆီကတစ်ခွန်းတလေမှလည်း တုံ့ပြန်သံမကြားရဘဲ ကလေးငိုသွားအဖြီးသားနှင့် ဒီတိုင်းပဲထွက်သွားရှာသည်။ ရဲကနေရာပြင်ထိုင်လိုက်ကာ မလိုအပ်ဘဲ ချောင်းတွေဆိုးနေခဲ့ပြီး.. ၊

"ဆရာကလည်း အတိအကျပဲ..တစ်မိနစ်လေးတောင် မစွန်းဘူး.."

ပြောပြီး မသိမသာမဲ့သွားသည့်နှုတ်ခမ်းက ဒါကိုမကျေနပ်ကြောင်း ဖော်ပြလိုက်တာဖြစ်၏။ အောင်ကလည်း မြင်သည်။ သို့သော် မသိသလိုထိုင်လိုက်ကာ.. ၊

"မနေ့ကပေးခဲ့တဲ့မေးခွန်းတစ်စုံ ဖြေပြီးပြီလား.."

"မဖြေ.."

"ဘုတ်.."

မျက်နှာရှေ့ကို စာအုပ်တွေနဲ့ ဖိုင်အထူကြီးပစ်ကျလာတော့ ရဲပခုံးလေးတွန့်သွားသည်။ ဖြေလက်စသည်လည်း ရပ်သွားခဲ့လျက် ထိုမျက်နှာကို မျက်လွှာပင့်ကြည့်သည်။ တင်းနေသည်ထင်ရပေမယ့် တည်တည်နေတတ်ခြင်းလည်းမည်၏။ မကျေမနပ်ဖြစ်နေတာလားလို့တွေးပြီး သေချာကြည့်တော့လည်း မဟုတ်ဘူးထင်ရကာ.. ၊

"ဘာမှသိပ်မပြောရသေးဘဲ မေးခွန်းတွေချပေးခဲ့တော့.."

"ဘာအတွက်လို့ထင်လိုက်သလဲ.."

"နောက်နေ့မေးမယ် ကြည့်ထားဘာညာ.."

"ခင်ဗျားကိုလေ့လာခိုင်းတာတစ်ရက်..ဖြေခိုင်းတာတစ်ရက် အချိန်ပေးမယ်ထင်နေတာလား.."

ရှိုးပုံရှိုးကန်းနဲ့မျက်နှာကြီးက ရက်တတ်ကြောက်တတ်ပုံလည်းပေါ်ကာ တကယ်တမ်းပြောလာတော့ လူကိုစိုက်ကြည့်လိုက်တာများ မျက်လုံးကနေ အူကလီစာရှိုးတွင်းချဉ်ဆီအထိ တိုက်ရိုက်ထွင်းဖောက်၏။

"ဒီလိုပုံစံနဲ့ ဆယ်တန်းပြီးရင်းဆယ်တန်း ပျော်ပျော်ကြီးဆင်နွှဲနေတဲ့ပဲ.."

လူကိုအလွန်အမင်းစိတ်တိုနေမှန်းသိသာသော်လည်း ဒီလောက်တိုရောဘယ်လိုငြိခဲ့တာ ရှိဖူးလို့လဲ..။ သေချာတာက ခုနအတင်းတုပ်နေတာတွေ ဒီပုဂ္ဂိုလ်ကြားသွားပြီ။ ဒါဆိုရင် ကိုယ်ကရောဘာကိုဂရုစိုက်နေရမှာလဲ..

"ကျတာကတော့ မအောင်လို့ကျတာပဲပေါ့.."

"ဘာကြောင့်မအောင်ဘဲဖြစ်နေတာလဲဆိုတာ ခင်ဗျားကိုယ်ခင်ဗျား ပြန်ကြည့်ဖူးလား.."

ဒါပဲထပ်ရစ်နေတာလားဆိုသည့်စိတ်တိုခြင်းက လူကိုတဒင်္ဂဆွံ့အသွားစေလျက်.. ၊

"လူဆိုတာ အရှုံးကိုဖြစ်ဖြစ် အနိုင်ကိုဖြစ်ဖြစ် အဖြေရှာရတယ်..နိုင်တာကိုအဖြေရှာတာက ငါသိပ်တော်နေလို့ပဲဆိုတဲ့ မာန်မတက်မိဖို့၊ ရှုံးခဲ့တာကျတော့ ကိုယ့်လိုအပ်ချက်ကိုတွေ့ဖို့ပဲ.."

"လိုအပ်ချက်တွေ့တော့ ဘာလုပ်ရမှာလဲ..ဒီနှစ်အီကိုနဲ့ကျရင် နောက်နှစ်ကမ်မီစထရီနဲ့ကျတယ်၊ နောက်နှစ်ကျတော့ မြန်မာစာ..ဟိုနောက်နှစ်ကျတော့.."

"ခြောက်နှစ်စလုံးကျနေရင်တောင် ခင်ဗျားညံ့လို့မဟုတ်ဘူးလို့ တွေးနေမှာလား..ဘယ်နှစ်နှစ်ကျကျ ကိုယ့်အသက်ကိုယ်ပြန်မကြည့်ဘဲ ကလေးတွေထဲမှာ.."

"အဲ့လောက်ထိမင်းတို့ကို ဝေဖန်ဖို့မလိုပါဘူး..ဒီမှာ.."

သူက စာအုပ်ကိုပဲပစ်ချတာ။ ကိုယ်ကစားပွဲကိုဗျန်းခနဲပုတ်၍ ခါး

ဆန့်ကာ.. ၊

"တို့ကမင်းထက်ကြီးတယ်.."

ပြောလိုက်ပြီးမှ သတိရကာ.. ၊

"အသက်.."

ပြန်ရှင်းလိုက်မှ သူ့မျက်နှာနီသွားတာတွေ၏။ ကိုယ်လည်းကိုယ့်အရှိန်နဲ့ကိုယ်.. ၊

"ဆရာမို့သည်းခံနေတာကို သိစေချင်တာ.."

"ခင်ဗျားကိုပြောနေရတာလည်း အရသာရှိလွန်းလို့မထင်နဲ့ဒေါ်နီရဲ့နီ.."

သူခေါ်လိုက်မှ ကိုယ့်နာမည်ကနားဝင်ချိုနေသလိုလို။ အတွေးနှင့်အတူ ရဲမျက်နှာပြုံးတုံ့တုံ့လေးဖြစ်သွားသည်။

"ခင်ဗျားဘာသာ ဘာကြောင့်ပဲသည်းခံနေနေ ကျွန်တော်စာသင်ပေးနေရင် ခိုင်းတာလုပ်ရမယ်..ဒါပဲ၊ ဘယ်သူပိုကြီးကြီး ခင်ဗျားလေးစားရမှာက ခင်ဗျားကိုသင်ပေးနေတဲ့ ပညာဂုဏ်.."

ခုထိမထိုင်ရသေးသည့်ပုံစံနှင့် သူ့အရပ်ကြီးက စားပွဲမှာလက်ထောက်ငုံ့လိုက်တော့ အတော်ကြည့်ကောင်းသည့်အနေအထားနှင့် ရဲမျက်နှာအနီးတစ်ဝိုက်သို့ရောက်ကာ.. ၊

"တစ်ခုရှိတယ်..ကျွန်တော့်ကိုဆရာခေါ်ဖို့မလိုဘူး.."

"ဒါဆို ဘယ်လိုခေါ်ရခေါ်ရတယ်လား.."

ဖျိုးဖျိုးဖျတ်ဖျတ်ဖြစ်သွားသည့်မျက်နှာပေါ်က စိတ်ဝင်စားခြင်းကြောင့် အောင်မျက်မှောင်ကုတ်သွားသည်။ ပြောဆိုနေသမျှအကြောင်းတွေပေါ်မှာ ဒီမျက်နှာမျိုးဖြစ်မလာခဲ့ခြင်းနှင့်ပတ်သက်၍.. ၊

"စာအုပ်ထုတ်..အဲ့ဒီမေးခွန်းဟောင်းကို တစ်နာရီခွဲအတွင်း အပြီးဖြေ"

"ဘယ်လို.."

သူကမပြန်မကြည့်ဘဲ ခုံဆွဲထိုင်လိုက်၏။ ရဲကစားပွဲကို လက်ထောက်၍ ထရပ်တော့မလို ကိုယ်ကိုကြွထားကာ.. ၊

"တစ်နာရီခွဲအတွင်း.."

"ဟုတ်တယ်.."

"ဘာမှမကြည့်ရသေးတဲ့မေးခွန်းကို.."

"ခင်ဗျားခြောက်နှစ် ခုနှစ်နှစ်ကြည့်လာတဲ့စာတွေ..အချိန်ဘယ်လောက်ထပ်ယူချင်လို့လဲ.."

"ဒါကတော့ ညကြည့်ထားရင်တောင် မနက်ပြန်နွှေးရတာပဲ.."

သူက နာရီပင့်ကြည့်ပြီး ခေါင်းညိတ်ကာ.. ၊

"ဆယ်မိနစ်နှုတ်ပေးမယ်..ပြီးရင် တစ်နာရီနဲ့မိနစ်နှစ်ဆယ်အတွင်းပြီးအောင်ဖြေရမယ်.."

ကြည့်စမ်း..

♦♦♦♦

အခန်း(၉)

တစ်အိမ်လုံးပွက်လောရိုက်နေသည်။ ဦးရဲလူရယ် ဒေါ်မြတ်ပန်းနီရယ် နီနီဇင်မြင့်ရယ်အပြင် ဘွားဒေါ်မြတ်ချစ်လည်းပါ၏။ ဇနီးမောင်နှံက ဒေါသထွက်နေကြသည့်ဘက်မှာဖြစ်ကာ ဒေါ်မြတ်ချစ်နဲ့နီနီဇင်မြင့်ကတစ်ဖက်..

"အောင်မယ်လေး..ဆူမလို့ပါဆိုမှ သင်းကိုပြန်စောင့်နေရတယ်၊ ရဲရဲရေ..တမင်ထွက်မလာတာလားဟင်.."

"လာပါပြီဆို.."

ရဲရဲဆိုသည့်အတိုင်း အနီရဲရဲဆွယ်တာချိုင်းပြတ်ခါးတို အားကစားဘောင်းဘီအနီရဲအစင်းကျားလေးနှင့်ထွက်လာ၏။ ဖြူသည့်အသားကအရောင်လိုက်ပြီး ပြောင်းနေတတ်တာမို့ အနီရဲရဲဝတ်ထားတော့ သူမရဲ့လက်မောင်းသားလေးတွေ ပါးမို့လေးတွေက နုရဲနေကာ.. ၊

"နှံ့တောင်မနှံ့လိုက်ဘူး..တကယ်ပဲ.."

လက်မောင်းနှစ်ဖက်ကို ပွတ်သပ်နေရင်း ရေရွတ်လိုက်သေးသည်။ ဒေါ်မြတ်ပန်းနီသဘောပေါက်သွားကာ.. ၊

"ဩော်..အပြင်ကပြန်လာပြီး အကျီလဲလိုက်ဦးမယ်ဆိုတာ ရှင်ကလိုး

ရှင်းလေးပါလူးလိုက်သေးတာကိုး.."

"လိုးရှင်းကကုန်နေပြီမေမေရဲ့..လက်ကျန်လေးမို့လို့ မြန်မြန်ဆန်ဆန်သိမ်းလိုက်တာပါ၊ အကျီလဲတာလည်း စွပ်ချလိုက်ရုံပဲဥစ္စာ..ဒီလောက်မြန်မြန်ထွက်လာတာကို.."

ဒီမိန်းကလေး ဘယ်နေရာကြည့်ကြည့် အရိုးကိုမပြေတာပါ..ဆူသွန်းလို့နားလျှံနေတာလား၊ နားစည်ကိုကတွင်းနက်ပြီး ဘာအသံမှမစွဲတာသွား.. ၊

"သမီးဘယ်လိုလုပ်လိုက်တာလဲ..ကိုယ့်ကိုစာသင်ပေးနေတဲ့ဆရာကိုသည်းမလေးစား ဆရာကြီးကိုပေးခဲ့တဲ့ကတိကိုလည်း မတည်.."

ဦးရဲလူက ပထမဆုံးစကားသံထွက်လာသည်။ ဖေဖေကျတော့ ရဲဘာပြောရမှန်းမသိသေးဘဲ စကားစရှာနေရ၏။ ထိုစဉ်.. ၊

"ကတိကဝတ်တွေ လေးစားဖို့တွေမပြောနဲ့..အပြစ်လုပ်ပြီးတာတောင်သင်းကအပြင်ထွက်လိုက်သေးတယ်၊ ပြန်လာတော့အေးဆေးအကျီလဲလို့သိုးရှင်းလိမ်းလို့.."

"အပြင်ထွက်တာက ပေတံအတိုနဲ့စာအုပ်ထွက်ဝယ်တာပါ..လိုးရှင်းသိမ်းတာက.."

"အဲ့ဒါတွေဘာလို့လုပ်လဲ မေးနေတာမဟုတ်ဘူးရဲရဲ..ဆရာလေးကိုသမီးဘာပြောလိုက်သလဲ၊ ဘယ်လိုပြုမူဆက်ဆံလိုက်သလဲ.."

ဘာဆိုတာ သေချာမသိသေးပေမယ့် ပြန်ဝင်လာကာစမှာ မေမေတို့ပြောလက်စစကားလုံးတွေကြောင့် ဟိုလူထွားညို ပြဿနာစထားခဲ့ပြီမှန်းသက်မိခဲ့၏။

"ဘာစာတစ်လုံးမှမေးလို့မရဘူးတဲ့..သင်ပေးတော့ တစ်ခွန်းမကျန်မေးခွန်းပြန်ထုတ်နေတယ်တဲ့၊ ဆရာကိုခေါ်တော့ လူညိုထွား.."

"လူထွားညို.."

ကြည့်စမ်း..။ သူကတောင်ပြုလုပ်ပြင်ဆင်လို့..။ ဒေါ်မြတ်ပန်းနီစိတ်ဘဲ့သွားသည်။ နီနီဇင်မြင့်က ဘယ်သူမှမမြင်အောင်ပြုံးလိုက်ပြီးမှ မသိမသာပြန်တည်၏။

"ဒါ ဆရာကိုလေးစားတာပေါ့လေ.."

"သူကဆရာလို့မခေါ်နဲ့တဲ့.."

"ရဲရဲ.."

"ရှင်.."

"ညည်းကိုဘယ်လိုဆုံးမရမလဲဟင်.."

"မေမေကလည်း သူလည်းကျောင်းဆရာမဟုတ်ဘူး..ဆရာလို့လည်း မခေါ်ရဘူးဆိုတော့.."

"ဒါပေမဲ့ ဆရာလေ..သမီးကိုစာလာသင်ပေးနေတာ.."

အဖျားလေးတွေပြန်ကုတ်ထားသည့် ပျော့နွဲ့နွဲ့ဆံနွယ်တို့ကို လက်ချောင်းတို့ဖြင့် ထိုးဖွလိုက်ပြန်ဆွဲချလိုက်။ ရဲရဲမျက်နှာလေးကတော့ စူပုတ်ပုတ်လေးဖြစ်နေပြီဖြစ်၏။ သင်းကအတိုင်အတောထူသွားတာ ခရေစေ့တွင်းကျ။ ဆရာလို့မခေါ်နဲ့ဆိုတာ ဘယ်သူပြောတာလဲ..။ စာတွေကိုအချိန်တိုတိုလေးနဲ့ မနိုင်မနင်းပေးပြီး ပြန်ဖြေခိုင်းတာဘယ်သူလဲ..။ လူကိုတစ်ခါတည်း စိတ်ဓာတ်ကျပြီး မဖြေချင်တော့ပါဘူးဖြစ်သွားအောင်လား..။ ဒါမှမဟုတ် ဒီကျောင်းသားကိုမသင်ပေးချင်တော့ပါဘူးပြောဖို့ အကြောင်းပြကောင်းအောင်လား.. ၊

"စာသင်နေချိန်မှာ သူပြောတာကို မနာခံရင် ဆက်သင်မပေးနိုင်တော့ဘူးတဲ့..ကဲ ဘယ်လိုလုပ်မလဲ.."

ဖြစ်နိုင်ချေတွေထဲက တစ်ခုကိုတန်းခနဲထိသွားသဖြင့် ရဲနှုတ်ခမ်းလေးမဲ့၏။ မဲ့ခွင့်မရှိ ပြုံးလို့မရသော့ကိုယ့်အခြေအနေကိုမေ့သွားသဖြင့် ထိုအဖြစ်အတွက်ပြစ်ဒဏ်သည်.. ၊

"မဲ့တယ်ဟုတ်လား..လူကြီးတွေက သူ့အတွက်ဦးနှောက်ခြောက်နေကြတယ်၊ သူကတော့ မဲ့လို့ရွဲ့လို့ကောင်းတုန်း.."

"မေမေကလည်း ရဲရဲကဒီလိုပဲနေတတ်တာပါ..သူကခုထိကလေးစိတ်ဥစ္စာ.."

"ဝင်ပါလာပြန်ပြီဇင်ရယ်..သမီးမျက်လုံးထဲမှာ ကလေးပေမယ့် ဒီမိန်းကလေးအသက်ဘယ်လောက်ကြီးနေပြီလဲသိရဲ့လား၊ ကိုယ့်ထက်ငယ်တဲ့သူကို ဆရာခေါ်နေရတယ်..ဆရာခေါ်ပါ၊ နာခံပါလို့ ခိုင်းနေရတဲ့မိဘရင်ထဲမှာရော ကောင်းတယ်မှတ်လို့လား..ဒါပေမဲ့ သင်းကခုထိပညာကိုမက်မော

ရမှန်းမသိဘူး၊ ကိုယ့်ကိုယ်ကိုလည်း ရှက်ရမှန်းမသိဘူး.."

သမီးကြီးက ဆယ်တန်းကိုအမှတ်ကောင်းနဲ့ နှစ်ခြင်းပေါက်အောင်သည်။ ဂုဏ်ထူးတွေတောင်ပါသေးသည်။ ကျောင်းစထားပြီဆိုတည်းက အင်ဂျင်နီယာဖြစ်သွားတဲ့အထိ သူမအတွက် ဟဲ့တစ်ခွန်းမငေါက်ခဲ့ရ။ စာကျက်ချိန်မှာ စာကျက်ဖို့သတိပေးရဖို့နေနေသာသာ အချိန်တွေလွန်ပြီး ထမင်းမေ့ဟင်းမေ့ဖြစ်တတ်လွန်းလို့တောင် စိုးရိမ်ခဲ့ရသေးသည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်သမီးလေးကိုလည်း သူမလောက်မတော်ရင်တောင် သူမနီးပါးတော့ ဖြစ်လာစေချင်မိသည်။ ခုတော့ သမီးကြီးက ယဉ်စနူးနူးညှံ့ညှံ့ပညာတတ်လေးဖြစ်နေခဲ့ပြီး ကိုယ့်သမီးလေးကျမှ ဆူဆူပြောပြော ဟိုမထိဒီမထိ။ ရှေးစကားနဲ့ပြောရပါလျှင် ဘယ်လိုဆုံးမပေမယ့် 'နွားကန်မနာ'(နဂန်မနာ)တတ်.. ၊

"အဲ့ဒီဆရာဝန်လေးက မေးခွန်းအောက်တာသိပ်တော်တာတဲ့..သူသင်ပေးခဲ့တဲ့ကျောင်းသားတိုင်း မအောင်တာကိုမရှိဘူးတဲ့..သီးသန့်ဂိုက်ဒ်လုပ်တာလည်း မရှိဘူးတဲ့ကို၊ စာကျက်ဝိုင်းတွေထောင်ထားတာ ကျောင်းသားဆယ်ယောက်ရှိတယ်တဲ့.."

သမီးကိုမချင့်မရဲဖြစ်နေရသမျှ ဒီဆရာကိုလက်လွှတ်ရမှာစိုးသည့်စိတ်က ခင်ပွန်းသည်ကိုတောင် လှည့်ကြည့်ပြီး တိုင်တည်မိ၏။

"သူ့အမေကကျောင်းဆရာမ..အစ်မကအင်ဂျင်နီယာ၊ သဘော်နစ်တဲ့ထဲပါသွားတဲ့သူ့အဖေကလည်း အထူးကုဆရာဝန်ကြီးတဲ့..ပညာတတ်မျိုးရိုးတွေ စီးပွားဥစ္စာလည်းပြည့်ပြည့်စုံစုံထဲကပဲ.."

ဒေါ်မြတ်ပန်းနီက ဟိုလူ့ဒီလူ့လှည့်ပြောရင်း ထောက်ခံမဲရှာလိုက်သေးသည်။ ပြီးမှ ကိုယ့်ကိုပဲစိုက်ကြည့်နေသည့်မိခင်ဖြစ်သော ဒေါ်မြတ်ချစ်ကိုဦးတည်၍.. ၊

"အဲ့ဒီလိုကလေးကတောင် ပညာလည်းတော်အောင်ကြိုးစားခဲ့တယ်..ကျောင်းမပြီးခင်တည်းက ဂိုက်ဒ်လုပ်ပြီးမိဘကို ပြန်ထောက်ပံ့ခဲ့တယ်၊ ဘယ်လောက်ဂုဏ်ယူဖို့ကောင်းလဲမေမေရယ်.."

"အေး..ဆုံးမတာတော့ဆုံးမပါ၊ ကိုယ့်သားသမီးကို ဟိုလူနဲ့နှိုင်း ဒီလူနဲ့နှိုင်း ဘယ်သူနဲ့ယှဉ်ယှဉ် ကိုယ့်ကလေးကပဲ ဘိတ်ချီးဆိုတဲ့စကားမျိုးတွေတော့ လာမပြောနဲ့.."

ဘုရားရေ.. ။

ဒေါ်မြတ်ပန်းနီ မျက်လုံးပြူးနဲ့ကြည့်နေမိ၏။ လိုချင်တာက ထောက်**ခံမဲ။ ရလာတော့** 'နင့်ကိုတင်တာမှားလေခြင်း'.. ။

"မေမေရယ်.."

"လာမပြောနဲ့မြတ်ရေ..ကိုယ့်ပေါင်ကိုယ်လှန်ထောင်းနေတာ ညည်းကိုလည်း ကျုပ်အံ့ဩလွန်းလို့.."

"မဟုတ်ဘူးလေ.."

ဘယ့်နှယ် ကလေးရှေ့မှာမပြောသင့်တဲ့စကားတွေ.. ။

"မြေးရှေ့မှာ မပြောချင်လို့နေနေတာ..ညည်းကလာပြောတာကိုး.."

ဟုတ်ပါပြီပြောပါတော့ပဲ နေလိုက်ရတော့သည်။ ဒေါ်မြတ်ချစ်က အသက်ကိုးဆယ်ပြည့်ဖို့ တစ်နှစ်ပဲလိုတော့သည်။ သူမတူအောင်ကျန်းမာပေမယ့် ပြောမယ်ဆိုချက်ချင်း လုပ်တော့မယ်ဆို ခုဆိုခုမှ။ စိတ်ဆတ်လိုက်တာလည်း လက်ဖျားခါလောက်သည်။ သူမကိုသမက်ဖြစ်သူကလည်း ကြောက်သည်။ သမီးကအစ မြေးတွေအထိ မရှိမသေ မလေးမစားမလုပ်ဝံ့ကြပေ.. ။

"ပညာရေးဆိုတာ တော်နေတာလည်း သူ့ကုသိုလ်ကံပဲ..ညံ့နေတာလည်း ကံပဲ၊ နင်တို့ဗုဒ္ဓဘာသာဖြစ်ပြီး ကံ ကံ၏အကျိုးကို ဘာဖြစ်လို့မေ့ထားကြတာလဲ..ကိုယ်လုပ်တိုင်းဖြစ်နေတဲ့လူတွေ ကံကိုလူကလုပ်တာလို့ ကြွေးကြော်နေသလိုမျိုး လိုက်မျှောင်မနေစမ်းပါနဲ့၊ ကံချည်းပဲမရသလို ပစ္စုပ္ပန်ပြုလုပ်ချက်တွေချည်းပဲလည်း မရဘူး..ဘာကိုဖြစ်ဖြစ် တစ်ယူသန်မှတ်မထားနဲ့၊ သုဒ္ဓေါဒနမင်းကြီးတောင်မှ ဘုရားဖြစ်မယ့်အထုံပါရမီနဲ့ဖွားမြင်လာတဲ့အလောင်းမင်းသားကို သူ့လိုပဲတိုင်းပြည်အုပ်ချုပ်မင်းလုပ်စေချင်ပေမယ့် ပြောင်းလဲယူလို့ရခဲ့သလား..ကံတရားဆိုတာ ပစ္စုပ္ပန်ကြိုးစားချက်နဲ့ ပြောင်းလဲယူလို့ ရကိုမရဘူး၊ ကောင်းတဲ့ဘက်ကိုပြောင်းလဲသွားတာလည်းကံပဲ..မပြောင်းလဲဘဲ ဆိုးသထက်ဆိုးနေရင်လည်း ကံပဲ.."

"အမေကလည်း ကလေးတွေကို ကံကိုယုံပြီး ဆူးခြံနှင်းဖို့တိုက်တွန်းနေသလိုပဲ.."

"ဆူးခြံနှင်းကြည့်သင့်သလား..မကြည့်သင့်ဘူးလားဆိုတာက သူတို့

အသိဉာဏ်နဲ့တိုက်ရိုက်ပတ်သက်တယ်ရဲလူ၊ အဲ့ဒီအသိဉာဏ်မျိုးကလည်း နင်တို့သည်၏မလွဲ ကျက်ဖြေနေကြတဲ့ အတန်းပညာတွေနဲ့ချည်း သက်ဆိုင်နေတာမဟုတ်ဘူး..အသိပညာဆိုတာ လူတစ်ယောက်မွေးကတည်းကပါလာတဲ့ပညာ၊ အတတ်ပညာဆိုတာက သင်ယူတတ်တဲ့အရွယ်ရောက်မှ သင်လို့ရတာ.."

ဦးရဲလူ ကိုယ့်ကိုယ်ကိုမှားပြီလို့ အသံတိတ်ဆိုမိ၏။ ဒေါ်မြတ်ချစ်ဆိုသည့် ယောက္ခမကို သူဘယ်တုန်းကမှ စကားယှဉ်ပြောလို့မနိုင်ခဲ့ဘူးဘဲနှင့်..

"အဟွန်း..ဒါကတော့ အမေကဗေဒင်ဆရာမကြီးပိပိ.."

"ဟုတ်ချင်ဟုတ်မှာပေါ့..ကံတရားဆိုတာ ဉာဏ်စကားလို့မရဘူး၊ ဒါကိုဘယ်သူငြင်းနိုင်လို့လဲ..ငါ့မြေးအခုစာမကျက်ဘူး မကျက်ဘူးနဲ့ကျတယ်၊ သို့တယ်ဆိုတာတွေ ဝိုင်းလက်ညှိုးထိုးနေကြတာ..ဒါပေမဲ့ သူဘယ်တော့မှမအောင်တော့ဘူးလို့ ဘယ်သူပြောနိုင်သလဲ၊ အားလုံးပြည့်စုံနေတဲ့ကြားကချို့ယွင်းချက်ရှိနေတာ ဝဋ်ကြွေးဖြစ်နိုင်သလို ဒီဝဋ်ကြွေးဆုံးသွားမလား မဆုံးတော့ဘဲဖြစ်သွားမလားဆိုတာလည်း ဘယ်သူမှမပြောနိုင်ဘူး..ဒါပေမဲ့ ငါပြောနိုင်တယ်ဟေ့၊ ငါ့မြေးဒီနှစ်အောင်မှာ.."

ဒေါ်မြတ်ပန်းနီမျက်နှာ ဝင်းထိန်သွားသည်။ ဘယ်လောက်တောင် အံ့ဩဝမ်းသာသွားသလဲဆိုလျှင် ကိုယ်ခန္ဓာတစ်ခုလုံးပါတောင့်မတ်သွားတဲ့အထိ.. ။

"မေမေ..မေမေတွက်ကြည့်ထားတာလားဟင်.."

ကိုယ့်အမေ ဒီပညာမှာဘယ်လောက်တောင်ပါရမီထူးခဲ့သလဲဆိုတာ သုံးကြည့်သည်။ ဒေါ်မြတ်ချစ်က ခေါင်းခါ၏။

"တွက်ကြည့်တာကမှ လွဲရင်လွဲဦးမယ်.."

ဟုဆိုပြီး မျက်နှာကိုဆတ်ခနဲလွှဲပစ်လျှင် သမက်ဖြစ်သူကိုပါ မျက်စောင်းထိုးပြီးသားဖြစ်လေသည်။ နီနီဇင်မြင့်က လူကြီးတွေကိုအကဲခတ်လိုက်ရင်း ပြုံးကာ.. ။

"ဟုတ်ပါတယ်မေမေရယ်..ညီမလေးက ထက်မြက်တဲ့သူပါ၊ ဉာဏ်လည်းကောင်းတယ်..သူ့သာဂရုစိုက်ရင် ဒီနှစ်အောင်နိုင်ပါတယ်.."

"အောင်နိုင်တာမဟုတ်ဘူး..အောင်ကိုအောင်တယ်.."

ဒေါ်မြတ်ချစ်၏မကျေနပ်ခြင်းက ဇင့်မျက်နှာပေါ်ပြောင်းလဲကျရောက်လေသည်။ မျက်တောင်ခတ်လိုက်ရင်း မျက်နှာလွှဲတော့လည်း မျက်စောင်းထိုးခြင်းမည်လေသည်။ ဇင်မျက်နှာပျက်သွားသည်။ ဦးရဲလှုကိုလှမ်းကြည့်တော့ 'စိတ်ထဲမထားနဲ့'ဆိုသည့်အကြည့်နှင့် ဦးရဲလှုကမသိမသာခေါင်းခါပြသည်။ ထိုမျက်ဝန်းတွေ သွားလာဖြတ်သန်းနေကြတာကို ဒေါ်မြတ်ချစ်ကလည်း အမိဖမ်း၏။ စိတ်ထဲမှာလည်း ချဉ်လိုက်တာမှ.. ။

ဘယ်သူတွေဘယ်လိုချစ်နေနေ ကိုယ်ကတော့ တစ်ခုပဲစွဲသည်။

ဝမ်းနဲ့မလွယ် သားမမယ်...

♦ ♦ ♦ ♦

အခန်း(၁၀)

"လှလာလိုက်တာယဉ်ရယ်..ဖြူဖြူဖွေးဖွေး သန့်သန့်ခန့်ခန့်ကြီး.."

"နင်ရောပါပဲ.."

"ဘယ်ကလာနင်ရောပဲကမှာလဲ..ကွန်စထရက်ရှင်သမားတွေ ဘယ်
...င်ပန်းတာ နင်မသိပါဘူး၊ ဝါသနာပါလို့သာ ဒါကိုယူခဲ့တာ..အစတည်း
...သာ နင့်လိုအာခီတက်ချ်ယူခဲ့ရင် သူငယ်ချင်းနှစ်ယောက်ကွဲသွားမှာလည်း
...တ်ဘူး..ငါလည်း လူရုပ်ပျောက်အောင်ရုန်းနေရမှာမဟုတ်ဘူး.."

ယဉ်က ဇင်ညည်းညူနေတာကိုကြည့်နေရင်းရယ်၏။ မြင့်မားသည့်
...ဆောက်အဦးကြီးကိုမော့ကြည့်ရင်း နှစ်ယောက်အတူအရိပ်ခိုရပ်နေမိကြ
... ။

"ငါဒီဘက်ပြန်ပြောင်းလာတာတောင် မကြာသေးဘူးရယ်..နင့်ကိုသ
...ပေမယ့် မရှာအားဘူး၊ ဘယ်လိုလဲ..အိမ်နဲ့အဆင်ပြေရဲ့လား.."

မေးတဲ့သူကမေးလာတော့ မချိပြုံးလေးနှင့် ငုံ့ကျသွားခဲ့သည်။ ယဉ်
... သူမမျက်နှာကိုလိုက်ကြည့်ပြီး နားစွံ့နေ၏။ ထိုစဉ် ဆိုက်ဒ်ထဲကိုကား
...တစ်စီးမောင်းဝင်လာ၏။ သူမတို့နဲ့မလှမ်းကမ်းထိရောက်လာပြီးမှ ရပ်

သွားကာ.. ၊

"မမမပြန်ရသေးဘူးလား.."

"ဂျိမ်း.."

ကားပေါ်ကဆင်းတိုင်း ကားတံခါးကို လက်နောက်ပြန်စမ်းကာ ဖြစ်သလိုတွန်းပိတ်ပစ်ခြင်း လှည့်ထွက်ခြင်း ဂါဝန်ပွပွကြီးတွေဝတ်လာပြီဆို သူမ တံခါးပိတ်ပုံကြောင့် အန္တရာယ်နားနီးခဲ့ဖူးတာလည်း မကြာခဏ။ ထို့ပြင် ကားထဲကနေ ခြေတစ်လှမ်းချပြီးတည်းက လွဲခါသွားသည့်ဆံနွယ်တို့သည် ကားထဲကထွက်ခြင်း လှည့်ထွက်ခြင်း တံခါးပိတ်ခြင်းစသဖြင့်သော လှုပ်ရှားမှုတိုင်းမှာ လွဲရမ်းနေကာ မငြိမ်သက်သော သူမ၏လှုပ်ရှားမှုတိုင်းက ဆတ်ကော့လတ်ကော့လည်း မည်လေသည်။ ကော်ဖီရောင်ဘောင်းဘီရှည် ပွပွနှင့် ပန်းရောင်နှင့်ကော်ဖီရောင်ပါသော ရှန်သားလက်ရှည်အပွကို ဘောင်းဘီထဲထည့် ဝတ်ထား၏။ ခရမ်းဖျော့ရောင်လက်နေသည့်မျက်မှန်နှင့် ပန်းနုရောင်စပယ်ပွင့်ပုံနားကပ်အပွင့်ကြီးကို နားမှာပန်ထားသည်။

ယဥ်က သူမကားပေါ်ကဆင်းလာတည်းက ကြည့်နေတာဖြစ်ကာ ခြေဆုံးခေါင်းဆုံးကြည့်နေရင်း မျက်နှာလေးကိုမြင်တော့ မျက်လုံးမခွာနိုင်။ ဇင့်ကို မမလို့ခေါ်လိုက်သည့်အချိန်မှာ သူမသည်နီရဲရဲနီဆိုတာ သိလိုက်ရပြီး.. ၊

"မမအားကိုးနဲ့လာကာမှပဲ အလုပ်ကမပြီးသေးဘူးလား..ဒုက္ခပါပဲ.."

"ဘာဖြစ်လို့လဲရဲရဲ.."

"သူငယ်ချင်းတစ်ယောက်ဆေးရုံတက်နေရလို့..လူမမာစာလေးဝယ်ပြီး လူနာမေးသွားချင်တာ.."

"သွားပါလား..ဒါကောင်းတဲ့အလုပ်ပဲဟာ.."

ရဲရဲက နှာခေါင်းလေးတွန့်သွားအောင်မဲ့ပြီး ခေါင်းခါလိုက်ကာ.. ၊

"မကောင်းတာတွေ လုပ်ခဲ့တာများလာတော့ ကောင်းတာတွေလည်း မကောင်းတာတွေပဲဖြစ်ကုန်တယ်..မကောင်းတာမလုပ်တော့ပါဘူးဘယ်လိုပြောပြော ကောင်းတယ်လို့ကို မမြင်တော့ဘူး၊ အဲ့ဒီကောင်းတာတွေ မကောင်းတာတွေကို ရှင်းပြနေဖို့လည်း.."

"အောင်မယ်လေး..တော်ပါပြီရဲရဲရယ်၊ နားထဲမှာကိုရှုပ်နေတာပဲ..ခဏ

ဲစောင့်၊ မမလိုက်ပို့မယ်..ဟုတ်ပြီလား.."

"ဒါဆို နောက်မှအေးဆေးတွေ့မယ်လေဇင်..ငါပြန်မယ်နော်.."

ညီအစ်မတွေဖြစ်နေတာကြည့်ပြီး ယဥ်ကနှုတ်ဆက်ပြန်သွား၏။ ရဲ ာ တစ်ချက်ပဲငဲ့ကြည့်ကာ.. ၊

"မြန်မြန်လုပ်မမရာ.."

နာရီလည်းကြည့်လိုက်သေးသည်။ ပီကေကိုနှုတ်ခမ်းဝမှာ ဝလုံးလေး သို့စူထွက်လာအောင် မှုတ်လိုက်ပြီးမှ ပါးစပ်ထဲပြန်ထည့်၍.. ၊

"ဆရာလုပ်ပြီး ပါဝါပြချင်တဲ့လူကတစ်မျိုး..အဲ့လိုလူကိုမှ အထင်ကြီးကြတဲ့လူတွေကရှိသေး၊ တော်ကြာအိမ်ပြန်နောက်ကျရင် ရဲကတစ်ပြစ်တိုးဦးမှာ.."

စကားသံလေးက ချစ်စရာလေး..။ ထွက်လာခဲ့တဲ့ ယဥ့်ခြေလှမ်းတွေ နှေးသွားသည်။ ပြီးတော့ ရဲရဲဆိုသည့်နာမည်လေးကလည်း အထူးအဆန်းမဟုတ်ပေမယ့် သူမလေးနဲ့လိုက်ဖက်နေသည်။ ဇင်နဲ့သူမတက္ကသိုလ်ကျမှ ခင်ကြတာပေမယ့် ငယ်ပေါင်းကြီးဖော်တွေလို ရင်းနှီးခဲ့တာဖြစ်သည်။ ဇင့်မှာ အိမ်တွင်းရေးအဆင်မပြေမှုလေးတွေရှိသည်။ မိဘနှစ်ပါးက သမီးတွေကို ချစ်ကြပေမယ့် အဘွားဖြစ်သူက မြေးချင်းအတူတူကိုပဲ ခွဲခြားဆက်ဆံ၏။ ဟိုးအရင်တုန်းက သိသိသာသာ ခပ်ကြမ်းကြမ်း။ အသက်အရွယ်ကြီးလာတဲ့ နောက်ပိုင်းမှာတော့ စကားအရာနဲ့ခွဲပြလိုက် အပြုအမူအရပညာပေးလိုက်..၊

"ငါ့ကိုယ်ငါ မြေးအရင်းလားတောင် ထင်မိပါတယ်ယဥ်ရယ်.."လို့ ပြောပြီး ဇင်မကြာခဏမျက်ရည်ကျ၏။ ဒါပေမဲ့ အချင်းချင်းပြောဖြစ်ကြတာ ထက် ဇင်ကသာရင်ဖွင့်ခဲ့တာတွေသာ များတတ်ပြီး တစ်ယောက်အိမ်တစ်ယောက်ဝင်ထွက်စားသောက်ကြတာမျိုးတွေတော့ မရှိခဲ့ကြပေ။ ဒါကြောင့်လည်း အချင်းချင်းကလွဲပြီး နောက်ခံမိသားစုဝင်တွေကို မသိခဲ့ကြတာဖြစ်သည်။ ဇင့်ရဲ့အဆင်မပြေမှုတွေထဲမှာ နီရဲရဲနီဆိုတဲ့ကောင်မလေးများ ပါနေမလား.. ၊

သူမအတွေးစတွေနဲ့ပြန်လှည့်လာခဲ့သလို ဇင်ကလည်းအစီအစဥ်မရှိသေးဘဲ ပြန်ရမည့်အိမ်ပြန်ချိန်အတွက် လုပ်လက်စတွေဖြတ်ဖို့ အဆောက်အဦးထဲ ပြန်ဝင်ခဲ့ရသည်။ သူမခပ်သုတ်သုတ်လှုပ်ရှားနေတာကိုကြည့်ပြီး

စိတ်မရှည်ဖြစ်နေကာ ရဲမျက်နှာလေးမဲ့နေ၏။ ပြီးတော့ နာရီကြည့်၍ မျက်နှာသည်ဟိုဘက်ဒီဘက်လည်ပင်းလိမ်လျက် ဂနာမငြိမ်။ ဘယ်လိုပဲစောင်းပဲနားရွဲ့(ဖောင်ပဲနရွဲ)လုပ်နေမိပေမယ့် ဒီဆရာပေါက်စအိမ်ကိုပြန်တိုင်မှာတော့ကြောက်မိသည်။ အဆူခံရပြီဆို ကိုယ့်ဘက်မှာဘွားဘွားတစ်ယောက်ပဲရှိသည်။ မမကလည်း ကာသလိုဖာသလိုနှင့် အတိုက်အခံကာကွယ်ပေးတာမျိုးလုပ်ပါလားဆိုတော့ နောက်ပြန်ရောက်သွားတာပဲ..။ အဆိုးဆုံးသည် အအပြစ်တစ်ခုရှိလာပြီဆို သွားတာလာတာတွေပိတ် ဝတ်တာစားတာတွေလျှော့ဤသို့အကျပ်ကိုင်တာတွေ အကျယ်ချုပ်တာတွေပါလာခဲ့တာ အကြောက်ဆုံး.. ၊

ကိုယ့်အတွက် ရှောင်ရှားဖွယ်တွေတွေး၍ ရင်မောနေစဉ် အနက်ရောင် Fitကားလေးတစ်စီး မြင်ကွင်းထဲတိုးဝင်လာသည်။ ဒါကဘာမှမဆန်းပြားတာမို့ မျက်လုံးသည်ထိုကားကို အလွယ်တကူဖြတ်သန်းကျော်တက်၏။ သို့သော် အနားကကပ်ဖြတ်သွားစဉ် မြင်လိုက်ရသည့်ပုံရိပ်က မျက်ဝန်းထောင့်ကနေ မျက်နှာတစ်ခုလုံးဖျတ်ခနဲပြန်လှည့်မိအောင် ရိုက်ပုတ်သတိပေးသွားလျှင်.. ၊

ချင်မမောင်..ပလုပ်ပါဘယ်..သူပဲ..

အိမ်ကိုလာတိုင်း ရှပ်အင်္ကျီလက်ရှည်အဖြူ ဒါမှမဟုတ် အရောင်ဖျော့လေးတွေကို ကြယ်သီးစုံအောင်တပ်ပြီး ဝတ်လာတတ်သည့်စတိုင်လ်။ မြင်လိုက်တာ ရှပ်အင်္ကျီအဖြူနှင့်အူကိုယ်တိုင်ကားမောင်းသွားတာ။ အတွေးသည် ခြေလှမ်းတွေကိုမကျော်နိုင်ဘဲ တွေးနေရင်းအတင်းလျှောက်နေမိသည်။ ဆိုက်ထဲဝင်လာတာမို့ ဒီကားတစ်နေရာမှာတော့ ရပ်သွားမှာပဲဖြစ်သည်။ လိုက်နေကာမှ ကားကမရပ်နိုင်။ ဒေါက်မြင့်ဖိနပ်ကြီး တဒေါက်ဒေါက်နှင့် မညီညာသည့်မြေပြင်မှာချော်လဲမလိုဖြစ်လိုက်။ ခလုတ်တိုက်လိုက်။ ဒေါက်မြင့်ဖိနပ်စီးနင်းမှုမှာ သူမကကျွမ်းကျင်အဆင့်လွန်မို့သာ။ မဟုတ်လျှင် သွားတွေကိုပါစွန့်လွှတ်လိုက်ရဖို့ ရှိလေသည်။ ဒီကြားထဲကားရပ်သွားလို့ပျော်နေတုန်း သူကအလုပ်သမားတစ်ယောက်ကို ဘာတွေလှမ်းမေးနေသည်မသိ။ ပြီးတော့ ခေါင်းပြန်ဝင်သွားလျှင်.. ၊

"ဒီမှာ..ဒီမှာ ချစ်မဝအောင်၊ ဟိတ်.."

မှန်တင်နေကာမှ ခေါ်သံကြောင့်လက်ကရပ်သွားသည်။ မျက်လုံးကသည်း ဘက်ခ်မှန်ဆီရောက်သွားသဖြင့် လွယ်ထားသည့်ဘေးလွယ်အိတ်အနားရောင်လေးကို ရင်ခွင်ထဲထည့်ပိုက်ပြီး ပြေးလာနေသည့်ရဲရဲကိုမြင်လိုက်သည်။ အနားရောက်လာတော့ သူမခမျာဟောဟဲဆိုက်နေရှာလျက်.. ၊

"အမလေးတော်သေးတာပေါ့.."

"ဘာအတွက်လဲ.."

"ယူ့ကိုပြောစရာရှိလို့ပါ.."

ပြောဖို့အရေး ခြောက်သွေ့နေသည့်လည်ချောင်းက တံတွေးမျိုချတာတောင် အေးခဲခဲ ယားကျိကျိနှင့်အဆင်မပြေ.. ၊

"အခု ဒီကိုဘာလာလုပ်တာလဲ.."

"ကျွန်တော့်အစ်မ.."

"ဒီကပြန်ရင် တို့ဆီလာမှာမလား.."

"ဗဟန်းကိုခဏတော့ဝင်.."

"ကြာကြာလေးဝင်လိုက်ပါ..တစ်နာရီလောက်ပေါ့၊ အဲ..ယူလာမှာနဲ့ငါရောက်မှာနဲ့ဆိုရင်တော့ နာရီဝက်လောက်ကွာမှာပါ..လုပ်ပါလို့နော်.."

"နေပါဦး..ခင်ဗျားချည်းပဲ.."

"ယူကလည်း ဘာဖြစ်ဖြစ်နဂ္ဂတစ်တွေချည်း ထိုင်တွေးနေတာလေ..တစ်ခါတလေတော့ ညှိနှိုင်းမှုလေးတွေရှိလာမှာပဲဆိုတာ.."

"နီရဲရဲနီ.."

ကားတံခါးကိုလက်ပြန်ထု၍ အော်ပစ်လိုက်မှ မနားတမ်းပြောနေသည့် ရဲရဲအသံတိတ်၏။ အောင့်မျက်နှာမှာ ဒေါသကမြင်မကောင်း.. ၊

"မေးတယ်..ပြန်ဖြေတာကျမစောင့်ဘူး၊ ဘာမှမပြောရသေးဘူး..အပြင်ဘင်တယ်၊ ခင်ဗျားပဲပြောနေ ရေပက်မဝင်ဘူး.."

"အဲ့လောက်တောင်ဖြစ်သွားတာလား.."

ကြည့်.. ၊

ဒီမိန်းမပြောရင်လည်း မလိမ်ပိုးမလိမ္မာရုပ်လေးနဲ့ ပြန်မေးသေးသည်။ ဘာဖြစ်ဖြစ်လုပ်ချင်လာရင်ဖွတ်..ပြောချင်ပြီဆို မဆင်ခြင်.. ၊

"ဖယ်ပေး.."

"အဲ့.."

ဆိုပြီး ကားစက်နှိုးလိုက်တော့ လန့်ပြီးနောက်ဆုတ်လိုက်မိသည်။ ဆုတ်လိုက်တာနဲ့ ဝေါခနဲဆောင့်ထွက်၏။လုပ်သွားတာကြည့်..ရဲဒီတိုင်း ရပ်လျက်ကျန်ခဲ့ပြီးမှ.. ၊

"ဒီမှာ..တစ်နာရီနော်၊ တစ်နာရီသိလား.."

ဘက်ခ်ကြည့်မှန်မှာ မြင်နေရမှန်းသိသောကြောင့် လှမ်းလည်းအော် လက်ညှိုးလေးထောင်ပြရင်း ခြေဖျားလေးတောင် ကြွခနဲထောက်မိ၏။ ပြီးတော့မှ ကိုယ့်လက်ညှိုးကိုပြန်ကြည့်ပြီး လက်သီးလေးဆုပ်ပစ်မိကာ.. ၊

"ဒီလောက်ဆိုရပြီ.."ဟု ရေရွတ်၍ပြုံးလိုက်မိသည်။ ပြီးတော့ ပြန်လှည့်လာခဲ့ရင်း ဟူးခနဲသက်ပြင်းချသည်။

ကိုယ်ခန္ဓာကြီးသလောက် တော်တော်ကိုကြီးတဲ့ဒေါသ...

♦ ♦ ♦ ♦

အခန်း(၁၁)

အခန်းထဲကို ရှုရှုပုတ်ပုတ်ဝင်လာတော့ သူကြိတ်ပြုံးမိသည်။ အပြင်ထိလိုက်ပြီး စည်းရုံးထားတာမို့ သူမအေးဆေးရွှေ့တော့မှာကိုသိနေသည်။ သို့ကြောင့် တမင်တကာ အတိအကျလာခဲ့တာ။ ပြောရမယ်ဆို သုံးမိနစ်လောက်တောင်စောခဲ့သေးသည်။

"ဘုန်း.."

စားပွဲပေါ်ကို စာအုပ်တွေဘုန်းခနဲပစ်ကျလာသည်။ ပြုံးယောင်သမ်းခဲ့သည့် သူ့မျက်လုံးတွေစူးရဲခြင်းသို့ရောက်လျက်.. ၊

"အဲ့လိုရိုင်းပျတဲ့စော်ကားမှုကို ကျွန်တော်ကဥပေက္ခာထားလိုက်လို့ရတယ်..ဒါပေမဲ့.."

"ဘာကမရတာလဲ.."

"ပျက်စီးနေတဲ့ ခင်ဗျားရဲ့ကာရိုက်တာ.."

"ပျက်စီးနေတာမဟုတ်ဘူး...ပျက်စီးဖို့အကြောင်းရှိနေတာ၊ အဲ့ဒါ ယူ့ကြောင့်ပဲ.."

သူဘာမှမပြောဘဲ ကြည့်နေလိုက်သည်။ ရဲမျက်နှာလေးက ချွေးစ

တို့နှင့် စိတ်မောသည့်ပုံလေးဖြစ်နေကာ ဒေါသရိပ်တို့လည်းရှိနေ၏။ အဖြူရောင်တီရှပ်လက်ပြတ်လေးနှင့် ဖွေးနုသည့်ပခုံးစွန်းလေးတွေက သူမရဲ့ပါးပြင်လေးတွေအတိုင်း ဝင်းဝင်းထိန်ထိန်.. ।

သူမကလှသည်။ မိဘအသိုင်းအဝိုင်း စည်းစိမ်ဥစ္စာလည်းကြွယ်ဝသည်။ ဘာကြောင့်ပညာရေးကျမှ ဒီတောင်ကမကျော်နိုင်ဖြစ်နေရတာလဲ..။ ဆယ်တန်းမှာတစ်နှစ်ပြီးတစ်နှစ်ကျနေသည့်ကျောင်းသူဆိုတည်းက သူကတော့ စေတနာအပြည့်နဲ့လာခဲ့တာပါ။ သူမဘဝ ပြီးတော့ သူမအတွက်ပူပင်နေကြရသည့် မိဘတွေအတွက်ပါ ကိုယ့်အင်အားနဲ့အဆင်ပြေငြိမ်းချမ်းသွားစေဖို့ ဘယ်လိုသင်ပေးမည် သူဘယ်လိုဆွဲတင်မည်စသည့် ရည်ရွယ်ချက်တွေလည်းအပြည့်.. ।

"ယူကရည်ရွယ်ချက်ရှိရှိနဲ့ တမင်ကိုလုပ်ချလိုက်တာပဲ.."

'ယူ'လို့ချည်းပြောနေတာ ရိုင်းသလိုရှိပေမယ့် သူမအသံလေးကြောင့်နားဝင်တော့မဆိုးလှ.. ।

"နောက်ကျပြီးလာပါဆိုမှ တမင်တကာစောစောလာပြီး ငုတ်တုတ်ထိုင်စောင့်တယ်.."

"တမင်တကာစောစောလာရတာက ဒီနေ့မှမဟုတ်ဘူး..စာသင်ချိန်အတိအကျရောက်ဖို့ အမြဲတမ်းစောနေမှဖြစ်မှာ.."

"အခု ယူ့ကိုတို့တမင်လာတောင်းပန်ထားတာလေ.."

"ခင်ဗျားတောင်းပန်တာကို ကျွန်တော်ကလက်ခံပါတယ်ပြောမိသလား.."

"ခံခံမခံခံပြောပြီးစလစ်ပဲ..ယူဒီလောက်လေးတောင်.."

"ဟုတ်တယ်..လက်မခံနိုင်လို့ ခေါင်းမညိတ်ခဲ့တာ၊ အဲ့ဒီတော့ အခုစာသင်လို့ရပြီလား.."

"သင်ချင်ရင်သင်လေ..စာသင်သားက စိတ်ရှုပ်နေတယ်၊ ယူသင်ပေးတာတွေ ခေါင်းထဲရောက်ချင်မှရောက်မယ်.."

"မရောက်ရင် မရဘူး..ရချင်ရင်သွင်းထား၊ ကျွန်တော်သင်ပေးနေတာခင်ဗျားမိဘတွေပေးထားတဲ့ လစာကြောင့်..ခင်ဗျားရအောင်မယူနိုင်ဘူးဆိုရင် စာမေးပွဲထပ်ကျမယ်၊ နောက်ထပ်ဘာတွေဖြစ်လာဦးမလဲဆိုတာ ဆက်

ဉ်းစား..အဲ့ဒီတော့ စာသင်မလား ကျွန်တော်ပြန်ရမလား.."

ဒေါသဖြစ်ခဲ့သည့် ရင်ထဲမှာ ဒေါသတွေဆူပွက်စပြု၏။ ဘယ်လိုပုံနဲ့ဒီလိုအနေအထားတွေမှာ မိဘတွေဘာဖြစ်လို့ ကိုယ့်သားသမီးဘက်ကပါဘဲ အပြင်လူတွေဘက်ကပဲ သာသာထိုးထိုးဖြစ်နေတာလဲ..။ စိတ်တွေဘိုလာတိုင်း သူ့ကိုပဲစိုက်ကြည့်နေမိလျှင် ဖျတ်ခနဲမျက်လွှာပင့်လာတော့ ရဲနဲ့သူ မျက်လုံးချင်းဆုံသွားသည်။ သူမမျက်တောင်မခတ်ပေမယ့် သူကတော့ချက်ချင်းမျက်လုံးတွေရွှေ့ပစ်၏။ ပြီးတော့ ဘေးမှာချထားပြီးသည့်ဖိုင်ကိုပြန်ကောက်သည်။ ပြီးတော့ ပြန်ချ၏။ ထို့နောက် မျက်လွှာဖျတ်ခနဲပင့်ကြည့်လာ၏။ ရဲက မေးလေးထောက်လျက် မမှိတ်မသုန်ကြည့်နေဆဲရှိလျှင် သူ့မျက်လုံးတွေနောက်ထပ်လွှဲဖယ်သွားပြန်သည်။ ဒီတစ်ခါ သူ့မျက်နှာမှာ အရောင်ပြောင်းနေပြီဖြစ်လျက် နားရွက်ဖျားတို့နီရဲနေတာ တွေ့လိုက်ရကာ..।

"ခစ် ခစ်.."

ရဲရယ်သံကြောင့် အနီရောင်သန်းသွားသည့်မျက်နှာကြီးပါ ချက်ချင်းမော့လာခဲ့လျက်.. ।

"ခင်ဗျားကိုဘာပြောနေလဲ..စာအုပ်ထုတ်.."

"ဒီမှာလေ.."

ရဲရဲက စာအုပ်တွေကို မျက်ခုံးလေးပင့်၍ မျက်စပစ်ပြသည်။ သူ့မျက်နှာမှာ နောက်ထပ်ရင့်စရာကာလာရှားသွားကာ ဖိုင်ကိုထပ်ကိုင်ပြန်၏။ Text Book မကိုင်ခဲ့သည့်လူက Text Bookတစ်အုပ်ထုတ်၏။ ဖွင့်လိုက်တော့ အထဲမှာမှင်သားထားသည့်လိုင်းတွေနှင့် ရှုပ်နေသောမှင်ရာတွေက ဗလပွ။ ဟိုလှန်ဒီလှန်လုပ်ပြီးမှ ပြန်ပိတ်လိုက်ကာ.. ।

"မေးခွန်းဟောင်းထုတ်..မနေ့ကပြီးတဲ့နေရာက ပြန်စမယ်.."

"သိသားပဲ..ဆရာလုပ်တဲ့လူက ကယောင်ကတမ်းတွေဖြစ်နေတော့ ဘယ်လိုအထူးအဆန်းတွေပြဖို့ ရှိသေးလဲလို့ စောင့်ကြည့်နေတာ.."

ရယ်လက်စမျက်နှာကိုကြည့်ကာ အောင်ဒေါသထွက်သွားသည်။ ဒါမိန်းကလေးတဲ့လား..။ ယောကျ်ားတစ်ယောက်ကိုရှေ့တည့်တည့်က မေးထောက်ကြည့်ပြီး ပြုံးလိုပြုံး ရယ်လိုရယ်.. ।

"ဘာလုပ်နေတာလဲ..အဲ့ဒါဆက်တွက်ထား.."

“ဘုတ်..”

ဖိုင်ကို မူလနေရာဆောင့်ချလိုက်တော့ ရဲသွားလေးတွေပေါ်အောင် ရယ်၏။ သူမသေချာသိသွားသည်။ ဒီလိုလူကိုပြန်နိုင်ဖို့ နည်းလမ်းဘယ်လို ရှာမရလဲဆိုတာ.. ၊

♦♦♦♦

အခန်း(၁၂)

“အဲ့လိုလုပ်နေရင် နင်ပဲအကျိုးယုတ်မှာပေါ့..နင့်ကိုစာမေးပွဲအောင်ရပါ့မယ်လို့ ဘယ်သူမှအာမခံနဲ့ သင်ပေးတာမဟုတ်ဘူး၊ နင်ဂရုစိုက်စိုက်မစိုက်စိုက် သူကတစ်နှစ်ကုန်အောင်နေမှာပဲ..ပြီးရင် လစာတွေပိုက်ပြီး အေးဆေးထွက်သွားမှာ..”

“သူဒီလိုမလုပ်ပါဘူးကလေးငိုရယ်..ဘယ်သူမှ အာမမခံပေမယ့် ဆရာကြီးရဲ့ကတိစကားရှိတယ်၊ မေမေတို့ရဲ့ယုံကြည်လေးစားမှုတွေရှိသေးတယ်..သူကိုယ်တိုင်လည်း..”

သူက လူတော်လူကောင်းပါလို့ မသိစိတ်မှာ ဘာလို့ယုံကြည်နေတာလဲ..ယုံကြည်နေပြီးတော့လည်း မလေးစားနိုင်။ မလေးစားပေမယ့် သဘောကျခဲ့တာလည်းရှိ၏။

“ဘာပဲဖြစ်ဖြစ် ငါလိုချင်တာက ကိုယ်လိုအပ်တာကို သူကနားလည်ဖြည့်ဆည်းပေးဖို့ပဲ..ထွက်သွားစေချင်တာလည်း မဟုတ်ဘူး၊ ဒီလိုအထာကြီးနဲ့ လူကိုကိုင်တွယ်နေတာလည်း မခံနိုင်ဘူး..”

“လုပ်ပြီ..”

"ဆရာလုပ်နေတာကိုပြောတာ.."

"သူကဆရာပဲ.."

"ဒါပေမယ့် ငါ့ထက်ငယ်သေးတယ်လေ.."

"ကိုယ့်ထက်ငယ်တဲ့သူကတောင် ဆရာပြန်လုပ်ခံနေရတာ ဘယ်သူညံ့လို့လဲ.."

"ညံ့ညံ့မညံ့ညံ့ ဂိုက်ဒ်လုပ်ပေးတာလောက်နဲ့ ကျောင်းကဆရာတွေလိုတော့ မလေးစားနိုင်ပါဘူး..ဟွန်း.."

ပြောနေရင်း မနေ့ကအဖြစ်ကိုသတိရပြီး ပြုံးရယ်လိုက်မိသည်။

"တော်တော်ရှက်တတ်တယ်သိလား..မိန်းကလေးထက်တောင် ပိုသေးတယ်.."

ကလေးငိုမျက်မှောင်ကုတ်သွားသည်။

"ငါသူ့ကိုစိုက်ကြည့်နေတာနဲ့ပဲ လက်တုန်ခြေတုန်တွေဖြစ်ပြီး ကယောင်ကတမ်းတွေလျှောက်လုပ်တာ..ခစ် ခစ်.."

"အဲ့ဒါရယ်စရာပါလို့လား.."

ဒေါသသံကြောင့်ကြည့်လိုက်တော့ ကလေးငိုက မှုန်ကုတ်ကုတ်ကြီးကြည့်နေတာဖြစ်လျက်.. ।

"ယောကျ်ားတစ်ယောက်က အဲ့လိုမိန်းကလေးမျိုးကို ဘယ်လိုသတ်မှတ်သွားမလဲတွေးမိလား..အထူးသဖြင့် သူ့လိုယောကျ်ားမျိုးက.."

"ဘယ်လိုသတ်မှတ်သတ်မှတ် ဂရုမစိုက်ပါဘူး..အဓိကက ပြည့်စုံသာလွန်နေတဲ့ သူ့ရဲ့အရည်အချင်းတွေကို ထိုးဖောက်လွှမ်းမိုးဖို့ ငါ့မှာလက်နက်ရှိနေဖို့ပဲ..အဲ့အတွက် ရရာလက်နက်ဆွဲမယ်၊ တုတ်ကဓားဖြစ်သွားလည်းမတတ်နိုင်ဘူး..ကြိုးကမြွေဖြစ်သွားလည်း.."

"နင့်လက်ကိုအရင်ပေါက်မှာ.."

"ခစ် ခစ် ခစ်.."

သူမနဲ့အမြဲတမ်းရယ်မောပျော်ရွှင်တတ်ခဲ့သည့်မျက်နှာက မရယ်သည့်အပြင် သူမကရယ်နေလေ ပိုတင်းလေ.. ।

"ကြည့်ကျက်လုပ်ဦး..နိုင်ကွက်ရှာနေရင်း ဟိုကပြန်ပြီး နိုင်ကွက်နင်းသွားလိမ့်မယ်.."

"Why?.."

"သူ့ကိုငုတ်တုတ်ထိုင်ကြည့်ရင်းနဲ့ ချစ်လှချေရဲ့ကြိုက်လှချေရဲ့ ထဖြစ်မသွားဘူးပြောနိုင်လား.."

"ဖြစ်တော့လည်းဖြစ်နေတဲ့အကြောင်း ပြောလိုက်ရုံပဲ.."

"ဘာ.."

ကလေးငိုမျက်လုံးပြူးကြီးနဲ့ 'ဘာ'ခနဲလှည့်အော်၏။ ငိုနေတာတောင် အလှမပျက်သည့် ရဲရဲမျက်နှာလေးက ရယ်နေလည်းချစ်ဖို့ကောင်းသည်။ မဲ့ရွဲ့အတင်းတုပ်နေလည်း တစ်မျိုးချစ်စရာ။ သူမနဲ့သူ သွေးသားမတော်စပ်ကြပါ။ ဒါပေမဲ့ ရဲရဲရဲ့အဒေါ်ဝမ်းကွဲက မွေးစားခဲ့တာမို့ မောင်ဝမ်းကွဲလို့သတ်မှတ်ခံခဲ့ရသည်။ ဒီမိသားစုတွေမှာပဲ ကြီးပြင်းခဲ့ရသဖြင့် ကိုယ့်ကိုယ်ကိုကချင်လူမျိုးဆိုတာတောင် မေ့နေခဲ့ပါပြီ။ ဖြစ်ခဲ့ရသည့်သံယောဇဉ်တွေ ခိုင်မြဲလာခဲ့သည့်နားလည်မှုတွေက အချိန်ရာသီအတိုင်း ပြောင်းလဲလာခဲ့တာ အဖြူရောင်ကနေ ပန်းရောင်ရင့်ခဲ့ပြီဖြစ်၏။ ဒါကို ရဲရဲနားမလည်နိုင်ဘူးလား.. သူ့မျက်လုံးတွေမှာ ဘာမှမတွေ့ဘူးလား..။ သူ့အပြောအဆို အမူအရာတွေမှာ ဘာမှမပါခဲ့ဘူးလား..။ သူမရည်းစားတစ်ယောက်ပြောင်းလိုက်တိုင်း နာကျင်ခဲ့သည့်စူးချက်လေးတွေက ကြာရင်တော့အထုံအကျင်စွဲလာမှာပဲလို့ထင်ခဲ့သော်ငြား.. ।

"ပြောရမယ်ဆိုရင်တော့ ချစ်မဝအောင်ကချောတယ်ဟ.."

သူ ဆတ်ခနဲဖြစ်သွားသည်။

"နင်ပဲစဉ်းစားကြည့်လေ..မျက်နှာက နည်းနည်းကပြားပုံပေါက်ပေမယ့် သူ့နှာတံကထင်းနေတာ၊ နှုတ်ခမ်းတွေက မျက်နှာနောက်လိုက်ပြီး ပြားနေသလိုထင်ရပေမယ့် အထူအပါးညီပြီး ထောင့်ချိုးလေးတွေပေါ်နေတာလေ..ပြီးတော့ မျက်တောင်ထူထူလေးတွေကိုမြင်နေရတယ်၊ မျက်အိမ်ရှည်ပေမယ့် မျက်လုံးမှေးမှေးလေးက ဆွဲဆောင်မှုရှိ.."

"ဒါဆိုရင်တော့ မရိုးသားတာသေချာနေပြီထင်တယ်.."

"နင်ကလည်း ထိုင်ကဲ့ရဲ့နေတာပဲ..နင်သတိပေးလိုက်မှ ငါသူ့ကိုကြိုက်သွားနိုင်တယ်ဆိုတာ တွေးမိလာတာ၊ သူ့ရဲ့ထူးခြားချက် အရည်အချင်းတစ်ခုက ယောကျ်ားချင်းမနာလိုလောက်အောင် အဲ..နင့်လိုဂျပုလေးတွေ

မနာလိုဖြစ်လောက်အောင် ရှည်တဲ့အရပ်.."

"ငါကဂျပုဟုတ်လား..အခု အရပ်ချင်းတိုင်းမလား၊ ထလိုက်.."

"ဟား ဟား ဟား..ရယ်ရတယ်သားရီးရာ.."

ကိုယ်ချစ်ရတဲ့မိန်းမရဲ့လှောင်ရယ်သံက နားထဲမှာတင်မဟုတ်ဘဲ နှလုံးသားထိတိုက်ရိုက်မွှေ၏။ ရယ်သံသည် မီးပွင့်မီးစတွေကဲ့သို့ ပူလောင်စွာဖြင့်.. ।

"နင်ပြောသလိုပဲသိလား..ငါလည်းသူ့ကိုမကျေနပ်ဖြစ်နေတဲ့ကြားထဲကကြောက်လို့ဖတ်ရ မနေသာလို့မှတ်ရနဲ့ စာတွေတော်တော်ရနေပြီ.."

ဝမ်းသာရမည့်စကားလုံးတွေကလည်း အက်ဆစ်မိုးတွေကဲ့သို့.. ।

"သမီးရေ..ရဲရဲ.."

"ရှန်မေမေ့.."

"ဖုန်းလာနေတယ်လေ..ဘာလို့ဖုန်းအနားယူမထားတာလဲ.."

'ဟုတ်'လို့ဖြေရင်း ထပြေးလေသည်။ တအောင့်ကြာတော့ ပြန်ရောက်လာ၏။ သို့သော်.. ।

"ဘာလို့ပြောလိုက်တာကိုကိုရာ..တော်ကြာမေမေမေးတော့မှာ သေချာတယ်.."

"...................."

"သြော်..ယောက်ျားသံဆိုတည်းက သူများရည်းစားထားနေတာ ရိပ်မိသွားပြီပေါ့.."

"...................."

"ဟုတ်တယ်..သူငယ်ချင်းတွေလို့ထင်မှာမဟုတ်ဘူး၊ ဒီမှာယောက်ျားလေးသူငယ်ချင်းဆိုလို့ ကိုယ်တွဲတာကိုယ့်မောင်လေးတစ်ယောက်ပဲရှိတယ်"

ကလေးငိုထထွက်သွားတော့ ဖုန်းပြောရင်း လှည့်ကြည့်လိုက်မိသည်။ ထိုအချိန်မှာတွေးလိုက်မိတာက ကလေးငိုတစ်ခုခု စိတ်ကောက်နေတာလား..

♦♦♦♦

အခန်း(၁၃)

"ဒီနေ့က အကြိုလေ..အဟွန်း မွေးနေ့ကမနက်ဖြန်ဆိုတော့ အိမ်မှာဘုန်းကြီးပင့်ပြီး ဆွမ်းကပ်ကြတယ်၊ အလုပ်ထဲကဆရာတွေ ဘော်ဒါတွေကိုမနက်လိုက်ကျွေးရမယ်..အလုပ်တွေရှုပ်ပြီး ယုဇ္ဇကိုအချိန်မပေးအားမှာစိုးလို့ပါ၊ နောက်ပြီး စကားလည်းတစ်ခါမှအေးဆေးမပြောရသေးဘူးလေ..လာမယ်မှတ်လား.."

"လာမှာပေါ့..ဒါပေမဲ့ ညနေမှပဲလုပ်လေဟာ၊ အခု မေမေ့အတွက်ဆေးဝယ်ပြီးပြန်ရင် မောင်လေးကိုဝင်ကြိုရဦးမှာ၊ အပြန်နောက်ကျရင် ပြင်ရဆင်ရမှာနဲ့ အချိန်နည်းနေပြီ.."

"ဟုတ်ပါပြီ..ကိုယ်ကလည်းညနေလောက်မှ မှန်းထားတာပါ.."

ဖုန်းပြောနေရင်း သူမရှေ့ကနေ ရှုံ့မဲ့မဲ့မျက်နှာနှင့်လျှောက်လာနေသည့် ရဲရဲကိုမြင်လိုက်ရ၏။ ကိုင်လာသည့်ကွတ်ကီးထုတ်ကိုနှိုက်လိုက် ပါးစပ်ထဲထည့်လိုက်နှင့် နောက်ဆုံးမှာလက်ခုပ်လေးထဲအကုန်သွန်ချ၍ ပါးစပ်ထဲအကုန်လုံးထည့်လိုက်ပြီး.. ।

"အချိန်စေ့နေရင်လည်း အပြင်ထွက်နေပါလား..ဒီတိုင်းငုတ်တုတ်

ထိုင်လည်းဖြစ်တာကို၊ ဟွန်း မပြောလိုက်ချင်ဘူး..”

“ဘာဖြစ်လာတာလဲရဲရဲ..”

လက်မောင်းလေးကို ဆွဲထားလိုက်ပြီးမေးတော့ ဝါးနေသည့်တလှုပ်လှုပ်မေးဖျားလေး ရပ်တန့်သွားကာ.. ၊

“ချစ်မဝအောင်..”

“သြော်..ကြားသွားပါဦးမယ် ကိုယ့်ဆရာကို..”

“ကြားတော့ ပိုကောင်းတာပေါ့..ငါ့ကိုဒီလောက်တောင် မေတ္တာတွေထားနေပါလားဆိုတာ နားလည်သွားရော..”

“အခု အချိန်ပိုသင်ပေးနေလို့လား..အဲ့ဒီလိုသင်ပေးတဲ့ဆရာဆိုရင်တော့ ရွေးချယ်ထားသင့်နေပြီရဲရေ၊ များသောအားဖြင့် အချိန်စေ့တာနဲ့ စာအုပ်ကောက်ကိုင်ပြီး ပြန်လစ်ကြတာ..”

“စေတနာရှိလွန်းလို့သင်ပေးနေတာမှ မဟုတ်တာ..သူ့အိမ်ကလာမကြိုသေးလို့တဲ့၊ ဒီမှာထိုင်နေရတာ နှစ်နာရီခွဲကြီးတောင်မှ..အဲ့ဒါကိုအချိန်စေ့တော့လည်း မနားရသေးဘူး..”

“သူလည်းထိုင်နေရမှာပဲရဲရဲရယ်..”

“ဟာ..မမကလည်း ရဲကိုမေ့ပြီး ဟိုဘက်ကချည်းပါနေတယ်..မပြောတော့ဘူးဖယ်..”

ကွတ်ကီးအိတ်ခွံကို အမှိုက်ပုံးထဲလှည့်ပစ်လိုက်ပြီး ပြန်လှည့်လိုက်တော့ သူမရှေ့မှာဇင်မဟုတ်တော့ဘဲ အောင်ဖြစ်နေခဲ့သည်။ ဖျန်းခနဲမျက်နှာပူသွားကာ ပြုံးပြရမလို ခပ်တည်တည်ပဲ နေလိုက်ရမလို ကိုယ်ပြောနေတာကြားသွားသလား မကြားဘူးလားဆိုတာလည်း မသိ.. ၊

“ရေအိမ်တစ်ချက်လောက်ပြပါ..”

ဟင်.. ၊

ကြောင်သွားပြီးမှ ရဲမျက်နှာလက်ခနဲဖြစ်၏။ အိမ်မှာဝင်ထွက်နေတာကြာပြီပေမယ့် အောင်တစ်ခါမှရေအိမ်မသွားခဲ့ဘူးပေ။ ဒီလောက်အကြာကြီးထိုင်နေခဲ့ရပြီး ပြန်တာသွားတာလည်း ခြေလျင်တစ်မျိုး တက္ကစီတစ်မျိုးနဲ့ဖြစ်ကာ ဘယ်လိုတောင်ကြိတ်မှိတ်အောင့်အည်းနေသလဲဆိုတာ သူမမကြာမကြာတွေးခဲ့ဖူးသည်။ ခုတော့ ရာသီဥတုက ကိုယ့်ဘက်မှာပါလား.. ၊

“အဲ့ဒီက စင်္ကြန်လမ်းအတိုင်းဝင်သွား..ပြီးရင် ဘယ်ချိုး၊ အဲ့ကနေ ဆက်သွားရင် ညာဘက်ခြမ်းအနီမ့်ပိုင်းမှာ တံခါးအနီရောင်နဲ့..”

မှတ်ထား.. အဲ့ဒါအိမ်အကူတွေတက်တဲ့အဆောင်.. ၊

ကိုယ့်အောင်မြင်မှုကို ကျေနပ်အားရစွာ လက်သီးနှစ်ဖက်ဆုပ်၍ ကြိတ်အော်မိသေးသည်။

အောင်နည်းနည်းတော့ သံသယဝင်လာခဲ့သည်။ တံခါးအနီနဲ့အဆောင်က တိုက်ကြီးရဲ့နောက်ထိဆုံးအောင် လျှောက်ပြီးမှရောက်၏။ ရေအိမ်ကို ဒီလောက်အကွာအဝေးမှာ ထုတ်ထားတာက ဖြစ်နိုင်ပါ့မလား..။ တံခါးခေါက်မလို့ လက်လှမ်းလိုက်လျှင်.. ၊

“နေဦး..”

အလျင်စလိုတားသံလေး ထွက်လာပေါ်လာကာ လှည့်ကြည့်လိုက်တော့ နီနီလို့ခေါ်သံကြားဖူးနေသည့် ဒီအိမ်ကသမီးကြီးဆိုသည့် နီနီဇင်မြင့်..

“ရေအိမ်မေးနေသံကြားလိုက်လို့ လိုက်လာတာ..ဆရာကိုရဲရဲနောက်လိုက်ပြီ၊ အဟွန်း..”

သူမျက်မှောင်ကုတ်သွားသည်။ အဖြူရောင်ရှပ်အင်္ကျီလက်ရှည်နှင့် ဘောင်းပုံစံကို နီနီကသေချာကြည့်ပြီးမှ ဆံပင်လေးသပ်၍.. ၊

“ရေအိမ်ကအထဲမှာပဲလေ..ဒါကအလုပ်သမားတွေအတွက်..”

ထင်တော့ထင်လိုက်သား.. စိတ်ထဲမှာသဘာဝမကျဘူးဆိုတာကို ခံစားမိလိုက်တည်းက.. ၊

“လာပါ..ကျွန်မလိုက်ပြပါ့မယ်..ဆရာ့ကိုရဲရဲက..”

“အောင်လို့ပဲခေါ်လို့ရပါတယ်..”

“အဲ..”

ဇင် အံ့ဩသလိုဖြစ်သွားသည်။ ဒါပေမဲ့ကြည့်လိုက်တော့ အောင့်မျက်နှာကတည်နေသည်။ တစ်ယောက်နဲ့တစ်ယောက်ပိုရင်းနှီးအောင် ပြောပုံမျိုးမဟုတ်တာ သေချာနေသဖြင့် ကိုယ့်ဘက်ကအပြုံးအရယ်တွေကိုလျှော့ဖို့ သတိရကာ ပြုံးခြင်းနဲ့တည်ခြင်းကြားမှာ သူမမျက်နှာရှုတ်တရက်နေရမဘူး။ ဒီကောင်လေးလို့ခေါ်ရလည်းအခက်။ ကိုယ့်ထက်ငယ်တာလည်း သိနေသေးသည်။ ပြီးတော့ ကိုယ့်ညီမကိုစာလာသင်ပေးတာ ဆရာပဲမဟုတ်ဘူး

လား..။ ချစ်မဝအောင်ဆိုတဲ့နာမည်ကြားရတုန်းက ရယ်စရာလိုလို နုနုနဲ့.နဲ့. တကယ်မြင်ရတော့ အပြုံးအရယ်မဲ့သည့်မျက်နှာက ပြုံးပြနေတာတောင် မျက်နှာလွှဲရှောင်ပစ်သည်အထိ မာကျောကျော သုန်သုန်မှုန်မှုန်.. ।

"မမကြီး..အပြင်မှာဆရာလေးကို လာကြိုတဲ့ဧည့်သည်ရောက်နေတယ်.."

"ဩော်..အေး.."

ဖြည်းဖြည်းလှမ်းလာသည့်ခြေလှမ်းတို့ သွက်သွက်လက်လက်ဖြစ်သွားသည်။ အပြင်ကိုရောက်လာတော့ ဧည့်ခန်းမှာထိုင်နေသည့်သူကို မြင်လိုက်လျှင်.. ।

"ဟယ်..ယဉ်.."

"ဩော်..ကိုယ်လည်းထင်တော့ ထင်နေတာ၊ ဒီလမ်းထဲဝင်လာတော့ နီနီတို့အိမ်လည်း ဒီနားတစ်ဝိုက်မှာပဲရှိနေတာပါလို့လေ..ကိုယ်တို့ချင်းလည်း အိမ်လိုက်မလည်ဘူးကြ မောင်လေးဂိုက်ဒ်လုပ်နေတာ ဘယ်အိမ်မှန်းလည်း ကြိုမသိတော့.."

"အံ့သြစရာကြီးနော်..အစကမလည်မပတ်ဖြစ်ခဲ့ကြဘဲ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်လာတာ.."

သူငယ်ချင်းတွေ သဘောကျမဆုံးဖြစ်နေချိန်မှာ အောင်အပြင်ထွက်လာသည်။ ထိုပုဂ္ဂိုလ်ဘယ်လောက်ဒေါပွနေမလဲဆိုပြီး အခြေအနေအကဲခတ်ဖို့ အပြင်ထွက်လာသည့်ရဲကလည်း ရှေ့ရောက်လာကာ အိမ်နောက်ကအထွက်နဲ့ အိမ်နောက်ကိုခြေလှမ်းပြင်ထားသည့်နှစ်ယောက် မျက်လုံးတွေဒိုင်းခနဲဆုံသွား၏။ ဧည့်ခန်းမှာ ထိုင်နေကြသည့် နီနီတို့က အလယ်လူတွေဖြစ်နေကြလျက်.. ।

"အော်..သူက.."

"တို့ညီမလေး..နီရဲရဲနီတဲ့.."

"ချောလိုက်တာနော်..ပန်းရောင်လိုလို ရွှေရောင်လိုလို ဝင်းထိန်နေတဲ့အသားက ရှာမှရှားပဲ.."

တိုးတိုးရေရွတ်လိုက်တာကြားတော့ နီနီက ကိုယ်လေးတိမ်း၍ နှာနှာကပ်ကာ.. ।

"အပျွန်း..ချီးမွမ်းမစောနဲ့ဦးယဉ်ရေ၊ ညီမလေးက အရမ်းဆိုးတာ.."

"ဟုတ်လား..ဆယ်တန်းမအောင်တာနဲ့တော့.."

"ဒီလောက်ဘယ်ကဦးမှာလဲ..အိမ်မှာအငယ်ဆုံး အဂျစ်ဆုံး၊ တစ်အိမ်လုံးရဲ့အချစ်တော်.."

ချစ်လို့ပြောနေတာလား..မကောင်းကြောင်းတွေ ပြောပြနေတာလား.. ယဉ်တစ်ချက်တော့ တွေးမိသွား၏။ ပြောနေတာက ချစ်စနိုးစကားတွေပေမယ့် ကျောင်းမှာဆိုအတူနေနေတဲ့မိသားစုအပေါ်မှာ ချစ်ကြောင်းခင်ကြောင်း တစ်ခါမှမပြ။ ရဲရဲကတော့ သူ့ကိုလာကြိုမည့်သူရောက်နေသည်ဆိုတည်းက ဖြစ်နေရသည့်ဒေါသမောဟတွေအားလုံး ကင်းစင်သွားခဲ့ပြီဖြစ်ကာ စူးရဲနေသည့်မျက်လုံးတွေကို မသိသလိုကျော်လွှား၍ ပြုံးပြလိုက်သည်။

"ဆရာကြီးပြန်တော့မှာဆိုတော့.."

"အိမ်စာပေးခဲ့ပြီးမှပြန်မှာ.."

ပြောလိုက်သည့်မျက်နှာက တင်းနေသည်။ ပြီးတော့ သူပဲဦးဆောင်ပြီး စာကြည့်ခန်းထဲပြန်ဝင်သည်။ နှစ်ယောက်ကိုကြည့်၍ အဆင်ပြေခြင်းမပြေခြင်းကို အကဲခတ်မိလိုက်ကာ ယဉ်တအံ့တသြဖြစ်နေ၏။ နီနီက 'အဲ့ဒါ သာကြည့်တော့'ဆိုသည့်အပြုံးနှင့် ခေါင်းခါသည်။

"ဒီမှာ..လူတိုင်းမှာကိုယ့်အခွင့်အရေးနဲ့ကိုယ်ရှိတယ်နော်.."

"ရှိတော့.."

"သတ်မှတ်ထားတဲ့စာသင်ချိန်ပြီးပြီ..ကျန်တဲ့အချိန် ဘာလုပ်လုပ်ကိုယ့်အခွင့်အရေးပဲ.."

"ဟိတ်.."

သူလှမ်းတားလိုက်တာနှင့် ရဲကဖျတ်ခနဲပြန်ငဲ့ကြည့်ကာ.. ।

"တို့ မင်းထက်ကြီးတယ်.."

"မတတ်နိုင်ဘူး..အဲ့ဒီအဒေါ်ကြီးကို ကျွန်တော်ကစာသင်ပေးနေရတာ အဲ့ဒီတော့ စာသင်တုန်းမှာ ကျွန်တော်ကဆရာ.."

"ဆရာလို့မခေါ်နဲ့ဆိုတာကရော.."

"ခေါ်တဲ့သူရဲ့ဒါရိုက်ရှင်ကိုကြည့်ပြီး တားမြစ်သင့်တာကို တားရမယ်"

"ဘာ.."

"စကားမများနဲ့နီရဲရဲနီ..ဒီမှာ ပတ်တ်တူးကမေးခွန်းအားလုံးဖြေထားပါ၊ မနက်ဖြန်စစ်ပြီးရင် နှုတ်တိုက်ဆွေးနွေးမယ်.."

အမိန့်တွေပေးပြီး သူ့ဖိုင်ကိုဆွဲယူ၍ စားပွဲနဲ့နှစ်ခွက်လောက်ခေါက်၏။ အထဲကစာအုပ်တွေ အောက်ခြေကပ်သွားမှ ဖိုင်နဲ့လက်ကိုတင်ပါးဘေးမှာဆန့်ချကိုင်ထားရင်း.. ။

"ဒီနေ့နောက်ကျသွားတဲ့အတွက်..အ.."

"ဒုန်း.."

"ခစ် ခစ် ခစ်.."

သူ့မျက်နှာတစ်ပြင်လုံး ရဲဗလောင်းခတ်သွားသည်။ စကားပြောရင်းအခန်းထဲကထွက်လိုက်သဖြင့် ရဲရဲခြေထိုးခံလိုက်တော့ ဟန်ချက်ပျက်ပြီးဟပ်ထိုးလဲမလိုဖြစ်သွားသည်။ လက်ကဆွဲမိဆွဲရာဆွဲတော့ ဘာမှမမိလိုက်ဘဲ လက်နဲ့တိုက်မိသည့်စားပွဲပေါ်က ပန်းအိုးသာဒုန်းခနဲလဲ၏။

"တောက်.."

ရယ်နေသည့်မျက်နှာကို တူးတူးခါးခါးကြည့်လိုက်မိကာ.. ။

"ခင်ဗျားတော်တော်ညစ်ပတ်ပါလား.."

"ဟုတ်မယ်..ဆရာကြီးကနောက်ကျအောင် သင်နေတော့ ရေမချိုးရသေးလို့လေ.."

နောက်ထပ်တက်ခေါက်မိမလိုဖြစ်သွားပြီးမှ ကိုယ့်စိတ်ကိုချုပ်တီးလိုက်ရသည်။ ပြီးတော့ သူချာခနဲလှည့်ထွက်လာခဲ့သည်။ သို့သော်.. ။

...........အမိန့်တွေပေးတာ မကျေနပ်ဘူး..........

အားပါးတရဟစ်ကြွေးလိုက်သည့် သီချင်းသံက နောက်ကျောကိုလက်နက်တစ်ခုနဲ့ ပစ်မှန်သွားသည့်နှယ်။ သူခြေလှမ်းတုံ့သွားပြီး ပြန်ငဲ့ကြည့်လိုက်တော့ သူမကတွန့်တွန့်ခါခါနှင့် မျက်လုံးစုံမှိတ်၍.. ။

...........အမိန့်တွေပေးတာ မကျေနပ်ဘူး...........

ဒါကိုပဲ ထပ်တလဲလဲဆိုနေလျက်..

♦♦♦♦

အခန်း(၁၄)

"မကျေနပ်စရာတွေသိပ်များနေရင်လည်း ဆက်မသင်တော့နဲ့လေ..သားကကြွေငွေတွေဘာတွေယူထားတာမှ မဟုတ်ဘဲ.."

"အေးလေကွယ်..မိသားစုကိုထောက်ပံ့နေရလို့ စိတ်မပါတဲ့အလုပ်ကိုမျိုသိပ်သည်းခံပြီး လုပ်နေရတာမျိုးလည်း မဟုတ်ဘူး၊ မေမေတို့မိသားစုမှာ မေတ္တာရိပ်နဲ့အေးချမ်းတယ်..နားလည်မှုတွေနဲ့နွေးထွေးတယ်၊ ဒါတွေကိုဘာအတွက်မှ ပွန်းပဲ့ပျက်စီးမခံနိုင်ဘူး..သားစိတ်ဆင်းရဲခံပြီး ဆက်လုပ်နေဖို့မလိုဘူး.."

မေမေတို့ဒီလိုပဲပြောကြမှာကို သူသိသည်။ ဒါကြောင့်လည်း မျိုသိပ်နေခဲ့တာပါ။ ဘာပဲဖြစ်ဖြစ်ကြာလာရင်တော့ ပြောကောင်းဆိုကောင်းရှိလာမှာပဲ ထင်ခဲ့မိသည်။ ခုတော့ ဒီလိုမဟုတ်.. ။

"ဟိုတစ်လောကတော့ သားအစ်မက မိန်းကလေးကိုမြင်ခဲ့တယ်တဲ့..ကြွေရုပ်လေးလိုပဲ ချစ်စရာလေးဆိုတော့.."

"ကြွေရုပ်ဖြစ်ဖြစ် ရွှေရုပ်ဖြစ်ဖြစ်လေလွင့်ရယ်..နင့်သားက မိန်းကလေးနဲ့နီးစပ်ဖို့ သွားတာမှမဟုတ်တာ၊ စာသွားသင်တာလေ..သားဘက်က

ငါနားလည်တယ်၊ ပိုက်ဆံကရှိ ရုပ်ရည်လေးကချော အပျော်တွေမက်ပြီး ပညာရေးကိုအလေးထားရမှန်းမသိတော့ ပညာပေးတဲ့လူကိုလည်း မလေးစား..ဒီကြားထဲကိုယ့်ထက်အသက်ကြီးတဲ့လူလည်းဖြစ်သေး၊ ဘယ်လိုကိုင်တွယ်သင်ပြမလဲ..”

“အော်..ဝင်းမာရယ် သူများမကောင်းကြောင်းတွေ ထိုင်ပြောနေတာလား၊ အသက်ကြီးမှ..”

“ဒါကတော့ စကားဆိုတာ အကျိုးအကြောင်းနဲ့သွားတာပဲ..အကျိုးဖြစ်လာတာကိုပြောပြရင် ဖြစ်လာရတဲ့အကြောင်းဆိုတာပါလာမှာပဲ၊ ငါကသားရဲ့ခံစားချက်ကိုပဲ တွေးပေးတာ..သူများအကြောင်းပြောချင်တာမဟုတ်ဘူး..”

“ကျွန်တော်ကလည်း အလုပ်တစ်ခုကိုတာဝန်ယူထားပြီးမှ ခေါင်းညိတ်လိုက် ခေါင်းခါလိုက် မလုပ်ချင်လို့ပါ..သူကအချိုးမပြေပေမယ့် ကျွန်တော့်စေတနာအမှန်က သူ့ကိုဒီနှစ်အပါဆွဲတင်ပေးချင်တာ၊ သူ့အတွက်လည်းကောင်း..မိဘတွေလည်း စိတ်ချမ်းသာကြမယ်ဆိုရင် ကျွန်တော်ကျေနပ်ရတာပေါ့..”

“ဒါလည်းဟုတ်တာပဲ..”

“ဒါ ငါ့သားလေ..”

ဒေါ်နုလွင် မျက်စောင်းကဲဒေါသမပါ့ပေမယ့် မျက်နှာထက်မှာတော်တော်ကြာအောင် စွေစောင်းကျရောက်လေသည်။ ပြီးမှ ပြုံးပြုံးကြီးခေါင်းညိတ်၍.. ။

“အကောင်းဆုံးပေါ့သားရယ်..ယောကျ်ားကောင်းတစ်ယောက်ရဲ့ စိတ်ထားဆိုတာ တာဝန်ယူတတ်ခြင်းပဲ..”

“ကြည့်ကျက်လုပ်ကြပါဟေ့..ကြားရချက်တွေက မကောင်းတော့ဘူးနော်၊ တော်ကြာ အဲ့ဒီဆတ်စလူးလေးကိုပါ တာဝန်ယူရတဲ့ဘဝ ရောက်သွားဦးမယ်..”

“အဲ့လိုဆို ယဉ်တို့ကတော့ အကြိုက်ပဲ..”

“ဖြစ်ရတယ်အေ..”

ယဉ်က ရေချိုးပြီးစ သနပ်ခါးမခြောက်သေးသည့်မျက်နှာနှင့် ထွက်

လာထိုင်လိုက်ပြီး အောင့်ကိုအကဲခတ်သည်။ တိုင်နေတာတွေလည်း ကြားပြီးပါပြီ။ တော်ရုံနဲ့အတိုင်အတောမထူတတ်သည့် ကိုယ့်မောင်လေးခများ ဒီကောင်မလေးရဲ့စိတ်ညစ်ဖွယ်ရာအဖြာဖြာကြောင့်သာ အသံထွက်လာရသည်ဆိုတာကိုလည်း နားလည်သည်။ သို့သော်.. ။

“ဒေါ်လေးမသိလို့ပါ..နီရဲရဲနီဆိုတဲ့ကောင်မလေးက ဘယ်လိုဆိုးချက်တွေပဲတင်နေနေ ပစ်ရက်စရာကိုမရှိဘူး၊ တကယ်တအားလှတာ..”

“တော်ပါတော့..”

“လှတာထက် သူ့အဲ့လိုဆယ်တန်းက မကျွတ်နိုင်တာကို နားကိုမလည်နိုင်ဘူး..သူ့မျက်နှာပုံစံလေးက နေရာတကာမှာပါးနပ်ထက်မြက်မယ့်ပုံလေးရယ်..”

“စာသာမတော်တာကိုးအေ့..ဘယ်နေရာမှာ ပါးနပ်ထက်မြက်နေသလဲမှ မသိတာ၊ ညည်းပြောသလောက်ကြီးချောလှနေတာမှန်ရင် ရည်းစားတွေများလိုက်မှာမှ ဆယ်တန်းမအောင်တာကြည့်ပါလား..”

“ဝင်းမာရယ်..နင်ပါလာရင်ပြောပြီ သူများအကြောင်း..”

“ဩော်..ခုနပြောသလိုပဲ ကိုယ့်ကောင်းကျိုးဆိုးကျိုး တစ်ခုခုပြောမှတော့ အကျိုးပေးရတဲ့အကြောင်းက ပါလာပြီပေါ့..ငါတို့ကလေးစိတ်ညစ်နေရတဲ့အကျိုးဖြစ်လာတာ ဒီမိန်းကလေးမလိမ္မာတဲ့အကြောင်း မဟုတ်ဘူးလား..”

“အဲ့ဒါ ကိုယ့်ပြဿနာဘယ်လိုရှင်းမလဲပဲ ပြောစမ်းပါ..အဲ့ဒီမိန်းကလေးဘယ်လိုနေတာထိုင်တာ ငါတို့နဲ့မဆိုင်ပါဘူး..”

ဒေါ်နုလွင်ကပြောတော့ ဒေါ်ဝင်းမာပါးစပ်ပိတ်ရကာ နှုတ်ခမ်းသည်ဘယ်တစ်ချက်ညာတစ်ချက်ရွဲ့ချိတ်သွားပြီးမှ.. ။

“အတင်းအဖျင်းပြောတဲ့နေရာဆိုတာ မရှိဘူး၊ ပုထုဇဉ်သံဃာတွေတောင်မှ ‘ဟိုကိုယ်တော်ကုဋီသွားတာ ရေပြန်မဖြည့်ခဲ့ဘူး..ဟိုကိုယ်တော်ဆွမ်းဘုန်းပေးတာ လက်ကဆွမ်းဟင်းတွေပေါ်မှာ စာကောက်သလိုပဲ..ဒီကိုယ်တော်ဆွမ်းခံထွက်စောလိုက်တာ ဘာလုပ်တာလဲ လိုက်ချောင်းဦးမှ’..ဘာညာ..”

“ဝင်းမာရေ..”

"ရှိတတ်တာတွေကိုပြောပါတယ်.."

"နင့်ဟာ သံဃာတော်လည်း မနေရပါလား.."

"ကွယ်ရာမှာပြောရင် အတင်းပြောခြင်းမည်တာပဲ..ကိုယ့်ကျမှအတင်းပြောတတ်လိုက်ပါဘိဆိုတော့.."

"ကိုင်း..တော်တော့၊ မင်္ဂလာကိစ္စပြောရအောင်.."

ဟင်.. ၊

အောင်နဲ့ယဉ်တို့ အံ့သြသွားသည်။ မောင်နှမနှစ်ယောက်စလုံး မျက်လုံးချင်းဆုံ၏။ ပထမဆုံးခေါင်းခါသူသည် လှယဉ်ကျေးဖြစ်လျက်..၊

"အိမ်ထောင်ရေးဆိုရင်တော့ နိုးပါနော်..အောင့်ကိုအရင်ပေးစားလိုက်.."

"ဟာ..မကြီးနော်.."

"အမလေးလေး..အဲ့ဒီလိုစကားစလိုက်တာနဲ့ ဒီလိုအသံတွေထွက်လာမယ်ဆိုတာ ငါသိတယ်နော်၊ မရဘူးလွင်ရေ..လင်ကံရွေး လင်ခွေးနဲ့ညားတာမျိုးဖြစ်လိမ့်မယ်၊ အရေးကြီးဆုံးကယောကျ်ားလေးပဲ.."

ပြောပြီး မျက်လုံးကအောင့်ဆီရောက်၏။ ပြီးတော့ မျက်နှာလွှဲကာ..

"ကျောင်းလည်းပြီးနေပြီ..ဆရာဝန်လည်းဖြစ်နေပြီ၊ တချို့ဆို ဆရာဝန်လက်မှတ်လက်ထဲမရောက်သေးဘူး..မိန်းမတစ်ခါတည်းပါလာကြတာ.."

"သားကတချို့လား.."

"ဟုတ်တယ်..ယောကျ်ားချင်းတော့ အတူတူပဲ၊ ဒါပေမဲ့ မင်းကပိုရည်တယ်..ပိုတုံးတယ်.."

အားလုံးပြုံးသွားကြပေမယ့် ချစ်မဝမျက်နှာသုန်သုန်မှုန်မှုန်ကြီးဖြစ်သွားသည်။

"ယောကျ်ားလေးအရပ်ရှည်တာက ထည်ဝါတာပဲ..ခုခေတ်မှာဆို ရှည်ရှည်ပိုင်းပိုင်းလေးတွေက ပိုပြီးပေါ်ပြူလာဖြစ်တယ်၊ ဒါပေမဲ့ ဒေါ်လေးတူက [illegible].."

"တော်ပါပြီဒေါ်လေးရာ..တကယ်ပဲ ညစ်ရတဲ့အထဲ.."

"ညစ်လို့မရဘူးသား..အခုက စေ့စပ်ထားကြရုံပဲ၊ သားကိုရော သားမကြီးကိုရော နှစ်ယောက်စလုံး.."

လိမ္မာရေးခြားရှိကြသည်။ ကာရိုက်တာလေးတွေက ပြောစရာမရှိ။ ပြီးတော့ မိဘဆွေမျိုးအသိုင်းအဝိုင်းမှာလည်း လူကုံထံတွေမဟုတ်ကြသည့် ..ိုင် ဂုဏ်သိက္ခာအနာအဆာ ပြောလောက်ဖွယ်မရှိကြ။ ဤသို့သော်ကောင်း ..င်းအဖြာဖြာကို သားရှင်သမီးရှင်တိုင်း သဘောကျကြသည်။ ပို၍သဘော ..ျဖွယ်ဖြစ်ရသည်က မောင်နှမနှစ်ယောက်စလုံး ပညာတော်ကြခြင်း.. ၊

"သမီးကိုတောင်းတဲ့မိသားစုကရော သားနဲ့သဘောတူနေတဲ့သူတွေ ..ရော သူတို့မျက်လုံးထဲမှာ မေမေ့သားသမီးတွေကို ဘယ်လောက်တန်ဖိုးထား ..နေကြသလဲဆိုတာမြင်ရလေ ပီတိဖြစ်ရလေ..အဲ့ဒီလူတွေက တော်ရုံသူဌေး ..တွေမဟုတ်ဘူးနော်၊ သူတို့ကစပြီးကမ်းလှမ်းလာတာ ဘယ်လောက်တောင် ..ဏ်ယူဖို့ကောင်းသလဲ.."

မေမေကတော့ ပီတိတွေဖြာနေသည်။ ချစ်မဝမျက်နှာက မဲ့ချင်နေ၏။ အဲ့ဒီလူတွေ သူတို့သားသမီးတွေကို ဘယ်လောက်တောင်မနိုင်မနင်းဖြစ်နေ ..ဘယ်ဆိုတာရော မေမေသိလို့လား..။ ဒီတိုင်းမေးလိုက်ရင် မေမေထက် ဒေါ် ..လေးရင်ဘက်ထထုမှာ သေချာ၏။ ကိုယ်ကတော့ ယောကျ်ားမို့ ထားပါ။ ..ကြီးနဲ့ပတ်သက်လာမည့်လူက ဘယ်လိုအကျင့်စာရိတ္တနဲ့လာမလဲ ဆိုတာ ..ဘယ်သူသိမလဲ..။ ဒါကကြိုမသိနိုင်ဘူးမှန်သည်။ ငွေရှိလူတန်းစား ..၏သားသမီးမို့ ခြွင်းချက်မဲ့လက်ခံဖို့ ပြင်ဆင်ထားတာကြီးက မလွန်ဘူး ..သား.. ၊ တွေးလိုက်မိရင်း မေမေ့ကိုမျက်လွှာပင့်ကြည့်မိသည်။ မေမေက ..ည်းစိမ်ချမ်းသာကို မက်မောလွန်းသည့်လူတန်းစားထဲမှာတော့ မပါခဲ့ပါ။ ..ဒီကိစ္စကျမှ ချမ်းသာကြွယ်ဝခြင်းကို ခြွင်းချက်ထားဖို့ပြင်ဆင်နေတာ ..ားမလည်နိုင်.. ၊

"သားငယ်နဲ့စေ့စပ်မယ့်မိန်းကလေးက သူ့အမေကအာမခံလုပ်ငန်း ..ကြီးတစ်ခုမှာ ဉက္ကဋ္ဌလေ..ကိုယ်တိုင်လည်း ရတနာတိုက်ပိုင်ရှင်၊ သူ့အဖေ ..က.."

"မေမေပြောလည်း သားသိမှာမှမဟုတ်တာ..."

"သားငယ်..မေမေပြောနေတုန်း ဘာလို့စကားဖြတ်ပြောတာလဲ.."

ဒေါ်ဝင်းမာ၏တားဆီးသံကြောင့် ချစ်မဝမျက်လွှာချလျက် ငြိမ်သွားသည်။ အိမ်ထောင်ချပေးဖို့လုပ်တာတောင် မောင်နှမနှစ်ယောက်စလုံး

အတွက် အဆင်သင့်ရှိနေသည့်အဖြစ်ကို ဘဝင်မကျချင်။ ထို့ကြောင့် တစ်သက်လုံးက ရိုကျိုးလိမ္မာခဲ့သမျှ မျိုသိပ်ရခက်အောင် ဖြစ်နေရလျက်.. ।

"မိဘဆိုတာ သားသမီးတွေအပေါ် သမီးမို့ပူရသလို သားလည်းပူရတာပဲ.."

ဒေါ်လေးပါလာပြီမို့ သူ့မျက်နှာပိုင့်လိုက်ပြီး မဲ့သွားသည်။ ယဉ်ကတော့ သမီးကြီးမို့ထင်သည်။ မလိုလားတာကို တရားဝင်ထုတ်ဖော်ပြခွင့်ရနေကာ မျက်နှာလေးက မသာမယာနှင့်။ ဒေါ်ဝင်းမာက တူနဲ့တူမကိုအကဲခတ်လိုက်ပြီး.. ।

"အစ်မလုပ်သူကလည်း သူ့မောင်စန်းပွင့်နေတာကို အရိပ်တကြည့်ကြည့်နဲ့ ကျေနပ်နေတယ်..ကြာလာရင် ဘာဖြစ်လာမလဲသိလား၊ စာကျက်ဝိုင်းမှာလည်း ရွယ်တူတန်းတူမိန်းကလေးတွေနဲ့ ဂိုက်ဒ်သွားလုပ်တဲ့အိမ်က မနက်ကဲလေးဆိုပိုဆိုး...ဒီလိုမိန်းကလေးတွေနဲ့ နီးစပ်သွားရင် ညည်းမောင်ကို ဘယ်လိုအဖတ်ဆည်မလဲပြော၊ ယောကျ်ားလေးဘဝပျက်မှ မိန်းကလေးလို မျက်ရည်ပေါက်ပေါက်ကျအောင် ငိုနေလို့လည်းမရ..ကာမလိမ်လည်မှုနဲ့ တရားစွဲလို့လည်းမတော်.."

"ဩော်..ဝင်းမာရယ်၊ ပြောရင်းနဲ့နင်ကလည်း.."

ယောက်မဖြစ်သူ ဝင်ဟန့်ကာမှ ဒေါ်ဝင်းမာအိုးတို့အမ်းတမ်းဖြစ်သွားသည်။ သို့သော် အငြင်းသန်သည့်ဗီဇအတိုင်း.. ।

"နင့်သားဆက်ငြင်းနေမှာစိုးလို့ပါ..ယောကျ်ားလေးတွေက သူတို့ရင်ထဲကိုငြိလာရင် အဲ့ဒီမိန်းကလေးဘာအနာအဆာရှိရှိ ဘာမှမမြင်တော့ဘူး...အဲ မငြိဘူးဆိုရင်လည်း ဘယ်လိုကောင်းသောအရည်အချင်းတွေရှိနေနေ ဘယ်လိုပြပြ အကန်းအတိုင်းပဲ.."

"ဒါကတော့ လူကြီးမိဘက အကဲခတ်ရုံနဲ့ သဘောတူတာမတူတာဆုံးဖြတ်ပေးတာလေ..အတွင်းကျကျပေါင်းရမှာက သားတို့ချင်း.."

"အံမယ်..ဒါကျတော့.."

ချစ်မဝထပြောလိုက်သဖြင့် ဒေါ်ဝင်းမာကိုယ်ကြီးပါ တစောင်းလှည့်သွား၏။ သူ့မျက်နှာအောက်ကနေ လာမော့ကြည့်တော့ အားနာသလိုလိုရှက်သလိုလိုဖြစ်သွားမိရင်း.. ।

"ပြောပြတာပါဒေါ်လေးကလည်း.."

မျက်နှာလွှဲ၍ ဆံပင်တွေဖွပစ်တော့ ဒေါ်နုလွင်တို့တွေရယ်ကြ၏။ ယဉ်က မောင်ဖြစ်သူရဲ့လက်မောင်းကို လှမ်းကိုင်လိုက်ပြီး.. ।

"ဘာပဲဖြစ်ဖြစ် မောင်လေးနဲ့စေ့စပ်မယ့် သူရစိုးစိုးကချစ်စရာလေးပါ မောင်လေးရဲ့..ဘာအလုပ်မှမလုပ်သေးပေမယ့် မိဘစီးပွားရေးတွေက အများကြီး၊ ပြောချင်တာက သူစိတ်ဝင်စားလာရင် အသာလေးလက်လျှိုရုံပဲလေ.. ဘွဲ့လည်းရပြီးသား၊ မောင်လေးထက်လည်း တစ်နှစ်လောက်ငယ်တယ်ဆိုတော့ အနေတော်ပဲ.."

ချစ်မဝမျက်လုံးကြီး ဝင့်တက်လာတော့ ယဉ့်မျက်လုံးလေးဝိုင်းသွားဘာ.. ।

"ဘွာ..ဘွာ ကိုယ်ကအသက်ပိုကြီးတယ်..ဒါပေမဲ့ မတိမ်းမယိမ်းလေးဆိုတော့လေ၊ အဲ့ဒါကိုပြောတာ.."

"ဟား ဟား ဟား.."

"အဟွန်း.."

ရယ်နေကြရင်း စေ့စပ်ဖို့က လက်ခံပြီးသားဖြစ်သွားခဲ့သည်။ ဒေါ်နုလွင်က နှာရှိုပင့်ကြည့်လိုက်ရင်း.. ।

ကဲ..မေမေမလာ်းကျောင်းကိုပြန်ရတော့မယ်၊ သားငယ်ကရော.."

သွားရတော့မည်ဆိုတော့ ရဲရဲမျက်နှာကိုမြင်ယောင်လာသည်။ ပြောမိဘာက ထိုအိမ်ကိုသွားဖို့ ဝန်လေးနေခဲ့ခြင်း။ အတည်ဖြစ်သွားတာက စေ့စပ်ကြောင်းလမ်းကြဖို့။ ကိုယ်လိုလားတာဘာမှမရှိသည့်အဖြစ်တွေမှာ ပျော်မွေ့ရဖြစ်လာခြင်းသည်..

♦ ♦ ♦ ♦

အခန်း(၁၅)

"မယ်မြ..ဆရာလေးကိုလိုအပ်တာ အားလုံးလုပ်ပေးနော်၊ မီးဖိုချောင်မှာ မိသီတို့ရှိတယ်..နင်ကစာသင်တဲ့နားမှာပဲနေ၊ ခေါ်တာနဲ့အနားရောက်ပြီးဖြစ်နေရမယ်.."

"ဟုတ်ကဲ့ပါမမကြီး.."

မေမေထွက်သွားတာ နားစွံနေရင်း ကားသံပျောက်သွားတဲ့အထိ အသက်အောင့်ဖြည်းဖြည်းရှူနေခဲ့ပြီး.. ၊

"ယေး.."

ဗိုက်ဘုတ်မှာFormularတွေ ချပြနေသည့်ချစ်မဝက လှည့်ကြည့်သည်။ မျက်လုံးချင်းဆုံသွားမှ လက်သီးဆုပ်အော်လိုက်မိသည့် လက်ချောင်းတို့ကို ပြန်ဖြည်လိုက်ပြီး.. ၊

"ဆရာကြီး.."

ဆရာမခေါ်ပါနဲ့ပြောကာမှ 'ဆရာကြီး'လို့ ရွဲ့ခေါ်နေသဖြင့် သူဘာမှမပြောတော့ဘဲ ထားလိုက်ရသည်။ သူမကတော့ တစ်ခါတလေ 'ဆရာအကြီးကြီးရှင့်'လို့တောင် ခေါ်လိုက်သေး။ သေချာတာက သူမကြိုက်ဘူးလို့

...မိတာနဲ့ သူမကရွဲ့ဖို့ချိတ်ဖို့ အဆင်သင့်ဖြစ်နေခဲ့ခြင်း.. ၊

"ဆရာကြီး..ဒီမှာဆရာကြီး.."

"ခင်ဗျားဘယ်လိုဖြစ်နေတာလဲ.."

"ခေါ်နေတာ ယူကလှည့်မှမကြည့်ဘဲ.."

ပြောနေရင်း သူဘေးရောက်လာသည်။ ပြီးတော့ ပခုံးချင်းယှဉ်ရပ်မိ...မှ သတိထားမိသွားသလို သူ့ကိုမော့ကြည့်သည်။ ပြီးတော့ ပခုံးချင်းထိ...ောင် ထပ်ကပ်သည်။ သူငုံ့ကြည့်လိုက်တော့ မျက်နှာလေးမဲ့ကာ.. ၊

"ဒီလောက်တောင်ကွာတယ်..မထင်ရဘူး.."

ကိုယ့်ဘာသာရေရွတ်သလိုဆိုရင်း ခြေဖျားလေးထောက်ကြည့်၏။ ...က်တစ်ခါ ခြေဖျားထောက်တော့ ရှိုးရှိုးမထောက်ဘဲ ကိုယ်လုံးကပါကြွ...ါလာသည်။ ချစ်မဝကိုင်ထားသည့်ဆော့ဖ်ပင်န်ကို စားပွဲပေါ်ဒေါက်ခနဲ...လိုက်သည်။ ပြီးတော့ သူမနဲ့အလှမ်းကွာတဲ့နေရာထိ ခြေလှမ်းရွှေ့ရပ်...က်ပြီး.. ၊

"ဘယ်သူရှည်ရှည် ဘယ်လောက်ပုပု ဘာတွေအရေးပါနေလို့လဲ.."

"ယူ့အတွက် အရေးမပါပေမယ့် တို့အတွက်အရေးပါလို့ပေါ့.."

ပြောနေရင်း မျက်လုံးက ပခုံးချင်းယှဉ်နေဆဲ ကူးလူးပြေးလွှားနေတာ...ိုးနိုင်။ သူနောက်ထပ်ဆုတ်လိုက်မှ သူမကပခုံးလေးနိမ့်ကျသွားတဲ့အထိ...က်ပြင်းမှုတ်ထုတ်လိုက်ရင်း.. ၊

"ယောက်ျားဖြစ်ပြီး ကင်းကင်းတုန်နေတဲ့လူနဲ့ ယောက်ျားမို့အသားယူ...င်တဲ့လူနဲ့ ဘယ်နှစ်မျိုးနှစ်စားတောင် ရှိနေသလဲ..နားကိုမလည်တော့ဘူး.."

"ယောက်ျားတွေအကြောင်းပဲ နားလည်ချင်တာဆိုရင် ဆယ်တန်း...အောင်ဖို့ ဘာလို့ကြိုးစားနေလဲ.."

"ဆယ်တန်းအောင်ဖို့လည်း လိုတယ်..ယောက်ျားတွေအကြောင်း...ည်း သိဖို့လိုတယ်၊ မိန်းမတစ်ယောက်ဘဝက ဆယ်တန်းအောင်သွားတာ...ဘွဲ့တွေတစ်ခုပြီးတစ်ခုရသွားတာနဲ့ အကုန်လုံးပြီးမြောက်သွားတာ မဟုတ်...ူး..အဲ့လိုပဲ စာသင်ပေးတဲ့ဆရာဆိုတာလည်း စာအုပ်ကြီးဖွင့်ပြီး သည်၏မ...ျက်ခိုင်းနေရုံနဲ့ ဆရာမမည်ဘူး.."

"အင်း..ဘယ်လိုဆရာမှ ဆရာမည်တာလဲ.."

သူ့ရဲ့မေးတာသိပေမယ့် ရဲကဂရုမစိုက်ပါ.. ၊

"မိန်းကလေးအကြောင်းပြောပြချင်လို့ အားလုံးခြုံပြောတာပါ..မိန်းကလေးတွေလောက် ဘဝအကြောင်းသိထားသင့်တာ မရှိဘူး.."

ပြောရင်း စားပွဲဘေးမှာ ပြန်ဝင်ထိုင်လိုက်ကာ.. ၊

"အဲ့ဒါကိုစာမှစာ အတင်းကျက်မှတ်ခိုင်းနေတယ်..တကယ်ဆို ပညာရေးကိုက လက်တွေ့ဘဝကွင်းဆင်းခြင်းချာပ်တာထည့်သွင်းပြဋ္ဌာန်းထားသင့်တာ.."

ချစ်မဝ နှုတ်ခမ်းမဲ့လိုက်ပြီး သူမနဲ့မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်သည်။ ပြီးတော့ စားပွဲပေါ်မှာ လက်တင်၍ လက်ဖဝါးချင်းဖွဖွဆုပ်ထားရင်း သူမကို ကြည့်၍.. ၊

"ပညာရှာချိန်မှာ ပညာရှာ..ဥစ္စာရှာချိန်မှာ ဥစ္စာရှာ၊ အသက်အရွယ်အလိုက် ရှာဖွေသင့်တာတွေကို သဘာဝကသတ်မှတ်ထားပါတယ်..အရွယ်လွန်မှ ပညာရှာနေတဲ့ခင်ဗျားလိုလူအတွက်တော့ ဟိုမရောက်ဒီမရောက်တွေဖြစ်နေမှာပေါ့.."

သာသာနဲ့နာနာနက်ခြင်းဆိုသည့် အပြောမျိုးကိုလည်း သူမကခံခက်နာကျင်ဟန်အလျင်းမပြ.. ၊

"ဘာပဲဖြစ်ဖြစ် နီရဲရဲနီက ပညာရှာနေရတုန်းပဲလေ..စီမံခန့်ခွဲသူတွေက နားလည်ပေးရမှာပဟုတ်ဘူးလား.."

မိဘကိုများ ခန့်ခွဲမှုမတော်တတ်ဘူးလို့ ပြောချင်သေးတာလားမသိ.. ၊

"မိဘကိုတော့ အပြစ်မထောက်ချင်ပါဘူး..ဒါပေမဲ့ ကိုယ့်သမီးလေး ဟိုမရောက်ဒီမရောက်ဖြစ်နေရှာတာတော့ သတိထားရမှာမဟုတ်ဘူးလား.."

သူ့ကိုယ်သူလည်းသိသား.. မျက်တောင်ဖျားလေးတွေ နက်မှောင်ကော့ညွှတ်နေတာကို သတိတရကြည့်မိရင်း အတွေးက ကြည့်မရခြင်းကိုရောက်သွားလိုက် စိတ်လိုက်မာန်ပါငေးသွားမိလိုက်။ နီရဲရဲနီဆိုသည့်သူမမျက်နှာလေးက စေ့စေ့မကြည့်ဝံ့အောင် လှနေပါသည်ဆိုရင် လွန်မလား..

"တို့က ရည်းစားတွေထားတယ်တဲ့..အခုကျတော့ ဒီစာမေးပွဲအောင်ရင် စေ့စပ်ရမယ်တဲ့..ကဲ.."

ကိုယ့်လိုအဖြစ်ဆိုးနေတာ သိရတော့လည်း စိတ်မကောင်းဖြစ်သွား

မိသည်။ ဆယ်တန်းအောင်ရုံလောက်နဲ့ မျက်နှာပန်းမလှသေးပါဘူးလို့ပြောပြီး အချိန်ထပ်ဆွဲထားလိုက်ပေါ့..။ အကြံပေးချင်ပေမယ့် စကားပြောဖို့လည်း စိတ်ကမဖြစ်.. ၊

"ရည်းစားထားတယ်ဆိုတာ ဘဝအတွက် စမ်းသပ်မှုတွေပဲလေ..အိမ်ထောင်ရေးအတွက် အထောက်အကူပြုအလုပ်ဆိုလည်း မှန်သေးတာပဲ၊ ရည်းစားထားတဲ့မိန်းကလေးတိုင်း ပျက်စီးနေတာမှမဟုတ်တာ.."

ပြောမယ့်သာပြောရသည်။ ခုခေတ်စုံတွဲတွေ တော်တော်များများက ချစ်သွားကြပြီဆိုတာနဲ့ ငြိကုန်ကြတာတွေများသည်။ သဘောတူကျေနပ်သွားကြတာရှိသလို သဘောမတူကွဲလွဲမှုတွေရှိကြပေမယ့်လည်း သူတို့ချင်းကြိတ်ဖြေရှင်းကြ၏။ တချို့ကျတော့ အမှုအခင်းတွေဖြစ်ကြ သေမှုသတ်မှုတွေဖြစ်ကြ။ ဒါတွေက စောင့်ထိန်းအပ်သည့်နေရာမှာ စည်းမထားခြင်းကြောင့်ဖြစ်လာသည့် ဘေးထွက်ဆိုးကျိုးတွေပဲဖြစ်သည်။ သူမဒါတွေကိုနားရည်ဝနေပါပြီ။ ကောင်းတာဆိုးတာ ကိုယ့်ဘာသာခွဲခြားနိုင်ပြီလို့လည်းထင်သည်။ ဒါပေမဲ့ မေမေတို့ကတော့ ဒီလိုမထင်.. ၊

ဆယ်တန်းမအောင်နိုင်တာ ရည်းစားထားလို့။ ရည်းစားထားလို့နာမည်ပျက်သည်။ ပျက်စီးသည်။ ဒါကြောင့်ပဲ အိမ်ထောင်မြန်မြန်ပြုသင့်သည်။ ဤသို့သော စိတ်ကူးတို့သည် မသိရင်ယူမယ့်သူရှိတုန်း အမြန်ခေါင်းညိတ်သားရတော့မလိုလို။ မပြောဖြစ်သောစကားတို့အတွက် ကိုယ့်ဘာသာဆက်တွေးရင်း ဆံပင်တွေဖွပစ်မိသည်။ ချစ်မဝကတော့ သူမပြောသည့်အိမ်ထောင်ရေးအတွက် အထောက်အကူပြုအလုပ်ဆိုသည့်စကားကြောင့် ပြုံးလိုက်မိကာ သူမမြင်မှာစိုးလို့ တစ်ဖက်လှည့်လိုက်ရတဲ့အဖြစ်။ ထိုစဉ် တံခါးရှေ့မှာမယ်မြပေါ်လာကာ.. ၊

"မမ..အပြင်မှာဧည့်သည်ရောက်နေတယ်.."

"ဟုတ်လား..မေမေတို့မရှိဘူးပြောလိုက်လေ.."

"မမနဲ့စကားပြောဖို့လာတာတဲ့..ဟိုလေ ဠွန်ဆိုတဲ့လူကြီး.."

ရဲမျက်ခုံးလေးတွေ တွန့်ကုတ်သွားသည်။

"ဦးဠွန်.."

နှုတ်မှရေရွတ်ရင်း မျက်နှာလေးလည်းအိုသွား၏။ ဒီလူကြီးက အ

သက်လေးဆယ်နားနီးနေပြီဖြစ်သော လူပျိုကြီးဖြစ်ကာ ယပင့်နဲ့ပျိုသလား ယရစ်နဲ့ပြိုသလားတော့မသိ။ ဖေဖေ့ပွဲရုံနဲ့ ဆက်စပ်နေသောလုပ်ငန်းကြီးတစ်ခုကို ဦးဆောင်နေသူဖြစ်ကာ ဖေဖေတို့ပြောစကားအရ 'ဘယ်လောက်တော်နေလို့ ဒီလောက်တောင်ချမ်းသာနေသလဲမသိဘူး'ဟု ဆိုခြင်းမှာ 'မှောင်ခိုတွေလုပ်နေတာဖြစ်မှာပေါ့'လို့တောင် သူမဖြေပေးခဲ့ဖူးသည့်သူ ဌေး။ ထိုသူက ဖေဖေ့ဆီမှာ သူမကိုလက်ထပ်ချင်ကြောင်း ကမ်းလှမ်းခဲ့ဖူးသည်။ ငြင်းရခက်သည့်လူမို့ 'သမီးကကျောနပ်ရင် ငြင်းစရာမရှိပါဘူး'လို့ လူကြီးတွေက အကြောင်းပြန်ခဲ့သည်။

"သမီးရယ်..မေမေတို့စီးပွားရေး တရိပ်ရိပ်တက်လာတာ သူ့အကူအညီတွေလည်း ပါတယ်၊ လုပ်ငန်းချင်းက ပြတ်တောက်ကုန်လို့မဖြစ်ဘူးလေ.. အသက်ကြီးကြီး ဘယ်လိုလူမှန်းမသိတာကြီးနဲ့ မေမေတို့လည်း သဘောမတူပါဘူး၊ ဒါပေမဲ့ ကိုယ့်မလိုလားတာ ကိုယ့်အပြုအမူကပြပါ..စကားတွေမရိုင်းပါနဲ့.."ဟု သတိပေးထားခဲ့၏။ ထို့ကြောင့် အလိုက်အထိုက်ပြောဆိုခဲ့ရခြင်းများစွာတွင်.. ၊

"အဲ့လူကြီးက အရမ်းရဲတာ..စိတ်ညစ်လိုက်တာ.."

လည်ဂုတ်လေးပွတ်၍ ခြေဆောင့်ညည်းသည်။ ပြီးတော့ ဆံပင်တွေကို ပွသွားအောင် လက်ကိုဆောင့်ချလိုက်ပြီး.. ၊

"သူများစာသင်နေတာကို ပြောလိုက်ပါလား..မယ်မြတို့ကလည်း အားမကိုးရဘူး.."

"ပြောပါတယ်မမရယ်..သူကဦးတို့နဲ့ရင်းနှီးတဲ့သူဆိုတော့ တစ်ခါတည်းဝင်ထိုင်ပြီးတာနဲ့ မထတော့ဘူး.."

"တံခါးဖွင့်ပေးလိုက်တာကိုက မဟုတ်တာ.."

အပြစ်တင်စကားကို ဆိုလိုက်မိပေမယ့် ဂျွန်ကဖေဖေနဲ့ရင်းနှီးတဲ့သူမို့ မေမေကိုယ်တိုင် ပျာပျာသလဲကြိုဆိုရတဲ့ဧည့်သည်ဖြစ်သည်။

"သွား သွား..ဒီမှာခဏကြာမယ်လို့ပြောလိုက်.."

"ဟုတ်.."

မယ်မြထွက်သွားတော့ ရဲသူ့ဘက်ကိုလှည့်လိုက်ပြီး ခါးထောက်ကာ..

"တွေ့ပြီလား..ဒါကျတော့ စာသင်နေပါလားလို့ အခွင့်အရေးပေးမယ့်

သူမရှိဘူး.."

"စာသင်နေတာမှမဟုတ်ဘဲ..ခင်ဗျားစကားများနေတာ.."

စာသင်နေတာဆိုရင်တော့ သူပဲကာဆီးပေးမှာလိုလို။ မျက်စောင်းထိုးမလိုဖြစ်ပြီးမှ ရဲအကြံရသွားကာ.. ၊

"ယူခဏထွက်လိုက်ခဲ့ပါလား.."

"ဘာလုပ်ဖို့လဲ.."

သူမက လက်မောင်းတစ်ဖက်ကားပြီး လက်ကွေးပုံလုပ်ပြကာ.. ၊

"ရည်းစားပုံစံလုပ်ပြလိုက်ရင် ပြီးပြီ.."

"ဟွန့်.."

အောင်မယ်..မဲ့လိုက်တဲ့ ပုံက..

"ရုပ်ရှင်ရိုက်တာတွေ ဝါသနာမပါဘူး.."

"အံမာ.."

"ဒါဆို ဒီနေ့စာသင်ချိန်ပြီးပြီပေါ့.."

သူက လူကိုစကားပြောဖို့ အဖက်မတန်သလို မေးခွန်းပေါင်းချုပ်စာအုပ်ထူကြီးနဲ့ အဖြေတွေကို ဖိုင်ထဲကောက်ထည့်နေ၏။

"ဒီမှာ ချစ်မဝအောင်.."

လေးစားခံချင်လိုက်ရတာလည်း ဒီလိုခေါ်လိုက်တာနှင့် မျက်နှာကြီးကတင်းပြီးသား။ သူမကလည်း ဂရုမစိုက်ကြောင်းပြ၍ မျက်နှာကြီးချိထားလိုက်ပြီး.. ၊

"မဆိုင်သလိုတော့ နေလို့ရတယ်..တာဝန်မဲ့သလိုကြီးလုပ်သွားတာတော့ အကျည်းတန်ပါတယ်၊ ဒီအချိန်မှာ ယူကဆရာ..သူကမရိုးသားတဲ့လူ၊ ဒီလိုလူနဲ့ထားခဲ့ပြီး ယူကအေးဆေးပြန်သွားမလို့လား.."

"အဲ့ဒါဆိုင်လို့လား.."

သူကပဲ ပြန်မေးနေတာ အံ့ဩဟန်နှင့်မှုန်ကုတ်ကုတ်.. ၊

"ကျွန်တော်ကစာသင်ပေးဖို့လာတာ..ခင်ဗျားရဲ့ဘော်ဒီဂတ်မဟုတ်ဘူး.."

သူရှိရှိမရှိရှိ ဒီလူကလာမှာပဲ..ကိုယ်ရှိနေကြောင်းပြလိုက်တာနဲ့ ချက်ချင်းပြန်ပြေးသွားလောက်အောင်လည်း ကိုယ်ကနာမည်ကျော်ဂိုဏ်းစတား

ကြီးလည်းမဟုတ်။ တာဝန်မဲ့ခြင်းမမဲ့ခြင်းက ဘာဖြစ်လို့ သူ့ခေါင်းပေါ်အပုံလိုက်ရောက်လာတာလဲ..။ သူ့ရဲ့အလိုမကျခြင်းတွေကို နောက်ထပ်ဘာမှ ပြောခွင့်မရလိုက်ခင် ရဲအပြင်ထွက်သွားသည်။ သူမမှာလည်းစိတ်တွေတိုနေလျက်ဖြစ်ကာ အနက်ရောင်ဂျာကင်ပြောင်နှင့် အနက်ပေါ်မှာအနက်ကွက်ပြောင်ပြောင်လေးပါသော ဘောင်းဘီရှည်ကို ဝတ်ထားသည့်ထော်လော်ကန့်လန့်ပုံစံကိုမြင်တော့ ပိုဆိုး။ ခရင်မ်လူးထားသည့် ဘိုကေပြောင်ပြောင်က လူကြီးလူကောင်းဆန်ပေမယ့် နှုတ်ခမ်းမွေးစစ နှုတ်ခမ်းတွဲတွဲနှင့် အပြုံးကမစင်ကြယ်.. ။

"ဟာ..ရဲ.."

လူကိုမြင်လိုက်တော့ ပြုံးအီသွားသည့်မျက်နှာသည် ပေါင်တံသွယ်သွယ်တို့မှာ ရစ်ဝဲနေ၏။ မျက်စိရှေ့ရောက်အောင် ထွက်လာပြီးကာမှ ဘောင်းဘီတိုမလဲခဲ့မိတာကို နောင်တရမိသည်။

"ရဲစာသင်နေတာဦးဂျွန်.."

"သိပါတယ်ရဲရဲ..ကိုယ်အန်ကယ်လ်ဆီဖုန်းဆက်ပြီးမှ လာတာပါ.."

ပြောပုံက အိမ်မှာဘယ်သူမှမရှိတာကိုပါ သိထားခဲ့သည်။ ဒါနဲ့တောင် လူကြီးတွေကခွင့်ပြုခဲ့သည်ဆိုသည့်သဘော။ တကယ်ပဲ..မေမေပါ သိနေတာလား..။ ဒါပေမဲ့ အိမ်မှာချစ်မဝအောင်ရှိနေတာကြောင့် လွှတ်ပေးလိုက်တာလည်း ဖြစ်နိုင်သလို မလွှတ်မနေနိုင်အောင် ဒီလူဘယ်လိုအပြောကောင်းခဲ့သလဲဆိုတာလည်း မသိနိုင်။ ဘာပဲဖြစ်ဖြစ် လူကြီးတွေမရှိခိုက်မှာ ကိုယ့်မျက်နှာကို ရင်ထဲကအရှိအတိုင်း ဖွင့်ပြထားဖို့ အပီအပြင်ဆုံးဖြတ်၍..

"တိုက်ဆိုင်လိုက်တာ..ရဲကလည်း မေမေတို့မရှိတုန်း အပြင်ထွက်မလို့ သေချာစီစဉ်ထားတာ.."

"ဟုတ်လား..ပြောပါဦး၊ ရဲလေးကဘယ်သွားချင်တာလဲ.."

"အဟွန်း.."

"ဘာလုပ်ချင်သလဲ..ဘာလိုချင်တာလဲ၊ ကိုယ်နဲ့အရင်တိုင်ပင်ကြည့်လေ..အိမ်ကထွက်ဖို့ရော ရဲလေးလုပ်ချင်တာအားလုံးရော အဆင်ပြေသွားစေရမယ်၊ အန်ကယ်လ်တို့ကို ကိုယ်ဘယ်လောက်ပိုင်တာ ရဲလေးသိပါတယ်ကွာ.."

ရဲလေးချင်း မိုးမွန်အောင်ခေါ်နေတော့ အဆိုတော်ရဲလေးကိုတောင် သတိရလာမိသည်။ ဒီကြားထဲ အမြင်ကတ်ပါသည်ဆိုမှ ဘိုကေပြောင်ပြောင်ကို လက်ဖဝါးအပြန့်လိုက်နှင့် တသသလုပ်နေသေးသည်။ ဘယ်ခေတ်ထဲကနေ တရေးနိုးထလာတဲ့လူလဲ.. ။

"ရဲလေးက စာသင်နေတာမဟုတ်ဘူးလား..ဆရာကအိထဲမှာလား.."

သူ့မေးခွန်းမဆုံးခင် အပြင်ထွက်လာသည့် ချစ်မဝကိုမြင်လိုက်ရလျှင်

"ဟယ်..ချစ် ပြန်တော့မလို့လား.."

မိန်းမတစ်ယောက်၏ သဲ်တုပ္ပတ္တိဉာဏ်ကို ပုရိသတွေလိုက်မမီနိုင်ဘူးဆိုလျှင် ရဲ၏ရုတ်တရက်ပေါ်လာသည့်စိတ်ကူးကို ဘယ်လိုအဆင့်သတ်မှတ်သင့်သလဲ.. ။

"တွေ့လား..ဒီကရှင်းပြတာကို နားမထောင်ဘူး၊ သူ့စိတ်ချည်းပဲ.."

ပြောပြီး ချစ်မဝနားကို ဆိုးဆိုးဆတ်ဆတ်လျှောက်သွားသည်။ ကိုင်ထားသည့်ဖိုင်ကို ဆတ်ခနဲဆွဲယူလိုက်ပြီး လက်မောင်းကိုဖက်ထားလိုက်ကာ၊

"လူကြီးတွေမသိအောင်ထွက်ရတာ နည်းနည်းတော့အခက်အခဲရှိမှာပေါ့ချစ်ရယ်..တကယ်ပဲ လူဆိုး.."

ဆိုဖာပေါ်ကနေ ကိုယ်ကြီးကြွမတတ်ကြည့်နေသည့် ဂျွန့်မျက်နှာက မျက်လုံးကြီးတွေပြူးကျယ်နေကာ.. ၊

"သူက.."

"ဩော်..ဦးဂျွန်ကလည်း.."

အားနာသလိုလို ရှက်တာလိုလိုနှင့် ရဲကပြုံးလိုက်ပြီး.. ၊

"အဲ့ဒါ ဦးဂျွန်ကိုပြောမလို့ဟာ..သူကစိတ်တိုပြီးထထွက်လာတော့ ဘယ်လိုရှင်းပြရမလဲတောင် မသိတော့ဘူး.."

"နီရဲရဲနီ..ခင်ဗျား.."

"ဟယ်..လူကိုကြည့်စမ်း.."

ဒေါသနှင့်မျက်နှာကြီးကို အံ့ဩထိတ်လန့်သလို မော့ကြည့်နေသည့် ရဲမျက်နှာလေးက သနားဖွယ်အတိနှင့်.. ၊

"လူကိုအဲ့လောက်တောင် အော်စရာလိုလို့လားချစ်ရယ်.."

"နေကြပါဦး..မင်းတို့က.."

"ရဲတို့ကချစ်သူတွေ.."

"ဟမ်.."

ဂျွန်တံတွေးမျိုချ၏။ ချစ်မဝပုံစံက ဒေါသတွေထန်နေသည်။ သူတို့တွေအပြင်ထွက်မလို့ချိန်းထားကြတာလား..အလိုမကျဖြစ်နေသည့်ချစ်ဆိုသည့်လူငယ်မျက်နှာကတော့ သိသာနေပါ၏။ ရဲခမျာ ချစ်သူကိုဘယ်လောက်တောင် အထင်လွဲသွားမှာကြောက်နေရှာသည်မသိ။ 'မင်းတို့ကဆရာတပည့်မဟုတ်ဘူးလား'လို့ ထပ်မေးဖို့ဖြစ်သည့်စကားလုံးတွေကို ရဲကိုသနားစိတ်နှင့် ပြန်မျိုချလိုက်ရကာ.. ।

"အေးပါ..ကိုယ်နားလည်ပါပြီ၊ ဒါပေမဲ့ မင်းကချစ်ရင် မင်းပေးဆပ်ရမှာပဲ..ကိုယ်ကတော့ ဒီကိစ္စအတွက် မကူညီနိုင်ဘူး.."

"ရပါတယ်..ဒါပေမဲ့ မေမေတို့ကမမေးဘဲနဲ့တော့ ဦးဂျွန်ဘာမှပြန်တိုင်မပြောပါနဲ့၊ ဒါဆိုရင်ရပြီ.."

ဂျွန့်မရယ်နိုင်။ ရင်ဘက်နဲ့ထိကပ်နေအောင် ဖက်ထားသည့်ချစ်မဝရဲ့လက်မောင်းဆီမှာပဲ မျက်လုံးရောက်နေကာ သူမလေးရဲ့လက်ကိုဖယ်ချပစ်ဖို့ကြိုးစားနေသည့် ချစ်မဝရဲ့နောက်လက်တစ်ဖက်ကလည်း မျက်စိနောက်စေ၏။ ထို့ကြောင့် မျက်နှာလွှဲ၍ တစ်ကိုယ်လုံးကိုစိတ်လျှော့ဖြည်ချထိုင်နေလိုက်ပြီး.. ।

"သွားကြပါ.."

♦ ♦ ♦ ♦

အခန်း(၁၆)

"နီရဲရဲနီ.."

"နားမလေးပါဘူးဆရာကြီးရယ်..ဖြည်းဖြည်းအော်ပါ.."

"မလေးရင်လည်းလွှတ်လက်ကို.."

"လွှတ်လို့မဖြစ်သေးဘူး.."

"ဘာ.."

လူချင်းထိကပ်နေသဖြင့် ဟိုဘက်ကအော်တာ ဒီဘက်ကရင်ဘက်ကြီးပါတုန်သွားတဲ့အတိုင်း။ 'ဘာ'သံကြီးက နည်းနည်းနောနောမဟုတ်။ ရဲဘို့ကလည်း အဲ့လိုကင်းကင်းတုန်လေ ပိုရွဲ့ချင်လေ။ ဟိုလူဒေါသခန်းထဲမှာဆိုင်ကျန်ခဲ့သည်။ သူမအိမ်နေအဝတ်အစားနဲ့ထွက်လိုက်တာမို့ ချိန်းတွေ့ကြဖို့ဆိုတာ ယုံချင်မှယုံမည်။ ဒါပေမဲ့ တစ်ခုခုအတွေးနဲ့ ယုံသွားတာလည်းသေချာသည်။ ပြီးတော့ မကြာမတင်လေးမှာပဲ သူ့ကားခြံထဲကထွက်လာဖို့လည်းရှိနေသည်။ ထို့ကြောင့် အချိန်မီကားမငှားနိုင်သေးဘူးဆိုလျှင် အလိမ်မပေါ်ခင် အချိန်မီပူးကပ်ထားမှ..။ သို့သော် ဒါတွေက ကိုယ့်အတွက်လိုအပ်ချက်တွေဖြစ်သော်ငြား သူ့လက်ကိုဘယ်လိုဖြုတ်ချလို့မှမကျအောင် ဖက်တွယ်

ထားခြင်းသည်.. ၊

"ယောကျ်ားလေးဖြစ်ပြီး ယူတော်တော်ကင်းကင်းတုန်နေပါလား.."

"ဘာလဲ..ကင်းကင်းတုန်.."

"ယူလေ..ဒီမှာအကျပ်အတည်းဖြစ်နေလို့ ခဏဟန်ဆောင်နေတာကို ဆတ်ဆတ်ခါတွန့်လိမ်ဖယ်ချနေတာ.."

"အဲ့ဒါကြောင့် ခင်ဗျားကရှက်ရမှာမဟုတ်ဘူးလား.."

"မရှက်ဘူး.."

"ဟား.."

ခြံထဲကထွက်လာတည်းက နှစ်ခြံကျော်လောက်လျှောက်လိုက်တာနဲ့ လမ်းမပေါ်ရောက်လာသည်။ ညာဘက်ကိုချိုးကွေးလိုက်တာနဲ့ ကားမှတ်တိုင်ကိုမျက်နှာမူပြီးဖြစ်ကာ ကြည့်နေလိုက်ကြတဲ့လူတွေ။ ကိုယ်ကယောကျ်ားလေးဖြစ်ပြီး သိသိသာသာကြီးရှန်းဖယ်ခါချနေလို့လည်း မတော်။ လူတွေကြည့်နေတာကိုလည်း ရှက်သည်။ ဒီထဲမှာ အသိမိတ်ဆွေတွေ ကိုယ့်သူငယ်ချင်းတွေပါနေရင် ဘယ်လိုလုပ်မလဲ..။ ယောကျ်ားတစ်ယောက်ကရော ဒီလိုအဖြစ်ကို မရှက်ရဘူးတဲ့လား..။ ချစ်မဝရှေ့ကိုလှမ်းနေသည့်ခြေလှမ်းတွေ နောက်ပြန်လျှောက်နေမိသလားထင်မိသည်။ လူတွေရှိရာသွားဖို့ တွန့်ဆုတ်နေသမျှ ကြိုးနဲ့ဆွဲခေါ်လို့မပါသည့်ခြေလေးချောင်းသတ္တဝါတွေလို ခြေကန်နေမိသည့်အဖြစ်နှင့်.. ၊

"ကြည့်မကောင်းဘူးကွာ.."

"ကောင်မလေးကိုလွှတ်လိုက်.."

နောက်က ရယ်သံသဲ့သဲ့နှင့် စကားသံတွေကို ကြားလိုက်ရသည်။

"ဒီလောက်ဆွဲနေရတာ ဘာနဲ့တူလဲ.."

"နွား..."

"ဟား ဟား ဟား.."

"ဟ.."

ရှေ့ကိုကျော်တက်သွားကြတော့ ချစ်မဝအောင်ဘက်ကနေ အုပ်စုလိုက်တက်သည်။ ပြီးတော့ ပခုံးတစ်ဖက်ကို ထိထိမိမိကြီးတိုက်ချသွားသည်။ 'ဟ'ခနဲဖြစ်ကာ သူ့ကိုယ်ကြီးပါ ရှေ့ပါသွားခဲ့ပြီး.. ၊

"တောက်..တမင်လုပ်တာ.."

သူ့စကားကိုဟိုက ဂရုလည်းမစိုက် လှည့်လည်းမကြည့်ကြဘဲ တမင်...သွားတာမဟုတ်သလို လေးယောက်သားတန်းစီလျှောက်သွားကြ၏။

"တက်ခေါက်နေလိုက်တာလည်း..သေချာကြည့်ပါဦး၊ ဟိုကလေး...ကောင်တောင်..ပြန်လှည့်ဖိုက်တ်လာရင် အချောင်နံပြားဖြစ်ဦးမယ်.."

"အဲ့ဒါခင်ဗျားကြောင့်လေ.."

ပြောပြီး ခြေလှမ်းပါရွှေ့ကာ လက်ကိုဆောင့်ရုန်းလိုက်သည်။ ရဲက...ခေါင်းလေးတွန့်ကာ လူသွားလွတ်သည့်ဘက်ကိုကပ်၍ လက်လေးပိုက်...က်ပြီး.. ၊

"တော်တော်ယောကျ်ားမပီသတဲ့လူပါလားယူ.."

"ဘာ.."

"တစ်ခုခုဆိုတရားခံရှာပြီး လွှဲချတတ်တာ ယောကျ်ားကောင်းအလုပ်...တ်ဘူး.."

"ယောကျ်ားကောင်းတွေ ယောကျ်ားဆိုးတွေ ဘာလုပ်ကြသလဲ..ခင်...းပဲစာတမ်းပြုစုစမ်းပါ၊ ကျွန်တော်ကတော့ ဂရုမစိုက်ဘူး..ဘယ်သူဘာ...်ထင် ဘယ်လိုယောကျ်ားအမျိုးအစားထဲပါပါ.."

သူကလည်း ဇွတ်တိုးပြောတတ်တဲ့လူ.. ၊

"အဲ့ဒီတော့အခု ခင်ဗျားဆက်လိုက်မလာလို့ရပြီလား.."

မေးပြီး ဖြေတာမစောင့်ဘဲ ချာခနဲလှည့်ထွက်သွားသည်။ ရဲခဏ...ကြာင်သွားပြီးမှ.. ၊

"လိုက်ရမှာပဲ.."

ပြောပြီး နောက်ကကပ်လိုက်သည်။ ချစ်မဝပြန်ငဲ့မကြည့်ဘဲ တက္ကစီ...ား၏။ ကံဆိုးချင်တော့ တက္ကစီတွေက တားလို့မရ။ ထိုအခါ ပလက်...ောင်းပေါ်ပြန်ဆုတ်နေလိုက်ရကာ.. ၊

"နီရဲရဲနီ..ခင်ဗျားလုပ်ချလိုက်တာ ကျွန်တော်ဘာကောင်ဖြစ်သွားပြီ...သိလား.."

"အဲ့ဒါမတတ်နိုင်ဘူးလေ..ယူအဲ့လိုဖြစ်သွားတာ ဘာဖြစ်သွားနိုင်မလဲ...သိဘူး၊ ဒါပေမဲ့ အဲ့ဒီလူကြီးနဲ့ကျန်ခဲ့လို့ လုံးဝမဖြစ်ဘူး.."

"အဲ့ဒါခင်ဗျားကိစ္စ.."

"သိတယ်..ယူအဲ့လိုပြန်သွားမလို့လုပ်တာ မသိဘဲနေမလား၊ ဒါ ကြောင့်.."

"ဒါကြောင့်မလုပ်နဲ့လေ..ကျွန်တော်ကစာလာသင်ပေးပြီး ကိုယ့် ကျောင်းသူနဲ့..ကျွတ်.."

"အမလေး..တကယ်ဖြစ်သွားတာကျနေတာပဲချစ်ရယ်.."

ချစ်မဝမျက်နှာ ပန်းရောင်ရင့်တက်သွားသည်။

"ခင်ဗျားဘယ်လိုခေါ်လိုက်တာလဲ.."

"ဩော်..ဆောရီး၊ ဟွန်း..ယူကလည်း စလို့ကောင်းတော့.."

"ဘာ.."

"ဩော်..အကျင့်ပါသွားတာလို့၊ အဟွန်း.."

ရင်အုံကျယ်နှင့် ပုဆိုးဝတ်ထားပုံက သိမ်မွေ့တာထက် မဟာဆန်၏။ ညိုမြနေသည့်အသားရောင်ထက် ထူခဲသည့်မျက်ခုံးတန်းနှင့်မျက်ဝန်းစူးစူးတွေ က ဆွဲဆောင်နိုင်လွန်းသည်။ သူ့မျက်နှာကိုမော့ငေးကြည့်ရင်း ရဲကမသိ သာလေးမဟုတ်ဘဲ မျက်နှာပေါ်ကအစိတ်အပိုင်းတို့ကို တစ်ခုချင်းဖတ်ရှုလျှ လာနေရာ.. ၊

"ခင်ဗျားကျွန်တော့်ကိုများ ခရပ်ရှ်နေတာလား.."

ဒါကျတော့ မေးရဲသား..။ ရဲပခုံးလေးကျုံ့သွားကာ ခစ်ခနဲရယ်သည်။

"အဲ့လိုဆို ယူကပြန်ကြည့်မှာလား.."

"လုံး၀ နိုး.."

"ဒါဆိုမမေးနဲ့လေ..ခရပ်ရှ်သမားတွေက ဖွင့်မပြောနိုင်အောင် မပြော ချင်တာတွေကြောင့် ခရပ်ရှ်ဘ၀နဲ့ နေကြရတာ၊ အဲ..ယူ့ကိုတို့က ခရပ်ရှ်နေ ရင်တော့ ကြာကြာခရပ်ရှ်မနေပါဘူး၊ နုတောင် အတင်းလက်ဆွဲနေရတာတွေ ဖြစ်နေတဲ့ဥစ္စာ..ကိုယ့်ကိုယ်ကိုယောကျ်ားလေးလို.."

"ခင်ဗျားတော်ဗျာ.."

သူ့မျက်နှာ နီရဲနေ၏။ ရှက်တာမဟုတ်ပါ။ လူကိုမိန်းကလေးလိုပြော လိုက်သဖြင့် ဒေါသထွက်တာဖြစ်သည်။ နီရဲရဲနီဆိုတဲ့မိန်းမဘယ်လိုစိတ်တွေ ပေါက်နေတာလဲ..။ ဖေဖေတို့ပြောတာ ကြားဖူးသည်။ 'တကယ်ချစ်နေပြီဆို

းငါ ချစ်တယ်လို့ပြောဖို့မပြောနဲ့ တွေ့လိုက်ရင်တောင် ခြေဖျားအေးတာ..' မချစ်တဲ့သူတွေသာ ချစ်တဲ့စကားတွင်တွင်ပြောတာ။ တကယ်ချစ်နေရင် ပြောဘူးတဲ့။ အချစ်ဆိုတာ ပြောနေတာထက် ပြုမူနေတာကိုပဲကြည့်ရတယ် ၊ သူမမျက်နှာပေါ်က ပေါ့သွမ်းသည့်ရယ်မြူးရိပ်တွေ။ သိက္ခာမာနဘာမှ ထားဘဲ သွေးတက်သွားလောက်သည့်စကားကို လွယ်လွယ်လေးပြောချင် ာတွေ။ ဘာလဲ..လူကိုအရုပ်တစ်ရုပ်လို စကားနေတာလား..။ သူမရဲ့ ျက်ခြင်းတွေက ကိုယ့်ဂုဏ်သိက္ခာတွေကို ကျိုးပဲ့ပျက်စီးသွားစေဖို့ ရှိနေ ရော သတိထားမိရဲ့လား.. ၊

ထို့ပြင် ကိုယ်စာသင်ပေးနေရတဲ့ကျောင်းသားကိုတော့ သူငယ်ချင်း င်းမပေါင်းနိုင်ပါ။ 'ချစ်ကြောက်ရှိသေ'ဆိုသည့်စကားမှာ ရင်းနှီးခြင်း ည်းမပါ။ ပွင့်လင်းခြင်းလည်းမပါပေ။ မိဘတိုင်းလည်း ပြောကြပါသည်။ ြာက်မှချစ်သည်။ ရှိသေသမှုထားမှ ဆုံးမခြင်းကိုနာခံသည်တဲ့။ သူမက ယ့်ထက်အသက်ပိုကြီးသည်ထား ကိုယ့်ကျောင်းသားဖြစ်နေသည့်အတွက် မစိတ်ကြိုက်ကူညီပါ၀င်ပြီး ဆိုးဖော်ဆိုးဘက်သူငယ်ချင်းလိုတော့ ရင်း ခွင့်မပေးနိုင်.. ၊

"ဒီမှာနီရဲရဲနီ..ခင်ဗျားသိဖို့ ကျွန်တော်ကြိုပြောမယ်နော်၊ ခုလိုအပြု မှုတွေထပ် မလုပ်ပါနဲ့..ကျွန်တော်ကခင်ဗျားရဲ့ဆရာ၊ မရိုသေရင်နေ လေး းမှုရှိပါ.."

"ဒါဆိုလည်း ဆရာကြီးလို့ခေါ်တိုင်း ရွဲ့တယ်ချိတ်တယ်မပြောနဲ့ပေါ့.. ရာခေါ်လည်းမကြိုက် ချစ်လို့ခေါ်တော့လည်းမကြိုက်.."

"ခင်ဗျား.."

"တီ.."

သူတစ်ခုခုပြောမည်ပြင်ရုံရှိသေးသည်။ ကားဟွန်းသံနှင့်အတူ အမဲ ရောင်မာစီဒီးတစ်စီးက သူတို့နဲ့အနီးဆုံးမှာ ထိုးရပ်သွားကာ မှန်သည်လျှော နဲ့ကျသွားခဲ့ပြီး.. ၊

"ရဲလေး..ကိုယ်ကားလွှတ်ပေးရမလား.."

နှစ်ယောက်စလုံး အံ့အားသင့်သွားကြသည်။ သို့သော် ရဲကသူ့ကို ခုံးချင်းတိုက်လိုက်ပြီး နှုတ်ခမ်းလေးမဲ့၍.. ၊

"နေပါစေ..ဒီမာနမင်းသားကို ဘာနဲ့မှကိုချော့လို့ရမှာမဟုတ်ဘူး၊ သူ
က.."

"တက္ကစီ.."

လူမပါသည့်ကားကိုမြင်တာနှင့် သူလှမ်းအော်တားရင်း လက်ပြလိုက်သည်။ သို့သော် ထိုအချိန်မှာပဲ သူမှားပြီဆိုတာသိလိုက်သည်။ ယောကျ်ား မတန်မယ့်စိတ်ကောက်နေသလိုလို ရဲရဲပြောသွားသည့်စကားတွေအတိုင်း သူ့ဒီလုပ်ရပ်နဲ့ သက်သေပြလိုက်သလိုဖြစ်သွားခဲ့ပြီဆိုတာ သေချာနားလည်သွားသည့်နောက်.. ၊

"ဂျိမ်း.."

"ဂျိမ်း.."

သူ့ဒီကက်က ခင်ကိုင်ဒိုက်တာနှင့် [illegible] ပြီးဖြစ်ကာ.. ၊

"ယူက သူ့ရှေ့မှာထွက်ပြေးတော့ တို့လည်းအရှိန်နဲ့ဆက်လိုက်ရတာပေါ့..သူထွက်သွားရင်ပြီးပြီကို၊ ခဏလေးတောင်မအောင့်နိုင်ဘူး..တကယ်ပဲ"

အဲ့ဒီမှာ ဆရာခေါ်လိုက်တော့ မင်း....

♦ ♦ ♦ ♦

အခန်း(၁၇)

"ရပ်..ရပ်.."

ကားသည်မီးပွိုင့်ကျော်ရုံပဲရှိသေးသည်။ သူ့အသံကြီးပေါ်လာ၏။

"ဟိုရှေ့ကဆိုင်ရှေ့အရိပ်မှာ ရပ်ပေးအစ်ကို..တစ်ယောက်ဆင်းမယ်.."

ကားက အရှိန်နှေးကျသွားသည်။ ရဲကသူ့ကိုလှည့်ကြည့်ကာ.. ၊

"ဘယ်တစ်ယောက်ဆင်းမှာလဲ.."

"ခင်ဗျား.."

"အို..ဒီမှာအိမ်စီးဖိနပ်ကြီးနဲ့၊ လူကဖိုသီဖတ်သီ..လမ်းလျှောက်မပြန်နိုင်ပါဘူး.."

"ခင်ဗျားကိုရော ဘယ်သူကတင်ခေါ်လာတာမို့လို့ တာဝန်ယူရမှာလဲ"

"ဘာပဲဖြစ်ဖြစ် ယူကဖွတ်ထွက်သွားလို့ လိုက်ချော့ရတဲ့ပုံပေါက်အောင် ရဲကကပ်လိုက်ခဲ့ရတာလေ..အဲ့ဒါယူနဲ့ပဲဆိုင်တယ်.."

ကားက လုံးဝရပ်သွားလျှင် ပိုက်ဆံတောင်းသည့်အဘွားအိုတစ်ယောက် မှန်ဘေးရောက်လာပြီး လက်ခုပ်လေးခံပြီး တောင်းနေ၏။ ရဲကသူ့ဘက်လှည့်လိုက်ပြီး.. ၊

"ပိုက်ဆံငါးရာလောက်ပေးစမ်းပါ.."

"*ခင်ဗျားပေးချင် ခင်ဗျားထုတ်လေ..*"

"ဟယ်..စိတ်ပုတ်လှချေလား.."

"ဟုတ်တယ်..ခင်ဗျားထင်တာထက်တောင် ပိုသေးတယ်.."

အဘွားအိုကြည့်တော့ တမင်ခါးကုန်းထားပုံပေါ်ကာ မျက်နှာကတကယ့်မာမာချာချာ ကြည်ကြည်လင်လင်ကြီး။ သူနှာခေါင်းရှုံ့ပြီး တစ်ဖက်လှည့်လိုက်မိသည်။ ရဲက သူ့ဖိုင်နဲ့ရောကိုင်ထားသည့် ပိုက်ဆံအိတ်ပြားလေးကို ဆတ်ခနဲဆွဲယူလိုက်လျှင်.. ।

"ဟာ..ခင်ဗျား.."

"ငါးရာပဲယူမှာ ပြန်ပေးမယ်.."

မှန်ချ၍ အဘွားအိုလက်ထဲ သေချာထည့်ပေးသည်။ ပြီးတော့.. ।

"အဘွား လမ်းမကူးနဲ့ဦး..မီးပွိုင့်လွတ်နေပြီ.."

လို့ ပြောလိုက်သေးသည်။ ချစ်မဝဘက်လှည့်လိုက် အဘွားအိုဘက်လှည့်လိုက်။ တစ်ယောက်ဟည်းအလုပ်ရှုပ်နေသည့် သူမဆံပင်တွေက ပခုံးထက်မှာ တဝေ့ဝေ့နှင့် တစ်ချက်လေးမှအငြိမ်မနေရရှာ။ ပြီးတော့မှ သူ့အိတ်ကို ဖိုင်ပေါ်ပြန်တင်ပေး၍.. ।

"အသက်ကြီးတဲ့အဘိုးအဘွားတွေကိုလှူဖို့ ဒီအဘွားတကယ်အိုရဲ့လား.. တကယ်နာရဲ့လားလို့ ဘယ်တော့မှတွေးမနေနဲ့၊ သူတို့မှာ ဘဝအခြေအနေတွေအမျိုးမျိုးနဲ့ ရပ်တည်နေကြရတာ..လွက်တောင်းနေရပြီဆိုတည်းက သူ့တစ်ဝမ်းတစ်ခါးစားရဖို့ဖြစ်ဖြစ် မြေးသားတွေကိုရှာဖွေကျွေးနေတာဖြစ်ဖြစ် သူလိုအပ်တာလေးရသွားရင် သူငြိမ်းချမ်းနေမှာပဲ..တုန်တုန်ချိချိဖြစ်မနေသေး ရင်လည်း ကိုယ့်မိဘအရွယ် သက်ကြီးရွယ်အိုတွေပါ၊ တောင်းရတဲ့အလုပ်ကို ဘယ်သူကလုပ်ချင်မှာလဲ..မဟုတ်ဘူးလား.."

"ဘာလို့တောင်းနေတာလဲဆိုတာ စိတ်ဝင်စားရင် ခင်ဗျားသွားမေးလေ..အခု ကားပေါ်ကဆင်း.."

"ဘယ်လိုတောင်ဆက်ဆံရေးကျဲနေတာလဲ..ယူနဲ့တို့ သူစိမ်းတွေလည်းမဟုတ်ဘဲနဲ့.."

ကျွတ်.. ဒီမိန်းမ တောင်းတဲ့အဘွားအိုဆီ အာရုံပြောင်းပြီး လိုက်ဖို့

ငြင်သည်။ ပြောင်ပြောင်နှင့်လွတ်တော့လည်း မသွား.. ।

"ဒီကားနဲ့အိမ်ပြန်ပို့ပေး.."

"ကိုယ့်ဘာသာကားငှားလေဗျာ..သွားလာနေတဲ့တက္ကစီတွေမှ အများကြီး၊ ကျွန်တော်ဆေးရုံပြန်ဝင်ရဦးမှာ နောက်ကျလို့မဖြစ်ဘူး.."

သက်သက်ညစ်နေတာမို့ သူလည်းနည်းနည်းမှအလျှော့ပေးဖို့မစဉ်းစားနိုင်။ တက္ကစီဒရိုင်ဘာကလည်း အေးဆေးပုံရှိကာ ဘာစကားမှဝင်မပြော။ ရယ်ခြင်းပြုံးခြင်းလည်းမဖြစ်ဘဲ တိတ်ဆိတ်စွာစောင့်နေခဲ့၏။ ရဲက သူ့ဘက်ကို မျက်စောင်းထိုးသလိုငဲ့ကြည့်ပြီး မဲ့သည်။ ပြီးတော့ တံခါးဖွင့်ဖို့ လက်တင်လိုက်ရင်း.. ।

"တူသောအကျိုးဆိုတာ ပေးတတ်တယ်သိလား..သူများဒုက္ခကိုစာနာတတ်မှ ကိုယ်ဒုက္ခတွေ့ရင် စာနာမယ့်သူရှိမှာ.."

"အကြီးကြီးတွေခြွေမနေနဲ့..ခင်ဗျားအိမ်လှည့်ပြန်ရမှာ နီးနီးလေး၊ ကျွန်တော်သွားရဦးမှာအဝေးကြီး.."

"ရတယ်..ဖြစ်တယ်၊ ကိုယ့်ဘာသာပြန်မယ်..ဟွန်း.."

ပြန်..

နှုတ်ဆိတ်ရင်း ရင်ထဲကစကားသံဖြင့် လွတ်လပ်စွာတုံ့ပြန်လိုက်သည်။ မျက်နှာလွှဲလိုက်ပြီးမှ ဖျတ်ခနဲသတိထားမိလိုက်သော မြင်ကွင်းတစ်ခုကြောင့် သူချက်ချင်းပြန်လှည့်ကြည့်လိုက်မိသည်။

ဟင်.. ဘာလဲ..

ရဲရဲ့နောက်ကျောပြင်ထိပ်မှာ ဇစ်ပွင့်ကျနေသည်။ ဒီတိုင်းသာဆက်လျှောက်သွားရင် နောက်ထပ်တအိအိပွင့်ကျပြီး ဘယ်လောက်ထိ အဖြစ်ဆိုးသွားမလဲ..။ သူ့ကိုယ်ကြီးတောင့်ခဲသွားသည်။ ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ မလှမ်းမကမ်းမှာ အနေးယာဉ်ဂိတ်တစ်ခုရှိကာ ဆိုက္ကားတွေရော ဆိုင်ကယ်လ်တွေရော ယောကျာ်းတွေကလည်း အုပ်စုဝိုင်းဖွဲ့လျက်.. ।

မဖြစ်ဘူး.. သူ့ဝတ်ရဲလို့ ပေါင်တိုလည်ဟိုက်ဝတ်တာက အဆန်းမဟုတ်ပေမယ့် ဇစ်ပြုတ်ပြီးဖရိုဖရဲဖြစ်နေသည့်ပုံစံနှင့် ကားပေါ်ကဆင်းသွားတာက ဘယ်လိုမှမဖွယ်ရာ.. ।

"ရဲ..နေဦး.."

သူအတင်းပြေးလိုက်သည်။ အကျယ်ကြီးခေါ်လိုက်မှ သူမကိုလူတွေသတိထားကြည့်ကုန်ကြမှာမို့ အသံကိုငုတ်စေ၍ ခြေထောက်တွေကိုပဲတွန်းပို့လိုက်ရကာ.. ၊

"နေပါဦးအော်နေတာကိုကွာ.."

အနားရောက်မှ မချင့်မရဲပြောမိကာ သူမကျောနောက်မှာ နီးနီးကပ်ကပ်ရပ်လိုက်သည်။ ရဲကလှည့်ကြည့်ပြီး တအံ့တသြ.. ၊

"ယူလိုက်လာတယ်.."

"မလှည့်လိုက်နဲ့.."

သူမက သူ့ကိုစကားပြောရင်း မျက်နှာချင်းဆိုင်လှည့်ရပ်သည်။ ဟိုအုပ်စုဘက်ကို ကျောပေးလိုက်သလိုဖြစ်မှာစိုးကာ ချစ်မဝသူမပခုံးလေးကိုအတင်းဖိကိုင်ကာ ဟိုဘက်ပြန်လှည့်နေစေလျက်.. ၊

"ဘယ်ကိုချီတက်နေတာလဲခင်ဗျားက..ကားငှားတာပဲ ကားပေါ်ကဆင်းတာနဲ့ လက်လေးပြလိုက်ရင် မပြီးဘူးလား.."

"မသိဘူးလေ..နေရာတကာ ကားမရပ်ရဘူးဆိုတော့ မှတ်တိုင်ထိသွားတားမလို့.."

စကားပြောရင်း လည်ပင်းလေးလိမ်ကြည့်သည်။ ပြီးတော့ အားမလိုအားမရဒီဘက်လှည့်ဖို့ကြိုးစား၏။ သူ သူမ၏ပခုံးလေးနှစ်ဖက်ကို နောက်ကနေဖိဆုပ်ထားနေရင်း မျက်နှာလေးနားကပ်၍.. ၊

"ခင်ဗျားအင်္ကျီဇစ်ပြုတ်နေတာသိရဲ့လား.."

"ဟင်.."

"ဩော်..ငြိမ်ငြိမ်နေပါဆိုမှ.."

"ကြည့်ချင်လို့.."

"ကြည့်ရအောင် ခင်ဗျားမှာနောက်မျက်စိပါလို့လား.."

"မဟုတ်ဘူးလေ..ဟို ဘယ်မှာလဲဟင်.."

"ဘယ်မှာဖြစ်ဖြစ်..ဟိုစမ်းဒီစမ်းလုပ်မနေနဲ့၊ တခြားလူတစ်မျိုးထင်လိမ့်မယ်.."

"ဒါဆိုဘယ်လိုလုပ်ရမှာလဲ..ယူဒီတိုင်းပဲရပ်နေပေးလို့ရမှာလား.."

သူအကြံအိုက်သွားသည်။ နောက်ဆုံး သူဝတ်ထားသည့်ရှပ်အင်္ကျီကို

ပဲ ကြယ်သီးတွေဖြုတ်ရင်း.. ၊

"ကျွန်တော့်အင်္ကျီခဏခြုံသွား..အဲ မခြုံနဲ့၊ လေလွင့်ပါသွားရင်ခက်ဦးမယ်..ကြယ်သီးတွေတပ်မနေဘဲနဲ့ ဒီတိုင်းစွပ်ချသွားလိုက်.."

"ယူကရော.."

သူ့မှာအောက်ခံစွပ်ကျယ်လက်တိုလေးပါသည်။ ဒီလိုဝတ်ပြီးအပြင်မှာ မသွားမလာတတ်ခဲ့ပေမယ့် မတတ်နိုင်။ လမ်းဘေးမှာပဲ သူ့အင်္ကျီကိုချွတ်၍ ရဲရဲ့ပခုံးလေးပေါ်ခြုံလေးလိုက်သည်။ ဘေးလူရှုတ်တရက်မြင်လျှင် အaw mR0တဲ့စုံတွဲပဲလို့ မြင်သွားကြမလား..ဘာထင်ကြမလဲ..။ တွေးနေတုန်းချပ်ခနဲဓာတ်ပုံရိုက်သံ ညက်ညက်လေးကြားလိုက်ရသည်။ လှည့်ကြည့်လိုက်တော့ ဖုန်းကြည့်နေသည့်မိန်းကလေးတစ်ယောက်တွေ့၏။ ဓာတ်ပုံရိုက်လိုက်ပြီဆိုတာသိပေမယ့် သူမဟုတ်သလိုရှိနေခြင်းကြောင့် စွပ်စွဲလို့လည်းမဖြစ်..

"ခင်ဗျားလက်လျှိုလိုက်လေ.."

"အင်း..နည်းနည်းကူပေး.."

မသိရင် သူမကိုအင်္ကျီဝတ်ပေးနေရတဲ့အဖြစ်နှင့် သူဘယ်ဘဝရောက်နေတာလဲ..။ အင်္ကျီဝတ်ရင်း ရဲ့နူတ်ခမ်းလေးတွေ အသံတိတ်ပြုံးနေတာ ရှိသမျှသွားစွယ်လေးတွေ အကုန်ပေါ်၏။

တိုးတိတ်တိတ်
ခပ်မဆိတ်ရင်ခုန်
သူတံခါးခေါက် ကြောက်ဒူးတုန်
ကျွန်မဘဝ ဒီခဏမှာ
ဤသို့ရှိသော် ရှိခဲ့သော်.....

♦♦♦♦

အခန်း(၁၈)

"ဘာလို့သားဟေရင်ခုန်ရမှာလဲ.."

"ရင်ခုန်နေလို့ တစ်လောကလုံးမှာ နှစ်ယောက်တည်းရှိသလို လုပ်နေတာပေါ့..ကြည့်စမ်းပါဦး၊ ချစ်နေလိုက်ကြတာ..နားနားကပ်ပြီး နမ်းတော့မယ့်အတိုင်း၊ နေပါဦး နမ်းနေတာ့များလား..သေချာကြည့်စမ်းလွင်.."

ဒေါ်ဝင်းမာက ယောက်မဖြစ်သူကိုဖုန်းထိုးပြပြီး စစ်ကူခေါ်နေသေးသည်။ ဒေါ်နုလွင်ကတော့ သားမျက်နှာကိုပဲ ကြည့်နေခဲ့လျက် ပြောလာမည့်နောက်အကြောင်းပြချက်တို့ကို မျှော်လင့်နေခဲ့သည်။ ချစ်မဝမျက်နှာက ရှုံ့မဲ့နေကာ ဘာမှကိုပြောချင်စိတ်မရှိတော့သလို ဆံပင်တွေထဲလက်ချောင်းတို့ထိုးသိပ် ထည့်ထားရင်း.. ၊

"ပြောရင်လည်းယုံမှမယုံတာ မပြောချင်တော့ဘူး.."

"ယုံတယ်လေသားရဲ့..ဒါပေမဲ့ သားပုံစံကအမြင်မတော်လို့ ကူညီပေးနေတာနဲ့မှမတူဘဲ၊ မိန်းကလေးကလည်း ပြုံးနေတာ အကျီဇစ်ပြုတ်နေလို့ ရှက်နေတာမျိုး လုံးဝမဟုတ်ဘူး..သားတို့နှစ်ယောက်ကို R0လိုက်တာဆိုပြီး ဓာတ်ပုံရိုက်တဲ့သူရှိလာလို့တောင် ဒီလိုပြန့်နှံ့သွားတာလေ.."

"အဲ့ဒါ.."

"သားရဲ့စေတနာတွေက သားပြောနေတာထက်တော့ပိုတယ်ဆိုတာ"

"လုံးဝမဟုတ်ဘူးမေမေ..အဲ့ဒါလုံးဝကိုမဟုတ်တာ.."

ချစ်မဝ ဘယ်လိုပြောလို့မှဝန်မခံပေ။ မဟုတ်ဘဲနဲ့ ဇွတ်ကြီးဝန်ခံစေချင်နေတာကိုလည်း သဘောမပေါက်နိုင်တော့ပေ။ အကြောင်းကဘာလဲ..ခေစပ်ဖို့သဘောတူထားတဲ့ သူရစိုးစိုးတို့အိမ်သားတွေ သိကုန်မှာစိုးလို့လား..ဟုရည်းစားထားနေတယ်ဆိုပြီး အပြစ်မြင်တာလား ဒါမှမဟုတ် ကိုယ့်ကျောင်းသူနဲ့မတင့်တယ်တာကို ရှည်လျားစွာဆုံးမဖို့ ခိုင်မာစေချင်တာလား..သူဘာမှမဟုတ်ဘဲ ဖြုန်းခနဲကြီးနာမည်ထကြီးသွားသည့် တိုက်ဆိုင်မှုကို ဘယ်လိုရှင်းပြပြ မခိုင်လုံချည်းဖြစ်နေတာ ကြာတော့စိတ်ပျက်လာမိသည်။ အဆိုးဆုံးက ဒေါ်လေး..။ တစ်ခုခုဆို သူများကမျက်မှောင်ကြုတ်ရုံ မျက်လုံးပြူးအံ့ဩကြမည်။ သူမသိပြီဆိုရင်တော့ 'အမလေးလေး'မှ အစပြု၍ ရင်ဘက်ဖိမည်။ ခါးတောင့်ထားမည်။ ကံမကောင်းလျှင် 'ဘုရား'တဖို့လည်းရှိသေးသည်။ ထို့နောက် ဟိုလူသိပြီးပြီလား..ဒီလူပြောပါဦးစသဖြင့် တစ်ယောက်စတစ်အိမ်လုံးမပါမချင်း မိတ္တူပြု၍.. ၊

"ငါကတော့ လုံးဝမယုံဘူးလွင်ရေ..လူကိုမကြည့်နဲ့ ပုံကိုကြည့်၊ နှစ်ယောက်စလုံး ကြည်နူးနေလိုက်ကြတာ.."

"ဒေါ်လေး.."

"ဒီမှာမြင်နေရတာကို ပြောတာလေ..ကျုပ်တူကိုဒီလိုဆယ်တန်းတန်းဗုန်းကျပြီး မိဘလုပ်စာထိုင်ဖြုန်းနေတဲ့မိန်းကလေး အပျော်အပါးပဲသိပြီး အပေါင်းအသင်းတွေနဲ့ အချိန်ကုန် ဘဝကချိုသလား ခါးသလားမေးရလောက်အောင် ပေါ့ပျက်ပျက်.."

"သြော်..ကဲ ကိုယ့်ကလေးကိုဆုံးမပါဆို ဘယ့်နှယ်သူများသားသမီးကိုချည်း ဖိတွယ်နေတာလဲဝင်းမာရယ်၊ သူများကြားလို့လည်းမကောင်း.."

"ကွယ်ရာမှာပြောပြီဆိုမှတော့ ကြားကောင်းတဲ့စကားပါပါ့မလား.."

"အဲ့ဒါကြောင့် သူများအကြောင်းမပါစေနဲ့လေ..ကိုယ့်သားသမီးကိုပဲဆုံးမစမ်းပါ.."

"ကိုယ့်သားသမီးကိုပဲ ဆုံးမရအောင် သူမခြံထဲလေးဘက်ထောက်

ဝင်ပြီး မာလကာသီးသွားခိုးတာမှမဟုတ်တာ..ဒီကောင်မလေးနဲ့ အတူတူ မေတ်ပုံကြီးထွက်နေတဲ့ကိစ္စ ဒီကောင်မလေးမပါလို့ရမလား၊ ဘယ့်နှယ် ဘယ်လောက်မှမကြာသေးဘူး..ငါတို့ကောင်လေးကို ဘယ်လိုစည်းရုံးလိုက် နိုင်တာလဲ.."

"မစည်းရုံးပါဘူးဒေါ်လေးရာ..အဲ့ဒါကိုဘယ်လိုရိုက်ယူသွားတယ်မသိ ဘူး၊ သားလည်းကြည်နူးနေတာမဟုတ်ဘူး..သူလည်း.."

"သူပြုံးနေတာကြီးကို မပြုံးပါဘူးဟုတ်လား.."

ဝင်းမာက အသေငြင်းဖို့ပြင်၍ ဖုန်းကိုထိုးပြပြီး ကိုယ်လေးပါရှေ့ကိုင်း လျက်.. ၊

"ကြည့်ဦးဒီမှာ.."

ချစ်မဝ မျက်နှာလွှဲပစ်လိုက်တော့ ဖုန်းကိုမျက်နှာအောက်ရောက် အောင် ထပ်တိုးပြပြီး.. ၊

"ဘာလဲ..ဖုန်းထဲကျမှ အဲ့ဒီပါးစပ်ကြီးကို ချဲ့ချဲ့ပြုံးခိုင်းလိုက်တယ် ပြောချင်တာလား၊ အသိသာကြီး.."

ထိုစဥ် ဖုန်းသံမြည်လာသဖြင့် မေမေထသွားသည်။ ဒီပုံပြဿနာများ လားလို့ တွေးလိုက်မိကာ ချစ်မဝခေါင်းကြီးသွား၏။ ဒီပုံကိုဘယ်သူရိုက်ပြီး ဘယ်လိုပျံ့နှံ့ကာ ကိုယ့်အသိုင်းအဝိုင်းထဲက မြင်ကုန်ကြသည်ဆိုတာ မသိ။ ဆေးရုံမှာလည်း သူငယ်ချင်းတွေက ပြုံးစိစိ။ အိမ်ပြန်လာတော့လည်း မေး ခွန်းတွေနဲ့ ဆူခံထိသည်။ မဟုတ်အူးဆိုတာကလွဲပြီး သူလည်းမရှင်းတတ် တော့ဘဲရှိစဥ်..၊

"ကဲ..မေမေစိုးရိမ်နေတဲ့အတိုင်းပဲ စိုးစိုးတို့အိမ်ကမေးလာပြီ.."

"ငါကတော့ရိပ်မိနေပြီ..ငါတို့ကလေးက မလိမ်တတ်ဘူး၊ ယောကျ်ား လေးကကူညီတာကို ဒီကောင်မလေးတစ်ဖက်သတ်သဘောကျနေတာပဲဖြစ် မယ်..ဒါမှမဟုတ် ဒီလိုဖြစ်အောင်တမင်.."

"ဒေါ်လေးကလည်းဗျာ..မိန်းကလေးတစ်ယောက်က ကိုယ့်အကျီ ကိုယ်ဇစ်ပြန်ဖြုတ်ပြီး လမ်းပေါ်တက်လျှောက်ပါ့မလား.."

"ဟင်.."

"ရဲဘယ်လိုမိန်းကလေးဖြစ်နေနေ..ဒီလိုကြီးတော့ လုပ်မှာမဟုတ်ပါ

ဘူး.."

"ကြည့်စမ်း.."

ဒေါ်လေးရဲ့ချိုးချိုးဖွဲ့ဖွဲ့စကားတွေကို နားမခံသာတော့သဖြင့် ဝင်ပြော လိုက်မိသည်။ 'ကြည့်စမ်း'ဆိုသည့် အာမေဋိတ်သံကြားမှ မျက်နှာတစ်ပြင် လုံး ဖျန်းခနဲပူ၏။ ဒေါ်လေးမျက်နှာမယုံနိုင်သလိုဖြစ်နေဆဲနှင့်.. ၊

"ငါကသူ့ဘက်ကလိုက်ပြောပေးမလို့ကို.."

မယုံနိုင်ခြင်းတွေက အလိုအလျောက်အတည်ဖြစ်သွားသည်။ ဒါပေ မဲ့..

သူနဲ့ကျွန်တော် လုံးဝမဟုတ်..

◆◆◆◆

အခန်း(၁၉)

"လုံးဝမရည်ရွယ်ခဲ့ဘူး..တကယ်ပြောတာ၊ အဲ့လိုအဆင်ပြေသွားမယ်လို့လည်း လုံးဝမထင်ခဲ့ဘူး.."

တစ်ခါတလေ အိမ်ကိုရောက်လာတတ်ကြသည့် သူငယ်ချင်းတွေထဲမှာ ပြောစရာစကားတွေ တစ်ပုံကြီးရှိနေသော ရဲအသံချည်းပဲဖြစ်နေခဲ့သည်။ နေ့က သူ့အကြောင်းပြောပြရင်း မိန်းကလေးတွေချည်းမို့ နှိုက်နှိုက်ချွတ်ချွတ်တွေလည်းပါကာ.. ၊

"သူ့အကျီကို ငါ့ဘေးမှာခေါင်းအုံးလေးနဲ့ ထားထားလိုက်တယ်..သူကိုယ်နံ့လေးကလည်း သင်းသင်းလေးပဲ.."

"ဖြစ်ရလေရဲရယ်..ဂိုက်ဒ်ခေါ်ထားတဲ့သတင်းကြားတုန်းကတော့ ငါ့ကိုသင်မယ့်ဆရာက အသက်လေးလက်တောက်လောက်နဲ့ လူကဂေါ်ဇီလာဆို.."

"အင်း.."

"အသားညိုညို မျက်နှာပေါက်ကဆိုးဆိုးနဲ့ ကြိမ်လုံးဆွဲလာမလားတောင် မသိဘူးတဲ့.."

"ဒါလည်းဟုတ်တာပဲ.."

"အသေစိတ်ညစ်တယ်ဆို.."

"ညစ်ခဲ့တယ်လေ.."

"ခုမညစ်တော့ဘူးပေါ့.."

"မြင်တဲ့အတိုင်းပဲ.."

ရဲက ကိုယ့်မျက်နှာကိုလက်ညှိုးပြန်ထိုးပြီး စပရင်လည်ပင်းနှင့် အ...လေးတွေတုန်သလို ခေါင်းကိုတုန်ပြီး ရယ်နေလျက်.. ၊

"ခ ခ ခ ခ.."

"အမလေးဟယ်..ရယ်တာတောင် မုန်းစရာကောင်းအောင် ရယ်...သည်းရယ်တတ်တယ်.."

အိမ့်သက်က ပခုံးကိုတွန်းပစ်ပြီး မုန်းတယ်ပြောရင်းရယ်နေ၏။ အေး...မြိမ်းစံက အလုပ်တွေကိုယ်စီနဲ့မို့ အိမ်လည်ရောက်လာကြပေမယ့် စကား...င်ပြောလိုက် ဖုန်းထပြောလိုက်။ တကယ်ပြောဖြစ်နေကြတာက ရဲနဲ့အိမ့်...က်နှစ်ယောက်တည်း.. ၊

"ငါတကယ်သိလား..ဘာမှရည်ရွယ်မထားဘဲဖြစ်ကုန်တာ.."

"ဘာတွေလဲ.."

"ဦးဂျွန်ကြီးက လူကိုမြင်လိုက်တာနဲ့ ငါ့ပေါင်ကိုပဲမျက်လုံးကြီးတ...းဝင်းနဲ့လေ..နောက်ပြီး ငါမြင်ရတဲ့နေရာမှာရှိနေတတ်တဲ့မယ်မြတို့လည်း...ဘူး၊ အထဲက မိသီတို့အသံတွေလည်း ဘာမှမကြားရဘူး.."

"မကြားရတာ ဘာဖြစ်လို့လဲ.."

"တစ်ခါကလည်း သူဒီလိုပဲမယ်မြတို့ကို ဟိုခိုင်းဒီခိုင်းနဲ့ ပထုတ်လိုက်...ဘာတွေကြံပြီး ဘာတွေလုပ်ချင်တာလဲ တွေးတောင်မတွေးရဲဘူး.."

ထိုစဉ်ကလည်း ဖေဖေ့မန်နေဂျာဖိုင်လာတောင်းတာနဲ့တိုးလို့ နေပါ...ကပ်ပြောပြီး မယ်မြတို့ပြန်လာမှပြန်ခိုင်းလိုက်ရသည်။ မေမေတို့ကိုပြော...မယုံနိုင်သလိုဖြစ်ကုန်သည်။ ယုံတယ်ဆိုတော့လည်း သူဘာမှမလုပ်...းတာမို့ စွပ်စွဲရခက်နေခဲ့ပြီး ဒီကိစ္စမေ့ပျောက်ခဲ့၏။ ဒါကို ဒီတစ်ခါဘယ်...သတ္တိနဲ့ နှစ်ယောက်တည်းနေခဲ့ရမလဲ...။ ထို့ပြင် မယ်မြတို့ကိုကားထဲက...ခဲ့နေသည့်ရှုန်မှိုင်းအခင်းကြီးတစ်ခုလုံးထုတ်ပြီး နေလှန်းခိုင်းထားတာရော

ဘာအကြံနဲ့လဲ.. ၊

"ဒါဆိုတကယ်ကြံနေတာပဲ.."

"ဟဲ့..ဘာတွေကြံနေတာလဲ၊ ငါ့လည်းပြောကြပါဦး.."

"ခုမှမယ်မင်းကြီးမ..သူငယ်ချင်းအိမ်လာတာ ဖုန်းပြောဖို့ကျနေတာပဲ.."

"မဟုတ်ပါဘူးဟာ..ငါ့အထက်လူကြီးက တကယ့်ငရုတ်သီးရယ်.."

"မသိဘူး..စာမေးပွဲတဖုန်းဖုန်းကျနေတဲ့ငါ့ရှေ့မှာ အလုပ်တွေအကိုင်တွေ သိပ်ထုတ်မကြွားနဲ့.."

"ကြွားစရာလားရဲ့ရယ်..လစာလေးနှစ်သိန်းပဲရတဲ့ဟာ.."

ပြဿနာကိုသိချင်ပေမယ့် ထိုကိစ္စပြောရခြင်းကို မရောက်နိုင်ခဲ့ဘဲ..၊

"ပြောစမ်းပါ..ဦးဂျွန်ကြီးက ရဲကိုတကယ်ကြီးလား.."

"ဟုတ်ပ.."

"မထင်ရဘူးနော်..သူလည်းရုပ်သိပ်မဆိုးပါဘူး.."

"ဟုတ်တယ်..မချောတာနဲ့ ဝတာလေးပဲရှိတာ.."

ပြောပြီး မဲ့ရွဲ့မျက်စောင်းထိုးတာ ဘယ်ဆီကိုမှန်းမသိ။ သူမ ဒီလူကို နည်းနည်းလေးမှကြည့်မရခဲ့ပေ။ ကြောက်တာလည်းအမှန်ပဲဖြစ်၏။ ချစ်မဝ ပြန်မှာကို ထွက်လိုက်သွားမိတာကတော့ မသိစိတ်တစ်ဌာနက အားကိုးစိတ်ပဲလား..ဒါမှမဟုတ် ရင်းနှီးနေမိတာလား ဒါမှမဟုတ်ဘူးဆိုရင် သူနဲ့ဤသို့ နီးစပ်ဖို့အတွက်လား.. ၊

"လူတစ်ယောက်ကိုဒေါသတွေ မုန်းတီးစိတ်တွေဖြစ်မိနေတုန်းမှာ လူတစ်ယောက်ကိုသဘောကျသွားတာ တော်တော်ဆန်းတယ်မထင်ဘူးလား.."

"ရောက်သွားပြန်ပြီဟိုတစ်ယောက်အကြောင်း.."

"ဟုတ်တယ်..တစ်ပြိုင်တည်းကြီးလေ.."

"မဆန်းပါဘူး..တစ်ယောက်ကိုမုန်းပြီး တစ်ယောက်ကိုသဘောကျတာ၊ ချစ်သွားတာမှ မဟုတ်သေးတာ.."

ချစ်ရင်ချစ်တယ်ပေါ့..သဘောကျတယ်လို့လှည့်မွှေတော့ အိမ့်သက်ကပြန်ရွဲ့သည်။ ရဲက သူမကိုပခုံးချင်းထိကပ်တိုက်ပြီး ရယ်ကာ.. ၊

"ဒီမှာမိန်းမ..ချစ်တယ်ဆိုတာကမှ ဖြစ်ပေါ်ပုံတွေ အမျိုးမျိုးကွဲပြား

နေသေးတယ်၊ သဘောကျတယ်ဆိုတာ တစ်ကြောင်းပဲရှိတယ်..ဘာလဲသိသား.."

"မသိဘူး.."

"သဘောကျတယ်ဆိုတာ နွေးသိမ့်ခြင်း..ကိုယ်မသိလိုက်ခင် စိမ့်ဝင်နေခြင်း၊ ဖြူစင်ခြင်း နှစ်သက်လိုလားစိတ်တွေဖြစ်နေခဲ့ခြင်း..ဘာဖြစ်ဖြစ်နားသည်နိုင်ခြင်း သူ့အတွက်ဆို...."

"အောင်မယ်လေး..တစ်ကြောင်းပဲရှိလို့တော်တော့တယ်၊ ကိုယ့်ရင်ထဲရှိတာတွေပြောတယ်ဆိုလည်း ဖြစ်ပါတယ်ရဲရယ်..ပြောကိုမပြောချင်တော့ဘူး၊ ဘယ်တုန်းတည်းက ကြိုက်နေသလဲမသိဘူး.."

"အိမ့်သက်ရယ်..အဲ့ဒါတွေအားလုံးက အချစ်ဆီကိုပဲသွားကြတာလေ၊ အဲ့ဒါကသေချာတဲ့လမ်းကြောင်းပဲပေါ့..မြင်လိုက်ကြားလိုက်လို့ ချစ်စိတ်ဝင်ဘာမျိုးနဲ့မတူဘူး၊ လုံးဝကိုမတူဘူး..ငါသူ့ကိုကြည့်မရဖြစ်ခဲ့တယ်၊ တစ်ခါတစ်ခါခင်သလိုလို သူဒီလောက်တောင်ဆက်ဆံရေးကျဲရလားဆိုပြီး အထူးအဆန်းလိုလို တစ်ခါတစ်ခါကျတော့ စိတ်ပျက်သလိုလို ခုကျတော့ ငါတော်တော်ကြီးကို သဘောကျနေတာ ကြည့်စမ်း.."

သူကိုယ့်အသားကို နည်းနည်းလေးထိမိလိုက်တာနှင့် တစ်ကိုယ်လုံးပျော့ခွေပျော်ကျသွားတော့မတတ် ဖြစ်သွားခဲ့တာ ရင်တန်ပန်းတုန်။ ခြေဖျားလက်ဖျားတွေအေးကာ သွေးတွေပါကျင်၏။ ရည်းစားဆို ဇီးပြားတောင်မစားခဲ့ဘူးတဲ့သူပါဆိုရင်လည်း ဒါကသဘာဝကျသေးသည်။ တကယ်တမ်း ရည်းစားရှိပုံမပေါ်တာက သူပါ။ ဒါပေမဲ့ သူကတော့ပြဿနာကိုဖြေရှင်းပေးလိုက်ဘာမျိုးသာ.. ၊

"ဟဲ့..နင်တို့စဉ်းစားကြည့်စမ်း..သူရော ငါ့လိုရင်ခုန်နေနိုင်လား.."

"စာအုပ်အထူကြီးတွေနဲ့ မျက်နှာအပ်နေလောက်ပြီ.."

"ကျေးဇူးပဲ.."

"ဟား ဟား ဟား.."

"သေအောင်ရယ်ကြ.."

အေးက ရဲ့မျက်နှာလေးကို လက်ညှိုးလေးနဲ့ထောက်၍ တွန်းပစ်လိုက်သည်။ ပြီးတော့ ပြောမှုပိုရယ်၏။ ထိုစဉ် ဒေါ်မြတ်ပန်းနီဖုန်းကိုင်ရင်း သူမ

တို့နားကိုရောက်လာကာ.. ။

"ဒီနေ့ဆရာလေးမလာဘူးသမီး..သူငယ်ချင်းတွေလည်းရှိတော့ လွတ်လွတ်လပ်လပ်နေကြ.."

ဟင်..

ခါတိုင်းလိုသာဆို ဒီလိုသတင်းမျိုးရလိုက်လျှင် ရဲထခုန်မိမှာပေမယ့် ဒီနေ့ကျမှ.. ။

"ဒီတစ်ပတ်သူလာမှာမဟုတ်ဘူး..ဆေးရုံမှာ ဆင်တုပ်ကွေးလူနာတွေနဲ့ ကျပ်နေလို့တဲ့၊ ဟုတ်မှာပေါ့..ဆရာဝန်တွေအလုပ်ရှုပ်နေကြမှာ.."

ရယ်နေကြသည့်မျက်နှာတွေ တည်သွားသည်။ အသံတွေလည်း တိတ်ကုန်ကြ၏။ ဒီလိုကျတော့လည်း စိတ်မကောင်းဖြစ်သွားကြရကာ ရဲမျက်နှာလေးကို မသိမသာငဲ့ကြည့်ကြ၏။

"သူသမီးကိုတော့ အိမ်စာတွေပေးခဲ့တဲ့ပုံပဲ..အဲ့ဒါတွေပြီးအောင်လုပ်ထားဦးနော်.."

ရဲ ဘာမှမပြောနိုင်ဘဲ ငိုင်ငိုင်လေးဖြစ်သွားခဲ့သည်။

အဲ့ဒါက ဘယ်တော့မှပြီးမှမဟုတ်တဲ့ အိမ်စာမေမေ...

♦♦♦♦

အခန်း(၂၀)

အပြာရောင်ဝတ်စုံပေါ်မှာ ဂျူတီကုတ်အဖြူရောင်လေးနှင့် အားလုံးထဲမှာ ထင်းနေသည့်သူ့ပုံစံရှည်ရှည်မားမားကြီးက ဘယ်ကနေလှမ်းမြင်မြင် မသဲကွဲစရာဘာမှမရှိ။ ပြီးတော့ ဆေးရုံထဲကထွက်လာသည့်သူ့ကို လူကြီးတစ်ယောက်က ဘာမေးနေသည်မသိ။ သူကရှင်းပြနေရင်း ဒီဘက်ကိုလက်ညှိုးထိုးလိုက်တော့ ရဲတို့ကားပေါ်ကဆင်းလာတဲ့ဆီ တန်းခနဲ။ ရဲ သူ့ကိုရယ်ပြလိုက်သည်။ ပြီးတော့ လက်ပြ၏။ ထိုစဉ်.. ။

"အစ်မ..ဒီမှာကားရပ်လို့မရဘူးခင်ဗျ.."

ဂျူတီဝတ်စုံနှင့်လူရွယ်တစ်ယောက်က ဘေးမှာလာရပ်သည်။ ရှေ့မှာအာရုံရောက်နေသဖြင့် စိတ်မရှည်ဖြစ်သွားမိကာ.. ။

"ဘာဖြစ်လို့လဲ..ဒီမှာနေရာတွေအကျယ်ကြီးဥစ္စာ.."

"ဟုတ်ကဲ့..ဒါဆရာဝန်ကားတွေရပ်တဲ့နေရာမို့ပါ.."

စာရေးထားတာ မြင်သားပဲ။ ကားငါးစီးလောက်ရပ်ရမည့်နေရာမှာ ဒီတိုင်းတစ်စီးမှမရှိတာကို ခဏဝင်ထိုးတာမရဘူးလား..။ ပြန်ကြည့်လိုက်တော့ သူကဘယ်ရောက်သွားသည်မသိ။ ဟိုဒီလှည့်ပတ်ရှာနေမိစဉ် ဖိနပ်

ရှာရင်းကားထဲမှာကျန်ရစ်ခဲ့သည့် နီနီကခေါင်းထွက်ကြည့်ကာ.. ၊

"မရဘူးဆိုလည်း နေရာရွှေ့ရအောင် ပြန်တက်လေရဲရဲရယ်..အချိန်တွေကြာလိုက်တာ.."

"ကြာမှာစိုးလို့ပြောနေတာပဲမမ..လူနာခဏဝင်တွေ့ရုံပဲကို.."

ပြောရင်း ကားထဲကိုဆောင့်ခနဲထိုင်ချလိုက်ကာ ခေါင်မိုးရိပ်လေးထိုးထားသည့်နေရာထိ မောင်းသွားလိုက်ပြီး.. ၊

"ဟွန်း..ဒီမှာအရိပ်တောင်ရသေးတယ်.."

မကျေမနပ်ရေရွတ်၍ ဘက်ခ်ဆုတ်ဝင်လိုက်သည်။ ကားတစ်စီးစာအေးဆေးဝင်သည့်နေရာလေးမို့ ကျကျနနရပ်ပြီးမှ တံခါးဖွင့်ဆင်းခဲ့ကြသည်သို့သော်.. ၊

"ညီမရေ..ညီမ.."

အသက်သုံးဆယ်ကျော်အရွယ် အသားမည်းမည်းလူတစ်ယောက်လက်ခုပ်တီးလှမ်းခေါ်လိုက်ပြီး အပြေးတပိုင်းလျှောက်လာသည်။ သူလည်းခုနကလို အရောင်တူဝတ်စုံမို့ သိလိုက်ပေမယ့်.. ၊

"ဒီမှာကားရပ်လို့မရဘူးနော်..ဟိုဘက်ကိုပတ်မောင်းသွားလိုက်ပါ.."

ရယ်ပြုံးနေသည့်မျက်နှာနှင့် ရည်မွန်စွာဆိုတော့ စိတ်တိုပေမယ့် ဖြေလျှော့လိုက်မိရင်း.. ၊

"နေပါဦး..အဲ့လောက်နေရာတွေလွတ်နေတာကို ဆေးရုံတစ်ရုံလုံး ဆရာဝန်တွေချည်းရှိနေတာလား၊ လူနာရှင်တွေမှာရော ကားမပါရတော့ဘူးလား..လွတ်နေတဲ့နေရာတိုင်း ဆရာဝန်တွေအတွက်ဆိုတာချည်းပဲ၊ ဒီကားကို ရဲတို့ကခေါင်းပေါ်ရွက်ပြီး ဆေးရုံထဲဝင်ရမှာလား.."

လေသံကိုဘယ်လိုလျှော့ထားပေမယ့် ဒေါသထွက်ခြင်းသည် ဖုံးဖိလို့မရ။ ပါကင်စောင့်သည့်ဝန်ထမ်းကလည်း အံ့သြသလိုဖြစ်သွားပေမယ့် ပြုံးလိုက်ရင်း.. ၊

"ဒီနေရာက နိဗ္ဗာန်ယာဉ်ကားတွေထိုးတဲ့နေရာပါ.."

"ဒါ.."

သူမမျက်လုံးပြူးသွားသည်။ နီနီကပိုပြူးလျက် လက်ကိုကိုင်လှုပ်ရင်း.. ၊

"ကဲ..မြန်မြန်ရွှေ့လိုက်စမ်းပါရဲရယ်၊ နေရာကအရမ်းအဆင်ပြေနေတည်းက ထင်တော့ထင်သားပဲ.."

သူ့ကိုမြင်လိုက်သဖြင့် ကမန်းကတန်းပြေးသွားချင်နေသည့်စိတ်က ပြဿနာနဲ့ချည်းငြိနေရတော့ ခေါင်းကုတ်ခြေဆောင့်မိခြင်းတွေဖြစ်နေရကာ..

"ဒုတ်.."

"ဟိုး ဟိုး..ထိနေပြီ.."

"ဟင်.."

"ဆိုက္ကားထိသွားပြီထင်တယ်..ဒီအသံဆိုသေချာပေါက် ကားမှာဒဏ်ရာဖြစ်ပြီ၊ နင်လုပ်လိုက်ရင်အရာရာနဲ့အကြောင်းကြောင်းရဲရယ်..ငါ့ဘာသာမောင်းလိုက်ရကောင်းသား.."

"မောင်းပါ့လား..ဘယ်သူကမောင်းချင်လွန်းလို့လဲ.."

ဒီလိုဖြစ်တိုင်း ဒီစကားတွေပြောနေရသည်။ သူ့ဘာသာပါကင်မထိုးရဲလို့ မမောင်းဘဲနေခဲ့တဲ့ကိစ္စ။ ဒီကစိတ်များနေလို့ တစ်ခါတလေဖြစ်တာကို..

"ဟဲ့..လူမမာစာတွေ ဝိုင်းသယ်ပေးဦးလေ.."

"အာ..အများကြီးပဲ ရှုံးပွဲတယ်မမရာ၊ ကိုယ့်ဘာသာသယ်.."

စိတ်ပျက်တိုင်း ခြေဆောင့်တတ်ကာ လက်လေးနှစ်ဖက်ဆန့်ကပ်၍ ဆံပင်တွေပါအောင် ခေါင်းခါတတ်သော သူမသည်.. ၊

"လူမမာစာဝယ်တာ ဒီလောက်တောင်တစ်ပုံတစ်ပင့်ကြီး..ဆေးရုံမှာနှစ်နဲ့ချီပြီးနေမယ့် လူမမာကျနေတာပဲ၊ မသိရင်တစ်ဖက်ကလူမမာရှင်ကတစ်မျိုးထင်ဖို့လည်းရှိသေးတယ်..နောက်မလာနိုင်ဘူးဆိုပြီး ဝတ္တရားကျေထိုးကြိတ်ပေးတဲ့အတိုင်း.."

"ပြောနေလိုက်တာကြည့်ပါဦး..နင်ဟာမိဘဘာလုပ်လုပ် သူများအဖြူဆို နင်မည်းရမှ.."

"သူများဘာမြင်မြင် ကိုယ့်အမြင်ကိုယ်ပြောလို့မရဘူးလား.."

စိတ်မကြည်ပေမယ့် မေမေတို့ခိုင်းလိုက်တဲ့ကိစ္စမို့ နီနီသယ်နေသည့်တစ်ဖက်ကနေ တံခါးသွားဖွင့်ပြီး ကုန်းကွဆွဲရတာ ရှုံ့ရှုံ့မဲ့မဲ့။ ရဲဘာဖြစ်နေတာကို နီနီကလည်းသိသည်။ ချစ်မဝကို သူမလည်းမြင်တာမို့ ရဲရှုံ့မဲ့နေတာကို ရယ်ချင်နေမိ၏။ ပန်းသီးနဲ့ပန်းသစ်တော်အထုပ်တွေကို မမို့တမိလှမ်း

ဆွဲရင်း နားကျပ်တပ်ထားတာက ပြုတ်ကျ၏။ နားကျပ်ကိုကောက်မလိုပြင်ပြီးမှ မကောက်ဖြစ်ဘဲ အိုဗာတင်းနဲ့မုန့်ဘူးတွေကို လှမ်းကျော်ဆွဲသည်။ နားနောက်မှာညှပ်ထားသည့်ဆံပင်တွေ တဖျောဖျောပြိုဆင်းလာသမျှ ရှေ့မှာကွယ်တာတွေကို ထိုးသိပ်တင်လိုက် ဘေးကလျှောဆင်းတာတွေကို နားနောက်ပြန်ညှပ်လိုက်။ ပြီးတော့ ဆံပင်တွေနဲ့အလုပ်ရှုပ်နေပြီး ဘာပစ္စည်းမှလည်း မဆွဲနိုင်... ။

"တောက်.."

သူမဘာသာစိတ်တွေတိုပြီး နောက်ပြန်ဆုတ်တော့ နားကျပ်နဲ့ဟန်းချိန်းငြိပြီး ကုန်းကွနေရသည့်ဘဝနှင့် ရှင်းနေရသည်။ အထုပ်တွေကို အနားစပ်ထိဆွဲထုတ်ပြီးမှ လူကမတ်တပ်ရပ်လိုက်လျှင်.. ။

"ဒုတ်.."

"အ.."

ကားအမိုးနဲ့ခေါင်းဘယ်သူမှာသလဲ အကြီးအကျယ်ပြိုင်လေသည်။ ခေါင်းကိုအုပ်ကိုင်လိုက်ရင်း မျက်နှာရှုံ့မဲ့နေလျက်.. ။

"မမကဘာရပ်ကြည့်နေတာလဲ..ဒီမှာဆောင့်မိကုန်ပြီ.."

"ငါယူမလို့ကို နင်ချည်းပဲအဲ့ဘက်ကဆွဲယူနေတာကိုး.."

"မယူမချင်းပြောနေတော့မှာသိလို့လေ..တကယ်ပဲ သူများအာရုံနဲ့သူများမနေရဘူး၊ သူပဲ..ဟင်.."

မြင်ကွင်းထဲမှာချစ်မဝနဲ့အတူ ဂျူတီကုတ်တွေဝတ်ထားကြသည့်ယောကျ်ားသုံးယောက်။ နောက်ထပ်ပြေးလိုက်သွားသည့် မိန်းကလေးနှင့်ဆိုအားလုံးငါးယောက်။ ရဲဟင်ခနဲဖြစ်သွားတည်းက သူမလှမ်းကြည့်လိုက်တာဖြစ်ကာ ရဲမျက်နှာမှာပြောင်းလဲသွားသမျှကို မြင်နေရသည့်ပြင်.. ။

"ဟဲ့..ဟဲ့ ဒါဘယ်လဲ.."

"ဖယ်စမ်းပါမမကလည်း မေးစရာရှိလို့.."

ပြေးထွက်လိုက်သည့်အရှိန်ကို ဖမ်းဆွဲခံလိုက်ရသဖြင့် ဘေးလူသတိထားမိအောင် ဆွဲထားရှန်းလားတွေဖြစ်သွားခဲ့လျက်။ နီနီလက်ကိုဖြုတ်ချပစ်လိုက်သည့်အချိန်မှာ အစတည်းကမနီးသည့်အနေအထားသည် ဝေးကွာသွားသည့်အဖြစ်သို့ရောက်လျက်.. ။

"မမဘာလုပ်တာလဲ..သူဘာလို့မလာတာလဲဆိုတာ ရဲမေးချင်လို့.."

"အကြောင်းတွေပြမနေနဲ့ရဲ..မိန်းကလေးချင်းနားလည်တယ်၊ သူအ ပ်ရှုပ်နေလို့မလာဘူးဆိုတာ မေမေပြောပြီးပြီမဟုတ်ဘူးလား.."

"ပြောပြီးပေမယ့် ရဲကိုဘာမှပြောမသွားဘူး..အိမ်စာတွေလုပ်ဖို့ ပေး ားသလိုလိုနဲ့ တစ်ပတ်ကြီးတောင်မှလေ.."

"တစ်ရက်လေးတောင် မသင်ချင်ပါဘူးလို့ နင်ညည်းနေတာ ဟန် ဆောင်ပြီးတော့လား.."

ပြန်ပြောစရာစကားရှိသင့်ပေမယ့် ရဲအံ့သြသလိုဖြစ်သွားသည်။ မမ က်နှာပေါ်က မလိုလားခြင်းက ဒီအခြေအနေနဲ့ဘာမှမသက်ဆိုင်ဘူးထင် ဲ့က်မိလျက်.. ။

"မမက ရဲသူ့ကိုနောက်ပိုးပိုးနေတယ်ထင်နေတာလား.."

"ဒါတော့ နင့်ကိုယ်နင်သိမှာပေါ့.."

"မိန်းကလေးချင်းသိတယ်ဆိုတာကရော.."

"လျှောက်ပတ်မေးမနေစမ်းပါနဲ့ရဲရယ်..အဲ့ဒီအကြောင်းခုပြောရင် နှစ် ယောက်စလုံးအရှုံးနဲ့တူနေလိမ့်မယ်၊ ဒီလိုနေရာမှာ နင်သူ့ကိုသွားပြောဖို့ကြိုး ားတာကိုက နင်မေးနေတဲ့အဖြေပဲ..ဟင့်အင်းလို့ခေါင်းခါရင်လည်း ငါမယုံ ဘူး..."

"မခါပါဘူး..ဒါပေမဲ့ မမပြောသလောက်ကြီးတော့.."

"ကိုယ့်ကိုယ်ကိုဖော့တွေးနေတာ မဖြစ်နိုင်ဘူးလားရဲရဲ..ယောကျ်ား လေးတစ်ယောက်ကို.."

"ရဲကရည်းစားစကားသွားပြောမှာမှမဟုတ်တာ.."

"အဲ့ဒီပုံစံမျိုး အဆင်ဆိုးသွားမှာပဲ..သူကဆရာဝန် သူ့ဘေးမှာလည်း ဆရာဝန်တွေနဲ့၊ နင်ကဆယ်တန်းတဖုန်းဖုန်းကျနေလို့ သူ့ကိုဆရာခေါ်နေရ ဘဲ့သူ..ချစ်စိတ်မွှန်နေတဲ့သူက သတိမထားနိုင်ဖြစ်နေပေမယ့် မြင်နေရတဲ့သူ က အမြင်မတော်ဘူး..ဒါမိန်းမကောင်းလုပ်ရပ်မှ မဟုတ်တာ.."

'ယိုသူမရှက် မြင်သူရှက်'လို့ ပြောလိုက်တာလား..။ ဒီလိုပြောရတဲ့အ ထိ သူမဘာလုပ်ဖို့ကြိုးစားမိခဲ့သလဲ.. ။

အမြဲတမ်းတက်ကြွပေါ့ပါးနေခဲ့သည့် ရဲမျက်နှာမှာ တည်ငြိမ်မှုတွေ

ဖြစ်သွားခဲ့သည်။ ဒေါ်သ ပျော်ရွှင်ခြင်းစသည့်ခံစားချက်တို့နှင့် မသက်ဆိုင်သော အေးစက်ထုံခဲသည့်အခြေအနေတစ်ခုသည် လူကိုသိမ်ငယ်စေခြင်းဖြင့် ဝါးမျိုသွားခဲ့ပြီး.. ၊

"ကိုယ်ဘာလုပ်နေသလဲဆိုတာ သတိမထားမိလို့ မဟုတ်ပါဘူး..ရဲက ကိုယ့်ကိုယ်ကိုဘယ်တုန်းကမှကို မသိမ်ငယ်တတ်တာ မမသိရဲ့သားနဲ့.."

မျက်လုံးချင်းဆုံကြည့်ပြီး ပြုံးပြလိုက်သည်။ ပြီးတော့ ဖွင့်ထားသည့် တံခါးကိုပြန်တွန်းပိတ်လိုက်ပြီး.. ၊

"မီချင်မီဦးမှာဆိုတော့ ခုလိုက်သွားဦးမယ်.."

"ဘယ်လို.."

"မမတစ်ယောက်တည်းပဲ လူနာသွားမေးလိုက်တော့.."

"ရဲ.."

"မမနော်..မေမေ့ကိုပြန်မတိုင်နဲ့.."

ဆိုးနေကျအတိုင်း ဆိုးခဲ့သည်။ တကယ်ကပဟေဠိတွေနဲ့ဖြစ်နေခဲ့၏။ မမဘယ်လိုပုံစံဖြစ်သွားတာလဲ..နေရာတကာ ကိုယ့်ဘက်ကပဲဖေးဖေးမမဝင်ပြောခဲ့သည်။ အနေအေးပေမယ့် မိသားစုအရေးကိစ္စတိုင်းကို စိတ်ဝင်တစားရှိသည်။ ဒီလိုချိုးဖဲ့နှိမ်ချသည့်စကားမျိုးတွေလည်း မဆိုခဲ့ဘူးပေ။ တစ်ခါတလေ ရည်းစားများတာမကောင်းကြောင်း မိန်းကလေးတစ်ယောက်ရဲ့ကာရိုက်တာကို ဘယ်လိုထိန်းသင့်ကြောင်းတွေ ပြောခဲ့ဖူးသည်။ သို့သော် ခုလိုစကားလုံးတွေနဲ့တော့ မဟုတ်.. ၊

အပြေးတပိုင်းခြေလှမ်းတွေကို ပြေးခြင်းသို့ထပ်တင်လိုက်သည်။ ပြီးတော့ မမအကြောင်းခေါင်းထဲကထုတ်လိုက်ရင်း သူတို့ဘယ်ရောက်သွားသလဲ ရှာမိ၏။ သူမပြောခဲ့တာဟာ မမကိုရွဲ့ပြောခဲ့သည့်စကားမဟုတ်ပေ။ ချိုတုံ့ချတုံ့စိတ်ကူးတို့ကို မြန်မြန်ဆန်ဆန်ဆုံးဖြတ်စေခဲ့ခြင်းသာဖြစ်လျက် သူမသည် မိမိကိုယ်ကိုဘယ်သောအခါမှ သိမ်ငယ်စွာရှင်သန်မည့်သူမဟုတ်သည့်အတိုင်း.. ၊

"ဟိုမှာ.."

တစ်ယောက်တည်းဝမ်းသာအားရ ပြေးလိုက်မိလျက်.. ၊

"ချစ်မဝ..ချစ်မဝနေဦး.."

ခေါ်သံကိုကြားလိုက်တာနှင့် ဖျင်းခနဲပူနွေးသွားခဲ့သည့်မျက်နှာက နွေးငွေ့ဟပ်သွားသည့်နှယ်။ ထို့ပြင် သူမကြည့်ရသေးခင် အနားကသူငယ်ချင်းတွေက ခေါ်သံနောက်သို့ လှည့်ကြည့်လိုက်ကြပြီးဖြစ်ကာ.. ၊

"မင်းကိုခေါ်နေတယ်အောင်.."

"အဲ့ကောင် ငါတို့ကိုတော့ အောင်လို့ခေါ်ပါတဲ့.."

"ဒါကတော့..အင်း.."

"ဟေ့ကောင်တွေ လျှောက်ပြောမနေနဲ့.."

"ဟ..မစောင့်ဘူးလား.."

ခေါ်နေတာတောင် သူကလှည့်ကြည့်ဖော်မရ။ တခြားလူတွေလှည့်ကြည့်ပြီး သူ့ကိုတစ်ခုခုပြောနေကြတာလည်း မြင်နေရသည်။ ဒါနဲ့တောင် လုံးလုံးလှည့်မကြည့်တော့ ရဲဒေါသထွက်သွားခဲ့ပြီး.. ၊

"ချစ်.."

ကြည့်စမ်း..

ချစ်မဝ ခြေလှမ်းတုံ့သွားသည့်ပြင် လူလည်းတုန်သွားခဲ့လျက်.. ၊

"ချစ်ကလည်းကွာ..ခေါ်နေတာတောင် လှည့်မကြည့်ဘူး၊ အ.."

"ချစ်တဲ့ကွ.."

"ဟာ..ချော်လဲပြီအောင်၊ နည်းနည်းလှည့်ကြည့်ဦးဟ.."

သူ့စိတ်တွေအစွန်းရောက်တိုသွားသည်။ သူငယ်ချင်းတွေက သူ့ကို င်းသိပ်စနေကြပေမယ့် ရဲကိုလှည့်ကြည့်တော့ တည်တည်တံ့တံ့လေးနှင့် ဖြစ်လျက်.. ၊

"ငါတို့သွားနှင့်လိုက်မယ်.."

သူခြေလှမ်းရပ်လိုက်တာနှင့် အားလုံးရပ်ကာ သူတို့ချည်းချီတက်ဖို့ ပြင်၏။ ထိုစဉ် ရဲကခြေလေးထော့လျက် အနားရောက်လာကာ.. ၊

"ချစ်တမင်မကြားယောင်ဆောင်တာလားဟင်..ဒီမှာ ခြေသည်းလန်သွားပြီတွေ့လား.."

သေပေါ့လို့ ပြောလိုက်ချင်သည်။ ချစ်လို့ခေါ်ခွင့်မပြုဘဲ ခေါ်လိုက်သည့်အတွက် ဒါကပြစ်ဒဏ်.. ၊

"ဘာလဲ..ဘာကိစ္စရှိလို့လဲ.."

ငေါက်ဆတ်ဆတ် သူ့မေးခွန်းကြောင့် သူငယ်ချင်းတွေအံ့သြသ
ကြည့်လာကြ၏။ ထိုအခါ ယောကျ်ားဖြစ်ရခြင်း၏ မြင့်မြတ်ခြင်းတွေအ
ပခုံးထမ်းဆောင်ရွက်ဖို့တာဝန်ရှိသွားခဲ့ပြီး.. ၊

"ပြော..ဘာလဲ.."

လေသံကိုလျှော့ဖို့ ကိုယ့်ဘက်ကစိတ်ကောင်းမွေးလိုက်သော်ငြား

"ဘာကိုမေးနေတာလဲ..ဒီမှာဒဏ်ရာဖြစ်သွားတာကို အရင်လုပ်ပေး

ချစ်မဝ သူမနားပြန်လှည့်လာချိန်မှာ သူငယ်ချင်းတွေကလျှော
ထွက်သွားကြပြီဖြစ်ကာ.. ၊

"နီရဲရဲနီ.."

"ဘာမှလာပြောမနေနဲ့..ယူယောကျ်ားမဟုတ်ဘူးလား၊ တခြားသူ
ရှေ့မှာ မိန်းကလေးတစ်ယောက်ယောက်က တကောက်ကောက်လိုက်နေ
အဖြစ်ကို ကျေနပ်ဂုဏ်ယူပြီး အထာတွေပြနေတာလား.."

"ဘာ.."

"ချစ်လို့ခေါ်လိုက်တော့ ဘာဖြစ်သွားနိုင်သလဲ..အခု အဲ့ဒါအတွ
ဗုံးခွဲဖို့ရှိနေတာဆို လုပ်လေ၊ လူကိုအော်ဖို့တော့ စိတ်မကူးနဲ့..ရဲဘာလုပ်မ
ဆိုတာ သိသွားမယ်၊ ဟွန်း.."

"အံမာ.."

"နောက်မှအံမာစမ်းပါ..ဒီမှာသွေးတွေထွက်နေပြီ.."

ဘယ်လိုမိန်းမလဲ..။ ပြောချင်ရာပြောပြီး သူမဟုတ်သလိုလုပ်ပ
တော့လည်း မျက်နှာကချက်ချင်း။ သူပြတ်သားစွာလှည့်ထွက်ချင်မိသည်၊
သို့သော် သွေးထွက်နေသည့်သူမရဲ့ခြေမချောင်းလေးကို မျက်လုံးရောက်သွား
တော့ လက်ကအိတ်ထဲကိုအလိုအလျောက်ရောက်သွားခဲ့ပြီး.. ၊

"ဒီလောက်တောင်ပြေးလိုက်ရအောင် ဘယ်လောက်အရေးကြီးတဲ့ပြ
ဿနာတွေရှိနေလို့လဲ.."

"ဘယ်သူအရေးကြီးကြီးမကြီးကြီး ကိုယ့်အတွက်ကြီးနေတယ်ဆိုမ
ဘူးလား.."

"ရတယ်..ခင်ဗျားဘာသာကမ္ဘာပြိုဖို့အကြောင်းတွေရှိနေနေ၊ ရော့-
ဒါနဲ့အုပ်ထားလိုက်.."

သူပေးလာသည့်ပလာစတာကို ငုံ့ကြည့်ပြီး ရဲကခေါင်းခါသည်။ ပြီး
တော့ ဘေးဘီကိုကြည့်ကာ.. ၊

"ဒီမှာ စကက်ကတိုနေလို့..ပြီးတော့ အရမ်းကျပ်နေတာ ထိုင်လို့မ
ကောင်းဘူး၊ ယူကဆရာဝန်ပဲဟာ..ဒါလေးလုပ်ပေးရမှာကို.."

"မလုပ်ပေးနိုင်ဘူး..ဒီမှာထိုင်လို့မရရင် ရတဲ့နေရာသွားလိုပ်.."

အပြောနှင့်အတူ လက်ကိုဖက်ခနဲဆွဲယူပြီး ပလာစတာကိုလက်ထဲထိုး
ထည့်သည်။ ပြီးတော့ ပြတ်သားစွာထွက်ခွာသွား၏။ သူကိုင်သွားသည့်
သို့လက်လေးကို ငုံ့ကြည့်ကျန်ရစ်ရင်း ရဲမျက်နှာလေးပြုံးသွားသည်။ ပြီး
တော့ ရယ်မိ၏။

ဒဏ်ရာက နာပေမယ့်..

♦ ♦ ♦ ♦

အခန်း(၂၁)

"နာပေမယ့် မနာတော့ပါဘူးပေါ့လေ.."

"အင်း.."

"ခုတော့ ဝန်ခံသွားပြီမိန်းမ.."

ရင်ထဲမှာ ကြည်နူးနေသည်။ သူ့အကြောင်းလေးပြောနေရတာနဲ့တင် ကိုယ့်ရင်ခုန်သံကို ပြန်ကြားနေရတဲ့အဖြစ်က ဘာနဲ့မှမလဲနိုင်သည့် ကျေနပ်ခြင်းတစ်ခု.. ၊

"ဒါပေမဲ့ရဲရယ်..မိန်းကလေးက တကောက်ကောက်လိုက်နေရတဲ့အဖြစ်ကြီးကတော့ မမိုက်ပါဘူးဟာ.."

မွေ့ရာပေါ်မှာလူးရင်းလှိမ့်ရင်း နှစ်ယောက်တည်းနဲ့ နေရာကျပ်နေသည်။ သူနဲ့တွေ့ပြီး ရယ်ချင်နေသလိုလို အော်ပစ်ချင်နေတာလိုလို။ ပြီးတော့ လက်ဖဝါးတွေကအလိုလိုနေရင်း တင်းလာသလိုလိုဖြစ်လျက်။ ဖိဆုပ်ပစ်မိနေတာ ခဏခဏ။ သူမဘာတွေဖြစ်နေတာလဲ..။ ခံစားနေရသမျှ တစ်ခုခုကို မှမလုပ်ရလျှင် ဘာဖြစ်သွားနိုင်သလဲ..။ ထို့ကြောင့် တစ်ယောက်တည်းမျိုသိပ်မထားနိုင်သည့်အဆုံးမှာ အိမ့်ကိုခေါ်လိုက်ရတာဖြစ်သည်။ သူမရောက်

သာတာနှင့် အရင်လိုခြံထဲမှာလည်း မထိုင်။ ဧည့်ခန်းမှာလည်းမဖြစ်တာမို့ သက်ကိုဆွဲ၍ အိပ်ခန်းထဲပြေးဝင်ခဲ့ကြရင်း.. ၊

"ငါသူ့ကိုအသေကြွေနေပြီ.."

"ထပ်ပြီးအတည်ပြုပေးဖို့ မလိုဘူး..ဒီလောက်လွင့်နေတာသိတယ်.."

"အေးလေ..ကိုယ်ကချစ်နေမှတော့ သူကြင်နာတာမကြင်နာတာ သူ့အပိုင်း.."

"ဟဲ့..ကိုယ်ကမိန်းကလေးလေ.."

"မိန်းကလေးလည်း စချစ်မိနိုင်တာပဲဟ.."

"ဒါပေမဲ့ မိန်းကလေးဆိုတာ မျိုသိပ်ထိန်းသိမ်းရမယ်.."

"ထိန်းလို့ရသလောက်တော့ ထိန်းမှာပါ..ဒါပေမဲ့.."

"ရဲ.."

"ဟင်.."

"နင်တစ်ခါမှ ရည်းစားမထားဘူးတဲ့သူ မဟုတ်ဘူးနော်.."

ရဲကရယ်သည်။ အမြဲတမ်းနွဲ့ခါနေတတ်သည့် ဆံပင်တွေကို နားနှစ်ဖက်မှာ ဘယ်ဘက်ထဲညှပ်ထည့်လိုက် ညာဘက်ထဲထည့်သိမ်းလိုက်နှင့် သူမလက်တွေလှုပ်သမျှ လက်မှာဝတ်ထားသည့်ရောင်စုံလက်ပတ်လေးတွေကဘရမ်းရမ်းလွဲခါနေ၏။ ပြီးတော့ နားတစ်ဖက်တည်းမှာပဲပန်ထားတတ်သည့် နားကွင်းလေးက သူမရဲ့လှုပ်ရှားမှုတိုင်းမှာ အငြိမ်မနေရရှာ.. ၊

"ဟုတ်တယ်..မသိတော့ဘူး၊ ငါခုမှရည်းစားထားကာစလိုဖြစ်နေသလား..ခုမှတကယ်ချစ်တတ်နေတာလား၊ ငါသူ့ကိုရင်ခုန်တယ်..နည်းနည်းလေးတောင်မဟုတ်ဘူး၊ သူ့အကြည့်သူ့အထိအတွေ့ကအစ ဖျတ်ဖျတ်လူးဖြစ်ကျန်ရစ်တာ.."

"မည်းမည်းသည်းသည်းမို့တော်သေးတာပေါ့.."

"ဘယ်ကလာမည်းသည်းရမှာလဲ..အသားညိုဝင်းလေးပါ၊ မရယ်နဲ့နော်..ကိုယ်ထင်ရင် ခုတင်ရွှေနန်းပဲ၊ ငါ့မျက်စိထဲမှာ သူ့စတိုင်လ်ကအသေလန်း.."

"ဒါနဲ့တော့ ဒီ့ထက်ပိုပြီး ကျွန်ခြေမပျက်လိုက်ပါနဲ့ရဲရယ်..အဲ့ဒီဆရာဝန်ပုံစံက နင်ပြောသလိုဆို အတော်လွတ်နေတဲ့ပုံပဲ.."

"နင်ကလည်း ကောင်းတာကိုမပါသေးဘူး.."

"နင်ပြောသမျှကို ခြင့်သုံးသပ်တော့ ဒါပဲထွက်တာလေ.."

ဘာဖြစ်လဲ.. သူ့ကိုသတိထားမိသွားတာကိုက အဲ့လိုမာနကြီးလို့..။ ပြီးတော့ လွန်လွန်ကဲကဲတွေ နေရာတကာဖြစ်နေတတ်လို့..။ စေ့စေ့ကြည့်တာတောင် မကြိုက်တတ်သည့်ယောက်ျား။ သူ့ကိုကြည့်နေတာလေးနဲ့ မျက်နှာကြီးနီရဲနေအောင် ရှက်နေခဲ့တဲ့လူ။ ဒီလိုထူးဆန်းနေတဲ့ယောက်ျားမို့လို့ သတိထားကြည့်မိခဲ့သည်။ ကြည့်လေမိလေ သဘောကျမိလေ။ ပြီးတော့ ရှားပါးသည့်အရုပ်အမောင်းနှင့် မာကျောကျောနေတတ်သော ထိုသူသည်.. ။

"ခိ ခိ.."

"အယ်..အလကားနေရင်း ဘာလဲ.."

"ဟုတ်တယ်..ငါရူးနေတာ.."

ပြောပြီး ရင်ဘက်အောက်က ခေါင်းအုံးကိုဆွဲထုတ်လိုက်သည်။ ပြီးတော့ လက်ထောက်ပြီးလှဲနေရာကနေ ဝုန်းခနဲထထိုင်လိုက်ရင်း.. ။

"ငါတို့ရှော့ပင်းနစ်စင်တာသွားရအောင်.."

"ဟင်..ဘာလုပ်ဖို့လဲ.."

"ဝယ်စရာရှိလို့ပါ.."

"လက်ဆောင်ပေးပြီး ရည်းစားစကားပြောဖို့တော့ မဟုတ်ပါဘူးနော်"

"အဟွန်း.."

ရဲကရယ်ကာ.. ။

"လိုက်သာလိုက်ခဲ့စမ်းပါ..လောလောဆယ် ငါပိုလှဖို့လိုနေလို့.."

မှန်ရှေ့ပြေးရပ်ကာ ဆံပင်တွေကို သေချာဖြီးသည်။ နှုတ်ခမ်းနီထပ်ဆိုးသည်။ ပြီးတော့ အင်္ကျီအဝတ်အစားလဲလိုက်တာ အောက်စက်မှာ 2နဲ့ Runလိုက်တဲ့အတိုင်း။ အနီရဲရဲဘောင်းဘီအသားကပ်လေးနှင့် အဝါရောင်ခါးရှည်လက်ရှည်ဆွဲသားအင်္ကျီကိုဝတ်ကာ ဆံပင်တွေကိုသားရေကွင်းလေးနဲ့ လက်နောက်ပြန်စည်းတော့ မှန်မကြည့်ဘဲ.. ။

"သွားမယ်.."

"ဆံပင်တွေဖြောင့်ထားတာ နမြောစရာကြီးဟယ်..ကောက်ကွေးကုန်ရင်ဒုက္ခ.."

"ငါ့ဆံပင်က အဲ့လိုမဖြစ်ဘူး.."

အိမ့် ဟုတ်လောက်တယ်လို့တွေးရင်း သေချာကြည့်မိ၏။ ဆံစတို့သည် နောက်မှာစုစည်းထားလိုက်တာနှင့် အတိုအရှည်ဖြစ်နေသည့်ဆံစတို့ ဘဖြုတ်ဖြုတ်လျှောဆင်းလာကြသည်။ နဖူးနဲ့နားသယ်စပ်လေးတွေမှာ ဆံပင်တွေရှုပ်ယှက်ခတ်သွားခြင်းသည် တမင်လှအောင်ဖန်တီးထားသည့်အတိုင်း.. ။

"အမေ့ရေ.."

"ဟဲ့.."

အခန်းထဲကအထွက်တွင် တံခါးဝရောက်လာသည့်နီနီနဲ့ရဲတို့ တိုက်မိကုန်ကာ.. ။

"ဆောရီးနော်မမ..ကန်တော့.."

"ဒါကဘယ်ကိုလဲ.."

နီနီကကိုင်လာသည့် ပီဇာဘူးကို လှမ်းပေးပြီး ရဲတစ်ကိုယ်လုံးကိုကြည့်၏။ ဘာမှထူးခြားပြင်ဆင်ထားတာမဟုတ်ပေမယ့် ရဲမျက်နှာလေးက နှုတ်ခမ်းနီအရောင်တင်လိုက်တာနှင့် ဝင်းလက်သွားတတ်သည်။ ပတ်ဖ်လေးပါးပါးပုတ်လိုက်တာနှင့် အရောင်ပြောင်းတတ်သည်ရှိကာ.. ။

"ခုနမှပြန်ရောက်တာမို့လားရဲရယ်..မေမေတို့မရှိတုန်း ခြေများမယ်မကြံနဲ့.."

"မေမေအပြင်မထွက်ခင်တည်းက ရဲဒီနေ့အားနေလို့ အိမ့်တို့အိမ်ကိုလိုက်လည်မှာလို့တောင် ပြောထားတာ.."

"ဆရာမလာတဲ့နေ့တွေ နေ့တိုင်းအားနေတာပဲရဲ..ဒါကိုအချိန်အားတယ်မတွက်ရဘူးလေ၊ စာကျက်ရမှာ.."

ပြောပြီး အိမ့်ကိုလှမ်းကြည့်လိုက်၏။ ပြီးမှ ရဲဘက်ပြန်လှည့်၍.. ။

"ဘွဲ့ရပြီးလို့ အလုပ်လုပ်နေကြတဲ့လူတွေနဲ့ယှဉ်ပြီး သူတို့နေသလို မနေရဘူးလေ.."

ရဲမျက်နှာကွက်ခနဲပျက်သွားသည်။ ပီဇာကိုလည်း အိမ့်လက်ထဲလှည့်ထည့်ပေးမိကာ.. ။

"ရဲဘာလုပ်ရမယ်ဆိုတာ ရဲသိတယ်..မမလည်း ခုတလောရဲကိုစောင့်

ကြည့်ဆုံးမရမယ့်ဝတ္ထုရားတွေ ကြီးမားနေသလိုပဲ.."

သူမကစိုက်ကြည့်နေရင်း မျက်မှောင်ကုတ်သွားသည်။ ပြီးတော့ နှုတ်ခမ်းတွေစေ့ထား၍ ပင့်သက်ရှိုက်လိုက်ကာ.. ၊

"ဟုတ်တယ်..အဲ့ဒီဝတ္ထုရားက အစောကြီးတည်းကရှိတာ၊ ဘာလို့လဲဆိုတော့ မမက ငါ့ညီမထက်ကြီးတယ်လေ..ဒါပေမဲ့ ကိုယ့်ပညာရေးကလည်း ရှိသေးတော့ မေမေတို့မနိုင်မနင်းဖြစ်နေတာကို ကြည့်နေခဲ့ရတယ်.."

"ဒါဆိုလည်းပြန်လာမှဆက်ပြောမမရာ..သွားမယ် လာ.."

"နေဦး.."

သွားမယ်ပြောပြီး ရှောင်ထွက်ကာမှ နီနီကရှေ့ကလိုက်ပိတ်တားကာ၊

"မနေ့တုန်းက ဆေးရုံမှာမမကိုရွဲ့တာလား..တကယ်စကားလိုက်ပြောတာလား.."

"ရွဲ့စရာလား.."

မချိုမချဉ်ပြုံးနေသည့်မျက်နှာလေးကို နီနီကစူးစိုက်ကြည့်နေ၏။

"မမက အကောင်းနဲ့ပြောတာကို ရွဲ့စရာလားမမရယ်..သူ့နောက်ပြေးလိုက်ရတာ ဒီမှာဒဏ်ရာတောင်ရတယ်.."

ပြောလက်စနှင့် ဘောင်းဘီအောက်ဖျားစလေးတစ်ဖက်'မ'ပြသည်။ ကြည့်လိုက်တော့ ခြေမထိပ်မှာ ပလာစတာကပ်ထားသည့် ဒဏ်ရာလေးတစ်ခု။ နီနီတအံ့တသြဖြစ်သွားသည့်မျက်နှာနှင့် မော့ကြည့်လာ၏။ ရဲကပြုံးနေသည်။ နောက်မှာရပ်နေရင်း အိမ့်အထိတ်တလန့်တွေဖြစ်နေရသည်။ အစ်မလုပ်သူကိုပြောနေတာကလည်း ရွဲ့နေသလိုလို။ ဒါပေမဲ့ ရဲဒီလိုတရွဲ့တစောင်းတွေ မလုတ်တတ်တာတော့ သူငယ်ချင်းတွေမို့သိနေပါသည်။ သူမက သူ့စိတ်မကျေနပ်ဖြစ်နေရင် မခေါ်ဘဲနေသည်။ မျက်စောင်းခဲတာ ရွဲ့တာစောင်းတာတွေ ဘယ်တော့မှမလုပ်။ သူများကလုပ်လာရင်လည်း ဒေါင်ခနဲဆို ဒင်ခနဲပြန်လုပ်တာမျိုး မရှိခဲ့ပေ။ ပြောရပါလျှင် ရာသီဥတုကို စောင့်တတ်သည့်လူမျိုး.. ၊

"နင့်အစ်မမျက်နှာကြီး တင်းနေတာ..ငါဖြင့်လန့်သွားတာပဲ.."

"သူကဒီအတိုင်းပဲ.."

"မဟုတ်ဘူး..တော်ကြာ ငါကနင့်ကိုဖျက်ဆီးနေတယ်ထင်မှာစိုးလို့.."

"နင့်မှ-အလုပ်နဲ့အကိုင်နဲ့ဆိုတာတောင် ထည့်ပြောသွားသေးတာ လျှောက်ထင်မနေစမ်းပါနဲ့ဟာ..မမက အပျိုကြီးပီသလာတာ၊ ကြာလာလေ ဒီအကြောင်းလာလေ..သူလိုရင်ပြုံးနေတာပဲ၊ မလိုတော့ဘူးဆို မျက်နှာကြီး ဘည်တင်းပုတ်ပွပြီး..ခိ ခိ.."

ရယ်စရာတွေပြောလိုက်ရပေမယ့် မမပြောင်းလဲနေတာကို သူမကိုယ်တိုင်နားမလည်ဖြစ်နေခဲ့တာမို့ ထိုအကြောင်းကိုမဆက်ဘဲ နေလိုက်သည်။

"ဟား.."

"ဘာဖြစ်တာလဲ.."

"ကားတွေတစ်စီးမှမအားဘူး.."

"ဘာဖြစ်လို့လဲ.."

"ဒါကြီးကသိပ်မကောင်းဘူး..ကောင်းတဲ့ကားက မေမေတို့အပြင်ထွက်သွားကြတယ်လေ၊ ငါ့ကားက တစ်နေ့ကကားချင်းငြိလာလို့ တော်တော်ထိသွားတယ်..အဲ့ဒါဘော်ဒီရုံမှာ.."

ဆက်တိုက်ပြောချသွားပြီး ဆံပင်တွေကိုဖွနေကျမို့ လက်ကရောက်၏။ သို့သော် စည်းထားတာကို ကိုင်မိမှလက်ပြန်ရုတ်ပြီး ခြေဆောင့်၍.. ၊

"ကားကိုဘော်ဒီထုစီးနေရတာကိုက မဟုတ်တာ..မေမေတို့အရမ်းကပ်စီးနဲ့တာပဲ၊ တစ်ခါငြိတစ်ခါလဲလိုက်ရင် ပြီးတာပဲ..ငါကလည်းအရမ်းကောင်းတဲ့ကားမှ စီးချင်ပါတယ်လို့ မပြောပါဘူး.."

အိမ်ရှေ့မှာဖြစ်နေကြတာကိုကြည့်ကာ ခန်းဆီးစလေးအသာပြန်ချလိုက်သည်။ ပြီးတော့ ဖုန်းကိုင်ရင်း ဒီဘက်လှည့်လျှောက်လာကာ.. ၊

"သူတို့ကြောင့် ငါတို့ချင်းမျက်နှာမပျက်ချင်လို့ပါ..ငါ့ညီမကအငယ်ဆုံးဖြစ်သလောက် အရမ်းအလိုလိုက်ခံထားရတော့ စဉ်းစားကြည့်ပေါ့ဟာ.."

"........................"

"အဲ့ဒါပြောချင်တာလေ..အဲ့ဒီနေ့ကလည်း သူဖွတ်လိုက်ခေါ်တာ ငါဘယ်လိုမှကို ဆွဲလို့မရဘူး.."

"......................"

"ဟွန်း..ဟွန်း ပုံမှန်ပါပဲယဉ်ရယ်၊ မိန်းကလေးတစ်ယောက်သွက်လက်တာမျိုးထက် ပိုကဲနေတာ..အဲ့လိုကြီးဖြစ်နေတာပေါ့၊ ငါက နင်တို့အိမ်

သားတွေအထင်အမြင်သေးမှာစိုးတာ..နောက်ပြီး နင်တို့မိသားစုတွေ ကိုယ်ကျင့်သိက္ခာအပေါ် ဘယ်လောက်ထိတန်ဖိုးထားကြသလဲ ငါသိတယ်လေ၊ နင့်ညီမဆိုပြီး လက်ညှိုးထိုးခံရရင် ငါလည်းသွားပြီ.."

"......................"

"ဘာလုပ်ရမလဲဆိုတော့ ချစ်မဝအောင်ဂိုက်ဒ်လုပ်ပေးနေတဲ့ကိစ္စကို ရပ်တန်းကရပ်လိုက်ဖို့ပဲ ရှိတော့တယ်.."

"......................"

"အို..သဘောမတူစရာလားယဉ်ကလည်း၊ တကယ်သာဆို ငါတင်မကဘူး..မေမေတို့လည်း သဘောတူကြမှာပဲ၊ မိဘအသိုင်းအဝိုင်းက ဂုဏ်သရေရှိပညာတတ်တွေ..ချစ်မဝအောင်ကလည်း ဆရာဝန်၊ ကိုယ့်ညီမကတော့ ဘာမှထုတ်ဖော်မပြဝံ့တဲ့ သားရှင်မိဘတိုင်း လိုလားမှာမဟုတ်တဲ့ဘက်ကပါ..ခုလို ညီမလေးက ဇွတ်လိုက်နေတာကို ရှက်လည်းရှက်မိပါတယ်၊ ဘာပဲဖြစ်ဖြစ် လက်ရှိသွားလာပတ်သက်နေတာတွေကို ရပ်တန့်ပစ်မှဖြစ်မှာယဉ်..ဒါတော့ နင်ကိုယ်တိုင်ဂရုစိုက်ပေးစမ်းပါ၊ မေမေတို့သိရင် ငါ့ကိုတစ်မျိုးထင်မယ်..အန်တီလွင်တို့သိကုန်ရင်လည်း ငါရှက်လို့ပါနော်၊ နင်နဲ့ငါပဲသိပြီးတော့လေ.."

ယဉ်ဆက်ပြောတာတွေကို နားထောင်ပြီး သူမပြုံးလိုက်မိသည်။

ဆူးဆိုတာ ခြေဖဝါးအောက်မှာပါပဲ..ဒါပေမဲ့ လူကိုနာကျင်အောင် လုပ်နိုင်တယ်....

◆◆◆◆

အခန်း(၂၂)

"လာမကြိုနဲ့တော့သားရေ..ဘတ်စ်ကားနဲ့လာကြိုမှာဆိုတော့ ဒေါ်လေးဘာသာပဲ ကားတိုးစီးတော့မယ်.."

အိမ်မှာက ကားလေးတစ်စီးတည်းပဲရှိသည်။ ရာထူးရာခံနဲ့တင့်တယ်အောင် ဒီကားကိုယဉ့်ကိုပဲ ပေးသုံးထားရတာမို့ ကျန်တဲ့လူတွေအတွက်ကအချိန်တိုင်း ကိုယ့်ခြေထောက်ကိုယ်သုံး။ ချစ်မဝကိုယ်တိုင်လည်း အစ်မဖြစ်သူကို ဦးစားပေးကာ ဘယ်သွားသွား ခြေထောက်တစ်တန် တက္ကစီတစ်တန်နှင့်.. ၊

"လိုက်မယ်..လိုက်မယ်.."

ဒေါ်ဝင်းမာ ပါးစပ်ကလည်းအော် လက်ကလည်းထမီတစ်ဖက်မ၍ တစ်ဖက်ကအိတ်ကိုဆွဲလျက် ဘတ်စ်ကားပေါ်ပြေးတက်သည်။ ကားကမကျပ်လှပေမယ့် သိပ်လည်းချောင်ချိမနေပေ။ ပိုက်ဆံနှစ်ရာတန်တစ်ရွက်ထည့်ခဲ့ပြီး အထဲကိုတိုးတိုက်ဝင်ခဲ့သည်။ နေရာကျပါမှ လက်ကောက်ကတခြားလူရဲ့တိုက်ပုံအိတ်နှင့်ငြိသွား၏။

"ဪ..ဒုက္ခပါပဲ.."

လူကိုပြောမလို့ပြင်ပြီးမှ အသာလေးပြန်ပါလာသဖြင့် ပြန်လည်းမ ဝတ်ရဲတော့ဘဲ ချွတ်၍လက်ကိုင်အိတ်ထဲ ကမန်းကတန်းထိုးသိပ်ထည့်လိုက် မိသည်။ ဒါတောင် လူကယိုင်ကာ သူများကိုယ်ပေါ်ပစ်စလက်ခတ်မှီကျသွား ခဲ့ပြီး.. ၊

"သေပါပြီတော်..ကံကောင်းလို့ဟဲ့.."

တစ်ယောက်တည်း ပျာယာခတ်နေသဖြင့် လှမ်းကြည့်လိုက်မိလျှင် မိန်းမကြီးက မျက်စောင်းထိုးတာ တန်းခနဲ.. ၊

ဘာလဲဟ..

ရဲနှာခေါင်းတစ်ချက်ရှုံ့ကာ မျက်နှာလွှဲလိုက်မိသည်။ ကိုယ့်ဘာသာ မှုမမှန်တာလုပ်ပြီး လူမြင်ရာမျက်စောင်းထိုးနေတာလား..။ ကားက မှတ်တိုင် မှာရပ်သည်။ ကိုယ်ဆင်းမည့်မှတ်တိုင်နဲ့ မိန်းမကြီးဆင်းမယ့်မှတ်တိုင်က တူနေတာလား ဘာလားတော့မသိ။ မှတ်တိုင်တစ်ခုရောက်တိုင်း အိတ်ကိုမ လိုက်ရွှေ့သွားလိုက်နှင့် မိန်းမကြီးက အတက်အဆင်းလှေကားထိပ်ရောက် နေ၏။ ပြီးတော့ မျက်လုံးသည် ကိုယ့်ဆီကိုပဲရောက်ရောက်လာသည်။ သေ ချာပါသည်။ ဒီမိန်းမကြီး မလုံမလဲဖြစ်နေတာ.. ၊

တကယ်က ဒေါ်ဝင်းမာ ထိုမိန်းကလေးကို စိတ်တိုတာအမှန်ပါ။ မ နိုင်မနင်းနဲ့လူကြီးတစ်ယောက်ကို နေရာလေးဘာလေးဖယ်ပေးရမှန်းမသိဘဲ ကြောင်တောင်ထိုင်ကြည့်နေသည်။ နောက်ထပ်ကြည့်မိတာက သတိထားမိ လောက်အောင် ကော့ညွတ်ရှည်လျားသော မျက်တောင်တို့ဖြင့် လှလွန်းသည့် မျက်နှာလေးကြောင့်။ ဒီကောင်မလေး မျက်တောင်တုတပ်ထားတာလား.. နဂိုလှတာလားတွေးရင်း စူးစိုက်ကြည့်မိလိုက် မျက်လုံးလွှဲဖို့သတိရလိုက်။ ထိုစဉ်.. ၊

"ဟောဗျာ..ကျွန်တော့်ရွှေဘူးမရှိတော့ဘူးဗျ.."

အလန့်တကြားအသံသည် ကားမှတ်တိုင်ရောက်မှဖြစ်ရကာ.. ၊

"ကားဆရာ ဟိုး..ဟိုး.."

"ကားဆရာရေ..ဒီမှာခါးပိုက်နှိုက်တွေလို့တဲ့.."

"ဟိုး..ဟိုး.."

"ဒုက္ခပဲဟော့..ခရီးတော့ ဖင့်ပါပြီ.."

ကားဆရာကို ဝိုင်းတားပေးသည့်လူတွေရော ညည်းညူကြသည့်လူ တွေပါ ကားတစ်စီးလုံးဆူညံသွားသည်။ ကားသည်လည်း ထိုးရပ်သွားခဲ့ ပြီး ကားဆရာသည် နောက်ရောက်လာ၏။ ဒေါ်ဝင်းမာလည်း ဆင်းမည်ဆို ခရီးဖင့်သွားတာမို့ စိတ်ညစ်သွားမိစဉ်.. ၊

"ဒေါ်ကြီးမဆင်းနဲ့ဦး.."

ဟင်..

စကားသံသည် လက်ကိုပါဆုပ်ကိုင်ထားလိုက်သဖြင့် ကိုယ့်ကိုပြော ဘာသေချာသွားကာ အလန့်တကြားလှည့်ကြည့်လိုက်မိသည်။ ခုန သူမ ကြည့်နေခဲ့သည့်မိန်းကလေး.. ၊

"ဟောဒီမှာ ဒီဒေါ်ကြီးနှိုက်ယူလိုက်တာ ကျွန်မသေချာမြင်လိုက် တယ်.."

"ဘာ..ဘာပြောတယ်.."

"အခု ဒေါ်ကြီးအိတ်ကိုဖွင့်လိုက်စမ်းပါ.."

"အံမာ..နင်ဖွင့်ခိုင်းတိုင်းဖွင့်ရအောင် ငါ့ကိုဘယ်လိုမိန်းမစားအောက် မေ့နေလဲ.."

"ကဲပါရှင်..ရှင်တင်မကဘူး၊ ဒီတစ်ကားလုံးစစ်ဆေးခံရတော့မှာကို ဖွင့်ပြလိုက်ပါ.."

ကားသမားကလည်း စိတ်မရှည်ပုံပေါက်နေခဲ့လျက်.. ၊

"ကိုင်းဗျာ..အကုန်လုံးရှိသမျှအိတ်ပလုံးဖွင့်ပြနေရဦးမယ်၊ လိုက်စစ် နေရတာလည်း အချိန်ကုန်ပါတယ်..သက်သေကလက်ပူးလက်ကြပ်ဖမ်းပြ နေတာကို အန်တီဖွင့်ပြမှ သက်သာရှင်းကြမှာပေါ့.."

"ဟုတ်တယ်ဗျာ..ကျွန်တော်လည်းအလုပ်ပြန်ဝင်ရမှာ နောက်ကျနေ ပြီ.."

"ငါလည်းကလေးတွေနဲ့ ဈေးမှာချိန်းထားတာ.."

တစ်ယောက်တစ်ခွန်းဆူညံကုန်ကာ အားလုံး၏ပစ်မှတ်က ကိုယ်ဖြစ် နေသည်။ ပြောသည့်စကားတွေကလည်း ကိုယ့်ကိုဦးတည်၍ဖြစ်ကာ သူမ လေးက 'ဘယ့်နှယ်ရှိစ'ဆိုသည့် အပြုံးနှင့် ပိုင်နိုင်စွာ.. ၊

"ဖယ်.."

စိတ်တိုတိုနှင့် လက်ကိုဆောင့်ရှန်းပစ်မိကာ.. ၊

"ပျောက်တဲ့လူဘယ်မှာလဲ..သူဘာပစ္စည်းပျောက်တာလဲ.."

"ကျွန်တော့်မိန်းမအတွက် ဝယ်လာတာ..ဆယ်သိန်းတန်လော့ကက်သီး.."

"သေချာလား.."

မိန်းမကြီးမျက်နှာကိုကြည့်၍ ရဲနည်းနည်းတော့လန့်လာ၏။ အိမ့်ကလည်းလက်ကုတ်ပြီး 'ဘယ်လိုလုပ်ကြမလဲ'မေးနေသလိုမျိုး။ ထို့ပြင် ပစ္စည်းပျောက်တဲ့သူထွက်လာတော့ ရုပ်အကျီအညိုကွက်။ လူကထိပ်ပြောင်ပြောင်နှင့် စစ်ရောင်ဘောင်းဘီရှည်ပွပွကို ဝတ်ထားသဖြင့် လွဲပြီဆိုတာကိုသိလိုက်သည်။ သူမမြင်တာက ရုပ်ရည်သန့်သန့်တိုက်ပုံအကျီနှင့်အသက်ငါးဆယ်လောက်ရှိသည့်လူဆီက ဒီမိန်းမကြီး.. ၊

"ဒီမှာကြည့်..ဒီမှာ ငါ့လက်ကောက်၊ ကားပေါ်တက်လာကာစက ပြ ထဲကလူရဲ့တိုက်ပုံမှာချိတ်ငြိပြီး ပြုတ်ထွက်သွားလို့ ဖြုတ်သိမ်းထားလိုက်တာ.."

"ဟုတ်ပါ့ရော.."

"ပျောက်တာကဆွဲသီးဆိုတော့ တရားခံရှာရဦးမှာပေါ့..ဒုက္ခပဲဟေ့.."

တစ်ယောက်တစ်ခွန်းစကားသံတွေ ထွက်လာသည်နှင့် ရဲနောက်ပြန်ဆုတ်သည်။ သို့သော် နောက်ကျ၏။

"နင်ကငါ့ကိုလက်ဆွဲပြီး စွပ်စွပ်စွဲစွဲ..ဟင် လာစမ်း.."

"အား.."

ရိုက်ချက်က မလာသေး။ ရဲလန့်ဖျန့်အော်ကာ လွယ်ထားသည့်အိတ်လေးနဲ့ ဖျတ်ခနဲကာသည်။ နောက်တစ်ချက်ကျတော့ အေးလူတွေဝိုင်းဆွဲကြသဖြင့် လွတ်မြောက်ခွင့်ရခဲ့လေသည်။

တော်သေးလို့..

♦♦♦♦

အခန်း(၂၃)

"အဲ့လိုတွေမလုပ်မိဖို့ သမီးလည်းတတွတ်တွတ်ပြောနေတာပဲမေမေ ယ်..ညီမလေးကို ဆုံးမတဲ့ပုံစံပြောင်းဖို့တော့ လိုပြီထင်တယ်၊ သမီးတော့ ပဲတွေးမိတယ်.."

နီနီက ညည်းညူသလိုပြောရင်း နံ့သာဖြူသွေးနေသည့် ဒေါ်မြတ် နီဘေးမှာ ကပ်ထိုင်လိုက်ကာ.. ၊

"သမီးဆက်သွေးပေးမယ်..မေမေဖယ်.."

"နေပါကွယ်..မေမေ့အတွက်တော့ ကိုယ်တိုင်ပဲလုပ်ချင်တယ်၊ မိဘ တာ မသေခင်လေးပဲ ပြုစုခွင့်ရတာ..မာမာချာချာသွားလာနေနိုင်တုန်းက လိုမျိုး ဝတ်ကြီးဝတ်ငယ်မပြုစုခဲ့မိတာတောင် နောင်တရနေမိတယ်.."

မိဘစားနိုင်သောက်နိုင်ပြောနိုင်ဆိုနိုင်နေတုန်းကတော့ မိဘဝတ္တရား တွေကို အိမ်အကူနဲ့ပဲလွှဲထားခဲ့မိသည်။ မတော်လို့ဆူပြောတားဆီးတာရှိရင် တောင် 'မေမေကလည်း နေရာတကာ'ဆိုတာမျိုး ငြိုငြင်မိခဲ့သေးသည်။ တစ် တစ်ခါ အော်မိငြင်းမိတာတွေလည်း ရှိခဲ့သည်။ ခုလို မထနိုင်မကြွနိုင်လေး ငုံ့ထုံထိုင်းလာကာမှ ငါ့အမေဇရာထောင်းပါပေါ့ဆိုပြီး ပြုစုလုပ်ကိုင်ပေးဖို့

သတိရ၏။ နောင်တရမိပေမယ့် နောက်မကျသေးဘူးထင်သည်။ ထို့ကြောင့် မေမေ့အတွက်ဆို ဘာဖြစ်ဖြစ် အလုပ်ရှုပ်တဲ့ကြားက ကိုယ်တိုင်ပဲလုပ်ပေးမိသည်။

မေမေ့အတွက် နဲ့သာဖြူသွေးနေရင်း သမီးငယ်အကြောင်း နီနီပြောပြနေသမျှလည်း ကြားနေရကာ မိဘတစ်ယောက်ရဲ့ပူပန်စိတ်နဲ့စေတနာကို နားမလည်ကြသည့် သားသမီးအတွက် စိတ်မကောင်းဖြစ်မိသည်။ မိဘစေတနာကို ကိုယ်တိုင်မိဘဖြစ်မှ သိကြတာ လောကသဘာဝကြီးလား..။ မိဘတိုင်းက ကိုယ့်သားသမီးတွေမိဘပြန်ဖြစ်ကြတဲ့အထိ သက်ဆိုးရှည်နေကြလို့လား..။ သားမိုက်သမီးမိုက်တိုင်း နောင်တကိုဘယ်လိုတရားအမြိုက်ဆေးနဲ့ ငြိမ်းစေနိုင်မှာလဲ..။ သမီးလေးဆိုးလှချေရဲ့လို့ တွေးမိလာတိုင်း သမီးကိုအပြစ်မမြင်မိပါ။ ဒါဟာ ဆိုဆုံးမခဲ့တဲ့ မိဘရဲ့ချို့ယွင်းချက်တွေလည်းပါတာပဲမို့.. ၊

"မေမေလည်း ဘယ်လိုနည်းလမ်းသုံးရမယ်မှန်း မသိတော့ပါဘူးသမီးရယ်..သူစာမေးပွဲကျနေတာကို ဆုံးရှုံးနေတာလို့မထင်တာ ဘယ်သူတွေနဲ့ယှဉ်ယှဉ် ငါကနိမ့်ကျနေပြီလို့မတွေးတာ..အခုရန်ဖြစ်တတ်နေတာကိုပဲကြည့်၊ အများနဲ့ပြိုင်နိုင်ရမယ်လို့ သူ့ကိုယ်သူတွက်နေတာ..သူ့ခေါင်းထဲမှာဆုံးရှုံးမှုတွေ အခက်အခဲတွေဆိုတာ ချိုနဲ့လားလို့ မေးစရာကိုဖြစ်နေတာ.."

"ဟုတ်တယ်..မိဘအလိုလိုက်ခဲ့တာ၊ ဒါပေမဲ့ အခုနောက်မကျသေးပါဘူးမေမေရယ်.."

ဒါဖြင့်ဘာလုပ်ရမှာလဲဆိုသည့် မျှော်လင့်သည့်မျက်ဝန်းတွေရောက်လာသည်။

"ဘာမဆိုအလွယ်ရနေတဲ့ အသိတစ်ခုကြောင့် ရဲရဲခုလိုဖြစ်နေတာမေမေ..အခက်အခဲဖြစ်လာရင် သူ့မခက်ခဲဘဲရှင်းလို့ရတယ်၊ တမ်းတလိုက်တာနဲ့ လက်ထဲရောက်တယ်.."

"သားသမီးတွေအဲ့လိုပြည့်စုံနေအောင် မိဘတွေက ရှာဖွေစုဆောင်းနေကြတာပဲသမီးရယ်..ဒါတွေကို ပြန်ရုတ်သိမ်းမှသူကောင်းစားမယ်ဆိုရင်တော့.."

"အဲ့လိုအကြမ်းနည်းမသုံးရပါဘူး..ဒါပေမဲ့ နည်းနည်းလေးတော့ ဘ

ဘ်သုံးဖို့လိုတယ်၊ အခု မေမေတို့ဘယ်လောက်ချမ်းသာချမ်းသာ သူ့ကိုစာမေးပွဲအောင်အောင် လုပ်ပေးလို့မရဘူးဆိုတာတောင် နားမလည်ဘူးဖြစ်နေဘာ..အဲ့ဒါကြောင့် ဆယ်တန်းစာမေးပွဲအတွက် မေမေတို့ဥပေက္ခာထားကြည့်လိုက်ပါ.."

"ဘယ်လို.."

တအံ့တဩပြန်မေးလိုက်တော့ နီနီကမျက်လွှာချလိုက်ရင်း ပြုံးသည်။ ပြီးတော့ ဒေါ်မြတ်ပန်းနီကိုပြန်ကြည့်ကာ.. ၊

"သူအောင်ချင်စိတ်ပြင်းထန်လာရင် သူ့ဘာသာကြိုးစားပါလိမ့်မယ်..သူ့ပါးစပ်ကတောင်းဆိုလာတာကို မေမေတို့လုပ်ပေးလိုက်ရင် ရပြီလေ.."

"ဆယ်တန်းစာမေးပွဲဆိုတာကို ကျောင်းသားတော်တော်များများကန်ထုပ်ဝန်ပိုးကြီးလို့ပဲ သတ်မှတ်ကြတာသမီး..ဒါဘဝရဲ့တစ်ဆစ်ချိုးပြောင်းလဲခြင်းဆိုတာလည်း ဟိုးအရင်ဆယ့်ကိုးနှစ်ဆယ်ရာစုနှစ်တွေက သတ်စွဲခဲ့တဲ့အမှန်တရားဟောင်းကြီးရယ်..ခုခေတ်မှာ သူတို့လောက်တိုးတက်တာမရှိဘူး၊ သူတို့နည်းပညာတွေလောက် အဆင့်မြင့်တာမရှိဘူး..ပြောင်းလဲလိုက်တဲ့ပညာရေးတွေဆိုတာလည်း လိုက်လို့ကိုမမီတော့ဘူး၊ ဒါကို သူလိုချင်မှပေးမယ်ဆိုပြီး စောင့်နေရင်.."

"အကုန်လုံးက မိဘတာဝန်လို့တွက်နေသမျှ ရဲရဲဒီပုံစံကိုပြင်မှာမဟုတ်ဘူးမေမေ.. အခု ကိုယ့်ဆရာသမားကို မလေးမခံစားတွေပြောနေပြီ၊ ဆေးရုံဝင်းထဲထိ ဘာလိုလိုတွေသူများထင်အောင် သရုပ်ပျက်တာ.."

သမီးအကြောင်းကို သမီးတစ်ယောက်ကပြောနေတာပေမဲ့ မျက်နှာတွေပူလာတာ ဘယ်လိုပြောရမှန်းတောင်မသိတော့ပါ။ ဒါကို နီနီပြောလာတိုင်း ဒီတိုင်းပဲခံစားမိနေတာမို့ မနေတတ်။ သူမလေးကရော ကိုယ့်မိဘရင်ဘဲဘယ်လိုနေမလဲ မတွေးဘူးလား..။ ကိုယ့်ညီမအကြောင်း ဒီလိုပြောနေရတာ ပျော်နေသလား..။ မတွေးသင့်တာကို တွေးမိလာတော့ သက်ပြင်းချမိသည်။

"သမီးကပြောချင်လို့ ပြောနေတာမဟုတ်ဘူး..ညီအစ်မဆိုတော့ မိဘသက်ပိုရင်းနှီးတယ်လေ၊ သူနေ့စဉ်ဘာတွေလုပ်နေလဲဆိုတာ သမီးသိသလောက် မေမေတို့သိတာမှမဟုတ်တာ.."

ဒါလည်းဟုတ်နေတာပါပဲ.. သားသမီးရဲ့ကောင်းသတင်းဆိုးသတင်း ဆိုတာ ပတ်ဝန်းကျင်နားလျှံမှ မိဘနားထဲရောက်တတ်တာမျိုး.. ၊

"အခု ဘယ်နှစ်နှစ်ရှိနေပြီလဲ..မိဘကသာပုံပိုးနေရတာ၊ သူ့ဆီကနာ ကျင်သံ ဘာမှမလာဘူး.."

"နာကျင်သွားမှာစိုးလို့တောင် စာမေးပွဲကျတိုင်း မေမေသူ့ကိုတစ်ခါ မှ ပြင်းပြင်းထန်ထန်မဆူခဲ့တာ..တမင်နာကျင်အောင်တော့.."

"မေမေက သမီးပြောသမျှကို တလွဲတွေးနေသလားပဲ..မေမေ့သမီးခု ပဲ ဘတ်စ်ကားပေါ်မှာ သူများသူခိုးဖမ်းတဲ့ကိစ္စ သက်သေဝင်သုပ်ပြီး ပြဿ နာရှာနေပြီ..ကိုယ့်ကိုယ်ကို မိန်းကလေးဆိုတာ မေ့နေတာလား ဒါမှမဟုတ် ဘာဖြစ်ဖြစ်မေမေတို့ရှင်းမှာလို့ တွေးနေတာလား၊ ဘာဆိုဘာမှမကြောက် တတ်တဲ့သူဆိုတာ မရှိဘူး..ဒါပေမဲ့ ရဲကကြောက်လည်းမကြောက်ဘူး၊ စိုး လည်းမစိုးရိမ်ဘူး.."

ဒေါ်မြတ်ပန်းနီ နံ့သာဖြူသွေးနေရပေမယ့် စိတ်ကကျောက်ပျဉ်မှာမ ရှိတော့ဘဲဖြစ်နေသည်။

"သမီးပြောမယ်မေမေ..အခု မေမေကနောက်နှစ်အောင်ဖို့အတွက် ဂိုက်ဒ်ခေါ်ပေးနေတယ်၊ မေမေ့သမီးက အဲ့ဒီဂိုက်ဒ်ကိုကြိုက်.."

"သမီးကြီး.."

ဒေါ်မြတ်ပန်းနီ အလန့်တကြားလှည့်ခေါ်မိသည်။ ပြီးတော့ နံ့သာဖြူ တုံးကို ငြိမ်အောင်လွှတ်ထားလိုက်ကာ.. ၊

"သမီးငယ်ရည်းစားထားတာ မေမေလည်းသိတယ်..လူငယ်ချင်းမို့ ဆရာဆိုပေမယ့် သမီးငယ်ဘက်က မလေးမစားပြောဆိုတာတွေလည်း ရှိရင် ရှိမယ်၊ ဒါပေမဲ့ သမီးညီမ ဒီလောက်တောင်သရုပ်ပျက်မယ်လို့ မေမေမထင် ဘူး..သူအခု ဘာတွေဖြစ်နေလို့လဲ.."

"ဘာဖြစ်နေလို့လဲဆိုတော့ ဖြစ်လာဖို့ရှိတာကိုပြောတော့ မေမေက သမီးကိုတစ်မျိုးထင်ပြီလေ.."

ဒေါ်မြတ်ပန်းနီ ခေါင်းခါမိသည်။ သမီးငယ်အတွက် ဒီအစ်မကပဲ ဘာဖြစ်ဖြစ်ဖာထေးကာကွယ်ပြောပေးနေခဲ့တာကို မသိလို့မဟုတ်ပေ။ ပြော နေတာလည်း သူ့ညီမကောင်းဖို့ဆိုတာ သိသည်။ သို့သော်.. ၊

"တစ်မျိုးမထင်စေချင်ရင် မပြောသင့်တာတွေ မပြောနဲ့ပေါ့နီနီရယ်.. သည်းမလဲ ဟိုဘက်ကလိုလို ဒီဘက်ကလိုလို ဘယ်ဘက်ကလဲဆိုတော့ ဘယ်ဘက်ကမှလည်းမဟုတ်ဘူး.."

"မေမေ့.."

ဒေါ်မြတ်ချစ်ကို ဝိုးလ်ချဲနဲ့ပြန်ခေါ်လာတော့ ဒေါ်မြတ်ပန်းနီပျာပျာ သလဲသွားပြီး တွဲထူသည်။ သက်ကြီးရွယ်အိုမို့ စိတ်ထဲတွေးသလို ဆူပြော နေတာတွေကို နားလည်ပေးလို့ရသည်။ ကိုယ့်ကိုကျမှ အမြဲတမ်းအမြင် စောင်းနေတာကျတော့ ဒီအပြောတွေခံလာရတိုင်း ရင်ထဲကနာ၏။ ဘာဖြစ် လို့လဲဆိုတော့ ကိုယ်ကမွေးစားသမီး။ လက်ဆွဲခေါ်လာရသည့်အရွယ်မို့ ဒီ အိမ်ကြီးထဲကို ဖေဖေဦးရဲလှနဲ့အတူ ပါလာခဲ့တဲ့အချိန်က ပုံရိပ်တွေ စကားသံ တွေကို သူမမှတ်မိနေခဲ့၏။

"နင့်မိန်းမ ငယ်ငယ်လေးပဲရှိသေးတယ်ရဲလှ..ကလေးဒီလောက် တောင် အပူတပြင်းလိုချင်နေတာ နင်ဟုတ်သေးရဲ့လား.."

"အမေက ကျွန်တော့်ကိုဘာပြောချင်လို့လဲ.."

"ပြောချင်တာပြောဆိုရင်တော့ နင်အိမ်ထောင်ပြုတာ နှစ်ယောက်တစ် ဘဝချစ်ခင်စုံမက်လို့မဟုတ်ဘဲ မျိုးဆက်ပျံ့ပွားဖို့ပဲ.."

လင်နဲ့မယားနှစ်ယောက်တည်းရှိကြတော့လည်း သူမကမလုမ်းမ ကမ်းမှာမို့ မေမေပြောခဲ့တာတွေကို ကြားနေခဲ့ရသည်။

"ဟုတ်သားပဲကိုရယ်..မြတ်တို့လည်း ကလေးရဖို့ကြိုးစားနေကြတာ နည်းမျိုးစုံပဲ၊ မြတ်လည်းအရွယ်မလွန်သေးပါဘူး..ဖြည်းဖြည်းတော့ရလာ မှာပေါ့၊ ဘာဖြစ်လို့ မြတ်ကိုမတိုင်ပင်ဘဲ ခေါ်လာခဲ့တာလဲ.."

"ဆွေမျိုးနီးစပ်ထဲကမို့ပါကွာ..ကလေးကလည်း အရမ်းဒုက္ခရောက် နေတယ်လေ.."

'ကလေးကတော့ သနားစရာလေးပါ'ဆိုပြီး မေမေ့ဆီကကရုဏာ မျက်ဝန်းတွေနဲ့အကြည့်ကို သူမရခဲ့သည်။ ဘယ်သောအခါမှ နူးညံ့နွေးထွေး မှုမရှိခဲ့တာ အဘွားပင်.. ၊

"ဟိုကောင်မလေး..လာစမ်း ဒီကို.."

"ဟဲ့..နီနီ လာစမ်း.."

"ဟိုကောင်မလေး..ပြောနေတာမကြားဘူးလား"စသဖြင့် ခေါ်ပြောဆက်ဆံတတ်လျက် သူမဆယ်တန်းမှာ ဂုဏ်ထူးတွေနဲ့အောင်တာတောင် မျက်နှာသည်တစ်ချက်လေးမှ ကျေနပ်ပျော်ဝင်ခဲ့သည်မရှိဘဲ.. ၊

"လူမစွမ်းနတ်မဆိုတာမျိုးပါအေ..လူတစ်ယောက်က တစ်ဖက်ဖက်မှာတော့ ချွန်တာပဲ၊ သူ့လိုဘဝမှာ ပညာမှမတော်ရင် ဘာသုံးစားလို့ရမှာလဲ..ရုပ်ရည်လည်းပြောလောက်အောင်မလှ ဘာဆိုဘာမှမရှိတဲ့ကိစ္စ.."

ကွယ်ရာမှာ ဤသို့ပြောတာတွေပါ သူမသေချာကြားခဲ့ရလျက်.. ၊

"ဖယ် ဖယ်..ငါ့ဘာသာကြယ်သီးတပ်နိုင်တယ်.."

ဒေါ်မြတ်ချစ်က မွေ့ရာပေါ်ထိုင်လိုက်ပြီးတာနှင့် နီနီ့ဆီစူးစူးရဲရဲကြည့်ကာ.. ၊

"မှတ်ထား..တောင်းဆိုးပလုံးဆိုးပစ်ရိုးထုံးစံမရှိဆိုတာ မြန်မာဆိုရိုးပဲ၊ မိဘအသက်ကြီးလို့ လူအိုရုံပို့ပစ်ရင်တောင် ကိုယ့်သဘောနဲ့ကိုယ်ပါလို့ကြွေးကြော်ပြီး ရင်ကော့ပြီးသွားတာ မိဘမေတ္တာ..အထူးသဖြင့် ဟောဒီအိမ်မှာ သားသမီးကိုနှောင်ကျင်အောင် အမွေဖြတ်တယ်ဆိုတာလည်း မရှိဘူး..အပေးအကမ်းရပ်စဲတာမျိုးလည်း မလုပ်ဘူး၊ ငါချမ်းသာသမျှ ငါ့မြေးတစ်သက် သုံးမကုန်ဘူး..မိဘအမွေဆိုတာ ဖြုန်းတီးစရာမဟုတ်မှန်း သိလာမယ့်တစ်နေ့နေ့ထိ ငါ့ပစ္စည်းတွေအတောင့်ရှိတယ်.."

ပြောချင်နေတာကြာပြီ။ ဒီမိန်းကလေး ပျော့စိစိနဲ့ စိတ်အခြေခံမကောင်းဘူးဆိုတာ.. ၊

"ညည်းစဉ်းစားရမှာလေ..မဟုတ်ဘူးလား၊ ကျုပ်တို့က သွေးသားမတော်စပ်တဲ့သူကိုတောင် အကောင်းဆုံးကျွေးမွေးစောင့်ရှောက်ထားကြတာ..ကိုယ့်သွေးသားတစ်ဦးတည်းသောမျိုးဆက်ကို.."

ဒေါ်မြတ်ပန်းနီလည်း မေမေ့ကိုမတားရဲပေမယ့် ဒီလိုစကားတွေပြောနေတော့ စိတ်တော့မကောင်းပေ။ အထိုင်အထမကောင်းတော့ဘူးဆိုတည်းက မေမေကအခန်းပြင်သိပ်မထွက်တော့တာဖြစ်ကာ လူကကျန်းမာရေးမဆိုးလှပေမယ့် ဝကလည်းဝသေးသည်။ ထို့ကြောင့် မိသားစုအရေးကိစ္စတွေလည်း မေမေရှေ့မှာ ဘာမှသိပ်မပြောဖြစ်ခဲ့။ မေမေကလည်း သူ့ကိုသွားမပြောဘဲ ဝင်မေးခဲတဲ့သူဖြစ်သည်။ ထို့ပြင် သမက်အပေါ်မှာ မကြည်လင်

သည့်စိတ်နဲ့ တော်ရုံဆိုထွက်မလာဘဲနေတာမို့ လူစုံတက်စုံမျက်နှာချင်းဆိုင်မိကြတယ်ဆိုတာ မရှိသလောက်ပင်။ နီနီကတော့ အဘွားရှေ့မှာဆို ဘာပြောပြော ခေါင်းငုံ့နေခဲ့ရသည့်အတိုင်း နည်းနည်းမှ ခွန်းတုံ့မပြန်ဘဲ ခေါင်းလေးငုံ့ထားလျက်.. ၊

အနာအဆာတိုင်းက ခြေရာမထင်ကျန်တတ်ဘူးဆိုတာ..

♦ ♦ ♦ ♦

အခန်း(၂၄)

"အား..ဖြည်းဖြည်းလုပ်လေယဉ်ရယ်၊ သေပါပြီ..နားလိုက်တော့..

သူများကိုဒေါသထွက်ပြီး အတင်းလိုက်ရိုက်မိတာ ထိတော့သူများကိုမထိဘဲ ကိုယ့်လက်နဲ့ကိုယ်.. ၊

"ဒေါ်လေးကိုက ကိုယ့်အသက်အရွယ်လည်း ကိုယ်သတိမထားဘူး အဲ့ဒါသူများကိုရိုက်ဖို့ပဲ အကုသိုလ်များနေလို့.."

ထိုစဉ် ဒေါ်နုနုလွင်ဝင်လာကာ ဒေါ်ဝင်းမာရှုံ့မဲ့ညည်းညူနေတာကို ကြည့်ပြီး ရယ်လျက်.. ၊

"နင်ပဲပြောပြီးတော့ ဝင်းမာရယ်..နင်လုပ်ပုံတွေကိုက သူများထင်ရာဖြစ်နေတာဥစ္စာ.."

"ထင်ပဲထင်ပါစေဦးဟယ်..ဒီမိန်းကလေး ရဲကိုရဲတင်းတာပါ၊ ကားပေါ်မှာ သူခိုးဖမ်းပေးတာ ဘယ်လောက်အန္တရာယ်ကြီးသလဲဆိုတာ မကြားဘူးမသိဘူးမှာလည်း မဟုတ်ပါဘူး..ငါသာတကယ့်သူခိုးဆိုရင် ယောကျ်ားကြီးတစ်ယောက်သာဖြစ်နေခဲ့ရင် သင်းဘာဆက်ဖြစ်မလဲ ကြည့်ချင်သေးတယ်..ဟွန်း လူကိုများ၊ အား..ဖြည်းဖြည်းလုပ်ပါဟဲ့.."

"ခစ် ခစ်.."

"ဟင်..ကိုယ့်အဒေါ်ခံနေရတာကို ရယ်တယ်ဟုတ်လား.."

"မဟုတ်ပါဘူး..ဒေါ်လေးလက်နှစ်ရက်ရှိနေပြီ၊ ခုထိမပျောက်သေးဘာ သနားလို့.."

ဒါသနားတဲ့မျက်နှာလား..။ မချိုမချဉ် စပ်ဖြီးဖြီးနဲ့ ဆေးလိမ်းပေးတော့ မညင်သာ။ ဒေါ်ဝင်းမာ ဘယ်သူ့ကိုမှမခိုင်းတော့ဘဲ သူ့ဘာသာအဝတ်ဖို့ ကြိုးစားနေသဖြင့် ယဉ်ကဝင်ကူပေးရင်း.. ၊

"သမီးက ပြောစရာရှိလို့ လာတာ..ဒေါ်လေးရောဂါသည်းနေတာနဲ့ ..စုပေးနေရတယ်.."

"ညည်းမပြောခင် ငါမေးရဦးမယ်..အငယ်ကောင် စာသွားသင်မယ့်..စွတားနေတာကြားလို့၊ ဘာဖြစ်လို့လဲ..စာကျက်ဝိုင်းလား ဟိုတဗုန်းဗုန်း..သေးလား.."

"တဗုန်းဗုန်းလေး.."

မျက်နှာချင်းဆိုင်မှာ ခုံလေးဆွဲထိုင်လိုက်ပြီး သက်ပြင်းချ၍.. ၊

"ဟိုနေ့ကပြောပြသလိုပဲ အဲ့ဒီကောင်မလေးက အဲ့လိုလိုက်ဖြစ်နေတော့ မောင်လေးနဲ့သမီးစိတ်မချတော့ဘူး..ယောကျ်ားလေးတွေက တည်ငြိမ်တည်တံ့တံ့နေနိုင်ရင်လည်း အဲ့လိုမိန်းကလေးတချို့က သိပ်ကဲတာ.."

"ကဲကဲ ရဲရဲ တွေ့ကြဆုံကြပြီဆိုရင် အဲ့ဒါရှေးရေစက်အကြောင်းတွေ..တွေ့တယ် ကြိုက်တယ် တချို့ကညားတယ်၊ ညားကြရင် ညားကြဖို့အကြောင်း ကွဲသွားပြီ ပြန်မဆုံကြတာတွေကျတော့ ဒီမှာတင်ပြီးဆုံးရမယ့် အကြောင်းပဲ.."

"နေရာတကာကံချည်းပဲလားမေမေရယ်.."

"ဟုတ်တယ်..ကံချည်းပဲ ဒါပေမဲ့ မတူတာလေးတွေက ပစ္စုပ္ပန်မှာ..လဝိရိယစိုက်ကြရင် ရှေးကပြုခဲ့တဲ့ကောင်းမှုကြောင့် ရဖို့ရှိတာတွေမြန်မြန်ရမယ်..ဝိရိယနည်းကြရင် နောက်ကျမှရတယ် ဒါပဲကွာတယ်၊ ရှေ့ဘဝက အကုသိုလ်ကံကြောင့် ဒီဘဝမှာ ဒုက္ခတွေ့ရဖို့ရှိရင်တောင် ပစ္စုပ္ပန်မှာကောင်းမှုတွေဖိလုပ်..ဘာသာရေးနာနာလိုက်စားရင် အကုသိုလ်နည်းတဲ့လူတွေ အဲ့ဒီအကုသိုလ်ပျောက်တယ်တဲ့၊ ရှေ့ဘဝနဲ့ပစ္စုပ္ပန်ဆက်စပ်တာက ဒါပဲ..ကံကို

ယုံပြီး ဆူးခြုံမနင်းနဲ့ 'ငါလုပ်ရင်ဖြစ်တယ်'ဆိုပြီး ကံကိုဥပေက္ခာမထားနဲ့၊ လူဆိုတာ မရှိုမပင်္ဂပဒါနေထိုင်ရတယ်.."

ကံအကြောင်း မေမေ့ကိုဝေဖန်လို့ ဘယ်တော့မှမရခဲ့တာ သိပြီးသား၊

"ဝင်းမာလည်းမေးမနေနဲ့..သမီးလည်းပြောမနေနဲ့တော့၊ အလိုလိုကာမှ သားငယ်ကအဲ့ဒါကိုစိတ်ပျက်နေတာ.."

"ပျက်သင့်တာကို ပြောမလို့ပဲမေမေ.."

"မပြောနဲ့တော့သမီး..သမီးမပြောခင်တည်းက မေမေကဒေါ်မြတ်ပန်းနီတို့မိသားစုအကြောင်းကို ကြားထားပြီးပြီ.."

ပြောလိုက်တော့လည်း ယဉ်အံ့သြသွားသည်။ ဖေဖေရော မေမေရော စေ့စပ်သေချာကြတာကို သိသည်။ ဒါပေမဲ့ ဒါကသားရေးသမီးရေးဆိုတာမျိုးလည်း မဟုတ်သေး.. ၊

"မေမေကစုံစမ်းတာမဟုတ်ပါဘူး..သားအကြောင်း မဇာတို့ကိုပြောပြရင်း သူ့ဆိုင်ထဲမှာပဲ ပြောဖြစ်ကြတော့ သူတို့ကသားစာသင်ပေးနေတဲ့ ရဲရဲဆိုတဲ့မိန်းကလေးကိုရော သူ့မိဘတွေကိုပါသိနေတာ.."

မိဘတွေရဲ့ ဆွေစဉ်မျိုးဆက်အစ Background History ဘာမှပြစ်ချက်တစ်စုံတစ်ရာ စွန်းထင်းကာမကြားခဲ့ဘူးကြောင်း စိတ်ဓာတ်စည်းကမ်းယဉ်ကျေးသိမ်မွေ့ကြကြောင်း။ ဦးရဲလူသည်လည်း စီးပွားရှာရာမှာ အတော်အောင်မြင်သည့် လုပ်ငန်းရှင်တစ်ယောက်ဖြစ်ကြောင်း.. ၊

"ဒီလိုလူတွေမှာ ဆယ်တန်းမအောင်တဲ့မိန်းကလေးတစ်ယောက်ရှိနေတာနဲ့ပဲ ပစ်ပယ်ထားသင့်တဲ့မိသားစုလို့ သတ်မှတ်ထားဖို့မလိုဘူးလေ..ကောင်မလေးက သားကိုမရိုးမသားပုံစံပြနေတယ်ဆိုတာလည်း.."

"ပုံစံပြတာမဟုတ်ဘူးလေမေမေရဲ့..သူက.."

"မိန်းကလေးတစ်ယောက်က အမူအရာပျက်လောက်အောင် ဖြစ်ရင်ဖြစ်မယ်..လက်တို့ပြီးချစ်ရေးဆိုရလောက်အောင်တော့ အဆင့်ကျော်မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူလည်းမိကောင်းဖခင်သမီးပဲ.."

"အဲ့လောက်ထိဖြစ်လာလာ မလာလာ မေမေ့သားကသစ်ငုတ်တိုကြီးမဟုတ်ဘူး.."

"ဒါပေမဲ့ သမီးမောင်လည်း ကလေးမဟုတ်ဘူးလေ..မေမေပြောချင်

ဘာက ကိုယ့်ဘက်ကသိသိသာသာခြေလှမ်းပြန်ရုတ်လိုက်ရင် မိန်းကလေးဘက်မှာ နစ်နာသွားလိမ့်မယ်..အထူးသဖြင့် မိဘကရှက်မယ်၊ ရှက်တော့မိန်းကလေးကိုဆူမယ်..အကျည်းတန်ဆုံးက ယောက်ျားလေးရှင်ဖြစ်နေပြီ.."

"မေမေရယ်.."

ယောက်ျားလေးရှင်တွေမှာရော နစ်နာတာတွေမရှိတော့ဘူးလား..။ ကိုယ့်အမေလိုမိန်းကလေးရှင်ဘက်မှာ လိုအပ်သမျှအကုန်လိုက်တွေးပူပန်ပေးနေတဲ့ မိခင်မျိုးရှိနိုင်ပါ့မလား..။ ဒါပေမဲ့ သူမမောင်လေးကိုပြောလိုက်ပြီးပြီဖြစ်သည်။ ချစ်မဝကတော့ ဘာကိုယုံပြီး ဘယ်ဘက်ကိုမဲပေးချင်သည်မသိပါ။ 'မေမေ့ကိုမကြီးပြောပြလိုက်လေ..မေမေ့သဘောပဲ'တဲ့..။ ဒီပုံဆိုရှေ့ဆက်ကြရုံပေါ့..။ ယဉ့်နားထဲမှာ နီနီပြောပြသည့်စကားတွေပဲ တရစ်ဝဲဝဲပေါ်နေခဲ့သည်။ အစက သူမလည်းမောင်လေးရဲ့သွားလာနေထိုင်မှုတွေအပေါ် ဘက်ချသလို ပူပန်မှုလည်းမရှိခဲ့ပါ။ ရဲကိုမြင်လိုက်တုန်းကလည်း ချစ်စရာကောင်းလိုက်တာလို့တောင် ငေးကြည့်နေခဲ့မိသေးသည်။ ယောက်ျားလေးတွေစကားနဲ့ပြောရပါလျှင် ဘယ်အချိန်ကြည့်ကြည့် ရင်ခုန်သံမြန်နေမည့်အလှတရားတွေကို ပိုင်ဆိုင်ထားသည့်မိန်းကလေးတစ်ယောက်အတွက် ဘာကြောင့်လို့လဲ.. ၊

နီနီကရော သူ့ညီမလေးအတွက် ဒီကလူတွေတစ်မျိုးထင်သွားနိုင်တာကို မတွေးတော့ဘူးလား..။ ညီမနဲ့ပတ်သက်နေတာတောင် ပြောပြတယ်ဆိုတော့ ကိုယ့်ကိုသူမစေတနာထားတာ နေမှာပါ။ ဒီလိုမဟုတ်ရင်လည်း နှစ်ဘက်လုံးအရှက်ရမှာမို့လို့ မီးကိုမလောင်ခင်က ကြိုတားချင်တဲ့သဘောမျိုးလား..။ သူမသေချာဖုန်းဆက်ပြောထားပါလျက်နဲ့ ဘာမှအကြောင်းမပြန်ဘဲနေပြန်ရင် ယောက်ျားလေးရှင်မို့ နေရက်လိုက်တာများ ထင်လေမလား..။ ခေါင်းထဲမှာ သူ့ဘက်ကိုယ့်ဘက်မျှဝေနေမိရင်း ဘာကိုထောက်ခံအားပေးရမှန်းလည်း မသိတော့ဘဲရှိကာ.. ၊

"ဒါဆိုရင် အကယ်၍များ အဲ့ဒီကောင်မလေးနဲ့မောင်လေးနဲ့နီးစပ်သွားရင် မေမေက.."

"မေမေသဘောမတူနိုင်ဘူး.."

♦ ♦ ♦ ♦

အခန်း(၂၅)

"နင့်ကိုသဘောတူလား မတူလားမေးနေတာမှမဟုတ်တာ..တက
ပါပဲ၊ ဟိုမှာမတွေ့လို့ စိတ်ပူနေရတာတစ်မျိုး..သူကတစ်မျိုး.."

"ပူရတယ်..နင်ကမတွေ့လို့ပူနေတာ၊ ငါကနင်တွေ့သွားမှာစိုးလို့
တာ..ဘာလဲ တွေ့လိုက်ရင် စကားလိုက်ပြောမလို့လား.."

"အင်း.."

"ဘာပြောတယ်.."

ကလေးငိုအသံက ဒေါသတွေမထင်မှတ်ခြင်းတွေနှင့် ပြတ်ရုက
လောင်နေကာ မျက်နှာကြီးကလည်း ဆိုးရွားစွာပျက်နေခဲ့ပြီး.. ၊

"ရဲရဲ.."

"အမလေး..ရဲဖြစ်လိုက် ရဲရဲဖြစ်လိုက်၊ ငါ့အစ်မကနီနီ ငါကရဲရဲ..
အိမ်လုံးဒီနာမည်တွေကို ရှေ့ကဖြတ်ခေါ် နောက်ကပြတ်ခေါ်နဲ့ ရဲဗလော
ကိုခက်နေတာပဲ.."

စိတ်ပျက်လက်ပျက်ပြောပြီးမှ ရုတ်တရက်ဘာကိုတွေးမိသွားသည
သိဘဲ နှုတ်ခမ်းလေးတွေပြုံးသွား၏။ ပြီးတော့ ခုံတန်းမှာလွယ်အိတ်

ပြီး ထိုင်ချလိုက်ကာ.. ၊

"ဘယ်သူဘယ်လိုခေါ်ခေါ် ငါ့နာမည်ကိုသူခေါ်လိုက်တဲ့အချိန် နား
အချိုဆုံးပဲ.."

ကလေးငိုမျက်မှောင်ကုတ်သွားသည်။ ရဲကသတိမထားမိ။ ကိုယ့်
မှာ ယောကျာ်းပီသပြေပြစ်ကျနသော လူတစ်ယောက်လုံးရှိနေတာကို
ဘယ်လိုကျော်လွှားကြည့်နေတာလဲ.. ဒါမှမဟုတ် သူကဟိုလူထက်အရပ်
သို့လား.. ဒါမှမဟုတ် ဟိုလူ့လောက်ကြည့်မကောင်းလို့လား.. သို့တည်း
တ် ရွာနားကမြက်ရွာနွားမစားတာမျိုးလား..။ သူ့ရင်ထဲက သူငယ်ချင်း
ဆိုသည့်အလွှာပါးက စုတ်ပြဲစပြုနေတာလား...။ မျိုသိပ်လာခဲ့သမျှ
ည်းမခံနိုင်သည့်အဖြစ်ကို ရောက်လာခဲ့တာလား..။ သို့သော် သူဘယ်လို
နေနေ ရဲကဂရုမစိုက်ဘဲ.. ၊

"နီရဲရဲနီ.."

ရုတ်တရက်မျက်နှာကြီးတည် လည်ချောင်းကြီးစင်းပြီး ချစ်မဝအော်
ကြိတ်ခေါ်သည်။ ပြီးမှ ဟဲခနဲရယ်လိုက်ကာ.. ၊

"အဲ့လို အဲ့လို..သူဒေါသဖြစ်ရင် ငါ့နာမည်ကိုခေါ်တာ၊ အဟွန်း.."

"ဘယ်သူကကြားချင်ပါတယ် ပြောနေလို့လဲ.."

"သိပါတယ်..ဒီခေါ်လာတည်းက နင့်မျက်နှာကြီး ဒီလောက်ဖြစ်နေ
.."

ရဲကပြန်၍မဲ့ရွဲ့ခြင်းသို့ရောက်ကာ သူ့ကိုမျက်စောင်းလည်းထိုးသေး
သည်။

"မောင်တွေများ ကလေးတုန်းကတော့ သူငယ်ချင်းလို မောင်နှမလို
ကောင်းဆိုကောင်း သံပတ်ရုပ်လေးလိုပဲ..သွားဆိုသွားတယ် ထိုင်ဆိုထိုင်
သ၊ အရွယ်လေးရောက်လာတော့ ရှက်ရတာနဲ့ ဖင်ကျိန်းရတာနဲ့.."

ငါကနင့်မောင်လားလို့ မေးပြီး ဘာမှမတော်စပ်ကြတာကို သတိရ
အောင် ပြောပေးလိုက်ချင်သည်။ ဆွေမျိုးအိမ်ကနေ ဒီမှာလာနေတဲ့အ
ကြောင့် မောင်စာရင်းဝင်ဖြစ်ခဲ့ရပေမယ့် ဆွေမျိုးအိမ်ကလည်း သူ့ကိုမွေး
သားတာပဲဖြစ်သည်မို့ သွေးသားတော်စပ်မှုဘယ်မှာလဲ..။ ဒါမှမဟုတ်
မင်မသိချင်ယောင်ဆောင်နေတာလား.. အရှုးကွက်နင်းတာလား..။ သူ့

အကြည့်တွေ ရဲရဲ့ဖူးငုံလုပသည့် နှုတ်ခမ်းလွှာလေးတွေမှာ စူးနစ်နေခဲ့သည်၊ အတန်ကြာမှ မျက်နှာလွှဲ၍.. ၊

"နင်အဲ့ကောင်ကို တကယ်လိုက်စမှာလား..ဒါဆို ငါသွားမယ်.."

"ဘာတွေပြောနေတာလဲကလေးငိုရယ်..နင်ကစကားလိုက်ပြောမှာလားဆိုလို့ အင်းလို့ဖြေတာလေ၊ စကားပြောဖို့ရှိလို့ လာစောင့်နေတာပေါ့..ဒါနဲ့ပဲ.."

"သူပြန်လာမှာလား မလာတော့ဘူးလား..မေးမလို့ဆိုရင် ငါမေးပေးမယ်.."

"ဟေ့အေး..ဒါတော့မကဘူး၊ ငါ့မှာသူ့အင်္ကျီရှိတယ်..အဲ့ဒါလည်းပြန်မေးချင်လို့.."

ရင်ထဲမှာ ကျင်ခနဲထိရှသွားသည်။ အင်္ကျီကိစ္စတွေလည်း သူသိခဲ့သည်။ ဒီလိုအခြေအနေတွေကို သူနဲ့နှစ်ယောက်တည်းမှာလည်း ကြုံခဲ့ဖူးသည်။ ထီးကျိုးသွားလို့ တစ်ဖက်ခြမ်းကပ်သွားသည့် ထီးရွက်လေးမှာ ပါးချင်းကပ်မတတ်။ ပခုံးချင်းထပ်၍ အတူဆောင်းခဲ့ရသည်။ သွားရင်းလာရင်း ဖိနပ်ပြတ်သွားလို့ သူ့ဖိနပ်ကိုချွတ်ပေးခဲ့ဖူးသည်။ အင်္ကျီကြယ်သီးပြုတ်တာတွေလည်းမကြာမကြာပါပဲ..။ ရဲကအလုပြင်တာ မကြာတတ်ပေမယ့် ဟူးဟူးဒိုင်းဒိုင်းပြင်ဆင်ပြေးထွက်လာတိုင်း တစ်ခုမဟုတ်တစ်ခု ပြဿနာပါတတ်ကာ ဘာပြဿနာမှတက်ဖို့မရှိလျှင် ကိုယ့်ခြေထောက်နဲ့ကိုယ် ခလုတ်တိုက်လေသည်။ ဒါတွေသူနဲ့ကျတော့ မေ့ပျောက်ကျော်ဖြတ်လာခဲ့ပြီး ချစ်မဝအောင်နဲ့ကြုံလေမှ တန်းတန်းစွဲဖြစ်ရသတဲ့လား..။ ပြောရခက် ဖော်ပြရခက် သူ့မှာတော့ ဝေဒနာတွေကို မျိုသိပ်ထိန်းချုပ်လာခဲ့ရတာ နှစ်နဲ့ချီပြီး ဖြတ်သန်းခဲ့ရင်း.. ၊

"ဟော..ဟိုမှာသူ.."

ရဲဝမ်းသာအားရ ထရပ်လိုက်လျှင်.. ၊

"မသွားနဲ့.."

ကလေးငိုက လက်ကိုဖျတ်ခနဲဆွဲလိုက်သည်။ အနက်ရောင်ကားလေးတစ်စီးပေါ်ကနေ ဆင်းလာတာဖြစ်ကာ သူလျှောက်ထွက်သွားတာနှင့် မိန်းကလေးနှစ်ယောက်က လက်ခုပ်တီးခေါ်ရင်း ကမန်းကတန်းပြေးသွားကြတာ

မြင်လိုက်၏။ ကလေးငိုလက်ဆွဲထားတာကိုလည်း ရုန်းဖို့မေ့သွားကာ ဒီတိုင်းငေးကြည့်နေမိစဉ် ကားပါကင်က မိန်းကလေးတစ်ယောက်သည်လည်း သူတို့ဆီသို့.. ၊ မိန်းကလေးတွေ အစုလိုက်အပြုံလိုက် ဘာလဲ..။ သေချာကြည့်နေရင်း ကလေးငိုဆွဲထားသည့်လက်ကို လိမ်ဖယ်ချလျှင်.. ၊

"သူတို့မှာ တစ်ခုခုအရေးကြီးနေတာ သေချာတယ်..မသွားနဲ့.."

ရဲမျက်နှာလေး ဝင်းလက်သွားသည်။ ကိုယ်သဘောကျနေတဲ့သူကို မိန်းကလေးတွေနဲ့ မြင်လိုက်ရသဖြင့် ငေးငိုင်သွားပေမယ့် သူတို့ဘာလို့ဆုံကြတာလဲဆိုတာကိုတွေးဖို့ သတိမရခဲ့.. ၊

"ကျေးဇူးပဲ..ငါစိတ်ချမ်းသာသွားလို့.."

"ချမ်းသာရင်လည်း ပြန်မယ်.."

"ဟာ..ကလေးငို.."

"ဘာလဲ.."

"လွှတ်..လက်ကို.."

ဒီတစ်ခါ ခါချပစ်လို့မရသဖြင့် ရဲစိတ်ဆိုးသွားသည်။ ဟိုတစ်ခါအမှတ်တမဲ့တွေ့တုန်းက မမကတားဆီးသည်။ ခုကျတော့ ကလေးငို။ ဟိုတစ်ခါမမီမကမ်းပြေးလိုက်ရလို့ ခြေမကွဲရပြီး ဒီတစ်ခါဘာဖြစ်မလဲ.. ၊

"လူကိုအမိန့်ပေးရအောင် နင်ကငါ့အဖေလား.."

ခါချပစ်လို့မရတော့ လက်နဲ့ပဲဆွဲဖြုတ်ပစ်လိုက်ရင်း.. ၊

"တကယ်ပါပဲ..ဒီကိုတမင်လာတာ သိရဲ့သားနဲ့.."

"နင်သူ့ကိုသွားခေါ်မှာက အကြောင်းပြမကောင်းဘူးရဲရဲ..နင်ကမိန်းကလေး.."

"မိန်းကလေးလည်းပြောစရာရှိတဲ့စကားကို စပြောခွင့်ရှိတယ်..အ.."

ဆောင့်အောင့်ခြေလှမ်းလိုက်တော့ ဖိနပ်ကပြတ်ထွက်သွားသည်။ နှစ်တန်းပြေးထားသည့်ကြိုးပါးလေးတွေက ခြေမဘေးကနေ နှစ်ချောင်းစလုံးပြုတ်ထွက်သွားသည်။ ဒါကိုနှစ်ယောက်စလုံး ငုံ့ကြည့်လိုက်ကြ၏။ လှမ်းကြည့်လိုက်တော့ ချစ်မဝတို့ခေါင်းချင်းဆိုင်ပြီး ဘာကြည့်နေကြသည်မသိ။ ပြီးတော့ တစ်ခုခုကိုအခြေအတင်ပြောနေကြပုံရှိကာ.. ၊

"ငါ့ကိုဖိနပ်ခဏပေး.."

"ဘာ.."

"ကဲ..ချွတ်စမ်းပါကလေးငိုရယ်၊ နင့်ဖိနပ်ကို နင့်ရှေ့ခဏလေးစီးမှာပါ..ဓားနဲ့နုတ်နုတ်စင်းပစ်မှာကျနေတာပဲ.."

ကလေးငိုက ဘောင်းဘီရှည်ဝတ်ရင်တောင် သားရေညှပ်ဖိနပ်နဲ့ပဲ ထွက်လာတတ်တာမို့ ဒီအချိန်မှာ ကလေးငိုသားရေဖိနပ်စီးထားတာအတော်ပဲဖြစ်သွားသည်။ သူမအနားရောက်မလာခင်တည်းက မျက်နှာချင်းဆိုင်မြင်နေရသည့် သဲလတ်ချိုမျက်နှာ ချက်ချင်းပြောင်းလဲသွားသည်။ ဘယ်သူမှမမြင်ခင်မှာပဲ ကိုယ်သည်မတ်မတ်စန့်စန့်ဖြစ်သွားခဲ့ပြီး.. ။

"ငါသွားနှင့်တော့မယ်..ပါချုပ်ဆီသွားမှပဲ ငါ့ကိုဖုန်းဆက်လိုက်.."

"ဟင်..သဲ.."

အားလုံးအံ့သြသွားကြတုန်း သဲလတ်ချိုဘာဖြစ်သွားသည်ဆိုတာ အဖြေပေါ်လေသည်။ သူမတို့ဘေးကို ရောက်လာတာက ရဲ..။ သူမသည် အနီရဲရဲနှင့်အပြာရင့်နှစ်ရောင်စပ် ဆွဲသားခါးရှည်အပွလေးကို ဂျင်းနက်ကွာတားလေးနှင့် ဝတ်ထား၏။ ခြေထောက်မှာတော့ ညှပ်ဖိနပ်နဲ့ဖြစ်ကာ စလစ်ပါစီးထားတာတောင် ကိုယ်ဟန်သွယ်သွယ်နှင့် အရပ်အမောင်းက ကြွားရွားထင်းရှင်းနေကာ.. ။

"သြော်..နှာမည်ကျော်ပဲ.."

"ဟွန်း.."

ချစ်မဝကိုပဲ အာရုံထားနေကာ သူမတို့ကိုလည်းမသိတာမို့ ရှက်တရက်ကိုယ့်ကိုပြောလိုက်မှန်းတောင် ရဲကမသိ။ သတိထားမိသွားမှ ငဲ့ကြည့်မိကာ.. ။

"တို့ကိုသိနေတာလား.."

"သိပ်သိတာပေါ့..တက္ကသိုလ်ကျောင်းသူမဟုတ်ဘဲ ကျောင်းသူလိုလိုတက္ကသိုလ်ဝင်းထဲလာပြီး ဘာလာလာလုပ်မှန်းမသိတဲ့.."

"အစကမသိခဲ့ကြတာပါ..နောက်တော့ နီရဲရဲနီဆိုတာလည်း သိလာတယ်၊ ဘာကြောင့် နှာမည်ကျော်လာသလဲဆိုတာရော.."

ရဲနားလည်သွားသည်။ သူမမျက်နှာမှာ ဂရုမစိုက်ခြင်းတွေ မဆိုင်းမတွပေါ်ပေါက်လာခဲ့လျက်.. ။

"ကျေးဇူးပဲ..ဒါပေမဲ့ နောက်မှမိတ်ဆက်မယ်၊ အခုကိစ္စရှိလို့.."

"ကိစ္စမရှိလည်း နင်လာကြောင်နေတာပါပဲ..လင်းရတုကို မိန်းမနောက်ပိုးလုပ်နေတုန်းက.."

ရဲမျက်နှာ နီမြန်းသွားသည်။ လှည့်ရပ်လိုက်တော့ သူမတို့ကလည်း ရည်းစားလုခံရသည့်သူငယ်ချင်းအတွက် ရင်ဆိုင်ဖို့အသင့်ရှိသော မာန်မာနများနှင့် ရူးရူးရဲရဲ.. ။

"ခုန ဒီဝိုင်းထဲကလှည့်ထွက်သွားတာ နင်နောက်ပိုးလိုက်တဲ့လင်းရတုရဲ့ချစ်သူ..သူတို့ကလက်ထပ်ဖို့ရည်းရွယ်ချက်တွေနဲ့ စတိတ်ကျောင်းမှာတည်းက.."

"ဒါဆိုလည်း တိုင်မှာကြိုးချည်ထားပါလား..နောက်တစ်ယောက်နဲ့ပါသွားတဲ့ယောကျ်ားတစ်ယောက်ကြောင့်တိုင်ပတ်နေတာ၊ သနားဖို့လည်းမကောင်း.."

"မိန်းမတစ်ယောက်ကမပါပါအောင် မြူဆွယ်မှတော့.."

"မပါပါအောင်မြူဆွယ်တယ်ဆိုတာ ဘာကိုပြောတာလဲ..ဘယ်လိုမျိုးလဲ၊ နည်းနည်းမြူဆွယ်ပြပါလား.."

ရှုတ်တရက်ဆွံ့အကုန်ကာ ဒေါသတွေသည်းနေသော်လည်း ဘာပြန်ပြောရမှန်းလည်း မသိကြ။ ရဲက ခပ်မဲ့မဲ့စိုက်ကြည့်နေ၏။ ပြီးတော့ လှောင်ပြောင်သလိုရယ်ကာ.. ။

"သိဖူးလို့နှုတ်ဆက်တယ်..သူကပြန်နှုတ်ဆက်တယ်ဒါပဲလေ၊ မရမကဆိုတာ ဘာလဲ..ယောကျ်ားတစ်ယောက်ရဲ့ယိမ်းယိုင်မှုကို ဘယ်လောက်တောင်အထင်တကြီးတွက်ချက်ပြီး မိန်းမသားချင်းနှိမ့်ချနေရတာလဲ၊ နင်တို့ရဲ့ရတုလေ..ငါ့ကိုမရလို့ အသက်ငင်နေတာ သိလိုက်ရဲ့လား၊ ဆေးသမားဖြစ်ပြီး ဆည်ကျိုးတော့မလို့ တည်းတည်းလေးပဲ.."

သူမပြောနေတုန်း ချစ်မဝကနေရာမှခွာဖို့ပြင်၏။

"နေဦး.."

ရဲက သူ့အကျီလက်စကို ဆွဲထားလိုက်ပြီး.. ။

"ငါလာချင်ရင် တက္ကသိုလ်ဝင်းရုံမကလို့ သိကြားမင်းကျောက်ဖျာပေါ်ဖြစ်ဖြစ် ဂရုမစိုက်ဘူး..ငါပြန်ချင်ရင်လည်း ငါ့ရှေ့မှာတောင်ဆယ်လုံး

လောက်ပြုံကျ ပိတ်ဆို့နေပေ့စေ နီးပဲ..အဲ့ဒီတော့ ဘာပြောစရာရှိသေးလဲ.."

"ရှိတယ်..ခင်ဗျားလက်ကိုလွှတ်လိုက်တော့.."

"လွှတ်လို့မရဘူး..ချစ်ကိုပြောစရာရှိသေးတယ်၊ အိမ်ကိုမလာတာ တစ်ပတ်ရှိနေပြီ.."

ကြည့်စမ်း.. ချစ်လို့ခေါ်ပြန်ပြီသူမ..။ ချစ်မဝရဲ့ဝင်းစိုနေသည့်မျက်နှာ က အရောင်ပြောင်းသွားသည်။ မိန်းကလေးနှစ်ယောက်က အံ့သြခြင်းနှမျော မဆုံးရှိခြင်းတို့ဖြင့် သူ့မျက်နှာကိုကြည့်လိုက်ကြကာ တစ်ခုခုဖြေရှင်းလာမှာ ကိုလည်း မျှော်လင့်ပုံရှိ၏။ သို့သော် ချစ်မဝရဲ့မျက်နှာကို အကဲခတ်လိုက်ပြီး သူမတို့ပဲ လှည့်ထွက်သွားကြလေသည်။ နီရဲရဲနီဆိုသည့်အတိုင်း သူမရောက် ချင်သည့်နေရာကို ရောက်နေတတ်ကာ တွဲချင်သည့်လူနဲ့တွဲသည်။ တွဲနေ တိုင်း အတွဲမဟုတ်ဘူးလို့ ကြားလိုက်ရရင်လည်း သူမ။ အတည်တွဲနေသည် လို့ကြားပြီး မဟုတ်တော့ဘူးဆိုတာလည်း နီရဲရဲနီ။ ခံရခက်အောင်ဖြစ်ရတာ က သူမချိန်လိုက်သမျှ ချစ်သူလက်ငုတ်လက်ရင်းရှိနေပြီးသား.. ၊

"ဒီလောက်သတင်းမွှေးနေတာတောင် မျက်နှာတစ်ပတ်မညှိုးဘူးဆို တော့ ခင်ဗျားကျွန်တော့်နောက်ကိုလိုက်နေတာ စာလာမသင်လို့ လိုက်နေ တာလား..ဒါမှမဟုတ်.."

"ချစ်ကိုကြိုက်လို့လိုက်နေတယ်ထင်လို့လား.."

ပြောပုံက.. ၊

ချစ်မဝမျက်နှာ ရဲခနဲဖြစ်သွားသည်။ အသားလတ်ဆိုပေမယ့် ဝင်း ဖန့်ဖန့်ကြည်နေသည့်အသားရောင်က ဒေါသဖြစ်ပြီး ရှက်သွားပြီဆို အနီ ရောင်တက်လာတာ သိသိသာသာ။ သူရှက်သွားတိုင်း သဘောကျဖွယ်ရှိ တတ်သည့်မျက်နှာကို ရဲကလည်းမလွှတ်တမ်းကြည့်သည်။

"ချစ်ကမေးလို့ပြန်မေးတာပါ..အခု ချစ်မလာတာ.."

"ခင်ဗျားအဲ့လိုထပ်မခေါ်နဲ့.."

"ဘာဖြစ်လို့လဲ..ဒါချစ်နာမည်ပဲဟာ.."

"ခင်ဗျားအပိုတွေပြောမနေနဲ့ရဲရဲ..သူများခေါ်သလိုပဲခေါ်.."

"သူများခေါ်တာကို ရဲကလိုက်ခေါ်ချင်မှ ခေါ်မှာပေါ့..ကဲပါ လူကြား ထဲကျရင် ကိုယ်နဲ့ရင်းနှီးမှုလေးလည်း ပါချင်လို့တမင်ခေါ်တာပါ..မကြိုက်

ရင်မခေါ်ဘူး.."

ရဲမြန်မြန်ဆန်ဆန်အလျှော့ပေးကျေအေးလိုက်ပေမယ့် မှုန်ကုတ်ကုတ် မျက်နှာက တင်းနေသည်။ ပြီးတော့ ခုထိကိုင်ထားသည့်ရဲလက်ကို ဖယ်ချ ပစ်၏။ မိန်းကလေးသူငယ်ချင်းတွေရှေ့မှာ ပစ်ပစ်ခါခါပုတ်ချမပစ်ခြင်းကို တွေးမိပြီး ပြုံးလိုက်မိသည်။ သို့သော် ရွှေမင်းသားတစ်မျိုးဖြင့်သွားမည်စိုး ကာ.. ၊

"မနက်ဖြန်လာမှာလား.."

သူ့အကြည့် စူးခနဲရောက်လာသည်။

"ဘယ်တုန်းကစာမသင်ရမှာ ဒီလောက်စိုးသွားတာလဲ.."

"အဲ့လိုထပ်မေးပြန်ပြီလား..ရဲကစီကာပတ်ကုံး ရှင်းပြနေမှာမဟုတ် ဘူးနော်.."

သူချက်ချင်းမျက်နှာလွှဲသွားတော့ ရဲဟန်မဆောင်နိုင်ဘဲ ရယ်လိုက်မိ သည်။

"ပညာလိုချင်လို့ ဆရာကိုတကောက်ကောက်လိုက်ခေါ်နေတာလို့ပဲ တွေးရင်ပြီးပြီပေါ့.."

"ခေါ်တိုင်းလိုက်ရအောင် ကျွန်တော်ကဘယ်လိုအာမခံထားမိ လို့လဲ..ဆရာကြီးခိုင်းတာကို တာဝန်ကျေချင်တာတစ်ခုပဲ၊ နောက်ပြီး ကိုယ့် ရဲ့.."

"ဟုတ်ပါပြီ..စာမေးပွဲမဖြေသေးခင် ဒီလိုလက်လွှတ်ပြီး ထွက်သွား တာထက်စာရင် ပြီးဆုံးအောင်သင်ပေးရမှာမဟုတ်ဘူးလား၊ တို့ကိုတာဝန် ယူကြည့်လိုက်ပါ..ယူလုံးဝနောင်တမရစေရဘူး.."

ချစ်မဝမျက်နှာမှာ စိတ်ဝင်စားသည့်အရိပ်တွေ ပြေးသွားသည်။ ပြီး တော့ ရဲရဲ့မျက်ဝန်းလေးတွေထဲကို မျှော်လင့်ခြင်းတို့ဖြင့် ရှာဖွေနေရင်း.. ၊

"ဘာပြောလိုက်တာလဲ.."

"တာဝန်ယူကြည့်လိုက်ပါဆိုမှ ဒီနှစ်လုံးဝအောင်အောင်ကြိုးစားမယ်"

ဝမ်းသာသွားသည့်ပုံပေါ်ပေမယ့် မျက်နှာကိုဖျတ်ခနဲလွှဲသွားသည်။ တကယ်တော့ သူမဆီကိုသူပြန်သွားမှာပါ။ သူမဆီက ဒီလိုကတိမျိုးကို မရ ရင်တောင် ကိုယ်တတ်နိုင်သမျှတော့ ဆွဲတင်ကြည့်ဖို့ကြိုးစားမှာဖြစ်သည်။

ကျန်တာဘယ်လိုအရေးဖြစ်ဖြစ် ကိုယ်တိုင်ကပညာရေးကို တန်ဖိုးထားသလို သူများလည်းပညာရဖို့ ကူညီချင်သည်။ ပြီးတော့ သူ့ကိုယုံကြည်စွာ ကူညီအပ်နှံခဲ့တဲ့ ဆရာ့မျက်နှာကို မေ့လို့မဖြစ်.. ။

"ယူတော်တော်စဉ်းစားနေရတာလား.."

"ဟုတ်တယ်..ခင်ဗျားကိုယ့်ကတိကို တည်နိုင်ရဲ့လား.."

"ဘာလို့မတည်နိုင်ရမှာလဲ..ယူပဲစဉ်းစားပါ၊ ဆရာကြောင့်ဖြစ်ဖြစ် သူများကိုအောင်စေချင်တာဖြစ်ဖြစ် ဒါမှမဟုတ် ငွေကြောင့်လည်းအနည်းအကျဉ်းပါနိုင်တဲ့ ဒီအလုပ်ကို.."

"လိုရင်းကိုပြောစမ်းပါ.."

"ယူနောက်ထပ်စိတ်ကောက်ပြီး မလာတော့ဘူး မသင်တော့ဘူးဖြစ်တာမျိုး.."

"နီရဲရဲနီ.."

ဒေါသနဲ့ခေါ်တာပေမယ့် ရဲကအပြုံးမပျက်ဘဲ ပြန်ကြည့်၏။ မသိရင် ဒီလိုဒေါသထွက်ပြီး ဒီအသံထွက်အောင် တမင်စတာမျိုး.. ။

"ကျွန်တော်မလာတာ ဆေးရုံမှာအလုပ်ကိစ္စတွေကျပ်နေလို့.."

"လူကိုမကျေမနပ်တွေဖြစ်ပြီးမှ မလာတော့တာပဲ..ယောကျ်ားဆိုတာ"

"ခင်ဗျားသင်ပေးဖို့မလိုဘူး..မိန်းမတစ်ယောက် ဘယ်လိုနေထိုင်ပြောဆိုရမလဲပဲ ကိုယ့်ဘာသာနားလည်ဖို့ကြိုးစား.."

သူခြေလှမ်းကျဲများနှင့် ထွက်သွားတော့ ရဲပခုံးလေးနှစ်ဖက်တွန့်ပြီး ရယ်သည်။ ပြီးတော့ နောက်ပြန်လှည့်လိုက်လျှင် သူမနဲ့မလှမ်းမကမ်းကို ရောက်နေပြီဖြစ်သည့် ကလေးငို.. ။

"ကလေးငို.."

လက်ထဲမှာ သူမရဲ့ဖိနပ်ပြတ်ကို အိတ်တွေဘာတွေနဲ့မဟုတ်ဘဲ ဒီတိုင်းကြီးကိုင်ထားသဖြင့် ရဲအေးဘီကိုလှည့်ကြည့်မိကာ.. ။

"ဟိုနားမှာပဲထိုင်စောင့်နေရင် ပြီးရောကလေးငိုရယ်..ငါ့ဖိနပ်ကြီးကိုင်ပြီး တကောက်ကောက်နဲ့.."

"ဟုတ်တယ်..အဲ့ဒါ နင်သိစေချင်လို့.."

မျက်လုံးတွေက လေးနက်နေသည်။ စကားလုံးတွေမှာ ပယောဂတွေ

ရဲကြောင်တောင်တောင်ဖြစ်သွားသည်။

ထိုမျက်ဝန်းလေးတွေကြောင့် နာကျင်မိသည်။ ရောလွန်းတော့ပေါ ဘယ်တဲ့..။ သူဒီလောက်ချစ်ချစ်မြည်အောင် ချစ်ပြနေတာတွေက သူမအတွက် တန်ဖိုးမဲ့သွားတာလား.. ။

ဘာပဲဖြစ်ဖြစ် တန်ဖိုးကိုနင်သတ်မှတ်ပါ.. ငါ့ရင်ထဲက တိတ်တခိုး သိမ်းစုဆောင်းလာခဲ့ရတဲ့ အချစ်တွေကတော့ နင့်အတွက်ဆိုအရာရာနဲ့နှိုင်းယှဉ်ရဲတယ်..

ငါဘယ်တော့မှ မရှုံးဘူး..

◆◆◆◆

အခန်း(၂၆)

"ဆရာမ..ဒီလူနာကို (HbA1c)စစ်ခိုင်းထားတာ အဖြေရပြီလား.."

"ဟုတ်ကဲ့..ရပြီဆရာ.."

နာစ့်ပေးသည့်သွေးအဖြေတွေကို ကြည့်နေစဉ် ဆုမြတ်နဲ့သဥ္ဇာတို့ဝင်လာကြသည်။

"ဒီနေ့ဘယ်လိုနေသေးလဲဦး.."

"သက်သာတယ်ဆရာမ..ဒီနေ့နေလို့ထိုင်လို့ကောင်းတယ်.."

လူနာကိုပြုံးပြနှုတ်ဆက်ရင်း ချစ်မဝကိုင်ထားသည့်စာရွက်တွေနားမှာ ပူးကပ်ကြည့်ကြ၏။ ပြီးတော့ သုံးယောက်သားတစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍.. ।

"သူကအင်ဆူလင်ထုတ်နိုင်တယ်နော်..ဒါပေမဲ့.."

"ဟုတ်တယ်..အင်ဆူလင်က မလိုက်ဘူးဖြစ်နေတာ.."

"မက်ဖော်မင်ထပ်တိုးကြည့်မလား.."

"ဆရာမကြီးပြောမှာပါ.."

အမှန်က ဒီနေ့သူမတို့ဂျူတီချိန်က ညနေမှဖြစ်သည်။ အတူလာခဲ့ကြ

...သည့်အကြောင်းရင်းက အလွန်ရိုးသားပြီး ခင်မင်ဖွယ်ကောင်းသော မောင်...စ်ယောက်လိုလည်း သံယောဇဉ်ဖြစ်နေမိကြသည့် ချစ်မဝကိုပြောစရာစ...းတွေရှိနေလို့။ ဆုမြတ်က ဦးဆောင်ပြီး ဆေးရုံရဲ့အပြင်ကဲန်တင်းမှာထိုင်...၏။ စကားပြောရအောင်ဆိုပြီး လာခဲ့ကြပေမယ့် သူမတို့ဘာပြောမှာလဲဆို... ချစ်မဝဘာမှမသိ။ ဒါပေမဲ့ မေးလည်းမမေးဘဲ ပါလာခဲ့သည်။ ဟိုနေ... ချစ်လို့ခေါ်ပြီး အနားရောက်လာသည့် ရဲနှင့်ပတ်သက်၍.. ।

"သူလေ..သဲရဲ့ချစ်သူမှန်းသိရက်နဲ့ ရတုကိုဖြတ်ခုတ်သွားတာ.."

"သူ့မှာ ဒီအလုပ်ပဲရှိပေမယ့် သဲကပညာကြိုးစားနေရတာလေ..ဟိုက...င်ဆိုင်မလုချင်လို့ပါ၊ ဆရာဝန်တစ်ယောက်က ဆယ်တန်းတဗုန်းဗုန်းကျ...တဲ့မိန်းမ သေလောက်အောင်လုနေတော့ရော ဂရုစိုက်စရာလား.."

မိန်းမသားနှစ်ယောက်က မိန်းမသားတစ်ယောက်အကြောင်းပြောနေ...ကြသည်။ တစ်ခါနှစ်ခါပဲမြင်လိုက်ပြီး ထိုသူမရဲ့စိတ်ဓာတ်ရေးရာဖြစ်စဉ်များ... တောက်လျှောက်.. ।

"နာမည်ကိုက နီရဲရဲနီတဲ့..နင်သတိထားဖို့ပြောနေတာအောင်၊ ဆေး...ကျောင်းထဲကိုလာတယ်..ကားထည်လဲစီးပြီး ရုပ်လေးကလှတော့ သူ့ကိုယ်...ကျောင်းသူလိုလိုပေါ့၊ ဆယ်တန်းကိုဘယ်လောက်တောင်နှစ်ခွေးတိုက်...သွားအောင်နေသလဲဆိုရင် တခြားတက္ကသိုလ်တွေမှာဆို သူ့သူငယ်ချင်းတွေ...နီယာတွေက ဆရာမဖြစ်ပြီး ဘယ်အဆောင်တွေပေါ်တက်တက် အေး...ဆေးပဲ.."

"လှတာတော့ တော်တော်လှတာနော်..မျက်တောင်တွေဆို အတုတပ်...ားသလိုပဲ၊ မျက်လုံးတစ်ခုတည်းနဲ့တင် အဲ့လောက်လှနေတော့ သူ့ရဲ့အ...ကြည့်တစ်ချက်က.."

"အဲ့ဒါကြောင့် မျက်လုံးတစ်ချက်ဝင့်လိုက်ရင် တစ်ယောက်ပဲလေ...န်းမချင်းမစာမနာပြောရရင် ကြာကြည့်လို့ခေါ်တယ်အဲ့ဒါ.."

မစာမနာပြောဖို့ပဲဟာ 'ပြောရရင်'လို့ ခေါင်းစဉ်လွဲနေသေးသည်။ ...န်းမချင်းပြောသလို တအားပွင့်လင်းနေကြသဖြင့် ယောကျ်ားတစ်ယောက်...နေနဲ့ ငုတ်တုပ်ထိုင်နားထောင်နေရတာ အတော့်ကိုအဆင်မပြေဖြစ်နေခဲ့...သည်။ ဒီနေရာမှာ မေမေရှိနေရင်တော့ မျက်လုံးအဝိုင်းသားနှင့် တအံ့တသြ

ဖြစ်နေမှာသေချာ၏။ မေမေနဲ့မမတို့ နှုတ်ဖျားကနေ တခြားသောမိန်းက
တစ်ယောက်အပေါ် ပုတ်ခတ်ဝေဖန်တာမျိုး ကြားရခဲ့သည်။ မသက်ဆိုင်
မပြောနဲ့ စိတ်အခန့်မသင့်ဖြစ်နေချိန်တောင် ထိုသူမအပေါ် လွန်ကျူး
မကောင်းယုတ်ချပြောခြင်းအမှုကိုမပြုတတ်.. ၊

"မပြောရဘူးသမီး..ကိုယ်ပြုခဲ့တဲ့ ဒါနမျိုးစေ့မစင်ကြယ်ခဲ့လို့ ဒီဘ
မှာတောင် မိန်းမလာဖြစ်နေရတာ၊ ကိုယ်လည်းမကြမ်းနဲ့ နှုတ်လည်းမကြ
နဲ့..အထူးသဖြင့် ကိုယ်လည်းမိန်းမပဲ၊ တခြားမိန်းမတစ်ယောက်အပေါ်မှ
မျှစ်ချိုးဘယ်တော့မှမပြောမိစေနဲ့..ဘဝတစ်ခုဟာ ဘယ်လိုရှင်သန်ပြီး ဘ
လိုရှေ့ဆက်နေရသလဲဆိုတာ တစ်ယောက်ရဲ့ဘဝကို တစ်ယောက်နား
လည်နိုင်ဘူး..အမြင့်တစ်ခုပေါ်မှာကြည့်ပြီး လွယ်လွယ်ဝေဖန်ပစ်လိုက်
ဘယ်လောက်တောင်အဆင်ဆိုးလိုက်သလဲ.."ဆိုတာ မေမေ့ဆီကကြားရ
စကားတွေ.. ၊

"ငါတို့က နင့်အတွက်ပြောနေတာအောင်.."

ဟင်.. ၊

ရုတ်တရက်ကိုယ့်ဘက်လှည့်လာတော့ မီးနူးလှန်နေရင်း အလုပ်
နေသည့်လက်တွေ ရပ်တန့်သွား၏။ သူ့ကိုဦးတည်ပြောနေတာသိရက်နဲ့ဘ
မှလည်းဝင်မပြော။ မီးနူးလှန်နေတာ ဒီကစကားကို နားထောင်နေလား မ
လားလည်းမသိ။ ထို့ကြောင့် သူမတို့သည်လည်း မကျေမနပ်တွေဖြစ်သွ
ကြကာ.. ၊

"နင်အခုသူ့ကိုစာပြန်သင်ပေးနေပြီလား.."

"ကျွန်တော်မသွားဖြစ်တာ မဆုတို့ဘယ်လိုသိနေတာလဲ.."

"ဩော်..သူတကြော်ကြော်ခေါ်ပြီး လိုက်ခေါ်နေတာသိတာပေါ့.."

မလွယ်ပါလား..။ ကိုယ့်မိဘတွေအစ်မတွေထက် သူမတို့ကပိုဆိုး
ကြလျက် ကိုယ့်ကိုစိတ်ပူတာလား..သဲအတွက်မခံချင်တွေဖြစ်နေကြတာလ
.. မနေ့ကကိစ္စပြီးတည်းက သူမတို့ချင်း ပြောနေကြသည့်စကားတွေကို ကြ
သည်။ သဲလတ်ချို့ရဲ့ချစ်သူကို ရဲကလုယူသွားသည်တဲ့.. အချစ်ကိုခွဲခြမ်း
ဖြာပြီး ယူလို့ရသလား..။ အချစ်ဟာ အထားမတတ်လျှင်ပျောက်ရှသွားတ
သည့်ဒြပ်ဝတ္ထုပစ္စည်းတစ်ခုလား.. ဒါတွေကို သူစိတ်မဝင်စားခဲ့ပါ။ သို့သေ

...စ်သည်မြည်းစမ်းကြည့်မှ အရသာသိသောစားဖွယ်ပစ္စည်းတစ်ခုခုမ
...မှန်းတော့ သေချာသိနေသည်။

"ငါတို့ကလည်း သူများကိစ္စကို ဝင်ပါချင်တာမဟုတ်ဘူး..နင်နဲ့ပတ်
...နေတဲ့မိန်းကလေးက ဘယ်လိုမိန်းမဆိုတာ သိဖို့ပဲ.."

"ကျွန်တော်တို့က မဆုတို့ထင်သလိုမဟုတ်ပါဘူး..သူကလည်းပွင့်
...းတာပဲထင်တယ်.."

"ပွင့်လင်းတာထက် အများကြီးပိုတယ်ဟဲ့..ဘယ်နေရာဖြစ်ဖြစ်သူမ
...းရဲတဲ့နေရာမရှိဘူး၊ ဘာစကားဖြစ်ဖြစ် ပြောရဲသလားမမေးနဲ့..ဘယ်သူ
...ယ်သူနဲ့ချစ်နေကြသလဲ ဘယ်တော့မှမစူးစမ်းဘူး ဂရုမစိုက်ဘူး၊ သူ့
...ကြောင့်အသည်းကွဲပြီး ဘဝပျက်မတတ်ဖြစ်ကုန်ကြတဲ့ မိန်းကလေးတွေအ
...ကြီး.."

ကြားရတာအဆန်းပါလား.. မိန်းကလေးတွေအသည်းကွဲရင် ယော
...းလေးတွေကြောင့်ပဲ ကြားဖူးသည်။ ခုတော့.. ၊

"သူလုပ်ပြီးရင်လည်း သူမဟုတ်သလိုပဲ..ဟိုတစ်ခါသဲကိုတွေးသားနဲ့
...ချက်မှ ခြေလှမ်းမတွန့်တာကြည့်လေ..သဲကရှောင်ထွက်သွားလို့ပါရော."

ချစ်မဝပြုံးလိုက်မိကာ သူမတို့သတိမထားမိအောင် စားပွဲထိုးကိုလက်
...ခေါ်လိုက်ရသည်။ ပြီးတော့.. ၊

"မဆုနဲ့မသဥ္ဇာဘာမှာကြမလဲ.."

"အလွယ်ရတာပဲမှာမယ်..တော်ကြာ အရေးပေါ်လူနာရောက်လာရင်
...ရှဦးမှာ.."

စကားသည် ဤသို့လမ်းခွဲစေပေမယ့် မကွဲမကွာရှိနေဆဲနှင့်.. ၊

"ဒါနဲ့ နင့်ကိုနင့်အစ်မနဲ့ အန်တီတို့က ဘာမှမပြောကြ မတားကြဘူး
..."

"ဘာကိုလဲ.."

"သူ့အစ်မကိုယ်တိုင် နင်နဲ့စာဆက်မသင်ခိုင်းဖို့ နင့်အိမ်ကိုပြောတာ
..."

အံ့ဩစရာပါလား.. ဒီကိစ္စသူမသိခဲ့ပေ။ မမတို့ပြောကြပေမယ့် ဟို
...ဒီကကြားတာလိုလို။ စိတ်ထဲမှာတွေးမိတာ ရဲရဲဆိုတဲ့တစ်ယောက်တော်

တော်လူသိများပါလားဟု.. ၊

"အောင်.."

"ဗျာ.."

"နင်မတုန်မလှုပ်လုပ်မနေနဲ့..နင့်လိုယောကျ်ားလေးတွေကို အဲ့တ ယောက်ကောင်းကောင်းကစားသွားလိမ့်မယ်၊ နားလည်လား.."

"ငါကတော့ရှင်းရှင်းပဲ..ကိုယ့်လူနဲ့တူတယ် တန်တယ်မထင်ဘူး၊ ချ သာတာ ဘာလုပ်ရမှာလဲ..ပညာဉာဏ်မွဲ အသိနည်းတဲ့မိန်းမမျိုး သူ့တန် ကို ဘယ်လိုသတ်မှတ်မလဲ.."

နားထဲမှာနည်းနည်းနောက်စပြုလာသည်။ ကိုယ်နဲ့မရင်းနှီးမသ ဆိုင်သည့် တခြားတစ်ယောက်ယောက်အပေါ် ဤသို့နှိမ့်ချဝေဖန်သင့်ပါသ လား.. ၊

"ကဲ..မှာစရာရှိတာ မှာကြလေ..သူများတန်ဖိုးတွေ သတ်မှတ်ဖို့ကြိုး စားနေတာနဲ့ ကိုယ့်ရဲ့တန်ဖိုးရှိတဲ့ ဗိုက်ကလေး ဘာမှမဖြည့်လိုက်ရဘဲ ဖ ပြေးနေရဦးမယ်.."

"တွေ့လားဆု..တို့ပြောနေတာတွေကို သူမကြိုက်တာသိလား.."

"သိသားပဲ..ခုနကလည်း ပြုံးလိုက်တာမြင်တယ်၊ ငါတို့ပြောနေတာ ကို လှောင်သလိုပြောင်သလိုနဲ့ အဲ့ကောင်.."

"မဟုတ်ပါဘူး..ကျွန်တော်က.."

"တီးတော်..တီးတော် တီးတော်.."

စကားပြောနေကြတုန်း Ambulanceကား၏ မြည်သံကအားလုံး ကို လွှမ်းမိုးသွားခဲ့၏။ သူတို့တွေဘာမှဆက်မပြောနိုင်ကြတော့ဘဲ ချထား သည့်ကိုယ့်ပစ္စည်းအထုပ်အပိုးလေးတွေ ပြန်ကောက်ကာ ဆေးရုံဆီသို့-

◆◆◆◆

အခန်း(၂၇)

"ရဲကတိပေးပါတယ်ဆိုမှ သူနဲ့ပဲသင်ရမယ်ဆိုရင် စာမေးပွဲအောင် အောင် ကြိုးစားမှာပါ.."

အားလုံးအကြည့်တွေ ဆုံသွားကြသည်။ နီနီက ဘွားဆီမျက်လုံးဝေ့ ြ:မှ တစ်ဖက်လွှဲ၍ ပြုံး၏။ ထိုအပြုံးကို လူကြီးတွေက သတိထားမိကြ သည်။ ပြုံးသည်ပုံစံအရ 'ငါပြောသားပဲ'ဆိုသည့်အောင်နိုင်သူမဲ့ပြုံးမျိုး။ ပြီး တော့ နေရာမှအသာလေးထထွက်သွား၏။ ဒေါ်မြတ်ပန်းနီအားမလိုအားမရ ဖြစ်သွားသည်။ သွားစေချင်တာက ကလေးငိုကိုဖြစ်ကာ အတွင်းစကားပြော ဘာကျတော့ ဒီလိုကိစ္စတွေမှာ ယောကျ်ားလေးတစ်ယောက်ကို မနေစေချင်။ ိုင်ပင်ကြပါမည်ဆိုမှ.. ၊

"ကလေးငို မင်းအစ်မကိုသွားပြန်ခေါ်စမ်း.."

"မလိုဘူးဟေ့..ဘာစကားတွေပြောမှာမို့လဲ၊ ဘာလဲ..ဒီအမေက တိုင် င်စရာလူမဟုတ်လို့လား.."

ဒေါ်မြတ်ချစ်က နီနီ့မျက်နှာကိုပဲ ကြည့်နေသူဖြစ်ကာ ခုနပြုံးသွား ာ သမီးဖြစ်သူလည်းမြင်နေသည်။ ဒါနဲ့တောင်မှ.. ၊

"ဘာကိစ္စကြီးမို့လို့ ကိုယ့်ခေါင်းနဲ့ကိုယ်မပြီးရတာလဲ..ကျူရှင်သင်မယ့်ကိစ္စ သင်ပေးမယ့်သူလည်းရှိတယ်၊ သင်ရမယ့်သူကလည်း ကြိုးစားမယ်လို့ပြောနေတယ်..ဘာလိုသေးလို့လဲ.."

"မေမေရယ်..အသက်တွေလည်းကြီးကုန်ပါပြီ.."

"ဘာ.."

"သမီးကြီးကိုပြောတာပါ..သူ့ကိုပညာသင်ပေးထားတယ်၊ အသက်အရွယ်ကလည်း အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်နေပြီ..သူသာဒီမိသားစုကိုမခင်တွယ်ရင် လွတ်လွတ်ခါခါလုပ်သွားပြီပေါ့.."

"အဲ့ဒီတော့ ကျုပ်ကဦးသုံးကြိမ်လောက် ချပေးရမလား.."

"သြော်..ငရဲတွေငအုံတွေကြီးကုန်တော့မှာပဲမေမေရယ်၊ သမီးပြောချင်တာက ကိုယ်ပြုစုပျိုးထောင်ပေးခဲ့ရတဲ့ စေတနာတွေက ကိုယ့်အပြောအဆို နေရာမကျတာလေးကြောင့် အားလုံးအရာမထင်ဖြစ်ကုန်မှာကိုပါ..သမီးငယ်အတွက် သူ့သူငယ်ချင်းကိုတောင် သူအမုန်းခံပြီး ပြောပေးထားတာ မေမေသိလား.."

"မသိဘူးမယ်မြတ်ပန်းရေ..သိလည်းမယုံဘူး၊ ဒီမှာ ညည်းက ကျုပ်ကိုသူငယ်ပြန်နေပြီများ ထင်နေလို့လား..အေး သူငယ်ပြန်နေတယ်ဆိုလည်း အဲ့ဒါလူငယ်တွေဝမ်းခေါင်းထဲကို အကုန်အစင်ပြန်သိနေတဲ့ ရောဂါပဲ..ညည်းရဲ့သမီးတော်ကြီး အပြောတစ်မျိုးအလုပ်တစ်မျိုးဆိုတာ ကျုပ်သိတယ်၊ ပါးစပ်ကဘာတွေပြောနေနေ သူ့မျက်လုံးထဲမှာ ဝမ်းထဲကစိတ်အခြေအနေကို အကုန်မြင်နေရတယ်..သူဘာပြောပြော ငါမယုံဘူး၊ ညည်းလည်းချင့်ယုံဖို့ကြိုးစားဦး..'ကျွန်ယုံတစ်ဖက်ကန်း သားသမီးယုံစုံလုံးကန်း'ဆိုတဲ့ ဆိုရိုးကိုမပြနဲ့၊ သူစိမ်းကသူစိမ်းထက်မပိုဘူး..မိတ်ဆွေလိုမိတ်ဆွေကောင်းပီသနေတာမျိုး ရှိရင်ရှိမယ်၊ သားသမီးမလိမ္မာလို့ နှိပ်စက်လို့ ဘေးသူစိမ်းကကူညီသွားတာမျိုးတွေလည်း ရှိရင်ရှိမယ်..ဒါပေမဲ့ စုံလုံးကန်းတာတွေ တစ်ဖက်ကန်းတာတွေတော့ လာမယုဉ်နဲ့၊ ကျုပ်တို့က အရင်းကအရင်း အဖျားကအဖျား သပ်သပ်စီထားပြီးသားပဲ.."

ကြားသွားရင်တော့ သွားပါပြီ။ မေမေပြောနေတာတွေကလည်း အမှားတော့မပါ။ ဒါပေမဲ့ ကိုယ်တစ်သက်လုံးကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့

ကလေးတစ်ယောက်ကို မြင်တဲ့အမြင်ကတော့ ပြင်းထန်လွန်းသည်ထင်၏။ နီနီ့ကိုဆို မေမေဘယ်တော့မှ မျက်နှာချင်းမဆိုင်။ နီနီပညာတော်လို့ ချီးမွမ်းကြ ဆုတွေချတဲ့အခါတိုင်း သူ့မြေးကိုသူဖက်ပြီး ထထွက်သွားတတ်တာသည်း ဟိုတုန်းကနေ ခုချိန်ထိ။ အပျိုအရွယ်တွေဖြစ်လာကြလေ မေမေ့ပုံစံက ငါ့မြေးမှငါ့မြေးဖြစ်လာလေ။ ဒါ့ထက်ပိုဆိုးတာက ကလေးငိုနဲ့သမီးကြီးကို အိမ်ထောင်ချပေးရင်ကောင်းမလား တိုင်ပင်တာတောင် 'ကလေးငိုဘက်ကနာနေသေးသည်'လို့ပြောတာ မလွန်ဘူးလား.. ၊

"မွေးစားထားတာလေးတွေ အတူတူပဲဆိုတာ မှန်တယ်လေ..ဒါပေမဲ့ စိတ်ရင်းစိတ်ဓာတ်ချင်းက တခြားစီပဲ၊ ကလေးငိုက ဘယ်မိဘကမွေးလာဘယ်..ဘယ်သူ့သားသမီး ငါတို့သိတယ်၊ သူ့ကိုဘာသိရလို့လဲ..ပုတ်စပ်လိုက်တဲ့စိတ်ကဆိုတာကြည့်နေရင်း ရုပ်လေးပါ သရဲနဲ့တူလာသလိုပဲ.."ဆိုဘာမျိုး။ နီနီ့ကို ဘာတွေသိမြင်နေပြီး ဘာကြောင့်ခါးခါးသီးဖြစ်နေခဲ့မှန်းမေမေ့ကိုနားမလည်တော့ပါ။ တစ်နေ့ညကပဲ နှစ်ယောက်တည်းရှိနေတုန်းသမီးကြီးကပြောသည်။

"ညီမလေးထက်အသက်ငယ်ပေမယ့် ယောကျ်ားကယောကျ်ားပဲလေ..ဒါကြောင့် သူ့အစ်မသမီးသူငယ်ချင်းကို သတိပေးထားလိုက်တယ်၊ အပြင်မှာကိုယ့်တပည့်ကို သူငယ်ချင်းပေါင်းပေါင်းတာတွေ ဆင်ခြင်ပေးဖို့.."

"ဘယ်လိုသူငယ်ချင်းပေါင်းပေါင်းတာမျိုးလဲသမီး..သူတို့ချင်း ရင်းနှီးသွားကြပြီလား.."

"ရင်းနှီးနေပြီလေ..မေမေက အိမ်မှာအချိန်ပြည့်မှမရှိတာ ဘယ်လိုလုပ်သိမှာလဲ၊ အဲ့ဒီဆရာဝန်ပေါက်စက အပေါင်းအသင်းတွေလည်းများတယ်..အပြင်မှာတွေ့ကြတော့ ဒီမှာနဲ့လုံးဝမတူဘူး၊ ရဲရဲအကြောင်းလည်းမေမေသိသားနဲ့..သူလုပ်ချင်ရင် ပတ်ဝန်းကျင်ဖြစ်ဖြစ် ဘာဖြစ်ဖြစ်ဂရုစိုက်တတ်တာမှမဟုတ်တာ.."

"ဟုတ်တယ်.."

"ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် ဂုဏ်သိက္ခာထိခိုက်လာမှာမျိုးထိ ကာရိုက်တာမပျက်ဖို့ သတိပေးထားလိုက်တယ်.."

"သူတို့မိသားစုကလည်း စိတ်ဓာတ်စာရိတ္တသေးသိမ်တဲ့လူတွေမှ

မဟုတ်တာသမီးရယ်..အဲ့လိုသွားပြောလို့ စာလာမသင်မှ နောက်တစ်ယောက် ထပ်ရှာရပါဦးမယ်၊ ပြီးတော့ ဆရာကြီးကိုလည်းအားနာတယ်.."

သူမနဲ့နီနီ စကားတွေအကြာကြီးပြောဖြစ်ခဲ့ကြသည်။ သူမစကားထဲမှာ သမီးငယ်ရဲ့အနာဂတ်အတွက် လမ်းပြကာကွယ်ပေးဖို့ ရည်ရွယ်ချက်တွေအပြည့်နဲ့ပါ.. ၊

"ကိုယ်ကမိန်းကလေးရှင်မေမေ..ဒါကြောင့်တော့ အားမနာနိုင်ဘူး၊ သူတို့မကျေနပ်ရင်လည်း 'ငကန်းသေ ငစွေလာလိမ့်မယ်'..မေမေသာသဘောတူရင် ရဲရဲအတွက် အသက်ကြီးကြီး ရုပ်ဆိုးဆိုးတစ်ယောက်ယောက်ပဲခေါ်လိုက်ချင်တာ၊ မေမေ့သမီးက အလှအပကြိုက် အပျော်ကမက်နဲ့ ခုလိုအခြေအနေတွေ ဖန်တီးပေးမိတာ မှားနေတယ်မထင်ဘူးလား.."တဲ့.. ၊

သူမပြောနေပုံကြောင့် ရဲရဲကပဲယောကျ်ားလေး ငယ်ငယ်ချောချောတွေနဲ့ အတူပေးမထားရဲအောင် ကဲနေသလိုလိုတွေးမိခဲ့သေးသည်။ ဒါပေမဲ့ မေမေ့လိုတော့ မကောင်းမြင်ခြင်းက အစွန့်မရှည်ခဲ့.. ၊

"ငါတော်တော်မျက်စိနောက်နေပြီမြတ်ပန်းနီ.."

မေမေစကားပြန်စတော့ တွေးနေတာတွေထဲက ရုန်းထွက်လိုက်ရသည်။ ပြီးတော့ ကလေးငိုကိုကြည့်ပြီး.. ၊

"ညည်းသမီးနဲ့ကလေးငိုကို ပေးစားမှာဖြင့်လည်း မြန်မြန်လုပ်တော့.. ငါ့မျက်စိအောက်မှာ မြင်နေရရင် ကြာရင်ညည်းနဲ့ငါပါ အိုးစားကွဲဖို့ရှိတယ်.."

"မေမေကလည်းနော်.."

"ဟင်..ဘွားဘာပြောလိုက်တာလဲ.."

ကလေးငို ပြူးပြူးပြဲပြဲထဖြစ်ကာ ခါးကြီးဆန့် လည်ပင်းရှည်လျက် ရဲရဲကိုကြည့်သည်။ ရဲရဲကလည်း မျက်လုံးအဝိုင်းသားနှင့် ခေါင်းခါပြလျှင်..

"ကျွန်တော့်ကိုပေးစားမှာဟုတ်လား..ရဲရဲလား ဘယ်သူနဲ့လဲ.."

"နီနီလေ..မင်းအဒေါ်ပြောနေတဲ့ မယ်ကြွင်နာကြီး.."

ဘွားကမဲ့ရွဲ့ပြီးဖြေသည်။ ပြီးတော့ သူမထိုင်နေသည့်ကုလားထိုင်လက်တင်ပေါ်မှာ လက်နှစ်ဖက်ကို မိန့်မိန့်ကြီးတင်ထား၍ တစ်ဖက်လှည့်ပစ်ကာ.. ၊

"ငါ့မြေးဆယ်တန်းမအောင်တာနဲ့ပဲ ချွေးစားစားကျိုးထိုးထိုး ချမပေး

နိုင်ပါဘူး..သင်းတို့ပဲမက်ကြတာ ခေတ်ပညာတတ်.."

"ကျွန်တော်လည်းမမက်ဘူးနော်.."

ကလေးငိုအသည်းအသန်ထငြင်းတော့ ပြန်လှည့်လာသည့်နီနီက အခန်းတံခါးဘေးကို ရောက်နေပြီဖြစ်ကာ ရှေ့မဆက်ဖြစ်တော့သည့်ခြေလှမ်းတွေက ပြောသမျှစကားတို့ကို အလုံးစုံကြားသိစေဖို့ ဖြစ်လာခဲ့လျက်.. ၊

"ကျွန်တော့်ထက်လည်း အသက်ကြီးတယ်..ပြီးတော့.."

"နင်တို့ထက်သုံးနှစ်နီးပါးပဲ ပိုကြီးတာ..ဘာတွေရေးကြီးခွင်ကျယ်လုပ်နေတာလဲ.."

ဘွားကျတော့ ကလေးငိုခွန်းတုံ့မပြန်ရဲပေ။ ဒေါ်မြတ်ပန်းနီကကြည့်၍

"သားနဲ့က နီနီနဲ့ရော ရဲရဲနဲ့ရော သွေးသားမတော်ဘူးလေ..နောက်ပြီး နှစ်ယောက်စလုံးနဲ့လည်း သံယောဇဉ်ကြီးကြတယ်၊ ရဲရဲကအသက်သာရလာတာ ခုထိပညာမစုံသေးတော့ အိမ်ထောင်ရေးအတွက်စိတ်ပူရင် နီနီ့ကိုပဲ ပူတာ..သားတို့ကို တခြားသူစိမ်းတွေနဲ့လည်း ပေါင်းဖက်သွားတာ မလိုချင်လို့ပါ၊ ခုမချစ်ရင်တောင် နောက်တော့.."

"ဒေါ်လေး..အဲ့ဒါတော့မရလောက်ဘူးနော်ဒေါ်လေး၊ ကျွန်တော်မကြီးကို လုံးဝမပြစ်ဖူးခဲ့ဖူးဘူး.."

"ပြစ်မှားခဲ့ဖူးတဲ့မိန်းမကိုမှ လက်ထပ်ရမယ်လို့ နင့်ကိုယ်ဘယ်သူမှာသားလို့တုန်း.."

ဘွားပါလာတော့ ကလေးငိုမျက်နှာမဲ့သွားသည်။ မကြီးနီကိုသူဘယ်လိုနည်းနဲ့မှ မယူနိုင်ပါ။ ကိုယ်ရင်ခုန်ဖို့ထက် သူမရင်ခုန်တတ်ရဲ့လား..ဘယ်လိုခုန်ဖို့ရှိလဲဆိုတာတောင် မစဉ်းစားချင်။ ဘာဖြစ်လို့လဲဆိုတော့ မကြီးနီကအနေအေးလွန်းသည်။ ပွင့်ပွင့်လင်းလင်းဝေဖန်ရပါလျှင် မြုံစိစိနေတတ်တာမျိုး။ တစ်ခါတလေ မေးနေရင်တောင် ပြန်ပြောပုံက မပြောချင်သလိုလိုပြောချင်သလိုလို။ မျက်နှာတည်နေပြီး ရယ်မြူးရိပ်ဆင်နေသဖြင့် ရယ်တော့မှာလို့ထင်မိတာလည်းရှိကာ ပြုံးနေပေမယ့် မျက်ဝန်းတွေကအေးစက်နေတာလည်းရှိ၏။ သူလည်းယောကျ်ားလေးပါ။ ဒီအိမ်ကမိန်းမသားနှစ်ယောက်ကိုတစ်ခါတလေနှိုင်းယှဉ်ကြည့်ဖူးတာ ရှိခဲ့သည်။ ရဲရဲကျတော့ မဲ့ပစ်လည်းအလှမပျက်။ ခေါင်းလေးတိမ်းလိုက်တာ ခါပစ်လိုက်တာ သူမဘာလုပ်နေနေ

သူမနဲ့သူမရဲ့ဆံနွယ်လေးတွေက လိုက်ဖက်တင့်တယ်နေသည်။ သူကိုယ်တိုင်အရိပ်ကြည့်မြတ်နိုးနေခဲ့ရသည်လည်းဖြစ်သော.. ၊

"သားက သမီးကြီးကို သဘောမကျလို့လား.."

"ကိုယ့်အစ်မကြီးလိုပဲ တောက်လျှောက်နေလာခဲ့တာမေလေးရာ.."

"ဒါဖြင့် ရဲရဲနဲ့ပေးစားမယ်ဆိုရင်ရော.."

ဟမ်..

သူ့မျက်လုံးတွေများ ပြူးပြူးပြတ်ပြတ်လက်သွားလေသလား..။ သို့သော်အမြင်စူးလွန်းသည့်ဘွားရှေ့မှာ မျက်နှာချက်ချင်းလွှဲလိုက်ရကာ.. ၊

"မေလေးကလည်း.."

ဟူသတည်း..

"အေးလေ..ကာယကံရှင်တွေကမှ လက်မခံနိုင်ကြရင် ဘာတတ်နိုင်မှာလဲ၊ သမီးကြီးလည်း ရွတ်တရက်တော့.."

"လက်ခံခံမခံခံ လူကြီးကသင့်တော်သလို စီမံရင်ခံရမှာပေါ့..နေရာတကာ ငါ့မြေးနဲ့ယှဉ်ချင်နေလို့ ဘယ်ရမလဲ.."

"မယှဉ်ပါဘူးမေမေရယ်..တော်ပါတော့၊ ပညာလည်းကြိုးစားတယ်..တော်လည်းတော်တယ်၊ ဣန္ဒြေသိက္ခာအပြည့်နဲ့နေနေတဲ့မိန်းကလေးတစ်ယောက်ကို မေမေမလိုလားနေတဲ့ပုံက.."

"ဘာလဲ..ငါကမနာလိုမ့်ရှုစိမ့်တဲ့ပုံ ပေါက်နေတယ်ပေါ့.."

"သူများထင်မှာစိုးလို့ပြောတာပါ..တကယ်ဆို နီနီကဘာမှကိုအပြစ်ပြောစရာမရှိအောင်တော်တဲ့ကောင်မလေး.."

"ဟုတ်တယ်..လူတော်လူတတ်တိုင်း ယဉ်ကျေးလိမ္မာနေကြတာမဟုတ်ဘူးဆိုတာလည်း မမေ့နဲ့၊ ဟဲ့..ငါ့အခန်းပြန်မယ်.."

ဒေါ်မြတ်ချစ်က ဝှီးလ်ချဲပေါ်သူ့ဘာသာပြောင်းထိုင်လိုက်သည်။ သူမကိုအနီးကပ်စောင့်ရှောက်သည့်မိန်းကလေးပြေးလာပြီး ဝှီးလ်ချဲပြန်တွန်းသွားကာမှ.. ၊

"မေမေနဲ့တော့ခက်တယ်.."

"ခက်ရင်လည်းလွယ်တာကိုလုပ်မေမေရာ..ရဲပဲ ဆရာကိုသွားရှာလိုက်တော့မယ်.."

"ဘယ်လို.."

"ဆရာရှိတဲ့နေရာ ရဲပဲသိတာ.."

ဒေါ်မြတ်ပန်းနီ တအံ့တသြရှိနေဆဲ။ ဆရာလေးရှိတဲ့နေရာကို သမီး..ဘာလို့သိနေတာလဲ..။ ဒီဆရာနဲ့တော့ အဆင်ပြေနေသားပဲလို့ ပေါ့ပေါ့..းတွေးနေတုန်း သမီးကြီးပြောပြတာတွေက ရင်လေးဖွယ်။ ထို့ပြင် သမီး..ယ်အလုကြိုက်တာ အပျော်လွန်တာတွေက အန္တရာယ်ကြီး၏။

ဘုရား..ဘုရား.. ဒီဆရာလေးကို သမီးသဘောကျနေတာများလား....မှမဟုတ် နှစ်ယောက်ရည်ငံနေကြသလား.. သမီးကြီးကတော့ မီးကိုမ..လောင်ခင်က တားရမည်တဲ့.. မလောင်ခင်ကတားရအောင် လောင်မယ့်မီး..ား မလောင်မယ့်မီးလားဆိုတာ ကြိုသိမှဖြစ်မှာမဟုတ်ဘူးလား..။ အမျိုး..းသောမီးတွေကို ကြိုတင်တားဆီးလို့ရခဲ့ရင်တောင် အချစ်မီးကိုဘယ်လို..ားမလဲ.. ၊

အချစ်ဟူသည်လောင်မြိုက်စေသော မီးကိုလည်းဖြစ်စေကာ ငြိမ်း..အေးစေသည်လည်း ရှိလျက်...

◆◆◆◆

အခန်း(၂၈)

"တကယ်ပဲနော်..ကိုယ်အကူအညီလိုပြီဆိုမှပဲ တကယ့်သူငယ်ချင်းစစ်ဆိုတာ ပေါ်လာတော့တယ်.."

"လာမြှောက်ပင့်ပြောမနေနဲ့..နင့်သူငယ်ချင်းစစ်ဖြစ်ဖို့ လိုက်လာပေးတာမဟုတ်ဘူး.."

"အဟွန်း.."

ရဲက ကားမောင်းနေသည့်ကလေးငိုကို လှည့်ကြည့်ပြီး ရယ်သည်။ အတူတူရယ်မြူးပြုံးပျော်ခဲ့ကြသည့် ကလေးငိုမျက်နှာက ရယ်ဖို့တော့ကြိုးစားနေပေမယ့် မဲ့တဲ့တဲ့ကြီးဖြစ်နေသည်။ သူ့ရင်ထဲမှာ အမြဲတမ်းပူလောင်နေရသည့် ခံစားချက်တွေဖြစ်လာခဲ့တာ ရဲရဲ့ဘဝထဲကို ချစ်မဝအောင်ဆိုသည့်ဆရာဝန် ရောက်လာတည်းက ဆရာဝန်တွေ ဆေးတက္ကသိုလ်ကကထိကတွေနဲ့ သူမရည်းစားထားခဲ့တာ သူသိခဲ့သည်။ ဆိုလိုတာက ဆရာဝန်အင်ဂျင်နီယာဆိုတာတွေလည်း သူမအတွက်တော့ ရှားပါးပစ္စည်းမဟုတ်ခဲ့ပါ။ ချစ်မဝအောင်ကျမှ ဒီလိုကြီးထဖြစ်တာ အရူးထတာလား..တကယ်ကြိုက်သွားတာလား.. ရုပ်ချောလွန်းလို့ဆိုလည်း မပြော။ ဆရာဝန်ဖို့မက်

…တာမျိုးဆိုလည်း မိန်းကလေးသဘာဝအရ လက်ခံလို့ရသည်။ ခုကျ…တော့ သူမကိုဘယ်လိုအကဲခတ်ခတ် အကဲခတ်ကြည့်လေ သူမကြိုက်နေ…သည်ပဲ အဖြေထွက်နေလေ.. ၊

ကိုယ့်ကျတော့ သူငယ်ချင်းဆိုပြီး ဂရုမစိုက်။ မောင်နှမတွေလိုနေ…သည့်အဖြစ်မှာ ကြက်ခြေခတ်ပြီးသားဖြစ်ခဲ့သည်။ တကယ့်မောင်နှမတွေ…တ်တာကိုတော့ တမင်မသိချင်ယောင်ဆောင်နေတာလား..။ ဒါကိုပဲတွေး…ိုင်း တနုံ့နုံ့ဖြစ်ရသည်။ မသိလေခြင်းဆိုပြီးလည်း ကျောခိုင်းထွက်မသွား…ခဲ့တာ ဘယ်လိုခံစားချက်တွေလဲ..။ သူငယ်ချင်းတစ်ယောက်က ပြော…သည်။ အဲ့ဒါပေးဆပ်ခြင်း.. ၊

"နင်ငါ့အလိုလိုက်ပြီး ပါလာတာကိုသိပါတယ်ကလေးငိုရယ်..ငါ…ပြောချင်တာက.."

"နင်ပြောချင်တာ နင်သိမှာပေါ့.."

"ဟမ်.."

"နင့်စိတ်ထဲမှာ အမှန်က ဆရာလိုက်ခေါ်တာမှ မဟုတ်တာ.."

"ကလေးငိုနော်.."

ကားမောင်းရင်း လှည့်ကြည့်သည့်မျက်နှာက အကျည်းတန်အောင်…ှု့နေလျက်.. ၊

"ဘာကလေးငိုနော်လဲ..နင့်ကိုမေလေးလည်းတားထားတယ်၊ မံကြီး…လည်းပြောနေတာတောင်.."

"ဟုတ်တယ်လေ..ငါသူနဲ့စာသင်ရတာကို စိတ်ပါလို့ဘာဖြစ်လဲ၊ ဒီ…်အောင်အောင်ဖြေပါ့မယ်လို့လည်း ပြောထားတာကို.."

"ရဲရဲ..နင့်ကိုငါနဲ့ပေးစားဖို့တောင် မေလေးစကားစထားတာနော်.."

"ဟင်.."

ရဲက ဆံပင်လေးတွေခါသွားတဲ့အထိ ဖျတ်ခနဲလှည့်ကြည့်သည်။ ပြီး…တော့ ပခုံးတွန့်လိုက်ရင်း.. ၊

"မေမေက မေးခွန်းလေးပဲထုတ်တာပါကလေးငိုရယ်..နင်နဲ့ငါလည်…်းဖက်ပေါင်းလာကြတဲ့ သူငယ်ချင်းမောင်နှမတွေကို ဘယ်သူကပေးစား…ာ်မှာလဲ.."

ရင်ထဲမှာ အကြီးကြီးထိလေသည်။ သို့သော် မျိုသိပ်ဟန်ဆောင်ရင်း

"မကြီးနဲ့ကျတော့ရော.."

"မကြီးက အစတည်းက ခပ်တည်တည် ခပ်တန်းတန်းနေတာ..
လို့မရလောက်တဲ့ ရင်းနှီးမှုမျိုးရှိမလား၊ ပြီးတော့ ကလေးငို နင်ငါ့ရှေ့
ပြောခဲ့တာနော်..ခုမှခေါင်းခါဖို့ မစဉ်းစားနဲ့.."

"ဘာလဲ.."

ထိတ်ခနဲတော့ဖြစ်သွားမိသည်။ ရဲဆိုတဲ့ကောင်မလေး စာကိုသာ
တတ်ပေမယ့် မှတ်မိချင်တာကျတော့ ငယ်တုန်းကပြောင်းဖူးပြုတ်စားရင်း
လက်ဆော့မိလို့ နှာခေါင်းပေါက်ထဲပြောင်းဖူးစေ့ဝင်ခဲ့တာကအစ မမေ့။ ထို
က ပြောင်းဖူးစေ့ထုတ်ပေးသည့် ဆရာဝန်ဘာပြောခဲ့တာကအစ ထိုဆရာ
မျက်နှာပုံစံအဆုံး.. ၊

"ပြောလေ..ဘာမဟုတ်ကဟုတ်ကပြောဖို့ စဉ်းစားနေတာလဲ.."

"မဟုတ်ကဟုတ်ကဖြစ်စရာလား..မမစာမေးပွဲမှာဂုဏ်ထူးတွေ
အောင်လို့ အိမ်မှာခုန်ပေါက်ရယ်မောနေတုန်းကလေ၊ အဲ့တုန်းကနင်ဘာပြော
ခဲ့လဲ.."

ဘုရားတမိတဲ့အထိ ခေါင်းကြီးသွားသည်။ သူတစ်ခုခုပြောခဲ့မိပြီး
တာ သိလိုက်သည်။ ဒါပေမဲ့ သတိတော့မရသေး.. ၊

"မကြီးကလှတယ်တဲ့..တည်တည်နေတာထက် ပြုံးနေတော့ချစ်စရာ
လေးတဲ့.."

"ချစ်စရာကောင်းလို့ကောင်းတယ်ပြောတာ ဘာဖြစ်လဲ.."

"ဟား ဟား..မပြီးသေးဘူးဆရာ၊ ပြောတာတွေရှိသေးတယ်.."

ဒါတော့ နည်းနည်းများသွားပြီ.. ၊

"လျှောက်ပြောမနေနဲ့..ငယ်စဉ်ချိန်ခါဆိုတာ မော့ကြည့်တတ်တဲ့အ
ရွယ်.."

"အဲ့ဒီတော့.."

"ကိုယ်အထင်ကြီးလေးစားရတဲ့လူတွေကိုပဲ ကြည့်မိတယ်..အားကျ
တယ်၊ အဲ့စိတ်တွေနဲ့တောင်ပြောမိမြောက်ပြောမိ.."

"ဟား ဟား ဟား.."

"ရဲရဲ..နင်.."

"ကျွိ.."

"အား.."

ကားသည်လမ်းဘေးတစ်နေရာမှာ ထိုးရပ်သွားခဲ့ပြီး.. ၊

"ရယ်..နင်ရယ်လို့ရအောင် ရပ်ပေးထားတာ.."

"သေနာလေး..ဒီမှာလန့်သွားတာပဲ၊ ကားရပ်ပေးဖို့မလိုဘူးသိလား..
ချင်ရင် အင်္ဂလိပ်လိုက်သွားပြီး ရယ်မှာ၊ စကြာဝဠာအပြင်ဘက်ဖြစ်
ဘခြားကမ္ဘာ ကမ္ဘာတွေအထိ.."

ဒေါသထွက်ပြီဆို စကားလုံးတွေပူးညပ်ထွက်လာတတ်ကာ မျက်ဝန်း
တွေပါပိတ်ကျသွားအောင် ရန်တွေ့တဲ့သူ..။ ရဲကိုကြည့်ပြီး သူ့ရဲ့မကျေ
တွေ ကွာကျကုန်တာ ကြက်ပျောက်ငှက်ပျောက်.. ၊

"ဟား ဟား ဟား.."

ဒီတစ်ခါရယ်မိတဲ့သူက သူဖြစ်သွားသည်။

"လန့်မှာပေါ့..နင်သူများကို အပြစ်ဖို့ဖို့ပဲ ရှာကြံညှစ်ထုတ်နေတာကိုး၊
ထိုးရပ်တယ်ဆိုတာ လမ်းလယ်ခေါင်မှာထင်သလိုရပ်ပစ်လို့မရဘူး..
ကိုအရှိန်လျှော့ရတယ်၊ လမ်းဘေးချရတယ်..အဲ့ဒါတွေဆက်တိုက်ပြီးမှ
သပ်လို့ရတာ၊ အဲ..ဖြစ်စဉ်တွေမြန်ဆန်သွားတာတော့ ခွင့်ချက်ပေါ့၊
တော့ မြန်မြန်မမြန်မြန် ဘာမှကိုသတိထားမိမယ့်ပုံ မရှိပါဘူး..ဟား
ဟား..အကုသိုလ်များနေတာ.."

"နင့်ရဲ့မုသာဝါဒတွေကို ဖော်ချင်လို့လေ..ဟွန်း မမကိုအသေအလဲ
ဘ်ပိုးခဲ့တာများ မသိတာကျလို့.."

"ဟာ..ဒါတော့ နင်များသွားပြီရဲရဲ၊ ငယ်စိတ်ဆိုတာ ဘာရယ်မဟုတ်
.."

"အခု ကြီးတော့လည်း မမတည်တည်တင်းတင်းကြီးကို နင်မချင့်မ
ပြောပြောနေတာပါကလေးငိုရာ..ဟား ဟား.."

ခုနတော့ အသေအလဲလန့်နေပြီး ခုကျတော့လှောင်ရယ်လို့.. ၊

"တော်သေးတယ်..ရဲရဲတို့ပညာမစုံသေးတာလေးကယ်လို့၊ ဒီနေရာ
တော့ ဆယ်တန်းမှာတစ်နေရသည့်အကြောင်းရင်းက ကောင်းကျိုးလေး

ပေးသား.."

"ဒီလိုမဟုတ်ဘူးဆိုရင် နင်ကခေါင်းညိတ်မှာလား.."

"ဟင်.."

"မေလေးက ငါနဲ့လက်ထပ်ရမယ်လို့ အမိန့်ချလိုက်ရင်.."

"ပြောလို့ဘယ်ရမလဲ..ဒီကြားထဲဘွားကပါလာရင် ပိုဆိုးမှာ၊ ဒါပေမဲ့ မဖြစ်နိုင်ပါဘူး..ဘွားကမျက်လုံးတွေကိုဖတ်တာတော်တယ်၊ ငါကနိုးဆိုရင် ဖွတ်ဘယ်တော့မှ ခိုင်းမှာမဟုတ်ဘူး.."

"နင့်ကိုမေးတာ သူများသဘောတွေကိုမေးတာမှမဟုတ်တာ.."

"ကလေးငိုရယ်..ငါ့ကိုရည်းစားစကားပြောတဲ့လူတွေတောင် အဲ လောက်ကပ်သီးကပ်သပ်မမေးဘူး၊ နင့်ကိုငါကမောင်နှမလို့ပဲ မြင်လာခဲ့ တာ.. သူငယ်ချင်းဆိုတာတောင် ပိုပြီးရင်းနှီးသေးတယ်၊ ကဲ ကားကိုပြန် မောင်းစမ်းပါ..သူ့အိမ်လိပ်စာမသိဘဲနဲ့ လိုက်ရှာရမှာ.."

သူခေါင်းညိတ်လိုက်သည်။ ရဲရဲ့ရင်ထဲကိုလည်း သူနားလည်သွားပြီ ဖြစ်သည်။ ဒီ့ထက်အတိအကျသိရရင်လည်း သူ့အတွက်စိတ်ချမ်းသာဖွယ် ကြားရဖို့မရှိသည့်အဖြစ်အတွက် မမေးတော့ဘဲနေလိုက်ဖို့ ဆုံးဖြတ်၏။ ဒါ ပေမဲ့ မကြီးကိုချစ်နေသည်လို့ ထမင်းရည်ပူလျှာလွှဲပြောသွားတာကို ခံရခက် နေခဲ့သည်။ သူပြောခဲ့တာအကြောင်းပြရှောင်လွှဲခြင်း လုံးဝမဟုတ်ခဲ့ပါ။ ငယ် စိတ်နဲ့ပြောကြတာက မြင်တဲ့စိတ်မှာပေါ်လာသည့်အတွေးအတိုင်း ဘာရယ် မဟုတ်။ သူမနဲ့ကိုယ်ပေါင်းဖော်ခဲ့ကြအချိန်တွေမှာ သူမကမောင်နှမလိုပဲ သဘောထားသည်ဆိုပေမယ့် ကိုယ့်ဘက်ကပြောင်းလဲခွင့်မရှိဘူးလား..။ ပြုံး နေသည့်သူမကို ငဲ့ကြည့်လိုက်မိသည်။ ချစ်မဝအောင်ကိုတွေ့ရဖို့ စိတ်စော နေသောမျက်နှာလေးလား..။ ရင်ခုန်စိတ်လှုပ်ရှားခြင်းတို့ကို ဘာသာပြန်ရင်း နာကျင်သည့်ရင်သည်.. ၊

နှလုံးသားမှာ အထုံအကျင့်စွဲတယ်ဆိုတာ မရှိဘူးလား..

♦♦♦♦

အခန်း(၂၉)

ဒီနေ့ဆယ်ရက်ရှိပြီမို့ စိတ်မရှည်ခြင်းသည် သည်းမခံနိုင်သည့်အဆင့် သို့ တိုးလာပါပြီ။ ထို့ပြင် မမနဲ့မေမေပူးပေါင်း၍ နောက်ထပ်ဆရာတစ် ယောက်ကို ရှာနေကြပြီဖြစ်ရာ သူမှသူဆက်ဖြစ်နေရင် ဖြေရှင်းချက်ဘယ်လို ပေးမလဲ..။ မမကိုလည်း နားကိုမလည်နိုင်တော့ပါ။ ဆုံးမလိုက်ရတာ နေရာ ဘကာ။ စာကိုစိတ်မဝင်စားရင်လည်း ဝါသနာပါတဲ့အလုပ်တစ်ခုခုကို စောက်ချလုပ်ကြည့်ပါလားတဲ့..။ မလုပ်ဘူးဆိုတော့လည်း ကျောင်းစာကို အောင်အောင်ဖြေပါဆိုတာ ဘယ်သူလဲ..။ မေမေလည်းဘာမှမထူးပါ..အောင် စေချင်တယ်ဆိုရင် ကြိုးစားရမယ့်လူ ဘာဖြစ်ချင်သလဲဆိုတာ အရေးမပါ ဘူးလား...။ လိုက်လျောဖို့မစဉ်းစားတော့ဘူးလား..။ ကားကိုပါကင်ထိုးလိုက် ရင်း လေအေးစက်ပိတ်ပြီးမှ စက်သတ်လိုက်သည်။

ဒီလမ်းထဲကို သူမဒီနေ့ရောက်တာနဲ့ဆို နှစ်ကြိမ်ရှိပြီဖြစ်သည်။ ကလေးငိုနဲ့လာတုန်းက နှစ်ခါပတ်ခဲ့သည်။ နောက်ဆုံးလိပ်စာမှားနေသည် သို့ပဲ သတ်မှတ်၍ပြန်သွားခဲ့ရသည်။ မမကိုမေးတော့လည်း တအံ့တသြ–

"မမသေချာသိထားတာပါ..မှားစရာမှမရှိတာ.."

"မှားနေတာတော့သေချာတယ်မမ..ဖုန်းနံပါတ်ပေးပါမမရာ၊ မေမေတို့ဆီတောင်းရင် ဟိုပြောဒီပြောတွေလုပ်နေမှာစိုးလို့.."

"မမတို့က ရင်းနှီးခဲ့ပေမယ့် ခေါ်ပြောလက်စမရှိကြတာကြာပြီလေ..သူကစပြီး လာမယ်ပြောမယ် မစဘဲနဲ့ ကိုယ်ကလာပါရစေ ပြောပါရစေလုပ်စရာလားရဲ့ရယ်..သူ့မောင်ကို ဒီမှာလာကြိုမှ မမတို့ပြန်ဆုံကြတာ၊ သူကမှဆက်သွယ်ကြဖို့ စမပြောဘဲနဲ့.."

"မမတို့ကလည်း သူငယ်ချင်းတွေလည်းပြောသေးတယ်.."

"သူငယ်ချင်းတွေပေမယ့် မမတို့မှာ အဲ့လိုအကန့်တွေရှိကြတယ်..ခုလိုမျိုး သူ့မောင်ဆရာဝန်က ညီမရှိနေတဲ့တို့အိမ်ကို ရောက်နေတာမျိုးဆိုပိုတောင်အောက်ကျမခံနိုင်ဘူး.."

"ဘာဆိုင်လို့လဲ.."

"မိန်းမဂုဏ်သိက္ခာ နည်းနည်းလေးမှပွန်းပဲ့မခံနိုင်လို့လေ..သားရှင်တွေ မောင်ရှိတဲ့သူငယ်ချင်းတွေ ကြောကြောမောမောပြောတတ်တာမျိုးဆိုပါးရိုက်တာထက်နာဖို့ကောင်းတယ်..ကိုယ့်ညီမက အနေအထိုင်မတတ်တော့ပိုပြီးဆိုးသေး.."တဲ့.. ၊

မမကိုက မကဲပိုပါ။ ကားပေါ်ကနေ လမ်းဆင်းလျှောက်ရင်း မျက်နှာလေးမဲ့နေမိသည်။ မမပြောသမျှအကြောင်းရင်းတွေကိုလည်း စဉ်းစားမနေတော့ဘဲ အဖက်ဖက်မှာဖြစ်နေသည့် ပိတ်ဆို့မှုတွေကို တွေးမိသည်။ ဆေးရုံကိုလိုက်သွားရင် ချစ်မဝကိုတန်းတွေ့ရမှာပေမယ့် ဒေါက်တာသဲစုဝင်းတို့အိမ်က မေမေ့ကိုတိုင်လိုက်သည်တဲ့.. ၊

"ရှက်စရာကောင်းလိုက်တာရဲ့ရဲ့ရယ်..ညည်းကလိုက်ခေါ်တယ်ဟုတ်လား..ဘာတွေသွားခေါ်ပြောလိုက်တာလဲ.."

"လိုက်ခေါ်တာလည်း မဟုတ်ဘူး..တမင်သွားတာလည်းမဟုတ်ဘူး၊ ရဲမှာ ပရဟိတစိတ်ရှိတာ မေမေသိရဲ့သားနဲ့ မရှိတဲ့သူငယ်ချင်းတွေကို ကူညီနေတာလေ..အဲ့ဒါ သူငယ်ချင်းအိမ်က လူနာဆီသွားကြည့်ရင်းနဲ့ တွေ့လို့နှုတ်ဆက်တာ.."

ဘယ်လိုပြောပြော မေမေကလုံးဝလျှော့မပေးတော့ပါ။ သူမသည်လည်း ဘယ်လောက်ပဲရဲရင့်ဖျတ်လတ်ပါစေ။ 'ညည်းအရှက်နည်းလှချေ

သား'ဆိုသည့်စကားကိုတော့ အခေါက်ပေါင်းများစွာ နားမဆင်နိုင်ပေ။ မမနဲ့သွားတုန်းကခေါ်မိတော့ မမကပြန်တိုင်သည်။ နောက်တစ်ခါတွေ့ကြတော့ အမှတ်တမဲ့ဆိုတာ ယုတ္တိမတန်လို့လား..။ ကိုယ်ကလည်းမရိုးသားတာမို့ ယုတ္တိရှိအောင် မညာနိုင်တာဖြစ်မည်။ ထို့ကြောင့် အိမ်ကမသိအောင်လာရှာနေရတာ ကလေးငိုနဲ့တစ်ခါ ခုတစ်ခါ။ မမမှာဖုန်းနံပါတ်မရှိဘူးဆိုတာ မယုံပေမယ့် မယုံခြင်းသည် မယုံသည့်နေရာမှာပဲ ပျောက်လျက်.. ၊

"ဒီမှာ ဒီမှာ..အန်တီ.."

ပါတိတ်ပြောင်ပြောင် ပိုးသားအင်္ကျီပြောင်ပြောင်နှင့် ပွဲတစ်ခုခုကနေပြန်လာပုံရသော အသက်ငါးဆယ်ခန့်အမျိုးသမီးကြီးတစ်ယောက်ကို နောက်ကလှမ်းမြင်ပြီးခေါ်ရင်း ပြေးလိုက်သွားမိသည်။

အန်တီဆိုတာ မိန်းမတိုင်းကိုခေါ်တာ ဖြစ်နိုင်တာမို့ လှည့်မကြည့်ဘဲနေလိုက်သည်။ သို့သော် ဒေါက်ဖိနပ်သံတခွက်ခွက်က ကိုယ့်ဘက်နီးလာဘာမို့ ဒေါ်ဝင်းမာနောက်လှည့်ကြည့်လိုက်၏။

"အန်တီ..ဟူး မောလိုက်တာ၊ နည်းနည်းလောက်ပါ မေးချင်လို့..ဒီနားက..အဲ.."

အနားရောက်တာနှင့် ဗိုက်လေးနှိပ်၍ မောနေရင်း ပြောချင်တာပြောနေမိသည်။ ပြီးတော့ ခါးမတ်မတ်ဆန့်ပြီး မျက်နှာချင်းဆိုင်ရပ်မိလိုက်မှ..၊

"အန့်တို့ကို.."

သူမမြင်ဖူးသည်။ သေချာကိုသိနေတာပါ။ ဒါပေမဲ့ သူမသတိမရ။ ဒါပေမဲ့ အမျိုးသမီးကြီး၏မျက်လုံးထဲက ဒေါသမီးတောက်တွေအရ ကိုယ့်ကိုသူလည်းသိနေတာ သေချာ၏။ ပိုသေချာတာက ချစ်ချစ်ခင်ခင် သိကျွမ်းခင်ခဲ့ကြတာ မဖြစ်နိုင်.. ၊

"ကဲ..စဉ်းစားချင်လည်း မြန်မြန်စဉ်းစားပါအေ၊ ဒီမှာပြောချင်လွန်းလို့ လျှာတွေတောင်ယားနေပြီ.."

စကားသံကြားလိုက်သည်နှင့် ခေါင်းထဲမှာလက်ခနဲပေါ်လာတာ အဖြစ်အပျက်နှင့်တကွ.. ၊

"ညည်းဘာမေးမေး ငါကဖြေသင့်သလား မဖြေသင့်ဘူးလား.."

"ဖြေသင့်တယ်လေ..ဟိုမှာကိစ္စက ဟိုမှာပြီးခဲ့ပြီ၊ အန်တီကလူကြီး

ဖြစ်ပြီး အငြိုးကြီးအငြမ်ကြီးနဲ့လား..”

“အောင်မယ်လေး..ပါးဆယ်ချက်လောက်ရိုက်ပစ်ချင်ခဲ့တာ..”

“ရဲကတောင်းပန်ပြီးမှလား..”

“ဘယ်ရဲကလဲ..ရဲစခန်းထိရောက်လိုက်လို့ကတော့ ဒီမှာ..”

ဒေါ်ဝင်းမာက အကျီလက်စတွေ ဆွဲတင်ပစ်လိုက်ပြီး ခါးထောက်ကာ.. ၊

“အသက်ကြီးရုံမကလို့ ခေါင်းတုန်လက်တုန်ဖြစ်နေပေ့စေ..ညည်း ပြေးလို့လွတ်မယ်မထင်နဲ့..”

အသည်းအသန်ကြိမ်းဝါးလွန်းနေတော့ ဒေါသဖြစ်ဖို့ထက် ဒီမိန်းမ ကြီးကျပ်ပြည့်ရဲ့လားလို့သာ တွေးလိုက်မိကာ.. ၊

“ရဲက ဟိုရဲတွေကိုပြောတာမဟုတ်ဘူး..ကျွန်မနာမည်က နီရဲရဲနီ..”

ဒီမှာဒေါသဖြစ်နေတာကို သင်းကမိတ်ဆက်ဖို့ပြင်နေသေးသည်။ ဒါမျိုးရမလား.. ၊

“လိုက်ဖက်တဲ့နာမည်ပဲ..”

ပြောပြီး သေချာမဲ့ပစ်လိုက်သည်။ ပြီးတော့ လှည့်ထွက်သွား၏။ ရဲဒီတိုင်းကျန်ခဲ့ပြီးမှ ပြေးလိုက်၏။ လမ်းကြားထဲမှာ လူသွားလူလာက မရှိ သလောက်ပြတ်နေသည်။ နောက်တစ်ယောက်ထပ်တွေ့ဖို့ဆိုတာ ဘယ် လောက်တောင်ထပ်စောင့်ရဦးမည်မသိ.. ၊

“အန်တီ..အန်တီကလည်းစိတ်ချည်းပဲ..”

“ဟဲ့..သွား ငါ့ကိုလာမဆွဲနဲ့နော်၊ ဒီတစ်ခါ ငါ့လက်ကိုင်အိတ်ကိုလု ယက်ပါတယ်လို့အော်ရမှာ ငါအလှည့်ဖြစ်သွားလိမ့်မယ်..”

“ရဲမှမလုတာ..အန်တီအော်လည်း မကြောက်ပါဘူး၊ ဒီလမ်းထဲမှာ ခြံနံပါတ်58 Aရှိလားဟင်..”

“ဟင်..”

မျက်လုံးသည် ပြူးခနဲဖြစ်လျက် သူမမျက်နှာထံ တန်းမတ်စူးစိုက် သွား၏။

ဒါငါ့အိမ်ပဲ..ဒီကောင်မလေး ဘယ်သူလဲ..

“အန်တီကလည်း ရဲကိုမယုံသင်္ကာတွေချည်း ကြည့်နေတာပဲ..”

သူမလေးက ဘယ်လိုကြည့်ကြည့် ဘယ်လိုပြောပြော အမှတ်တေးမ ရှိသောမျက်နှာလေးနှင့် လက်ကိုတောင်လာဆွဲလိုက်သေးသည်။ ကိုယ်သည် လည်း သူမလာထိလိုက်တိုင်း လက်ကိုလွှဲရှောင်ပစ်ခဲ့ပြီး.. ၊

“ရဲကဆရာတစ်ယောက်ကို ရှာနေတာပါ..ကျောင်းဆရာတော့မဟုတ် ဘူး၊ သူကဆရာဝန်လေ..”

“အောင်မလေး မရှိပါဘူးအေ..ဒီလမ်းထဲမှာ ဆက်မရှာနဲ့တော့ ညည်း မောမှာပဲ..”

“အန်တီ..”

“ဟဲ့..ထပ်လိုက်မလာနဲ့၊ ငါတကယ်အော်မှာနော်..”

“တီ..”

လက်မြှောက်ခေါင်းခါငြင်းဆန်နေတုန်း ဆိုင်ကယ်လ်တစ်စီးဝင်လာ ၏။ ဒေါ်ဝင်းမာလှည့်ကြည့်လိုက်မိကာ မျက်လုံးပြူးသွားပြန်၏။

“အောင်..”

ငါ့တူလေး ချစ်မဝအောင်..။ လန့်ဖျန့်ဒူးတုန်ကာ ဆိုင်ကယ်လ်ကိုရှေ့ ကပြေးတားထားရမလား..။ ဒီမိန်းကလေးကို မျက်လုံးပြေးပိတ်ရမလား.. ဘာမှမလုပ်လိုက်ရခင် ဆိုင်ကယ်လ်သည် သူမတို့အနီးမှာ ထိုးရပ်သွားခဲ့ ပြီး.. ၊

“ဒေါ်လေးလာလေ..နောက်ကတက်..”

ဟဲလ်မက်ပင့်လိုက်သည့်အောက်က မျက်နှာကိုမြင်လိုက်ရကာ ရဲအ တိုင်းအဆမရှိ ပျော်သွားသည်။

“ချစ်..”

“ဘာ..ဘာလဲချစ်..”

အနားကပ်သွားသည့်ရဲလက်ကို ဒေါ်ဝင်းမာလှမ်းဆွဲ၏။ ရဲကလက် ကိုခါချပစ်ကာ လှည့်လည်းမကြည့်.. ၊

“ချစ်မို့လို့ ချစ်လို့ခေါ်တာပေါ့..”

ပြောပြီးမှ ဆတ်ခနဲလှည့်၍.. ၊

“နေပါဦး..အန်တီကလည်း နေရာတကာပါ.....”

အယ်..ခုန ချစ်မဝခေါ်လိုက်တာ ဘာလဲ..

သွားပြီ..။ အထိပ်တလန့်ဖြစ်သွားခြင်းနှင့်အတူ ရဲမျက်နှာချက်ချင်း သွားအဖွေးသားဖြစ်သွားခဲ့ပြီး.. ။

"အန်တီက ဆရာနဲ့တူဝရီးလားဟင်..တော်သေးတာပေါ့နော်၊ မှားတော့မလို့.."

"အစတည်းကမှားပြီးသားကြီးကို ဘာကိုမှားတော့မလို့လဲ.."

"ဟုတ်ပါတယ်..ရဲကအန်တီ့တင်မကဘူး၊ ဘယ်သူ့အပေါ်ဖြစ်ဖြစ် သည်းခံစိတ်မွေးပါတယ်.."

"အံမယ်.."

"အဘွားဆိုရင်လည်း ဒီတိုင်းပဲ..အသက်ကြီးလာကာမှ စိတ်ထဲရှိတဲ့အတိုင်း ရှင်းရှင်းဘွင်းဘွင်းကြီးတွေပဲပြောတော့တာ၊ လူကြီးတွေနဲ့နေလာခဲ့တော့ နားလည်တယ်.."

"သြော်..သြော်.."

ဒီကပဲ ခုနလေးတင်နင်ပဲငဆတွေ ပြောဆိုထားသလိုလို.. ။

"အခု အန်တီက ဆရာ့အဒေါ်ဆိုတော့ ပိုတောင်သည်းခံသင့်တာလေ..ရဲကပြောမှားဆိုမှားရှိရင်လည်း ဖွေမယူနဲ့နော်.."

"လာသေးတယ်.."

နားဆွဲလေးတစ်ဖက်တည်း လွှဲခါနေအောင် မျက်နှာလေးဟိုဘက်လှည့်လိုက်ဒီဘက်လှည့်လိုက်။ ဘယ်သူ့မှကြားဖြတ်ပြောလို့မရ။ တူဝရီးမျက်လုံးချင်းဆုံချိန်လည်းမပေး။ ဘယ်လိုဟာလေးတုံး.. ။

"သူနဲ့ဒေါ်လေးက သိနှင့်နေတာလား.."

"သိ...."

"သိတယ်..သိတယ်.."

သူမအသံက စီခနဲ..။ ပြီးတော့ ဒေါ်ဝင်းမာနားထပ်ကပ်လိုက်ကာ..

"ကားပေါ်မှာဆုံဖူးကြတာ..ဒါနဲ့ဆရာက ဘာဖြစ်လို့မလာတာလဲဟင် ဆေးရုံမှာတွေ့တုန်းကတော့ တကယ်ကြိုးစားမယ်ဆိုရင် လာမယ်လို့ပြောသွားပြီ.."

"ဟုတ်တယ်..ဒါပေမဲ့.."

ချစ်မဝဘယ်လိုဖြေရမှန်းမသိ ဖြစ်နေသည်။ ဆိုင်ကယ်လ်ပေါ်ကနေ

ခြေထောက်ရပ်ထားလျက်နှင့် ဟဲလ်မက်ကိုဆွဲချွတ်လိုက်သည်။ ပြီးတော့ ဘ်ပိုးကဆံပင်တွေတစ်ချက်ခါပစ်မိရင်း.. ။

"အဲ့ဒါက.."

"ညည်းအိမ်က တားမြစ်ထားတာလေ..ကျုပ်တို့ကလေးနဲ့ပဲ နီးစပ်သွားမှာ စိုးလို့လိုလို၊ ပြောပုံကတော့ ကိုယ့်လူအကြောင်း ကိုယ်သိပြီးစိတ်ချတာလည်း ဖြစ်နိုင်တာပဲ.."

"ဘယ်သူလဲဟင်..အဲ့လိုဘယ်သူတားတာလဲ.."

"အိုအေ..သိချင်ကိုယ့်အိမ် ကိုယ်ပြန်မေးပေါ့.."

စကားအတင်းဖြတ်ပြီး ဒေါ်ဝင်းမာက ဆိုင်ကယ်လ်ပေါ်သွားထိုင်သည်။ နောက်ထပ် စကားမပြောစေလိုသည့် ဖောကပ်ကာ ကမန်းကတန်း ကက်လိုက်သဖြင့် ခြေထောက်ကချော်သွားသေးသည်။ သို့သော် ဆိုင်ကယ်ပေါ် ဖင်မချခင် ချစ်မဝခါးကိုတို့၍.. ။

"ကဲ..မောင်း မောင်း.."

"နေပါဦး.."

"မနေနဲ့သား..ဒီကောင်မလေးသိပ်စွာတာ၊ ကဲကလည်းကဲပါ့..လုံးဝ ပတ်သက်နဲ့.."

ပြောပြီး ခါးကိုဆိတ်ဆွဲနေလည်း ချစ်မဝက ပြန်ငဲ့ကြည့်နေသဖြင့်..၊

"ဟိုတစ်ခါ ကားပေါ်မှာဒေါ်လေးကို သူခိုးဖမ်းတာသူလေ..စပ်စပ် ..ကဲကဲရဲရဲ၊ အလကား..ကဲပါ မောင်းစမ်းပါ.."

"ခဏ.."

ရဲက အနားရောက်လာကာ ဆိုင်ကယ်လ်လက်ကိုင်ထိပ်မှာ လက် လေးတင်ထားလိုက်ပြီး.. ။

"ယူပဲတာဝန်ယူထားရင် ပြီးဆုံးအောင်ဆက်သွားတတ်တယ်ဆို.."

မျက်လုံးချင်းဆုံလိုက်သည်နှင့် ချစ်မဝမျက်ဝန်းတွေ ဖျတ်ခနဲရွှေ့ သွားသွားသည်။ နည်းနည်းလေးမှ စိုက်ကြည့်မခံတတ်သော သူ့မျက်လုံး တွေကိုပဲ ရဲရင်ခုန်တာပါ။ ရိုးသားခြင်း၏သရုပ်ဖြစ်သော ရှက်တတ်ခြင်းကို ယောကျာ်းထံမှာ တွေ့ရသည်။ သူနဲ့တွေ့မှပဲ ကြုံဖူးတာမို့ ယောကျာ်းတစ် ယောက်၏ ရှက်တတ်ခြင်းဟာ ကိုယ့်နှလုံးသားကို ဒီလောက်ထိညှို့ဖမ်းစား

သွားခဲ့သည့်အဖြစ်အတွက် ဂုဏ်ယူရမှာလား..။ ဒါကရုက်ဖွယ်ကိစ္စလား..။ ဘာတွေဖြစ်နေနေ သူ့ကိုသူမ နှစ်ခြိုက်လေသည်။

♦♦♦♦

အခန်း(၃၀)

သူ့ကိုစောင့်ရင်း စာအုပ်တွေထုတ်လိုက် ရေးလိုက်မှတ်လိုက်လုပ်နေတဲ့ ရက်တွေများခဲ့ပါပြီ။ ဒီနေ့လည်း သူမစားပွဲမှာငုတ်တုတ်ထိုင်ရင်း နာကြည့်မိသည်။ သူလာဖို့လိုသေးသည်။ လာမယ်ဆိုရင် အချိန်တိကျတတ်သည့်သူ့မို့ နာရီကျော်သွားတာနဲ့ မလာတော့ဘူးဆိုတာ သေချာသွားလိမ့်သည်။ စောင့်နေရသည့်အဖြစ်ထက် နာရီလက်တံလေးတိမ်းစောင်းကျသွား၍ ဒီစားပွဲကထလိုက်ရသည့်အဖြစ်ကို သူမပိုကြောက်မိသည်။ ထို့ကြောင့် မှာထိုင်ပြီဆို တတ်နိုင်သလောက် နာရီမကြည့်ချင်ဘဲ.. ။

"ငါပျင်းလို့.."

အိမ့်ကိုဖုန်းဆက်ပေမယ့် ဖုန်းမအားသဖြင့် အေးဆီပဲဆက်လိုက်ရာ မနေ့ကသူမလိုက်သွားခဲ့သည့်အဖြစ်အကြောင်း လုံးစေ့ပတ်စေ့ပြောပြနေမိ၏။ အေးက ဒေါသတွေထွက်လို့ပါ.. ။

"ငါမပြောချင်လို့ ကြည့်နေတာရဲ့ရယ်..ဒီလောက်တောင် နင်ဘာလို့ ကောက်ကောက်လိုက်နေရတာလဲ၊ ရုပ်လည်းဒီလောက်မချောပါဘူး..ဆ ဝန်ဆိုတာလည်း နင်ထားခဲ့လို့ အရက်သမားတွေဖြစ် ဆေးသမားတွေဖြစ်

အရပ်လေးရှည်ရှည်ပိုင်းပိုင်းရှိနေတာနဲ့..နေပါဦး နင့်ကိုအကန်တွေချည်း လွှတ်နေလို့ စိတ်ဝင်စားနေတာလား၊ ချစ်တာနဲ့စိတ်ဝင်စားတာ မတူသေးဘူး နော်မိန်းမ..ကိုယ့်ကိုယ်ကိုမေးဦး.."

"မသိဘူး..ချစ်တယ်.."

"အဲ့ဒါ နင့်အကျင့်ပဲလေ..စိတ်ဝင်စားစရာလေးတစ်ခုခုရှိရင် အဲ့ဒီအ ကိုနင်ကြွေပြီ.."

"ဒါပေမဲ့ ငါသူနဲ့မတူဘူးမို့လား..တခြားလူတွေကို ငါဒီလောက်မဖြ ဖူးဘူးမို့လား.."

"ဖြစ်မလား..တခြားလူက ဒီဆရာဝန်လောက်မှမချောတာ၊ ခက်ပါ တယ်ဟယ်..မိန်းကလေးတွေကိုက ခပ်ချောချောတွေဆို စိတ်ဝင်စားနေကြတာ လားမသိဘူး၊ တကယ်က ယောကျ်ားပီသတဲ့စိတ်မရှိတာ အဲ့ဒါ.."

"ဟာ..မဟုတ်ပါဘူး.."

"ဘာလို့မဟုတ်ရမှာလဲ..လေဒီဖက်စ်ဆိုတာ ဘယ်လိုနေရာမှာပြော တယ်ထင်လို့လဲ၊ မိန်းမသားတစ်ယောက်ပေါ် အစစအရာရာအနိုင်မယူတာ ဘယ်တော့မှနာကျင်စေအောင်မလုပ်တာ၊ အကုန်လုံးလိုရာဆွဲယူလို့ရတယ် မိန်းကလေးနဲ့ပြိုင် အနိုင်လုပ်ပြီး ကိုယ့်ကိုကြွေနေတာကျတော့ ကွယ်ရာမှာ ကြိတ်သာယာနေတာ ဘာယောကျ်ားလဲ.."

"အဲ့လောက်မပြောပါနဲ့အေးရယ်..မိန်းကလေးကို ဦးစားပေးတာ ကိုယ်နဲ့ပတ်သက်မှုမရှိတဲ့အကာန့်တွေပါ၊ ယောကျ်ားလေးဖြစ်တာနဲ့ပဲ ကိုယ် မကြိုက်ဘဲ လာပါယူပါလုပ်နေစရာလား.."

"အမလေး..သူ့ကျမှပဲ ကိုယ့်အတွက်ပြောမှန်းမသိ သူ့အတွက်ပြော မှန်းမသိ.."

"ငါ့အတွက်ပေမယ့် ငါချစ်နေတဲ့သူကို ဒီလောက်တော့မပြောနဲ့လေ ဟဲ ဟဲ..သူလည်း ကိုယ်မကြိုက်တာကို ငြင်းခွင့်ရှိတာပဲဟာ.."

"ဟုတ်တယ်..အငြင်းခံပြီး တကောက်ကောက်လိုက်နေတဲ့နင့်ကို နာနာထုရမှာ.."

"ငါကတော့ ယောကျ်ားပီသလွန်းပြီး မိန်းကလေးမြင်တိုင်း ညာတာ ပေးမဖို့ပဲ ဟန်ပြင်နေတဲ့ယောကျ်ားတွေကို အထင်မကြီးပါဘူး..မိန်းမနဲ့ပတ်

ဘ်ရင်တော့ ကိုယ်မှကိုယ်ဖြစ်နေမှ၊ အကုန်လုံးလိုက်ကရှဏာတွေကြီးမား ပြင် သေချာတယ်..အဲ့ဒါနဲ့ဘူးပဲ.."

အေးမနေနိုင်ဘဲရယ်တော့ နှစ်ယောက်သားရယ်မဆုံးဖြစ်နေကြကာ..

"ငါအံ့ဩတာသိလား..မမဘာတွေသွားပြောထားလဲမသိဘူး၊ အဲ့ဒါ ကြောင့် ငါနဲ့ပြောပြီးသားကို သူမလာတော့တာ..နင်စဉ်းစားကြည့်လေ၊ မေ တို့က ဆရာလိုချင်နေတာကို သွားပြောစရာလား..မေမေ့ကိုလည်းတခြား ရှာဖို့မမပဲ.."

"မနာလိုနေတာများလား.."

"ဟာ..နင်ကလည်း.."

"မသိဘူးဟေ့..နင်တို့ကအရင်းအချာတွေလည်း မဟုတ်တော့ ငါ သည်းအမုန်းခံပြီး ထင်တာပြောရတာ.."

"မမုန်းပါဘူး..ဒါပေမဲ့.."

ဖြစ်နိုင်လို့လားလို့ ကိုယ့်ဘာသာပြန်မေးကြည့်ခဲ့သည်။ သူမအပေါ် အစ်မရင်းတစ်ယောက်လို ပြုစုစောင့်ရှောက်ပေးခဲ့တာ ဒီနေ့ထိ။ မေမေတို့ ကြောင့်တောင် မမက သူ့အပြစ်ဖြစ်အောင် လွှဲချခံခဲ့တာရှိခဲ့သည်။ ဒါပေမဲ့ မဝဟို့အိမ်က ဖုန်းနံပါတ်ကို လုံးဝမသိဘူးလို့ပြောခဲ့သည်။ အဆက်အ သံစမလုပ်ချင်ဘူးဆိုတဲ့စကားကရော အဆက်အသွယ်မရှိခဲ့ကြသလို ပြော ဘာမဟုတ်ဘူးလား..။ ခုကျတော့ စကားအသွားအလာတွေ ဘယ်လိုပို့ နေကြတာလဲ..။ သူမမှာ ကိုယ့်ခြေလှမ်းတွေမှုမမှန်တာ ကိုယ့်ဘာသာသိ သောကြောင့် မေမေတို့ကိုလည်းသေချာမမေးရဲ။ မပြောရဲ။ ဒါပေမဲ့ မမ တော့ သူမပြောချင်သမျှအကုန်ပြောပြီး တခြားဆရာခေါ်ဖို့တွေတောင် စားနေသေးသည်။ ဘာပဲဖြစ်ဖြစ် ခုလောက်ဆို မေမေလည်းသိနေမှာ သူ့သမီးဘယ်ခြေလှမ်းပြီး ဘာတွေဖြစ်နေသလဲဆိုတာ.. ၊

"အဲ့ကြောင့် ငါပြောနေတာရဲ့..စာကြိုးစားမယ်ဆိုပြီးတာပဲ၊ သူ့နဲ့ပဲ ချင်တယ်ဆိုတာ ကိုယ့်အမေ့ကိုပြောပြလိုက်.."

"ပြောတာပဲ..ဒါပေမဲ့ မမက.."

"သေချာပါတယ်..နင့်ကိုကျွန်မရှိဘူးဆိုတဲ့ ခေါင်းစဉ်တပ်လိုက်တာ နင်ဖွတ်လိုက်နေတာကြောင့် သူ့သိက္ခာကျမှာစိုးလို့.."

"ငါကလည်းဟုတ်ခဲ့တာပဲလေ..မေမေကတောင် ငါ့အလိုမလိုက်တော့တာ ကြည့်ပါလား.."

ဖုန်းပြောရင်း စားပွဲပေါ်လက်လေးတင်၍ ဘယ်ညာပြောင်းကိုင်လိုက်၏။ ထိုစဉ်.. ၊

"ခင်ဗျားတို့ပြောလို့ပြီးဦးမှာလား.."

ဟင်.. ၊

ရဲဆတ်ခနဲဖြစ်သွားသည်။ လှည့်ကြည့်လိုက်တော့ ချစ်မဝက နံ့သာရောင်ရှပ်အကျီလက်ရှည်နှင့် ကြေးနီရောင်ချည်ချောပုဆိုးကို ဝတ်ထား၏။ မထူမပါးဆံပင်တွေကို သေသပ်စွာဖြီးထားကာ မျက်ခုံးတန်းတွေပေါ် ပြန်ကျနေသည့် တချို့သောဆံစတို့က ရဲမျက်လုံးမလွှဲဖြစ်အောင်ဖြစ်သွား၏။ သူ့အနားရောက်လာတိုင်း ဆပ်ပြာမွှေးနံ့လိုလို ပုံမှန်ရလာတတ်သည့် ကိုယ်သင်းနံ့က သူမနှစ်သက်သည့်အနံ့တော့မဟုတ်ပေ။ သို့သော် သူ့အနားမှာရှိနေသည့်ဆုလာဘ်အဖြစ် ထိုရနံ့ကိုလည်း နှစ်ခြိုက်တတ်ခဲ့ပြီး.. ၊

"သြော်..ဆရာလေးပြန်ရောက်လာပြီလား.."

စားပွဲမှာအတူထိုင်မိကြစဉ် ဒေါ်မြတ်ပန်းနီရောက်လာကာ ရဲရဲ့အေးမှာရပ်လိုက်ပြီး.. ၊

"ဆရာလေးရယ်..ကိုယ့်ထက်အသက်ပိုကြီးတယ်ဆိုပေမယ့် ကိုယ်ကသင်ပြပေးနေရရင် တပည့်ပါပဲ၊ သိပ်လည်းကွာကြမယ်မထင်ပါဘူး..တရင်းတနှီးသင်ပြပါ၊ ဆူစရာရှိဆူ..ပြောစရာရှိရင်ပြောပါ၊ အန်တီတို့ကိုတိုင်ဖို့ရှိရင်လည်း ဘာမှအားနာဖို့မလိုဘူးနော်..ပြောချင်တာကလေ နှစ်ဝက်လည်းကျိုးတော့မှာပါ၊ နောက်ထပ်ဘာအတွက်နဲ့မှ စာသင်ရက်မပျက်ပါစေနဲ့နော်"

"ကျွန်တော်ကလည်း အလုပ်တစ်ဖက်နဲ့မို့ပါ.."

"ဟုတ်ပါတယ်..အဲ့ဒါကြောင့် ပျက်တာကို အန်တီကမပြောပါဘူး မလျှော့တော့ဘဲမနေဖို့ပါ..ဒီအချိန်ကျမှ နောက်ဆရာရှာဖို့ကလည်း အဆင်မပြေတော့ဘူးလေ၊ သမီးကလည်း ဒီနှစ်အောင်ရပါ့မယ်လို့ ကတိပေးထားပါတယ်.."

နှစ်ယောက်မျက်လုံးချင်းဆုံသွားသည်။ သူပဲချက်ချင်းလွှဲဖယ်သွားကာ မေမေ့ကိုတော့ ခေါင်းညိတ်ပြရင်း မျက်နှာချင်းဆိုင်ဖော်ရသည်။ ကြိုက်

ကြိုက်မကြိုက်ကြိုက် ရဲသူ့ကိုပဲကြည့်နေမိသည်။ သူပြန်မကြည့်လေ ကြည့်ခွင့်တွေရနေလေ..။ ပြီးတော့ ဆုံးဖြတ်မိသည်။

နောက်ထပ်အဆင်မပြေဖြစ်အောင် မနေတော့ဘူး.. ၊

♦♦♦♦

အခန်း(၃၁)

"မနေ့ကတွက်သမျှ တောက်လျှောက်မှန်နေတာ..အခု ဘာဖြစ်လို့မှားနေတာလဲ.."

"ယူ့ကိုမေးချင်တာရှိလို့.."

သူမျက်မှောင်ကုတ်သွားသည်။ မျက်လုံးကတော့ လူကိုကြည့်ဖို့ဝင့်တက်လာပေမယ့် မျက်လုံးချင်းမဆုံခင် ပို့ုင့်အနည်းငယ်အလိုမှာ နောက်ပြန်ရွေ့လျားသွားခဲ့ပြီး.. ၊

"သင်္ချာနဲ့ပတ်သက်ရင်မေး.."

"မပတ်သက်ဘူး..ဒါပေမဲ့ အဲ့ဒါကိုမသိရရင်လည်း စာလုပ်လို့ရမှာမဟုတ်ဘူး.."

စိတ်တော့တိုသွားသည်။ သင်ကြားရေးကိုပဲ ဖိလုပ်နေရတာ သူမနဲ့မျက်လုံးချင်းဆုံမှာစိုးလို့ပါ။ စာချည်းပဲစာနေတာတောင် အမှတ်တမဲ့မျက်လုံးချင်းဆုံသွားတဲ့အခါ သူဘယ်လိုနေရမှန်းမသိ။ ရေမြုပ်နေသည့် မျက်ဝန်းအိမ်လေးတွေလို ရွေ့လျားလိုက်တိုင်း တလဲ့လဲ့ဖြာနေသည့်အတိုင်းအတာမှာ သူမရယ်နေလျှင် ပိုဆိုးသည်။ ထိုမျက်ဝန်းတွေကို သူဘယ်လိုမှရင်မဆိုင်

ရဲဘဲဖြစ်နေခဲ့၏။

မျက်လုံးချင်းတစ်ခါဆုံလိုက်တိုင်း ပူပူထူထူကြီးဖြစ်သွားတတ်တာဘာကြောင့်မှန်းမသိ။ မျက်နှာချင်းဆိုင်ထိုင်နေကြတာ မဆိုထားနှင့်။ သူမနဲ့မျက်လုံးချင်းဆုံမိတဲ့အခါတွေကို ပြန်တွေးမိလိုက်တာတောင် ကမ်းပေါ်မှာသွားနေတုန်းဆို ခြေလှမ်းမှားသည်။ အိမ်မှာဆို မနေတတ်မထိုင်တတ်တွေဖြစ်လာပြီး ကိုယ့်ဟာကိုယ်ဘာလုပ်လို့လုပ်မိမှန်းမသိ။ ကိုယ့်မှာလည်းမိန်းကလေးသူငယ်ချင်းတချို့ရှိသည်။ တွဲသွားတွဲလာ အတူစားကြသောက်ကြတွေမှာ ရင်းနှီးထိစပ်နေကြတာ ဘာဆန်းလို့လဲ..။ ရှင်းရှင်းဝန်ခံရပါလျှင် နီရဲရဲနီဆိုသည့်မိန်းမ မျက်လုံးအလွန်လှလေသည်။

"ဆရာကြီး.."

ခေါ်တာမကြိုက်လည်း မတတ်နိုင်။ ယူလို့ခေါ်တော့လည်း အဆင်မပြေ။ ချစ်လို့ပဲခေါ်ချင်တာ လျှာယားနေပေမယ့်လည်း ဒါကမသင့်တော်သေး.. ၊

"ဒီမှာ ဆရာကြီး.."

"ပြော..ခင်ဗျားရှေ့မှာထိုင်နေတာ.."

"စကားပြောတာ မျက်လုံးချင်းဆုံမှ စကားလုံးပြောင်တာ.."

"မပြောင်လို့မပြောချင်ရင် မပြောနဲ့.."

ရဲရဲက ပြုံးလိုက်ရင်း သူကြည့်နေသည့်စာအုပ်ကို ဆွဲယူပစ်လိုက်၏။

"ခင်ဗျားဘယ်လိုဖြစ်နေတာလဲ.."

သူ့မျက်လုံး စူးခနဲရောက်လာသည်။ ရဲရဲက စားပွဲပေါ်လက်လေးယှက်တင်လိုက်ပြီး သူ့ကိုကြည့်၍.. ၊

"မေးစရာရှိလို့ပါ.."

"ကျွတ်.."

"ယူနဲ့သဲလတ်ချိုက အတွဲတွေလား.."

"ဟုတ်တော့ခင်ဗျားနဲ့ဘာဆိုင်လဲ.."

"ဒါက.."

"မဟုတ်လည်း ခင်ဗျားနဲ့မဆိုင်ဘူး.."

ချစ်မဝ သူမလိုပဲစားပွဲပေါ်လက်တင်ပြီး မျက်လုံးချင်းဆုံလိုက်သည်။

မဟုတ်ရင် ဒီမိန်းမ ဒါကိုပဲမရမကကြိုးစားနေတာ လူကိုလှောင်ရယ်နေတဲ့အတိုင်း။ ယောကျ်ားနဲ့မိန်းမ မျက်လုံးချင်းဆုံမကြည့်ဝံ့ရအောင် သူမမျက်လုံးတွေမှာ မှော်ဝင်နေတာလည်း မဟုတ်.. ။

"ကဲ..ပြော ဘာပြောဖို့ရှိသေးလဲ.."

ပြောဆိုတော့လည်းမပြောဘဲ လူကိုပဲကြည့်နေသည်။ ချစ်မဝနားရွက်ဖျားတွေပါ ရဲတက်လာ၏။ ပြီးတော့ သူပဲမျက်လုံးလွှဲရခြင်းသို့ရောက်ကာ..

"ရဲကစဉ်းစားနေတာ..သဲလတ်ချိုကလည်း မတုန်မလှုပ်ပုံစံ..ယူကလည်းအေးစက်စက်နဲ့ ဒါမဖြစ်နိုင်ပါဘူး.."

"အဲဒီကိစ္စက ခင်ဗျားအတွက် အတော်အရေးကြီးနေသလား.."

"ကြီးတယ်..ယူ့မှာချစ်သူရှိနေရင် ရဲကကိုယ့်ဆရာမို့ပဲခေါ်ခေါ်၊ ဟိုလိုဒီလိုပဲခေါ်ခေါ် ပြောမယ့်ဆိုမယ့်လူတစ်ယောက်တိုးလာတာပေါ့..ပြီးတော့ ရဲကိုဆို ယူကစပြီး အကောင်းမမြင်တဲ့သူတွေပဲများတာ.."

မျက်နှာငယ်လေးဖြစ်သွားတော့ စိတ်ထဲမှာမကောင်း။ ပြောတာလည်းအမှန်ပဲမို့ နှစ်သိမ့်ဖို့ရာ စကားလည်းမရှိ။ သူမရည်းစားများသည်။ သူမစွာလွန်းသည်။ သူမလောက်နေရာတကာ ဆရာကျတာမရှိ။ သူမလောက် စာမေးပွဲကျခြင်းမှာ ပျော်မွေ့တဲ့မိန်းကလေးမရှိ စသဖြင့်သော သူမ၏အောင်မြင်ကျော်ကြားမှုတို့သည်.. ။

"သူနဲ့ကျွန်တော်က အလုပ်လုပ်ရင်း ခင်သွားကြတာ..သူငယ်ချင်းလည်းမဟုတ်ဘူး၊ ဘာမှလည်းမဟုတ်ဘူး..ခင်ဗျားမေးတာကြီးက တခြားမိန်းကလေးကို ထိခိုက်နိုင်တယ်၊ ကိုယ်သိချင်တာချည်းပဲတွေးပြီး မေးတာမြန်းတာတွေ ဆင်ခြင်.."

"အဲဒါသခ်ိန်းစာလား.."

"ခင်ဗျားယူတတ်ဖို့ပဲလိုတာ.."

"အင်း..ယူတတ်ပါတယ်၊ ယူလည်းယူချင်တယ်..ယူပေးတာကိုပဲပြောတာနော်.."

"သမီးရေ.."

ဒေါ်မြတ်ပန်းနီက ပြုံးချိုသည့်မျက်နှာနှင့် အခန်းရှေ့မှာပေါ်လာကာ သမီးကိုခေါ်ပေမယ့် ချစ်မဝကိုပဲဦးတည်၍.. ။

"ဒီနေ့ နေလည်စာ ဆရာလေးကိုအိမ်မှာကျွေးမှာနော်.."

"အာ..ကျွန်တော်.."

"ဆရာလေး..ဒီနေ့ဆေးရုံကိုတန်းသွားရမှာသိလို့ စီစဉ်ထားတာပါ၊ ထမင်းစားချိန်အတွက် စာသင်ချိန်ထဲကနှုတ်ပါ..အေးဆေးစားပြီးမှပြန်ပါ၊ ဆေးရုံကိုလည်း အိမ်ကကားနဲ့ပို့ပေးပါ့မယ်.."

"မလုပ်ပါနဲ့အန်တီ..ကျွန်တော့်ဆရာဆီ ဝင်ရဦးမှာမို့လို့ပါ၊ ဆေးရုံကိုတော့ မပို့ပါနဲ့.."

"အားမနာရပါဘူးဆရာလေးရယ်..တကယ်ဆို ဆရာလေးစာစသင်ဘည်းက အကြိုအပို့အန်တီတို့က လုပ်ပေးသင့်တာ.."

ချစ်မဝတို့မှာ တစ်အိမ်လုံးပေါင်းမှ ကားလေးတစ်စီးပဲရှိသည်။ မိန်းကလေးဖြစ်သည့် လှယဉ်ကျေးကို ကားပေးသုံးခိုင်းထားရသည်။ အိမ်သားတွေသုံးရတာက တစ်ခါတလေသာ။ ဆိုင်ကယ်လ်ရှိပေမယ့်လည်း နေရာတကာစီးလို့မရသဖြင့် ချစ်မဝဘယ်သွားသွား တက္ကစီတစ်မျိုး ခြေလျင်တစ်မျိုးဖြင့်.. ။

"အန်တီဘာကြောင့်မှပြောတာ မဟုတ်ဘူးနော်..ဆရာလေးလာရင်တက္ကစီနဲ့ပဲလာတာမြင်လို့ပါ၊ တကယ်လို့ အကြိုအပို့လုပ်ပေးတာကို မကြိုက်ရင်လည်း လစာထဲမှာပဲ.."

"မဟုတ်ပါဘူး..အဆင်ပြေပါတယ်၊ ခုပေးထားတဲ့လစာက တော်တော်များနေပါပြီ..ကျွန်တော့်ဘက်ကလည်း ဘယ်လမ်းကြောင်းအတိုင်းသွားနေတယ်ဆိုတာမျိုး မရှိဘူးလေ၊ ပျက်ချင်တဲ့ရက်မှာ ပျက်တာတွေရှိတော့ကားစီစဉ်ပေးဖို့မလိုသလို ဒါကိုလည်းထည့်တွက်မနေပါနဲ့..ကျွန်တော်အဆင်ပြေပါတယ်ခင်ဗျ.."

လူငယ်လေးဖြစ်ပြီး ယဉ်ကျေးလိုက်တာ မိန်းကလေးတွေစကားပြောတာထက်တောင် သိမ်မွေ့နေသေး.. ။

ဒေါ်မြတ်ပန်းနီ ခေါင်းတညိတ်ညိတ်ဖြစ်သွားခဲ့လျက်.. ။

"ရပါတယ်ကွယ်..ဆရာလေးမှာ အလုပ်တစ်ဖက်နဲ့ဆိုတာ နားလည်ပါတယ်၊ စာသင်ပေးတဲ့နေရာမှာ စေတနာပါတယ်ဆိုတာလည်း သိတယ်..ဆရာလေးမလာနိုင်တဲ့ရက်တွေအတွက် အိမ်စာတွေသာပေးခဲ့ပါ၊ သူကအခု

အရမ်းကြိုးစားနေတော့ အိမ်စာပေးခဲ့ရင်လည်း အဆင်ပြေမှာပါ.."

ဒီတစ်ခါ မျက်လုံးချင်းဆုံတော့ စက္ကန့်လေးတွေပြေးလွှားဖြတ်ကျော်ခွင့်ရသည်။ ပြီးတော့ သူပဲဖျတ်ခနဲမျက်ဝန်းတွေ သိမ်းသွားခဲ့ပြီး.. ။

"ဟုတ်ကဲ့..ကျေးဇူးပါ.."

ခေါ်မြတ်ပန်းနီပြန်လှည့်သွားသည်နှင့် ဖုန်းသံကတိုးညက်ညက်လေးမြည်လာသည်။ နှစ်ယောက်စလုံးကိုယ့်အိတ်တွေကို ကိုင်လိုက်မိကြ၏။ ပြီးတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိရင်း.. ။

"ခင်ဗျားဖုန်းရင်းန်တုန်းက အဲ့ဒါလား.."

"အင်း.."

ခေါင်းညိတ်လိုက်ပြီးမှ စဉ်းစားသလိုဖြစ်သွားကာ.. ။

"ဒါပေမဲ့ ရဲကအဲ့သီချင်းကို တအားကြိုက်လို့ အသံကျယ်ကြီးထားတာ.."

သူ့ဖုန်းကမြည်နေတာကို လက်နဲ့ကိုင်မိထားပြီဖြစ်သည်။ ဒါလေးလူကြိုက်နည်းသည့် ဒီသီချင်းကိုမှ အတူတူထည့်ထားမိသည့်အဖြစ်ကို အံ့သြမိသည်။ သီချင်းက Charlie Puth ဆိုထားသည့် Attention..

တစ်ဖက်လူဆီက Attentionရဖို့ အမျိုးမျိုးကြိုးစားရယူတတ်တဲ့ကောင်မလေးတစ်ယောက်အကြောင်းကို ဆိုထားတာဖြစ်သည်။ သူ ဒီသီချင်းကို ကြိုက်မိလို့များ နီရဲရဲနီဆိုသောသူမနဲ့ ကြုံဖန်ဆုံဖြစ်ခဲ့တာလား..

♦♦♦♦

အခန်း(၃၂)

မွေးနေ့လည်းဖြစ် တနင်္ဂနွေနေ့လည်းဖြစ်နေသဖြင့် အိမ်မှာမိသားစုလေးကျင်းပခဲ့ကြသည်။ အပြင်လူတွေမပါဘူးဆိုတာတောင် မွေးနေ့ရှင်နဲ့ ခေါင်းအသင်းသူငယ်ချင်းတွေနဲ့ မိသားစုနဲ့ရင်းနှီးကြသည့် အိမ်နီးပါးနီးဘ်ဆွေတချို့ကို ဖိတ်ကြားထားသောကြောင့် ခင်းကျင်းထားသည့်စားပွဲငါး ...င်းကတော့ အပြည့်ပဲဖြစ်၏။ ချစ်မဝက ရှပ်အင်္ကျီအဖြူလည်ကတုံးလက် ...ည်ကို ခရမ်းရင့်ရောင်ချည်ပုဆိုးနှင့် ဝတ်ထားသည်။ မွေးနေ့ရှင်ပေမယ့် ...ယ်မှလည်းသွားဖို့စိတ်ကူးမရှိသလို သွားလာဖို့ရှိရင်တောင် သူဝတ်တတ် ...ာ ဒီလိုအဆင်တွေချည်းဖြစ်တတ်လျက် ဘောင်းဘီရှည်နဲ့တီရှပ်ဆိုတာ ...စ်ခါတလေမှသာ.. ။

"သားရေ..ဟိုမှာငယ်ချစ်တို့လာကြတယ်.."

"မကြီးရှိတာပဲမေမေရာ..မီးန်းကလေးအုပ်စုထဲမှာ.."

"သားရယ်..ကိုယ်ကမွေးနေ့ရှင်လေ.."

"မွေးနေ့ရှင်ပေမယ့် ကိုယ့်ဧည့်သည်ကိုယ်ဧည့်ခံကြေးပဲ..မကြီးသူ့သူ ...ယ်ချင်းကို သူ့ဘာသာဧည့်ခံပေစေ.."

ဒေါ်နုလွင်လက်လျှော့ပြီး ပြန်သွားကာမှ ညိုမြင်းကပြောလက်စကို ပြန်စဖို့ကြိုးစားရင်း မျက်နှာရှေ့တိုး၍.. ။

"မင်းအဲ့ဒီတော့ ဘယ်လိုဆုံးဖြတ်မှာလဲ.."

"ဘာလဲ.."

"အိမ်ကပေးစားမယ့်တစ်ယောက်နဲ့ သဲကိုလေ.."

"သဲနဲ့ဆို အန်တီတို့ကလည်း ကျေနပ်မှာပါ..မမြင်မစမ်းလူကို ကောက်ကပ်လက်ထပ်ရမှာနဲ့စာရင် သဲက.."

"သဲနဲ့ငါ့ကို မင်းတို့ဘယ်လိုထင်နေကြလို့လဲ.."

"ဟိုလိုဒီလိုထင်နေကြတယ်.."

"လုံးဝမဟုတ်ဘူး.."

"ဘာလဲချစ်မဝ..မင်း ရေဒီယိုကမာရွတ်ကို ရင်ခုန်နေပြီလား.."

"ဆယ်တန်းမအောင်တာလေးကလွဲရင် နာမည်လေးရော လူလေးရော အူယားစရာလေးကွ..အဲ့တစ်ယောက် ပက်ပက်စက်စက်မိုက်တယ်.."

"ဆယ်တန်းမအောင်တာ ရာဇဝတ်မှုကြီးလားကွ..ငါသာ အောင့်နေရာမှာဆိုရင်လည်း.."

"ဟော့ကောင်တွေ တော်ကြတော့.."

စားပွဲပေါ်မှာ စားလက်စပန်းကန်တွေက တစ်ယောက်ပြီးတစ်ယောက် ဟိုတွန်းဒီရွှေ့လုပ်နေကြသဖြင့် လှမ်းမြင်လိုက်သည့် ဒေါ်ဝင်းမာက ကပျာကယာလာသိမ်းရင်း.. ၊

"သားတို့သူငယ်ချင်းတွေစုံပြီလား.."

စားပွဲဝိုင်းမှာ ယောကျ်ားလေးသုံးယောက် မိန်းကလေးနှစ်ယောက် အားလုံးကဆရာဝန်လောင်းလျာလေးတွေမို့ မျက်လုံးထဲမှာ ကျက်သရေရှိနေတော့သည်။ မိန်းကလေးနှစ်ယောက်စလုံးကလည်း ယဉ်စစညိုမြမြလေးတွေရှိနေရာ.. ၊

"သမီးတို့သူငယ်ချင်းက မွေးနေ့ပွဲလုပ်ပေးရင် မကြိုက်ဘူး..အိမ်မှာလည်း မွေးနေ့ဆို ဘုန်းကြီးကျောင်းကိုဆွမ်းချိုင့်ပို့တယ်၊ ဘုရားသွားပြီး မိဘကိုရည်စူးလှူကြတန်းကြလုပ်ကြတယ်..ဒီလောက်ပဲလေ၊ ဒီနှစ်သူ့မွေးနေ့ကို ခုလိုလေးအကျွေးအမွေးလေးနဲ့ လုပ်ပေးရဖို့ ဘယ်လောက်ပြောယူရ

သဲသိလား.."

"ဟုတ်မယ်..သမီးတို့လည်း ဒီလိုပါပဲ.."

"သမီးလည်းအတူတူပဲ..ကိုယ့်မွေးနေ့ကိုတောင် တစ်ခါတစ်ခါသတိရဘူးရယ်၊ အိမ်မှာ ဘယ်သူ့မွေးနေ့ ဘယ်ရယ်ဘာညာတွေလည်း မမှတ်မိင်တော့ဘူး..အလုပ်နဲ့စာနဲ့က ပြတ်မှမပြတ်တာ.."

"ဟုတ်တာပေါ့..ဟုတ်တာပေါ့.."

"စားပြီးသားပန်းကန်တွေကို အန်တီရယ်..ပေး ပေး သမီးဝိုင်းသိမ်းပေးမယ်.."

ပန်းကန်တွေကို ထပ်ကိုင်ထားရင်း ကြမ်းပေါ်မှာ ဒူးထောက်စကားပြောနေသည့် ဒေါ်ဝင်းမာလက်ထဲကနေ ဆုမြတ်ကအတင်းဆွဲယူသည်။ ဒေါ်ဝင်းမာကလည်း ဖိဆွဲထားရင်း ပြုံးရယ်လျက်.. ၊

"ကိုယ့်အိမ်ကပွဲမို့ ကိုယ်ဆေးတာပဲသမီးရယ်..အကူတွေဘာတွေလည်း ခေါ်ထားတာမဟုတ်တော့.."

"ဟုတ်ပါပြီ..အဲ့ဒါကြောင့်အသက်ကြီးတဲ့သူကို ပေးမဆေးရဲပါဘူး၊ သမီးဝိုင်းဆေးပါ့မယ်.."

အောင်မယ်လေး..။ အဲ့ဒီလိုမာန်မာနကင်းကင်း ချစ်စရာဆရာဝန်မလေးနဲ့ ငါ့တူလေးညားသွားပါစေ..

ရင်ထဲမှာ တောင်းတောင်းတတဆုတောင်းပေးရင်း ဆုမြတ်နဲ့အတူသွားကြစဉ် ထပ်ရောက်လာခဲ့သော ဧည့်သည်တစ်ယောက်သည်.. ၊

"ဟော..သမီးရေ၊ လာလေ..သားသူငယ်ချင်းလား.."

မေမေ့အသံကြားလိုက်သဖြင့် သူတို့အကြည့်တွေ ထိုဆီရောက်ကုန်၏။ တံခါးဝကို ကျောပေးထိုင်နေသည့် ချစ်မဝကနောက်ဆုံးလှည့်ကြည့်မိသူဖြစ်လျက်.. ၊

"ရဲ.."

စားပွဲပေါ်လက်တင်ရင်း လျော့ရိလျော့ရဲနေနေသည့်ကိုယ်က တောင့်တက်သွားသည်။ ညိုမြင်းကလင်းခန့်နားကပ်၍.. ၊

"ရဲတဲ့..ကြားလိုက်လား.."

"အဟွန်း..ဟွန်း.."

"အယ်..ဟို.."

ရဲကိုမြင်လိုက်တော့ အံ့သြသွားကာ ယဉ်ကမန်းကတန်းအနားရော
သွားခဲ့ပြီး.. ၊

"သူကမောင်လေးစာသင်ပေးနေတဲ့ နီရဲရဲနီလေမေမေ.."

"ဟင်.."

ဒေါ်နုလွင်ကွက်ခနဲ မျက်နှာပျက်သွားသည်။ သူမလေးအကြော
တွေ ကြားရတာမကောင်း။ မကောင်းသမျှအကြောင်းအရာအားလုံးသ
လည်း သူ့အစ်မကိုယ်တိုင် သမီးကြီးဆီသတင်းပို့ထားတာဖြစ်ကာ သ
ပို့ရသည့်အကြောင်းက ညီမဖြစ်သူအနေအထိုင်မတော်တာရှိခဲ့ရင် မိသ
သိုင်းအဝိုင်း ဂုဏ်သိက္ခာ ထိခိုက်နိုင်လို့ပါတဲ့..။ ဂုဏ်သိက္ခာဆိုတာ မိသ
ကိုစတေးပြီး မှ ရယူနိုင်တာမျိုးလား..။ သူမကတော့ လုံးဝစိတ်တိုင်းမကျ
ဒီလိုမိသားစုမျိုးကို အထင်လည်းမကြီးချင် မှန်သည်လည်းမထင်။ သူတို့
ဘယ်လို စုစည်းသင့်မြတ်နေကြသည့်မသိပေမယ့် ဒါကို Broken fam
လို့ပဲ သတ်မှတ်သည်။

"ဟုတ်လား..သမီးကိုသားဖိတ်ထားတာလား.."

မေးခွန်းကသိသာနေသဖြင့် ယဉ်ကအားနာဟန်နှင့်ပြုံးကာ.. ၊

"မေမေကလည်း မောင်လေးမှာအသိမိတ်ဆွေဆိုလို့ ဒီလူတွေပဲရှိ
ဖိတ်လို့လာတာပေါ့.."

"ဆရာက.."

ဖိတ်တာမဟုတ်ပါဘူးလို့ ပြောမယ့်စကားမဆုံးခင် ယဉ်ကရဲရဲ့လ
လေးကိုဆွဲယူလိုက်ကာ.. ၊

"လာ..ညီမလေး လာ.."

ချစ်မဝတို့ဝိုင်းမှာ နေရာပေးလို့မဖြစ်တာမို့ ရဲကိုဘေးကစားပွဲဆီခေ
သွားလျှင်.. ၊

"မမ..ဟိုလေ ရဲကစကက်နည်းနည်းကျပ်နေလို့၊ အဲ့လို ခုံဝိုင်းေ
တွေမှာ ထိုင်လို့မရဘူး.."

"သြော်.."

ငုံ့ကြည့်လိုက်တော့ ဖေဒါရောင်ဆွဲသားစကက်ရှည်က တင်းပြ

ကိုယ်ခန္ဓာပေါ်မှာ ကပ်ကပ်ချပ်ချပ်လေးရှိနေလျက် လက်တစ်လုံးကြိုး
ရောင်ခါးတိုလေးပေါ်မှာ ဂျင်းဂျက်ကပ်ထပ်ဝတ်ထား၏။ ကြည့်လိုက်
ဒီတိုင်းထမီနဲ့ဝတ်စုံပေါ်မှာ အပေါ်ထပ်ဝတ်ထားသလိုပဲရှိပေမယ့် ဒူး
ဦး ကျုံ့ကျုံ့ထိုင်ဖို့ဆို ဘယ်လိုမှအဆင်ပြေမှာမဟုတ်။ ဒေါ်နုလွင်က
မသွားသေးတာမို့ သူမနဲ့ပြောသမျှကို အကုန်ကြားနေရ၏။ ထို့ပြင်
ဝင်လာတည်းက သတိထားကြည့်နေကြသည့်လူတွေကိုရော စား
ကြခြင်းတို့ကိုရပ်တန့်၍ လည်ပင်းလိမ်အောင်ကြည့်နေသော တချို့
မျက်လုံးတွေကိုပါ အားလုံးကိုမြင်နေခဲ့သည်။ ဒီလောက်ထိလှပြီး ပြည့်
သာသည့်မိန်းကလေးက ဒီထက်တန်ဖိုးကြီးအောင် နေတတ်ခဲ့ရင်ဘယ်
ကောင်းမလဲ.. ၊

အတွေးနှင့်စိတ်ပျက်ခြင်းကြောင့် မျက်နှာလွှဲခဲ့မိသည်။ ဒေါ်ဝင်းမာ
ဘာ ပန်းကန်တောင်ဖြောင့်အောင်မဆေးနိုင်တော့ဘဲ.. ၊

"နင်ကဘာလို့ဝင်လာတာလဲ..ဒီလောက်ရဲတင်းတဲ့ကောင်မလေး၊
က်မလာရဲအောင် ပြောလွှတ်လိုက်ရမှာ.."

"ဝင်းမာ.."

သူပဲသွားပြောတော့မလို စိတ်မြန်လက်မြန်ခြေလှမ်းပြင်လိုက်တော့
နုလွင်က လက်ကိုဆွဲထားလိုက်ပြီး.. ၊

"ဝင်းမာရယ်..ဒီလိုနည်းနဲ့တော့ မခွဲခြားစမ်းပါနဲ့၊ ဒီမိန်းကလေးမျက်
တွေကိုမြင်တာနဲ့ ငါအကဲခတ်မိတယ်..ဒါပေမဲ့ ငါ့မှာလည်းသမီးမိန်းက
နဲ့၊ ငါတို့လည်းမိန်းမပဲ..မိန်းမတစ်ယောက်ကို ချိုးဖဲ့ပုတ်ခတ်ပြောတာ
ရာကောင်းပါတယ်.."

"ဖြစ်ရလေလွင်ရယ်..လူချင်းတူပေမယ့် အသက်ရှူပုံကွာသေးတယ်၊
မဖြစ်တာနဲ့ပဲ မိန်းမရှိသမျှကို လိုက်စာနာနေရမှာလား..အဲဒီမိန်းမက
ဲ့လိုမကောင်းခဲ့ရင် မကောင်းဒဏ်ခံရမှာက ကိုယ့်သား.."

"ဟုတ်တယ်..ဒါပေမဲ့.."

"မလိုဘူး..ဖယ်၊ သူများသားကို ကိုယ်ကအိမ်ရှင်မပီပီသသ ပြုစုခဲ့
ယ်..ဝတ္တရားကျေတယ်၊ ကိုယ့်သားကျမှ ကိုယ့်လိုမိန်းမမျိုးမရရင် ညံ့တဲ့
ဖြစ်သွားမှာပေါ့..ငါကတော့ ကြည့်မနေနိုင်ဘူး.."

ရဲက သူ့မကိုဘယ်လိုဘယ်အချိန်မှာ ဘယ်သူတွေပစ်ခတ်တိုက်ခိုက် လာမည်ဆိုတာ မသိ.. ။

"ဒီမှာဘယ်သူမှလည်း မရှိဘူးနော်.."

သူမကို ထမင်းစားခန်းထဲခေါ်လာတော့ ဘေးဘီဝဲယာကိုကြည့်ပြီး ထိုင်လိုက်ပေမယ့် အင်တင်တင်။ ဗေဒါရောင်သည် အဖြူလိုဖျော့နေသော နှုတ်ခမ်းနီပြောင်အိအိလေးနှင့် မျက်ဝန်းထောင့်စပ်လေးတွေမှာ အိုင်းရှဲဒိုး လုပ်ထားတာဒီအတိုင်း။ နားသယ်စပ်ဆံစလေးတွေကို မုန့်ကြိုးလိမ်လိုလိမ် ခွေပြီး ဘေးထိုးကလစ်လေးတွေနဲ့ ဖိကပ်ထား၏။ ထို့ကြောင့် နားနှစ်ဖက် ကို မြင်နေရကာ နားဆွဲတစ်ဖက်တည်းပန်တတ်သည့်အဖြစ်ကလည်း သတိ ထားမိအောင် ထင်းနေခဲ့ပြီး.. ။

"အိမ်မှာပါတီလုပ်ရင် ရဲတို့အုပ်စုက ထမင်းစားခန်းထဲမှာကဲကြတာ အဲ..စားကြသောက်ကြတာကို ပြောတာနော်၊ ဒီမှာကျတော့.."

"အဟွန်း.."

ယဉ်က ပဲကြာဇံကြော်နဲ့ ရေခဲမုန့်တွေ သူမကိုယ်တိုင်ယူချပေးပြီး အနားမှာထိုင်ကာ.. ။

"ဒီမှာက ပါတီမပြောနဲ့..ခုလိုအကျွေးအမွေးလေးနဲ့ဆွမ်းကပ်အလှူ လုပ်ဖို့တောင် မနည်းစည်းရုံးနေရတာ ညီမလေးရဲ့၊ အားလုံးကလည်း တာ ဝန်တွေအသီးသီးနဲ့ဆိုတော့ အားလပ်ချိန်နည်းတယ်လေ..အလုပ်များကြ တော့အားတာနဲ့ အနားယူချင်ကြတယ်၊ ဒါကြောင့် ပွဲလုပ်ဖို့ဘာညာ ဘယ် သူမှမထက်သန်ကြဘူး..အားလပ်ရက်ဆုံပြီး လူစုံကာမှ ခရီးထွက်ကြတယ် ဟိုနားဒီနား မိသားစုလိုက်ထွက်ပြီး စားသောက်ကြတယ်..ဒါပဲ.."

"သြော်..အဲ့ဒါလေးလည်း ကောင်းတာပဲနော်၊ ကြားရတာနဲ့တောင် ပျော်တယ်.."

ရဲစိတ်ပါလက်ပါပြောလိုက်တာမှန်း သိသာစေသည့်မျက်ဝန်းလေး တွေက မီးဖိုချောင်မှာဟိုဝေ့ဒီဝေ့နှင့် ကိုယ့်အိမ်မီးဖိုချောင်နဲ့တော့ မယှဉ်သာ ပေမယ့် ပို၍သပ်ရပ်သန့်ရှင်းနေသလို ခံစားရသည်။ ခေတ်မီမီးဖိုချောင်သုံး ပစ္စည်းတွေပြည့်ကျပ်မနေဘဲ သူ့နေရာနဲ့သူ သေသပ်စွာစီရီထားပုံက ကြည့် လိုက်တာနဲ့ အရောင်တွေထွက်နေသည့်နှယ်.. ။

"ဆရာက သူမဖိတ်ဘဲနဲ့လာတာ စိတ်များဆိုးသလားမသိဘူး.."

"ညီမလေးကို သူဖိတ်မထားဘူးလား.."

သိပြီးသားပါ.. မေမေမေးတာကို ဖြေဖို့အားပြင်လိုက်သည့်မျက်ဝန်း ဘွဲမှာ သူမဘာဖြေမှာလဲဆိုတာ ပေါ်နေပြီးသား.. ။

"မဖိတ်ထားဘူးမမ..ဆရာက စည်းကမ်းရှိတယ်၊ ရဲကိုလည်းစာသင် ချိန်အပြင် အခေါ်အပြောသိပ်လုပ်ချင်တာ မဟုတ်ဘူး.."

ပြောပြနေပုံလေးက ကိုယ့်ကိုယ်ကို မိန်းကလေးဆိုတာ မေ့နေသလား သိ။ ထို့ပြင် နားဆွဲမဟုတ်ဘဲ စိန်ပွင့်ချည်းပန်ထားသည့်နားတစ်ဖက်ပေါ် က လက်ဖဝါးလေးကပ်၍ စကားပြောလိုက်တိုင်း အနည်းငယ်စောင်းငဲ့သွား တတ်သည့်မျက်နှာလေးက ဘယ်လိုပြည့်စုံခြင်းတွေနဲ့ ပြီးမြောက်သွားသည်မ သိ။ သူမလေးကို ဒေါ်လေးသာထိုင်ကြည့်နေမည်ဆိုရင် ကြောက်စရာ ကောင်းအောင်လှပါသည်လို့များ သည်းထိတ်ရင်ဖိုပြောလေမလား..။ တမင် လှအောင်ပြင်ဆင်ထားသမျှ ပြင်လွန်းတယ်လို့လည်း ပြောရခက်၏။ အကျပ် အကပ်တွေ ဝတ်ထားပေမယ့် အပေါ်ထပ်လေးနဲ့မို့ မတင့်တယ်တာ ဘာမှ မမြင်.. ။

သူမကိုမြင်လိုက်တာနှင့် လှလိုက်တာဆိုတာထက် ဘာမှပိုမမြင်နိုင် လောက်တဲ့အထိ။ သူမပုံစံလေးကိုက Free style။ ဒါပေမဲ့ ရှိရှိသမျှသော ကောင်းခြင်းအဖြာဖြာတို့သည် ငါ့မောင်လေးနဲ့တော့ မဖြစ်နိုင်ပါဆိုသည့် စည်းကို တိုးမပေါက်ခဲ့ဘဲ.. ။

"ဟုတ်တယ်..ဆရာဝန်ဆိုတာကလည်း ဘွဲ့ရပြီးပါပြီ ပြည့်စုံပါပြီဆို တာမျိုး မရှိဘူးလေ..မောင်လေးက တခြားသူတိုက်တွန်းဖို့မလိုဘဲ သူကိုယ် တိုင်ကကြိုးစားချင်စိတ်ရှိတာ၊ မမတို့မိသားစုကကျတော့ မိန်းကလေးတစ် ယောက်ရှိသင့်တဲ့စံနှုန်းကို သူ့အစ်မသူ့အမေတွေ ဘယ်လိုနေထိုင်ကြသလဲ ဆိုတာမှာ မျက်စိရည်နားရည်ဝအောင် ရိုက်သွင်းထားခဲ့တယ်..မောင်လေး မျက်လုံးထဲမှာ တော်ရုံမိန်းကလေးကိုတော့ အထင်တကြီးရှိမှာ မဟုတ်ဘူး.."

တည့်တည့်ပဲပြောချလိုက်မိသည်။

"ဆောရီးနော်ညီမလေး..ညီမလေးရင်ထဲမှာ မရှင်းမလင်းဖြစ်နေသ သားလို့ပြောပြတာပါ.."

"ရပါတယ်မမ..မမတို့ကိုမမြင်ခင်တည်းက ချစ်မဝ..အဲ ဆရာ့ပုံစံမြင် ပြီး တွေးမိပါတယ်.."

"ဟုတ်တယ်..သူ့သူငယ်ချင်း သူ့မိန်းကလေးက ဘယ်လိုပုံစံ ဘယ် လိုမိန်းကလေးဖြစ်မလဲဆိုတာ ဘယ်သူသတ်မှတ်ပေးဖို့မှမလိုဘဲ သူ့စိတ်ထဲ မှာပဲ အလိုအလျောက်ပုံပေါ်နေတာ.."

ပြောသင့်သလောက် ပြောလိုက်ရသဖြင့် ပြုံးလိုက်မိကာ.. ।

"ဒါလေးက မွေးနေ့လက်ဆောင်လားညီမလေး.."

"ဟင်..ဪ ဟုတ်ကဲ့.."

သူမဝင်လာတည်းက လက်တစ်ဖက်မှာကိုင်ထားသည့်အိတ်လေးဖြစ် သည်။ လက်ဆွဲကိုင်းနေရာလေးချန်ကာ ဖဲကြိုးလေးနဲ့စည်းထားပြီး ကြိုးကို အသဲပုံလေးဖော်ထားတာမို့.. ।

"မမသွားပေးပေးရမလား.."

ရဲမျက်နှာလေး ငယ်သွားသည်။ သူမအရဲစွန့်လာခဲ့တာ ဘယ်လိုဝေ ဒနာအညစ်အနွမ်းမှမပါခဲ့ပေ။ ဒီပေါ်ကအသဲပုံဖဲကြိုးနဲ့ပတ်သက်ပြီး ချစ်မဝ ရဲ့အစ်မ တစ်မျိုးထင်သွားနိုင်သည်မှန်းလည်း စက္ကန့်ပိုင်းအတွင်းမှာမှ သတိ ရမိ၏။ သို့သော် မွေးနေ့လက်ဆောင်ဆိုတာ ကိုယ်ချစ်ခင်တဲ့သူကိုပေးကြ တာပဲ..။ သူငယ်ချင်းကဖြစ်စေ ချစ်သူကဖြစ်စေ ဒီလိုထုတ်ပိုးပေးတတ်ကြ တာဆန်းလို့လား..။ ကိုယ်ဟာ ချစ်မဝံတစ်ယောက်မှလွဲပြီး တခြားဘာကိုမှ ဂရုမစိုက်မိခဲ့သော်ငြား ကိုယ့်ရဲ့အမှတ်တမဲ့အားလုံးတို့အပေါ် သူတို့ကတော့ မှင်နီသား၍ အလေးအနက်ပြုခဲ့ပြီဖြစ်လျက်.. ।

"ဒါ..ဒါဆို ရဲကိုဆရာလာမနှုတ်ဆက်တော့ဘူးပေါ့.."

"အင်း..သူဖိတ်မထားတော့ သူ့ညှော်သည်လို့တောင် ထင်ရဲ့လားမသိ ဘူး၊ မမကလည်းထွက်ကြိုလိုက်တော့လေ..နောက်ပြီး သူ့ဘေးမှာလည်း သူ့သူငယ်ချင်းတွေရော စီနီယာအစ်မတွေရော ရှိနေကြတော့ ထဖို့ခက်နေ မှာ..အဲ့ဒီမှာ တစ်အုပ်စုလုံး ဆရာဝန်တွေချည်းပဲရယ်.."

"ဟုတ်ကဲ့.."

"ဒါဆို ညီမလေးကိုယ်တိုင် သွားပေးချင်လို့လား.."

"ဟင့်အင်း..မမတို့လည်း စိတ်အနှောင့်အယှက်ဖြစ်ပါတယ်၊ ဘယ်သူ

လည်း ကြိုက်ကြမှာမဟုတ်ဘူး..ရဲမပေးတော့ပါဘူး၊ နော်..မမပဲပေးပေးပါ"

ပြောပြီး ယဥ့်လက်ထဲထည့်ပေးသည်။ ဒီလိုပြန်ပြောမည်မထင်သော ကြောင့် ကိုယ့်စကားတွေအတွက် သိမ်ငယ်သလိုဖြစ်သွားမိသည်။ ပြီးတော့ ရဲကိုလည်း အံ့ဩသွားမိလေသည်။ ကိုယ်ပြောနေသည့်အဓိပ္ပာယ်တွေကို းလည်နေသားနဲ့ ရှက်ရွံ့သိမ်ငယ်သွားပုံလည်းမရှိ။ မခံချင်ဒေါသထွက် သွားတာမျိုးလည်း မတွေ့။ သူမမှာ ဒေါသမာနတွေမရှိတော့ဘူးလား..။ ါမှမဟုတ် ဒါမျိုးတွေကြုံရတာ အထပ်ထပ်ရှိနေပြီမို့လို့ မထူးဆန်းတော့ ဘာလား.. ।

ယဥ်မနေတတ်သလိုကြီးဖြစ်သွားခဲ့လျက် ရဲထရပ်လိုက်တာကိုလည်း ဆွဲအ တားမိတော့မလိုဖြစ်လိုဖြစ်.. ।

"အဲ..နေဦးလေ၊ ဘာမှလည်းမစားရသေးဘဲနဲ့.."

"မစားတော့ဘူးမမ.."

ရဲမျက်နှာလေးက အပြုံးအရယ်မဲ့နေကာ အပေါ်ထပ်အင်္ကျီထဲကတစ် ျူးထုပ်လေးယူကာ တစ်စဆွဲထုတ်သည်။ ပြီးတော့ ပါးစပ်ထဲမှာအပြဲလိုလို ရှိနေတတ်သည့်ပီကေကိုထုတ်ယူလိုက်ပြီး အမှိုက်ပုံးရှိသည့်ဘက်ကိုလှည့် ပစ်လိုက်လျှင်.. ।

"အ.."

"အယ်..ဆောရီး ဆောရီး.."

တစ်ယောက်ကိုပစ်လိုက်သလိုကြီး တည့်တည့်မှန်သွားသဖြင့် ရဲအ နားတိုးသွားပြီး ကမန်းကတန်းတောင်းပန်သည်။ ပီကေလုံးလေးထိသွား သည့်သူမသည် သဲလတ်ချိုဖြစ်နေခဲ့လျက် တစ်ဖက်မှာဆုမြတ်နဲ့သဥ္ဇာတို့ သည်းပါနေ၏။ သူမတို့က သဲကိုတမင်တကာဒီစားပွဲမှာ ညှော်ခံဖို့ခေါ်သွင်း သာကြတာဖြစ်ရာ.. ।

"ဆောရီးဟုတ်လား.."

"အေးလေဟယ်..လူလာမှပေါက်ထည့်လိုက်တာ တမင်တကာကြီး.."

"မဟုတ်ဘူးနော်..တမင်ပေါက်တာ လုံးဝမဟုတ်ဘူး၊ ရဲကအမှိုက်ပုံး ဘဲပစ်တာ..ဆောရီးနော်ဒီက.."

သဲက ဆံပင်တွေကို ခါထုတ်သလို ဆတ်ခနဲမျက်နှာမှော့ကာ.. ।

“အမှိုက်ပုံးထဲထည့်ရအောင် သူများအိမ်မှာ အမှိုက်ပုံးဘယ်နားမှာရှိနေမှန်း နင်ကြိုသိနေလို့လား..ငါလာတာသိလိုက်လို့ တမင်ပေါက်ထည့်လိုက်တာ ရှင်းရှင်းကြီး..”

“တမင်ပေါက်ရအောင် ယူနဲ့တို့ဘယ်တုန်းကငြိုခဲ့ဖူးလို့လဲ..မဆိုင်တာကြီးကို..”

“ပြောလိုက်တော့သဲရေ..ဘယ်တုန်းကငြိုခဲ့လို့လဲတဲ့၊ သူ့မှာများလွန်းတော့ မမှတ်မိရှာဘူး..”

“ပြောစရာလားဆုမြတ်ရယ်..လူတိုင်းသူ့လိုပြောင်တာမှတ်လို့..”

“နေပါဦး..ယူတို့ဘာတွေပြောနေတာလဲ၊ ဒီနေရာမှာဘာအကန့်မှမပါဘူးနော်..တို့က..”

“နေစမ်း..နေစမ်း၊ ဒီပြဿနာငါရှင်းမယ်..ငါ့အိမ်မှာဖြစ်တာ ငါနဲ့ပဲဆိုင်တယ်..”

အစတည်းက ပြောချင်နေတာ ယဉ်ကခေါ်ထုတ်သွားလို့ပါ။ ဒေါ်ဝင်းမာက ယဉ်ရှိနေတာလည်း ဂရုမစိုက်တော့ဘဲ မိန်းကလေးတွေဘေးကိုရောက်လာသည်။ ပြီးတော့ ရဲနဲ့ရင်ဘက်ချင်းကပ်မတတ် နီးကပ်စွာရပ်လိုက်ပြီး.. ၊

“ကဲပြောပါဦး..ငါသာဆိုရင်တော့ ဒီနေရာမှာ ခေါင်းငုံ့ပြန်ရမယ့်သူက ငါပဲဆိုတာနားလည်သွားမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အားလုံးကြည်ဖြူလိုလားစွာဖိတ်ထားတဲ့သူတွေချည်းပဲလေ..နင့်ကလွဲရင်ပေါ့..”

ဆုမြတ်က ပြောဖို့အခွင့်ကြုံလာသည်နှင့် လက်လေးပိုက်လိုက်ပြီး ပြုံးကာ.. ၊

“ဖိတ်ဖိတ် မဖိတ်ဖိတ် ဘယ်နေရာဖြစ်ဖြစ် သူကသွားတာပဲ..”

ရဲမျက်နှာလေး နီရဲသွားသည်။ သူ့ကိုစူးစိုက်ကြည့်လိုက်တော့ မျက်လုံးချင်းစူးရဲစွာဆုံမိကြပြီး.. ၊

“သိလို့ပြောနေတာနော်..ထင်ယောင်ထင်ဝါးနဲ့ ပြောနေတာမှတ်လို့လား၊ ဥပမာ တက္ကသိုလ်တွေမှာ ဖရက်ရှာဝဲလ်ကမ်းပွဲနေ့တွေ တက္ကသိုလ်သင်္ကြန်တွေမှာ ပြီးတော့ တက္ကသိုလ်အတွင်းအပြင်က ကဲန်တင်းတွေမှာရော”

ရဲနှုတ်ခမ်းတွေ တစ်ခုခုပြောချလိုက်ဖို့ အဆင်သင့်ပွင့်ဟနေခဲ့သည်။

သို့သော် ဘာစကားမှပြောမထွက်ခဲ့။ နာကျင်တတ်ခဲ့သည့်ရင်ထဲမှာ ခုနလေးတင်ယဉ်ပြောသွားခဲ့သော စကားလုံးတွေက လက်နက်ကြီးတွေပေါက်ကွဲသွားခဲ့သည့် စစ်မြေပြင်ကဲ့သို့.. ၊

“ကဲပါ..ဆုမြတ်တို့လည်း တော်ကြပါတော့၊ သူလည်းတောင်းပန်နေပြီပဲနော်..”

ယဉ်က ဒေါ်ဝင်းမာကိုတော့ တော်တော့ဖို့ပြောမနေဘဲ မျက်ရိပ်ပြပြီး သက်နဲ့အသာလေးဆွဲဖယ်သည်။ ပြီးတော့ ရဲရဲ့ရှေ့ကကာကွယ်ရပ်လိုက်ပြီး ဆုမြတ်တို့ကို စားပွဲမှာထိုင်ဖြစ်သွားအောင် နေရာပေးလိုက်သည်။ သို့သော် မျက်နှာချင်းဆိုင်အနေအထား ပုံစံပျက်ယွင်းသွားတာပဲရှိသည်။ ဆုမြတ်တို့ကလည်း ခုံမှာဝင်မထိုင်။ ရဲကလည်း ထွက်မသွား.. ၊

“ထိုင်ရအောင်ဟာ..ထားလိုက်စမ်းပါ၊ ဒီနေရာမှာ ညှီစော်ဟောက်စော်နံနေသလိုပဲ..ကြာကြာရှိရင် လက်ထိုးအန်မိလိမ့်မယ်..”

“ဟုတ်တယ်..ကိုယ်နဲ့အဆင့်တူတာကျလို့..”

မကြားတကြားပြောတာမျိုး မဟုတ်တော့ အတိုင်းသား။ ရဲကိုအားနာစိတ်နှင့် ယဉ်လှည့်ကြည့်လိုက်မိ၏။ သူမမျက်နှာမှာ ဝမ်းနည်းအားငယ်နေပုံမျိုးမရှိပေမယ့် ဇက်ဇက်ကြဲပြောချလိုက်ဖို့လည်း စိတ်ကူးရှိပုံမပေါ်။ သို့သော် မျက်နှာပြင်လေးမှာ နီနေသည်။ မျက်ခုံးတန်းလေးတွေ ကုတ်ကျနေ၏။ ထိုစဉ် ဒေါ်နုလွင်အထဲဝင်လာကာ.. ၊

“ဒီမှာလူတွေကျပ်နေတယ်မို့လား..မိန်းကလေးကပြီးနေပြီထင်တယ်”

ဝင်လာတုန်းက ‘သမီး’လို့ခေါ်ပြီး ဖော်ရွေခဲ့တဲ့မျက်နှာ။ ခုကျတော့ အေးစက်ခိုင်တည်နေသည်။ ဒါမှမဟုတ် လူကိုဆွဲထုတ်သွားတော့မှာလား..ဖြစ်လာသမျှ ဒေါသမာနတို့ တအိအိပြိုလဲ၏။ သူမ၏ထက်မြက်ခြင်းတွေ သွက်လက်ပေါ့ပါးခြင်းတွေအားလုံးတို့သည်.. ၊

“ဒီမှာမေမေ..သူ မောင်လေးအတွက် လက်ဆောင်ယူလာတာ..”

ယဉ်က မအေလက်ထဲကို လက်ဆောင်အိတ်လေးအပ်သည်။ ဒေါ်နုလွင်မျက်နှာ ပိုတည်သွားခဲ့ပြီး အိတ်လေးကိုငုံ့ကြည့်၍.. ၊

“လက်ဆောင်လား..ဒါမွေးနေ့ပွဲမှမဟုတ်တာ၊ ဘယ်သူမှလည်း လက်ဆောင်ယူမလာကြပါဘူး..”

"ဟုတ်တယ်ညီမလေးရဲ့..အဲ့လိုပကာသနတွေနဲ့ မလုပ်ချင်လို့ ကိုယ်ဖိတ်ချင်တဲ့လူလေး ဆယ်လေးငါးယောက်လောက်ပဲဖိတ်ပြီး.."

"သားဖိတ်ချင်တဲ့သူငယ်ချင်းတွေပဲ ဖိတ်ခိုင်းလိုက်တာလေ..ဒီလိုလက်ဆောင်တွေနဲ့ဘာနဲ့ တခမ်းတနားလည်း သားကကြိုက်မှာမဟုတ်ပါဘူး.."

"ဒါဖြင့်လည်း ပြန်ပေးလိုက်အေ.."

ဒေါ်ဝင်းမာက ခပ်ကျယ်ကျယ်ဝင်ပြောသည်။ ခနိုးခနဲ့ရယ်သံတွေ ခပ်သဲ့သဲ့ထွက်လာကြသည်။ ရှေ့မှာ ချစ်မဝမိသားစုတွေ။ ပြီးတော့ နောက်ကရယ်သံတွေ။ ပြီးတော့ မလိုလားနိုင်ဖြစ်နေကြသည့် သူမရဲ့လက်ဆောင်ထုပ်ရယ်။ သူမဘာဆက်လုပ်ရမလဲ.. ၊

သူမဒေါသထွက်ရမှာ ရယ်သံတွေကိုလား..ပြောနေကြတဲ့စကားသံတွေလား..။ ဒါမှမဟုတ် အမျိုးမျိုးသောနှိမ့်ချခြင်းတွေနဲ့ ရှုံ့ချဖယ်ကျဉ်နေကြသည့် ဒီမိသားစုကိုလား..။ ရန်သူက ဘယ်သူလဲ.. မိတ်ဆွေမဟုတ်ပေမယ့် ရန်သူလို့သတ်မှတ်နိုင်သလား.. သူမသည်းခံသင့်သည်လား မခံသင့်ဘူးလား..။ ကြောက်တာမဟုတ်ပေမယ့် ဘာမှလည်းပြောလို့မထွက်။ သူမသည် လူဘုံအလယ်က ချာချာလည်နေသည့် စက်ဝိုင်းအုံကြီးပေါ်မှာ မတ်တပ်ရပ်နေရသကဲ့သို့ ပတ်ပတ်လည်ကိုကြည့်ရင်း တီးတိုးကဲ့ရဲ့သံတွေကြားမှာ.. ၊

"ဟုတ်ကဲ့ပါ..ရဲပြန်ယူသွားပါ့မယ်.."

ဒေါ်နုလွင်လက်ထဲကအိတ်လေးကို သူမပဲပြန်ဆွဲလိုက်စဉ်.. ၊

"ဒါ ကျွန်တော့်အတွက်လား.."

သူမဘေးကို ချစ်မဝရောက်လာခဲ့သည်။ နေ့ခင်းကြောင်တောင်မှာ အလင်းထက်ပိုလင်းသော လျှပ်စီးလက်ခြင်းကဲ့သို့ မျက်လုံးထဲမှာ ပြုံးပြက်လက်သွား၏။ ရဲဝမ်းသာအားရဖြစ်သွားကာ ညှိုးငယ်နေသည့်မျက်နှာလေးဝင်းလက်သွားခဲ့ပြီး.. ၊

"ချစ်မဝ.."

ထုံးစံအတိုင်း ချစ်မဝမျက်နှာက ပြုံးယောင်သမ်းနေပေမယ့် သူမကိုမကြည့်ပေ။ လက်ထဲက ဖွေးနေ့အိတ်လေးကို အသာလေးဆွဲယူပြီးမှ ရဲကိုကြည့်ပြီး ပြုံးပြသည်။ ပြီးတော့ ဖျတ်ခနဲမျက်နှာပြန်လွှဲ၍.. ၊

"ခုနစကားမပြတ်တာနဲ့ ထမလာမိဘူး..စားပြီးပြီမို့လား၊ သွားမယ်လေ.."

"ဟင်.."

"ကျွန်တော်လိုက်ပို့မယ်.."

"အင်း.."

ရဲဆတ်ခနဲခေါင်းညိတ်သည်။ ပြီးတော့ ချက်ချင်းခြေလှမ်းပြင်၏။ သို့သော် လူကြီးတွေကိုသတိရပြီး နောက်ပြန်တုံ့သွားခဲ့လျက်.. ၊

"အဲ..ရ ရပါတယ်၊ ဒါလေးယူထားပေးရင်ပဲ ကျေးဇူးတင်နေပါပြီ..လိုက်မပို့ပါနဲ့.."

ခဏတိတ်ကျသွားကြသည်။ ချစ်မဝဆက်တိုးမလား ကျန်ခဲ့မှာလားဆိုတာ စိတ်ဝင်စားကုန်တာဖြစ်၏။ ရဲကတော့ ကျေနပ်နိုင်ပါသည်။ ထို့ကြောင့် ချစ်မဝဆုံးဖြတ်ရခက်စေမည့် လွန်ဆွဲမှုကို မဖြစ်စေလိုသည်မို့ နေရာထွက်လာခဲ့သည်။ ထိုစဉ် ကျောနောက်ကနေ တမင်တကာကျယ်လောင်ခဲသောစကားသံတို့ ထွက်ပေါ်လာ၏။

"ဟော..စိုးစိုးတို့ပါလား..အပြင်မှာ နင့်ချွေးမလောင်းရောက်လာပြီရှင်ရေ၊ သွားဧည့်ခံလိုက်ဦး..အောင့်ကိုပါခေါ်သွား.."

ရဲမျက်လုံးတွေ ကိုယ့်ရဲ့ရှေ့တူရူကမြင်ကွင်းဆီ ပြေးလွှားရောက်ရှိခဲ့၏။ ပန်းနုရောင်မြန်မာဝတ်စုံလေးနှင့် လည်တိုင်မှာပုလဲကုံးလေးတစ်ကုံးဆွဲထားသည်။ လက်ချိုးရေတွက်လို့ရသည့်လူတွေထဲမှာ ခုမှရောက်လာပုံပေါ်သူက သူမပဲရှိသည်မို့ စိုးစိုးဆိုတာ သူမပဲလား..။ ကိုယ်ဟန်သွယ်သွယ်အသားဖြူဖြူနှင့် မျက်နှာလေးကကလေးပုံလေးဖြစ်ကာ နှုတ်ခမ်းပုံစံကိုကအမြဲတမ်းပြုံးနေတတ်သော နှုတ်ခမ်းချွန်ချွန်လေးနှင့်.. ၊

သိပ်တော့မလှပေမယ့် ချစ်ဖို့ကောင်းသည်။ ယဉ်စစလေးနှင့် သိမ်မွေ့ပုံရှိ၏။ သူမကချစ်မဝနဲ့စေ့စပ်ထားတဲ့မိန်းကလေးလား..။ ကိုယ်နဲ့သက်ဆိုင်သူမဟုတ်သော်ငြား ရင်ထဲမှာထိရှသွားတာကိုသိသည်။ ထို့ကြောင့် ခြေလှမ်းမမှားအောင် ဟန်ဆောင်ဖို့ကမလွယ်။ သူမအဖြစ်က အပျက်အပျက်နဲ့ တကယ်ကို နှာခေါင်းသွေးထွက်ရပြီလား..။ ချစ်မဝဆိုသည့်ယောကျ်ားကို

အစကကြည့်လို့မရ။ ပြီးတော့ လှောင်ရယ်စရာလိုလို။ ပြီးတော့ စိတ်ဝင်စားသလိုလို။ နောက်တော့ ပတ်သက်ချင်ခဲ့သည်။ နောက်ထပ်နီးစပ်ဖို့မလွယ်ကူသောအပိုင်းတို့အရောက်မှာ သူမဘာဆက်ဖြစ်မှာလဲ.. ।

"နီရဲရဲနီ.."

သူခေါ်လိုက်တာလား..။ ရဲခြေလှမ်းတုံ့သွားသည်။ သူလိုက်လာသည်မှန်းသိလိုက်သဖြင့် လှည့်ကြည့်ရုံမကဘဲ နောက်လှည့်ရပ်လိုက်မိရင်း..

"ယူလိုက်လာတယ်.."

"ဟုတ်တယ်.."

ဟုတ်တယ်ဆိုပေမယ့် ခုနမြင်လိုက်ရသည့် အပြုံးနုနုတောင် သူ့မျက်နှာထက်မှာ မရှိတော့ဘဲ.. ।

"ခင်ဗျားကိုပြောစရာရှိလို့.."

"ပြောလေ..ဘာပြောမှာလဲ.."

ဖျတ်ခနဲကြည့်ပြီးမှ မျက်နှာလွှဲသည်။ ပြီးတော့ ဘာတွေဒေါသဖြစ်နေမှန်းမသိသောလေသံမာမာနှင့်.. ।

"ခင်ဗျားကိုဘယ်သူဖိတ်လို့ လာတာလဲ.."

"ဟင်.."

ရဲ ဘာဖြေရမှန်းမသိ။ ချစ်မဝက သူမမျက်နှာကိုစူးခနဲကြည့်သည်။ ပြီးမှ မျက်ဝန်းတွေကိုတခြားရွှေ့ပစ်၍.. ।

"မသွားသင့်တဲ့အရပ် မပြောသင့်တဲ့စကားဆိုတာ စွန့်စားကြည့်သင့်တဲ့အရာမဟုတ်ဘူး..ဒီမှာ ခင်ဗျားနဲ့ဘယ်သူသိလို့လဲ၊ ဒီကလူတွေ ခင်ဗျားအပေါ် ဘယ်လိုဆက်ဆံမလဲ ခင်ဗျားသိသလား..ဘာတွေဘယ်လိုဖြစ်ဖြစ် ကျွန်တော်ရှိတယ်ဆိုပြီး လာရအောင် ကျွန်တော်ကခင်ဗျားကိုလာခဲ့ပါ ကြိုနေပါ့မယ် ပြောမိလို့လား.."

"ယူအဲ့လောက်ကြီးတော့ မပြောပါနဲ့.."

"အဲ့ဒီထက်ပြောခဲ့တာတောင် ခင်ဗျားဒီထိလိုက်လာတယ်..ခုလိုတွေဖြစ်ရတော့ပျော်သွားလား.."

"ပျော်စရာတွေမှမဟုတ်တာ ပျော်ပါ့မလားချစ်ရဲ့.."

ရဲအသံလေး ငိုသံပါလာသည်။ သူမ၏အမှတ်တမဲ့တိုင်းမှာ ချစ်မဝ

အောင်သည် 'ချစ်'သာဖြစ်နေခဲ့လျက်.. ।

"ဒါပေမဲ့ ရဲဘာမှမဖြစ်ဘူး..မသိဘဲလာခဲ့မိတယ်၊ ခုသိလို့ပြန်ခဲ့တယ်..ပဲ.."

ကြည့်..

"ချစ်ခုလိုပြောနေတာတွေကမှ ရဲအဲ့ဒါတွေကို အရမ်းခံစားရတယ်သိလား..ပြီးတော့ ချစ်....."

"တော်တော့.."

ချစ်မဝ သူမလက်လေးတစ်ဖက်ကို ဆတ်ခနဲဆွဲကိုင်ကာ ပန်းပင်တွေကြက်ကို တောက်လျှောက်ဆွဲခေါ်လာခဲ့၏။ အိမ်ရှေ့မြင်ကွင်းကနေ ကွယ်ပ်လေးကိုရောက်မှ လွှတ်၍.. ।

"ဘာဖြစ်လို့ လူကိုတချစ်တည်း ချစ်နေတာလဲ..တောက်.."

"ချစ်မဝအောင်ကိုချစ်လို့ခေါ်တာ ကျားကိုက်သွားနိုင်သလား..ခေါ်မှာပဲ.."

"နီရဲရဲနီ.."

"ချစ်အဲ့လိုခေါ်တာကျတော့ ကောင်းလား.."

"ဒါခင်ဗျားနာမည်.."

"ရဲလည်း ချစ်နာမည်ကိုခေါ်တာပဲ.."

"ကျွတ်.."

"ဒီထိလိုက်လာပြီး ဒေါသတွေပြနေရတာ ပျော်လား.."

"ပျော်တယ်..ဒေါသပြပြ စားမိုးလုံ့မိုးရှာရှာ ကြောက်ရမှန်းမသိတာ ခင်ဗျား.."

"အဲ့ဒါတွေကိုကြောက်နေရင် ရဲကချစ်နဲ့ဘယ်လိုလုပ်ရင်းနှီးခွင့်ရမှာလဲ.."

ပြောလေ ပြောလေ ပိုဆိုးလာလေ..။ ချစ်မဝ ဆံပင်တွေထဲလက်သည့်၍ ဖွပစ်မိသည်။ သူ့ရော ဒေါသတွေ ဘာလို့ဒီလောက်ဖြစ်နေတာလဲ..ဘာကြောင့်လဲ..။ သူမအချိန်မရွေးငိုချသွားနိုင်သည့် အခြေအနေဖြစ်နေတာတောင် ဒေါသတွေဆူပွက်နေဆဲ။ ရဲသည် မျက်ဝန်းမှာမျက်ရည်တွေဝေ့နေသော်မယ့် ဝမ်းနည်းပုံလည်းမပေါက်.. ।

သူ့မျက်နှာကိုပဲ စူးစိုက်လိုက်ကြည့်၍.. ၊

"အဲ့ဒါ ယူ့ကြောင့်ဖြစ်တာ.."

ချစ်မဝ မျက်ခုံးနှစ်ဖက်ပင့်တက်သွားသည်။

"ရန်သူတောင် လက်နက်ချရင် ကျေအေးရတယ်..ယူနဲ့ရဲကရန်သူတွေလား၊ ရဲဒီလောက်ခင်ချင်လို့ပြောနေတာကို နည်းနည်းလေးတောင် ဂရုမစိုက်ဘူး.."

"မစိုက်မှန်းသိရင်လည်း ခင်ဗျားဘာလုပ်ရမယ် နားလည်လေ.."

"ရဲကသချော်တွက်နေတာမှ မဟုတ်တာ..ရင်ထဲကဖြစ်လာတာကို လိုတိုးပိုလျှော့လုပ်လို့ရမလား.."

ပြောပြီး မျက်နှာချင်းနီးသွားအောင် လာမော့ကြည့်သည်။ ဆံပင်တွေပါးတစ်ခြမ်းကို အုပ်ကွယ်သွားတော့ လက်လေးတစ်ဖက်နဲ့ သိမ်းဖိထားပြီး..

"အိမ်ထဲမှာတုန်းကတော့ ယူပဲ..အ.."

ခဲလုံးပေါ်နင်းထားတာမို့ ခဲကလိမ့်သွားကာ ရဲတစ်ကိုယ်လုံးလည်းကိုးယိုးကားယားယိမ်းယိုင်သွား၏။ ချစ်မဝထိတ်ခနဲဖြစ်သွားကာ ရဲလက်လေးကို အမိအရဖမ်းဆွဲထားလိုက်လျှင် နှစ်ယောက်သည်ပူးကပ်ဖက်တွယ်ထားသည့်ပုံဖြင့်။ ကြောင်ငေးသွားခဲ့သည့်မျက်ဝန်းတို့ လွဲဖယ်ဖို့မေ့လျော့နေကြ၏။ ချစ်ခြင်းမုန်းခြင်းတို့သည် နှုတ်မှာဆွံ့အနေခဲ့ကြပြီး.. ၊

သူမသည် နီရဲရဲနီဖြစ်လေသည်။

♦♦♦♦

အခန်း(၃၃)

အားလုံးသည် သူ့ကိုပဲဝိုင်းကြည့်နေကြကာ သူသည်ကော်ဖီမကြိုက်ဘဲ ကော်ဖီပန်းကန်ကို လက်ကမချတန်းသောက်၏။ သွားရည်စာ မုန့် ဘာကိုမှမမက်ခဲ့ဘဲ ကိတ်ခြောက်ကိုတစ်ကိုက်ပြီးတစ်ကိုက် စားနေ၏။ ဆံပင်ကိုသေသပ်ကျနစွာဖြီးထားကာ ရှပ်အင်္ကျီအဖြူလက်ရှည်ကို လက်ဖျားစတို့ခေါက်တင်ထားသည်။ စားပွဲပေါ်မှာ သူ့အိတ်ရယ် ဂျူတီကုတ်ထည့်ထားသည့်ပလပ်စတစ်အိတ်ပါးလေးရယ်။ ဒါကစားသောက်ပြီးတာနှင့် ချက်ချင်းထွက်သွားဖို့ လုံးပမ်းနေတာမှန်း စားပွဲမှာရှိနေကြသည့်လူအားလုံး သိကြသည်။ မနက်စာ ကော်ဖီဝိုင်းမှာ လူစုံတက်စုံရှိနေကြဖို့က သက်မှတ်ချက်တစ်ခုလိုဖြစ်နေခဲ့ပြီဖြစ်ကာ စိတ်ဆိုးစရာရှိခဲ့ရင်ဖြစ်စေ စားသောက်ရင်းစိတ်ခုစရာပါလာရင်ဖြစ်စေ ဒေါသထွက်ပြီး စိတ်လိုက်မာန်ပါထထွက်မသွားဖို့လည်း ကြီးတဲ့လူတွေက နားဝင်ချိန်မှာ သေချာဆုံးမထားခဲ့၏။

ထို့ကြောင့် ချစ်မဝစားသောက်ခြင်းအလုပ်ကို စိတ်မပါပေမယ့် စိတ်ပါသလို စားနေခဲ့သည်။ အားလုံး သူ့ကိုပဲစုပြုံအကဲခတ်နေမှန်းသိပေမယ့် မသိသလိုနေလိုက်၏။ ထိုထဲမှာ ဒေါ်ဝင်းမာကိုတော့ မျက်လုံးချင်းမဆုံ

အောင်ရှောင်ဖို့လည်းမလွယ်။ မပြောဖြစ်အောင် နှုတ်ဆိတ်နေလို့လည်း မရ ခဲ့ဘဲ.. ။

"နေပါဦး...ငါတို့ကိုစကားတစ်ခွန်းမှမပြောဘဲနေရလောက်အောင် ငါ တို့ကဘာလုပ်ထားမိလို့လဲ.."

"နေဦးဝင်းမာ..ငါပြောမယ်.."

"သမီးပြောပါ့မယ်မေမေရယ်..မောင်လေးမှာလည်း ပြောစရာရှိမှာ ပါ.."

သူပြောမယ်ငါပြောမယ်တွေ့ ပွထလာကာမှ ပန်းကန်ထဲကကော်ဖီ လက်ကျန်ကို မော့လိုက်ပြီး အသာပြန်ချကာ.. ။

"ကျွန်တော်ကဘာပြောရမှာလဲ.."

"ဘယ်သူ့ကိုမှ စကားကောင်းကောင်းမပြောတာ ဘယ်နှစ်ရက်ရှိပြီ လဲ..ဒီမနက်ဆို လာနှိုးတာတောင် ပြန်မထူးဘဲ တံခါးထဖွင့်တယ်.."

ဒေါ်ဝင်းမာတစ်ခုခုကို သိနေသည်။ ပြောလည်းပြောချင်နေသည်။ ဒါပေမဲ့ သူပြောမှာတွေကို အားလုံးလည်းသိနေကြမှာပါ။ ဘယ်သူမှမသိ လိုက်ရင်တောင် စိုးစိုးကတိုင်သွားပြီဖြစ်သည်။ 'ကြီးကြီးတို့သားက မာနကြီး မယ့်ပုံပဲ"တဲ့..။ ပြီးတော့ အိမ်နဲ့ရင်းနှီးနေကြသည့် သဲလတ်ချိုတို့ဆီက သ တင်းတွေကြားရတာ မကောင်း.. ။

"သမီးတို့နဲ့ဆုံပြီးမှ ဆေးရုံသွားနေကျကို သူမလာတာကြာပြီ.."တဲ့..

"အဲ့ဒီနေ့က သဲနဲ့ပြဿနာဖြစ်လိုက်တာ သဲတို့အလွန်များဖြစ်သွား လို့လား.."

"သူ့ကိုစကားပြောတော့လည်း မဟုတ်ဘူးပဲဖြေတာ.."

"သူတို့ကချစ်နေကြလို့လားဟင်.."

စသဖြင့်သော တိုင်တန်းချက်များအရ.. ။

"ဒီနေ့တော့ တစ်ခုခုဖြေခဲ့သား..မဟုတ်ရင် ဆေးရုံမသွားရဘူး.."

"ဟာ..ဘာဖြစ်နေတာလဲဒေါ်လေးရာ၊ ဘာမှမဟုတ်တာကို.."

"အေး..ဘာမှမဟုတ်ဘူး မဟုတ်ဘူးနဲ့ မင်းကိုမိန်းမလိုမိန်းမရ စိတ် ကောက်နေတယ် ပြောကြလိမ့်မယ်သိရဲ့လား.."

"အဲ့ဒါတွေဘယ်သူကနားထောင်နေလို့လဲ.."

"သား.."

သူဂျူတီကုတ်နဲ့ နားကျပ်အိတ်ကို ကောက်လိုက်တော့ ထိုလက်ပေါ် မှာနေ ဒေါ်နုလွင်က ဖိကိုင်ထားလိုက်ကာ.. ။

"မုန်မုန်ဖြေစမ်းပါမေမေ့ကို..မွေးနေ့တုန်းက နီရဲရဲနီကို ပြဿနာရှာ ခဲ့ဘယ်ထင်လို့ သူငယ်ချင်းတွေကို စကားမပြောတာလား.."

"မဟုတ်တာမေမေရာ..အလုပ်လုပ်နေကြတဲ့ဥစ္စာ၊ မပြောဘဲနေလို့ရ မှာလား.."

"ဒါကမဖြစ်လို့ပြောနေရတယ်ဆိုတာ ဝန်ခံလိုက်တာပဲ.."

"ဟုတ်တယ်..မောင်လေးက ဟန်ဆောင်တတ်တဲ့ပညာမတတ်လို့ ထင်တယ်၊ မင်းပြောနေတာတွေနဲ့ မင်းမျက်နှာကတခြားစီပဲ၊ ယောကျ်ားဆို တာ သည်းခံနိုင်ရမယ်..မြင့်မြင့်ထားရတယ်၊ ကြီးမြတ်သူတို့နှလုံးသားဆိုတာ မိန်းမသားတွေနဲ့ပြိုင်ပြီး စိတ်မတိုတတ်ရဘူး..မိန်းမတွေနဲ့ပြိုင်ပြီး နေရာလု ရင် ကိုယ်ရောဘာဖြစ်သွားမလဲ.."

ယဉ်ကဝင်ပြောတော့ ချစ်မဝမျက်နှာ မသိမသာတည်သွားသည်။ ပြီးတော့ ဒေါ်နုလွင်လက်အောက်က သူ့လက်ကိုထုတ်ယူပြီး ခုံမှာခပ်တောင့် တောင့်မှီ၏။

"မမစိတ်မဆိုးပါဘူး..မင်းစိတ်ဆိုးနေတာ မမပါပါနေတယ်မို့လား"

သူ့မျက်နှာ ဆတ်ခနဲလှည့်လာပြီး.. ။

"စိတ်ဆိုးတာမဟုတ်ဘူးမမ..ပြီးတော့ ဒါဂုဏ်ယူစရာကိစ္စလည်း မ ဟုတ်ဘူး.."

မပြောဘဲနေခဲ့သည့် သူ့စကားသံတွေက စိတ်လှုပ်ရှားခြင်းကြောင့် ဆက်တိုက်တုန်ယင်နေခဲ့လျက်.. ။

"ကျွန်တော့်ကို မိန်းမတွေနဲ့မပြိုင်ရဘူး နေရာမလုရဘူးလို့ ဆုံးမနေ တယ့်အစား ကျွန်တော့်မိသားစုက အားနည်းတဲ့သူကို အခွင့်အရေးယူပြီး ဖိ နှိပ်ပြောဆိုတာတွေ ဘယ်တော့မှမလုပ်ခဲ့ဖူးဘူးဆိုတာမျိုး ရှိမနေသင့်ဘူး လား..တစ်ယောက်ပြီးတစ်ယောက် မိသားစုရှိသမျှ ကျွန်တော့်အစ်မကစပြီး ကျွန်တော့်အဒေါ် ကျွန်တော့်အမေအကုန်လုံးက.."

"နေပါဦး...နေပါဦးသားရယ်၊ မေမေတို့က ဘာများပြောမိလို့လဲ..သူ

ကမဖိတ်ဘဲလာတဲ့သူ.."

"မွေးနေ့အလှူဆိုတာ သူတောင်းစားတောင် စွန့်ကြဲရသေးတာပဲမေ့မေ.."

"သူကသူတောင်းစားမဟုတ်ဘူးသား..မေမေ့ဆီက သူယူသွားမှာ သားကို၊ သားကိုပေးပြီးတော့ မေမေကအလှူလုပ်ရမှာလား..ဒီမိန်းကလေးမျိုးက နည်းနည်းလောက်အရေးပေးလိုက်တာနဲ့ ရှင့်သားကိုလိုချင်ပါတယ်လို့ တန်းခနဲလက်ညှိုးထိုးမယ့်မိန်းကလေးမျိုး.."

"သားကပစ္စည်းတစ်ခုခုမှမဟုတ်တာဘဲမေမေ..မေမေပေးချင်တာ မပေးချင်တာတွေ သူအလှူခံတာ မခံတာတွေကို မေမေချည်းပဲဆုံးဖြတ်ရမှာမှမဟုတ်ဘဲ.."

"ဒါဖြင့်မောင်လေးက ဒီကိစ္စကိုစိတ်ဆိုးနေတာ သေချာတယ်ပေါ့.."

ချစ်မဝကလှည့်ကြည့်ပြီး ဘာမှမပြောဘဲ မျက်နှာလွှဲ၏။ စကားတွေတတ်နေလိုက်တာ တကယ့်အတွေးအခေါ်ပညာရှင်ကြီးလို။ ပါးစပ်ပိတ်နေပြီဆိုတော့လည်း သူဘာမှမပြောတတ် မပြောခဲ့တဲ့အတိုင်း.. ၊

"လောကနိယာမအတိုင်းပြောရရင် မိခင်မိခင်စိတ်နဲ့ ပြောမှာပဲ..အစ်မဖြစ်သူကလည်း အစ်မတွေလုပ်တဲ့ပုံစံအတိုင်းသွားလိမ့်မယ်၊ မင်းလည်းအခု မောင်တွေလုပ်နေကျအတိုင်း မိန်းမတစ်ယောက်အတွက် မိသားစုကိုအတိုက်အခံတွေပြောတတ်နေပြီ..ဟုတ်တယ်မို့လား၊ ဒါသဘာဝပဲအောင်..သူ့လိုပညာမတတ် ရုပ်ပွေသုံးဖြုန်းနေတဲ့.."

"သမီးကြီးတော်တော့.."

"မမြင်ဘူးဆိုရင်တော့ မြင်အောင်ပြောရမှာပဲမေမေ..နီရဲရဲနီက ချစ်စရာလေးပါ၊ သမီးသူနဲ့စကားပြောကြည့်ပြီး အားနာတာတွေ သနားတာတွေဖြစ်လာတာကို ဘယ်လိုဖျောက်ရမှန်းမသိဖြစ်သွားခဲ့တယ်..သူ့မျက်လုံးလေးတွေနဲ့ဆုံလိုက်တာနဲ့ စကားတွေအားလုံးက ပြောရခက်တဲ့အနေအထားတွေဖြစ်ကုန်တယ်..ဒါပေမဲ့.."

"ဘယ်သူက သူ့ကိုချစ်ပါတယ်ကြိုက်ပါတယ် ပြောနေလို့လဲ.."

"မင်းမပြောနိုင်သေးတာပါ..မကြာခင်ပြောလာတော့မှာမမသေချာသိတယ်၊ အဲ့ဒါကြောင့် လူကြီးတွေကဖြစ်မလာသင့်တာတွေ ဖြစ်မလာအောင်

ကြိုတင်တားဆီးဖို့ ကြိုးစားရတယ်.."

"ဘာမှတောင်မဟုတ်သေးဘူး..မိဘကိုပြန်ခံပြောနေပြီ၊ ယဉ်ပြောတဲ့စကား မှန်လိုက်တာမှ..ဟွန့်.."

ဒေါ်ဝင်းမာက နှုတ်ခမ်းကိုစူးထော်နေအောင်မဲ့၍ စကားအနှောင့်ပိတ်သည်။

"ကျွန်တော်ကမှန်တာမှားတာလေးတောင် ပြောပြခွင့်မရှိတာလား.."

"မပြောနဲ့လေ..မိဘကိုမေးခွန်းထောက်ပြီး နိုင်ငံကြီးသားပီသဖို့တော့ကြိုးစားနဲ့၊ မြန်မာကမြန်မာလိုကျင့်မှာပဲ..အင်္ဂလိပ်စကား တံတွေးစင်အောင်ပြောပြလိုက်တာနဲ့ တော်လိုက်တာ အဆင့်မီလိုက်တာနဲ့ ကတည်းပြောကိုမပြောချင်တော့ဘူး..အထင်ကြီးတာလည်းကြီးပေါ့၊ အင်္ဂလိပ်စကားပြောတတ်တဲ့လူတိုင်း အဆင့်မရှိတော့သလို ခွဲခြားဖို့မလိုပါဘူး..မိဘစကားကို မေးခွန်းပြန်ထုတ်လာကြတာရော ဘယ်ကအကျင့်တွေလဲ.."

"ဒါကတော့ဒေါ်လေးရယ်.."

"နိုင်ငံကြီးတွေနဲ့ တန်းဝင်အောင်ဆိုတာ စိတ်ဓာတ်အတွေးအခေါ်နည်းပညာအဆင့်အတန်းအများကြီးပဲ..အင်္ဂလိပ်စကားပြောတတ်နေတာတစ်ခုတည်းနဲ့ စိတ်ဓာတ်ကိုခန့်မှန်းလို့မရဘူး၊ သူ့အမူအကျင့် သူ့ရဲ့ကိုယ်ပိုင်ဟန်ကို မှန်းဖို့မလွယ်ဘူး..ကျန်တာတွေဘာတွေဖြစ်နေနေပါ၊ ကိုယ့်သားသမီးမြေးသားတွေက အဲ့လိုဖြစ်လာတာကတော့ ဒီကိစ္စကမပြောချင်လို့မရတော့ဘူး.."

"ဒေါ်လေးကို သားကဘာပြောလို့လဲ..မှားတာမှန်တာလောက်ကတော့"

"ဟဲ့..ပြောလို့ရတယ်လေ၊ ဒါပေမဲ့ ဆုံးမနေတုန်း မေးခွန်းမထောက်ရဘူး..ပက်ခနဲပြန်မေးရဲတာ ဒါယဉ်ကျေးမှုမှမဟုတ်တာ..အပြောမတတ်ရင်ဆဲသလိုပဲတဲ့..'ငါ'ကိုင်တုတ်မှ ဆဲတယ်ထင်နေလား.."

ဒေါ်လေးတို့စကားအရှိန်ရသွားပြီဆိုတာနဲ့ နားမီးခိုးထွက်ဖို့သေချာပါပြီ။ ယဉ် သက်ပြင်းချမိရင်း ချစ်မဝကိုအကဲခတ်ကြည့်လိုက်သည်။ မောင်လေးကလိမ္မာပါသည်။ ဒါပေမဲ့စိတ်ထဲမှာ မကျေနပ်တာမျိုးဖြစ်လာရင် မှုန်ကုတ်တင်းမာသွားတတ်သည့်မျက်နှာက သိသာကာ ထိုပြဿနာကိုချက်ချင်းချပြောတတ်သည့်အကျင့်ရှိသောကြောင့် စိတ်ပူမိသည်။ ကိုယ့်အခေါ်နဲ့

အခြေအတင်ပြောကြတဲ့အထိ မဖြစ်စေချင်တာအမှန်။ ဒါပေမဲ့ ချစ်မဝဘာမှ ဆက်မပြောတော့ဘဲ ထသွားသဖြင့် စိတ်သက်သာရာရသွားမိ၏။

"ဒေါ်လေးကလည်းလေ..ကိုယ့်တူမျက်နှာလည်း အကဲမခတ်ဘူး မောင်လေးက အဲ့လောက်လည်းမဟုတ်သေးပါဘူး.."

"မဟုတ်ခဲ့တာပါအေ..ဘယ်တုန်းကမှ မိဘကိုပြန်လှန်မေးခွန်းမ ထုတ်ခဲ့ဘဲနဲ့ အခုကြည့်စမ်း..ဒီကောင်မလေးကြောင့်တဲ့၊ ဘယ်လောက်စိတ် တိုဖို့ကောင်းလဲလို့.."

ဒီကောင်မလေးကြောင့်ဆိုကာမှ မျက်လုံးထဲမှာ ပြန်မြင်လာသည်၊ တကယ်ကို ပြောရက်စရာမရှိတဲ့မျက်ဝန်းလေးတွေ။ ဘယ်လိုမှမုန်းဖို့မလွယ် တဲ့ စကားပြောပုံလေးရယ်။ ဥပေက္ခာထားလို့မရလောက်အောင် ချစ်စရာ ချောမွေ့နေသည့် သူမမျက်နှာလေး.. ၊

"ပြောမယ့်သာပြောတာ..ယဉ်တို့လည်းနည်းနည်းတော့လွန်သွားတာပဲ"

"ဟုတ်တယ်..မေမေ့စကားတွေ မျက်နှာထားတွေလည်း ရိုင်းပျသွား တာမေမေသိတယ်..."

ဒေါ်ဝင်းမာ ဟိုမျက်နှာကြည့် ဒီမျက်နှာကြည့်နှင့် အံ့လည်းအံ့သြ သိမ်ငယ်သလိုလည်း ဖြစ်လျက်.. ၊

"ဘယ်နှယ့်အမှားဝန်ခံကြောင်းတွေပြောပြီး ငါ့ကိုဖာသာများမှတ်နေ ကြသလား.."

ခံစားလိုက်ရတာက ကိုယ့်စကားကိုထောက်ခံမယ့်သူမရှိဘဲ ကိုယ် တစ်ဦးတည်းသာ အတင်းတုပ်နေသူဖြစ်ရခြင်းကြောင့်.. ၊

"ဘယ်လိုအကျတ်တရားတွေ ရကုန်တာလဲ..အောင်စိတ်ဆိုးသွားလို့ လား၊ ဒါမှမဟုတ် ဟိုကောင်မလေးပြုစားသွားတာလား.."

"အဲ့လိုတွေလည်းဖြစ်နိုင်တယ်..ဒါပေမဲ့ ဝင်းမာရယ်၊ နင်ကမှအစအ ဆုံးမမြင်လိုက်တာ.."

"ဟုတ်တယ်..မေမေ့ထက်သမီးက ပိုသိတာပေါ့၊ သူနဲ့အတူတစ်ချိန် လုံးစကားထိုင်ပြောနေတာလေ.."

"ခုမှတွေ့ဖူးတာကို ဘာတွေပြောနေတာလဲနင်က..အဲ့ဒီမှာ ဟိုကောင် မလေးအကွက်ထဲဝင်သွားတာနေမှာပေါ့၊ ဘာမှမသိတဲ့လူတွေထဲကို တမင်

...နိုးအောင်ကြိုးစားဖို့လာတာကို.."

"ရင်းနှီးဖို့စကားမပါဘူးဒေါ်လေး..သူလည်းဘာမှပြောခွင့်မရခဲ့ဘူး၊ ...င်လေးနဲ့နီးစပ်ဖို့ မဖြစ်နိုင်တာတွေ ယဉ်ချည်းပိတ်ပြောနေတာ..တကယ် ...့ အဲ့ဒီအချိန်မှာ ဖြစ်နေတဲ့သူ့မျက်နှာလေးက စကားပြောသွားတာထင် ...်..အတိုက်အခံစိတ် မာန်မာန ဘာမှကိုမထားဘဲ ပြောသမျှကိုနားထောင် ... ခုမှကြားဖူးသိဖူးသွားသလိုမျိုး.."

"ဟုတ်မှာပေါ့..သူ့ကိုသူဋ္ဌေးသမီးအချောအလှဆိုပြီး အားလုံးဝိုင်း ...းဖြစ်နေမှာကိုး၊ တို့မိသားစုလို ကျောက်ခဲသလဲရွေးတာ ခုမှကြုံဖူးတော့.."

"ဩော်..ဒေါ်လေးကဆိုတာ.."

အတိုက်အခံပြောနေရတာက အရှိန်နဲ့ရောလိုမ့်နေရတာပါ။ ကိုယ် ...တဲ့စကား ထောက်ခံမယ့်သူမရှိဘူးဆိုတည်းက စိတ်ကအများဘက်ကို ...နေပြီးသား။ ဒါပေမဲ့ သူမနဲ့ကိုယ့်အကြောင်းဆိုရင်တော့ လွှမ်းလောက်စ ... ဘာမှမရှိတာသေချာပါသည်။ သူမကြောင့် အချုပ်ထဲရောက်ရမလိုဖြစ် ...ာကို ဒီလောက်နဲ့မေ့နိုင်မလား.. ၊

"ဘာပဲဖြစ်ဖြစ် ငါတို့မှားသွားတယ်ဝင်းမာ..သူကမိန်းကလေး၊ ငါ့သ ...သက်တောင် ငယ်သေးတယ်..မိန်းကလေးတစ်ယောက်ကို ကိုယ်လိုချင် ...ဆွဲပြောရင်းနဲ့ ချိုးနှိမ်သလိုတွေဖြစ်ခဲ့ရတယ်၊ တကယ်ဆို မိန်းမသားချင်း ...နာနိုင်ရင်တောင် ကိုယ့်သမီးအရွယ်လေးရယ်.."

ကိုယ့်ပြစ်ချက်ကို သားသမီးကထောက်ပြကဲ့ရဲ့ခံလိုက်ရသည့်အ ...် ရင်ထဲမှာရှက်ရွံ့သိမ်ငယ်နေမိတာ ဘယ်လိုပြောရမှန်းတောင်မသိ။ ...ရပါလျှင် သူ့အလွန်ကကိုယ့်အလွန်ပြန်ဖြစ်သွားသည့်အခြေအနေကို ...်မိတာဖြစ်သည်။ ဒီမိန်းကလေးကရော ကြားရသည့်သတင်းအကြောင်း ...တွေနဲ့ လုံးဝဖီလာဆန့်ကျင်နေတာ ရိုးရဲ့လား..။ ဒီလိုတွေဖြစ်ကုန် ...င်များ တမင်တကာဖန်တီးသွားခဲ့တာလား..။ တွေးမိပေမယ့် ဒီလောက် ...တင်ကြံစည်လာနိုင်သည့်စိတ်အခြေအနေဆိုရင်တော့ ဒါကယုတ်မာခြင်း ... သူမဒီလောက်တော့ မဆိုးရွားနိုင်ဘူးလို့ ဖော့တွေးနေမိသည်။ မှန်သ ...းမှားသလားတော့ မသိ.. ၊

♦ ♦ ♦ ♦

အခန်း(၃၄)

"ခင်ဗျားကိုစာကျက်ခိုင်းထားတာ ဘာထိုင်လုပ်နေတာလဲ.."

လူကိုမြင်လိုက်မှ အလန့်တကြားစာအုပ်ကောက်ကိုင်သည်။ လူကို ကြောက်တာမဟုတ်။ သူမငေးငိုင်မှိုင်တွေနေတာကို လူမိသွားလို့ဖြစ်သည်။ ပြီးတော့ ခေါင်းခါလိုက်ပြီး စာအုပ်ကိုကြည့်သည်။ သို့သော် သူမမျက်နှာ ပြန်မော့လာကာ.. ၊

"စာနဲ့မသက်ဆိုင်တာတစ်ခုလောက် ပြောလို့ရမလားဟင်.."

"ဘာလဲ..ကျွန်တော်နဲ့ပတ်သက်နေရင် မပြောနဲ့.."

စာအုပ်ကို ဘုတ်ခနဲမြည်အောင်ချလိုက်ပြီး သူမရှေ့မှာဝင်ထိုင်သည်။ စာအုပ်ကိုင်ပြီး စာသင်ပေးတာလည်းမဟုတ်ဘဲ ရဲကိုသင်ဖို့ပါလာသူမှာ နှုတ်တိုက်ချပေးတတ်ကာ ဥပမာ ဘယ်စာမျက်နှာကိုလှန် ဘယ်အပုဒ်အတွက် ဘယ်စာကြောင်းတွေကို မျဉ်းသားထား စသဖြင့်..။ ကျန်သည့်အချိန်တိုင်းမှာ သူချည်းပဲစာကျက်နေတာဖြစ်၏။ သူစာတစ်ပုဒ်ရလောက်သည့်အချိန်တိုင်း ဝင်လာတတ်ကာ မေးစရာရှိရင်မေးပြီး အနားမှာထိုင်တာလည်း သိပ်မရှိ။ ဒီနေ့တော့ ရဲကသူအမြင်မတော်လောက်အောင် ငေးငိုင်နေမိ

သင်သည်။ သူ့စကားကြောင့် မျက်ခုံးတန်းလေးတွေတွန့်သွားကာ ရဲဘာမှ ပြောဘဲနေလိုက်သေးသည်။ ဒါပေမဲ့ ခဏလေးပဲဖြစ်ကာ.. ၊

"မရှင်းတာလေးပဲမေးမှာပါ..ချော်တော်တော်တွေ ပြောမလို့မဟုတ်ပါဘူး.."

ချစ်မဝ သူမမျက်နှာလေးကို ကြည့်လိုက်မိသည်။ ပုံစံတွေပြောင်းလဲသွားတာကို အံ့ဩလို့ပါ။ သူများကိုလှောင်ရယ်တတ်တာတွေ မထင်ရင်မသင်သလိုပြော ရယ်လိုရယ် မဲ့လိုမဲ့။ လူကိုတောင်ခြေထိုးခံပြီး မကောင်းရာကောင်းကြောင်း ကြံစည်ခဲ့တဲ့သူမ။ ခုကျမှ ဘာတွေကြောက်ပြီဝမ်းနည်းနေပါသလဲ.. ၊

"ရဲကို ယူတို့တစ်အိမ်လုံးက တော်တော်မုန်းနေကြတာနော်.."

ခွင့်တောင်းနေရင်း ခွင့်မပြုရသေးဘဲ ပွင့်အံထွက်လာခဲ့ပြီး.. ၊

"အဲ့ဒီကိစ္စကြာခဲ့ပြီပဲ..ဘာလို့အစပြန်ဖော်နေတာလဲ.."

"ကြာခဲ့ပေမယ့် တို့မှမေ့လို့မရတာ..အဲ့နေ့ကစပြီး တို့တကယ်မပျော်တော့ဘူး၊ ယူနဲ့တို့ရှိရင်းစွဲထက်ပိုပြီး ဝေးကွာသွားသလိုပဲ.."

သူမက မျက်နှာတည့်တည့်ကြည့်လာတော့ သူမျက်နှာလွှဲပစ်သည်။ ဝေးကွာသည်ပြောရအောင် အစကရော နီးစပ်ခဲ့လို့လား..။ ကိုယ့်အပေါ်မှာ သူမဘယ်လိုမြင်ထားသလဲ..သူငယ်ချင်းလား ဆရာလိုလား ဒါမှမဟုတ် Crushနေတဲ့တစ်ယောက်လိုလား..။ သူ့ဘက်ကတော့ ဘာမှမဟုတ်ခဲ့ပါ..၊

"ယူပဲစဉ်းစားကြည့်လေ..တို့နဲ့တစ်ခါမှလည်း မတွေ့ခဲ့ဘူးဘဲနဲ့ မြင်ဖက်တည်းက စေတနာမရှိကြောင်း တန်းပြတာ၊ အဲ့ဒါ မမြင်ခင်တည်းက တို့ကိုသိနေလို့မို့လား..ယူ တို့အကြောင်းတစ်ခုခု အိမ်မှာပြန်ပြောထားတာ ရှိလား.."

"ခင်ဗျားအကြောင်း တစ်ယောက်ယောက်ကိုပြန်ပြောနေရလောက်အောင် စိတ်မဝင်စားဘူးရဲရဲ..ထင်သလိုစွတ်တွေးမနေနဲ့.."

"ပြောတယ်ဆိုလည်း ရဲကစိတ်မဆိုးပါဘူး..ခုလည်း ရဲစိတ်ထဲဘာမှမဖြစ်ခဲ့ဘူး၊ အဲ့ဒါ အချက်သုံးချက်ရှိတယ်.."

နှစ်ချက်ရှိတယ်ဆိုပြီး လက်ချောင်းလေးသုံးချောင်းထောင်တော့ လက်စွပ်ကွင်းပါးလေးတွေ လက်မထိစုံအောင်ဝတ်ထားသော ဖြူသွယ်သည့်

လက်ချောင်းလေးတွေက လက်ဆစ်လေးတွေမြုပ်နေလျက် လုံးလုံးသွယ်သွယ်.. ၊

"ပထမအချက်က အဲ့ဒီစကားတွေအပေါ် ရဲဘယ်လိုမှစိတ်တိုလို့မ လို့..နောက်တစ်ချက်က ဒေါ်သထွက်ရမယ့်အစား ရဲတအားဝမ်းနည်းသွားတာ..နောက်ဆုံးတစ်ချက်ကျတော့လေ.."

သူမက သူ့မျက်နှာကိုငေးကြည့်နေပြီးမှ မျက်တောင်ဖျားလေးရှေ့ လှုပ်ခတ်ရှုံမျက်ဝန်းတို့ တိမ်းဖယ်သွားကာ.. ၊

"အဲ့ဒါ အဲ့ဒါက မသိတော့ဘူး..ရဲတစ်ခါမှမခံစားဘူးခဲ့တဲ့ဝေဒနာ ငိုချင်လာတာပဲ၊ ရဲအဲ့လိုမဖြစ်ခဲ့ဖူးဘူး..အဲ့ဒီလိုဝမ်းနည်းရပုံမျိုး တစ်ခါမှ ဝမ်းမနည်းခဲ့ဖူးဘူး၊ ဟုတ်မှာပေါ့နော်..ဆရာဝန်တွေ ဝိုင်းဝိုင်းလည်နေ သူတို့သားလူချောကို ဆယ်တန်းတောင်မအောင်နိုင်တဲ့ ရည်းစားတွေလည်း ထားဖူးတဲ့ရဲက အတင်းလိုက်ခေါ်နေတော့ စိုးရိမ်မှာပေါ့..ရဲရဲ့ချမ်းသာမှုရှေ့ က ဘာမှမဟုတ်ဘူးဆိုတာ ဆရာ့အိမ်ရောက်မှ သိလိုက်ရတာ..ရဲအဲ့လိုတစ် ခါမှလည်း ဖယ်ကျဉ်မခံခဲ့ရဘူးတော့လေ.."

စကားပြောနေရင်း သူမကရယ်ဖို့ကြိုးစားနေသေးသည်။ မျက်ဝန်း မှာလည်း မျက်ရည်ရောင်တို့ဖြင့် တောက်ပနေခဲ့လျက်.. ၊

"ရဲက ဆရာ့ကိုချစ်နေတယ်ဆိုရင်တောင်.."

သူဆတ်ခနဲမျက်နှာလွှဲပစ်လိုက်တော့ ရဲစကားသံလေး တစ်ထစ်နား သွားသည်။ ပြီးမှ.. ၊

"ရဲလည်းဆရာ့လိုတော်အောင် ကြိုးစားမှာပါ..မိန်းကလေးကစဦး ချစ်ပါတယ်လို့ ပြောရတဲ့အထိလည်း ရဲက.."

"နီရဲရဲနီ.."

"အဲ့နှာမည်လေးကို ရဲရဲလို့ပဲပြင်ခေါ်ပေးပါလား.."

မျက်နှာသည် ကျွတ်ခနဲမဲ့သွားပြီးမှ.. ၊

"ခင်ဗျားပြောနေတာ ဘယ်လိုစကားတွေမှန်းသိရဲ့လား.."

"သိတယ်..ဒါပေမဲ့ ရဲကိုယ်ရဲထိန်းချုပ်နိုင်တယ်လို့ ပြောနေတာလေ"

သူမတမင်ပြောနေတာလား..အရိုးခံအတိုင်းလားဆိုတာ သေချာခွဲ ခြမ်းစိတ်ဖြာနေဖို့ထိလည်း သူမတတ်နိုင်။ တစ်ခုခုကြောင့် ငြိမ်သွားပြီး

ထိုစကားကြောင့် သူ့မှာသာယောက်ျားမတန်မယ့် ပူထူရှိန်းဖိန်းတွေဖြစ်ရ သသွားရခက် ထိုင်နေရခက်တွေဖြစ်လိုဖြစ် သူမကိုကြည့်လိုက်ရင်အေးဆေး။ သူမနဲ့ပတ်သက်ပြီး မကြာခဏခေါင်းထဲရောက်လာသည့်အတွေးတွေထဲမှာ ကိုယ့်ကိုတကယ်ပဲ သဘောကျနေတာလား..ဗရုတ်ကျရတာကို ဝါသနာပါ နေတာလားဆိုတာတောင် မသိတော့ပါ။ သူပင့်သက်ရှိုက်လိုက်ရင်း နဖူးတစ် ချက်ပွတ်သည်။ ပြီးမှ ထိုလက်ကိုပြန်ချလိုက်ရင်း နာရီကြည့်၍.. ၊

"စာသင်ရမယ့်အစား စကားပြောရတာနဲ့ အချိန်စေ့သွားပြီ..ဒီနေ့အ တန်းချိန်ပြီးပြီ.."

ပြောပြီး စာအုပ်နဲ့ဖိုင်ကို ကောက်ထပ်သိမ်းလိုက်လျှင် ရဲကိုယ်လေး မတ်သွားသည်။ ပြီးတော့ သူ့ကိုဘာမှလည်းမပြောဘဲ မော့ကြည့်နေ၏။ သူထွက်သွားမှ ခပ်ဖြည်းဖြည်းထလိုက်လာကာ.. ၊

"နောက်နေ့မလာဘဲ မနေနဲ့နော်.."

သူခြေလှမ်းတုံ့သွားသည်။ သတ်မှတ်ထားတဲ့ရက်မှာ အကြောင်းမရှိ ဘဲ သူပျက်ခဲ့ဖူးလို့လား.. ၊

"မဟုတ်ပါဘူး..ဆရာက တစ်ခုခုစိတ်ဆိုးသွားရင် မလာဘဲနေတတ် လို့ပါ.."

ကိုယ်ကပဲ စိတ်ဆိုးစိတ်ကောက်တွေလုပ်နေကျလိုလို။ စိတ်ထဲမှာခိုး လိုးခုလုဖြစ်သွားပေမယ့် သူဆက်ထွက်လာခဲ့သည်။ သူမက တံခါးဝနားမှာ ရပ်ကျန်ခဲ့သည်ထင်သော်ငြား စိတ်ထဲမှာ အာရုံတစ်ခုက နောက်ဆံတင်းနေခဲ့ သည်။ ဘာရယ်မဟုတ်ဘဲ နောက်ပြန်ငဲ့ကြည့်လိုက်လျှင် ရဲသည်အခန်းပြင် ထွက်လာသည်ဖြစ်ကာ နံရံဘက်ကိုယိုင်ကျသွား၏။ ထို့နောက်.. ၊

"ရဲရဲ.."

သူမဆီတည့်မတ်စွာမကျရောက်သေးသည့်အကြည့်က ဒိုင်းခနဲလှမ်း ကြည့်မိလိုက်ပြီး လက်ထဲမှာကိုင်ထားသမျှအကုန်လုံး လွှတ်ချအော်ဟစ်ရင်း၊

"ရဲရဲ.."

"အမလေး..မေမေကြီးရေ ဒီမှာမမရဲ၊ လာပါဦး.."

မိန်းကလေးတစ်ယောက်၏အော်သံက ပို၍စူးစူးဝါးဝါးထွက်သွား ကာ တစ်အိမ်လုံးဆူညံသွား၏။ ဒေါ်မြတ်ပန်းနီတို့ရောက်လာသည့်အချိန်

တွင် ရဲကချစ်မဝလက်ပေါ်မှာဖြစ်နေလျက်.. ।

"သူသတိရအောင် အရင်လုပ်ရမယ်အန်တီ..ဆရာဝန်ခေါ်ပါ၊ ကျွန်တော့်မှာ ဘာမှမပါဘူး.."

"အေးပါ..အေးပါ၊ လုပ်ပါဦး ဒုက္ခပါပဲ..ဟဲ့ မိသီတို့..မေမေမသိစေနဲ့နော်၊ သူ့မြေးဖြစ်တာသိရင် လူနာနှစ်ယောက်ဖြစ်သွားလိမ့်မယ်..မယ်မြရေ ဆရာဝန်ဆီဖုန်းဆက်မြန်မြန်.."

ဒေါ်မြတ်ပန်းနီသမီးကို ပွေ့တော့မလိုလို အိမ်သားတွေကိုပဲတစ်ယောက်ချင်းစီ ပြေးခေါ်တော့မလိုလို ပျာယာခတ်လျက် နောက်ဆုံးရဲကိုချစ်မဝပွေ့ယူပြီး ထရပ်လိုက်ကာမှ သူမအခန်းဆီ လမ်းပြပေးဖို့ကို သတိရပြီး ပြန်ပြေးလာ၏။ ရဲရဲ့အိပ်ခန်းထဲဝင်လိုက်လျှင်.. ।

"အယ်.."

ချစ်မဝသတိမထားမိပေမယ့် ရဲရဲ့စာကြည့်စားပွဲပေါ်မှာ ဒေါက်မှန်လေးနဲ့တင်ထားသည့် ချစ်မဝဓာတ်ပုံက ပြုံးတူးပြဲတဲအခန့်သား.. ।

"ဆ..ဆရာ.."

မျက်နှာဟိုဘက်မလှည့်အောင် အလန့်တကြားခေါ်လိုက်ပြီး စားပွဲဆီကိုယ်အရင်ရောက်အောင် ပြေးမိသည်။

"ဆရာသိလား..ဟိုလေ.."

သူမကိုလှည့်ကြည့်ရင်း ချစ်မဝမျက်နှာတစ်ပတ်လည်၏။ သို့သော် စားပွဲဘက်ကိုရောက်စဉ်မှာ ဒေါ်မြတ်ပန်းနီဓာတ်ပုံနှင့်စားပွဲကို ကျောပေးကွယ်ထားပြီးဖြစ်လျက်.. ।

"သမီးကိုနည်းနည်းကြည့်..ကြည့်ပေးထားပါလို့နော်.."

သမီးကိုစိတ်ပူပေမယ့် ဒီပုံကြီးကိုချစ်မဝမမြင်ဖို့က ပိုအရေးကြီးနေသဖြင့် ဓာတ်ပုံကိုလက်နောက်ပြန်စမ်းသည်။ ပြီးတော့ မှောက်ထားလိုက်ပြီးမှ.. ।

"သမီးလေးက ဆေးထိုးခံရမှာလည်း ကြောက်တယ်..ဖျားတာနာတာလည်း သိပ်မရှိပါဘူး၊ အခု ဘာဖြစ်တာလဲဟင်.."

ဘာတွေပြောလိုက်မိမှန်းလည်း မသိတော့ပါ။ ကောင်စုတ်မလေး..ဒီပုံကိုဘယ်လိုတောင် စားပွဲပေါ်တင်ထားတာလဲ.. ।

ချစ်မဝကတော့ ဘာမှဂရုစိုက်မိပုံမရှိပါ။ ရဲရဲ့ဘေးမှာပဲ တင်ပါးလွှဲ
င်ရုံလေးထိုင်ကာ လက်ကောက်ဝတ်လေးတစ်ဖက်ကိုင်ထားပြီး မျက်ခွံ
ပ်လေးကို ဖွင့်ကြည့်သည်။ ပြီးတော့ နေရာမှထကာ ခေါင်းအုံးကိုသူ့ဘာ
သာပြုပြင်ပေးရင်း ရဲရဲ့နဖူးတစ်ခြမ်းမှာ ဖရိုဖရဲကျနေသည့် ဆံစလေးတွေ
ကို အသာလေးသိမ်းတင်ပေး၏။ ထိုအဖြစ်ကို ကိုယ့်ဘာသာသတိရသွားပြီး
က်ကိုကမန်းကတန်း ပြန်ရုတ်၍ လှည့်ကြည့်လိုက်တော့ မျက်လုံးအဝိုင်း
သားနှင့်ကြည့်နေသည့် ဒေါ်မြတ်ပန်းနီနဲ့တည့်တည့်တိုးလေသည်။ ရှိုးသား
သည့်စိတ်က မရှိုးမသားပြုမိသည့်အဖြစ်ကြောင့် ဘယ်လိုမှ ဟန်ဆောင်မ
လိုက်ဘဲ ဆတ်ခနဲကိုယ်ကိုမတ်မတ်ရပ်မိရင်း.. ।

"ဟို..သူသက်တောင့်သက်သာရှိအောင်လို့ပါ၊ အရမ်းလည်းအားနည်းနေတယ်.."

"မေမေကြီး..ဆရာဝန်လာပြီ.."

သူဆက်နေသင့်လား မနေသင့်ဘူးလား..။ ခြေလှမ်းပြင်လိုက်မိသေးသည်။ သို့သော် ပြန်ရုတ်ပြီး နောက်နည်းနည်းဆုတ်ရပ်နေလိုက်သည်။ ဆရာဝန်က စမ်းသပ်ပြီး ဒေါ်မြတ်ပန်းနီကိုကြည့်ကာ.. ।

"အတော်အားနည်းနေတာပဲ..စာတွေကြိုးစားနေတာထင်တယ်.."

ဆရာဝန်သည် သဲစုဝင်းဖြစ်လျက် လူနာအတွက် စိတ်ချရမှ အတူတူ
ပြန်ထွက်လာခဲ့ကြပြီး.. ।

"အားနည်းလို့မူးလဲတာမျိုး တစ်ခါမှမဖြစ်ဖူးဘူးဒေါက်တာ..ကျွန်မ
း..ရိမ်နေတာ သူစာလည်းအိပ်ပျက်လောက်အောင် မကြည့်ပါဘူး၊ သူ့အခန်း
ကိုညဥ့်မနက်မချင်း ကျွန်မသွားနေတာပါ.."

"ဒါဆိုရင်တော့ သူ့မှာစထရက်တစ်ခုခုရှိနေတာဖြစ်မယ်.."

"ဟုတ်တယ်..သူငယ်ငယ်က သူ့အဘွားလေကားပေါ်က ခြေချော်ကျ
ပြီး ဆေးရုံတင်လိုက်ရတယ်၊ အဲ့ဒီညက တစ်ညလုံးစကားမပြောတော့ဘဲ
ဆေးရုံကဆင်းလာတော့လည်း သူ့အဘွားဘေးမှာပဲ သူအိပ်တယ်..ကျွန်မတို့
သည်း အအိပ်ပျက်အစားပျက်ဖြစ်တဲ့အထိနေတာ မဟုတ်ဘူးဆိုပြီး လူမမာ
ကိုပဲဂရုစိုက်နေကြတာပေါ့နော်..အဲ့ဒီနောက် သုံးရက်လောက်ကွာမယ်ထင်
တယ်၊ သူခုလိုမျိုးပဲ ပြောဆိုနေကြရင်း လဲကျသွားတာ.."

သဲစုဝင်းက ခြေလှမ်းရပ်သွားတဲ့အထိ စိတ်ဝင်စားသွားသည်။ သူလည်းရပ်သွားမိပေမယ့် ကိုယ့်အပိုင်းမဟုတ်တော့တာမို့ ဆက်ထွက်လာခဲ့မိသည်။ သို့သော် လူသည်ရှေ့ကိုရောက်နေပေမယ့် နားကနောက်မှာကျန်ရစ်သကဲ့သို့.. ။

"နောက်ထပ်ပြီး တစ်လလောက်ကြာတော့ ခြံထဲမှာပန်းပင်တွေရေလောင်းနေရင်း ထပ်လဲကျတယ်..အဲ့ဒီတုန်းက သူ့အဖေစိုးရိမ်ပြီး သမားတော်ကြီးတွေနဲ့ စမ်းသပ်မှုတွေလျှောက်လုပ်တာ ဖက်ဖက်ကိုမောရောပဲ.."

"ဘာထူးခြားခဲ့လဲ.."

"ဘာမှမထူးခြားဘူး..ပြောနိုင်တာကတော့ သူတစ်ခုခုကိုအစွန်းရောက်အောင် ခံစားလိုက်ရလို့ စိတ်ပန်းလူပန်းဖြစ်သွားရင် နှလုံးကမခံနိုင်တာ..အဲ့ဒါ နှလုံးရောဂါလားဆိုတော့လည်း မဟုတ်ဘူး၊ ဦးနှောက်အာရုံကြောလည်း မဟုတ်ဘူးဆိုတော့.."

ထိုစဉ် ချစ်မဝအောင် သူ့ပစ္စည်းတွေကျခဲ့သည့်နေရာမှာ ဟိုရှာဒီရှာဖြစ်နေတာကို ဒေါ်မြတ်ပန်းနီမြင်ကာ.. ။

"မီသီရေ..ဟဲ့ မယ်မြတို့.."

မိန်းကလေးနှစ်ယောက် တစ်နေရာစီကနေ အပြေးတပိုင်းထွက်လာကြသည်။ သို့သော်.. ။

"သမီးယူလာပြီမေမေ.."

"သြော်..အေးသမီး.."

ပြောပြီးမှ အံ့ဩသလိုဖြစ်သွားသည်။ နီနီ့မျက်နှာမှာ အပြုံးအရယ်မဲ့နေလျက် ခက်ထန်သည့်အရိပ်တချို့ပါ ထင်နေ၏။ ဒါဘာဖြစ်လို့လဲ..။ အနားမှာ ဒေါက်တာသဲစုဝင်းရှိနေသည်။ ပြီးတော့ ဒေါက်တာချစ်မဝအောင်။ ဒီလိုလူတွေကို မလိုလားသလိုမျက်နှာထားနဲ့ ထွက်တွေ့စရာဘာရှိလို့လဲ..။ နီနီ့ကို သူမခုမှတွေ့ရတာဖြစ်သည်။ အိမ်မှာမှန်းသိပေမယ့် ရဲရဲဖြစ်သွားတုန်းကပြေးထွက်လာကြတဲ့ထဲမှာ သူမမပါတာလည်း သတိမထားမိခဲ့။ ခုနထိလည်း သတိမရ.. ။

"ချစ်မဝအောင်.."

သူမက ချစ်မဝကိုပဲကြည့်ကာ ခပ်လှမ်းလှမ်းမှာရပ်လိုက်ပြီး နာမည်

ခေါ်ထုတ်သည်။ လူငယ်ပေမယ့် ဆရာဝန်ဖြစ်နေသည့် သူစိမ်းယောကျ်ားလေးတစ်ယောက်ကို ခေါ်ပုံက ဒေါ်မြတ်ပန်းနီနားထဲမှာ ခါးသွားသည်။ ချစ်မဝကလည်း သူ့ပစ္စည်းတွေကိုပိုက်လာတာမြင်တည်းက ခြေလှမ်းပြင်ပြီးဖြစ်ကာ သူမရှေ့ကိုမြန်မြန်ဆန်ဆန်ရောက်သွားသည်။ သို့သော် လူလက်လှမ်းပေမယ့် သူမကပေးမည့်ပုံမရှိဘဲ သူ့မျက်နှာကိုပဲ တရားခံကြည့်ကြည့်နေဆဲနှင့်.. ။

"စကားနည်းနည်းပြောလို့ရမလား.."

"ဟုတ်ကဲ့..ရပါတယ်.."

ဒေါ်မြတ်ပန်းနီ အထူးအာရုံစိုက်ထားပေမယ့် နီနီဘာပြောမှန်းကြားရသည်လည်းရှိ မကြားရသည်လည်းရှိ။ နီနီဘာဖြစ်နေတာလဲ..ဘာပြောနေတာလဲ..။ မိသားစုထဲမှာ တစ်ယောက်နဲ့တစ်ယောက် ကြီးမားသည့်လျှို့ဝှက်ချက်တွေ မထားခဲ့ကြပါ။ အဲ့လောက်ထိကို မိဘနဲ့သားသမီးကြားမှာ ရင်းနှီးမှုရှိခဲ့ကြတာဖြစ်သည်။ ဒါတောင် ကိုယ်မသိခဲ့တဲ့အကြောင်းအရာတွေရှိနေသေးတာလား...။ ထိုစဉ် အိမ်ရှေ့ကနေ ကလေးငိုပြေးလွှားဝင်လာကာ.. ။

"မေလေး..ရဲရဲဘာဖြစ်လို့လဲ.."

"မူးလဲသွားတာ နှင့်ညီမ.."

အတူနေထိုင်ကြီးပြင်းခဲ့ကြတာမို့ ဘယ်သူကကြီးတာငယ်တာတွေလည်း သတိမထားတော့ဘဲ စကားပြောတိုင်း နှင့်အစ်မဖြစ်လိုက် နှင့်ညီမဖြစ်လိုက်။ ဒေါက်တာသဲစုဝင်းလည်း နှုတ်ဆိတ်နေသဖြင့် စိတ်တို့သည်ကလေးငိုနဲ့ သဲစုဝင်းကြားမှာ ထွက်ပေါက်ပိတ်သွားပြန်၏။ ကြည့်လိုက်တော့ ချစ်မဝနဲ့နီနီတို့ ခြံထဲကိုအတူဆင်းသွားကြတာ လှမ်းမြင်လိုက်၏။

ဘာတွေဖြစ်ကုန်သည်ကို မသိ.. ။

♦ ♦ ♦ ♦

အခန်း(၃၅)

"ဘာတွေဖြစ်ကုန်တာလဲ..အမလေး၊ မကြားဝံ့မနာသာတွေသမီးရယ်.."

ညှော့ခန်းဘက်က စကားသံတွေကြောင့် စာအုပ်ကိုင်ပြီး ရှေ့ထွက်လာသည့် ချစ်ဝမခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားသည်။ အလွှန်နူးညံ့ပြီး တည်တည်ငြိမ်ငြိမ်ပြောတတ်ဆိုတတ်ရှသာ မေမေ့ထံမှရင်ဘက်စည်တီးပြောလာတာမျိုး မကြားဘူးခဲ့သဖြင့် အကြောင်းအရာကို စိတ်ဝင်တစားနားစွံလိုက်မိ၏။

"ဒီမိန်းကလေး အဲ့လိုဖြစ်နေတာမှန်ရင် သားမှာအန္တရာယ်ရှိနေပြီ..တစ်နေ့ကိုစာသင်ချိန် နှစ်နာရီတောင်ပေးထားတာ.."

"ဟုတ်တယ်မေမေ..နီနီပြောပုံက ရဲရဲဆိုတဲ့ကောင်မလေးအတွက်တစ်ခုခုလိုအပ်နေတာ သေချာတယ်၊ ဒါမှမဟုတ်လို့ ဖျောက်ဖျက်ဖို့ကြိုးစားရင်တောင် သူ့ကိစ္စမတော်တဆမှုထဖြစ်သွားရင် တရားခံကသူ့အလိုလိုကိုလိုအပ်လာမှာ.."

"အဲ့ဒီကျရင် စာလာသင်ပေးနေတဲ့ ဆရာလေးနဲ့ပါလို့များ..ဘုရား

ဘုရား.."

ဒေါ်နုလွင်ရင်ဘက်ဖိထားမိသည်။ ဒီမိန်းကလေးနဲ့ပတ်သက်လာဘိုင်း တူအတွက်သဝန်တိုရ ကြည့်လို့မရတွေဖြစ်ရနှင့် ယောက်မဖြစ်သူကိုသတိရလိုက်မိသည်။ ဝင်းမာ ဒါကြောင့်နေရင်းထိုင်ရင်း ကြည့်မရဖြစ်နေတာပါ။ ကိုယ်ကမတွေ့ဘူးခဲ့ပေမယ့် သူမနဲ့က အပြင်မှာ တစ်ခါနှစ်ခါဆုံဖူးခဲ့သည်ကိုး.. ၊

"သမီးစဉ်းစားမရတာက ဒေါက်တာသဲစုဝင်းက ဘာဖြစ်လို့အိမ်သားတွေကို မပြောဘဲ ဖုံးဖိထားရတာလဲ..ညီမရှိလို့စာနာတာဆိုရင်တောင် ဒါကစာနာပြီး မျိုသိပ်ပေးထားရမယ့်ကိစ္စမှ မဟုတ်တာကို.."

"ဟော..ဟိုမှာ သားငယ်၊ သားငယ်ရေ..လာဦး.."

ညှော့ခန်းမဝင်တော့ဘဲ ခြံထဲဆင်းဖို့ပြင်ကာမှ မေမေကမြင်သွားသဖြင့် မတတ်နိုင်။ ဟိုနေ့ကအဖြစ်အပျက်တွေမှာ သူပါဝင်နေခဲ့တာပါ။ ဒါနဲ့တောင် ဘယ်လိုသတင်းအထူးအဆန်းတွေ ထွက်နေသလဲဆိုတာ နားမလည်နိုင်။ ကိုယ်တောင်မသိခဲ့တဲ့ကိစ္စတွေအတွက် နားလည်းမထောင်ချင် ဖြေလည်းမဖြေချင်သောကြောင့် ရှောင်ထွက်ဖို့.. ၊

"အောင်မယ်လေး..မျက်နှာကြီးကတည်ထားလိုက်တာမောင်လေးရယ်၊ မင်းကိုရဲရဲစည်းရုံးထားလိုက်ပြီမို့လား..ဒါမျိုးကို ဆရာဝန်တွေက စမ်းသပ်လိုက်တာနဲ့သိတယ်၊ ဖုံးဖိမရတော့ဘူးဆိုပြီး မောင်လေးကိုသူအကုန်ပြောမှာပဲ.."

"ဘာတွေလဲမမရာ.."

"မမဆီကို နီနီရောက်လာတယ်လေ..ရဲရဲက သူ့ကိစ္စကိုဒေါက်တာသဲစုဝင်းနဲ့လက်ဝါးရိုက်ပြီး ကြံစည်ထားတာတဲ့..မင်းပါသိသွားတော့.."

"ဘာကိုသိရမှာလဲ.."

"ရဲရဲမှာ ဟိုကိစ္စရှိနေတာ.."

"ဘာမှမရှိဘူး.."

"ဟယ်.."

မရှိဘူးပြောလိုက်တာတောင် ဘယ်လိုတွေဖြစ်နေကြမှန်းမသိ။ ဟင်ခနဲ ဟယ်ခနဲ.. ၊

"မ..မရှိဘူးဆိုတာကျတော့ မင်းသိတယ်.."

"သိတာပေါ့..ကျွန်တော်စမ်းသပ်ခဲ့တာပဲကို.."

ယဉ့်မျက်လုံးတွ ဒေါ်နုလွင်ဆီ ဒိုင်းခနဲရောက်သွားသည်။ ပြီးတော့ ပြန်လှည့်၍.. ၊

"သေချာပြီမေမေ..နီနီကလည်း အဲ့လိုထင်နေတာ၊ ဒီကောင်မလေး မောင်လေးကိုပါစည်းရုံးလိုက်ပြီ.."

သူမမှာ ကိုယ်ဝန်ရှိနေသည်တဲ့..။ ဒီလောက်အနေအထိုင်မတတ်တဲ့ မိန်းကလေး ်မှာပေါ့လို့တွေးပြီး မစပ်စုချင်ရင်လည်း ကျောခိုင်းနေလိုက်လို့ရသည်။ ဒါပေမဲ့ သူမအေးမှာ ကိုယ့်မောင်လေးကအတူတူ အနီးကပ်ရှိနေရတာ တစ်နေ့ကိုနှစ်နာရီနဲ့တစ်ပတ်သုံးရက်.. ၊

"မင်းကို နီနီမေးကြည့်သေးတယ်ဆို..အဲ့ဒါတောင် မမတို့ကိုဘာလို့ ပြန်မပြောတာလဲ.."

"ဒီကိစ္စ သူ့ပါးစပ်ထဲမှာပဲ ထဖြစ်လာတာ..အလကား အခိပ္ပာယ်မရှိ"

ဘုရားရေ.. ရဲရဲကို ကာကွယ်ပြောဆိုချင်သည့်ပုံမျိုး စကားသံထွက်လာသဖြင့် သားအမိနှစ်ယောက်စလုံး မျက်လုံးပြူးသွားသည်။ ထိုအခါ နီနီပြောသွားသည့်စကားတွေကိုပါ သတိရလာ၏။

"ဖြစ်လာမှတော့ ဖြေရှင်းရမှာပဲမို့လားယဉ့်ရယ်..ဒါကြောင့် သူဖျောက်ဖျက်ဖို့ကြိုးစားနေတာကို တားရမယ်၊ မေမေတို့ရော ဘယ်သူမှမသိခင် ငါကပဲအစ်မပီပီ မားမားမတ်မတ်ရပ်ပေးရမယ်..ဒေါက်တာသဲကတော့ လက်ဝါးရိုက်ထားတဲ့လူချင်းဖြစ်နေပြီ၊ ပြီးတော့ သူမလုပ်သင့်တာကို လုပ်ထားတာ..သူကိုယ်တိုင်က ဒီကိစ္စကိုဖုံးကွယ်ထားမှာပဲ၊ ငါစိုးရိမ်တာက ချစ်မဝအောင်ကို..သူကယောကျ်ားလေးဆိုတော့ ယောကျ်ားလေးချင်းတွေကြရင် ပွင့်လင်းမြင်သာတွေ ပြောကြတာလေ၊ ရဲအကြောင်းကိုတော့ မျိုသိပ်ပေးထားပါလို့ ပြောပေးပါယဉ့်ရယ်.."

ပြောပြတာက ဘယ်ကိုဦးတည်နေမှန်းမသိ။ ရန်လိုချင်တာလား.. တောင်းပန်တာလား မကျေမနပ်စကားစလာပြီး တောင်းဆိုမှုတွေနဲ့ ပြန်ပိတ်သည်။ မောင်လေးကို စည်းရုံးထားသလားသိချင်တယ်လို့ ပြောလိုပြောလျှောက်မဖွဖို့မှာလိုမှာ။ တကယ်ဆို သူမကိုယ်တိုင် ဒီအိမ်ကလူတွေကို အသိ

း‌နေတာ ဖွရာမကျတော့ဘူးလား..။ အထူးသဖြင့် ဒေါ်လေးသာဒါကိုသိသွားရင် ဘယ်လိုမှပိတ်ပင်တားဆီးထားဖို့မလွယ်။ မဆင်မခြင်သူမလာပြောတာကိုတောင် ကိုယ်ကပြန်ပြီးဖုံးဖိကာကွယ်ထားရဦးမည့်အဖြစ်။ ထို့ပြင် မက ကိုယ်တိုင်ပြေးလာပြီး စိုးရိမ်တကြီးပိတ်ပင်နေပေမယ့် မောင်လေး က ဒီသတင်းကိုကြားခဲ့ရတာလည်းမဟုတ်။ တွေးကြည့်လေ သတင်းက ခြေအမြစ်မရှိလေ။ ဒါတွေကို ပြန်ပြောပြတော့ ချစ်မဝရှုံ့မဲ့သွားကာ.. ၊

"အဓိပ္ပာယ်မရှိမှန်း သိနေရင်လည်း ဘာလို့ပြူးတူးပြဲတဲတွေ ထဖြစ်ကြတာလဲမမတို့ရာ..ကာယကံရှင်တွေကြားသွားရင် သက်သက်အမှုကြီးအောင်.."

"ဒါပေမဲ့ ဒေါက်တာသဲစဝင်းကို သွားမေးကြည့်ပါတဲ့..ကဲ မဟုတ်နဲ့ သူဒီလိုပြောရဲမလား.."

"နေစမ်းပါဦးသမီးရယ်..သူတို့မိသားစုချင်းကရော ဟုတ်နေရင် ဘာင် မတတ်သာလို့ဖွင့်ပြောရတာပဲဖြစ်မှာပါ..မဟုတ်တမ်းတရားတွေ ပြောစရာဘာအကြောင်းရှိလို့လဲ.."

"နီနီက သမီးအရင်းမဟုတ်ဘူးမေမေ.."

"သိတယ်လေ..ဒါပေမဲ့ သူတို့ချစ်ချစ်ခင်ခင် အတူနေလာခဲ့ကြတာ စ်သက်လုံးပဲကို၊ ခုကျမှ.."

"သူများကိစ္စမေမေရာ.."

"သားငယ်..နေဦး.."

သားလက်ကို ဒေါ်နုလွင်က ဆွဲထားလိုက်ကာ.. ၊

"ထိုင်စမ်းပါသားရယ်..ဒီကိစ္စ သားကိုရဲရဲနီနီမိန်းကလေး.."

"နီရဲရဲနီပါ.."

"ဪ..အေး မှားကုန်ပါပြီ၊ အဲ့ဒီမိန်းကလေးက ဘာမှမပြောခဲ့တာ သေချာရဲ့လား.."

"ဘာကိုပြောရမှာလဲမေမေရာ..မေမေ့သားဆရာဝန်လေ၊ မယုံဘူး း.."

"အင်း..ဒါပေမဲ့.."

တစ်ခါတလေ ဗိုက်သူခိုးတွေက စမ်းသပ်လို့မပေါ်တာတွေလည်း

ရှိတက်တယ်လို့မပြောရက်။ တကယ်တမ်းကျတော့ ယုံလည်းမယုံနိုင်သေး ပေ။ ဒါပေမဲ့.. ၊

"မောင်လေးကို သူလိုက်ကပ်နေတာလည်း ရင်းနှီးတဲ့ဆရာဝန်တစ်ယောက် အရေးတကြီးလိုအပ်နေလို့ ဣန္ဒြေပျက်ခံပြီး လိုက်ကပ်နေတာတဲ့"

သမီးပြန်ပြောခဲ့တဲ့စကားထဲမှာတော့ နီနီပြောတာတွေက ဟုတ်နေသလိုလို။ ထိုစဉ် ဒေါ်ဝင်းမာဈေးဝယ်ထွက်သွားသည့်ကားပြန်လာသဖြင့် အားလုံးလှမ်းကြည့်မိကြသည်။ အိမ်မှာကားအားတုန်းပဲ တစ်ခါတလေကားနဲ့ထွက်ရတာမို့ ဝယ်ခြမ်းစရာသိပ်မရှိပေမယ့် လွှတ်လိုက်ခဲ့တာဖြစ်သည်။ သို့သော် ဈေးခြင်းကိုဒရိုင်ဘာကသာဆွဲဆင်းလာသည်။ ဒေါ်ဝင်းမာပါမလာ။ ဒေါ်နုလွင်လည်းပင်းရှည်ကြည့်ရင်း နေရာမှထသွားကာ.. ၊

"မောင်တိုး..ဝင်းမာရော.."

"အန်တီဝင်းက ကိုချစ်စာသင်သွားတဲ့အိမ်ကို သွားမလို့လို့ပြောပြီး ကျွန်တော့်ကိုပြန်လွှတ်လိုက်တာ..အရေးကြီးတယ်တဲ့၊ အိမ်ရောက်မှဆို ကြာကြီးနေက ပြန်ထွက်ခိုင်းမှာမဟုတ်လို့တဲ့.."

မောင်တိုးက အပြည့်အစုံပြောနေပေမယ့် ဒေါ်နုလွင်တို့အသက်ရှူတွေမှားကုန်ကြတာ စက္ကန့်များစွာ.. ၊

ဝင်းမာ..ဘာသွားလုပ်တာလဲ.. ၊

ယဉ်က ဒေါ်နုလွင်ကို လှမ်းကိုင်လိုက်ကာ.. ၊

"သေချာတယ်မေမေ..ဒေါ်လေးနဲ့နီနီ တစ်နေရာရာမှာ တွေ့လိုက်တာဖြစ်မယ်.."

ဟင်..

ဒါဘာသဘောတွေလဲ..ဝင်းမာကိုမှ ဒီလိုသတင်းပေးလိုက်တာ တမင်တကာလား..

♦♦♦♦

အခန်း(၃၆)

"ငါတမင်တကာမလိုအပ်ဘဲ ပြောနေတာမဟုတ်ဘူး..ခရီးသွားရဖို့ ...ည်းရှိလို့ စိတ်လည်းမချလို့၊ မကြီးကနင့်အပေါ် မရိုးသားဘူး..အဲ့ဒါကိုလုံး ...မမေ့နဲ့၊ နင်ဘာသိလို့လဲလည်းမမေးနဲ့..ငါသိထားတာတွေ အများကြီးပဲ၊ ...ခေါင်းခါလိုက်တာနဲ့ အားလုံးပျောက်ရှကုန်မှာတွေမို့ မပြောဘဲနေတာ.. ...မလေးကိုယ်တိုင် ဘယ်လိုမှယုံနိုင်မှာမဟုတ်တာတွေ ငါပြန်လာမှပြော ...ယ်.."

ခုပြောပါလားဆိုတော့ မပြော။ ခရီးသွားခါနီးမို့ ကိုယ့်မှာလည်းဒီနေ့ ...စ်မဝမလာတဲ့နေ့မို့ ကားဂိတ်ထိလိုက်ပို့ပေးခဲ့တာပါ။ ပြောချင်တာပြောပြီး ...ှင်တွင်ပြန်ခိုင်းနေသည်။ နောက်ဆုံးပြောပြသွားတာ 'မကြီးကတစ်အိမ်လုံး ...ာ် ငြိုငြင်နေတာ'တဲ့.. ၊

ကားမောင်းလာရင်း ကလေးငိုပြောသွားတာကို ပြန်တွေးနေမိသည်။ ...သင်မှတ်သည့်အကြောင်းတွေတော့ မဟုတ်ပေ။ ကိုယ်လည်းတစ်ခါတလေ ...ည်းမြင်တက်ခဲ့ရသည့် မမရဲ့လုပ်ကွက်တွေကို ပြန်တွေးမိတော့ ကလေးငို ...ပြောတာတွေက စဉ်းစားစရာဖြစ်လာသည်။ အိမ်ပေါ်ကအိမ်အောက်ကို ဆင်း

ခဲ့သည့် ဘွားပြောပြောနေတာတွေလည်း ဒါတွေပါပဲ။ ထို့ပြင် ဘွားပြောနေကျ လက်သုံးစကားက 'ဝမ်းနဲ့မလွယ် သားမမယ်'.. ။

"ကျန်းမာရေးလည်းမကောင်းသေးဘဲနဲ့ သမီးရယ်..ကလေးငိုပြီး လိုက် သွားလိုက်လုပ်နေတာ ဆန်းတာမှမဟုတ်တာ၊ ဘာလို့ကိုယ်တိုင်လိုက် ပို့နေရတာလဲ.."

ပေါ်တီကိုအောက်မှာ ကားရပ်လိုက်တာနှင့် ဧည့်ခန်းကနေဒေါ်မြတ် ပန်းနီထွက်လာပြီး ရဲ့လက်လေးကိုဆွဲသည်။ မျက်စိရှေ့မှာရပ်လိုက်တော့ လည်ပင်းလေးစမ်း နဖူးစမ်းနှင့်.. ။

"နေကောင်းရဲ့လား.."

"ဘာမှမဖြစ်ပါဘူးမေမေရယ်.."

"မဖြစ်ပေမယ့် သမီးမျက်နှာလေးချောင်သွားတာ ဒီရက်ပိုင်းလေးမှာ ကြည့်စမ်း.."

"ကလေးငိုက ရဲ့အပေါ်ဆိုသိပ်သိတတ်တာမေမေ..သူ့ကိုကျတော့ ရဲ့ တစ်ခါမှဂရုမစိုက်ခဲ့ဘူး၊ အဲ့ဒါကြောင့် စိတလည်းမကြည်တာနဲ့ အပြင်ထွက် လိုက်ရင် ကောင်းမှာပဲဆိုပြီး.."

"အေးပါ..ကဲ အထဲဝင်၊ မနက်မြန်တော့ ဆရာလေးကို တစ်ရက်နား ပေးပါလို့ပြော.."

"ဟာ..မပြောပါနဲ့မေမေ့ရာ.."

ရဲ့ပျာပျာသလဲတားမြစ်တော့ အိပ်ခန်းစားပွဲပေါ်က ခုတင်ကိုသတိ ရသွားမိသည်။ ကိုယ်ကကျန်းမာရေးကိုငဲ့ပြီး ပိတ်ပင်ဖို့ပြင်ဆင်နေသည်။ သူမလေးကတော့ စာသင်ရက်ကိုတွက်ပြီးတော့များ ကောင်းပါတယ်လန်းပါ တယ်ဖြစ်ပြနေတာလားမသိ.. ။

"တီ..တီ..'

သမီးကိုကြည့်ပြီးတွေးနေမိတုန်း ဟွန်းသံရှည်ကြီးဆွဲတီး၍ ခြံတံခါး ဖွင့်ခိုင်းနေသော တက္ကစီတစ်စီးကို လှမ်းမြင်လိုက်က.... ။

"ဘယ်သူလဲမသိဘူး.."

ရဲ့လည်းအထဲမဝင်ဖြစ်ဘဲ ထိုဆီကိုလှမ်းကြည့်နေမိကြသည်။ တက္ကစီ နဲ့စိမ်းတဲ့ကားတွေဆို ခြံတံခါးပြေးမဖွင့်ဖို့ မှာထားသဖြင့် ခြံစောင့်ကလည်း

ပုံမပေါ်။ ထိုစဉ် ဖုန်းဝင်လာကာ.. ။

"အေး..ပြော.."

"ကျောင်းဆရာလေးရဲ့အဒေါ်တဲ့မမကြီး..အရေးကြီးလို့တဲ့၊ ဖွင့်ပေး က်ရမလား.."

"သြော်..အေး အေး မြန်မြန်ဖွင့်လိုက်.."

"မဖွင့်နဲ့မေမေ.."

ဖွင့်ခိုင်းပြီးသည့်အဖြေနောက်မှာ မဖွင့်နဲ့ဆိုသံက နောက်ကျသွား ည်။ ရဲ့ကဖုန်းကိုဆွဲယူလိုက်ပြီးမှ မျက်နှာလေးပျက်နေကာ.. ။

"အဲ့ဒီအန်တီကြီးက စကားပြောကြမ်းတယ်.."

"သြော်..အလန့်တကြားတားလို့ ဘာများလဲလို့သမီးရယ်၊ ဘယ်သူ ဖြစ် ဒေါသကြောင့်ကြမ်းတမ်းနေကြတာပါ..မေမေတို့နဲ့သူနဲ့ ဒေါသကြွေး ကြတာလည်းမဟုတ်ဘူး၊ ဒီမှာ ဘာအကြောင်းနဲ့ကြမ်းစရာရှိမှာလဲ.."

မဟုတ်ဘူး..တစ်ခုခုတော့ ပါလာပြီ..

ဒေါ်ဝင်းမာဆိုတဲ့ ချစ်ရဲ့အဒေါ်က ကိုယ့်ကိုဆိုအငြိုးမဲ့မုန်းတီးနေတာ ခဲ့သည်။ ကောင်းသောလာခြင်းနဲ့ အိမ်လည်လာတာ ဘယ်လိုမှမဖြစ်နိုင်။ အချိန်ဆို အဘွားလည်းစာကြည့်ခန်းထဲမှာ သမိုင်းကြောင်းတစ်ခုခုဖတ် ပြီး နားထောင်နေလိမ့်မည်။ ဘွားအတွက်အပေါ်ထပ်နဲ့အောက်ထပ်ဆင်း ခုတင်လှေကားလုပ်ပေးထားသဖြင့် ခြံထဲဆင်းချိန် စာဖတ်ချိန်တွေမှာ ာမှမပူရ.. ။

"တီ.."

"ဟဲ့..ဟဲ့ ဘယ်လိုတုန်းဒီတက္ကစီ.."

ခြံတံခါးကနေ မောင်းဝင်လာပုံက ရှေ့မှာမည်းမည်းမြင်သမျှ တိုက် လိုက်မှာလို့ အော်လာတဲ့အတိုင်း။ ပြီးတော့ ရဲ့ရပ်ထားသည့်ကားနောက် အရှိန်နဲ့ဝင်ရပ်လိုက်တာ ဒေါ်မြတ်ပန်းနီအမလေးအော်မိတဲ့အဖြစ်.. ။

"ဂျိမ်း.."

ဒေါ်ဝင်းမာဆင်းလာပုံက မျက်နှာကမတည်မပြုံး။ တံခါးပိတ်တာ သင်သာ။ ဒါတွေကို ဒေါ်မြတ်ပန်းနီကလည်း ချစ်မဝရဲ့အဒေါ်ဆိုသည့် တ်အောက်မှာ အားလုံးဖျောက်ဖျက်၍ တက္ကစီဒရိုင်ဘာကိုသာ ရည်ရွယ်

ရင်း.. ၊

"ဘယ်လိုဖြစ်ရတာလဲကားဆရာရယ်..မတော်တဆများ တိုက်မိကုန်ရင် ပျက်စီးသွားမှာတွေ ရှင်တတ်နိုင်မှာမို့လား.."

"ဟုတ်ပါတယ်အစ်မကြီးရယ်..တောင်းပန်ပါတယ်ဗျာ၊ ဒီကအစ်မကြီးက အဲ့လိုဟွန်းတီးပါ..အဲ့လိုဝင်သွားပေးပါဆိုတာနဲ့ လုပ်ရတာပါ.."

"ဘယ်လို.."

"ကျွန်တော်တောင်းပန်ပါတယ်ဗျာ.."

ဒရိုင်ဘာက အထပ်ထပ်တောင်းပန်နေကာ ကားထဲကနေ လက်အုပ်ပါချီနေသေးသည်။ ဒေါ်မြတ်ပန်းနီအကြည့်တွေကတော့ ဒေါ်ဝင်းမာဆီမှာပါ.. ၊

"ဟုတ်တယ်..ဒါပေမဲ့ ပိုက်ဆံပေးခိုင်းတာပါ၊ ထိကုန်အောင်မောင်းရင်တော့ ခံပေါ့.."

ကားသမားက ဇက်ပုပြီး မောင်းထွက်သွားလေသည်။ ဒေါ်ဝင်းမာက လှေကားသုံးထစ်ထိတက်သွားပြီးမှ ဒေါ်မြတ်ပန်းနီသူမအောက်လှေကားထိရောက်လာအောင် စောင့်သည်။ ပြီးတော့မှ.. ၊

"ကျွန်မအရေးတကြီးလာခဲ့ရတဲ့အကြောင်းလေးပဲ အချက်ပြလာတာပါ..ဘာမှကြီးကြီးကျယ်ကျယ်မဟုတ်ပါဘူး၊ ဒါပေမဲ့ ပြောရမယ့်အကြောင်းက နည်းနည်းကြီးကျယ်တယ်ဆိုတော့.."

"ညီမဘာပြောချင်တာလဲဆိုတာ သိပါရစေ..ပြောရရင် တို့ချင်းတာခါမှလည်း မသိခဲ့ကြဘူးလေ.."

"သိဖို့မလိုဘူးဒေါ်အဲ့.."

"မြတ်ပန်းနီပါ.."

"အင်း..ဒေါ်မြတ်ပန်းနီအိမ်မှာ ကျွန်မတူက တစ်ပတ်ကိုသုံးရက်စာလာသင်နေတာ၊ အန္တရာယ်က အဲ့ဒီမှာရှိသွားတာပဲ.."

ပြောနေရင်း အကြည့်တွေက ရဲဆီရွှေ့လျားသွားသည်။ စိမ်းပြာရောင်လည်စည်းလေးပါသည့် ခါးရှည်လက်ရှည်ပွပွလေးနှင့်ရဲက ဘောင်းဘီရှည်ကလည်း စကက်နဲ့တူနေအောင်ပွလေသည်။ ထို့ပြင် နှာတံကော့ထင်းနေတာက စစ်ကျသွားသည့်မျက်နှာပြင်မှာ သိသာလွန်းနေတာမို့ ခေါင်းဖျားကနေ

ခြေဖျားအထိ ကြည့်လိုက်ပြီးမှ.. ၊

"အကျီအပွတွေတောင် ဝတ်နေရပြီပဲ.."

ဟင်..

ဘာကိုပြောမှန်းမသိသဖြင့် သားအမိမျက်လုံးချင်းဆုံသွားသည်။ ပြီးတော့ ရဲကကိုယ့်ပုံစံကို ပြန်ငုံ့ကြည့်၏။ ဒါမလုံမခြုံအဝတ်အစားမျိုးမှ မဟုတ်တာ။ ဘယ်လိုပြောစရာဖြစ်ရပြန်တာလဲ..။ သားအမိနှစ်ယောက်ကို ကြည့်ပြီး ဒေါ်ဝင်းမာက မတည်မပြုံးမျက်နှာကြီးနှင့် မဲ့လိုက်တော့ နှာခေါင်းတစ်ဖက်တွန့်ရှုံ့ အေးစက်စက်.. ၊

"ဒီကိစ္စကြီးကို ဘယ်လိုပဲဖုံးဖိထားထား တစ်နေ့ပေါ်လာမှာပဲ..ဒါကာသနဲ့ဖျောက်ပစ်လို့ပျောက်သွားမယ့်ကိစ္စမှ မဟုတ်တာ၊ အဲ့ဒါကြောင့် သိသိချင်းလာခဲ့တာ.."

အကြည့်တို့သည် ရဲရဲ့အကျီအတွင်းကို ထိုးဖောက်မတတ်စူးစိုက်ပြီး ဒေါ်မြတ်ပန်းနီဘက်ကိုလှည့်၍.. ၊

"အရိုးရှင်းဆုံးလိုရင်းကို ပြောရရင်တော့ ရိုင်းလိမ့်မယ်..ရှင့်သမီးမှာကိုယ်ဝန်ရှိနေပြီဒေါ်မြတ်ပန်းနီ.."

"ဘာ.."

ဒေါ်မြတ်ပန်းနီမျက်မှောင်ကုတ်သွားသည်။ အံ့ဩတာထက်ပိုခြင်းကသူ့ကိုထုံဆေးပေးလိုက်သည့်နှယ်။ ပြီးတော့မှ တရိပ်ရိပ်မြင့်တက်လာသည့်ဒေါသက လူကိုဒေါ်ဝင်းမာနဲ့မျက်နှာချင်းဆိုင်ထိ သွားရောက်ရင်ဆိုင်စေခဲ့သျက်.. ၊

"ရှင်ဘာပြောလိုက်တာလဲ..ရှင့်နှာမည်တောင် ကျွန်မတို့မသိဘူး၊ ချစ်ဝရဲ့အဒေါ်ဆိုတဲ့အသိနဲ့ တံခါးဖွင့်ဝင်ခွင့်ပေးခဲ့တာ.."

"ဟုတ်ပါတယ်..ကျွန်မနာမည်ကဝင်းမာ၊ ကျွန်မလည်း ချစ်မဝအဲ့ကြောက်မို့လာခဲ့တာပဲလေ..မဟုတ်ရင် လာစရာဘာအကြောင်းရှိလို့လဲ.."

"အခု ရှင်ပြောခဲ့တဲ့စကားတွေအတွက် ရှင်တာဝန်ယူရမှာကိုရောသိရဲ့လား..ဒီထိလာပြီး အိမ်ရှင်ကိုစော်ကားနေတာ ရှင့်ကိုယ်ရှင်....."

"နီး နီး နီး..နေဦး နေပါဦး၊ အဲ့ဒီဟာတွေအားလုံးကို ဝင်းမာကပြင်ဆင်လာပြီးသား၊ ငါ့ပိုင်နက်ဆိုပြီး ဖြမခြောက်နဲ့..အိမ်မှာလည်း ကျွန်မပြော

ရင် လိုရင်းတန်းမရောက်တတ်လို့ ရှင့်မွေးစားသမီး ဖုန်းဆက်လာတည်းက ရီကော့ဒ်ယူထားခဲ့တာ..ဒီမှာ..”

လက်ကိုင်အိတ်ချိတ်ထားသည့်လက်နဲ့ ဖုန်းကိုင်ထားတာမို့ ဖုန်းကို ထောင်ပြလိုက်တော့ လက်ကိုင်အိတ်ကြီးပါ မြောက်ပါသွားပြီး လေထဲမှာတ ရမ်းရမ်းဖြစ်နေ၏။ ပြီးမှ ဖုန်းကိုတစ်ဖက်နဲ့ပြောင်းကိုင်လိုက်ကာ.. ।

“ဖွင့်ပြရမလား..သူပြောတဲ့အတိုင်း ပြန်ပြောပြရမလား..”

“နီနီပြောတာ..ဘာကိုလဲ..”

“သူ့ညီမမှာကိုယ်ဝန်ရှိနေတဲ့အကြောင်းပါ..ကျွန်မတူကိုကပ်ပေါင်းပြီး ကိုယ်ဝန်ဖျက်ဖို့လုပ်နေတယ်ထင်လို့ သူစုံစမ်းနေတာ..ပြောတာလည်း ဟုတ်တာပဲလေ..ကိုယ့်စိတ်အလိုလိုက်ပြီး ထင်သလိုနေခဲ့ပြီးမှ အသက်တစ်ချောင်းကို ရက်ရက်စက်စက်မလုပ်သင့်ပါဘူး..”

ဒေါ်မြတ်ပန်းနီ ပါးစပ်အဟောင်းသားဖြစ်လျက် သမီးကိုလှည့်ကြည့်သည်။ ရဲကိုယ်တိုင်တအံ့တဩကြီးငေးနေခဲ့လျက် မိခင်ဖြစ်သူက တရားခံလိုကြည့်တော့ ခေါင်းတွင်တွင်ခါ၏။ သို့သော် ရှင်းပြငြင်းဖယ်ချိန်မရ..

“ကျွန်မတူက ဒီလိုကိစ္စကိုဘယ်တော့မှ ကူညီမှာမဟုတ်သလို သူ့ဟာသူပျက်စီးသွားရင်တောင် ရှင့်သမီးကြီးရဲ့စွပ်စွဲမှုကနေ ကျွန်မတူလွတ်မှာမဟုတ်ဘူး..နောက်ထပ်ပြီး ကလေးအဖေဖော်ဖို့ထိ ကြံစည်ခဲ့ရင်..”

“မဝင်းမာ..ရှင်..”

“မေမေ..”

ဒေါ်မြတ်ပန်းနီ ထိန်းချုပ်မှုတွေကျိုးပေါက်သွားခဲ့ပြီး လက်တစ်ဖက်ကို အားရှိပါးရှိလွှဲမြှောက်လိုက်၏။ ရိုက်ချမလာမီ ရဲကအမိအရပြေးဆွဲထားလိုက်ပြီး.. ।

“မလုပ်နဲ့မေမေ..သမီးမှ ဘာမှမဟုတ်တာ..”

“ဖယ်စမ်း..”

“အား..”

ရဲကို လက်ခါတွန်းပစ်လိုက်သဖြင့် ဘေးမှာပုံခနဲလဲကျသွားလျှင် ဒေါ်မြတ်ပန်းနီအိမ်ထဲကို ချာခနဲလှည့်ဝင်သွား၏။

“နီနီ..နီနီဘယ်မှာလဲ..”

ကံဆိုးခြင်းသည် ထိုအချိန်လေးမှာပဲ ဦးရဲလူအလုပ်ကနေ ရုတ်တက်ကြီးပြန်ရောက်လာတာ အချိန်ကိုက်.. ।

“သမီး..”

ဘေးက အမျိုးသမီးကြီးကို တစ်ချက်လှမ်းကြည့်ပြီး သမီးကိုပြေးထူသည်။ ပြီးတော့ ဒေါသတကြီးအိမ်ထဲဝင်သွားသည့် ဇနီးသည်ကိုလှမ်းကြည့်ငင်း.. ।

“ဘာတွေဖြစ်နေကြတာလဲသမီး..ခြံဝကနေ ဖေဖေအကုန်မြင်တယ်”

“သမီးမဟုတ်ဘူးဖေဖေ..ရဲဘာမှမမှားခဲ့ဘူး၊ အဲ့လို ရဲဘယ်တော့မှမလုပ်ဘူး..”

“သမီး..နေဦး..”

“ဟင့်အင်း..သမီးအဲ့လိုမိန်းမမျိုးမဟုတ်ဘူး၊ သမီးကိုယုံပါဖေဖေယ်..သမီး..”

“ဟာ..သမီး..”

ရဲကိုယ်လေး ဦးရဲလူလက်ထဲမှာတင် ပျော့ခွေကျသွားလေသည်။ မသင်မှတ်ဘဲ အကြီးအကျယ်ဆူပူမှုတွေဖြစ်ကုန်ကာမှ ဒေါ်ဝင်းမာမျက်လုံးတွေစစပြူးကျယ်လာ၏။

“ကျွန်မက ထင်ယောင်ဝါးလာပြောတာ မဟုတ်ဘူးနော်..ဒီမှာနီနီဇင်ဖုန်းဆက်ပြောထားတာ ရီကော့ဒ်ရှိတယ်၊ ပြီးတော့ ဒေါက်တာသဲစုဝင်းလည်းသိတယ်တဲ့..ဘယ်သူမဆို ကိုယ့်လက်ပူမှာတော့ ကြောက်ကြတာပဲ၊ ကျွန်မလည်း ကျွန်မတူအတွက်..”

ဦးရဲလူသမီးကိုပွေ့ချီပြီး အိမ်ထဲကိုအပြေးတပိုင်းဝင်သွားလျှင် ဒေါ်ဝင်းမာစကားသံရပ်သွားသည်။ ပြီးတော့ ကမန်းကတန်းလှည့်ပြန်ဖို့ပြင်၏။ ပြီးမှ ခြေလှမ်းပြန်တုံ့ပြီး အိမ်ထဲကိုကြည့်သည်။ ကြားနေရသည့်ဆူညံသံတွေကြောင့် သိချင်စိတ်ကလည်း ရှိနေပြန်သဖြင့် မသွားနိုင်.. ।

ဒေါ်မြတ်ပန်းနီအသိထဲမှာ သူမတကယ်ရင်ဆိုင်ဖြေရှင်းရမယ့်သူကနီနီပဲဆိုတာ သိလိုက်သည်။ ထို့ကြောင့် ဒေါ်ဝင်းမာကိုဂရုမစိုက်တော့ဘဲနီနီ့အခန်းဆီ တန်းတန်းမတ်မတ်သွားသည်။ ဒီအချိန်မှာ သက်ကြီးရွယ်အိုဒေါ်မြတ်ချစ်ကိုလည်း သတိမရ။ တခြားဘယ်သူသိသွားနိုင်သလဲဆိုတာကို

လည်း မတွေးနိုင်.. ।

"နီနီ..သမီးကြီး၊ နီနီထွက်ခဲ့စမ်း.."

"ဒုံး..ဒုံး.."

"နီနီ..နီနီ ငါခေါ်နေတယ်နော်.."

"သမီးက ဒီမှာပါ.."

နောက်ကစကားသံကြောင့် ဖျတ်ခနဲလှည့်ကြည့်မိသည်။ နီနီက ဆွဲသားအင်္ကျီလည်ကပ်လက်ပြတ်နှင့် စကက်ရှည်ကပ်ကပ်လေးကိုဝတ်ထားသည်။ ဆံပင်တွေကိုနောက်မှာ ခေါင်းစည်းကွင်းနဲ့ စုစည်းထားကာ မျက်ဝန်းတို့က တည်ငြိမ်နေ၏။

"သမီးက အားလုံးကောင်းဖို့လုပ်တာပါ.."

"ဘာ.."

"မေမေ့သမီး နေပုံထိုင်ပုံက မိသားစုဂုဏ်သိက္ခာကိုထိခိုက်စေတယ်.."

"ကြည့်စမ်း.."

"မိသားစုအတွက် တစ်ဘဝလုံးကြိုးပမ်းခဲ့ရတဲ့သမီးကတော့.."

"မိသားစုအတွက် ဟုတ်လား..မိသားစုအတွက် ကြိုးပမ်းခဲ့တာတွေကို နစ်နာတယ်ထင်ပြီး အရှိန်ရမှ ခြေထိုးခံလိုက်တာပေါ့.."

ဒေါ်မြတ်ပန်းနီကိုစိုက်ကြည့်နေသည့် နီနီ့မျက်ဝန်းတွေက စူးရဲအေးစက်နေသည်။ ပြီးတော့ ကျောက်ရုပ်လေးလိုရပ်နေရင်း.. ।

"သမီးကိုဒေါသထွက်နေဖွာလားမေမေ..မေမေ့သမီးမှာ တကယ်ဖြစ်မဖြစ် မေမေမမေးတော့ဘူးလား.."

"ဖြစ်စရာအကြောင်းမရှိဘူး..လုံးဝမဖြစ်ဘူး၊ ငါ့သမီးကိုငါယုံတယ်.."

"ဒါဆို သမီးကိုမယုံတာပေါ့..သမီးကမေမေ့သမီးမဟုတ်လို့လား.."

"နီနီ..ညည်း.."

"ပြောစမ်းပါမေမေ..ဟိုမိန်းမကြီး တမင်လာပြီးရန်တိုက်နေတယ်၊ ငါ့သမီးကြီး ဒီလိုစကားတွေပြောမှာမဟုတ်ဘူးလို့များ သမီးဘက်ကိုယုံကြည်ပြီး နည်းနည်းလေးမှ မတွေးပေးတော့ဘူးလား.."

"အမလေး..ခုမှ ရှောင်လွှဲချင်တာလားနီနီဇင်မြင့်၊ ဟောဒီမှာ ညည်းပြောထားတာ သက်သေရှိတယ်နော်.."

ဒေါ်ဝင်းမာ အပြေးတပိုင်းဝင်လာပြီး ဖုန်းကိုလည်းထောင်ပြသည်။ ကယ်လည်း ဖွင့်ပြလိုက်သည့်အခါတွင်.. ।

"အဲ့ဒီကိုယ်ဝန်ဖျက်ချဖို့ကို ဒေါက်တာသဲစုဝင်းကိုလည်း စည်းရုံးသားတယ်..ချစ်မဝအောင်ကိုလည်း အပိုင်ကိုင်ထားတယ်၊ အဲ့ဒါတွေကို ကျွန် အားလုံးသိတယ်အန်တီ..ရဲ့သိက္ခာမဲ့သမျှ သမီးတို့တောက်လျှောက်ဖာထေး ပြင်လာခဲ့တာနော်၊ ဒီကိစ္စကို ဖုံးဖိဖို့အတွက်လည်း ဘာဖြစ်ဖြစ်လုပ်ရမှာ ..အဲ့ဒီတော့ ချစ်မဝအောင်ကို ပါးစပ်ပိတ်ထားပေးပါ၊ ကလေးကို ဟိုလိုဒီလို ုပ်ဖို့လည်း မကူညီပါနဲ့..မဟုတ်ရင်တော့ မထင်မှတ်တဲ့ပြဿနာတွေ ဝင် ာလိမ့်မယ်ဆိုတာ ကြိုပြောလိုက်မယ်.."

တိတ်ကျနေသည့် စကြိန်လမ်းလေးမှာ ဖုန်းထဲကထွက်ပေါ်နေသည့် နီနီ့စကားသံတွေက တစ်ခွန်းချင်းပီပြင်နေသည်။ ဒေါ်မြတ်ပန်းနီအံကြိတ် ရင်း လက်သီးနှစ်ဖက်ကို ဖိဆုပ်ပစ်နေလျက်.. ।

"ဒီလောက်တောင်ယုတ်မာတယ်..ညည်း.."

လက်သည်အရှိန်နှင့်မြှောက်တက်သွားခဲ့၏။ သို့သော်.. ।

"မြတ်.."

ဦးရဲလူက အသံကျယ်ကြီးနှင့် လှမ်းတားကာ ခြေလှမ်းတို့သည် ပြေး ာသကဲ့သို့ မြန်ဆန်လျက်.. ।

"ဒီလိုနည်းနဲ့ ဖြေရှင်းလို့မရဘူး..မင့်သမီးက ဒီတိုင်းဖြစ်စေချင်တာ၊ သူခေါင်းစဉ်တပ်စရာရသွားအောင် မလုပ်နဲ့.."

"ဟား ဟား ဟား.."

နီနီက ပုခုံးတွေလှုပ်အောင်ရယ်သည်။ သို့သော် ရယ်ချင်နေတာမ ုတ်.. ।

"လုပ်ပါ..ရိုက်လေ.."

သူမမျက်ဝန်းတွေက ဦးရဲလူနောက်မှာ မိသီကိုတွဲရင်း လိုက်ပါလာသည့်ဒေါ်မြတ်ချစ်ထံ ကျော်လွှားရောက်သွားခဲ့ပြီး.. ।

"မွေးစားသမီးကျတော့ ဝမ်းနဲ့မလွယ် သားမမယ်(မည်)တဲ့..ဘာလုပ် ုပ် သွေးမဟုတ်လို့၊ ကိုယ့်သားသမီးမဟုတ်လို့ နီနီဇင်မြင့်ဘာလုပ်လုပ် ကောင်းတာ ဘာမှမရှိဘူး..ငါ့သွေးမှငါ့သွေးဖြစ်နေကြတဲ့ မေမေတို့ကျတော့

ဘယ်လိုပြောရမလဲ၊ တပည့်များတော့ တုတ်..ဆရာများတော့ ဆောရီးလား..”

“ညည်းလုပ်ပုံကို ညည်းပြန်ကြည့်ဦး..ညည်းကိုငါဘယ်လိုမှမထင်ခဲ့ဘူး..”

“ဟုတ်လား..မထင်ခဲ့ရင်လည်း ‘ဟုတ်ရဲ့လားသမီး’လို့မေးလေ၊ ရဲရဲဘာမှမဟုတ်ဘူးဆိုတာတော့ ဖြေရှင်းချက်မယူဘဲ မျက်နှာလွှဲပြီးပြေးလာတယ်..မွေးစားသမီးကျတော့ ဖြေရှင်းခွင့်တောင်မပေးဘဲ ခြေထိုးခံတဲ့မိန်းမလို့ တန်းပြောတယ်..”

“ဟော့..စကားတွေသိပ်တတ်မနေနဲ့..”

ဒေါ်မြတ်ချစ်က လှမ်းအော်ရင်း စိတ်လိုက်မာန်ပါရှေ့တိုးလာသည်၊ မိသီက ကမန်းကတန်းတွဲ၍ ကပ်ပါလာသဖြင့် လက်တစ်ဖက်နဲ့ဖယ်ချပစ်ကာ.. ၊

“နင့်ဒီမှာနေလာတဲ့တောက်လျှောက်မှာ အထဲတစ်မျိုးအပြင်တစ်မျိုးနဲ့နေလာခဲ့တာ..အဲ့ဒါဟုတ်သလားမဟုတ်ဘူးလားပြော..”

နီနီ အသံတိတ်နေကာမှ.. ၊

“ငါကလည်း ဘယ်တုန်းကမှမယုံကြည်ခဲ့တဲ့မိန်းမ..ယုံကြည်နေတဲ့လူတွေကို တိုးပေါက်အောင်မပြောချင်လို့နေနေတာ၊ အဲ့ဒီတော့ ဘာမေးခွန်းမှ ထုတ်မနေနဲ့..အခု နင်ယုတ်ယုတ်မာမာလုပ်ကြံခဲ့တဲ့ကိစ္စကိုဖြေရှင်း၊ မဖြေရှင်းနိုင်ရင်း တရားစွဲမယ်..”

“သြော်..”

နီနီ့မျက်လုံးထဲမှာ အေးစက်ခြင်းပူလောင်ခြင်းတို့ရောယှက်ရင်း ငွေရည်ဖွဲ့ကြ၏။ ထိုအခါ မျက်ရည်တွေရစ်ဝိုင်းလာခဲ့ပြီး.. ၊

“ထောင်မကလို့ ဘယ်ထိပို့ပို့ ဂရုမစိုက်ဘူး..ဒီနေ့လိုနေ့ကိုရင်ဆိုင်ဖို့အတွက် နီအစတည်းကပြင်ဆင်ပြီးသား..”

ပညာတွေတော်အောင် ကြိုးစားခဲ့သည်။ တော်လိုက်တာဆိုတာထက်မပို။ ယဉ်ကျေးလိမ္မာစွာနေထိုင်ခဲ့သည်။ သူမသာလျှင်ဗိုင်းကောင်းကျောက်ဖိမိန်းမအလိမ္မာလေးဖြစ်နေခဲ့သည်။ တန်ဖိုးကတော့ ဇီးရိုးကနေတက်မလာခဲ့ပေ။ ဒီအိမ်ကိုစရောက်လာတည်းက ဒေါ်မြတ်ချစ်၏အငြိုးမဲ့စက်ကွင်းမှာ ခြွကျွံနစ်ခဲ့ရသည်။ မေမေတို့က ငါ့ကိုချစ်တယ်ဆိုသည့်အားထားရာလေးနဲ့ ကြိတ်မှိတ်မျိုသိပ်ခဲ့ပေမယ့် နေရာတကာမှာ ကိုယ်ဟာမွေးစားသမီးရာထူးနဲ့သာ ပွဲတက်ခဲ့ရကာ ပညာရေးမှာမကြိုးစား မိန်းမတစ်ယောက်၏ဂုဏ်သိက္ခာကိုနည်းနည်းလေးမှ ဂရုမစိုက်ခဲ့သည့် ရဲရဲကတော့ သမီးရင်းနေရာကနေ ဘာလုပ်လုပ်တန်ဖိုးကြီးမြဲ ဗိုလ်ကျနေမြဲ.. ၊

ရင်ထဲမှာ နာကျင်ရဆုံးသည် ရဲရဲအတွက်အိမ်ထောင်ဘက်ရွေးတိုင်းဦးတည်ချက်က တကယ့်ဒိတ်ဒိတ်ကြဲသူဌေး။ ရာထူးဒီဂရီတွေအမြင့်စားနှင့်ပြည့်စုံကျော်လွန်နေသည့် ယောက်ျားမျိုး။ ကိုယ့်အတွက်ဆို အိမ်ထောင်ရေးမဆိုထားနှင့် ချစ်ရေးချစ်ရာကိစ္စတောင် စိတ်ဝင်စားဟန်မပြခဲ့။ ပြောလိုက်ရင်ဘာလဲ..

“ငါ့သမီးကြီးက ဘာမှပြောစရာမလိုဘူး..လိမ္မာပြီးသား..”တဲ့။ ရဲရဲအတွက်ကို ပူလို့မဆုံး။ လုံးပမ်းသမျှရဲရဲအတွက်ချည်းသာ။ သူမကြိုးစားသမျှ ဘာတွေအရာထင်ခဲ့သလဲ..။ သူမတစ်ဘဝလုံးအကောင်းဆုံးကြိုးစားလာခဲ့တာတွေအတွက်ဘာပြန်ရခဲ့သလဲ..။ ထို့ကြောင့် ရဲရဲကောင်းစားဖို့မှန်သမျှကို သူမမလိုလားနိုင်ပါ။ ရဲရဲဆိုတဲ့မိန်းကလေးဘာမှမသိပေမယ့် သူမနဲ့ရင်နှီးလာမှုမှာ ချစ်မဝအရည်ပျော်နေပြီမှန်း ကိုယ်ကသိနေသည်။ မကြာခင်နှီးစပ်ချစ်ခင်တော့မှာလည်း သေချာနေသည်။ ဒါကိုဘယ်လိုနှလုံးသားနဲ့ဝမ်းမြောက်ဝမ်းသာဖြစ်ပေးရမှာလဲ.. ၊

“မေမေမရှင်းလို့မေးပါရစေ..”

ဒေါသတို့သည် မယုံနိုင်သည့်ကြေကွဲမှုများသို့ ပြောင်းလဲသွားခဲ့ပြီး..

“တောက်လျှောက်အဆင်ပြေပြေနေလာခဲ့တာလေ..ညည်းရင်ထဲမှာဒီလိုတွေကြိတ်ခံစားနေခဲ့မှန်း နည်းနည်းလေးတောင် အရိပ်မပြခဲ့ဘဲ အခုဘယ်လိုဖြစ်ပြီး ဘယ်လောက်တောင်နာကျည်းနေလို့ ကိုယ့်ညီမလေးကို..ဟင်..ညည်းလုပ်ရက်လှချေလားနီနီရယ်၊ မေမေတို့..ငါတို့အပေါ်မှာ ဒီလောက်တောင် နာကျည်းစရာဖြစ်ခဲ့တာလား..ဘာတွေလဲ၊ ပြောချလိုက်စမ်းပါ..”

“ပြောမှာပါ..”

နီနီကလည်း ပြတ်သားစွာခေါင်းညိတ်သည်။

“ဆန်ကွဲကျိုခိုင်းပြီး ပေါ်ဆန်းမွှေးနဲ့မရဘူးပြောနေတော့ မခက်ဘူး

လား..ဝမ်းနဲ့မလွယ်သားမမယ်ဆိုတဲ့စကားနဲ့ အချိန်တိုင်းထိုးနှက်ခံလာခဲ့ရတဲ့ သမီးရင်ထဲကို ဝင်ကြည့်ကြည့်ပါလားမေမေ.."

"မိသားစုဆိုတာ အေးအတူပူအမျှပဲနီနီ..မိသားစုမို့လို့ အမြဲတမ်းစည်းလုံးအေးချမ်းမနေဘူး၊ စည်းလုံးနေကြတိုင်းလည်း အားလုံးပြည့်စုံမနေကြဘူး..ဒီအိမ်မှာ မလိုစကားလည်းရှိမယ်၊ လိုတဲ့စကားလည်းရှိမှာပဲ..ညည်းကို မေမေတို့ခွဲခြားဆက်ဆံခဲ့တာ ဘာရှိသလဲ.."

"တောက်လျှောက်ခွဲခြားထားခဲ့တာ.."

"ဟင်.."

"ကျောသားရင်သား အမြဲခွဲခြမ်းနေကြတာ ဒီအိမ်ပဲ..သမီးရင်းမို့ရဲရဲကို မြှောက်စားတယ်၊ မရင်းတဲ့လူကိုချောင်ထိုးတယ်..အိမ်ထောင်ရေးကိစ္စမှာတောင် ရဲရဲအတွက်ဆို ရဲရဲလိုချင်တဲ့လူဖြစ်ဖြစ် မလိုချင်တဲ့လူဖြစ်ဖြစ် အဲ့ဒီယောကျ်ားမှာအထက်ပါအောက်ပါအရည်အချင်းတွေအပြည့်..သမီးကျတော့ ကလေးငိုနဲ့တဲ့.."

"ကလေးငိုကလည်း ရဲရဲနဲ့မဟုတ်လို့ လက်မခံခဲ့တာပဲလေ.."

ဒေါ်မြတ်ချစ်က ကောက်ခနဲဝင်ပြောပြီး.. ၊

"အဲ့ဩပါရဲ့နီနီရယ်..ညည်းရုပ်ရည်ကိုလည်း ပြန်ကြည့်ပါဦး၊ ငါ့မြေးကို စေ့စပ်ဖို့အတွက်ဆို ယောကျ်ားလေးကိုယ်တိုင်က လိုလိုချင်ချင်လေ..အဲ့ဒါ ငါတို့တွေဘာမှကြိုးပမ်းပေးခဲ့တာမဟုတ်ဘူး၊ ညည်းနဲ့ရဲရဲတူလို့လား.."

မညှာမတာစကားသံတွေမှာ မခံနိုင်တော့သည့်အချိန်မှာ မေးခွန်းတိုင်းက ပြင်းထန်စွာထိရှနေကြ၏။ နီနီ ဒေါ်မြတ်ချစ်ကိုနှစ်ချို့အမုန်းတို့နှင့် စိုက်ကြည့်မိရင်း.. ၊

"အဲ့ဒါကြောင့် နီနီနဲ့တူသွားအောင်လုပ်တာလေ..ရဲရဲကိုနာမည်တွေပျက်အောင်သတင်းတွေပုံကြီးချဲ့ပြောနေခဲ့တာ ဘယ်သူမို့လို့လဲ၊ ကျောင်းမှာ ရပ်ကွက်ထဲမှာ သူငယ်ချင်းတွေထဲမှာ.."

"နီနီ..ညည်း ညည်းကြည့်စမ်း.."

မျက်ရည်ဝဲ့နေသည့်မျက်ဝန်းတို့ ဆုံဆည်းမိကြလျှင် နီနီကလက်ပိုက်ပြီး ဆတ်ခနဲမျက်နှာလွှဲ၏။

"အဲ့ဒါ နီနီ့ကိုအမြဲတမ်းခွဲခြားနှိမ့်ချနေခဲ့တဲ့အတွက် တန်းညှိလိုက်

ဘာပဲ..မျှမျှတတပေါ့.."

"မမျှတဘူးနီနီ..ဝမ်းနဲ့မလွယ် သားမမယ်ဆိုတဲ့စကားက ခုမှသရုပ်အမှန်ကိုပြတာ၊ ငါတို့ကကိုယ့်သားသမီးလို ပြုစုစောင့်ရှောက်ခဲ့တယ်..အချိန်တန်တော့ မွေးစားသမီးမို့မွေးစားသမီးလို ဆက်ဆံတယ်လို့ အပြောခံရတယ်၊ အဲ့ဒါလည်းပြောပါ..လူတိုင်း ကိုယ့်ကိုယ်ကိုမှန်နေတယ်ထင်ကြတာပဲ၊ ငါတို့ကိုလည်း တစ်ဖက်ကမြင်ချင်သလိုမြင်နိုင်တယ်..ထင်သလိုဝေဖန်လို့ရတယ်"

ဒေါ်မြတ်ပန်းနီအသံတွေက မငိုပါဘဲ ငိုသံတွေပါနေခဲ့လျက်.. ၊

"လိမ်တယ်ညာတယ်ဆိုတာ ဟန်ဆောင်မှုမကင်းတာမှန်ပေမယ့် တခြင်တကာမျိုသိပ်အုံဖွဲ့ပြီး ဟန်ဆောင်နိုင်တာက ဆိုးတယ်..ပိုပြီးပိပိရိရိနှစ်နဲ့ချီပြီး ဟန်ဆောင်နေခဲ့တာကျတော့ အဲ့ဒါယုတ်မာတဲ့အပိုင်း ရောက်သွားပြီ..ညည်းကိုငါလုံးဝမထင်ခဲ့ဘူးနီနီ.."

"သူများထင်ချင်လာအောင်နေခဲ့ရင် ရဲရဲကရည်းစားများပြီး ရှုပ်ပွေနေတဲ့မိန်းမဖြစ်လာပါ့မလား.."

"ဖြစ်လာစရာအကြောင်း မရှိဘူးနီနီ..ငါ့မြေးကိုများ ညည်းကကြံစည်ခဲ့ပြီ၊ ညည်းရဲ့ပိုင်ကွက်တွေကြောင့် နစ်မွန်းသွားပြီလို့ ထင်နေတာလား..မြွေမှန်ရင် တွင်းဝင်ဖြောင့်တယ်အေ့.."

ဒေါ်မြတ်ချစ်က လူကြီးပီပီ ဒေါသထွက်တာလည်း ငယ်သူတွေထက်သည်။ အသက်ကြီးတာ့ကြောင့်ပဲ တော်ရုံဆိုထိန်းချုပ်ဖို့ခက်ရကာ.. ၊

"အဲ့ဒါ အားလုံးအတွက်သခ်န်းစာပဲ..ခြေနှစ်ချောင်းလည်းမကယ်နဲ့၊ ခင်းလှေမျောလည်း မဆယ်နဲ့တဲ့..အချိန်တန်လာရင် ရလိုမှုတွေများလာကြတာပဲ၊ ခြေရာချင်းတိုင်းပြီး ကျော်တက်ဖို့ကြိုးစားလာတာပဲ..ညည်းကိုယ်ညည်း ပညာတတ်ကြီးဆိုပြီး မာန်တွေတက်နေတာအံ့ရော၊ အသိပညာ အတတ်ပညာတဲ့..သင်ထားတဲ့ပညာတွေ ဘယ်လောက်တတ်နေနေ အသိပညာမရှိရင် ကုန်စည်အပြည့်နဲ့ရေပြင်ပေါ်မှာမျောနေတဲ့ မောင်းသူမဲ့ယာဉ်လိုပဲ..ညည်းကတော့ ပိုဆိုးဦးမယ်၊ အမြီးမီးလောင်နေတဲ့ခွေး.."

"အဲ့ဒီမီးက ဒေါ်မြတ်ချစ်ရှို့လိုက်တာများလား.."

"ကြည့်စမ်းနီနီ.."

"နီနီ..နင့်ကိုငါတို့ဒီလိုတွေမိုက်ရိုင်းဖို့ ပြုစုပျိုးထောင်ခဲ့တာလား.."

ဒေါ်မြတ်ပန်းနီနဲ့ဦးရဲလူတို့ထံမှ မချင့်မရဲစကားသံတို့ ကိုယ်စီထွက်လာကြသည်။ နီနီ့မျက်နှာကနည်းနည်းမှမလျှော့သော တင်းမာမှုတို့ကိုကြည့်ရင်း ပို၍နာကျင်ရသူက ဦးရဲလူဖြစ်၏။ ဒီကလေးကိုခေါ်လာခဲ့သူက သူပဲဖြစ်သည်မို့ သူမလေးနဲ့ပတ်သက်သမျှ အကောင်းအဆိုးဖြစ်စဉ်တိုင်း၏တာဝန်အရှိဆုံးလူကလည်း သူသာဖြစ်လေသည်။ ဇာတ်လမ်းတစ်ပုဒ်လုံးမှာ အဓိကဇာတ်ကောင်တွေ ဘာတွေဖြစ်ကုန်မလဲ ပရိသတ်ကအာရုံစိုက်နေကြစဉ် တစ်ခါနှစ်ခါလောက်ပဲပါလာခဲ့သည့် ဖြတ်လျှောက်က အားလုံးအမှုန့်ဖြစ်အောင် ဖုံးကြသွားသည့်အဖြစ်မျိုးလား..။ ဒီအိမ်မှာ အတွင်းလှိုက်ခြစားနေတာ ဘယ်သူသိမလဲ..။ အလိမ္မာဆုံးသိမ်မွေ့နူးညံ့ဆုံးသမီးအကြီးဆိုသည့် မိန်းမလှလေးတစ်ယောက်က ဒီလိုအကွက်ချကြံစည်နေခဲ့သည်ဆိုတာ ဘယ်သူယုံမှာလဲ..။ ဒါပေမဲ့ ဒီအိမ်မှာဖြစ်နေခဲ့သည်။ ဦးရဲလူမျက်နှာကြီး နီရဲနေကာ.. ၊

"အခု နင့်ညီမအခန်းထဲလဲသွားပြီ..ဒေါက်တာချစ်မဝအောင်ရဲ့တစ်အိမ်သားလုံး ပတ်ဝန်းကျင်တစ်ခုလုံးသိအောင် သိက္ခာမဲ့အရှက်ရစေမယ့်လုပ်ကြံသတင်းတွေလည်း ဖြန့်ခဲ့ပြီးပြီ..အဲ့ဒီတော့ ဘယ်သူ့မှာအကျိုးအမြတ်တွေကျန်ခဲ့သလဲ.."

"ကျေနပ်အားရတဲ့ အကျိုးအမြတ်တွေပေါ့ဖေဖေ..ဖေဖေတို့သိတာရွှေငွေစည်းစိမ်ချမ်းသာတွေမို့လား၊ ဖေဖေ့သမီး သမီးလိုပညာတတ်သလား..သမီးစောင့်ထိန်းတဲ့သိက္ခာမျိုး သူစိထိန်းနိုင်သလား.."

"မထိန်းနိုင်ဘူး..ရဲရဲကဟန်ဆောင်မျိုသိပ်မှုတွေလည်း မရှိဘူး၊ ပညာတတ်ပြီး ဦးနှောက်မပါသလို ကြီးပြင်းနေတဲ့လူတွေထက်စာရင် ရဲရဲကတော်ပါတယ်..ဒါကြောင့် သူပညာတတ်တတ်မတတ်တတ် နင့်ထက်သာတယ်.."

"ဟား ဟား ဟား.."

"မိန်းမ..ဒီအိမ်က ပံ့ပိုးပေးခဲ့လို့ ညည်းပညာတတ်ကြီးဖြစ်နေတာကိုတယ်လည်းမာန်ထောင်နေပါလား၊ ကျေးဇူးကန်းလမ်းမမြင်.."

ဒေါ်မြတ်ချစ် ဒေါသတွေထွက်ရင်း အံတကြိတ်ကြိတ်ဖြစ်နေလေသည်။

"ဘာကျေးဇူးလဲ..ကျွန်မပညာတတ်ဖြစ်လာတာ ပညာတတ်ဖြစ်ရ

ကျွန်မကပဲ၊ အဘွားတို့ထောက်ပံ့နိုင်လို့ ပညာတတ်ရတယ်ဆိုရင် နီရဲရဲ ဘွက် ကုန်လိုက်တဲ့ပိုက်ဆံတွေ..သူခုထိဆယ်တန်းအောင်ခဲ့လို့လား၊ မတို့ချင်းဘယ်သူ့ဘယ်သူမှာမှ ကျေးဇူးတရားမရှိဘူး..အခု အဝတ်တစ် ည် ကိုယ်တစ်ခုနဲ့ ကျွန်မသွားရဲတယ်၊ ကျွန်မက ပညာတတ်တာကိုး.."

ပြောပြီး ရယ်သည်။ ပြီးတော့ ဟွန့်ခနဲမဲ့ကာ အိမ်ရှေ့ထွက်လာခဲ့ း.. ၊

"ယဉ်.."

ယဉ့်ကိုမြင်လိုက်တော့ မျက်နှာတစ်ပြင်လုံး နွေးခနဲဖြစ်သွားသည်။ ဆိုင်ရဲသည့်မျက်လုံးတွေက အလိုအလျောက်လွှဲဖယ်ပြီးသားဖြစ်သွားခဲ့ က် ပြီးမှ ကိုယ့်စိတ်ကိုပြန်တင်း၍ ဆတ်ခနဲလှည့်ကာ.. ၊

"ဆောရီး.."

"ဘာဆောရီးတာလဲနီနီ..နင်အဲ့လိုပြောရမှာက ငါမဟုတ်ဘူး၊ ဒေါက် သဲစုဝင်းကို.."

"အဲ့ဒါနင်ပူဖို့မလိုပါဘူး..ငါလုပ်တာ ဘယ်သူမှသိက္ခာကျအောင်မ ဘ်ဘူး..ငါတာ့ဂတ်က ရဲရဲ.."

"ဥပဒေကို စက္ကူတစ်ရွက်လို ညှပ်ချကိုက်ထုတ်ပြီး စီရင်ပေးပါ ောင်းဆိုလို့မရဘူး..နင်လုပ်ခဲ့တာ အပြစ်ကြီးတယ်.."

ဂရုမစိုက်သလိုမဲ့သည်။ ပြီးတော့ ယဉ်နဲ့အတူပါလာသည့် ဒေါ်နုလွင် ကိုလည်း ကြည့်မိ၏။ သူတို့တွေ ဒီနားမှာရှိနေကြသည်ဆိုတော့ အားလုံး ားပြီးပြီပေါ့။ မကောင်းမှုအကုသိုလ်သည် စတင်ချဉ်းနင်းပြီဆိုတာနဲ့ ဒီအ သိုလ်အကျိုးတွေက ဘာဖြစ်လို့အဖော်အပေါင်းနဲ့ ဝင်လာကြတာလဲ..။ မလုပ်ခဲ့တာ သိစေချင်တဲ့သူတွေပဲသိဖို့။ ပြတ်စေချင်တဲ့သူတွေသာ ပြတ် ောက်သွားကြဖို့။ ပြီးရင်တော့ ကြိမ်မီးအုံသလိုနေလာခဲ့ရသည့် ဒီအိမ်ကြီး ခန အပြီးတိုင်ထွက်ခွာသွားတော့ဖို့။ ခုတော့ အားလုံးအုံကြွပွထကုန်သည်။ ခ်ဦးတစ်ယောက်ကို ပျက်စီးစေလိုခြင်းက မထင်မှတ်သည့်ဆူပူခြင်းတွေပါ ြင်သွားခဲ့သည်။

သူမခြေလှမ်းပြင်ရင်း မျက်နှာကိုမော့ထားလိုက်သည်။ နှစ်ပေါင်းများ ား မျိုသိပ်ကြံရွယ်ခဲ့တဲ့အတိုင်း ရဲရဲဘဝကို စုတ်ပြတ်သပ်အောင် လုပ်နိုင်ခဲ့

ပြီမို့ ကျေနပ်လိုက်သည်။

"အခု ကျွန်မကိုဘယ်သူတားဖို့ရှိသေးလဲ.."

ကိုယ့်ဘာသာစတင်စိန်ခေါ်လိုက်သည်။ ခဏတော့ တိတ်နေပြီးမှ ဦးရဲလူက ခေါင်းခါ၍.. ၊

"မတားပါဘူး..နင့်ကိုငါတို့ ဘာမှလည်းမလုပ်ဘူး၊ ဒါပေမဲ့ နင့်တရားက နင့်ကိုစီရင်လိမ့်မယ်..လူ့ဘဝမှာ လူတိုင်းကံဆိုးမနေကြဘူး၊ မွေးစားခံရတဲ့သားသမီးတိုင်းလည်း မဆိုးကြဘူးကိုး..တချို့သောကံဆိုးသူတွေထဲမှာ ကိုယ်ပါသွားခဲ့တာ ကိုယ့်ကံအကြောင်းပဲ၊ နင့်ကံအကြောင်းကောင်းဖို့သာ ကြိုးစားပါ.."

"ဟွန်း.."

အရယ်အပြုံးဟူသည် ရယ်နေတိုင်းလည်း ပျော်လို့မဟုတ်.. ၊

◆◆◆◆

အခန်း(၃၇)

"မဲ့ရွဲ့ပြုံးသွားလိုက်တာ သူ့ကိုယ်သူအောင်နိုင်သူကြီးပေါ့လေ.."

ဒေါ်မြတ်ချစ် အသည်းယားနေသည့်မျက်နှာကြီးနဲ့ဆိုကာ.. ၊

"ဒေါက်တာသဲစုဝင်းက သူ့ကိုခွင့်လွှတ်မှာမဟုတ်ဘူး..ညည်းသွား တောင်းပန်ပေးလိုက်၊ သူ့ခွေးစိတ်ပေါက်တိုင်း ငါတို့ကပေါက်လို့မဖြစ်ဘူး.. ဘွယ်ရာမရှိ နာမည်တွေပျက်နဲ့ ဒီမိန်းမဘဝပျက်သွားလိမ့်မယ်.."

အမြဲတမ်းကြည့်မရဖြစ်နေခဲ့သည့် ဒေါ်မြတ်ချစ်နှုတ်ဖျားကနေ မိဘ သသည့်စိတ်ရင်းလေး ပေါ်လာသည်။ ပြီးတော့ မိသီကိုတွဲ၍ ခတ်လေ ားဆီထွက်သွားလေသည်။ အပြင်တံခါးအနီးမှာပဲရှိနေကြသေးသည့် ဒေါ် လွင်တို့မိသားစု ရှေ့တိုးချင်ပေမယ့် မဝံ့ရဲ။ ပြန်ဆုတ်သွားဖို့ကလည်း ောင်းပန်ဖို့ဝတ္တရားက ရှိနေသေးသည်။ တောင်းပန်လိုက်ရုံနဲ့ ကျေနပ်ပေး မလားဆိုတာလည်း မသေချာ။ ယဉ်က ထိုအခြေအနေကို သူမသာဦး ဆောင်ရမှာနားလည်ကာ မျက်လွှာချရင်း အထဲကိုတိုးဝင်သွားခဲ့မိပြီး.. ၊

"ကျွန်မတို့ရဲ့ဒေါ်လေး မဆင်မခြင်စွပ်စွဲခဲ့တဲ့အမှားအတွက် သူ့ကိုယ် ား.."

"သူ့ကိုယ်စားမလုပ်ပါနဲ့..ငါ့အမှားငါပဲတောင်းပန်ပါ့မယ်.."

အားလုံးရဲ့ကွယ်ရာမှာ ရှိနေသေးသည့် ဒေါ်ဝင်းမာက ခြေလှမ်းသွ[illegible] သွက်ဖြင့် ဝင်လာကာ.. ၊

"ကျွန်မကိုက စိတ်ကထောင်းခနဲဆို လူကဇွေ့ခနဲရောက်ပြီးသား[illegible] သွားတတ်တာပါ..ကျွန်မတောင်းပန်ပါတယ်၊ ဒီကဒေါ်မြတ်......"

"တောင်းပန်တာက ပိုအဆင်ဆိုးတာတွေ ရှိတတ်တယ်ဒေါ်ဝင်း[illegible] ရှင်စွပ်စွဲခဲ့တဲ့စကားတွေက အရမ်းကိုရှက်ဖို့ကောင်းပါတယ်၊ အခု ပြန်[illegible] ပြောတော့လည်း ပြန်ရှက်ရတာပဲ..အဲ့ဒါကြောင့် ပြန်ကြပါရှင်၊ ဖြစ်ရ[illegible] ကျွန်မသမီးတွေ အသွားမတော်အနေမတတ်တာတွေကြောင့်ဆိုတာ ကျွ[illegible] တို့နားလည်တယ်..ဘယ်သူမပြု မိမိအမှုပါ.."

"ဒီလိုတော့ ဘယ်ဟုတ်ပါ့မလားမမြတ်ရယ်..ကျွန်မတို့ချင်း မ[illegible] ဘူးကြပေမယ့် စိမ်းသက်နေကြတဲ့လူတွေလည်း မဟုတ်ပါဘူး.."

ဒေါ်မြတ်ပန်းနီ မပီပြင်သည့်မဲ့ပြုံးနှင့် မျက်လွှာချ၏။ သားရှင်[illegible] ဆတ်ဆတ်ခါဖြစ်တတ်ကြတဲ့ထဲမှာ ဆရာဝန်ဖြစ်နေတဲ့သား။ အဲ့ဒီသာ[illegible] လည်း လူရိုးလူအေးလေးဆိုရင်တော့ သားရှင်တွေပိုပြီး မျက်လုံးဒေါ[illegible] ထောက်ကြည့်ကြမှာပေါ့..။ အထူးသဖြင့် ဒီအိမ်မှာစာလာသင်ပေးနေရ[illegible] တည်းက ကိုယ့်သားကိုသက်ပြင်းမချနိုင်အောင် စောင့်ကြည့်နေမှာ ဘ[illegible] စိမ်းသက်ပါ့မလဲ.. ၊

မိန်းမတစ်ယောက်ဖြစ်ပြီး ကိုယ့်ဂုဏ်သိက္ခာကို တန်ဖိုးမထား[illegible] သည့်မိန်းကလေးတို့ရဲ့မိခင်တွေ ဘယ်လိုနေကြသလဲ..။ သူမရင်ထဲမှာ[illegible] မဆူရက်မပြောရက်ခြင်းတွေ သားရှင်မျက်နှာကို မကြည့်ရဲခြင်းတွေ။ အ[illegible] လုံးသည် သိမ်ငယ်ခြင်းတွေအောက်မှာ ဂိတ်ထိုးနေကြလေသည်။ အ[illegible] ပညာကို ကြိုးစားသင်ယူဖို့ တိုက်တွန်းလို့ရသည်။ ဒီလိုနေပါ ဒီလိုထို[illegible] ဆိုတာတွေ ပြောပြလို့ရချင်လည်းရမည်။ ဒါပေမဲ့ ရင်ထဲကခံယူချက် [illegible] နည်းပြောရရင် မွေးရာပါဗီဇကို ဆွဲခေါ်ပြောင်းလဲဖို့ဆိုတာ မလွယ်။ ရဲရဲ[illegible] ကိုယ်တိုင်လှတာလည်း ကြိုက်သည်။ တခြားအလှအပ ဘာမဆိုလည်း[illegible] သည်။ အလှအပမက်သလောက် စွန့်စားရခြင်းကိုလည်း ဝါသနာပါသ[illegible] မိဘကိုကလန်ကဆန်မပြုပေမယ့် စိတ်ထင်သလိုဆုံးဖြတ်တတ်သည်၊ [illegible]

များဆီက တစ်စုံတစ်ခုကိုလိုချင်ပြီဆို ကိုယ့်ဆီကဘယ်လိုတန်ဖိုးကြီးတဲ့အရာနဲ့ဖြစ်ဖြစ် လဲယူဖို့ဝန်မလေး.. ၊

ဒါဟာ အဆိုးရွားဆုံးပဲဖြစ်လျက် ဒီအကျင့်ကိုမိဘက ဘယ်လိုပြုပြင်ရမလဲ..။ ဒီတိုင်းဆက်သွားရင် ဘာတွေဖြစ်မလဲ..။ ဒါကြောင့် အရှက်တကွဲဖြစ်ရခြင်းတွေနဲ့ ရင်ဆိုင်လာရကာမှ ရင်ထဲမှာမွန်းကျပ်လာခဲ့၏။ မိသားစုအားလုံး၏မျက်နှာတွေမှာ ရှက်ဒေါသတွေသာရှိနေကာ ရင်ဆိုင်ရပ်နေကြသည့် အနိမ့်အမြင့်နှစ်လွှာမှာ ကိုယ်သည်မြင့်နေပါသော်လည်း အောက်ခြေမဲ့နေသလို ခံစားနေမိသည်။ ကိုယ့်အောက်နိမ့်နေပါသော်လည်း ကိုယ်သာမျက်လွှာချလျက်.. ၊

"ဆရာလေးနဲ့ပတ်သက်ပြီး သိခဲ့ရတဲ့အတွက် ဝမ်းသာပါတယ်..ဒါပေမဲ့ နောက်ထပ်မပတ်သက်ကြဖို့ ကျွန်မတို့ဘက်ကပဲ ကတိပေးပါတယ်"

"မမြတ်တို့က ကတိပေးဖို့မလိုပါဘူး..သားကလည်း တစ်ဖက်တစ်လမ်းကဝင်ငွေရှာတဲ့သဘောပါ..ပြောချင်တာက နှစ်ဦးသဘောတူလို့ ဆရာတပည့်ဖြစ်ကြတာပါ.."

မဟုတ်ဘူးဆိုတာ သိနေသည်။ ဖအေရှေ့မှာဖြစ်သွားခဲ့သည့်ပြဿနာရပ်ကြီးက ဆိုဆုံးမမှုမတတ်သည့်ဇနီးတစ်ယောက် သမီးရဲ့အမေတစ်ယောက်အဖြစ်တောင် ဆက်လက်ပြီးရပ်တည်ရမှာ ရှက်မိပါ၏။ ထို့ပြင် ချစ်မဝအောင်ကို ဒီနှစ်ပြီးဆုံးတဲ့အထိ စာဆက်သင်ပေးဖို့ တောင်းဆိုခဲ့ရတာကိုယ်တွေပဲဖြစ်နေရာ.. ၊

"ဒီကိစ္စကို ခေါင်းထဲကထုတ်လိုက်ပါရှင်..မိန်းကလေးက တကယ်လည်းမဟုတ်ရှာပါဘူး၊ လူကြီးတွေက ဒါကိုအကြီးအကျယ်ထိခိုက်ခံစားနေကြရင် လူငယ်တစ်ယောက်ရဲ့စိတ်ဓာတ် အယူအဆတွေ ယိုင်လဲသွားနိုင်ပါတယ်.."

"ကျေးဇူးပြုပြီး ကျွန်မတို့မိသားစုရဲ့ပြိုလဲမှုကို ရပ်ကြည့်မနေဘဲနေပေးပါ..ကျေးဇူးတင်ပါတယ်ရှင်.."

ဒေါ်ဝင်းမာပြောမည့်စကားတွေ ရှိနေသေးသည်။ ကိုယ့်ကြောင့်သာဒီကိစ္စလူသိရှင်ကြားဖြစ်သွားရတာမို့ သူမဒီ့ထက်တောင်းပန်ချင်၏။ ဒါပေမဲ့ ဒေါ်မြတ်ပန်းနီက လှည့်ထွက်သွားပြီဖြစ်ကာ ခင်ပွန်းသည်ဦးရဲလှကိုလည်း

မတွေ့တော့ပေ။ တကယ်ဆို ရဲရဲကို နီနီကချောက်ချတဲ့ကိစ္စ။ ဘယ်နေရာမှာမှ ကိုယ်နဲ့မသက်ဆိုင်ခဲ့ဘဲ သူတို့တွေဒီနေရာထိ ကျူးကျော်ရောက်ရှိလာခဲ့ကြသည်။ မသက်ဆိုင်သောသူများအတွင်းရေးတွေကို ဖြေရှင်းပြီးဆုံးတဲ့အထိ ရှိနေခဲ့သေးသည်။

"ငါတို့တော်တော်ရှိုင်းသွားတယ်.."

ကားပေါ်ပြန်ရောက်ကြတာနဲ့ ဒေါ်နုလွင်ကစပြောသည်။ ဒေါ်ဝင်းမာက မနေတတ်မထိုင်တတ်ဖြစ်ရသည့်မျက်နှာကြီးနှင့်.. ।

"ဒါကတော့လွင်ရယ်..ငါတို့ကြောင့်ပြဿနာကြီးသွားတယ်ဆိုပေမယ့် ဇစ်မြစ်ကိုတွေးကြည့်ရင် မိန်းကလေးအနေအထိုင်မတတ်လို့ဖြစ်ရတာပဲမဟုတ်ဘူးလား..ငါကတော့ ငါ့လုပ်ရပ်မှားချင်မှားမယ်၊ ဒါကြောင့်အတွက်နဲ့တော့ ငါ့တူနဲ့သဘောတူပေးမှာ မဟုတ်ဘူးနော်.."

"အေး..နင်လည်းနင့်တူတွေတူမတွေကြောင့် ဒီ့ထက်ပိုပြီးဘောကျပ်နံကျပ်ဖြစ်မှာ မြင်ယောင်သေးတယ်ဝင်းမာ၊ ချစ်တာလည်းချစ်ပေါ့..ဒါပေမဲ့ဘလောကလုံးမှာ ငါ့သာအချစ်တတ်ဆုံးလို့တော့ မထင်နဲ့လေ.."

"အဲ့ဒါကဟုတ်ပါတယ်..အခုကိစ္စကတော့ ငါမှားခဲ့ပေမယ့် အစ်မတစ်ယောက်လုံးက ပြောတဲ့စကားကြီးကို ဘယ်လိုလုပ်မယုံသကာခွဲခြားနေနိုင်မှာလဲ..ဒါအမှန်ပဲဆိုရင် ဘာပဲဖြစ်ဖြစ် ငါတို့ကောင်လေးခေါင်းပေါ်ကျလာမှာပဲလေ..မိန်းကလေးကိုယ်၌က အဲ့ရည်ရွယ်ချက်ရှိတာ.."

"အပြောတွေလျှော့တော့စင်းမာ..နင့်အပြောနဲ့နင် တစ်နေ့ဝဋ်လိုက်လိမ့်မယ်.."

"လိုက်ပေ့စေ.."

ကားပေါ်မှာ ဒီကိစ္စကိုပြောဖြစ်ကြရင်း ဒေါ်မြတ်ပန်းနီတို့ဇနီးမောင်နှံမျက်နှာတွေကို ဒေါ်နုလွင်မြင်ယောင်နေမိသည်။ ပြီးတော့ ဦးရဲလူဆိုသည့်ဖခင်ဖြစ်သူ၏နားလည်ခွင့်လွှတ်ဖို့ ကြိုးစားနေရင်း အရှက်မပြေနိုင်ရဲနေသောမျက်နှာ။ တကယ်တော့ ဘာမှဟုတ်တာလည်းမဟုတ်။ မဟုတ်ပေမယ့် သမီးဖြစ်သူကို စိတ်တိုင်းမကျခြင်းတွေရှိခဲ့သော သိမ်ငယ်ခြင်းက ဖုံးဖိမနိုင်.. ।

"စိတ်မကောင်းလိုက်တာဝင်းမာရယ်..တွေးကြည့်လေ အပြစ်မကင်းသလိုခံစားရလေပဲ၊ နီနီဇင်မြင့်လုပ်လိုက်တဲ့ပုံက ရဲရဲနဲ့ပတ်သက်တဲ့လူတိုင်း

ရဲရဲကိုအထင်မြင်သေးကုန်ဖို့ပဲ..ပြောသွားတာတွေနဲ့ပဲ ရှင်းနေပြီ.."

"ဟုတ်တယ်မေမေ..သူ့စိတ်ထဲမှာ သူ့ကိုအခွင့်အရေးမပေးဘူးပဲထင်နေခဲ့တာ၊ ကျောင်းတက်နေကြတည်းက သူ့မျက်နှာညှိုးနေလို့ ဘာဖြစ်တာလဲမေးလိုက်ရင် အိမ်အကြောင်းပဲ..အထူးသဖြင့် အဘွားကဘယ်လိုနှိမ်ချဆက်ဆံတာတွေ.."

ယဉ်ကကားမောင်းနေရင်း ရှင်းပြနေသည်။ ဒေါ်နုလွင်တို့က နားထောင်ရင်း မြင်ယောင်နေခဲ့ကြ၏။ အဘွားဆိုသူခများလည်း စိတ်ရင်းဓာတ်ခံတော့ ဆိုးပုံမပေါ်ပါ။ နီနီထွက်သွားတော့ ပြဿနာတွေနဲ့မရှုန်းနိုင်မဖယ်နိုင်ဖြစ်မှာစိုးပြီး သွားတောင်းပန်ပေးဖို့ ပြောနေသေးသည်။ ဘာပဲဖြစ်ဖြစ်မွေးစားကြသည်။ စောင့်ရှောက်ကြတယ်ဆိုတာတွေမှာ ကျွေးမွေးပြုစုကြတဲ့သူတွေမှာသာ ပြစ်ချက်တွေဖြစ်ရတတ်ပြီး မွေးစားခံလူငယ်တွေကတော့ သနားစဖွယ်နေရာတွေ ရသွားတတ်ကြတာများလေသည်။ လူ့သဘာဝကိုကဘယ်သူတရားတာမတရားတာနောက်မှ သနားစရာမြင်လျှင် သနားဖို့သာအဆင်သင့်ဖြစ်နေတတ်ကြတာမျိုး.. ।

ကိုယ်ကတော့မိဘချင်းမို့ မိဘဘက်ကပဲ စာနာပေးမိသည်။ မြင်ရသလောက်ပြောရပါလျှင် ဒေါ်မြတ်ပန်းနီတို့ဘက်က ဝတ္တရားကျေခဲ့ပုံပါ။ သူတို့အပေါ် တစ်ချိန်လုံးမရိုးသားခဲ့တဲ့ သူတစ်ယောက်လုံးကို မွေးပွေးလိုခါးပိုက်ပိုက်ပြီး ယုံကြည်လာခဲ့ကြတာ ရိုးသားမှုတွေပဲဖြစ်သည်။

"သူ့ကိုအားလုံးက နှိမ်တယ်လို့ထင်နေပြီး ဒီမိန်းကလေးကိုပဲ သိက္ခာချဖို့ မည်းခြေတင်နေတာ နားမလည်နိုင်ဘူး..အဘွားကိုမကျေနပ်ရင်အဘွားဘခြားလူဆိုလည်း တခြားလူကိုငြိုးလေ၊ ခုတော့ မိန်းကလေးတစ်ယောက်ကို ပန်းကောင်းအညွှန့်ကျိုး.."

"သမီးတောင် တအားရင်းနှီးနေခဲ့ပြီး သူ့အကြောင်းဘာမှမသိခဲ့တာ..အခု တကယ်ဖွမယ်ထင်တဲ့ဒေါ်လေးဆီကိုပဲ ဖုန်းဆက်သတင်းပေးလိုက်တာကြည့်ပါလား..ဒေါ်လေးက ဝုန်းဒိုင်းကြဲမယ်၊ သမီးတို့သိရင် သမီးတို့ကမောင်လေးကိုရဲရဲ့အကြောင်းတွေ ပြန်ပြောပြပြီး မပတ်သက်ဖို့တားမယ်..သူအဲ့ဒါကိုလိုချင်တာ၊ ဒေါက်တာသဲကိုမေးကြည့်လို့ ရဲရဲဝံ့ဝံ့ပြောတာက မမေးလောက်ဘူးဆိုတာ သူသိတယ်လေ..သမီးတို့အတွက်က ကိုယ့်မောင်ကိုယ်

ထိန်းသိမ်းလိုက်ရင်ပြီးပြီ၊ ကိုယ်ဝန်ရှိတာမရှိတာ ကိုယ်သိဖို့လိုတဲ့ကိစ္စမှမလိုတာ.."

"ဟုတ်တယ်လွှင်..ဒေါက်တာသဲဆီ ဒီကိစ္စရောက်မှာမဟုတ်ဘူးလို့ သူကျိန်းသေတွက်ထားတာ၊ ငါကဝှန်းဒိုင်းကြဲပြီးဖွလိုက်တော့.."

"တော်ပါဝင်းမာရယ်..နင့်ဝှန်းဒိုင်းကိုကြောက်လွန်းလို့ပါ၊ ဘာမှလည်းဖြစ်တာမဖြစ်တာ မသေချာဘဲနဲ့..ဘေးလူ.."

"နီနီဇင်မြင့်က ဘေးလူလား..သူပြောတာလေ၊ ကိုယ်ပြောတာမယုံဘူးဆိုတော့ ယုံအောင်ပြောရတာပေါ့..ဒေါက်တာသဲစုဝင်းပါလာမှ ပွဲကပိုလှသွားတာ.."

"တွေ့လား.."

ပြောပြီးမှ ဒေါ်ဝင်းမာလက်လေးကာရှာသည်။ ပြီးတော့ စိတ်တိုသွားတာ.. ၊

"မှားပါတယ်ဆိုမှပဲ..ငါဘာလုပ်ပေးရဦးမလဲပြော.."

"သားကိုကောင်မလေးက ခင်နေတယ်.."

"ပိုးနေတယ်ပြော.."

ဒေါ်နုလွှင်က စိတ်မရှည်သလိုလှည့်ကြည့်သည်။ ယဉ်ကပြုံးနေသဖြင့် ဒေါ်ဝင်းမာမျက်နှာကြီးလည်း အတင်းကြီးတည်ထားရတာ သိသာနေလျက်.. ၊

"ဒီတိုင်းပဲပြောလိုက်တာပါအေ..နိမ့်နိမ့်ခခ အထင်သေးတဲ့စိတ်နဲ့မဟုတ်ပါဘူး၊ ငါ့မျက်စိရှေ့တင် သတိလစ်ပြီး လဲကျသွားတဲ့ဟာ..ဒီလောက်တော့ ငါလည်းစာနာစိတ်ရှိပါတယ်.."

"ဟုတ်လား..အထဲကိုဘယ်သူခေါ်သွားတာလဲဟင်၊ လူကြီးတွေကတော့ အပြင်မှာပဲ.."

"သတိမရသေးတာလား ဘာလား..ဘုရား ဘုရား၊ ကိုယ့်ကြောင့်များဆိုးဆိုးဝါးဝါးတွေထပ်ဖြစ်ကုန်ရင် ဒုက္ခ.."

♦ ♦ ♦ ♦

အခန်း(၃၈)

"သမီးကိုအခန်းတံခါးပိတ်ထားခဲ့တယ်.."

"ဟုတ်တယ်..ကိုယ်သူ့ကိုနှိုးခဲ့တယ်၊ သတိရလာမှ တံခါးပြန်ပိတ်ခဲ့တာ.."

ဒေါ်မြတ်ပန်းနီ၏ လေးလံထိုင်းမှိုင်းသောခြေလှမ်းတွေက ရဲရဲ့အိပ်ခန်းဆီကို ဦးတည်နေခဲ့၏။ စိတ်တို့သည် ပက်ပက်စက်စက်လုပ်ရပ်တို့ဖြင့် နှံ့ခွာထွက်သွားခဲ့သည့် သမီးဆီသို့တစ်မျိုး ပြောဆိုဆုံးမနေရင်း ဒီလိုပြဿနာတွေတက်လာရတဲ့အထိ မိုက်မဲခဲ့သောသမီးငယ်သို့တစ်ဖုံ.. ၊

"ရှိက်လေ..လုပ်ပါ.."

"ဒီနေ့လိုနေ့ကို ရင်ဆိုင်ဖို့အတွက် နီအစတည်းက ပြင်ဆင်ပြီးသား"

"ဆန်ကွဲကျိုခိုင်းပြီး ပေါ်ဆန်းမွှေးနဲ့မရဘူးပြောနေတော့ မခက်ဘူးလား.."

"တောက်လျှောက်ခွဲခြားလာခဲ့တာပါ.."

"ကျောသားရင်သားခွဲခြားနေတာ ဒီအိမ်ပဲ.."

ဒီစကားသံတွေ ပြန်ကြားလာတော့ ရင်ထဲမှာနင့်သွားသည်။

"ပြောရက်လိုက်တာ.."

ပြောရက်လိုက်တာဆိုသည့်စကားကို ဘယ်နှစ်ခါတောင် ရေရွတ်မိမှန်းမသိ.. ။

"မြတ်.."

အခန်းရှေ့ရောက်ကာမှ ဦးရဲလူကရပ်တန့်လိုက်ကာ.. ။

"သမီးကိုမင်းထပ်မဆူပါနဲ့..မိသားစုဆိုတာ ဝမ်းနည်းနေချိန်မှာ အေးချမ်းအောင် နှစ်သိမ့်ပေးရမယ်၊ ရှုပ်ထွေးနေရင် လက်တွဲဖြေရှင်းဖို့ နည်းလမ်းရှာ..အပြစ်ရှိတဲ့သူနဲ့ မရှိတဲ့သူ ဘယ်သူမှကွဲထွက်မသွားရဘူး၊ ငါလုပ်ပေးနိုင်တာ အဲ့ဒါပဲ..ငါတို့ကိုယ့်ဝတ္တရားကိုယ်ကျေကြမှဖြစ်မယ်.."

ကျေပေမယ့်သည့်း လက်ညှိုးထိုးပြောသွားတဲ့လူကတော့ ရက်ရက်စက်စက်ပါ။ မျက်ရည်တက်တို့ တလိမ့်လိမ့်ပြိုဆင်းလာကြသည်။ ဦးရဲလူက နောက်ထပ်စကားတစ်ခွန်းမှမဆိုတော့ဘဲ ငူငူကြီးစိုက်ကြည့်နေ၏။ ပြီးမှ လှည့်ထွက်သွားလျှင်.. ။

"ကို.."

ဒေါ်မြတ်ပန်းနီက မျက်ရည်တွေသုတ်နေရင်း ခေါ်ကာ.. ။

"အပြစ်ရှိတဲ့သူနဲ့ မရှိတဲ့သူမကွဲရဘူးဆိုရင် သမီးကြီးကိုမြတ်တို့ဖေးထားသင့်ရဲ့လားဟင်.."

"ပြုတ်ကျသွားမှာစိုးလို့ ကုတ်တွယ်ကက်ဖို့ကြိုးစားနေရင် ပြန်ဆွဲတင်ပေးလို့ရတယ်..မင်းကမ်းတဲ့လက်ကိုမှ ပြန်မဆွဲဘဲ သူ့ကိုဘယ်လိုဆွဲတင်မှာလဲ.."

ဦးရဲလူက မျက်နှာလွှဲလိုက်ပြီး ခဏငြိမ်နေသည်။ ပြီးမှ လှည့်မကြည့်ဘဲ တစ်ခွန်းချင်း.. ။

"ဘာနဲ့တူသလဲဆိုတော့ ဒဏ်ရာရတာလို့ ပွင်းအောင်းနေတဲ့ပြဲဟောက်ကို ကယ်ချင်လွန်းလို့လက်နဲ့နှိုက်ထုတ်သလိုပဲ.."

ပြောလက်စနှင့် လှည့်ကြည့်လာပြီး.. ။

"ငါတို့မိသားစုထဲမှာ သူမရှိတော့ဘူးဆိုတာ အသေမှတ်လိုက်တော့"

တစ်ကြိမ်က ကူကယ်ရာမဲ့နေခဲ့ဘပတစ်ခုကို ကယ်တင်ခဲ့ပြီးပြီ၊ နောက်ထပ် ကယ်တင်ဖို့အတွက်သည်.. ။

"ချုပ်.."

တံခါးဖွင့်ပေးလိုက်ပြီး ဇနီးသည်မျက်နှာကို သတိပေးသလိုထပ်ကြည့်သည်။ ပြီးမှ ပြန်ထွက်သွား၏။ ဒေါ်မြတ်ပန်းနီရှေ့တိုးဖို့ ခြေလှမ်းပြင်ရ.. ။

"မေမေ.."

တံခါးသည်ရှပ်ခနဲပွင့်သွားကာ ရဲကမျက်နှာငယ်လေးနှင့် ရပ်လျက်..၊

"ရန်တွေဖြစ်ကုန်တာလားဟင်..မမကိုကွေ့လား.."

ဖြေသံကိုစောင့်ပေမယ့် ဒေါ်မြတ်ပန်းနီနှုတ်ဆိတ်နေလျှင် သူမဘာသာရှေ့တိုးလျှောက်လာခဲ့ပြီး.. ။

"မေမေ..မေမေသမီးကိုစိတ်ဆိုးနေတာလားဟင်၊ သမီးလုံးဝမဟုတ်ဘူးမေမေရယ်..သမီးလေ ရည်းစားထားတာတောင် ပန်းခြံတွေထဲဝင်မသည်ခဲ့ပါဘူး၊ မုန့်စားတာ ရုပ်ရှင်ကြည့်တာတောင် စင်ဂယ်တန်းကပဲကြည့်တာပါ..သမီးအဲ့လောက်သိက္ခာမမဲ့ပါဘူး၊ သမီးကိုယုံပါ..မမဘာဖြစ်လို့ အဲ့ဒါတွေပြောလဲဆိုတာ.."

ပြောနေဆဲစကားတို့သည် ဒေါ်မြတ်ပန်းနီရဲ့ရှိုက်သံကြောင့် နေရာတင်ရပ်တန့်သွားခဲ့ပြီး.. ။

"မေမေ့.."

သူမအသည်းမငယ်ခဲ့ပါ။ သို့သော် မိခင်၏မျက်ရည်တွေကို မြင်လိုက်ရသဖြင့် ဝမ်းနည်းမိတော့သည်.. ။

"တခါခုနပြောပါမေမေရဲ့..သမီးကြောင့်လားဟင်၊ ဒေါ်ဝင်းမာဆိုတဲ့ အန်တီကြီး ဘာတွေပြောသွားလို့လဲ..သမီးဘယ်လိုသက်သေပြရမလဲ၊ ဘာစကားမှမပြောဘဲ မငိုနေပါနဲ့လို့..နော်.."

ရင်ထဲမှာ အပူတို့ချုပ္ပက်လောင်မြိုက်လျက် မေမေ့ကိုသိမ်းကျုံးဖက်ထားလိုက်မိသည်။ ဒေါ်မြတ်ပန်းနီက ပြန်လည်ဖက်တွယ်ခြင်းမရှိဘဲ ခဏကြာမှ.. ။

"ညည်းအစ်မ အိမ်ကထွက်သွားပြီ.."

ဟင်..

မေမေလည်း စိတ်ဒဏ်ရာတစ်ခုရသွားမှန်း ဒေါ်မြတ်ပန်းနီသိလိုက်

သည်။ မိသီလာပြေးပြောလို့ သွားကြည့်တော့ တစ်ကိုယ်လုံးချွေးစေးတွေပြန်ကာ လက်ချောင်းတွေ အားမလိုအားမရဖြစ်နေသလို ဆုပ်ချီဖြန့်ချီလုပ်နေ၏။ ပြီးတော့ သူသောက်နေကျသွေးဆေးတောင်းသည်။ ဆေးပေးလိုက်တော့လည်း 'ချထားလိုက်'တဲ့..။ အတန်ကြာအောင်စောင့်ကြည့်နေပေမယ့်ဆေးလည်းထမသောက် မျက်လုံးလည်းမဖွင့်။ သေချာနားထောင်မှ အသက်ရှူသံပြင်းနေတာကို သတိထားမိသည်။ ထို့ကြောင့် ဒေါက်တာသဲစုဝင်းကိုဖုန်းဆက်ခဲ့သည်။ မေမေ့ကိုပြရင်း ပြဿနာကိုပါပြောပြတောင်းပန်လိုက်သည်။ အများကြီးလုပ်ခဲ့ပြီးမှ ရဲဆီကိုလာခဲ့တာပါ။ ခုချိန်မှာ ဘယ်သူ့ကိုမှ ရမြင်ရ မအေးချမ်းနိုင်ခြင်းသည်.. ။

"မြေမာကိုရောင်ပြီး ရွှံ့ပေါ်ခုန်ချမိရင် နာကျင်မှုတော့သက်သာမယ်ဒါပေမဲ့ ရွှံ့ပေမယ် နွံနစ်မယ်..ကံမကောင်းရင် အသက်ပါဆုံးသွားနိုင်တယ်"

တစ်ယောက်တည်း ရေရွတ်သလိုဆိုလျက်.. ။

"သားသမီးမျက်နှာညိုတာလေးတောင် မခံနိုင်မိလို့ မိဘတွေအညှိုးခဲ့သမျှ ဒီမအေဘယ်လိုဆုံးမနေသလဲဆိုတဲ့ ဝေဖန်ကဲ့ရဲ့သံတွေလာမယ်..သားသမီးက အနာဂတ်မဲ့မယ်၊ ကိုယ့်ကိုဝေဖန်ခံနိုင်ပေမယ့် သားသမီးကိုတော့ပျက်စီးမခံနိုင်ဘူး..အဲ့ဒီတော့ ဒီနေ့မေမေဆုံးဖြတ်မယ်၊ ဆယ်တန်းအောင်ခဲ့ရင် ကိုယ့်စာအုပ်ကိုယ်ဖွင့် ကိုယ့်ဘာသာကြိုးစား..ညည်းသင်ယူလာခဲ့တဲ့နှစ်တွေ နည်းမှမနည်းတော့တာ၊ စိတ်သာယာမှုနောက်လိုက်ပြီး ဒီဆရာနဲ့မှသင်ပါ့မယ်ဆိုရင်တော့ ညည်းဆက်မဖြေနဲ့တော့ရဲရဲ..လူ့ဘဝမှာ ဆယ်တန်းအောင်ဖို့ထက် အရေးပါတာတွေ ရှိသေးတယ်.."

"မေမေ့.."

◆◆◆◆

အခန်း(၃၉)

"ဟာ..အဘွားနေမကောင်းလို့လား.."

"ချစ်.."

လွတ်ခနဲခေါ်လိုက်မိပြန်ပြီ..။ ရဲမျက်နှာလေးဝင်းထိန်သွားပြီးမှ ဖြုတ်ခနဲနွမ်းကျသွားသည်။ ပြီးတော့ ခေါင်းညိတ်ပြရင်း.. ။

"ဟုတ်တယ်..လမ်းလျှောက်ရင်းနဲ့လေ ဘွားကအပြင်လည်းထွက်ချင်ဘယ်ဆိုတာနဲ့.."

မိန်းကလေးတစ်ယောက်လည်း ပါသေးသည်။ ရဲကစကားဝါရောင်ဘီရုပ်လေးနှင့် ဆင်စွယ်ရောင်စကကျက်ရှည်လေးက ခြေဖမိုးထက်မှာ ပုံနေ၏။ သက်တစ်ဖက်က ဘွားကိုတွဲထားကာ တစ်ဖက်ကနေ စကက်ကိုလည်း'မ'သားရသေးသည်။ ထို့ပြင် အောက်ငုံ့ကြည့်လိုက် မျက်နှာပေါ်အုပ်သွားသည့်ဆံပင်တွေကို ခေါင်းမော့ခါပစ်လိုက်နှင့် သူမတို့ဆေးခန်းထဲဝင်လာတည်းက ရှိနေသမျှ လူနာရှင်တွေရော လူနာတွေပါမကျန် မျက်လုံးတွေက သူမဘို့ဆီမှာပဲဖြစ်ကာ သူမ၏ရှုပ်ယှက်ခတ်အလုပ်များနေခြင်းကိုလည်း စိတ်ဝင်စားနေကြပုံပေါ်၏။ သူလည်း မြင်နေခဲ့သည်။ ဒီမှာ တိုက်တိုက်ဆိုင်ဆိုင်

လာတွေ့သဖြင့် အံ့ဩသွားရသလို မိန်းကလေးနှစ်ယောက်တွဲလာကြသည့်အ
ဖြစ်ကိုလည်း အမြင်မတော်သည်မို့.. ။

"ခင်ဗျားဖယ်လိုက်..ဘွား ကျွန်တော့်ကိုတွဲနော်.."

ဒေါ်မြတ်ချစ်က ချစ်မဝကိုကြည့်သည်။ ပြီးတော့ ရဲကိုပြန်ကြည့်
သည်။ ပြီးတော့ ခေါင်းခါ၏။

"လာပါဘွားရဲ့..ကျွန်တော်လည်း ဒေါက်တာ့ကိုလာကူတာပါ.."

ရဲက နောက်ဆုတ်ပေးလိုက်ပြီး.. ။

"ဘွားစကားမပြောနိုင်တော့ဘူး.."

"ဟင်.."

ရင်ထဲမှာ ဒိန်းခနဲတုန်ခါသွားသည်။ ပြဿနာကြီးရှိခဲ့သည့်နောက်
မှာ ဒေါ်လေးလုပ်ခဲ့သည့်ကိစ္စအတွက် သူတို့တစ်အိမ်သားလုံး စိတ်မကောင်း
ဖြစ်နေကြတာပါ။ ဘွားဖြစ်သွားခဲ့တာ ဒီပြဿနာကြောင့်များလား.. ချောက်
ချားသွားသည့်သူ့မျက်လုံးတွေ ရဲဆီရောက်သွားလျှင်.. ။

"ဟုတ်တယ်..အဲဒီနေ့က ညဦးပိုင်းလည်း နည်းနည်းပြောသေးတယ်
မိုးလင်းတဲ့နောက်ပိုင်း လုံးဝမပြောတော့ဘူး.."

ဖြစ်ရလေဆိုသည့် ရင်ထဲကစကားသံသည် နှုတ်ခမ်းတို့ပွင့်ဟသွား
တဲ့အထိ လှိုက်လှဲပူလောင်နေခဲ့သည်။ သူဘာလုပ်ပေးသင့်သလဲ..ဒီအဖြစ်
အတွက် ဘယ်လိုဖြေဆေးပေးသင့်သလဲ..။ လူကြီးတွေပြန်လည်ပြောပြချက်
တို့အရ သူနဲ့ပတ်သက်ပြီး ဒေါ်လေးလှုပ်ရှားခဲ့သမျှအရာရာက အတော်ဆိုး
ရွားခဲ့သည်ရှိရာ.. ။

"နီရဲရဲနီ.."

ဘွားကိုစမ်းသပ်နေလို့ နောက်ဆုတ်ပေးနေတုန်း သူမနားကိုသွားခဲ့
ကာ.. ။

"ခင်ဗျားစာကျက်ရတာ အဆင်ပြေရဲ့လား.."

ပြောချင်တာတွေ အများကြီးပေမယ့် သူမမော့ကြည့်လာသည့်အခိုက်
မှာ မေးလိုက်မိသည့်စကားက ဒါပဲဖြစ်၏။ ရဲရှုတ်တရက်မဖြေဘဲ အဘွား
ဖြစ်သူဆီ တစ်ချက်ကြည့်၏။ ပြီးမှ သူ့ဆီပြန်လှည့်ကာ.. ။

"ရဲက ဆရာနဲ့ပဲသင်ချင်တာ.."

မျက်လုံးချင်းဆုံသွားစဉ် ဒီတစ်ခါသူအရင်လွှဲဖို့ မေ့သွားခဲ့သည်။
ခဲ့ဖူးသမျှ သူမ၏အကြည့်တွေထဲမှာ ဒီမျက်ဝန်းလေးတွေလောက် သနား
ကောင်းနေခဲ့တာမရှိ။ ပြီးတော့ သူ့ရင်တွေဖြောင်းဆန်သွားတာ ငလျင်တစ်
က် ဆွဲခါသွားတဲ့အတိုင်း.. ။

"ဆရာပြန်လာမယ်လို့ မေမေတို့ကိုပြောချင်တာ.."

"သူတို့လက်ခံမှာမဟုတ်ဘူး.."

"ဟိုပြဿနာမှာ တို့ဘာမှမဟုတ်ဘူးဆိုတာလေ..တို့အဲလိုမိန်းက
လေးမျိုးမဟုတ်ဘူးဆိုတာ ဆရာအမြင်မရှင်းမှာ အရှမ်းစိုးရိမ်နေမိတယ်..အဲ့
လေးပြောပြပါလားဟင်၊ ဆရာယုံပါတယ်လို့.."

သူမနေတတ်သလိုဖြစ်ကာ လက်တစ်ဖက်ကဆံပင်တွေဆီရောက်
။ သူမနဲ့မပြေလည်ချင်။ ဒါပေမဲ့ ဥပေက္ခာထားရက်နိုင်စွမ်းလည်း မရှိ
တော့ပေ။ ထို့ပြင် ဒီပြဿနာဖြစ်လာလာမလာလာ သူမကိုဒီလိုမိန်းကလေး
ဟုတ်ဘူးဆိုတာ မသိစိတ်မှာခိုင်မာခဲ့ပြီးသား။ ဒါကြောင့် ဒီလိုတွေဟုတ်
မလားလို့တောင် သူမတွေးမိခဲ့တာလည်း အမှန်.. ။

"မြန်မြန်ပြောပါ..ဘွားပြီးနေပြီချစ်ကလည်း.."

သူမ၏ 'ချစ်'ဖြစ်လိုက် 'ဆရာ'ဖြစ်လိုက် အမျိုးမျိုးခုန်ပေါက်နေသော
ဆင်ဖြည့်စွက်ခြင်းတွေကိုလည်း သတိမထားနိုင်တော့ဘဲ.. ။

"ဘာကိုယုံခိုင်းနေတာလဲ..ဒါဘာမှမဟုတ်တဲ့ကိစ္စကြီးကို.."

"ဟင့်အင်း..ရဲကိုဆရာကယုံတယ်ဆိုတာပဲ ကြားချင်တာ၊ ဆရာအ
းမှာမရှိဘဲ ဒီနှစ်ဆယ်တန်းအောင်အောင်ဖြေဖို့ကို အဲ့ဒီစကားလေးတစ်ခွန်း
အားတင်းရမှာ..တို့စာမေးပွဲအောင်အောင် ကြိုးစားမယ်၊ အဲ့ဒါက ဆရာ
အိမ်ကလူတွေ လက်ခံလာဖို့အတွက်ပါ..သူတို့အထင်မသေးတော့ဘူးဆို
ဆရာကလည်း.."

သူမဘာစကားတွေပြောနေမိတာလဲ..။ ယောကျ်ားတစ်ယောက်ကို
သို့ပြောနေမိတာ ရည်းစားစကားတွေဖြစ်နေပြီလား.. ။ ရဲ မေမေ့ကိုဖျတ်
သတိရသွား၏။

"ချစ်မဝအောင်ကို ညည်းမိန်းမနောက်ပိုးပိုးနေတာ မေမေမသိဘူး
င်နေသလား..နီနီပြောနေတည်းက သိနေတာ၊ သူ့ဓာတ်ပုံကြီး ထောင်ထား

လို့ သေချာသွားတာ..အဲ့ဒီလိုဘယ်တော့မှ မလုပ်နဲ့ရဲရဲ၊ သူ့လိုလူမပြောနဲ့.. ရှုပ်ပွေနေတဲ့ယောကျ်ားတွေတောင် သိပ်ပေါတဲ့မိန်းမမျိုးကို လိုလျှင်သုံး စွည်းလိုပဲ သဘောထားကြတာ..သူတို့တကယ်လက်ဆွဲပြီး ပွဲတက်ပြီဆိုရင် ဣန္ဒြေသိက္ခာနဲ့ ဒေါင်ဒေါင်မြည်နေတဲ့မိန်းမမျိုးကိုပဲ.."တဲ့.. ၊

မခံစားခဲ့ဘူးသော လှိုက်ဟာမှုက ပြောနေသည့်ကရားရေလွှတ်စကားတို့ကို ဆွံ့အသွားစေခဲ့၏။

"ဆေးဝယ်ဖို့လေး ရှင်းပြချင်လို့..လူနာရှင်.."

"ဟင်..ဟုတ်ကဲ့.."

ဆေးခန်းလေးမို့ စမ်းသပ်ခန်းထဲကိုပဲ ဝင်သွားရကာ ရဲကမန်းတ တန်းလှည့်ဝင်လိုက်မှ.. ၊

"ရဲရဲ.."

သူလှမ်းဆွဲမတတ် တားလိုက်မိကာ သူမမျက်နှာလေးပြန်လှည့်လာ မှ.. ၊

"စာကြိုးစားပါ..ကိုယ့်ကြိုးစားမှုက ကိုယ့်အတွက်ပဲ၊ ဘယ်သူ့အဖေ ကြီးဖို့မှ မဟုတ်ဘူး..ဘယ်သူယုံယုံမယုံယုံ ကိုယ့်ကိုယ်ကိုယုံကြည်မှ ခင်ဗျား အောင်မြင်မှာ.."

သူပြောတဲ့စကားတွေ ဘယ်လောက်တောင်ကြီးမြတ်နေသလဲဆိုတာ မရှိ။ ဒါပေမဲ့ ကိုယ်ပြောစေချင်တာတော့ မပါခဲ့ပါ။ ဒါပေမဲ့ သူမကမန်းတ တန်းခေါင်းညိတ်၍ ပြုံးလိုက်မိသည်။

"နောက်ကိုရဲရဲလို့ပဲခေါ်နော်.."

နီရဲရဲနီလို့ သူခေါ်လိုက်တိုင်း မျက်နှာလေးမဲ့သွားတတ်တာ ပြန်တွေး မိပြီး ပြုံးမိသည်။ ပြီးတော့.. ၊

"ဘွား.."

ဒေါ်မြတ်ချစ်ကိုတွဲထုတ်လာတော့ သူတံခါးဝကနေ ဆီးကြို၍ အဘွားလက်ကိုဖွဖွကိုင်ကာ.. ၊

"စိတ်ဓာတ်မကျနဲ့နော်အဘွား..အဘွားကမာကျောခဲ့တဲ့သူပါ၊ ကိုယ့် အင်အားကို ပြန်မွေးနိုင်ရင်ရပြီ..ရဲရဲစာမေးပွဲအောင်ဖို့ ကျွန်တော်လည်းတစ် ဖက်တစ်လမ်းက အားပေးနေမှာပါ.."

အဘွားမျက်နှာ ကြည်လင်သွားတာကို အကဲခတ်ကာ သူပြောသည့် စကားထိရောက်မှုတော့ ရှိခဲ့သည်ကို တွက်လိုက်မိသည်။ ဘာပဲဖြစ်ဖြစ် ရဲရဲ ့စာရိတ္တနဲ့ကိုယ်ကျင့်သိက္ခာအပေါ် ကိုယ့်ဘက်ကအထင်မြင်မသေးခဲ့ဘူး ဆိုတာ သိစေချင်တာမို့ ကိုယ့်လုပ်ရပ်ကိုကျေနပ်သွားမိသည်။ အဘွားကို နှစ်သိမ့်နေစဉ် ရဲကသူ့ကိုငေးကြည့်နေ၏။ အမြဲတမ်းသွက်လက်နေခဲ့သည့် သူက ငေးငေးငိုင်ငိုင်လေးဖြစ်သွားသဖြင့် သူဘယ်လိုမှစိတ်မကောင်းနိုင်ပေ။ ရဲရဲတို့မိသားစုဒီအဖြစ်နဲ့ကြုံကာမှ သူ့ရင်ထဲမှာ ဘာတွေဖြစ်သွားခဲ့ပါသလဲ.. သူမအတွက် ဘာလုပ်ပေးရမလဲဆိုသည့် အတွေးသည်သာ အချိန်တိုင်းနှိပ်စက်နေလျက် ပျံ့လွင့်ခဲ့သည့်သူ့စိတ်တို့သည်လည်း.. ၊

♦♦♦♦

ကြည့်လုပ်.."

ပြောရင်းထရပ်လိုက်တော့ 'မင်းထဖို့ပဲလိုတာ'ဆိုသည့်အကြည့်နှင့် ကိုတိုးကပခုံးတွန့်ပြီး ရယ်သည်။ ပါချုပ်ကြီးအိမ်က ချစ်မဝတို့နဲ့ခြံနှစ်ခြံပဲ ခြားသည်။ အနီးဝန်းကျင်မှာ ခြံကျယ်ကျယ်တစ်ထပ်တိုက်ငယ်လေးနှင့် သူတို့အိမ်လေးပဲ မျက်နှာငယ်စွာတည်ရှိလျက် အားလုံးနီးပါးက ခြံကျယ်ဝန်းကျယ် ခေတ်မီတိုက်ပုံစံထည်ထည်ဝါဝါတွေချည်းသာ။ သို့သော် ပတ်ဝန်းကျင်လူအားလုံး လေးစားသမှုရှိကြသည်က သူတို့မိသားစုတစ်စုလုံးသည် ပညာရေးမှာထူးချွန်ကြကာ လူကြီးလူငယ်အကုန်လုံးသည်လည်း ပညာဂုဏ်ဖြင့် ရပ်တည်နေရခြင်းအပေါ် ခံမင်တွယ်တာကြသည်ရှိရာ.. ၊

"ပြောတာကိုနားထောင်.."

ချစ်မဝအောင်က ကိုတိုးဘက်ကိုလှည့်၍.. ၊

"သူများပညာရေး ကိုယ့်ကြောင့်အထစ်အငေါ့ဖြစ်သွားမှာစိုးလို့ ငါ ဆိုင်တွေးနေတာ.."

"သြော်.."

ပြောလိုက်ကာမှ ကိုတိုးမျက်နှာကြီး ပို၍ပြုံးဖြီးဖြီးကြီးဖြစ်သွားသည်။ ချစ်မဝက မျက်စောင်းမထိုးတတ်ဘဲထိုး၍.. ၊

"သူ့ကိုဒီနှစ်မအောင်ရင် မဖြေရတော့ဘူးလို့ အိမ်ကကျပ်ထားပြီးပြီ"

"ဒီနှစ်မှကျပ်တာကွာ..မင်းကလည်း.."

ကျနေတာ ဘယ်နှစ်နှစ်တောင်ရှိပြီလဲဆိုသည့် အဓိပ္ပာယ်ဆောင်နေသော ကိုတိုးမျက်နှာကြီးက လျှောင်ပြောင်ရယ်မောတော့မလိုလို မဲ့ရွဲမျက်နှာသွဲ့တော့မလိုလို.. ၊

"မနောက်နဲ့တော့ဟေ့ကောင်..ပြဿနာတွေတက်ပြီး အားလုံးရှုပ်ကုန်ဘာနော်၊ ငါဒီ့ထက်မပြောချင်ဘူး.."

"မပြောဘူးလေ..ဒါပေမဲ့ မဆုမြတ်တို့ပြောနေတာ ငါတင်မကဘူး၊ အားလုံးသိတယ်.."

အကျီလဲမလို့ ဗီရိုဆီရောက်သည့်လက်က ရပ်တန့်သွားသည်။ ဆုမြတ်တို့ဒီထိတောင် မစာနာနိုင်ဖြစ်နေကြတုန်းလား..။ **မိန်းကလေးတွေရဲ့** အတွင်းစိတ်သဏ္ဍာန်ကို သူဘယ်လိုနားလည်ရမှန်းကို **မသိတော့ပါ။ နီနီခင်**

အခန်း(၄၀)

"မင့်စိတ်တွေ အက်ဆစ်စားတဲ့အထိ ဖြစ်ကုန်လိမ့်မယ်ချစ်မဝ..လာပါကွာ၊ ပါချုပ်မွေးနေ့က တခမ်းတနားနော်..မင်း.."

"အဲ့ဒါကြောင့်မသွားချင်တော့တာ..နေ့လည်တည်းက ဆရာကြီးအတွက်မွေးနေ့လက်ဆောင် ငါကိုယ်တိုင်သွားပို့ခဲ့ပြီးပြီ၊ ညနေ ပရော့ဂျက်အတွက် စာတမ်းပြုစုရမှာ မအားလို့ဆိုတာ တစ်ခါတည်းပြောခဲ့ပြီးသား.."

"အေးလေ..ဆရာကြီးက မင်းစာကြိုးစားတာသိနေတော့ သဘောကျမှာပေါ့၊ ငါကတော့ မင်းမှိုင်းဝနေတာကို သိနေတယ်လေ.."

"ဘာ.."

"ချစ်တယ်ဆိုတဲ့စကားလေးတစ်ခွန်း ပြောပေးလိုက်တာနဲ့ မင်းရဲ့အင်ပြည့်အားပြည့်ဖြစ်နေတဲ့နှလုံးသား မီးပုံပျံကြီးကြွတက်လွင့်ပါတော့မှာ ဟဲ.. ဟဲ.."

"ကိုတိုး.."

"ဘာလဲ.."

"မင်းလျှောက်စနေတာနဲ့ လူတွေငါ့ကိုစကုန်ပြီနော်ဟေ့ကောင်.."

မြင့်ရှိနေတုန်းကလည်း မျက်နှာချင်းဆိုင်ကြုံလိုက်ရတိုင်း မတည်မငြိမ်တည်ငြိမ်သည့်နူးညံ့မှုတို့နှင့် ဒီလိုဖြစ်လာဖွယ်ရှိတာတွေ ဘယ်သူတွေးမိမှာလဲ..

ပြီးတော့ နီရဲရဲနီ..သူမ..

တွေ့စတုန်းက ရှင်မြူးသည့်အပြုံး ပေါ့ပါးတက်ကြွနေသည့် လှုပ်ရှားမှုတွေနှင့် ကိုယ့်ကိုတောင်ဟိုလိုဒီလိုလုပ်ကြံပြီး ဒုက္ခတွေပေးခဲ့သေးသည်။ ပြောင်းလဲသွားသည်ဆိုတော့ မယုံနိုင်စရာ။ ဒါဆိုဒါ မပြောရသေးရင် လက်မလျှော့။ မလုပ်နိုင်သေးသရွေ့ တကောက်ကောက်။ 'ချစ်နေရင်တောင် ဖွင့်မပြောပါဘူး'ဆိုတာကရှိသေး။ ခေါင်းဖြီးနေရင်း ရင်ထဲမှာလှုပ်ခနဲတစ်ချက်ဖြစ်သွားသည်။

နီရဲရဲနီဆိုသည့်နာမည်ကို တစ်ယောက်ယောက် ခေါ်သံကြားလိုက်တာနဲ့တင် ရင်ထဲမှာ ဤသို့ရှိခဲ့သည်ဆိုလျှင် ဘယ်လိုအဆင့်နဲ့ ဝင်ရောက်နေတဲ့ရောဂါလဲ.. ၊

◆◆◆◆

အခန်း(၄၁)

အသက်ခုနစ်ဆယ်ပြည့်ပါချုပ်ဦးကျော်ဒင်၏မွေးနေ့က တီးဝိုင်းစီစဉ်ပေးထားကာ တပည့်ဟောင်းနိုင်ငံကျော်အဆိုတော် တချို့ပါ သီဆိုပေးသွားကြသဖြင့် စိုပြေနေသည်။ ထို့ပြင် မဲနှိုက်ပြီးလက်ဆောင်တွေပါ ပေးနေသဖြင့် ဆရာကြီးနဲ့အနီးတစ်ဝိုက်မှာ ပိုပြီးစည်ကားနေကြ၏။ အားလုံးသည် စားသောက်ဖို့ထက် ပျော်ပွဲရွှင်ပွဲကိုသာ ဦးတည်နေတာမို့.. ၊

"နင်ဘယ်သွားနေတာလဲဆုရယ်..ဟိုမှာ ထူးခြားနေတာပြမလို့၊ ရောက်စတုန်းကလို မတည်ငြိမ်နိုင်တော့ဘူးသိလား..ရှာတာ ခေါင်းကချာလပတ်ရမ်းနေပြီ.."

"ဒါနဲ့များ အိမ်ရှေ့ကနေ တံခါးသွားခေါက်ပြီး ခေါ်ထုတ်လိုက်ပါလား..သတ္တိအပြည့်နဲ့ပဲဟာ.."

"သတ္တိကိုတော့ လျှော့မတွက်နဲ့နော်..တစ်ယောက်တည်းလာပြီး စားပွဲတစ်လုံးမှာ တစ်ယောက်တည်းထိုင်နေတာ.."

"ကောင်းစမ်းပါစေ..သူ့သတ္တိကောင်းတာတွေ လစ်မစ်တော့ရှိမှာပါ၊ ပါပညာကောင်းကောင်းပေးဖို့ စီစဉ်ထားတယ်.."

"ဟင်..နင် အဲ့ဒါကြိတ်လုပ်နေတာလား.."

"စောင့်ကြည့်လိုက်လေ..ဟွန်း ဟွန်း.."

ရယ်သံတွေရော စကားသံတွေရော တစ်ချက်တစ်ချက်ပီပီသသပ လွင့်လာသည်။ တစ်ခါတစ်ခါကျတော့ မသဲကွဲ။ ဘာတွေပြောနေနေ သူမ ဂရုမစိုက်ပါ။ တွေ့ချင်တာက ချစ်မဝကိုပဲဖြစ်သည်။ အိမ်မှာ ဖေဖေနဲ့မေမေ ခရီးထွက်သွားကြသည်။ လူကြီးတွေမှာ စိတ်ပူစရာအလုပ်ကိစ္စတွေ ရှိနေ ပေမယ့် သူမကတော့ မေမေမှာတဲ့အတိုင်း သစ္စာမထားနိုင်ခဲ့။ ဒီမွေးနေ့ဖိတ် စာကို မြင်လိုက်တည်းက သွားဖို့ကိုဆုံးဖြတ်ပြီးသား.. ၊

"အဲ့တစ်ယောက် နောက်ပိုးရလွန်းလို့ ချောင်သွားပြီသိလား.."

ဒါကျတော့ ဆုမြတ်က သဏ္ဍာနားနားကပ်လိုက်ပြီးမှ.. ၊

"သူ့အိမ်ကိုဖိတ်စာပို့ပေးလိုက်တာ ဘယ်သူမို့လို့လဲ.."

"ဟင်..ဟုတ်လား၊ ဆရာကြီးဖိတ်ထားတာ မဟုတ်ဘူးလား.."

"ဆရာကြီးနဲ့က သဲတို့ဆက်သွယ်ပေးလို့ တွေးဖူးရုံသိတာဥစ္စာ..ဖိတ် စာမြင်ရင် ဒီမိန်းမနောင်ကျဉ်ရမှန်းမသိ ကဆုန်ပေါက်ထွက်လာဦးမှာသဲက သိတယ်..အဲ့ဒါကြောင့် သူ့ဖိတ်စာကိုနာမည်ဖြုတ်ပြီး တမင်ပို့ပေးလိုက်တာ.."

"ကြည့်စမ်း..ပိုင်လိုက်တဲ့အကြံ.."

တစ်ယောက်တည်းငုတ်တုတ်လေးထိုင်ပြီး ဖင်မကျသလို ခါးလေးမ သိမသာကော့လျက် မျက်လုံးတွေက မငြိမ်သက်နိုင်ဖြစ်နေသော ရဲကိုသဉ္ဇာ လှမ်းကြည့်ပြီး အားရနေသည်။ အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ပြီးပြီ။ လုပ် ကြံခံရတာဖြစ်ဖြစ် ဘာဖြစ်ဖြစ် ကိုယ့်ကာရိုက်တာကို လူတွေသတိထားမိကုန် ကြတာတော့ အမှန်ပဲမဟုတ်ဘူးလား..။ ဒါနဲ့တောင် မလာသင့်မှန်းမသိ လာသင့်ရဲ့လားမတွေး။ ချစ်မဝအောင်က မျက်နှာသာပေးနေရင်လည်း တော် သေးသည်။ ဒီမိန်းမရှက်ကြောပြတ်နေပြီလား.. ၊

အကျီဝတ်ထားမှန်းမသိ မဝတ်ထားမှန်းမသိအောင် အသားရောင် အိတွဲနေသည့် တစ်ဆက်တည်းဂါဝန်ပျော့လေးဖြစ်သည်။ လက်တစ်လုံးဝ ခုံးချိတ်လေးပဲပါသည့်ပြင် ထိုချိတ်လေးသည်လည်း ပလက်တီနမ်သဲကြိုး လေးသာဖြစ်လေသည်။ တင်းကပ်စည်းထုပ်နေသည့် ရင်ပြတ်ရင်ညွန့်မှာ ပြိုးပြတ်လက်နေသည့် ပန်းပွင့်ရင်ထိုးကြီးနှင့် ဆွဲကပ်ထား၏။ ထို့ကြောင့်

ာင်းပြည့်သည့်ရင်ဘက်အလှက ပေါ်ချင်တိုင်းပေါ်နေခဲ့သည်။ ပခုံးသာသာ သော စတက်ပ်ဆံပင်လေးတွေက ရင်ဘက်တစ်ခြမ်းစီကို ကာကွယ်သလို နေခဲ့သည်။ လည်တိုင်မှာ အကျီနဲ့အရောင်တူ ပဝါပါးလေးတစ်ထည်သိုင်း တ်ကာကွယ်ထားသည်။ ဝတ်လိုက်သမျှ ယဉ်ကျေးသိမ်မွေ့ပုံနည်းနည်းမှ ပါခဲ့ဘဲ တစ်နည်းနည်းနဲ့တော့ ပြန်လည်ကာကွယ်ထားတတ်သည်သာ..။

ဆုမြတ်တို့အကြည့်တွေ သူမထံမှာသွယ်ဝိုက်သောနည်းအမျိုးမျိုးတို့ နင့် ဝေ့ဝဲရောက်ရှိနေကြသည်။ လှချင်လွန်းပြီး မပေါ့တပေါ်လေးတွေဝတ် ိုက်ပါလား..။ ရှက်တတ်တာလည်းမဟုတ်ဘဲနဲ့ ဘာလို့ပြန်ပြီး ကာကွယ် နေသေးလဲ..။ သူမလှနေတာကိုကြည့်ရင်း ရင်ထဲမှာတနုံ့နုံ့ဖြစ်နေကြသည်။ ိတ်ကြားသူမရှိဘဲ တက်ရောက်လာသူအဖြစ် အရှက်ကွဲစေချင်တာလည်း သူမတို့ထင်သလောက် အခြေအနေမဆိုးခဲ့။ ထို့ကြောင့် နင့်သီးသောဖြစ်ရပ် ာစ်ခုခုဆီတွန်းပို့ဖို့ သူမတို့အသည်းအသန်ကြံစည်အားထုတ်နေခဲ့ကြတာ ဖြစ်သည်။

ဒါတွေကို ရဲဘာမှမသိ။ မသိမသာရှာနေမိရင်း ပြန်ချုံ့ ၊ိုသတိရ ာော့ သိသိသာသာဖြစ်လာခဲ့သည်။ ကလေးငိုနဲ့ဘွားကို သေချာအပ်နှံပြီး မေမေတို့ကထွက်သွားသည်။ သူမက ကလေးငိုတောင်မသိရအောင် ထွက် ာခဲ့သည်။ ပြဿနာတွေဖြစ်သည်ကြားပြီး ကလေးငိုချက်ချင်းရောက်လာ သည်။ မေမေက စိတ်မချသမျှ ကလေးငိုကိုစည်းရုံးပြီး ရဲကိုအပ်နှံသည်။ ို့ကြောင့် သူမမှာအချိန်သိပ်မရတော့ပေ။ တိုက်ကြီးဆီက လူအုပ်စုထွက် ာတိုင်း လှမ်းကြည့်။ အပြင်ကဝင်လာသမျှကိုလည်း လှည့်ရှာ။ ကိုယ်များ က်စိမှောက်လေသလားတွေးမိပြီး စားပွဲတွေဆီပိုက်စိပ်တိုက်ပြန်ကြည့်နှင့် သူမရဲ့နားတစ်ဖက်မှာ ဆွဲထားသည့်အဖြူရောင်ကြယ်ပွင့်ကြီးက မျက်နှာ ည့်လိုက်တိုင်း တလက်လက်တောက်ပနေခဲ့၏။ နားကပ်ပန်သည့်နားမှာ ဆံပင်တွေကို နားရွက်နောက်သိမ်းထည့်ထားတတ်သဖြင့် သူမနားကပ် ာစ်ဖက်တည်းပန်တတ်တာလည်း ပေါ်လွင်ထင်ရှားသည့်အမူအကျင့်တစ်ခု ဖြစ်လေသည်။

သူ့ဘာသာဖြစ်ပျက်ပေါ်လွင်နေသမျှ အလှအပအစုစုအပေါ် မျက်စိ ပါးမွေးစူးခံနေရသည့် ကိုယ့်အဖြစ်ကို ဘယ်တော့မှမစူးစမ်းခဲ့ပေ။ ခုလည်း

ဘာမှသတိမထားမိခဲ့ဘဲ.. ။

"ထားခဲ့ကွာ..အဲ့ကောင် သောက်မှာစားမှာဆို အမြဲတမ်းဟင့်အင်းဆိုတာချည်းပဲ.."

"အေးလေ..ချစ်မဝဆိုတဲ့ကောင် ဆရာဝန်လုပ်မှာလား ဘုန်းကြီးဝတ်မှာလား၊ အမြဲတမ်းအိမ်တွင်းပုန်းရင်သူပဲ.."

ချစ်မဝဆိုသည့်နာမည်ကြားလိုက်သည်နှင့် ရဲမျက်နှာလေးထိုဆီချာခနဲပါ၏။ 'နေခဲ့တော့'ဆိုတော့ ချစ်ကဆရာကြီးအိမ်ထဲမှာပဲ..။ နာရီကြည့်လိုက်တော့ သူမရောက်နေတာ နာရီဝက်ကျော်နေပြီ။ ကိုယ်ရှိနေတာသိလို့ သူထွက်မလာတာလား..။ မွေးနေ့ပွဲလာပြီး အိမ်ထဲမှာနေတာဘာကြောင့်လဲ..

မဟုတ်ပါဘူး..ဟိုနေ့တုန်းက ငါ့ကိုသူပဲလာစကားပြောတာ.. ။

ရဲ နေရာမှထရပ်လိုက်သည်။ ဆုံးဖြတ်ချက်နဲ့လုပ်ရပ်တစ်ထပ်တည်းကျနေကျအတိုင်း ဆုံးဖြတ်လိုက်ပြီဆိုတာနှင့် သူမဘာကိုမှဂရုမစိုက်တတ်..

"ဆရာကြီး..တပည့်ဟောင်းတွေလိုလိုပေါ့နော်.."

"ဩော်..သူကအဟောင်းပဲဟာ၊ ကျောင်းဆွေးလူဆွေးနေတာကို.."

"ခစ် ခစ်.."

"ဟား ဟား ဟား.."

စားပွဲဝိုင်းနားကအဖြစ် ခြေလှမ်းတုံ့သွားသည်။ သူမလှည့်ကြည့်လိုက်တော့ ဆုမြတ်တို့မျက်နှာတွေက ကိုယ့်ကိုကြည့်နေကြတာမဟုတ်။ မျက်လုံးတွေလွှဲထားရုံနှင့် 'ကိုယ့်ဘာသာပြောတာ ဘာဖြစ်လဲ'ဆိုပြီး ရန်စလိုက်တာမှန်းသိသည်။ ဂရုမစိုက်တတ်သည့်ဉာဏ်ကိုက မကြောက်တတ်သည့်ဖွဲ့ကြောင့် ရှိလာတာဖြစ်သည်။ သို့သော် ဒါကအချိန်ကောင်းမဟုတ်သေး။ ကိုယ့်အတွက်သူမတို့ထက် အရေးကြီးနေတဲ့အလုပ်ရှိသေးသည်။ ရဲရှေ့ပြန်လှည့်ကာ စားပွဲတွေကြားကနေ တိုက်ကြီးဆီဦးတည်လာခဲ့သည်။ ဆရာကြီးကိုလည်း မတွေ့တော့ပေ။ တွေ့တုန်းကလည်း ကိုယ်နဲ့မရင်းနှီးတာမို့ ဖြတ်ကျော်သွားသည့်ဆရာကြီးမျက်လုံးတွေနဲ့ဆုံအောင် မကြည့်ခဲ့မိပါ။ သူမကိုမေမေမန္တလေးပို့တော့မည့်အဖြစ်အတွက် ချစ်ဘယ်လိုခံစားပေးမှာလဲ မြင်ချင်သည်။ ဒါကိုပြောလိုက်ရင် သူ့မျက်နှာမှာ ဘယ်လိုအပြောင်းအလဲတွေဖြစ်သွားမလဲ..ကိုယ့်အတွက် သူ့မျက်ဝန်းတွေထဲမှာ အဖြေကောင်းလေး

...စ်ခုခုရှာတွေ့တာနဲ့ သူမကျေကျေနပ်နပ်သွားဖို့ပြင်မည်။

ထိုစဉ် ဒေါက်တာသဲစုဝင်းနဲ့သဲလတ်ချိုတို့ကို အိမ်ထဲကထွက်လာ...မြင်လိုက်ရ၏။ သူမရပ်စောင့်ဖို့စိတ်ကူးပေမယ့် သူမတို့က အထဲပြန်ပါ...သွားပြီး စကားပြောနေကြ၏။ ရဲရှေ့ပြန်တိုးခဲ့မိပြန်သည်။ ပုံကျနေသည့်ဂါ...ဝန်စလေးကို'မ'၍ ကိုင်ထားသည့်ပုလဲလက်ကိုင်အိတ်လေးကိုတော့ ဂါဝန်...နဲ့ရောစ၍ ဖြစ်သလိုဖိဆုပ်ထားမိသည်။

"မမသဲ.."

ဟင်..

လှည့်ကြည့်လိုက်သည့် သဲစုဝင်းမျက်နှာက ရဲကိုမြင်တော့ တအံ့တသြ။ သဲလတ်ချိုမျက်နှာကတော့ သိသာစွာမဲ့သွားကာ.. ။

"လတ်အပြင်ဘက်က စောင့်တော့မယ်.."

အစ်မဖြစ်သူကိုပြောပေမယ့် မျက်လုံးကရဲဆီမှာ။ ထို့ပြင်လှည့်ထွက်...င်း မျက်တောင်ဖျားတို့ ဖိပိတ်သွားသဖြင့် မျက်စောင်းထိုးခြင်းမည်လျက်..

"လုပ်သာလုပ်လိုက်တာ..မထင်ခဲ့ဘူး.."

လို့ ပြောသွားခဲ့သည်။ ရဲသေချာကြားလိုက်တာတောင် မထင်မိခဲ့..။

"ရဲပါလား..ဘယ်သူပါလာသေးလဲ.."

"ဟင့်အင်း..အထဲမှာ ဆရာရှိလားဟင်၊ ချစ်ဝမအောင်လေ.."

ချစ်မဝကိုမေးလိုက်တော့ သဲစုဝင်းမျက်နှာပျက်သွားသည်။ သူမသိ...သားတာ ရဲကိုသူ့မိဘတွေ သေချာဆုံးမကျပ်မတ်နေကြသည်ဟု.. ။

"တစ်ယောက်တည်းလာတာလား.."

"ဟုတ်ကဲ့..ဆရာကြီးဖိတ်လို့လာတာပါ၊ မေမေတို့မရှိကြဘူးလေ.."

"ဟုတ်လား..အထဲမှာ ချစ်မဝအောင်.."

"ပြောမနေနဲ့မကြီး..မရှိဘူးပြောလည်း သူမယုံရင်အထဲဝင်ပြီး မြေ...န်ရှာမှာ.."

နောက်ကိုလှည့်ကြည့်လိုက်တော့ ဆုမြတ်တို့အုပ်စုလေးယောက်ဖြစ်...ာ ရှုံ့မဲ့ထွက်ခွာသွားသည့် သဲလတ်ချိုပါပါလာသေးသည်။ ဆုမြတ်သည်...ခေါင်းဆောင်ဖြစ်ကာ အနားရောက်မှ လက်ပိုက်လိုက်ရင်း.. ။

"တစ်ယောက်တည်းလာရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး.."

"ရဲဘာသာစံချိန်တင်မယ့်သတ္တိတွေနဲ့ပဲလာလာ ရှင်နဲ့ဘာဆိုင်လို့လဲ-နေရင်းထိုင်ရင်း အမြင်စောင်းနေတာ အံ့သြစရာပဲ.."

လက်ပိုက်သည် ဖျတ်ခနဲပြုတ်သွားခဲ့ပြီး.. ၊

"ဘာပြောလိုက်တယ်.."

"ပြန်ပြောချင်ပေမယ့် ဒီမှာအချိန်မရှိတော့ မပြောနိုင်ဘူး.."

ရဲက ဆံပင်တွေလှုပ်ခါသွားလောက်အောင် ပြန်လှည့်သွား၍.. ၊

"ဆရာရှိတယ်မို့လား မမသဲ.."

"မရှိဘူးရဲရဲရဲ..သူရောက်လာတာလည်း မတွေ့ပါဘူး.."

"မဟုတ်ဘူး..ခုန သူ့သူငယ်ချင်းတွေ ပြောသွားတာ ကြားလိုက်တယ် သူတို့ဒီထဲကထွက်လာကြတာ.."

"ဘာလဲ..ဘာဖြစ်လို့လဲ.."

တံခါးဝမှာ လူစုစုမြင်တော့ ပါချုပ်ရဲ့ညီမ ဒေါ်ကြာပန်းက အနား လာမေးသည်။ သူမနောက်က သားနဲ့သမီးနှစ်ယောက်ပါလာ၏။ ပြီးတော့ ဘေးနားမှာရှိတဲ့လူတွေ အာရုံစိုက်လာကြကာ.. ၊

"ချစ်မဝအောင်လား.."

"ဟော့..ချစ်မဝလာလို့လား၊ တွေ့မိလား.."

"ရှာပေးလိုက်ကြပါ..မတွေ့ရင် မပြန်ဘူးတဲ့.."

လူတွေ စုရုံးများပြားလာသည့်အလျှောက် အော်ဟစ်ပြောသံတွေမှာ အပိုအလိုစနောက်သံတွေပါ ပါလာသည်။ ချစ်မဝအောင်ကို ရဲရဲရှာနေသည့်အဖြစ်က ပြန့်ကားသွားသည်။ ထို့ပြင် မကြာသေးမီကဖြစ်ခဲ့သောပြဿနာကို သိထားသူတချို့က မသိသူကိုတီးတိုးဖြန့်ဝေရင်း.. ၊

"အဲ့ကောင်မလေးက ဘယ်သူနဲ့တုန်း.."

"မသိဘူး..အဲ့လိုပဲ.."

"ဒေါက်တာချစ်မဝအောင်က သူ့ကိုမကြိုက်ဘူးလား.."

"မကြိုက်လို့လိုက်နေတာပေါ့.."

စကားသံတွေက ကျောနောက်ကလာတာလား.. ခပ်လှမ်းလှမ်းကလား.. ဒါမှမဟုတ် သူမပတ်လည်မှာလား..။ လူအုပ်နဲ့စကားသံတွေကြောင့် ရဲမျက်နှာလေးပျက်လာသည်။ ဟိုဒီလှည့်ပတ်ကြည့်ရင်း သွေးကြောင်လာခဲ့

၏။ ပြီးတော့ ခေါင်းခါရင်း.. ၊

"ရဲ..ရဲအဲ့လိုမျိုးမဟုတ်ဘူး.."

"ဘာမဟုတ်တာလဲ..ချစ်မဝအောင်ဆို.."

"နာမည်တွေမှားပြောနေတာ..ခစ် ခစ်.."

"မဟုတ်ဘူး.."

သူမခေါင်းခါသည်။ လူအုပ်ထဲကထွက်ဖို့ ခြေလှမ်းပြင်၏။ သို့သော် ခြေလှမ်းတိုင်းရဲ့ရှေ့မှာ ခြေထောက်တွေစုပြုံကပ်နေကာ ထိုသူတို့သည် မိန်းတွေသာဖြစ်လျက်.. ၊

"ခစ် ခစ် ခစ်..ငါသူ့ထက်လည်းတော့ အကြီးကြီးထိသွားပြီ.."

"ဟား ဟား ဟား..ခံရတော့လည်း သနားပါတယ်၊ ဒါပေမဲ့ နင်အမ်းပိုင်တာပဲဆုမြတ်.."

တိုးတိုးကြိတ်ကြိတ်ရယ်သံ။ ပြီးတော့ ပြောလိုက်သည့်စကား။ ရဲမျက်နှာချာခနဲလှည့်သွားသည်။ မျက်ဝန်းတို့သည် အောင်နိုင်သည့်အပြုံးနှင့်ရယ်နေသော ဆုမြတ်ထံစူးစိုက်သွားခဲ့ပြီး လက်တစ်ဖက်က ရိပ်ခနဲ။ သို့သော်..၊

"မလုပ်နဲ့ရဲ.."

သူမလက်ကို တစ်စုံတစ်ယောက်က ဖမ်းဆွဲထားလိုက်၏။ ရဲလှည့်ကြည့်လိုက်လျှင် ထိုသူသည်ချစ်မဝအောင်ဖြစ်နေခဲ့ပြီး.. ၊

"ခဏဖယ်.."

ခွင့်တောင်းပေမယ့် ကာဆီးနေသမျှကို ပခုံးနဲ့တိုက်ဖယ်ပစ်လိုက်သည်။ ဆုပ်မိထားသည့်ရဲရဲ့လက်ကို မလွှတ်တမ်းထပ်ဖိဆွဲကာ.. ၊

"အ.."

"ချစ်မဝရယ်..တကယ်ပါပဲ.."

ယိမ်းယိုင်ကျန်ရစ်သည့် ဆုမြတ်တို့ဘက်ခြမ်းက အသံတွေထွက်လာသည်။ ချစ်မဝမျက်နှာက တင်းမာနေကာ ရဲကိုသူ့ဘေးရောက်အောင် ခေါ်ပြီးတာနှင့် အားလုံးကိုတစ်ပတ်ဝေ့အောင် ပြန်ငဲ့ကြည့်၏။ ထိုခဏမှာ အားလုံးတိတ်ကျသွားခဲ့ပြီး ချစ်မဝနဲ့ရဲတို့ကိုသာ အာရုံစိုက်နေကြတာမို့ စူးရဲထန်နေသည့် ချစ်မဝအကြည့်တွေကို မသိတဲ့လူတချို့ အံ့သြနေကြသည်။

ဆုမြတ်တို့သည် အချင်းချင်းလက်တို့၍ တမင်လာဝိုင်းတာဖြစ်ကာ တချို့ကသိလို့ပြေးလာရပ်ကြသည်။ တချို့ကသိချင်လို့ရောက်လာတာဖြစ်ကာ ရဲရဲ့ဘေးမှာ လူစုလူဝေးဖြစ်ရခြင်းအတွက် တရားခံပျောက်နေခဲ့၏။ သို့သော် ခုနရဲလက်ရွယ်လိုက်တာ ဆုမြတ်ကို.. ၊

ချစ်မဝမျက်ဝန်းတွေက ထွင်းဖောက်သိမြင်နေသလိုရှိကာ.. ၊

"အဲ့လိုဘော်ဒါစိတ်ရှိတာ ကျေးဇူးပဲမဆု.."

"ဟင်.."

သူဘာမှဆက်မပြောတော့ဘဲ အားလုံးကိုစူးစူးရဲရဲဝေ့ကြည့်သည်။ ပြီးတော့ ရဲကိုခေါ်ထုတ်လာခဲ့သည်။ ထိုစဉ် အစွန်စားပွဲနားမှာ ရပ်နေကြသည့် လူနှစ်ယောက်ကို လှမ်းမြင်လိုက်ပြီး ရဲခြေလှမ်းရပ်သွားသည်။ ထိုသူတွေက ချစ်မဝအထဲမှာရှိနေသလိုလို အနားကပ်ပြောသွားတဲ့လူတွေ.. ၊

"ခံရတော့သနားပါတယ်..နင်အရမ်းတော်တာပဲဆုမြတ်.."တဲ့.. ၊

ဒါလုပ်ကြံထားတာတွေလား..ဘာဖြစ်လို့ ဒီလောက်တောင်မုန်းတီးကြတာလဲ..။ ကိုယ့်စိတ်ထင်ရာလုပ်မိတဲ့အတွက် ဘယ်လိုအပြစ်တွေကြီးမေးသွားလို့လဲ..။ သူမတို့တွေ ဘာလို့ဒီလောက်ထိအငြိုးထားနေကြတာလဲ..

"လာ..သွားမယ်.."

သူမလက်မောင်းလေးကိုပါ ထပ်ဆွဲ၍ ချစ်မဝခေါ်ထုတ်ခဲ့သည်။ သို့သော် ဧည့်ခံပွဲ၏အပြင်ဘက်ကိုရောက်သည်နှင့် ရဲကပြန်ရုန်းပစ်လိုက်ကာ..

"ရဲကိုဘယ်အမှိုက်ပုံမှာ သွားပစ်မလို့လဲ.."

ကြေကွဲခြင်းသည် သက်ဆိုင်တာမဆိုင်တာမသိ။ သူမဆောင့်ခါရုန်းလိုက်ခြင်းကြောင့် နားမှာပန်ထားသည့်ကြယ်ပွင့်က မှုန်ပျပျမီးရောင်မှာ မှန်ရောင်ထိုးလိုက်သလို လက်သွား၏။ ထို့အတူ သူမမျက်ဝန်းတို့သည်လည်း..

"ဟိုတစ်ခါလည်း မွေးနေ့ပွဲထဲကနေ ဆွဲထုတ်လာခဲ့တယ်..ပြီးတော့ ရဲကိုဘယ်သူဖိတ်လို့လာတာလဲတဲ့.."

သူဘာမှမပြောဘဲ စိုက်ကြည့်နေခဲ့၏။

"အခုတစ်ခါလည်း ရဲကိုပဲခေါ်ထုတ်လာတယ်.."

"ခင်ဗျားကိုခေါ်မထုတ်ရင် အဲ့ဒီအုပ်စုထဲမှာ ငြိတော့မှာ.."

"ငြိအောင်တို့လုပ်တာမှ မဟုတ်တာ..ခုနလူနှစ်ယောက်တို့နားမှာပြော

သွားတယ်၊ ချစ်အထဲမှာရှိတယ်တဲ့..ဒါပေမဲ့ အဲ့လိုတမင်ပြောခိုင်းလိုက်တာ ဆုမြတ်တို့ပဲ..သူတို့အားလုံး ဘာလို့အဲလိုလုပ်တာလဲ၊ တို့ကိုမြင်လိုက်တာနဲ့ အဲ့လိုလုပ်ကြံချင်စိတ်တွေဖြစ်နေရအောင် သူတို့နဲ့တို့ဘယ်တုန်းကဘာဖြစ်ဖူးလို့လဲ..အဲ့ဒါခုတစ်ခါတည်းလည်း မဟုတ်ဘူးလေ၊ ချစ်တွေးကြည့်ပါဦး..အဲ့ဒါကိုတို့က တုံ့ပြန်ခွင့်မရှိတော့ဘူးလား.."

"သူတို့ကလည်း ခင်ဗျားတုံ့ပြန်လာအောင် လုပ်နေကြတာပဲ..အဲ့လို ပွဲဆူသွားတာကို လိုချင်တာ၊ ပွဲဆူလာတိုင်း ခင်ဗျားပဲဆိုတာမျိုးဖြစ်ချင်တာ.. ခင်ဗျားကိုမြင်လိုက်တိုင်း ခင်ဗျားကဘယ်လိုမိန်းကလေးလဲဆိုတာ လူတွေ ဒိတ်ဝင်စားစေချင်တာ.."

"အဲ့ဒါဘာဖြစ်လို့လဲ..ရန်သူတွေတောင် အဲ့ဒီလောက်တော့ အချိန်ကိုင်းကြံစည်နေမှာ မဟုတ်ဘူး.."

ခင်ဗျားက သိလှနေလို့ပဲနီရဲရဲနီ..။ ပြီးတော့ ခင်ဗျားရဲ့မျက်ဝန်းတွေအောက်မှာ ပုရိသတွေကျရှုံးသွားတတ်လို့။ မနာလိုစိတ်ဆိုတာ အကြီးမားဆုံးစိတ်ရဲ့ဈေးသိတ်ပဲ..။ အဲ့ဒါက အဆိပ်လိုပြင်းထန်တယ်..

သူပြောလိုက်ချင်ပေမယ့် မပြောဖြစ်။ စကားတွေဆက်တိုက်ဆိုနေရင်း ခေါင်းလေးခါ လက်လေးပါဖြစ်နေသော ရဲရဲ့လှုပ်ရှားမှုတွေမှာ စူးစိုက်ငေးရင်း.. ၊

"ဘာပဲဖြစ်ဖြစ် ခင်ဗျားနောက်ထပ်ပြီး ကျွန်တော့်ကိုလိုက်ရှာတာတွေမလုပ်နဲ့..အားလုံးငြိမ်းချမ်းသွားလိမ့်မယ်.."

ဟင်..

ရုတ်တရက်ပြောလက်စတို့ ရပ်တန့်ကုန်ကာ ရဲဟင်ခနဲဖြစ်သွားသည်။ သူမကရော ဘာကြောင့်လာရှာတာမို့လဲ..။ သူ့ကိုသူမနှုတ်ဆက်ရုံလေးပါပဲ။ ကိုယ်ခွဲသွားတော့မယ့်အကြောင်းလေးပြောပြီး သူ့မျက်နှာကိုဖတ်ကြည့်ချင်ရုံ။ သို့သော် တကယ်တမ်းပြောဖြစ်ခြင်းသည်.. ၊

"ယူပြောပြန်ပြီ.."

"ခင်ဗျားကထပ်ရောက်လာတော့ ထပ်ပြောနေရတာပေါ့..ဒီမှာရဲရဲ ခင်ဗျားနဲ့ကျွန်တော် ဘာအတွက်မှတွေ့စရာမရှိဘူး၊ တွေ့ကြဖို့အကြောင်းလည်းမရှိဘူး..ခုလိုခင်ဗျားလက်ကို ဆွဲခေါ်ထုတ်လာရတာ ဘယ်နှစ်ခါရှိပြီလဲ၊ အဲ့

ဒီလိုတွေနဲ့ လူသိရှင်ကြားဖြစ်စေချင်တာလား..”

“ဟုတ်တယ်ဆိုတော့ ယူဘာထပ်ပြောမလဲ..”

“ပြောစရာစကားကို မရှိတော့ဘူး..ဒါပေမဲ့ ခင်ဗျားစိတ်ထင်တာတွေမှားနေရင် ပြောပေးလိုက်မယ်၊ ကျွန်တော့်ကိုမျှော်လင့်နေတယ်ဆိုရင်တော့ ဆောရီးပဲ..ခင်ဗျားနဲ့ကျွန်တော် မဖြစ်နိုင်ဘူး..”

ရဲအသံတိတ်သွားသည်။ ဒီတစ်ခါ သူမမျက်ဝန်းတွေကို သူကြည့်မှ ဖြစ်မည်။ ဒါကိုပြောဖို့လည်း ပြင်ဆင်ပြီးသား.. ।

“ခင်ဗျားကျွန်တော့်ကို တလွဲထင်နေတယ်..ကျွန်တော်ခင်ဗျားကိုနည်းနည်းလေးမှ စိတ်မဝင်စားဘူး..”

“ယူ့ကိုမေးလို့လား..အဲ့ဒါကို ဒီကမေးမှပြောရမှာ မဟုတ်ဘူးလား..”

သူမစကားသံတွေ တုန်လာသည်။

“အဲ့ဒီလိုတွေ မကြားချင်လို့တောင် မမေးဘဲနေခဲ့တာကို..ချစ်တော်တော်ရက်စက်တယ်သိလား..”

ရဲ သူ့ရှေ့မှာတင် ရှိုက်သံတွေပါလာသည်။ ပြီးတော့ တရှိုက်ရှိုက်ငိုလေသည်။ ချစ်မဝခြေလှမ်းပြင်လိုက်မိ၏။ သို့သော် ရှေ့မတိုးမိခင် ပြန်ရုတ်ကာ လက်ချောင်းတွေကို ဖိဆုပ်ပစ်မိသည်။ ရဲရဲသည် သူ့မျက်နှာရှေ့မှာတင် ရှိုက်ငိုနေကာ လက်နှစ်ဖက်လုံးပင့်၍ မျက်လုံးတွေကိုပွတ်လိုက် ပါးပြင်ကိုပွတ်လိုက်နှင့်.. ।

“လူကိုအဲ့လောက်ပြောဖို့မှလိုပါဘူး..နောက်ထပ်ချစ်ရှေ့ကို လုံးဝပေါ်မလာစေရဘူး၊ ရပြီလား..”

ပြောနေရင်း သူမဖြည်းဖြည်းလေးလှည့်သည်။ ကျောခိုင်းပြီးမှ ခြေစုံရပ်၍ မျက်ရည်တို့ကိုပြောင်စင်အောင် သုတ်နေသည်။ ပြီးတော့ သုတ်လို့မနိုင်သလို ခြေလှမ်းပြင်လိုက် ပြန်ရပ်ပြီးထပ်ပွတ်လိုက်။ သူဘယ်လိုမှစိတ်မခိုင်တော့ပေ။ သူမလက်လေးတစ်ဖက်ကို ဆွဲလှည့်ယူရင်း.. ।

ယိုင်နဲ့ပါလာသည့် သူမတစ်ကိုယ်လုံးကို ရင်ခွင်ထဲမှာ သိမ်းကျုံးထွေးပိုက်ထားလိုက်သည်။ ကိုယ့်ကိုယ်ကိုဘာဖြစ်သွားမှန်းမသိလိုက်မိ သိဖို့လည်း မကြိုးစားတော့ဘဲ သူမကိုယ်လေးကိုလွတ်ထွက်သွားမှာစိုးသလို တိုး၍ဖက်ထားမိရင်း.. ।

“ကျွန်တော်..”

“ဟိတ်လူ..လွှတ်လိုက်..”

ဝင်ပါသင့်ရဲ့လား မပါသင့်ဘူးလား အခြေအနေကို မတွက်မိတော့ ...။ ရဲရဲကိုဖက်ထားလိုက်တာမြင်သည်နှင့် ကလေးငိုမျက်လုံးအဲမှာ မီးပွင့် ...းသည်။ ကားသေ့ဖြုတ်ဖို့တောင် သတိမရတော့ဘဲ တအားပြေးသွား ...သည်။ ပြီးတော့ ပူးကပ်ဖက်တွယ်ထားသည့် ခန္ဓာကိုယ်နှစ်ခုကို အတင်းဆွဲ ...ယ်တွန်းထုတ်ပစ်၍.. ।

“မင်းဆီရောက်ရောက်လာတာနဲ့ အပိုင်တွက်လိုက်တာလားချစ်မဝ ...အောင်..ရဲရဲကို မင်းကိုယ်ထိလက်ရောက်စော်ကားရအောင် မင်းနဲ့ဘာဆိုင် ...လဲ၊ မင်းသူ့ကိုရည်းစားစကားပြောခဲ့လား..ရဲရဲဆီက ချစ်ခွင့်တရားဝင်ပေး ...သလား..”

အသားတွေတုန် အသံတွေတုန်ကာ ငေးကြောင်ကြောင်လေးဖြစ်နေ ...ည့်ရဲကို သူ့နောက်ရောက်အောင် တွန်းထိုးဆွဲယူလိုက်ပြီး ချစ်မဝကိုလက် ...းထိုး၍.. ।

“မင်း လူပါးမဝနဲ့..တောက်..”

ဘယ်သူမှဘာမှပြောစရာ စကားလုံးရှာမရအောင် တိတ်ကျသွားစဉ် ...လေးငိုက ရဲကိုကားဆီခေါ်လာခဲ့ပြီဖြစ်လျက်.. ।

“ကားထားခဲ့တော့ ဒီပေါ်တက်..”

“နင်ခိုင်းတိုင်း ငါကဘာလို့လုပ်ရမှာလဲ..”

“ရဲရဲ..”

“ကလေးငို..နင်ဘာစိတ်ပေါက်လာတာလဲဟင်၊ ငါသူ့ကိုဘယ် ...လောက်ထိမျှော်လင့်နေခဲ့ရသလဲ..နင်မသိဘူးလား၊ သူ့အတွက်နဲ့ငါ..”

“သေလိုက်လေ..အဲ့ဒီကောင် နင့်ကိုတောက်လျှောက်နိုင်စားသွားမှာ၊ ...ဒါ နင်ဗုန်းဗုန်းလဲအောင်ကြိုက်ပြနေလို့..”

“ကြိုက်မယ်..လဲရုံမကလို့ စုန်းစုန်းမြုပ်သွားပေ့စေ၊ ငါချစ်နေရတဲ့သူ ... ငါ့ကိုနိုင်တော့ နင့်အပူပါသလား..နင် နင် လူရှုပ်၊ အဖျက်သမား..ကဲ ...”

ရဲရဲ သူ့ရင်ဘက်ကို တအားထုနှက်ဆွဲခါပစ်သည်။ **အားရမှ သူ့အကျီ**

စကို ဖိဆုပ်ဆွဲထားပြီး.. ၊

"ငါသူ့ကိုချစ်တယ်..ငါ့မျက်လုံးထဲမှာ ယောကျ်ားဆိုလို့ သူပဲရှိတယ်"

"ဟာ..တော်တော့၊ သွား.."

သူငယ်ချင်းတွေမို့ ကိုယ်သဝန်တိုနေတာကိုလည်း ဖုံးဖိမထားချင်တော့ပေ။ ထို့ကြောင့် ရဲရဲလက်ကိုဖယ်ချပစ်သည်။ ပြီးမှ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး.. ၊

"နင့်ကိုယ်နင်မိန်းကလေးဆိုတာ မေ့နေပေမယ့် ယောကျ်ားတစ်ယောက်ကို ဒီလောက်တကောက်ကောက်လိုက်နေတာ..ပတ်ဝန်းကျင်မှာ ဘယ်လိုသရုပ်ပေါ်နေပြီလဲ သိလား၊ အဲ့ကောင်ကရော နင့်ကိုအထင်ကြီးမယ်ထင်နေလား.."

"သူ့ဆီက ငါလိုချင်တာ အထင်ကြီးမှုမဟုတ်ဘူး.."

"အထင်သေးတဲ့စိတ်က အချစ်ကိုအင်အားမဖြစ်စေဘူးရဲရဲ..နင်လိုချင်ချင်မလိုချင်ချင် သူနင့်ကိုအထင်မြင်သေးနေသရွေ့.."

"ထားလိုက်စမ်းပါ..တစ်ယောက်နဲ့တစ်ယောက် ချစ်ကြဖို့က အဲ့ဒီနှစ်ယောက်နဲ့ပဲဆိုင်တယ်၊ ပေါင်းကြဖို့က လူကြီးတွေကိစ္စ.."

"ရဲရဲ.."

"ဘာလဲ.."

ထူးလိုက်ရင်း သူ့လက်တွေကို ဆောင့်ဖြုတ်ပစ်မိသည်။ သို့သော်ကလေးငိုက မလွှတ်ဘဲဖိဆုပ်ထားကာ.. ၊

"နင်ဒီလောက်တောင်ဖြစ်နေသလားဟင်.."

"နင်ထင်တာထက်တောင်ပိုသေးတယ်..ဖယ် လွှတ်.."

"နင့်ကိုငါနဲ့လက်ထပ်ပေးဖို့ လူကြီးတွေကစီစဉ်နေကြပြီ.."

"စီစဉ်ပေ့စေ..ငါယူချင်မှဖြစ်တာ.."

"မေလေးကို နင်ကတိတွေပေးထားခဲ့တာ ဘာလဲ.."

"ကဲ ကလေးငို..နင့်လက်ကိုဖြုတ်မလား၊ ငါပါးရိုက်ရမလား.."

"ငါနင့်ကိုချစ်တယ်.."

"ကျွတ်.."

ရဲရဲစိတ်ပျက်သလိုဖြစ်သွားပြီး ကလေးငိုကိုကြည့်သည်။ ပြီးတော့

လက်တွေကိုဆတ်ခနဲပုတ်ချပစ်လိုက်ပြီး.. ၊

"နင်သဝန်တိုနေတာ ခွေးကအစသိတယ်.."

"ဒါဆိုလည်း နင်ငါ့ကိုညှာတာဖို့ နည်းနည်းပါးပါးတွေးလေ.."

"ညှာတာတာလိုချင်ရင်လည်း ပြောပါလား.."

"ရဲရဲ.."

"နင်နားလည်ထားကလေးငို..နီးစပ်ကြတိုင်း ချစ်တဲ့စိတ်ဖြစ်လာတာမဟုတ်ဘူး.."

"ငါကတော့ ဟိုတုန်းတည်းကချစ်ခဲ့တာ.."

"ငါကဘယ်တုန်းကမှ မချစ်ခဲ့ဘူး.."

"နင်.."

ကလေးငိုစိတ်တိုသွားကာ ရဲရဲလက်မောင်းလေးတစ်ဖက်ကို ဆောင့်ဆွဲတာ အတင်းဆွဲချုပ်လိုက်သည်။ ရဲရဲချာခနဲလှည့်ပါလာပေမယ့် လက်တစ်ဖက်သည်လည်း.. ၊

"ဖြန်း.."

ရိုက်ချပစ်လိုက်တာ အရှိန်ကသေးသေးမဟုတ်။ ထို့နောက် လက်သိုးထိုးညွှန်၍.. ၊

"ငါ့ကိုအထင်သေးတာ နင်ပဲ..ငါနဲ့တစ်သက်လုံး အတူရှိနေခဲ့တဲ့လူက ယောကျ်ားတစ်ယောက်နောက်ကို တကောက်ကောက်လိုက်နေတာပဲဆိုပြီး ငါ့ကိုအထင်သေးတာ.."

"မဟုတ်ဘူး.."

"ဘာကိုမဟုတ်တာလဲ..ချစ်ကိုငါကချစ်ပြနေလို့ သူ့ဘက်ကတုံ့ပြန်တာ၊ နင့်ကိုငါမရိုးမသား ဘယ်နှစ်ခါပြောခဲ့ဖူးသလဲ..နင်သေအောင်ချစ်နေလည်း ငါမချစ်ဘူးဆိုတာ နင်သိထားရမှာ မဟုတ်ဘူးလား၊ နင်ကမှယုတ်မာတာ..အချစ်ကိုလိုချင်တာမဟုတ်ဘဲ သွေးသားသောင်းကျန်းတာ.."

"နင်မဟုတ်တာတွေ ပြောမနေနဲ့.."

"သွားသေလိုက်လေ..ငါနင်နဲ့ပြန်မလိုက်ဘူး.."

"ရဲရဲ.."

"ဂျိမ်း.."

ကလေးငို ဒီတိုင်းရပ်ကျန်ခဲ့၏။ ရဲကို သူနမ်းပစ်ချင်စိတ်တွေဖြစ်သွားခဲ့သည်။ ဒါကိုသွေးသားသောင်းကျန်းသည်ခေါ်သလား..။ ကိုယ့်ကျတော့စွပ်စွဲလိုက်တာ..စကားတွေတတ်လိုက်တာရဲရဲ။ ချစ်မဝအောင်ကိုကျတော့..

"နင်တော်တော်ရက်စက်တယ်.."

လက်သီးလည်းဆုပ်မိသည်။ အံလည်းကြိတ်မိသည်။ နေရာမှာတင်အတန်ကြာရပ်နေရင်း ပူထူကျိန်းစပ်နေဆဲပါးပြင်ကို မထိကိုင်မိအောင် ကြိုးစားနေမိသည်။ ပြီးမှ သူကားကိုလော့ခ်ဖွင့်၏။ ထိုစဉ် သူ့နောက်မှာအရိပ်တစ်ရိပ်ရှိနေတာကို ခံစားမိလိုက်ပြီး လှည့်ကြည့်မိလျှင်.. ၊

"ချစ်မဝအောင်.."

အလင်းရောင်ကို ကျောပေးထားသည့် ချစ်မဝမျက်နှာက မှောင်ရိပ်ကျနေသည်။ အဖြူရောင်တီရှပ်လက်ရှည်နှင့် ပုဆိုးကိုဝတ်ထားပေမယ့် မြင့်မားသည့်အရပ်က ထင်းနေသည်။ သူ့ကိုဘယ်နေရာကလှမ်းမြင်မြင် ချစ်မဝအောင်ပဲလို့ တန်းသိနိုင်တာ ဒီအရပ်အမောင်း။ သူကားသော့ကိုဖိဆုပ်လိုက်ရင်း နောက်ပြန်လှည့်သည်။

"လူကကျားကိုးစီး စားမကုန်တဲ့ပုံနဲ့..သတ္တိကမရှိဘူး၊ ရဲကမင်းထင်တဲ့မိန်းကလေးမျိုး မဟုတ်ဘူး..မထင်တာတွေလုပ်တတ်ပြီး သူများထင်နေတာတွေကိုလည်း ပယ်ချပစ်ရဲတဲ့ သတ္တိမကြောင်တဲ့မိန်းမမျိုး.."

"အဲ့ဒါကိုမင်းပဲနားလည်အောင် ကြိုးစားပါ..ငါကသူ့သိထားတဲ့ချစ်မဝအောင်ပဲ.."

ရင်ထဲမှာ စူးတစ်ချောင်းနစ်ဝင်သွားသည့်နှယ်။ ချစ်မဝက သူ့ကိုစိုက်ကြည့်ရင်း နောက်ပြန်ခြေတစ်လှမ်းဆုတ်သည်။ ပြီးတော့မှ လှည့်ထွက်သွား၏။ သူကျန်နေခဲ့ပြီးမှ.. ၊

"အဲ့လိုကွယ်ရာကနေ ချောင်းကြည့်တာ ပညာတတ်တွေရဲ့အဆင့်အတန်းလား.."

ချစ်မဝ ခြေလှမ်းရပ်သွားသည်။

"ဟွန့်..ဆရာဝန်အင်ဂျင်နီယာဖြစ်ဖို့ ကျားကုပ်ကျားခဲနဲ့ ပံ့ပိုးပေးကြပြီးတော့ အဲ့ဒါလေးကို ဥစ္စာခြောက်ပြီး ဘယ်မိန်းမမြင်မြင် စာခြောက်သလိုခြောက်ထုတ်..မင်းအဒေါ်ဆိုတဲ့မိန်းမကြီး ထမိန်မနိုင်အောင် လိုက်အုပ်နေ

တာ သနားမိလို့ပါ၊ မင်းလည်း ရဲရဲကိုကြိုက်နေသားနဲ့ ဗိုင်းကောင်းကျောက်ကြီးပြင်းခဲ့ရတော့ ယောကျ်ားယူရမှာလား မိန်းမယူရမှာလားတောင်သိရဲ့လား..ဟား ဟား ဟား၊ ရဲရဲက ငါ့ကိုမကြိုက်လည်း ငါကအိုခေပါတယ်..သူဖြစ်ချင်တာတွေ ဖြည့်ဆည်းပေးနေရရုံနဲ့ ကျေနပ်တယ်၊ ဒီထဲမှာ မင်းလိုကောင်ကို ထမီးပေးဝတ်ပြီး ခိုးပေးပါဆိုရင်တောင် ခိုးပေးနိုင်တယ်.."

ပြောရင်းရယ်ရင်းနှင့် မကျေနပ်သမျှ ဖိနှိပ်အနိုင်ယူပြောနေရတာကလေးငိုကျေနပ်နေ၏။

ချစ်မဝကျောခိုင်းရပ်နေရင်း ပြုံးသည်။ ရဲရဲနဲ့သူတို့ ဘယ်လိုတော်ပမ်မှန်းသိလိုက်ရပြီမို့ ကလေးငိုရင်ထဲကို နားလည်သွားသည်။ ထို့ကြောင့်ဘာမှပြန်ပြောမနေတော့ဘဲ ဆက်ထွက်လာခဲ့လျှင်.. ၊

"ကြားတယ်နော်..ရဲရဲကိုမင်းမကြိုက်ရင် ပြေးနိုင်သမျှပြေးပေတော့၊ ရဲအတွက်ဆို ငါကမိန်းမခိုးပေးဖို့လည်း အဆင်သင့်ပဲ..ဟား ဟား ဟားန်ဒူး.."

◆◆◆◆

အခန်း(၄၂)

"ဒီမှာဆရာရယ်..အဒေါ်တို့မှာ ဆရာဝန်ကြီးကို တစ်နေ့တစ်ကြိမ်ပဲ မျက်နှာလေးမြင်ရတယ်၊ ကျန်တဲ့အချိန်တွေမှာ ဒါကြီးကသေကောင်ပေါင်းလဲ နာကျင်လာရင် ဘယ်လိုလုပ်ရမလဲဟင်.."

အလှည့်ဝင်ပေးကြရသည့် ဂျူတီချိန်မှာ ဒေါ်ကြီးတစ်ယောက်က လက်ကိုဆွဲထားပြီး သိချင်တာကို တည့်တည့်မေးသည်။ ပြီးတော့ လူနာခုတင်ပေါ်မှာရှိနေသည့် အမျိုးသမီး၏ဗိုက်ကို မေးဆတ်ပြ၍.. ၊

"ခွဲပြီးသုံးလကြာရင် ရပြီဆိုလို့ စိတ်ချမ်းသာနေတာ..အခုလည်း ဒီအနာကမကျက်သေးဘူးလား၊ ဒီမှာကြည့်ပါဦး..အနာကဖြင့် ခြောက်သလောက်လို့ပါ.."

သူပြုံးလိုက်တော့ လူနာရှင်အဒေါ်ကြီးက မချင့်မရဲဖြစ်သွားပုံပေါ်ကာ အမျိုးသမီးရဲ့ထမီစကို ချက်အောက်ချုပ်ရိုးပေါ်တဲ့အထိ လှန်ပြနေသည်။ သူလည်း လူနာရှင်ကျေနပ်အောင် သေချာကြည့်ပေးလိုက်ပါသည်။ ပြီးမှ..

"ဒါက ဒီလိုရှိတယ်ဒေါ်လေးရဲ့..သုံးလဆိုတာ လူမမာလို့နေထိုင်ဂရုစိုက်ရတဲ့ အချိန်ကျဉ်းကျပ်မှုတွေကို လွတ်လို့ရပြီလို့ ပြောတာပါ..ဥပမာ သုံး

ခြောက်လထိပေါ့၊ လူချင်းလည်း တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး ..ကိုယ်ခံစွမ်းအားပေါ်မှာလည်း စကားပြောတယ်၊ ကိုယ့်ကိုယ်ကိုစောင့် ာက်တတ်မှုပေါ်မှာလည်း ကွာခြားသွားတယ်..အဲ့ဒါကြောင့် သုံးလကျော် ာက်မှာ ဒေါင်ဒေါင်မြည်သွားတဲ့လူရှိတယ်၊ ခြောက်လလောက်ထိ ဂရု ်ဖို့လိုနေသေးတဲ့လူရှိရင်ရှိမယ်.."

"ဒါဆို နှစ်ချီတာတောင် ပျောက်ချင်မှပျောက်မယ့်သဘောပေါ့.."

ချစ်မဝအောင်က ရယ်လိုက်ပြီး ခေါင်းခါပြသည်။

"မဟုတ်ပါဘူးဒေါ်လေးရဲ့..လူနာက ကိုယ့်ကိုယ်ကိုဂရုစိုက်စောင့် ာက်ပေးရင် အနာကျက်မြန်တာပေါ့၊ အထဲမှာက သုံးထပ်တောင်ချုပ်ထား ာလေ.."

"သုံးထပ်တောင်.."

"ဟုတ်တယ်..အပြင်ချုပ်ရိုးက အကျက်မြန်ပေမယ့် အတွင်းချုပ်ရိုး ွေက ကြာတယ်၊ အထဲမှာကျတော့ စိုစွတ်မှုနဲ့ရှိနေရတာလေ၊ ပြီးတော့ ခြင်ရတဲ့နေရာကို ဂရုစိုက်ရတာ နည်းနည်းပိုပြီး တာဝန်ကြီးတယ်..ဟုတ် ယ်မို့လား၊ အစ်မကြီးက အလေးအပင်သွား'မ'လိုက်လို့ပါ..စိတ်မပူပါနဲ့.."

"အင်း.."

ဒေါ်ကြီး၏ 'အင်း'သံကြီးက ဘဝင်မကျသလိုရှိပေမယ့် ခေါင်းတော့ ်တ်ရှာ၏။ နယ်ပိုင်းကနေ ဆေးရုံလာတက်ရတာဖြစ်ပုံပေါ်ကာ ဆေးရုံ ာက်နေရသည့်အဖြစ်ကိုလည်း စိတ်ပျက်သလိုဖြစ်နေသည်။ ရှင်းပြလိုက် ာ့လည်း နားလည်သွားပုံရှိပေမယ့်.. ၊

"ဒေါ်ကြီးတို့မှာ လူခွဲကမရှိ..အလုပ်ကနားရသေးတယ်၊ ပိုက်ဆံကုန် ာထက် ပြန်မရှာနိုင်တာက ခက်နေတာ.."

"ကျန်းမာရေးနဲ့ပတ်သက်လာရင် လူတိုင်းဒီလိုပါပဲဒေါ်လေးရယ်.. ှနေကောင်းမှ အလုပ်လုပ်လို့ရတာမို့လား၊ အားတင်းထားပါ.."

"ကျေးဇူးတင်ပါတယ်ဆရာရယ်..အကုန်လုံးဆရာ့လိုပဲ သဘော ကောင်းကြရင် တော်တော်ကောင်းမှာ၊ ဒေါ်ကြီးမှာမေးချင်နေတာဆိုတာလေ ဆရာမတွေရော ဆရာတွေရော မျက်နှာကြီးတွေက တင်းနေတာကိုး၊ တစ် ်န်းကနှစ်ခွန်းမေးလိုက်တာနဲ့ လူကိုကိုင်ပေါက်ပစ်တော့မလားမှတ်ရတယ်.."

"အဟွန်း.."

"ဆရာဝန်ကြီးတွေပါလာရင်တော့ ဆရာဝန်ကြီးတွေက မျက်နှာချို ပါတယ်..မြင်လိုက်တာနဲ့တင် ရောဂါတစ်ဝက်ပျောက်သွားသလို ခံစားရတာမျိုးပေါ့နော်.."

"ဆရာကြီးတွေက အရမ်းအလုပ်များတယ်လေ..လူနာတစ်ယောက်စီက အဲ့လိုမျှော်နေကြပေမယ့် ဆရာကြီးတို့ကျတော့ လူနာအများကြီးဆီရောက်အောင် သွားကြည့်ပေးရတာလေ.."

သူရှင်းပြနေတာကို ဘေးကရပ်စောင့်နေရင်း ကိုတိုးကသွားကြဖို့ လက်တို့နေသည်။ အပြင်ထွက်လာကြတော့ လူနာရှင်ရှေ့မှာပြုံးနေသည့် ချစ်မဝမျက်နှာက နွမ်းကျသွားကာ ခေါင်းကိုဘယ်ညာလိုမ့်လိုက်ရင်း မျက်နှာကိုတစ်ချက်ပွတ်သည်။

"ဘယ်လိုလဲ..ခုထိမအိပ်ရသေးဘူးမလား၊ ညက အမ်မာဂျက်စီရွှန်းထဲမှာလည်း မင်းချည်းပဲဆို.."

ဟုတ်တယ်လို့လည်း မဖြေမိခဲ့ပေ။ စိတ်ထဲမှာ ဘာမှမရှိအောင် အလုပ်မှာပဲ အာရုံစိုက်နေမိတာဖြစ်ကာ အထူးသဖြင့် မိန်းကလေးမိတ်ဆွေတွေနဲ့ အတူရှိမနေချင်။ ဒီလိုဖြစ်ပျက်ခဲ့တာတွေက တစ်ခါနှစ်ခါနဲ့လည်း ပြီးဖို့မမြင်။ လူတစ်ယောက်ကို လူတစ်စုတစ်ဖွဲ့က အမြင်စောင်းနေခြင်းနှင့်ပတ်သက်ပြီး တခြားတစ်ယောက်သောသူအနေနဲ့ ကိုယ်နဲ့သက်ဆိုင်နေတာတောင် ဒါကိုဝင်ရှင်းမပေးနိုင်.. ၊

"ဘာတွေဖြစ်ကုန်တာလဲအောင်..မင်းနဲ့မဆုတို့အဖွဲ့ တော်တော်တန်းသွားကြတယ်နော်၊ ငါလည်းမသိပါဘူး..သူတို့ကလာပြောမှသိတာ၊ နောက်ပြီး မင်းအလုပ်လုပ်နေတာက လွန်လွန်မင်းမင်းဖြစ်လာလို့.."

"ဘာလွန်လွန်မင်းမင်းလဲ.."

"နားချိန်မှာတောင် မနားတာလေ..အိမ်ပြန်ချိန်တွေနောက်ကျတာ အစောကြီးရောက်နေတာ၊ အဲ့ဒါတွေလည်း မဆုတို့ပဲ.."

"ငါ့ကိုဂရုစိုက်နေကြတယ်ဆိုပြီး လာပြောပြနေတာလား.."

"ငါက.."

ကိုတိုးဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ချစ်မဝက နားကျပ်ကိုလက်မှာပြောင်းကိုင်လိုက်ပြီး.. ၊

"ခုန ငါကြည့်ခဲ့တဲ့လူနာ အခြေအနေသိပ်မကောင်းဘူး.."

"ဟင်..ဟုတ်လား.."

"သူကသားအိမ်ထုတ်ထားတာ..ညွှန်ကြားထားတဲ့ဆေးတွေလည်း မသောက်ထားဘူး၊ အလုပ်ကြမ်းတွေလည်း လုပ်ထားတော့.."

"နေပါဦး..အဲ့ဒါကို မနက်က.."

"မင်းသွားကြည့်လိုက်ဦး..ပြီးရင် ရီပို့တင်ဖို့ သေချာမှတ်ကွာ၊ ငါအိမ်ခဏပြန်ဦးမယ်.."

ပြောချင်တာတွေပြောပြီး ဒီကပြောတော့ ဆုံးအောင်နားမထောင်။ ထွက်သွားပြီဆိုမှ ကိုတိုးက နောက်ကကမန်းကတန်းလိုက်သွားပြီး.. ၊

"ငါ့ကိုနည်းနည်းလောက် ပြောစမ်းပါ..သူငယ်ချင်းတွေပဲမင်းကလည်း.."

"ဘာလဲ.."

"ပါချုပ်ရဲ့မွေးနေ့ညက ရဲရဲကိုခေါ်ထုတ်သွားပြီး မင်းတို့တစ်ခါတည်းအဆင်ပြေသွားကြတာလား.."

"ဘာကိုအဆင်ပြေရမှာလဲ.."

"ကိုယ့်ကိုယ်ကိုနားလည်ဖို့ ကြိုးစားစမ်းပါကွာ..ဒီမှာ မဆုတို့က ခန့်မှန်းနေကြတာပဲရှိတယ်၊ ငါကတွေးမိသွားပြီ.."

ချစ်မဝစိတ်ပျက်သည့်အကြည့်တွေနှင့် သူ့ဘက်လှည့်လာသည်။ ဘယ်လိုကြည့်ကြည့် ကိုတိုးကလည်း ဂရုမစိုက်ပေ။ ယောကျ်ားတစ်ယောက်က မိန်းကလေးသူငယ်ချင်းတွေအပေါ် စိတ်ပျက်သွားတဲ့အထိဖြစ်ဖို့ဆိုတာ ဒီလိုအရေးအခင်းကလွဲပြီး တခြားဖြစ်ဖို့မရှိနိုင်.. ၊

"ဘာတွေတွေးနေတာလဲကိုတိုး..ငါ့စိတ်ထဲမှာ လက်မခံနိုင်ဖြစ်နေတာ ခတရားမှုပဲ၊ လူတစ်ယောက်ရဲ့ကာရိုက်တာ ဘယ်လိုရှိနေနေ..အဲ့ဒါသူ့ဘဝ သူ့အခွင့်အရေးပဲ၊ ဘယ်သူနဲ့မှလည်းမဆိုင်ဘူး..ပြောခွင့်လည်းမရှိဘူး၊ ဒါကို မမြင်ချင်တစ်ဖက်လှည့်နေလိုက်ရုံပဲ..ငါပြောတာမဟုတ်ဘူးလား.."

"အေးကွ..မဆုတို့ကလည်း နည်းနည်းတော့လွန်တယ်၊ သူတို့ပြောဘာတော့ မင်းကိုနှမျောလို့တဲ့.."

သာယာခြင်းမဖြစ်သည့်ပြင် ချစ်မဝမျက်နှာမဲ့သွားသည်။

"ပြီးတော့ဘာလဲ..သူတို့သူငယ်ချင်းရဲ့ချစ်သူတွေကိုချည်း ရဲရဲကလေ ယူသွားလို့တဲ့.."

"အဲဒီယောကျ်ားတွေက သက်မဲ့ရုပ်တွေလား.."

"အခု ကဲကဲဆတ်ဖြစ်နေကြတာက သဲလတ်ချိုက မင်းကိုပစ်ကြွေး တယ်..သူတို့ကလည်း မင်းနဲ့ငြိစေချင်တယ်၊ ရဲရဲက မင်းကိုအတင်းဝင်ရော တော့.."

"ကြွေနေတိုင်းကောက်စားရအောင် ငါကအကြွေစောင့်ကောက်နေတဲ့ ကောင်လား.."

ပြောနေရင်း စိတ်တိုလာသလို ဆံပင်တွေထဲ လက်ထည့်ဖွသည်။ အိမ်ကထွက်လာတည်းက ခရင်မ်တစ်မျိုးမျိုးနှင့် သေသပ်ကျနနေတတ်သည့် ဆံပင်တွေက လက်ချောင်းတွေထည့်လိုက်တာနဲ့တော့ ပွထွက်မသွားပေ။

"အစကပြန်ကောက်မနေနဲ့တော့..အားလုံးပြီးသွားပြီ.."

"မပြီးသေးပါဘူးကွာ..မင်းရင်ထဲမှာ လွမ်းချင်းတွေခုမှစတာပါ.."

နောက်ထပ် Wardတစ်ခုကိုရောက်တော့ ကိုတိုးဆက်မပြောနိုင် တော့ဘဲ ချစ်မဝနဲ့အတူ ရောကူနေလိုက်ရ၏။

"ဦးလေးအခြေအနေကောင်းနေပြီပဲ..ညကဘာစားထားလဲ.."

Patientsရှေ့ရောက်သွားသည့် ချစ်မဝမျက်နှာကိုကြည့်ကာ ဒီ ကောင်ဂျူတီကုတ်ဝတ်လိုက်ပြီဆိုတည်းက နာမည်ကျော်ဖြစ်လာတာဒါ ကြောင့်လို့ တွေးနေမိ၏။

"အသက်ပြင်းပြင်းရှူကြည့်ပါဦး..ဟုတ်ပြီ၊ ရပြီဦး..ရပြီ.."

စမ်းသပ်သည့်နေရာမှာလည်း တို့တို့တိတိလုပ်မနေ။ ပြဿနာရှိနေ ပြီထင်သည့်နေရာကို သေချာထိထိမိမိစမ်းသပ်သည်။ စကားပြောလည်း ချိုသည်။ ဘာကြောင့်ဖြစ်ရသည်။ ဘာကြောင့်တားဆီးရသည်။ တိုက်တွန်း ရသည်ဆိုတာကအစ Patierntနဲ့ carerတွေ နားလည်သဘောပေါက် သွားအောင် ရှင်းပြတတ်သည်။ အလုပ်အပေါ်မှာ စေတနာထားတာ စိတ် ရှည်တာတွေကတော့ ချစ်မဝအောင်ကိုမီတဲ့သူ သူတို့အဖွဲ့ထဲမှာ မရှိပါ။ ထို့ ကြောင့်ချစ်မဝမပါတိုင်း 'ဟိုဆရာလေးရော'လို့ ဆီးကြိုမေးတတ်သည်

Patientတွေရဲ့အသံတွေဆိုတာလည်း ရှိနေပါပြီ.. ၊

"မင်းဘာလုပ်မလို့လဲ..ငါပြန်တော့မှာ.."

ထွက်လာကြတော့ နာရီငုံ့ကြည့်ပြီး လမ်းခွဲဖို့ပြင်သည်။ ကိုတိုးက ဆေးရုံထဲမှာ ရှုပ်ထွေးနေသည့်ကားအဝင်အထွက်တွေ လူတွေဆီတစ်ချက် လှမ်းကြည့်ပြီးမှ.. ၊

"မင်းမပြန်ပါဘူး..ဆရာမကြီးဆေးခန်းမှာ ဝင်ကူမလို့မို့လား.."

"အဲဒီတော့.."

"မင်းကိုပြောစရာရှိသေးတယ်.."

"ပြော.."

"မှန်မှန်ဖြေနော်..မင်းဖြေတာပေါ်မူတည်ပြီး ငါပြောသင့်မပြောသင့် စဉ်းစားမှာ.."

ချစ်မဝ မျက်မှောင်ကုတ်သွားသည်။ ထိုမျက်နှာကို ကိုတိုးကစိုက် ကြည့်လျက်.. ၊

"မင်းနဲ့မင်းရဲ့ကျောင်းသူလေး မတွေ့ဖြစ်တာ ဘယ်လောက်ကြာပြီ လဲ.."

"တစ်လလောက်တော့ ရှိပြီထင်တာပဲ.."

"သူဘာမှမဆက်သွယ်ဘူးလား.."

"အဲဒါက ဘာလုပ်ဖို့လဲ.."

မိန်းကလေးတစ်ယောက်က ကိုယ့်ဂုဏ်သိက္ခာကို ချခင်းနင်းဖြတ်ပြီး ဘယ်နှစ်ခါတောင် ကြိုးစားရဦးမှာလဲ..။ ကိုယ့်ကိုယ်ကိုဘယ်လိုလူဆိုတာ လည်း မတွေးချင်။ သူမနဲ့သူ့ ပြီးသွားပြီဆိုတာ ထားလိုက်ချင်တာလည်း မအောင်မြင်။ ဒီကာလမှာ သူ့စိတ်တွေဟိုမရောက်ဒီမရောက်နှင့် နောက်ထပ် ဒီတိုင်းရှေ့ဆက်ရဦးမည်ဆိုလျှင် လွယ်ပါ့မလား.. ၊

"အေးကွာ..မင်းရင်ထဲဘာရှိရှိ အမှန်အတိုင်းပြောချင်ချင် မပြောချင် ချင်ထားလိုက်၊ ငါကတော့ သူငယ်ချင်းတို့ဝတ္တရားအတိုင်း ပြောစရာရှိတာ ပြောမယ်.."

ဒီအထိရောက်လာမှ ချစ်မဝမျက်နှာ သူ့ဘက်လှည့်လာသည်။

"မင်းရဲ့ကျောင်းသူ လက်ထပ်တော့မယ်ကွ.."

ချစ်မဝမျက်နှာ ကွက်ခနဲပျက်သွားသည်။ အကြာကြီးငေးကြည့်နေ ပြီးမှ.. ၊

"စာမေးပွဲဖြေဖို့က လိုသေးတာကို.."

"အခုစေ့စပ်ပြီးသွားပြီ..နောက်နှစ်လကြာရင်ဆိုတော့ စာမေးပွဲဖြေ ပြီးချိန်ပဲ.."

သူဘာစကားမှမပြောနိုင်။ ဒီလိုဖြစ်လာနိုင်တာကို တွေးမိပေမယ့် ဒီလောက်မြန်မြန်ကြီးတော့ မထင်ခဲ့ပေ.. ၊

"ငါမေးနေတာ မင်းပုံစံကိုတွက်ချက်ပြီး မင်းကျန်ခဲ့ရင် မလွယ်မှာကို သိလို့နော်..တစ်ခုခုလုပ်ဖို့စဉ်းစား.."

◆◆◆◆

အခန်း(၄၃)

"အောင်မယ်လေး..အသိသာကြီးကို လွင်ရယ်၊ သူ့သမီးလည်း ထော ချောပေ့ဆိုတဲ့ဆရာဝန်နဲ့ လက်ထပ်နိုင်တယ်ဆိုတာ တမင်သိအောင်လာ ဘာ.."

ရဲရဲရဲ့ဖိတ်စာကို ခေါင်းချင်းဆိုင်ပြီး ကြည့်နေကြတုန်း အပြင်ကဝင် သည့် ချစ်မဝကိုမြင်လိုက်သဖြင့် ဘာရယ်မဟုတ်ဘဲ ရုတ်တရက်လန့် ကြသည်။ ထို့ကြောင့် ဖိတ်စာကိုဝှက်ရတော့မလို ဟန်မပျက်နေရတော့ တွေ ဖြစ်ကုန်ကြကာ.. ၊

"သားပြန်လာပြီ.."

ဒေါ်နုလွင်က ဖိတ်စာကိုစားပွဲပေါ်ချလိုက်ရင်း ရှိနေသည့်အအေးလင် လေးအောက်ထဲကို မသိမသာထည့်သည်။ သို့သော် ဖိတ်စာကပါးပါး ားလေးမဟုတ်။ ဘူးခွံကလည်းပွင့်လျက်သားရှိနေပြီးဖြစ်လျက် ဖိတ် အုပ်ကိုက အထူကြီး.. ၊

"ဒီမှာလေသားရယ်..မင်းတပည့်နီတြာရဲမလေး၊ အဟွန်း.."

မြင်နေပြီဥစ္စာ.. ငါယောက်မကလည်း..

စိတ်ထဲကပြောမိရင်း ဒေါ်နုလွင်ကိုလည်း မျက်စောင်းထိုးမိသေးသည်။ ဒေါ်ဝင်းမာကိုင်ပြနေသည့်ဖိတ်စာဆီ လျှောက်လာပြီး ချစ်မဝကသေချာဖတ်ကြည့်နေသည်။ ကိုတိုးပြောသွားတုန်းက နောက်နှစ်လကြာမှ.. ။

"တို့တွေကဖြင့် သတိတောင်မရတော့ဘူး..သူတို့က တို့ကိုရွဲ့နေတာကြည့်ပါဦး၊ ဒါနဲ့ပဲသမီးဖြစ်သူက စတိတ်ကျောင်းမှာ တိုက်ဆွေးတော့မယ်.."

"ဝင်းမာရယ်.အဲ့လိုတွေဖြစ်ကုန်တာ ငါတို့နဲ့လည်း သက်ဆိုင်နေတာကို.."

"ဟုတ်ပါတယ်..ဒါပေမဲ့ ငါကိုယ်တိုင်လည်း တောင်းပန်ပြီးပြီ၊ သူ့သမီးကိုယ့်သဘောနဲ့ကိုယ် ပါချုပ်မွေးနေ့ထိ ထပ်လာခဲ့တာလည်းရှိသေးတယ်.."

"အဲ့ဒါလည်း သားရဲ့အသိုင်းအဝိုင်းတွေကပဲ ပြောလိုပြောဆိုလိုဆိုလေ.."

"ဘာပဲဖြစ်ဖြစ် သူ့သမီးကိုပဲ သူတို့မနိုင်နင်းတာလေ..ငါပြောချင်တာအဲ့ဒါ.."

စကားပြောနေရင်း လှည့်ထွက်သွားသည့် ချစ်မဝကိုလည်း လိုက်ကြည့်နေသေးသည်။ တကယ်တော့ မဆီမဆိုင်သွားကြဲထားမိတာ ကိုယ့်အလွန်မို မလုံလဲသည့်စိတ်နှင့် နားစွံနေမိတာတော့ အမှန်ပါ။ ချစ်မဝကအလုပ်သွား အလုပ်ပြန်မှန်နေသေးသည်။ သူမကတော့ ဈေးသွားဈေးပြန် အဲ့ဘက်ထိ...ပတ်ပြီး သတင်းနှိုက်ရ နားစွံရ.. ။

"ငါပြောသားပဲ..ငြိမ်ချက်သားကောင်းနေကြတာ အကောင်းမဟုတ်ပါဘူးဆိုဘာ.."

"နင်ကလည်း သားကိုဘာလို့သွားပြတာလဲဟယ်..ပြီးတော့ ဟိုပြောဒီပြောတွေကပါသေး.."

"ဟဲ့..သူဝင်လာတည်းက ငါတို့လက်ထဲကဟာကြီးကို မြင်နေတာလေ၊ နောက်ပြီး ပြောလက်စစကားတွေက ဘရိတ်အုပ်လို့ရလို့လား..မထူးမယ့်အတူတူ ကိုယ့်ဘက်က လုံခြုံတာကိုပြလိုက်ရင် ပြီးရောပေါ့.."

"လုံခြုံရှာတာကိုး.."

ရွဲ့ပြောပြီး မျက်နှာလွှဲမိသည်။ ပြီးတော့ ချာခနဲပြန်လှည့်ကာ.. ။

"ကောင်မလေးသနားပါတယ်နော်..အိမ်မှာ ဘယ်လောက်တောင်ဆူခံထိနေလိုက်မလဲ၊ ပြီးတော့ ကောက်ကပ်လက်ထပ်ပေးတာကို ယူရဦးမယ်.."

"ကောက်ကပ်လက်ထပ်တယ်ဟုတ်လား..ဒီထဲကသူဌေးကိုလေ.."

"ဩော်..ဘယ်လိုပုဂ္ဂိုလ်ကြီးဖြစ်နေနေ ကိုယ်မချစ်ရင် ဖွဲဆန်ကွဲပဲလေ၊ အစတည်းက သူ့ရည်းစားတွေကလည်း ဆရာဝန်အင်ဂျင်နီယာတွေ မဟုတ်ဘူးလား..သားကျမှ ဆရာဝန်မို့လိုက်ကြိုက်တာမှ မဟုတ်တာ.."

ကြားခဲ့ပြီးသားပါ..။ အစတည်းက ရဲရဲကိုစေ့စပ်ထားချင်သည့်ယောကျ်ားလေးတွေ အများကြီးပဲရှိနေခဲ့တာကို။ ကိုယ်တွေအတွက် ပညာရေးသာကိုးကွယ်ရာဖြစ်နေပေမယ့် ပေါ့ပေါ့ပါးပါးထားနိုင်မယ်ဆို ဆယ်တန်းမအောင်တာက ပြဿနာကြီးတစ်ခုမဟုတ်ပေ။ ရဲရဲကလှသည်။ စည်းစိမ်ဥစ္စာကြွယ်ဝသည့် တစ်ဦးတည်းသောသမီး။ နီနီလုပ်သွားတဲ့ပြဿတွေသာမရှိခဲ့ပါလျှင် သူမတို့တောင်ရဲရဲကိုချစ်မိသွားကြမှာ သေချာသည်။ ခုတော့.. ။

"ငါကြားတာနဲ့ ထင်တဲ့တိုင်းပြောရရင် ရဲရဲကိုငါတို့ကလေးနဲ့လုံးဝမဖြစ်စေရဘူးဆိုတဲ့သန္နိဋ္ဌာန်ရှိနေကြတာ.."

"သူတို့လည်းရှက်သွားကြမှာပေါ့.."

"ဟုတ်တယ်..ရဲရဲကလည်း ပါချုပ်မွေးနေ့ကို ဖွတ်လာလိုက်တော့.."

"သူ့ခမျာထပ်ပြီး အရှက်ကွဲရှာတယ်..သနားပါတယ်.."

"အောင်မယ်လေး..ဆုံးအောင်ပြောပါရစေဦး၊ အဲ့လောက်သနားရင်ကြားဖြတ်တောင်းပါရစေဆိုပြီး သွားလုလေ.."

စိတ်မရှည်သံက ပိုကျယ်သွားကာ.. ။

"ငါတို့ကောင်လေးက အေးဆေးပဲနော်..သူ့ဟာသူ တစ်ဖက်သတ်ကြိုက်ပြီး လိုက်ဖြစ်နေတာ၊ တကယ်သာပေးစားမလား မေးကြည့်စမ်းပါ..ချစ်မဝက 'ခြောက်ပြစ်ကင်းသဲလဲစင်'၊ ရည်းစားဘယ်နှစ်ယောက်ထားထားမှန်းမသိတဲ့မိန်းကလေးနဲ့ သဘောမတူနိုင်သေးဘူး..နိုးပါ.."

"ဒါက နင့်သဘောကိုးဝင်းမာရဲ့..ခုတလော နင့်တူတမှိုင်မှိုင်တတွေတွေဖြစ်နေတာ မသိဘူးလား.."

"သူ့အကြောင်းနဲ့သူနေမှာပေါ့..သူတို့လောက် စာကျက်ရတာသူတို့ပဲရှိတာ၊ ပင်ပန်းလို့နေမှာပေါ့.."

"မဟုတ်ဘူး..သမီးကြီးကိုယ်တိုင်ပြောတာ၊ ညညအပေါ်ထပ်ဝရန်တာမှာ ထွက်ထိုင်နေတာ..စာအုပ်ကြီးဘေးချပြီး မီးလည်းမဖွင့်ဘူးတဲ့.."

ဒီလိုကြားတော့ ဒေါ်ဝင်းမာမျက်နှာပျက်လေသည်။ ကိုယ့်အပြစ်နဲ့ကိုယ်လိပ်ပြာမလုံချင်လို့ 'ဘူး'ခံငြင်းနေပေမယ့် ချစ်မဝမှုပျက်နေတာတွေ သူမထက်ဘယ်သူပိုသိမှာလဲ..။ ကိုယ့်မှာ ရဲရဲတို့ဘက်ပြေး နားစွံလိုက်၊ ကိုယ့်တူကိုပြေးချောင်းလိုက် ရှုပ်လိုက်ရတဲ့အလုပ်တွေ တစ်ယောက်တည်းကြာလာလေ အိမ်သားတွေနဲ့စကားပြောနည်းလာလေ။ ကိုယ့်ကိုဆိုမျက်နှာချင်းမဆိုင်မိအောင်တောင် ရှောင်နေသလားမသိ။ ဒါတွေလည်း ဒေါ်ဝင်းမာသိနေတာပင်၊ 'ယောကျ်ားလေးတွေများ မွေးရတာဝမ်းရေစပ်ပါ၏'လို့ ကိုယ်မွေးထားတာမဟုတ်ဘဲလည်း တွေးမိခဲ့တာ အကြိမ်ကြိမ်.. ၊

"ဝင်းမာ.."

"ပြော ပြော..ငါ့ကိုပဲအပြစ်တင်ဦးမှာမို့လား.."

"ဩော်..အိုးမလုံ အုံပွင့်နေပြန်ပြီ၊ မဟုတ်ပါဘူးဟယ်..သားကသနားနေတဲ့အချိန် ဟိုကောင်မလေးများ ဟိုလူကိုမယူနိုင်ပါဘူးဆိုပြီး ထွက်ပြေးပြေးလာရင် ဒီတစ်ခါမလွယ်ဘူးထင်တယ်နော်.."

"ဘာကိုမလွယ်တာလဲ.."

"မသိဘူး..ငါ့စိတ်ထဲမှာ ကောင်မလေးကို နင့်တူသဘောကျနေပြီထင်တာပဲ.."

ဒီတစ်ခါ စိတ်ထဲရှိတဲ့အတိုင်း ဖွင့်ချဖို့စိတ်ကူးရင်း သက်ပြင်းရှည်ကြီး အရင်လွှတ်မိကာ.. ၊

"ဟုတ်တယ်..သနားစိတ်က ချစ်တာထက်ပိုတတ်တယ်၊ တကယ်လို့အဲ့လိုဖြစ်လာခဲ့ရင် နင်ကသဘောတူမှာလား.."

"နင်ရော.."

"ငါတော့မထင်ပါဘူး.."

"ဘာလို့လဲ.."

"ငါကြားတာ ဒေါ်မြတ်ပန်းနီတို့က ကျောက်မျက်ရတနာကုန်သည်သူဌေးတွေတဲ့..နည်းနည်းနောနောချမ်းသာတာ မဟုတ်ဘူး.."

"ငါတို့အဲ့ဒါကိုမက်မှုဖြင့် ပြဿနာတွေဒီလောက်တောင်တက်သွားမှာမဟုတ်ဘူးဝင်းမာ.."

"အချင်းချင်းကပ်ကြွားမနေပါနဲ့လွင်ရယ်..ငါတို့ဘက်ကိုပြောတာ မဟုတ်ဘူး၊ သူတို့ဘက်ကလည်း ငါတို့အဆင့်လောက်ကို သဘောတူမှာမဟုတ်ဘူးလို့ပြောတာ..ရဲရဲကဆယ်တန်းမအောင်လို့သာ မိဘတွေက မျက်နှာငယ်ပြီး အားလုံးကိုအောက်ကျို့ဆက်ဆံနေရတာ.."

"ပြောပါဦး..ငါထင်တာဖြစ်နိုင်လားလို့၊ ဒီကောင်မလေးပုံစံနဲ့ ထင်ရာဒုတ်လုပ်မှာနော်..သားဆီထွက်မလာဘူး မပြောနိုင်ဘူး.."

"ထွက်လာလည်း ချစ်မဝက ပျာယာခတ်မယ့်လူမဟုတ်ဘူးဆိုတာငါပြောရဲတယ်..ဒီမိန်းကလေး ကိုယ့်အထုပ်ကိုယ်ပိုက်ပြန်ရမယ်၊ နောက်ထပ်အရှက်ကွဲမယ်..ဒါပဲ.."

◆◆◆◆

အခန်း(၄၄)

"ဒီလောက်တောင်မျက်ရည်ပေါက်ပေါက်ကျနေတာ..ဘာလဲ ထွက်များပြေးဦးမလို့လား ဟိုကောင့်ဆီ.."

"ငါကဘာလို့ပြေးရမှာလဲ.."

"မသိဘူး..အသည်းတစ်ခြမ်းမျက်ရည်နဲ့ပါသွားပြီလားလို့.."

ရဲရဲကပြောမှ အင့်ခနဲရှိုက်သည်။ ပြီးတော့ မျက်တောင်တုကြီးလေးလေးပင်ပင်နှင့် မျက်ရည်သုတ်ဖို့ခက် မျက်တောင်ခတ်ရခက်.. ။

"မေမေတို့တအားရက်စက်တာပဲ.."

"နင့်ကိုစေ့စပ်ပေးထားတာပဲ..ကိုယ်မလိုချင်ပြေးပေါ့.."

"ကလေးငို.."

"ဘာလဲ.."

ကားပေါ်တက်ခါနီးမှ ရဲရဲဒေါသထွက်လာကာ မိတ်ကပ်တွေကိုမေ့ပြီး မျက်ရည်တွေကိုလက်နဲ့ဖြစ်သလိုပွတ်ဆွဲသုတ်ဖို့ မြှောက်လိုက်သေးသည်။ ပြီးမှ ဆတ်ခနဲဆန့်ချပစ်ကာ.. ။

"ငါ့ကိုနင်နဲ့ပေးစားမှာပဲထင်ပြီး ချစ်တယ်ကြိုက်တယ်တွေ ထဖြစ်ခဲ့

သေးတယ်နော်.."

"နင့်ကိုအစကရော ခုရော ငါချစ်နေတာပဲလေ..ဘာလဲမယုံလို့လား"

"နင်နဲ့ပေးစားမယ်ဆိုရင်တော့ ငါ့ကိုချစ်နဲ့လိုက်ပြေးပါလားလို့ နင်ပြောမှာမဟုတ်ဘူး.."

"ဘယ်ပြောမလဲ..ပွဲချိန်နီးလာလေ ကြုံးတစ်ထပ်တုပ်လေ၊ ပိုနီးလာလေ နောက်တစ်ထပ်တုပ်လေ..စိတ်ချရအောင် ဆာလာအိတ်ကြီးထဲဖြစ်ဖြစ်"

"ကလေးငို.."

"ဟာ.."

နှာအူသွားသလို လက်ညှိုးနဲ့နှာပေါက်ကို ထိလိုက်ပြီး လှည့်ကြည့်သည်။ ရဲရဲရဲ့မျက်ရည်တွေကို သူမမြင်ချင်ပါ။ ကိုယ်နဲ့လက်ထပ်ပေးမယ်ဆိုရင်လည်း ဒီလောက်ငိုရယ်နေလျှင် သူလက်ထပ်ယူရက်မှာမဟုတ်တာသေချာသည်။ ခုလည်း သူများနဲ့လက်ထပ်ပေးမယ်ဆိုတာကို သူနားလည်ပေးနိုင်သည်။ မိဘပီပီသမီးရှင်ဆိုသည့်မာနစိတ်နှင့် ချစ်မဝအောင်ထက်သာဘာကို ရွေးချယ်မယ်ဆို ကိုယ့်လိုလူကိုဖယ်ထားရမည်သာ။ မေလေးတို့သည်း မမှားကြသလို ရဲရဲကိုလည်း သနားမိသည်။ အမှန်အတိုင်းဝန်ခံရပါလျှင် သူ့အချစ်က ရဲရဲအတွက်ဆို ပေးဆပ်ရုံနဲ့လည်း ကျေနပ်နိုင်တဲ့အချစ်မျိုးပါ.. ။

"နင်ပါးစပ်ကြီးပိတ်ပြီး ငါငိုနေတာကို နည်းနည်းလောက်စာနာဖို့ ခဉ်းစားပေး.."

"အေးပါ.."

နာရီကြည့်ရင်း သူမကိုတံခါးဖွင့်ပေးမိကာ.. ။

"ကားပေါ်ရောက်မှ ဆက်ငိုပါလား..မင်္ဂလာပွဲချိန်က နီးနေပြီ.."

ရဲရဲက ကားထဲကိုကြည့်၍ စိတ်ပျက်သလိုရှုံ့မဲ့သွားသည်။ ပြီးမှ..၊

"ငါကတော့ မေမေတို့ကိုနောက်ထပ်မျက်နှာငယ်အရှက်ရအောင် မလုပ်တော့ဘူးဆိုပြီး.."

ပြောလိုက် မျက်ရည်တစ်စက်လိမ့်ခနဲကျလာလိုက်.. ၊

"မေမေတို့ကကျတော့ ငါ့ကိုအလိုလိုက်ခဲ့သမျှ သူတို့မဟုတ်တော့သလိုပဲ.."

စားမေးပွဲဟောင်း ဆက်မဖြေချင်မဖြေနဲ့တော့တဲ့..။ ကိုယ့်ဘက်ကပါ နေကျအဘွားကလည်း စကားမပြောနိုင်တာလား..ရဲကိုတကယ်စိတ်ပျက်သွားတာလား။ မျက်နှာလွှဲနေတဲ့အထိ ဥပေက္ခာတွေထားခဲ့တာက သေချာ၏။

"အောင်ရဲခေါင်က နင်နဲ့လည်းရင်းနှီးခဲ့တာပဲရဲရဲရာ..သူလိုက်ကြိုက်တုန်းက ပုတယ်လေးဘာလေးနဲ့ ငြင်းခဲ့တာပဲ၊ အခုမိဘလက်ထပ်ပေးလို့ယူတယ်..ဘာဖြစ်လဲ၊ ကိုယ့်ထက်ငါးနှစ်လောက်ပဲ အသက်ကြီးတာ..အောင်ရဲခေါင်က ဖြူဖြူချောချောပါ.."

"ချောရင် နင်ယူပါလား.."

"ကဲ.."

"လာမပြောနဲ့.."

"ဂျိမ်း.."

ကားထဲဝင်ထိုင်လိုက်တော့ ခုန်ပေါက်သွားသည့်ကားလေးအဖြစ်က သနားဖွယ်။ ထိုစဉ် ဖုန်းဝင်လာခဲ့ပြီး.. ၊

"သမီးတို့ခုထိမလာကြသေးဘူးလားကွယ်..အဲ့ဒါကြောင့် ဟိုတယ်လ်မှာပဲ ပြင်ပါဆိုတာမရဘူး၊ သမီးနော်..ဒီတစ်ခါမဟုတ်တရုတ်တွေ ထပ်လုပ်လိုက်လို့ကတော့.."

မေမေ့စကားသံ ပြတ်တောက်မှုခဏဖြစ်သွားခဲ့သည်။ ခဏကြာမှ..

"သမီးကြောင့်တစ်ခုခုထပ်ဖြစ်ရင် မေမေဘာလုပ်မယ်ဆိုတာ ကြည့်နေလိုက်.."

"ခြိမ်းခြောက်မနေပါနဲ့မေမေရယ်..သမီးဘယ်လိုအကျင့်ရှိနေနေ ပေးပြီးတဲ့ကတိကို တည်မှာပါ၊ မေမေသာ.."

ချစ်မဝကိုလုံးဝမေ့ပစ်ပါ့မယ်လို့ ကိုယ်ကကတိပေးခဲ့သည်။ လူကြီးတွေကတော့ မယုံကြည်တော့ဘူးခေါင်းစဉ်နှင့် လက်ထပ်ပွဲကြီးထလုပ်ပစ်သည်။ ကိုယ့်အမှားတွေလည်း များခဲ့ပြီမို့ ဒီနေ့ဒီပွဲဖြစ်လာခဲ့ခြင်းသည်.. ၊

"သမီးကငိုနေတာလား..ဒုက္ခပါပဲ၊ ခုချိန်ထိငိုနေတုန်းပေါ့..မိတ်ကပ်လုံးဝမလိမ်းရသေးဘူးလားသမီး.."

သမီးကျန်းမာရေးကောင်းကာစမို့ ဘယ်လောက်တောင်စိတ်ဆင်းရဲ

နေမလဲဆိုတာ မတွေးတော့ဘူးလား..။ အရင်လို ပျာပျာသလဲဖြစ်နေတတ်သည့် မေမေ့ဘက်က ဂရုစိုက်မှုတွေကို မျှော်လင့်နေပေမယ့်အလကား..။ ဖေဖေကဆို ခဏခဏထုတ်ပြောခြင်းဖြင့်.. ၊

"သမီးအဘွား ဒီလိုဖြစ်သွားတာ ဘယ်သူ့ကြောင့်လဲ..နဲ့ ဆိုးဆိုးတာသည်း ကြည့်ဆိုးသမီး၊ သမီးဆိုးနေတာ အားလုံးအတွက်အန္တရာယ်ကြီးနေတဲ့အဆင့်ထိဖြစ်နေပြီ.."တဲ့.. ၊

မဟုတ်ဘူး.. ဆုမြတ်ဆိုတဲ့ဆရာဝန်မတွေ့ဖူးလို့ဖြစ်ရတာ..

မေမေတို့ဆီက ဆူခံထိတိုင်း စိတ်ထဲမှာတိုးတိတ်စွာပြန်ပြောနေမိခဲ့သည်။ မခေါ်ဘဲသွားခဲ့တာ အပြစ်ရှိပါသည်။ ဒါပေမဲ့ မျက်နှာငယ်ရဖို့ဖြစ်သာတိုင်း ချစ်ရောက်လာတတ်သည်။ ဆူတတ်ပြောတတ်ပေမယ့် ကိုယ့်ဘက်ကကာကွယ်ပြီးမှပါ။ ချစ်နဲ့ကိုယ် နားလည်နေရင်မရဘူးလား.. ၊

"ရဲရဲ..မငိုနဲ့တော့လေဟာ..ငါ့မှာကားမောင်းရတာတစ်ဖက် နင့်ကိုပြန်လှည့်ကြည့်နေရတာတစ်ဖက်.."

"မကြည့်နဲ့ပေါ့.."

"လာဟာ..ရှေ့မှာလာထိုင်.."

"မထိုင်ဘူး.."

အကန်တွေပြောနေရင်း မျက်ရည်တော့ငုံ့သုတ်မိသည်။ ဒါပေမဲ့ ထပ်ကျဦးမှာပဲကို သိနေသည်။ ဘယ်လိုမှယုံနိုင်စရာမရှိသည့် အိမ်ထောင်သည်ဘဝကို ဒီညမိုးချုပ်တာနဲ့ ဖြတ်သန်းရမည့်အဖြစ်သည်.. ၊

♦♦♦♦

အခန်း(၄၅)

သွားကြပြီ..တဲ့..

"တောက်.."

ခပ်ကြိတ်ကြိတ်တက်ခေါက်ရင်း စတီယာရင်ကို ထုပစ်မိသည်။ ရဲရဲကိုသူအားပေးဖို့ပါ။ အိမ်ထောင်ကျသွားလည်း စာမေးပွဲဖြေဖို့အတွက် လက်မလျှော့ဖို့ ပြောချင်သည်။ ပြီးတော့ ရဲရဲရဲ့လွတ်လပ်နေဆဲဘဝလေးကို စက္ကန့်ပိုင်း မိနစ်ပိုင်းလေးဖြစ်ဖြစ် ခဏလောက်ကြည့်ချင်လို့။ ခုတော့ လွဲသွားပြီဖြစ်သည်။ ဒါတစ်ဘဝလုံးအတွက် ပြီးဆုံးခြင်းလား.. ၊

"ချစ်မဝ..ဖြည်းဖြည်းမောင်းလေကွာ၊ မင်းပဲလာတုန်းကတော့ တည်တည်ငြိမ်ငြိမ်.."

ကိုတိုးက သွားလေရာအတင်းလိုက်လာတတ်သဖြင့် သူ့ဘေးမှာပါလာခဲ့သည်။ ပြီးတော့ ဘယ်တုန်းကမှကားအမြန်မမောင်းခဲ့ဘူးသည့် ချစ်မဝကြောင့် လေဟုန်စီးနေရသလိုအဖြစ်ကို ဖင်မကျနိုင်.. ၊

"အဲ့ဒါကြောင့်ငါပြောတယ်..ရဲရဲလို လှတဲ့မိန်းကလေးနဲ့ အရမ်းနီးစပ်ခဲ့တာ မင်းရင်ထဲမှာဘာမှဖြစ်မကျန်ခဲ့ဘူးဆိုတာ.."

"ကျွိ.."

"ဟာ.."

ကျကျနနပြောလို့ကောင်းနေတုန်း ရုတ်တရက်ကြီးဘရိတ်အုပ်လိုက်သဖြင့် ကိုတိုးကိုယ်ကြီးတစ်ဆစ်ချိုး ကုန်းကျသွား၏။ လူသည်လည်း လန့်ဖျန့်သွားကာ.. ၊

"မင်းကြီးတော်မို့ အသည်းအသန်.."

ရှေ့မှာဘာမှလည်းမရှိဘဲ တမင်လုပ်လိုက်မှန်းသိလျှင် မျက်နှာကြီးရှုံ့မဲ့ကာ ပစ်ပစ်နှစ်နှစ်ဆဲ၏။ ချစ်မဝက လှည့်မကြည့်ဘဲ ကားကိုအရှိန်ပြန်ဘင်ပြီးမှ.. ၊

"ချိုင့်ရှောင်တာ.."

"ချိုင့်ကျရင်တောင် ငါအဲ့လောက်နာမှာမဟုတ်ဘူး..ခွေးကောင်.."

"ငါ့ကိုတစ်ခွန်းမှမဝေဖန်ဘဲနဲ့ လိုက်ခဲ့..ခုကစပြီး ရဲရဲဆိုတာ နာမည်ဘူတောင်မခေါ်နဲ့.."

ဟမ်.. တကယ်ကြီးလား..

ကြည့်လိုက်တော့ တင်းနေသည့်မျက်နှာက တကယ်ဆုံးဖြတ်ထားသလို ခိုင်ကြည်နေသည်။ အမုန်းလား နာကျင်တာလား..မနိုင်လို့အရှုံးပေးလိုက်ချင်တာလား..။ ရေခဲပြင်လိုအေးစက်နေသည့်မျက်နှာမှာ မီးတောက်တွေလည်း ရှိနေကာ.. ၊

"အစစအရာရာ သူနစ်နာခဲ့တာ ငါ့ကြောင့်ချည်းပဲ.."

"ဘာကြောင့်ဖြစ်ဖြစ် မင်းအခုချစ်နေပြီဆိုရင်.."

"တော်တော့.."

သူမီးပွိုင့်နားမှာ ဝင်တန်းစီလိုက်ရင်း အမှတ်တမဲ့မျက်နှာလှည့်လိုက်လျှင် ဟိုဘက်လမ်းကြားထဲက အဖြူရောင်မာစီဒီးထဲမှာ.. ၊

"ရဲရဲ.."

ရဲရဲကတော့ အစတည်းက သူ့ကိုမြင်နေပုံပေါ်ကာ တစ်ဝက်ချထားသည့် မှန်နောက်မှာလက်ချောင်းလေးတွေ မှန်ပေါ်မှာဖိဆုပ်ထားလျက်။ မသိရင် တံခါးဖွင့်ပြီး ဖွတ်ဆင်းလာတော့မယ့်အတိုင်း။ သတို့သမီးအပြင်အဆင်များနှင့် ရဲရဲမျက်နှာလေးကို မြင်လိုက်ရသည့်အချိန် စူးရှပူလောင်သွားသည့်

သူ့ရင်ထဲမှာ ဘယ်လိုဆူပွက်ခြင်းမျိုးမှန်းမသိသော လှိုက်ခါခြင်းက ချက်ချင်းဝုန်းဒိုင်းကြဲလေသည်။ ရဲရဲ သူ့ကိုတစ်ခုခုပြောချင်သည်။ ကားနှစ်စီး၏ ဦးတည်ရာချင်းက ဆန့်ကျင်ဘက်ဖြစ်နေခဲ့လျက် တစ်ဖက်ဖက်က မီးစိမ်းသွားတာနှင့် ဒီတစ်ခါဝေးကွာခြင်းက တစ်ဘဝစာ.. ၊

"ရဲရဲ.."

သူမှန်ချပစ်လိုက်ပြီး လှမ်းခေါ်တော့ ရဲရဲကိုယ်လေးမတ်သွားသည်။ သူမဘက်ကလည်း မှန်အကုန်ချပစ်လိုက်ပြီး.. ၊

"ချစ်.."

သူဘာဆက်ပြောရမှန်းမသိဘဲ စတီယာရင်ကို ဖိဆုပ်အံကြိတ်ထားမိစဉ် ရဲမျက်ဝန်းလေးတွေက မျှော်လင့်ခြင်းကြေကွဲခြင်းတို့ဖြင့် တောက်ပနေခဲ့၏။ သို့သော် တဖြည်းဖြည်းမျက်ရည်တို့ရစ်ဝိုင်းလာကာ နှုတ်ခမ်းသားလေးကို ဖိကိုက်ထားရင်း.. ၊

"ချစ်.."

နောက်ထပ်တစ်ခါခေါ်မိရင်း ဒါနောက်ဆုံးဆိုသည့်အသိက ရင်ကိုဆူးချွန်နဲ့ထိုးနေသည့်နှယ်။ သူမမျက်နှာလေး ငုံ့ချလိုက်ပြီး တအင့်အင့်ရှိုက်ငိုနေမိစဉ်.. ၊

"ရဲရဲ.."

ဟင်..

အနားမှာ လူရိပ်နှင့်အတူ ခေါ်သံသည်..

"မြန်မြန်ထွက်လာခဲ့.."

"ချစ်.."

ချစ်မဝက တံခါးထဲကိုလက်ထည့်ပြီး လော့ခ်ဖြုတ်ပစ်၏။ ရဲရဲထိုင်မသိမ်းအနားစနဲ့ပဝါကို လက်တစ်ဖက်နဲ့ဖြစ်သလိုစုဆွဲကာ.. ၊

"ရဲရဲ..ဟိတ် ဘာလုပ်တာလဲ.."

ကလေးငိုတံခါးလော့ခ်ချဖို့ပြင်တာလည်း မမီလိုက်။ တံခါးဖွင့်ဆင်းသွားပြီးတားဆီးသော်လည်း လက်ပြင်လိုက်တာနဲ့ သူမကရှောင်ဖယ်ပြီးဖြစ်လျက်..၊

"ဟင့်အင်း..ဖယ်.."

"ကလေးငို.."

ရဲရဲလက်ကို ကလေးငိုလှမ်းဆွဲလိုက်လျှင် ချစ်မဝက ထိုလက်ကိုဖမ်းဆုပ်ထားလိုက်ပြီး.. ၊

"ငါမင်းဆီကလုယူတာမှမဟုတ်ဘဲ..မင်းအနေသာကြီး.."

"ဘာကွ.."

"ရဲရဲအတွက် မင်းမိန်းမခိုးပေးရ သက်သာတာပေါ့.."

လက်ကိုဆွဲဖြုတ်ပြီး ရဲရဲကို သူ့ဘက်ဆွဲယူလိုက်သည်။

"တီ..တီ.."

ဘာဖြစ်နေကြမှန်း အဆင်ကိုကြည့်တာနှင့် သိနေကြပုံပေါ်သည့်ဘားတန်းကြီးက ကလေးငိုကားကို ဟွန်းသံတွေနဲ့ ရွှေ့ပါသွားလောက်အောင် မနားတမ်းဟွန်းတီးနေကြ၏။

"မြန်မြန်တက်ကြ.."

အခြေအနေကို မြန်မြန်ဆန်ဆန်နားလည်တတ်သော ကိုတိုးကမောင်းသူနေရာမှာ ယူထားပြီးဖြစ်ကာ သူတို့တက်လိုက်တာနှင့် မြန်မြန်ဆန်ဆန်မောင်းထွက်လေသည်။

"တီ တီ တီ တီ.."

"တောက်.."

ဘယ်လိုမှသူရှေ့ဆက်လိုက်ဖို့ မလွယ်တော့သည်မို့ ကလေးငိုတက်ခေါက်လိုက်မိ၏။ ရှေ့မှာ ကားတစ်စီးမှမရှိတာချင်းအတူတူ ချစ်မဝတို့ကားဘက်မှာကျတော့ ဟွန်းတီးမည့်သူမရှိဘဲ သူ့ကားကျမှ.. ၊

တော်တော်သိတတ်ကြတဲ့ စေတနာ့ဝန်ထမ်းတွေ..

တော်တော်ကို ဝါသနာကြီးကြ.. သူတို့နမအစ်မတွေကျ ငါ့ထက်နှစ်ဆဆိုးပါစေဗျား..

♦♦♦♦

အခန်း(၄၆)

"တကယ်.."

"တကယ်ပါဆိုမှဝင်းမာရယ်.."

"ဒါမှငါ့မောင်လေး.."

"အံမယ်..ညည်းက.."

တူဝရီးနှစ်ယောက် မျက်လုံးချင်းဆုံတော့ ယဉ်ကျေးမျက်နှာလေးလွဲပြီး ရယ်သည်။ ရဲရဲကို သူမစကားပြောလွန်သွားခဲ့သည့်နောက်ပိုင်းကစပြီး အထင်မြင်သေးခြင်း ခွဲခြားဆက်ဆံလိုခြင်း အလျင်းမရှိတော့တာအမှန်ပင်။ ပြောရရင် ချမ်းသာကြွယ်ဝသည့်အဆင့်အတန်းချင်းယှဉ်ရင်တောင် ကိုယ်တွေမှာ တိုက်နဲ့ကားတစ်စီးရှိထားတာအပြင် စည်းစိမ်ဥစ္စာဘယ်မှာလဲ..။ မောင်လေးက ယောကျ်ားလေးပီပီ အရပ်မြင့်သည်။ ပြေပြစ်သည့်ရုပ်ရည်ရှိသည်။ ရဲရဲကျတော့ လှတာနုတာချစ်ဖို့ကောင်းတာတွေအကုန် သူမမှာပြည့်စုံသည်။ ပြောရရင် မောင်လေးထက်အားလုံးသာပါသည်။

"စိတ်လျှော့လိုက်ပါတော့ မေမေနဲ့ဒေါ်လေးရယ်..ဆယ်တန်းမအောင်တာ ရာဇဝတ်မှုကြီးလည်းမဟုတ်ပါဘူး၊ နီရဲရဲနီဆိုတာလေးက မိန်းကလေး

ချင်းတောင် မနာလိုချင်အောင်လှတာ..ပြီးတော့ ချမ်းသာတယ်၊ တစ်ဦးတည်းသောသမီး..မောင်လေးနဲ့လက်ထပ်ပြီးရင် ဆယ်တန်းအောင်အောင်ကြိုးစားဖို့သာမှာလည်း ရှိသေးတယ်၊ ဒါနဲ့ကိုတိုး..မောင်လေးတို့ရွာက ရန်ကုန်နဲ့တော်တော်ဝေးလားဟင်.."

သူတို့ပြောသမျှ ငုတ်တုတ်ထိုင်နားထောင်ရင်း ညွန်ကြားချက်ပြန်အသာကိုစောင့်နေသည့်ကိုတိုးက ပျာပျာသလဲခေါင်းခါသည်။

"မော်လမြိုင်ပတ်ဝန်းကျင်ဆိုတော့ သိပ်မဝေးပါဘူးအစ်မ..သူလည်းကျွန်တော်နဲ့ခဏခဏလိုက်လည်ဖူးပါတယ်၊ ရွာကလူတွေလည်း သူ့ကိုသိကြတယ်..ဒါကြောင့် သူတို့ချည်းပဲ လွှတ်လိုက်တာပါ၊ ကျွန်တော်လည်းအိမ်ကို ဖုန်းဆက်ထားပါတယ်.."

"တို့ကိုမင်းပြန်ပြောမယ်ဆိုတာ သားကသိလား.."

"ဘယ်မှာနေတယ်ဆိုတာတော့ လုံးဝအသိမပေးပါနဲ့တဲ့..သူကရဲရဲကိုအန်တီတို့တစ်ခုခုထပ်ပြောကြမှာ စိုးရိမ်နေတာ.."

'စိုးရိမ်တာမဟုတ်ဘူး..အပြောမခံနိုင်တာ'လို့ အားလုံးစိတ်ထဲမှာ ပြောမိသွားကြသည်။ ပြီးတော့ သားအမိမျက်လုံးချင်းဆုံမိကြပြီး သိမ်ငယ်စွာမျက်လွှာချမိလေသည်။ 'ပညာတတ်ဆိုတဲ့လူတွေက ဒီလိုလား'ဆိုသည့် မေးခွန်းမျိုး သားကမမေးခဲ့ပေမယ့် ဒီရက်ပိုင်းတွေမှာ ထူးခြားမှာပြောင်းလဲနေသည့်မျက်နှာက မိသားစုအပေါ်စိတ်ပျက်နေသလိုမျိုးပါ.. ၊

"ဒီလိုလေအန်တီ..သူလည်း အိမ့်ကထွက်တော့ ခရီးသွားမယ်ဆိုပြီးထွက်ခဲ့တာပဲ၊ သွားရင်းနဲ့မှ ရဲရဲနဲ့ဝင်တွေ့မယ်ဆိုပြီး အဲ့ဘက်လှည့်သွားတာ..သူ့အဲ့လိုလုပ်ဖို့အစီအစဉ် လုံးဝမရှိပါဘူး၊ ဟို..တမင်လုပ်သွားတာမဟုတ်ပါဘူးအန်တီရယ်၊ ဒါပေမဲ့.."

"ဒါပေမဲ့ ချစ်တဲ့စိတ်ကရှိနေပြီကိုး..မြင်လိုက်တော့ပေါက်ကွဲကုန်တာပေါ့.."

ဒေါ်နုလွင်က စကားဆက်ပေးပြီး ခေါင်းညိတ်ရင်း.. ၊

"အန်တီတို့ဘာမှမပြောပါဘူး..သူလောဘကြီးမဲ့သလောက် ပညာမစုံသေးပေမယ့် သာမန်ဘွဲ့ရတစ်ယောက်အနေနဲ့ဆိုရင်တော့ ပညာစုံ ကြင်ယာစုံရမယ့်အရွယ်ပဲ.."

"အဲ့လိုမဟုတ်ဘူးအန်တီ..သူပညာရေးကိုအစကအတိုင်း ဆက်လုပ်သွားမှာပါ၊ ရဲရဲကလည်း ဒီနှစ်ဖြေမှာပဲ..ခိုးပြေးကြတဲ့အထိ ဖြစ်သွားတာကတော့.."

"ကဲ..ကဲ ဒါကိုတို့တွေနားလည်ကြတယ်လို့ပဲ အနားသတ်လိုက်ရအောင်.."

လူငယ်လေးတစ်ယောက်က ဖျန်ဖြေပေးနေရသည့်အဖြစ်ကို မလိုချင်သလို ဒေါ်နုလွင်ကစကားဖြတ်သည်။ ယဉ်က ခေါင်းညိတ်လိုက်ပြီး.. ၊

"ရဲရဲတို့အိမ်ကို သမီးနဲ့မေမေသွားကြမလား.."

"သွားတာတော့ သွားရမှာပဲ..ဒါပေမဲ့ လောလောဆယ်ဖုန်းဆက်ပြီး ဒီကိစ္စတောင်းပန်ရမယ်၊ သူတို့က မင်္ဂလာပွဲကြီးတစ်ခုလုံးပျက်ခဲ့ရတာ..ခုလောက်ဆို ရဲရဲကိုအမွေတွေဘာတွေဖြတ်ဖို့ ပြင်ဆင်နေလောက်တယ်.."

"ဖြတ်ဖြတ်ပေါ့မေမေ..အဲ့တော့ ရဲရဲကိုသမီးတို့တောင်အပိုင်ရသေးတယ်.."

ဒေါ်ဝင်းမာက တူမဖြစ်သူကို တအံ့တသြလှည့်ကြည့်သည်။

"ဘယ်တုန်းတည်းက လိုချင်နေတာလဲဟေ.."

"ရဲရဲကချစ်စရာလေးရယ်.."

"ဘယ်လောက်ချစ်စရာကောင်းကောင်း ငါ့မျက်လုံးမှာတော့ ခပ်ထထခပ်ရှုရှုလေးပဲ..လုံးဝကိုသဘောမတူတာ.."

ယဉ်ကတော့ မကြားချင်ယောင်ဆောင်နေလိုက်ပြီး.. ၊

"ကိုယ့်ယောက်မဖြစ်သွားပြီဆိုရင်တော့ ကိုယ့်ဆီမှာပဲနေစေချင်တာပေါ့၊ ဒါမှမောင်လည်းရှိ ညီမလည်းရ.."

ဒေါ်ဝင်းမာက စိုက်ကြည့်နေပြီးမှ မျက်နှာလွှဲ၏။ သူမရင်ထဲမှာတော့ ကိုယ်တယုတယပြုစုစောင့်ရှောက်လာခဲ့တဲ့တူလေးမို့ တစ်ဖက်ကဘယ်လိုအရည်အချင်းကောင်းတွေနဲ့ ပြည့်နှက်နေတဲ့မိန်းမဖြစ်ပါစေ နှမြောတာကနှမြောတာပဲဖြစ်သည်။ မွေးထားတဲ့အမေက ကျေနပ်သည်။ အစ်မအရင်းကကြည်ဖြူနေသည်။ အဒေါ်ဖြစ်တဲ့သူက နှမြောမဆုံးဖြစ်နေတာ ကြားလို့ကောင်းရဲ့လား..။ ကောင်းကောင်းမကောင်းကောင်း နှမြောလေသည်။

"ငါလိုက်သွားမယ်.."

"ဟင်..သူ့အိမ်ကိုလား.."

"သွားလို့မဖြစ်ပါဘူးဒေါ်လေးရယ်..သူတို့မှာပြဿနာတွေဘယ်လောက်တက်နေပြီလဲမသိဘူး၊ ဒေါသတွေလည်းထွက်နေမှာပဲ..တမင်ယဉ်ဘို့ကိုမခံချင်လို့ ဒီမင်္ဂလာပွဲထလုပ်တာဥစ္စာ၊ အဲ့ဒီအိမ်ရှေ့ကို လောလောဆယ်ဖြတ်တောင်မလျှောက်သင့်တာ ဒေါ်လေးပဲ.."

"အမလေး လေး..ကျုပ်ကလည်း စိတ်မကူးပါဘူးအေရယ်၊ ကိုယ့်တူဆီကိုယ်သွားမယ်ပြောတာပါ.."

"ဘုရားရေ.."

"ဘာလုပ်မှာလဲနင်က.."

ဘုရားတသွားသည့် သားအမိကိုဒေါ်ဝင်းမာကလည်း အံ့သြမဆုံးဖြစ်သည့်မျက်ဝန်းတို့ဖြင့် ဟိုကြည့်ဒီကြည့်.. ၊

"ဒါ ဘုရားတလောက်စရာပါလို့လား..ကလေးတွေမိုက်ကြရင် လူကြီးကနောက်ကလိုက်ရတာပဲလေ၊ ငါလိုက်သွားမှကိုဖြစ်မှာ..သူတို့တွေပြန်မလာဘဲ ဟိုသွားဒီသွားနဲ့လေလောင်းနေမှာလည်း အဖြစ်မခံနိုင်ဘူး၊ ပြန်လာရင်လည်း စည်းနဲ့ကမ်းနဲ့နေပြီး မင်္ဂလာဆောင်မှာနဲ့..ဟိုကောင်မလေးကျောင်းပြီးမှာ အတော်ပဲ၊ နှစ်ဦးနှစ်ဖက်စေ့စပ်ထားပြီးတာနဲ့ မင်္ဂလာမဆောင်မချင်း အတူမနေရဘူး.."

"ဝင်းမာရေ.."

"ဘာလဲ.."

"နင်တော့မဟုတ်တော့ဘူးနော်..ငါ့သားလေး ပြန်မလာတော့အောင်နင်သွားပြီးတပ်လှန့်မလို့လားဟင်.."

"လှန့်စရာလားဟယ်..သူတို့အခြေအနေကြည့်ပြီး ချော့မော့ပြောပြမှာပါ.."

ဟိုရောက်မှ ကိုယ့်အစီအစဉ်နဲ့ကိုယ်.. တော်ကြာ မသွားပါနဲ့ဆိုပြီးတားကြရင်ခက်မယ်..

ဒေါ်ဝင်းမာ ကိုယ့်အကြံအစည်နဲ့ကိုယ် အတော်ကြီး မျိုသိမ်နေလိုက်ရသည်။

"ချစ်စခင်စမှာ ဒေါ်လေးအစီအစဉ်ကြီးကို ဘယ်သူကသဘောတူမှာ

လဲ..”

“အဟမ်း..”

သူမတို့စကားကို မဖြတ်ရဲဖြတ်ရဲနှင့် ကိုတိုးရဲ့ချောင်းသံကကြားဖြတ်၍.. ၊

“ဒီထဲမှာ ရဲရဲကိုယ်မှာပါသွားတဲ့လက်ဝတ်လက်စားတွေအကုန်လုံးပဲ အန်တီ..အဲ့ဒါတွေသူ့အိမ်ကိုပေးပေးပါတဲ့..”

“မှန်းစမ်း..”

ကတ္တီပါလက်ဆွဲအိတ်ထဲမှာ အဝတ်စနဲ့ဖြစ်သလို ထုပ်ပတ်ထားသည့်အထုပ်ကို ဒေါ်ဝင်းမာကဆွဲထုတ်လိုက်ကာ.. ၊

“ချည်ထားတာလား..ဒီတိုင်းပတ်၊ အမလေးတော်..”

ဖြည်ဖို့အစရှာနေရင်း တစ်ဖက်စကြားထဲကနေ ပြိုးပြိုးပြတ်ပြတ်တွေထွက်ကျလာလျှင် ဒေါ်ဝင်းမာလန့်ဖျန့်တွန်းထုတ်ပစ်၏။

“ဒါ..ဒါအစစ်တွေ..”

“ဩော်..ဒေါ်လေးကလည်း ရပ်ကွက်လေးတွေမှာလို ပွဲထိုင်လက်ဝတ်လက်စားတွေ ငှားဝတ်နေရမယ့်အခြေအနေမျိုးမှ မဟုတ်တာ၊ စိန်တွေထင်တယ်..လုလိုက်တာ..”

ယဉ်က ကောက်ယူကြည့်ပြီး ဘာမှထိကိုင်မနေဘဲ သေချာပြန်ထုတ်လိုက်သည်။ ဒေါ်မြတ်ပန်းနီတို့အိမ်မှာ ဘာတွေဖြစ်ပျက်နေကြသည်မသိပေမယ့် ဒီကလည်း ချမ်းသာတိုင်းတော့ ခုန်ပေါက်သဘောတူမှာ မဟုတ်ဘူးဆိုတာ သိစေချင်ပါဘိ.. ။ စိတ်ထဲကနေကြိမ်းဝါးရင်း ဒေါ်ဝင်းမာရတနာပစ္စည်းတွေကို မျက်မှောင်ကုတ်ကြည့်သည်။ ပြီးတော့ မျက်နှာလွှဲပစ်ရင်း.. ၊

သွားဖြစ်အောင်ကို သွားဦးမှာ..

♦♦♦♦

အခန်း(၄၇)

“မမကအသက်ကြီးတယ်..ဟုတ်လား၊ အယ်..မထင်ရဘူးနော်..”

“မဟုတ်ပါဘူး..တစ်နှစ်လောက်ပဲကွာတာ..”

ရဲရဲက ခေါင်းညိတ်နေတုန်း ချစ်မဝကဖြတ်ပြောသည်။ ပြီးတော့လုံမလဲလှည့်ကြည့်၏။ ရဲရဲကရယ်တော့ သူ့ပါးတွေရဲတက်သွားတာ မီးရောင်အောက်မှာ ဒီတိုင်း။ တစ်ခုခုကို အမိဖမ်းပြီဆို ချစ်မဝမျက်နှာက ဘယ်သို့မှဟန်မဆောင်တတ်ပေ။ ဒါ့ကြောင့်ပဲ သူ့ကိုသတိထားမိခဲ့ရင်း.. ၊

“ပြီးတော့လေ..ဒီအစ်ကိုကြီးက အကြီးကြီးပဲ..”

“ဟာ..”

“အယ်..”

နှစ်ယောက်စလုံး မျက်လုံးတွေပြူးကာ ရှက်ကိုးရှက်ကန်းတွေဖြစ်နေကြကာမှ အမျိုးသမီးကြီးတစ်ယောက်က ပြောလိုက်သည့်ဆယ်ကျော်သက်မိန်းကလေးကို ဖျန်းခနဲလှမ်းရိုက်ကာ.. ၊

“ကောင်မလေး..”

“အကြီးကလည်း..အကြီးကြီးမို့ အကြီးကြီးပြောတာကို၊ ကြည့်ပါ

လား..သူ့အရပ်ကြီးက.."

"ဒီလိုချစ်မဝရေ..သူတို့ရွာက တို့နဲ့ဆိုကမူတစ်လုံးခြားတယ်၊ အဲဒီဘက်ရွာတွေမှာ ဘာပြောပြောအကြီးကြီးကွာတယ်..အကြီးကြီးပဲ အဲ့လိုပြောကျင့်ရှိကြတာ.."

ဖြစ်ရလေ..

ရဲရဲတံတွေးမျိုချရင်း သူ့ဘက်ကိုကြည့်လိုက်တော့ ချစ်မဝမျက်နှာကြီးငုံ့လျက် အကြောင်းမဲ့ပွတ်နေသည့် လည်ဂုတ်တွေလည်း ကြာရင်ပွန်းပဲ့ကုန်မလားမသိ.. ၊

"နင်တို့တွေပြောကြတဲ့ တအားတို့အရမ်းတို့လို အဲ့လိုစကားတွေကို သူတို့ဆီမှာ အကြီးကြီးပဲပြောကြတယ်.."

သေစမ်း..

ချစ်မဝမျက်နှာ မသိမသာမဲ့နေခဲ့လျက် အများကြီးဝိုင်းထိုင်နေသည့်လူတွေကိုလည်း မကြည့်ရဲတော့ဘဲ ရယ်သံတွေကြောင့် ပူနေသည့်တစ်ကိုယ်လုံးမှာ ရေနွေးငွေ့တွေဟပ်ခံနေရသည့်နှယ်.. ၊

"နင်အရပ်ရှည်တာကို သူပြောတာပါ..ရဲရဲကနုနုနွဲ့နွဲ့လေး၊ မင်းတတအားရှည်တော့..အဲလေ.."

"ကိုင်း..တော်တော့၊ မမြရေ..နင်တို့တူဝရီးပြောနေသမျှ ကောင်လေးမျက်နှာမဖော်ရဲတော့ဘူး.."

"ဘာတွေပူနေကြတာတုံး..ဟောဒီမှာ ညဦးလေပြေလေးနဲ့ ဝိုးယောက်မသုတ်ချဉ်စပ်လေး.."

"ဘာတွေလဲ..ငါတို့လက်ဖက်သုတ်ယူလာတယ်နော်.."

"ငါ့တူရဲ့ဧည့်သည်တွေနော်..ငါကျွေးဖို့လည်း ထားကြဦး.."

စားစရာတွေယူလာကြတာ တစ်ဦးနှစ်ဦးတည်းမဟုတ်။ စကားတွေဝိုင်းဖွဲ့ပြောနေကြတာလည်း ညဥ့်နက်တဲ့အထိ လူစုမကွဲပေ။ ပျော်စရာတော့ကောင်းပေမယ့် ဘယ်သူဘာထပြောလိုက်မလဲပဲ ရင်ထိတ်နေရသဖြင့် သက်တောင့်သက်သာလည်းမရှိ.. ၊

သူတို့နှစ်ယောက် ခိုးပြေးတော့မည်ဆိုတော့ ကိုတိုးကသူ့မိတ်ဆွေတစ်ဦးဆီက ကားငှားပြီး ရွာကိုပို့ပေးခဲ့သည်။ ဒီရွာကိုသူလည်း မရောက်

ဘူးတာမဟုတ်။ သို့သော် မိန်းမငယ်လေးတွေကတော့ ခုတစ်ခါကျမှ ပိုပြီးအစုအဖွဲ့နဲ့ရှိနေကြတာ ကံဆိုးစွာတိုက်ဆိုင်ခြင်းလား..။ ရွာခံလူတွေကတော့ကိုတိုးနဲ့ပါလာနေတည်းက ချစ်မဝစကားနည်းတတ်တာကိုသိနေပြီးဖြစ်ကာခုလိုတစ်ယောက်တည်းရောက်ချလာတာကျတော့ သူတို့တာဝန်လို့ပဲယူဆ၍ ဧည့်ဝတ်ကျေဖို့သာ ကြိုးစားနေကြလျက်.. ၊

"ကဲ..ချက်ကြီးတို့ မမျိုးတို့..နင့်အုပ်စုကိုခေါ်ပြီး ပြန်တော့၊ သူများခုမှခိုးပြေးလာတဲ့လင်မယား.."

"နင်လည်းပြောဖော်ရသေးတယ်နော်.."

"အံမယ်..နင်ကတော့ ပြောဖော်ရလို့လား.."

"ငါ့ဟာတွေမပါဘူးလေ..ကြည့်လိုက်ပါဦး၊ စုပြုံပြီးဟီလာတိုက်နေကြတာ သူ့အုပ်စုချည်းပဲ..ရှိသမျှ ဆွေတော်မျိုးတော်အကုန် 'မ'ချလာသလားပဲ.."

"ခစ်..ခစ်.."

သူတို့ဘာသာ လွှန်လွှန်းနေကြတာကိုလည်းသိကာ ရဲရဲတို့ကိုအားနာသလိုလှည့်ကြည့်လိုက်ရင်း.. ၊

"ချောချောလှလှလေးနှစ်ယောက် ညားလာတော့ အရုပ်လေးတွေမှတ်ပြီး လာကြည့်တာပေါ့အေ..သူဌေးသမီးနဲ့ဆရာဝန်၊ ကြည့်ပါဦး..တစ်ယောက်က ရှည်ရှည်ဝိုင်းဝိုင်း တောင့်တောင့်ဖြောင့်ဖြောင့် တစ်ယောက်ကဖြူဖြူအိအိ နုနုထွတ်ထွတ်လေး.."

"ဟုတ်ပ..ဘယ်လိုအမေတွေကများ ဘာတွေစားပြီးမွေးလိုက်သလဲမသိဘူး.."

"ဘာမှမစားလောက်ပါဘူးအေ..မွေးတဲ့လူက လှလို့နေမှာပေါ့၊ အဲ့လိုသမီးလှလှမွေးရအောင် ကိုယ့်ရုပ်အခြေအနေလည်း ပြန်ကြည့်ပါဦး.."

"အံမယ်..နင်ကပဲပြောရတယ်ရှိသေး.."

"နည်းနည်းတော့ မှန်တယ်လုပ်လိုက်စမ်းပါ..ငါ့မိန်းမက နင့်ထက်တော့လှပါတယ်.."

"ကရားကြီးရေ.."

"ဘာတုံး.."

"ယောက်ျားတွေမပါကြေးမဟုတ်ဘူးလား..ငါ့မိန်းမကိုတော့ မထိနဲ့နော်.."

"အောင်မယ်လေး..တော်ကြပါဟဲ့၊ ထ..ထ ပြန်ကြတော့၊ ဒီမှာကလေးတွေ ဘာမှလည်းမစားရသေးဘူး..အားမနာကြနဲ့နော်လူလေးတို့၊ တို့ရွာက ဒီလိုပဲ..လူလေးတို့မီးဖွင့်အိပ်တတ်ရင် ကြိုက်သလိုဖွင့်၊ လွတ်လွတ်လပ်လပ်နေ.."

"ဟုတ်တယ်သားရေ..မင်းတို့အတွက် တို့ကအိမ်ပေါ်ကဆင်းဖယ်ပေးတာလည်း မဟုတ်ဘူး၊ ဒီအိမ်ကြီးက လူမနေတာတစ်နှစ်လောက်ရှိပြီ..ကိုတိုးမြို့ရောက်သွားကာစတော့ သူ့ကြီးတော်တွေ လာနေကြသေးတယ်၊ နောက်တော့ သူလည်းပြန်မလာတော့ဘူး..ဘယ်သူမှလည်း လာမစောင့်ပေးချင်တော့ဘူး၊ အိမ်ဆိုတာလည်း လူမနေတာကြာရင် တိရစ္ဆာန်ကြီးစိုးလာတာပဲမဟုတ်လား..မင်းတို့လာတုန်းက ဒီမှာရှိနေတဲ့ ထိပ်ပြောင်ပြောင်နဲ့လူဝကြီးက ငါ့အစ်ကိုဝမ်းကွဲလေ၊ ကိုတိုးနဲ့တော့ ဘကြီးတော်မှာပေါ့..သူ့ကိုအရက်ဖိုးပေးပြီး လာစောင့်အိပ်ခိုင်းထားတာ.."

"သူလည်း မိုးလင်းထပြန်..မိုးချုပ်ပြန်ရောက်ပါပဲ.."

လူတွေသာထသည်။ စကားပြောမပျက်ကြ။ မိန်းကလေးတွေက ရဲရဲကိုပဲမတ်တပ်ရပ်ကြည့်နေကြကာ နှစ်ယောက်ပူးတွဲကြည့်ပြီး ရယ်ကြတာလည်းရှိ၏။ ယောက်ျားလေးတွေကျတော့ ပြုံးစိစိ။ ရွာတစ်ရွာရဲ့အနေအထားကိုတော့ နားလည်ပါသည်။ သို့သော် ဒီမှာဒီညကတော့ နည်းနည်းလွန်နေသလား ထင်၏။

"ဒါနဲ့လူလေးတို့က ညဘက်စာကြည့်ရင်း ညလယ်စာတွေဘာတွေစားကြတယ်ကြားတယ်..ဒါတွေကကြာရင် ကောင်းမှာမဟုတ်တော့ဘူး.."

"ဩော်အေ..ငါ့တူမတွေရှိပါတယ်၊ သူတို့ဒီညကြက်သွန်ရွှေးကြမှာ..မကြာမကြာလာကြည့်ခိုင်းပါ့မယ်၊ မအိပ်နိုင်သေးရင် လှမ်းခေါ်ပြီး စားချင်တာသာမှာလိုက်.."

လာကြည့်ခိုင်းမယ်ဆိုသည့်စကားကြောင့် ရဲနဲ့ချစ်မဝ မျက်လုံးချင်းဆုံသွားကြသည်။ ဒီအချိန်ထက် ပိုညဥ့်နက်တဲ့အထိ မအိပ်ဘဲနေမိလျှင် ရရှိမည့်အကျိုးကျေးဇူးကို သိလိုက်ရပြီဖြစ်ကာ.. ၊

"ရဲရဲ.."

"ဟင်.."

အားလုံးထွက်သွားကြတာနှင့် ချစ်မဝက ရဲရဲလက်ဖဝါးလေးကို ဖိဆုပ်ထားလိုက်ပြီး.. ၊

"အပြင်မှာ လပြည့်ညအရမ်းလှတယ်..ထွက်မကြည့်ချင်ဘူးလား.."

"အင်း..ကြည့်မယ်လေ.."

ပြောပြီးမှ အပြင်ကိုစိုးရိမ်သလိုကြည့်လိုက်မိရင်း.. ၊

"တော်ကြာ ရဲတို့မအိပ်သေးဘူးဆိုပြီး သူတို့ပြန်လာနေရင် ဒီည.."

"ဟုတ်တယ်..အဲ့ဒါကြောင့်.."

နေရာမှထကာ မီးတွေမှိတ်ထားလိုက်ပြီး ဖိနပ်ချွတ်မှာဖိနပ်စီးသည်။ ပြီးတော့ အပြင်ကိုထွက်ခဲ့ရင်း.. ၊

"အိမ်ကိုလာကြည့်ကြမှာလေ..ကျွန်တော်တို့အပြင်ရောက်နေမယ်မှန်း ဘယ်သူကသိမှာလဲ.."

အိမ်ခေါင်းရင်းကနေ ကွေ့ပတ်ပြီး နောက်ဖေးရောက်လာကြသည်။ အိမ်နောက်ဖေးပေမယ့် မြေပြင်သည်သံမံတလင်းကျအောင် ရှင်းပြောင်မာကျောနေလျက် သစ်ရွက်တစ်ရွက် တုတ်ကျိုးလေးတစ်စတစ်လေတောင်မှ လရောင်ဖွေးဖွေးအောက်မှာ ထင်းနေအောင်မြင်နေရသည်။ နောက်ဖေးကျမှ ပိုကျယ်ကာ ကုက္ကိုပင်ကြီးတွေက ခြံစည်းရိုးလိုဝိုင်းပတ်ထားလျက် နောက်ဖေးတစ်ကွင်းလုံးမှာ ကောက်ရိုးပုံကြီးတစ်ပုံကပဲ ထီးထီးမားမားရှိနေ၏။ စိမ့်အေးသွားခြင်းကြောင့် ရဲကလက်လေးပိုက်လိုက်ပြီး.. ၊

"ကောက်ရိုးပုံကြီးတစ်ပုံက အဲ့လောက်တောင်ကြီးတယ်နော်.."

"ဟုတ်တယ်..နောက်ပြီး အစိမ်းကွင်းဆိုတာ ရှိသေးတယ်၊ အဲ့ဒီမှာတော့ မြက်တွေနဲ့နွားစာမြင်းစာပင်တွေချည်းပဲရှိတာ၊ သူတို့ကျတော့ ဂရုစိုက်ပြီး စိုက်နေရတာမဟုတ်ဘူးလေ..အမြဲစိမ်းတာပေါ့၊ ခြောက်မကုန်အောင်ထိန်းပေးထားရုံပဲ.."

"တစ်ရွာလုံးသုံးကြတာပေါ့နော်.."

"မဟုတ်ဘူး..ပိုက်ဆံရှိတဲ့ လယ်ပိုင်နွားပိုင်တချို့တလေပဲရှိတာ၊ နွားတွေကိုကောက်ရိုးနဲ့အစိမ်းအစိုတွေပါကျွေးတာ..ဒီရွာကနွားတွေကို အထူး

ချစ်ကြတာ.."

"ဩော်..ချစ်က ခဏခဏရောက်နေတာလား.."

"သုံးခါလောက်ပေါ့..ဒါကြောင့်အကုန်လုံးနဲ့သိနေတာ၊ ချမ်းနေတာလား.."

"အင်း..နည်းနည်းပါ.."

သူ့ရုပ်အင်္ကျီအဖြူဖွားဖွားနှင့် ဆံပင်လေးတစ်ဖက်သိမ်းထားသည့် ရဲ့မျက်နှာလေးကို ချစ်မဝကင့်ကြည့်သည်။ သူမကိုသူ့ခုလို ပိုင်ဆိုင်ရတော့မည်ဆိုတာ စိတ်ကူးထဲမှာလည်းမရှိခဲ့။ တောင်းလည်းမတောင်းတခဲ့ပါ။ သူနဲ့ကိုယ်က နီးစပ်နိုင်သည့်သူတွေမဟုတ်ဘူးဆိုသည့်ခံယူချက်က ချစ်ခြင်းမချစ်ခြင်းအပေါ် ခွဲခြားခံစားနေဖို့လည်းမရှိ။ ဒါကြောင့်လည်း ကိုယ့်ကိုယ်ကိုဘာဖြစ်နေခဲ့မှန်း မသိခဲ့တာဖြစ်သည်။ အိပ်လို့မရ စားလို့မဝင်။ ကိုယ့်အနားကို ဘယ်သူရောက်လာလာ ထိုသူဟာကိုယ်မျှော်လင့်လိုလားနေတဲ့သူမဟုတ်ဘဲဖြစ်နေခဲ့သည်။ အကောင်းပြောလာတာကိုလည်း စိတ်မရှည်။ နောက်တဲ့ရွဲ့တဲ့စကားတွေဆိုလည်း မခံချင်။ ကိုယ့်ကိုယ်ကို နားမလည်နိုင်သည့်အဖြစ်ကြောင့် ရဲကိုသူ့စွန့်လွှတ်ရတော့မလိုပါလား.. ၊

"ချစ်ဘာပြုံးတာလဲဟင်.."

ကိုယ်မော့ကြည့်မိကာမှ သူကမျက်နှာလွှဲသွားပေမယ့် ပြုံးနေသည့်နှုတ်ခမ်းတွေကို ရဲသေချာတွေ့လိုက်သည်။

"ချစ်..ပြောလေ.."

"ဩော်..မဟုတ်ပါဘူး၊ ကျွန်တော်တို့နှစ်ယောက်အဖြစ်ကို တွေးမိလို့.."

ရဲမျက်နှာလေးပျက်သွားတာ သူမမြင်။ ဖြစ်ချင်တာကို ဖွတ်လုပ်တတ်တာ သူ့ကိုချစ်မိလို့ ဖွတ်ရှေ့တိုးတာတွေက ဒီလိုအခြေအနေကျတော့ မိန်းမတစ်ယောက်၏တန်ဖိုးဆိုတာကို အပြည့်အဝမျှော်လင့်လာခဲ့သည်။ ကိုယ်ကလိုက်ချစ်နေရပါစေ သူကချစ်လို့ရယူဖို့ ကြိုးစားတာမျိုး ဖြစ်ချင်လာသည်။ ဒါဆိုကိုယ်အလွယ်တကူလိုက်ခဲ့မိတာကို သူတွေးပြီးပြုံးတာလား..။ ကိုယ့်ကိုချစ်ပါရစေလို့လည်း မပြောခဲ့။ ချစ်ကြင်နာလို့ကြောင်းပြခဲ့တာလည်း မရှိ။ ဒါပေမဲ့ သူအနားရောက်လာတာနဲ့ သူမကောက်ကောက်ပါအောင်လိုက်ခဲ့

ခဲ့သည်။ ဒါပေမဲ့ အဲ့ဒီအချိန်မှာ မာနတွေတန်ဖိုးတွေထားဖို့ သတိရလာရင်တောင် ကမ်းပေးလာတဲ့ချစ်ရဲ့လက်ကို သူမပုတ်ချခဲ့နိုင်မှာမဟုတ်ပေ။ ချစ်ကိုသူမစပြီးချစ်မိပြီဆိုတည်းက ရင်ထဲမှာပကာသန မာနဆိုတာ ဘာမှမရှိခဲ့ပေ။ သူ့အထင်သေးမလားလို့လည်း မတွေးမိခဲ့။ ခုကျမှဘာဖြစ်တာလဲ..။ သတ္တိကြောင်သွားတာလားလို့ ကိုယ့်ကိုယ်ကိုပြန်မေးကြည့်တော့လည်း မဟုတ်ဘူးပဲအဖြေထွက်သည်။ ကိုယ်လိုချင်မိတာ သူ့ရဲ့မြတ်နိုးမှု.. ၊

"ဟိတ်..ခေါင်းကြီးငုံ့ပြီး ဘာလို့တိတ်သွားတာလဲ.."

လက်မောင်းချင်းထိကပ်မေးတော့မှ ရဲကမော့လာပြီး ခေါင်းလေးခါပြုံသည်။

"ဘာလဲ..ကျွန်တော်ပြုံးလိုက်တာကို လျှောက်တွေးသွားတာလား၊ နီရဲရဲနီဆိုတာ အဲ့လိုတွေးတတ်တဲ့မိန်းကလေးမျိုး မဟုတ်ပါဘူး.."

"ဟုတ်တယ်..ရဲက ဘာဖြစ်ဖြစ်ပေါ့ပေါ့.."

"အာ..အဲ့လိုပြောတာမဟုတ်ဘူး.."

သူပျာပျာသလဲဖြစ်သွားပြီး ရဲလက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်သည်။ ပြီးတော့.. ၊

"အေးစက်နေတာပဲကွာ..လာ နွေးသွားအောင်ကောက်ရိုးပုံဘေးမှာ ထိုင်ရအောင်.."

"ဟင်..ဟိုမှာ.."

"အင်းလေ..ဖြန့်ထားတဲ့ကောက်ရိုးပုံက နိမ့်ပါတယ်၊ ကျွန်တော့်တင်ပေးမယ်.."

"ကောက်ရိုးပုံပေါ်တက်ဆော့ပြီး ယားကုန်မယ်ဘာညာနဲ့ စာအုပ်တွေထဲမှာ ဖတ်ဖူးတယ်.."

"ယားတော့လည်း ယားဖူးသွားတာပေါ့..လာပါဆို.."

"အမေ့.."

ဆွဲသွားပြီး အနားရောက်တာနှင့် ခါးလေးနှစ်ဖက်ကနေ ဆွဲခနဲ 'မ' ယူပြီး အပေါ်တင်ပေးသည်။ ရဲလန့်သွားကာသူ့ပခုံးအင်္ကျီစတွေကို ဆုပ်ဆွဲလိုက်မိသည်။ လူကိုအသာလေးကောက်ချီပစ်လိုက်မည် မထင်လိုက်သဖြင့် ကိုယ့်ဘာသာမြောက်ကြွပေးဖို့ အားယူနေတုန်း.. ၊

"ဟား ဟား ဟား.."

"လန့်သွားတာပဲချစ်ကလည်း.."

သူရယ်လိုက်မှ အသေဆွဲထားမိသည့် အကျီစတွေကိုလွှတ်ပေးရင်း ရှက်လည်းရှက်.. ။

"ချစ်က.."

သူရယ်နေတာကိုပြန်ကြည့်ပြီး ငေးသွားမိသည်။ သူ့ကိုမြင်ခဲ့ဖူးသမျှ ကိုယ့်ရှေ့မှာသွားတန်းပေါ်အောင်ရယ်နေတာမျိုး မရှိခဲ့ဖူးဘူးထင်သည်။ မီးရောင်မရှိသော လပြည့်ည၏အလင်းရောင်က ကြည်လဲ့နေသည်။ တစ်ယောက်မျက်နှာတစ်ယောက် ကောင်းကောင်းကြီးမြင်နေရသည်။ စားပွဲခုံတစ်လုံး၏အမြင့်လောက်မကသော ကောက်ရိုးပုံပေါ်မှာ သူမထိုင်မိပေမယ့် သူ့အရပ်ကမြင့်နေသဖြင့် မျက်နှာနှစ်ခုကသိပ်မကွာ.. ။

ရဲကငေးနေမှ သူရယ်နေတာခပ်အမ်းအမ်းဖြစ်သွားသည်။ ပြီးတော့ အနားကပ်လာပြီး ရဲခါးလေးကိုသိမ်းဖက်လိုက်ရင်း.. ။

"ဘာကြည့်တာလဲ.."

"ရယ်နေရင်ချောတယ်.."

"မရယ်တော့မချောဘူးပေါ့.."

"တည်တည်ကြီးနေတာလေ..သူများကိုတစ်ချိန်လုံးကြည့်မရဖြစ်နေတဲ့ရုပ်ကြီး.."

"အဟွန်း.."

သူရယ်လိုက်တော့ ရဲရဲ့လည်တိုင်မှာ လေငွေ့နွေးတချို့ပြေးဟပ်သွားသည်။ ထိုအခါကျမှ သူ့မျက်နှာနဲ့ကိုယ့်ရင်ဘက် ဘယ်လောက်တောင်နီးကပ်နေပြီကို သတိရသည်။ နောက်ပြန်တွန့်သွားပေမယ့် ခြေချထားသည့်ပေါ်မှာ သူ့ကိုယ်နဲ့ကပ်ဖိထားသဖြင့် ဘာမှမထူး.. ။

"ကျွန်တော်ဘာလို့ပြုံးတာလဲသိလား.."

"ဘာကြောင့်ပြုံးပြုံးမသိချင်ပါဘူး.."

ရဲအသံလေးက အားလျှော့သိမ်ငယ်စွာ တိုးလျနေလျက်.. ။

"ချစ်နဲ့ပတ်သက်ရင် ရဲကဘယ်လိုမိန်းကလေးဖြစ်သွားသွား ဘယ်သူ့အထင်သေးသေးကြီးကြီး ဥပမာချစ်ကိုယ်တိုင်.."

"အချစ်ခံရတာ နည်းတဲ့ကုသိုလ်မှတ်လို့..ဘာလို့အထင်သေးရမှာလဲ၊ မှတ်ထား..ပွင့်လင်းတာနဲ့ ရဲတင်းတာမတူဘူး.."

"ဒါဆို ရဲကရော.."

"မသိဘူး..ခင်ဗျားဘယ်လိုမိန်းကလေးလဲဆိုတာ ကျွန်တော်သေချာမသိဘူး.."

"အဲ့ဒါ ရဲကိုအားနာလို့ ချစ်ညာပြောတာပါ.."

"မညာပါဘူး..ကိုယ်အထင်မြင်သေးနေတဲ့မိန်းမကို ဘယ်ယောကျ်ားက စိတ်ဝင်စားမှာလဲ.."

"ချစ်ကစိတ်ဝင်စားတယ်.."

"ဟား.."

သူစိတ်မရှည်သလို ညည်းသည်။ ပြီးတော့ ရဲရဲ့ဘေးမှာ ဇွေ့ခနဲခုန်ဘက်ထိုင်လိုက်ပြီး.. ။

"ခင်ဗျား အခုကျွန်တော့်မိန်းမဖြစ်နေပြီဆိုတာရော သိရဲ့လား.."

"ဒါပေမဲ့ ချစ်ကချစ်တယ်လို့တောင် မပြောဘဲနဲ့ ရဲကလိုက်လာခဲ့လို့.."

"အဲ့လိုထင်တာလား.."

ချစ်မဝကမေးပြီး ရဲရဲ့နောက်မှာ လက်တစ်ဖက်ထောက်လိုက်သည်။ ဒီအခါ သူ့ရဲ့ရင်ခွင်တစ်ခြမ်းမှာ ရဲကနေရာယူပြီး ဖြစ်သွားခဲ့လျက်.. ။

"အချစ်က ကျွန်တော်လုံးဝမသိလိုက်ဘဲ ရင်ထဲရောက်နေခဲ့တာ..အဲ့ဒါ ခင်ဗျားအမူအရာတွေ ကလက်နေတာကြောင့်လို့ ဘာလို့ထင်တာလဲ.."

ပခုံးစွန်းမှာ သူမေးတင်သည်။ ပြီးတော့ ရဲရဲ့မေးဖျားလေးကို သူ့ပါးတစ်ဖက်နဲ့ထိကပ်တော့မလို တိုး၍.. ။

"ကျွန်တော့်ကိုမေးချင်နေတာ အဲ့ဒါတွေမဟုတ်ဘူးထင်တယ်.."

ထိခတ်နေသည့် သူ့နှုတ်ခမ်းကလေငွေ့တို့ကြောင့် ရဲရင်တွေခုန်ကာ ကိုယ်လေးယို့ပြီး လည်ပင်းမှာလက်ဖဝါးလေးနဲ့ ကွယ်ထားလိုက်သည်။ ပြီး ..။

"သူများ ဘာမှမမေးရသေးဘူး..သူပဲမေးနေတာ.."

"ခင်ဗျားကိုယ့်ဘာသာ ဖြည့်စွက်တွေးပြီး ကျေနပ်လိုက်မှာတွေသိလို့ လေ..ရှိနေတာတွေကိုမေးပါ၊ ကျွန်တော်တို့ဘာသံသယမှမရှိဘဲ ပေါင်းချင်

တယ်.."

သူ လူကိုနည်းနည်းမှ ပွေ့ဖက်တာမဟုတ်ဘဲ ရဲရင်တွေခုန်တာ ကိုယ့်ဘာသာမလုံတော့ပါ။ သက်ပြင်းတွေကြိတ်ချရင်း ပြေလျှော့ပေမယ့်မရ။ သူအနားကပ်လာတိုင်း ကိုယ်ကိုယ့်ထားရတာလည်း ကြာရင်လူစင်စစ်ကနေ အဝတ်ထုပ်ဖြစ်သွားတော့မလားမသိ။ ဟိုအရင်က သူရဲ့မှုန်ကုတ်ကုတ်မျက်နှာ ပါးတွေနားရွက်ဖျားတွေနီအောင် ရှက်နေတတ်တဲ့ပုံစံကိုကြည့်ပြီး ရယ်နေခဲ့တာသူမ။ ခုကျတော့.. ၊

"ရဲရဲကျွန်တော်ပြောတာကြားလား.."

"အင်း.."

"အဲ့ဒီတော့မေးတော့မလား.."

"မမေးဘဲနဲ့ပြောပြလေ.."

"ခင်ဗျားကိုချစ်တယ်.."

ရင်ဘက်တစ်ပြင်လုံး ဒိန်းခနဲဆောင့်ခါသွားသည်။ ခုနေ သူတစ်ခုခုမေးရင် ဘယ်လိုလုပ်ရမလဲ..။ သူမစကားပြောနိုင်တဲ့အင်အားလေးတောင်မရှိတော့တာ.. ၊

"အထင်သေးတာတွေ ဘယ်သူကစရတာတွေ နောက်ထပ်မတွေးနဲ့တော့.."

"အင်း.."

"ကျွန်တော့်ကိုချစ်လား."

"အင်း.."

"သေချာဖြေပါဗျာ..ဘယ်လိုကြီးမှန်းမသိဘူး.."

"ချစ်ကရော..ခင်ဗျားတွေ ဗျာတွေနဲ့ခုထိ.."

"ကျွန်တော်ကတော့ အဲ့လိုပြောရတာကို ကြိုက်တယ်.."

ရဲသူ့ကိုလှည့်ကြည့်လိုက်တော့ သူ့နှာခေါင်းနဲ့ရဲနှုတ်ခမ်းသားလေးတွေ ထိခတ်သွားသည်။ သူမမျက်နှာလေး ပြန်တွန့်သွားပေမယ့် သူကရယ်ကာ.. ၊

"ကိုယ့်ရင်ထဲကို မသိလိုက်ခင် နီရဲရဲနီဆိုတဲ့ခင်ဗျားကို ချစ်မိသွားတာလေ..အဲ့ဒါကြောင့် ခင်ဗျားလေးရဲ့တန်ဖိုးက ရင်ထဲမှာသေးသေးလေးမဟုတ်

ဘူး.."

ချစ်တဲ့သူက တန်ဖိုးထားခြင်းကို ပိုင်ဆိုင်လိုက်ရသည့်အတွက် ရဲနှုတ်ခမ်းလေးတွေ ပြုံးသွားသည်။ ထိုစဉ် သူ့လက်တစ်ဖက်က ပခုံးလေးကို ဖွဖွဖက်လာခဲ့ပြီး.. ၊

"ဟိုးမှာမော့ကြည့်လိုက်..ပြည့်တော့ဖို့အားယူနေတဲ့ လပြည့်ဝန်းကြီးနဲ့ကြယ်တွေစုံနေတာ ဘယ်လောက်လှသလဲ.."

"ဟုတ်တယ်နော်..ကောင်းကင်တစ်ပြင်လုံးကို မြင်နေရတယ်၊ ဒီလိုမြင်ကွင်းမျိုးက တောမှာပဲမြင်ရတာထင်တယ်.."

"ဒါပေါ့..ကျွန်တော်တို့ရဲ့ထူးခြားတဲ့ည.."

ကဗျာဆန်နေသည့် သူ့စကားတွေကြောင့် ကြိတ်ပြုံးမိရင်း.. ၊

"ချစ်ကအရင်ကနဲ့ မတူဘူး.."

"ဘယ်လိုတွေလဲ..ပြောကြည့်လေ.."

"ရဲနဲ့စတွေ့တုန်းက ဒေါသကြီးတယ်.."

"ပြီးတော့.."

"စေ့စေ့ကြည့်ရင် မျက်နှာလွှဲတယ်..တအားရှက်တတ်တယ်.."

"အဲ့ဒါ ခင်ဗျားနဲ့တွေ့မှဖြစ်တာ.."

"မဟုတ်ဘဲနဲ့.."

"တကယ်ပြောတာ..ကျွန်တော့်မှာမိန်းကလေးသူငယ်ချင်းတွေရော သိတွေ့ဆက်ဆံနေရတဲ့ အမျိုးသမီးတွေရော အများကြီးပဲ၊ ဘယ်သူ့ရှေ့မှာမှ အဲ့လိုမဖြစ်ဘူး..ခင်ဗျားမျက်လုံးတွေကို ကြောက်တယ်၊ ယောကျ်ားဖြစ်ပြီး မျက်နှာလွှဲနေရတဲ့ ကိုယ့်ကိုယ်ကိုလည်း မချင့်မရဲဖြစ်ရတယ်..ဘာလို့ဆိုတော့လည်းမသိဘူး၊ ဒါပေမဲ့ ခင်ဗျားရှေ့မှာဆို စိတ်ကမခိုင်ချင်ဘူး..တွေးကြည့်ပါဦး အဲ့ဒါဘာဖြစ်နိုင်သလဲလို့.."

"အဟွန်း.."

ဒါကျ သူမကရယ်ခြင်းနဲ့ ရှောင်ထွက်ဖို့ကြိုးစားနေသည်။ ဆံပင်လေးကွယ်ကျသွားလိုက် နားနောက်ပြန်ညှပ်လိုက်နှင့် အလုပ်ရှုပ်ပြနေသည်။ ပြီးတော့ ငုံ့ကျသွားပြီဆို ပြန်မော့မလာ။ ချစ်မဝက ပြုံးလိုက်ကာ.. ၊

"ဒီတစ်ခါ ကျွန်တော်အလှည့်.."

"ဟင်..ဘာလဲ.."

"မျက်လုံးချင်းဆုံကြည့်မယ်.."

"ဟာ..ဟင့်အင်း.."

"လရိပ်လေးပဲရှိတာ.."

"ဟင့်အင်းဆို.."

"ဘာဖြစ်လို့လဲ..ကျွန်တော့်ကျတော့ ခင်ဗျားငုတ်တုတ်ထိုင်ကြည့်ပြီး ရယ်နေတာ.."

"ချစ်နော်..အဲ့ဒါ ဂလဲ့စားချေစရာလား.."

"မရဘူး..အလှည့်ကျရင် မနွဲ့စတမ်းပဲ.."

သူကဖွတ်လိုက်ကပ်သည်။ ရဲကလက်လေးထောက်ထားပြီး မျက်နှာလွှဲထားသည်။ ထိုစဉ် ရဲရဲဘက်ကနေ တရှုံ့ရှုံ့တိုးတက်လာသည့်အသံနှင့်အတူ ပုတ်သင်ညိုတစ်ကောင် ဘွားခနဲပေါ်လာလျှင်.. ၊

"အမလေး.."

ရဲ သူ့ရင်ခွင်ထဲ အော်တိုမစ်တစ်ရောက်သွား၏။ ပုတ်သင်ညိုပြန်ပြေးသွားသော်လည်း ရဲကိုယ်လေးကို ချစ်မဝကလွှတ်မပေးတော့ဘဲ.. ၊

"ကျွန်တော်တို့မင်္ဂလာဦးညလောက် ဘယ်သူမှလှမှာမဟုတ်ဘူးသိလား.."

အနမ်းတို့သည် နုသစ်လတ်ဆတ်စွာဖြင့် နွေးနွေးသိမ့်သိမ့်ကြဲဖြန့်လာခဲ့ရင်း.. ၊

ထူးထူးဆန်းဆန်းချစ်မိကြပေမယ့်
ရိုးရိုးလေးပါပဲ
ကျွန်တော်တို့နှစ်ယောက်ဇာတ်လမ်း
မြန်မာပြည်တွင်ချစ်သည်......

♦♦♦♦

အခန်း(၄၈)

"မရှိကြဘူးဟ..ဘယ်ရောက်ကုန်ပြီလဲ.."

"မောင်ချစ်မဝအောင်ရေ.."

"ဆရာဝန်လေးကို လေးလေးစားစားခေါ်စမ်းပါ.."

စကားသံတွေ နားထဲဝင်လာသည်။ ဖျတ်ခနဲဖွင့်လိုက်သည့် မျက်လုံး ဘွက နံနက်ခင်းနေရောင်ကို အံမတုနိုင်ဘဲ ချက်ချင်းပြန်ပိတ်၏။ နောက် ာစ်ခါ ပြန်ဖွင့်လိုက်တော့ ရဲရဲကသူ့ရင်ခွင်ထဲမှာ အိပ်မောကျနေဆဲ..

"ရဲရဲ.."

ပခုံးလေးကိုလှုပ်နိုးပြီး ညတည်းကကောက်ရိုးပုံပေါ်မှာ အိပ်ပျော်သွား ကြတာကို သတိရအောင်ပတ်ဝန်းကျင်ကို မေးဆတ်ပြလိုက်ရင်း.. ၊

"ထ..မြန်မြန်ထ အိမ်ရှေ့မှာလူတွေရောက်ကုန်ပြီ.."

"ဟင်..ဟုတ်လား.."

ရဲရဲကလည်း ကမန်းကတန်းထထိုင်သည်။ ချစ်မဝက ရဲရဲရဲ့ဆံပင် ာကပ်နေသည့် ကောက်ရိုးစတချို့ကို ဖယ်ပြီး ဆံပင်တွေကိုပါ သပ်ချပေး ၏။ ပြီးတော့ ရဲရဲရဲ့ရှပ်အင်္ကျီမှာပြုတ်နေသည့် အပေါ်ဆုံးကြယ်သီးလေးကို

သူပဲပြန်တပ်ပေးကာ.. ।

"ကျွန်တော်တို့ညက အိမ်ပေါ်ပြန်မတက်ဖြစ်ကြတာ.."

"အဟွန်း.."

"ဟိုလူတွေသိကုန်ရင် ပြောလို့ဆုံးမှာမဟုတ်ဘူး.."

ပြောရင်း အမြင့်ပေါ်က လျှောဆင်းလိုက်ကာ ရဲရဲကိုယ်လေးကိုပွေ့ယူလိုက်ပြီး ချပေးသည်။

"နေဦး..ချစ်ကိုယ်မှာလည်း ကောက်ရိုးတွေ.."

"ဟုတ်လား..ကောက်ရိုးကယားတယ်ဆိုပြီး မယားပါဘူး၊ ဟုတ်တယ်မို့လား.."

သူ့ကိုယ်ပေါ်က ကောက်ရိုးတွေကို ကောက်ခါချပေးရင်း ရဲရဲကရယ်သည်။ ပြီးတော့ မျက်နှာလေးငုံ့၍.. ।

"ယားလို့ယားမှန်းမသိတာ နေမှာပေါ့.."

"ဟုတ်လား.."

နဖူးချင်းထိပြီး ရယ်လိုက်မိသည်။ ထိုအချိန်လေးကိုပဲ ချစ်မဝကအမိအရအသုံးချ၏။ ရဲရဲပခုံးလေးကို ဆွဲဖက်ထားလိုက်ပြီး နားသပ်စပ်လေးကိုနမ်းသည်။ ပြီးတော့မှ.. ।

"ပြီးမှဆက်ချစ်မယ်..ပြေးရဦးမှာ၊ လာ.."

တစ်ယောက်လက်တစ်ယောက်ဆွဲ၍ ကောက်ရိုးပုံကြီးကို တစ်ပတ်ပြန်ပတ်ရသည်။ ပြီးမှ အိမ်ရှေ့ကမ်းမြင်ရသည့် ကွယ်ရပ်ကနေ နောက်ဖေးကထွက်လာသလိုလို အတူတွဲလျှောက်ခဲ့ရင်း.. ।

"ကျွန်တော်တို့ဒီမှာဘကြီး.."

"ဟော..ဟော ဟိုမှာနှစ်ယောက်စလုံး.."

"အိပ်ရာထနောက်ကျလို့ ခုမှနိုးပြီးအပေါ့အလေးသွားကြတာ ဖြစ်မယ်.."

ယောကျ်ားကြီးနှစ်ယောက်နှင့် ခပ်ငယ်ငယ်အမျိုးသမီးတစ်ယောက်က ဘာတွေစိတ်စောနေကြမှန်းမသိဘဲ သူတို့အသံကြားသည်နှင့် အူယားဖားယားပြေးလာကြကာ.. ।

"ဆရာဝန်လေးခဏလောက်လိုက်ခဲ့ပြီး ကြည့်ပေးပါဆရာဝန်လေး

ရယ်..ဒီနေ့အပျိုစင်မသာက ပွဲရှိတော့ ညတည်းကအုပ်စုလိုက်အသေမူးရူးနေကြတာ.."

"ဘာဖြစ်လို့လဲဦးလေး.."

"သတိလစ်သွားတာ နှိုးလို့မရတော့ဘူး..သေများသေပြီလားပဲ.."

"မသေပါဘူးကိုပျင်းကလည်း..အသက်ရှူနေသေးတဲ့ဥစ္စာ.."

"ကျွန်တော်လိုက်ကြည့်ပေးမယ်.."

သူပြောပြီး ရဲရဲဘက်လှည့်ကာ.. ।

"ကျွန်တော့်အိတ်ထဲမှာ ဆေးသေတ္တာသွားယူပေးပါလား.."

"ချစ်မျက်နှာသစ်ဦးလေ.."

"ပြန်လာမှပဲသစ်မယ်..လူနာကအရေးကြီးတယ်.."

နယ်လှည့်ကျန်းမာရေးအဖွဲ့ဆီ လိုက်သွားဖို့ ထွက်ခဲ့တာမို့ ဆေးနဲ့ဆေးဝါးပစ္စည်းတချို့ ပါလာခဲ့တာက အဆင်ပြေသွားသည်။ လူနာကတစ်ကိုယ်လုံးပိန်ကပ်ကပ်ပေမယ့် ဗိုက်ကျမှဖောင်းနေ၏။ မျက်လုံးတစ်ဝက်ပိတ်ကာ နှုတ်ခမ်းဟလျက် သတိမေ့နေတာဖြစ်ကာ ချစ်မဝစမ်းသပ်နေတော့အားလုံးစိတ်ဝင်တစားစုပြုံ အုံခဲနေကြ၏။ ထို့ပြင် 'သေပါပြီ' 'သေပြီထင်တယ်'ဆိုသည့် တီးတိုးစကားသံတွေက လူတိုင်းလိုလိုဆီက ကြားနေရ၏။ လူနာရှင်ဖြစ်သည့် အသက်သုံးဆယ်ခန့်အမျိုးသမီးက မျက်ရည်လေးစမ်းစမ်းနှင့်.. ।

"ဆရာ..ကျွန်မမောင်လေး မ..မရတော့ဘူးလားဟင်.."

"သူမသေပါဘူး.."

"ဟယ်.."

"ငါမပြောဘူးလား..အရက်သမား ဖဲသမားများ အသက်ရှည်ပါတယ်ဆိုမှ.."

"ဟုတ်ပ..ကြာကူလီကောင်တွေဆို ပိုတောင်ရှည်သေး.."

"ဘာ.."

"အသက်.."

"မှတ်ထား..လောကမှာ မကောင်းတဲ့ကောင်တွေ အသက်ရှည်တယ်၊ သူတို့ပဲချမ်းသာတယ်..အကုသိုလ်ကြီးလွန်းတော့ သူတို့ကိုမကောင်းကျိုး-

ပေးတော့ဘူး၊ တစ်ဘဝစံတွေလေ.."

"သူများကိုပြောနေ..ကိုယ့်ကိုယ်ကိုလည်းပြန်ကြည့်ဦး၊ ငွေတိုးချေး စားနေတာ တစ်ကိုယ်လုံးလည်း ဖောသွပ်နေပြီ.."

"ဟား ဟား ဟား.."

"ကိုင်း..ဟော့ကောင်တွေ.."

သေမလား ရှင်မလားဖြစ်နေသည့် လူနာဘေးမှာ ရယ်မောစနောက် နေကြသဖြင့် အသက်ကြီးကြီးလူကြီးတစ်ယောက်က အားလုံးကိုခပ်ကြိတ်ကြိတ်လှည့်အော်ပစ်သည်။ ချစ်မဝဆေးတစ်လုံးထိုးပေးလိုက်ပြီး မကြာခင် လူနာသတိရလာ၏။

"ရေသောက်ချင်တယ်.."

"သူ့ကိုရေတိုက်လိုက်ပါအစ်မ.."

"ဒီကောင် ခုလိုသတိလစ်သွားတာ ဒါပါနဲ့ဆိုနှစ်ခါရှိပြီကွယ့်..ကျူပ် အလှူမှာ မဏ္ဍပ်ဆောက်နေတုန်းကတစ်ခါ.."

ပြောသည့်လူက ရွာကလူကြီးဖြစ်ပုံရှိကာ ဟိုရှေးခေတ်လူတွေလို မုတ်ဆိုးခါးစပ်မှာ ခါးပတ်ကြီးပတ်ထားသေးသည်။ ချစ်မဝကခေါင်းညိတ်လိုက် ပြီး.. ။

"အရက်သောက်နေလို့ ပိုဆိုးတာပါ..အသည်းတအားခြောက်လာ တော့ Hepatic encephalopathyလို့ခေါ်တဲ့ ဦးနှောက်ကိုထိခိုက်မှုဖြစ် သွားတယ်၊ အဲ့ဒါကြောင့် မကြာခဏသတိမေ့လဲတာတွေ ဖြစ်တတ်တယ်.. ခန္ဓာကိုယ်ဖောလာမယ်၊ အသည်းရောဂါဖြစ်လာရင် မြန်မြန်ဆန်ဆန်ဒုက္ခ ပေးသွားနိုင်တာ အရက်ပဲ..ဒါကြောင့် အရက်ဖြတ်ဖို့အရေးကြီးတယ်၊ နောက် ထပ်ပြီး အရပ်သားသိသာစေတဲ့ရောဂါလက္ခဏာတွေပြလာမှဆိုရင် ကုရခက် ပါတယ်..ဆိုးရွားမလာခင် ကာကွယ်ပါ.."

"ပိုဆိုးမှာပဲ..ဒီကောင် အပျိုစင်အလောင်းကစားပွဲမှာဆော့ဖို့ အကြီး အကျယ်ကြိုးပမ်းနေတာ၊ ဘာထူးသလဲ ဟိုကောင်တွေရောပဲ.."

"မရတော့ဘူး..ဒီညနေ အဲ့ဒီအသုဘလုံးဝလိုက်မပို့ခိုင်းတော့ဘူး.."

ဘေးမှာ ဒီတိုင်းရပ်ကြည့်နေရင်း ရဲရဲမနေနိုင်တော့ဘဲ အမျိုးသမီးတစ် ယောက်ကို လက်တို့၍.. ။

"အလောင်းကစားတယ်ဆိုတာ ဘာလုပ်တာလဲဟင်.."

ပြောချင်နေသည့်အမျိုးသမီးက ရဲရဲကိုလှည့်ကြည့်ပြီး မြို့ကညှော် သည်မှန်းသိသည်နှင့်.. ။

"အပျိုလူပျိုတွေသေရင် ငှက်ပျောတုံးထည့်သဂြိုလ်သလိုပေါ့ညီမ ရယ်..သူတို့တွေလောကစည်းစိမ် မခံစားရဘဲသေရတဲ့လူတွေမို့ အလောင်း ကိုပျော်အောင် ကစားပေးတယ်ပေါ့၊ ပြောရရင် သူတို့ရဲ့ဝိညာဉ်ပျော်အောင် ပေါ့နော်.."

"အခေါင်းထဲကနေ အလောင်းတွေထုတ်ပြီး ကစားတာလား.."

"ဘယ်ဟုတ်မလဲ..လှလှပပပြင်ပြီး ယောကျ်ားတွေထမ်းထားကြတဲ့ ဘယ်စင်ကြီးအတိုင်း လှုပ်ယိမ်းတွန်းထိုးပြီး လွှဲကြရမ်းကြတာလေ၊ ဒါ ပေမဲ့ တောင် မသာတစ်လောင်းတည်းကို ယောကျ်ားတွေအများကြီးမနိုင်ဘူး..အဲ့ဒီ အချိန်မှာ မကောင်းဆိုးဝါးတွေဝိုင်းစီးထားတာနေမှာပေါ့နော်.."

"ကြောက်စရာကြီးနော်..အသုဘလိုက်ပို့တဲ့လူတွေကရော.."

"လွတ်အောင်ရှောင်နေရတာပေါ့ညီမရဲ့..သချိုင်းရောက်မှ ကစားပြီး တင်တာလေ၊ လူတွေကလွတ်အောင်ရှောင်နေရတယ်..ထမ်းထားတဲ့လူတွေက သူတို့ကိုယ်တိုင်လည်း မလဲအောင်ထိန်းနေရတယ်၊ ဒါကြီးကိုတွန်းရဆွဲရတာ သည်း မကောင်းဆိုးဝါးနဲ့အားပြိုင်သလိုဖြစ်နေတော့ ဘေးလူကိုမထိခိုက် အောင် မရှောင်ကြတော့ဘူး.."

ကြောက်စရာကိုကြောက်လန့်နေတော့ ပြောသည့်လူက ပိုပြီးအာ ဖောင်အာရင်းသန်လာသည်။ သို့သော် သူမပြောလို့အပြီးမှာ ရဲရဲကလန့်ဖျန့် နောက်ဆုတ်မသွားခဲ့ဘဲ.. ။

"အဲ့ဒီအသုဘကို ညီမလည်းလိုက်ပို့ဦးမယ်.."

"ဟင်.."

"ကြည့်ချင်လို့.."

♦ ♦ ♦ ♦

အခန်း(၄၉)

"အမလေး..မောလိုက်တာဟဲ့၊ ဟိုရှေ့မှာဘာလဲ..စားသောက်ဆိုင်လား၊ လူတွေစုနေတာ..အဲ့ဒီမှာခဏနားဦးမယ်.."

ဆိုင်ကယ်လ်ကအစုတ်။ နည်းနည်းလေးကုန်းမြင့်တက်လိုက်တာနှင့် ပြန်လိမ့်ကျတော့မလိုလို ရပ်သွားတော့မလိုလို။ ထို့ကြောင့် ခပ်ပြေပြေကမူလေးပေမယ့် ဒေါ်ဝင်းမာဆိုင်ကယ်လ်နဲ့အခန့်သားမလိုက်ရဲဘဲ ကိုယ့်ဘာသာဆင်းလျှောက်ခဲ့ရသည်။ ကားတစ်တန်ခြေလျင်တစ်တန်နဲ့ ဘယ်လိုတောင်ချောင်ကျကျခေါင်လိုက်တဲ့ရွာလဲဆိုတာ.. ၊

"ဟဲ့..ကောင်လေး၊ ငါပြန်တက်မယ်..ဟိုရှေ့က စားသောက်ဆိုင်ကိုပို့ပေး၊ မိုးချုပ်လည်းချုပ်ပလေ့စေတော့.."

"ဗျာ..ဒေါ်ကြီးဘာပြောတာလဲ.."

"ရောက်ခါနီးပြီဆို..ငါရှေ့ကဆိုင်မှာ နားမယ်လို့.."

"အဲ့ဒါစားသောက်ဆိုင်မဟုတ်ဘူး..သချိုင်းကုန်း.."

"ဟင်.."

လူတွေအများကြီးနဲ့ စုရုံးစည်ကားနေတာ သချိုင်းကုန်း.. ၊

"လာ..ဒေါ်ကြီးတက်၊ အောက်တောလမ်းကသွားလို့ရတယ်.."

"အောင်မယ်လေး..ဒီလောက်မကျေညက်တဲ့လမ်းကို တောလမ်းကသပ်သွားရဦးမယ်.."

တောလမ်းဆိုတာကိုကြည့်လိုက်တော့ လမ်းမှာမြင်ခဲ့သည့် ကုန်းဘက်ကုန်းဆင်းတွေထက်တောင် နက်နေသေးသည်။ ပြီးတော့ ကျောက်ခဲသုံးတွေ ကျောက်စွန်းဖုတွေနှင့် ဘေးနှစ်ဖက်မှာ သစ်ပင်ကြီးတွေနွယ်ကြိုးတွေက တို့လို့တွဲလောင်း။ ခေါင်းသည်အော်တိုမစ်တစ် ခါပစ်လိုက်ပြီးဖြစ်သျက်.. ၊

"ဟော့အေး..တစ်ကိုယ်လုံးလည်း ကိုင်ရိုက်ထားသလိုနာနေပြီ၊ အဲ့ဒီသချိုင်းကထွက်ရင် ဘယ်လောက်လောက်သွားရဦးမှာလဲ..သချိုင်းကဖြတ်မယ်၊ ငါမကြောက်တတ်ဘူး.."

"ဟာဗျာ..ဒေါ်ကြီးကြောက်ကြောက်မကြောက်ကြောက် ကျွန်တော့်ဆိုင်ကယ်လ်ကဒီနေ့မှကြွေးကျေတာ၊ ကျက်သရေမရှိ သချိုင်းမြေတော့မနင်းနိုင်ပါဘူး.."

တော်တော်ကောင်းတဲ့ ဆိုင်ကယ်လ်ဆိုတော့ အံ့ဩပါ့..

ဒေါ်ဝင်းမာမျက်နှာ စိတ်ပျက်စွာရှုံ့မဲ့သွားခဲ့ပြီး.. ၊

"ငါကတော့ ဒါတွေအယူမရှိဘူး..နင့်ကိုငါကယ်ရီခအပြည့်အဝပေးသားတာနော်၊ တစ်ပြားမှလည်း ဈေးဆစ်ခဲ့တာမဟုတ်ဘူး.."

"ဆစ်ဆစ်မဆစ်ဆစ် ကျွန်တော်ကလိုက်မပို့ဘူးလို့ ပြောနေတာမှမဟုတ်တာ..လာပါဗျာ၊ အဲ့ဒါနဲ့ ကျွန်တော်ပြန်ရင် မိုးချုပ်လိမ့်မယ်.."

ဆိုင်ကယ်လ်သမားက အသက်နှစ်ဆယ်လောက်ပဲရှိဦးမည်။ ဒါပေမဲ့ဘစ်ထစ်ချသမားဖြစ်ပုံရှိကာ သူ့ဘာသာညည်းညူနေရင်း.. ၊

"ဒါမှမဟုတ် သချိုင်းကို ဒေါ်ကြီးဘာသာဖြတ်သွားလိုက်..ဟိုဘက်မှာ တစ်မိုင်လောက်ပဲရှိတော့တာ၊ မသာပို့တဲ့လူတွေနဲ့ ရောသောပြန်ရင်အဖော်တောင်ရဦးမှာ.."

နောက်ဆုံးတော့ ဆိုင်ကယ်လ်အစုတ်နဲ့ လမ်းဆိုးဆိုးကို မစီးရရေးအတွက် ဒေါ်ဝင်းမာတစ်ခုတည်းသော ကိုင်စရာလက်ဆွဲအိတ်ကြီးကို လက်ဖျံမှာချိတ်လိုက်သည်။ ပြီးတော့ ထမီတစ်ဖက်က'မ'၍ အနည်းငယ်ပိုမြင့်နေ

သော သချိုင်းမြေဆီတစ်ယောက်တည်း ချီတက်ခဲ့သည်။ ဖုန်းဆက်လိုက်လျှင် ချစ်မဝတို့အူယားဖားယားလာကြိုကြမည်။ ဒါမှမဟုတ် ကြောက်လန့်ပြီး နောက်တစ်နေရာပြောင်းပြေးကြဖို့လည်း ရှိသည်။ ဒါမှမဟုတ် ဘာပြောကြမည် ဘာလုပ်ကြမယ်ဆိုတာတွေ ကြံစည်ချိန်ရသွားနိုင်သည်။ ထို့ပြင် ကိုတိုးကလည်း သူချက်ချင်းပြောပြလိုက်သည်ဆိုတာမျိုး မဖြစ်စေချင်။ အကြောင်းအမျိုးမျိုးကြောင့် တိတ်တိတ်ဆိတ်ဆိတ်လာခဲ့ရသည့်ပြင် ယောက်မဖြစ်သူကလည်း တရရှမှာလိုက်သေးသည်။

ဘယ်သူဘယ်လိုမှာမှာ ကိုယ်ကတော့ ကိုယ့်စိတ်ကူးနဲ့ကိုယ့်ဆုံးဖြတ်ချက်ကပါလာပြီးသား။ ထို့ကြောင့် စိတ်ဓာကလည်း ပင်ပန်းတာကို ဂရုမစိုက်မိအောင် ဖြစ်နေခဲ့သည်။ ရဲရဲကိုတွေ့ရင် စိတ်မဆိုးအောင် စကားလုံးလှလှဘယ်လိုသုံး၍ ဘယ်လိုနေထိုင်အောင်ပြောမည်ဆိုတာကအစ.. ၊

"ညည်းလည်း ဆယ်တန်းတောင်မအောင်သေးဘူး..ငါ့တူကလည်း အထူးကုဆရာဝန်ကြီးဖြစ်အောင် နိုင်ငံခြားမှာ ပညာတော်သင်တွေဘာတွေ အများကြီးရှိသေးတယ်..ဖွတ်လုပ်သွားကြလို့ လက်ထပ်လိုက်ရတယ် ဒါပဲနော်၊ ပညာမစုံသေးဘဲ လင်ရယ်မယားရယ်လို့ မတွေးနဲ့..အတူမနေကြနဲ့ မိန်းကလေးဖြစ်တဲ့ညည်းက ဆင်ခြင်ရမယ်.."

"အစက မတော်ရာက မျှော်ရတဲ့ဘဝ..အခုကိုယ့်ယောက်ျားဖြစ်နေပြီ ဒါဆိုကျေနပ်လိုက်တော့..ဘဝတိုးတက်ဖို့ ကြိုးစားဖို့ဆိုတာ အချိန်တွေက လူကိုစောင့်မှာမဟုတ်ဘူး.." စိသဖြင့်သော စကားလုံးတွေကို စီစဉ်ထားခဲ့ပြီး.. ၊

"လုပ်..လုပ် မြှောက်.."

"နည်းနည်းထိန်းထားဟေ့ကောင်..လေးတယ်ဟ.."

"ငါခြေကျွံနေပြီ.."

"ဖျန်း ဖျန်း..ဖျန်း.."

ဘာတွေလဲ..။ အနားနီးသွားတော့ အသံတွေကြောင့် ကိုယ့်စိတ်ကူးတွေပျောက်၏။ လူတွေက စည်းဝိုင်းလိုရှဲနေကြလျက် အလယ်မှာ အလောင်းစင်ကြီးက ယိမ်းထိုးလူးလွန်ခါနေသည်။ အုတ်ဂူတချို့မြက်ရိုင်းပင်တွေတချို့နှင့်ကြားမှာ အလောင်းစင်ကြီးကိုထမ်းပြီး ယောက်ျားတွေမနိုင်မနင်းဖြစ်နေ

ကြတာ ပိပြားလဲကျတော့မယ့်အတိုင်း။ ဒေါ်ဝင်းမာ ထိုနားရောက်သွားမှ လေကဟူးဟူးရားရားတိုက်လာသည်။ အလောင်းစင်ကြီးက တဖျန်းဖျန်းလူးလွန်ခါလာသည်။ လူတွေခြေကျွံသွားလိုက် ယိုင်နဲ့သွားလိုက်ဖြစ်တိုင်း လေထဲမှာ တောင်ပံကြီးဖျန့်ထားသလို လေးဘက်လေးတန့ ချည်နှောင်သွယ်မျှ ပိတ်ဖြူတွေ အကာအရံတွေက လူတွေပေါ်ခုန်အုပ်ချတော့မယ့် သတ္တဝါကြီးတစ်ကောင်နှယ်။ ညနေခင်းသစ်ပင်အုပ်အုပ်တွေထဲမှာ မြင်ကွင်းကြောင့် ဒေါ်ဝင်းမာ ကြက်သီးဖျန်းခနဲထသွားသည်။

"ဟေ့..ဟေ့ ဟား ဟား.."

"လာထား..ပင့်ထား မြှောက်ဟ.."

"ဟဲ့..ဟဲ့ အမလေး.."

"ဘေးနားကကပ်ဖြတ်သွားမလို့ ခြေလှမ်းသွက်သွက်လျှောက်နေကာမှ အလောင်းစင်ကြီးထမ်းပြီး ကိုယ့်ဆီပြေးလာနေ၏။ ဒေါ်ဝင်းမာခြေစုံရပ်အော်လိုက်မိကာ လူကိုပြေးတိုက်ကြတော့မည်ပဲထင်လိုက်မိ၏။

"ဟိုဒေါ်ကြီး..ကြားထဲကမဝင်နဲ့လေ၊ အလောင်းကစားနေတာ မသိဘူးလား.."

"ဟိုဒေါ်ကြီးမြန်မြန်ပြန်ထွက်.."

လူတွေအော်ဟစ်နေသံကြောင့် ရဲရဲသတိထားမိသွားကာ ထိုဆီကို လှမ်းကြည့်လိုက်မိလျှင်.. ၊

ချစ်ရဲ့အဒေါ်..

ဒေါ်ဝင်းမာဒုက္ခရောက်နေပြီကို သိလိုက်သဖြင့် မျက်လုံးပြူးသွား၏။

"ဒီအချိန်ကျမှ လေကလည်းထန်လိုက်တာ.."

"နေဝင်ချိန်မဟုတ်သေးဘဲ ဝင်သွားတယ်ဟ..ဖိုးလုံးတို့မောင်နှမ အိမ်ပြန်စမ်း၊ ငါ့စိတ်ထဲမသိုးမသန့်ကြီးဖြစ်လာတယ်.."

"ဟုတ်တယ်..ကလေးတွေအိမ်ပြန်စမ်း.."

"ကစားတဲ့ကောင်တွေ မနိုင်မနင်းဖြစ်နေကြပြီနော်.."

"အပေါ်ကအကြီးကြီးလေးနေပြီ..သေချာတယ်.."

ဒါဆို မကောင်းဆိုးဝါးတွေ စီးထားကြတာဟု သိထားသဖြင့် ရဲရဲကြည့်နေရင်း ရင်ခုန်သံတွေမြန်နေခဲ့၏။ သို့သော် ဒေါ်ဝင်းမာကြောင့် စိတ်

သည်ကဘောက်ထိကဘောက်ချာတွေဖြစ်သွားခဲ့ရပြီး.. ၊

"ဒေါ်လေး..အဲ့ဒီမှာရပ်နေ.."

အကျယ်ကြီးလည်းမအော်ဝံ့ဘဲ လက်ဟန်ခြေဟန်လှမ်းပြမိသည်။ ဒေါ်ဝင်းမာကမမြင်။ ထို့ပြင် ကြောက်သည့်စိတ်က ကြီးစိုးနေပြီဖြစ်ကာ အလောင်းကစားသည့်ရှေ့မှာ ထုပ်စည်းထိုးနေကြသလိုဖြစ်နေခဲ့၏။ လူတွေအားလုံး၏ အာရုံစိုက်ခြင်းသည် ဒေါ်ဝင်းမာဒီကြားထဲ ဘာဝင်လုပ်တာလဲ ဆိုသည့် ထူးဆန်းခြင်းပေါ်မှာ ပိုမိုသွားခဲ့ကြပြီး.. ၊

"ဟဲ့..ဖယ်ပေးလေ၊ ငါ့ဘာသာဒီဘက်ကကပ်ပြီး..အမလေး.."

"ဒုန်း..ဝုန်း ဂျွတ်.."

တအားမြှောက်ထည့်လိုက်သည့် ထမ်းစင်ကြီးက သစ်ပင်ကိုင်းဖျားတစ်ခုနဲ့ ငြိမိသွား၏။ ထိုအခါ လွှပ်ခါထားသည့်အရှိန်နှင့် ဖရိုဖရဲဖြစ်နေသော လူသေအခေါင်းကို ခါထုတ်ပစ်လိုက်သလိုဖြစ်သွားခဲ့သည်။ အခေါင်းက ထမ်းစင်ပေါ်ကနေ ဘေးတိုက်လျှောကျသွားခဲ့ပြီး.. ၊

"အောင်မယ်လေး..လုပ်ကြပါဦး.."

ဒေါ်ဝင်းမာရှေ့ကို ဒေါင်လိုက်ကျ၏။ ပြီးမှ လူပေါ်ကိုပြိုကျလျှင် ဒေါ်ဝင်းမာအခေါင်းကို ဖက်လျက်သားလဲကျသွားခဲ့ပြီး.. ၊

"လာကြပါဦး..လုပ်ကြပါဦး.."

"ဒေါ်လေး..သမီးလာပြီ.."

ရဲရဲက ဘောင်းဘီအရှည်နဲ့မို့ ပြေးလွှားရလွယ်သည်။ သို့သော် ဒေါ်ဝင်းမာနှင့်လူသေအခေါင်းက ကုန်းလျှောအတိုင်း လိမ့်ဆင်းသွားသဖြင့် အချိန်မီမဆွဲလိုက်နိုင်.. ၊

"သေပါပြီ..အောင်မယ်လေး၊ အောင်မလေး..အား.."

အခေါင်းက သစ်ပင်တစ်ပင်မှာကန့်လန့်တင် ကျန်ရစ်ခဲ့ပြီး ဒေါ်ဝင်းမာက ဆက်လိမ့်သွားသည်။ အောက်ခြေကျမှ မှောက်လျက်ရပ်၏။ အလောင်းကြီးပါမလာတော့တာသိပေမယ့် ကမန်းကတန်းကုန်းကွထလိုက်ပြီးမှ မတ်တပ်ရပ်လို့မရတော့အောင် တစ်ကိုယ်လုံးဆတ်ဆတ်တုန်နေ၏။

"ဒေါ်လေး.."

"ရဲရဲ..လာပါဦး၊ ငါ့ကိုထူပါဦး.."

ရဲရဲပြေးလာတော့ ဝမ်းသာအားရလက်ကမ်းမိသည်။ ထိုစဉ် အခေါင်းအဖုံးဖြောင်းခနဲပွင့်ထွက်သွား၏။ ရဲရဲနဲ့ဒေါ်ဝင်းမာ လက်ချင်းဆွဲထားပြီးမှ ပြိုင်တူလှည့်ကြည့်မိကြလျှင်.. ၊

"ဟင်.."

"မသာကြီး.."

ဆံပင်ဖားလျား သနပ်ခါးထွားထွားနှင့် အလောင်းကောင်က ငုတ်ဘုတ်ထထိုင်သည်။ ပြီးတော့ အခေါင်းထဲက ကုန်းရုန်းထထွက်လာလျှင်..၊

"ဒေါ်လေး..လာ မြန်မြန်.."

ရဲရဲခေါ်လည်းမရတော့ပေ။ သူတို့ဆီကိုထလျှောက်လာသည့် အလောင်းကြီးကိုကြည့်နေရင်း ဒေါ်ဝင်းမာအကြောက်လွန်ကာ မျက်လုံးအပြူးသားနှင့် ကြက်သေသေနေ၏။

"ဟိုမှာ မသာလမ်းထလျှောက်နေပြီ..စိပ်ပုတီး စိပ်ပုတီး.."

"ဒေါ်ကြီးမြ ထမီချွတ်ပြီး အုပ်လိုက်စမ်းပါ.."

"ထမီက သရဲနိုင်စရာလားဟဲ့."

"ဟိုမှာ သွားနေပြီ..လိုက်ပါဟ.."

လူတွေပြေးလွှားရောက်လာကာမှ ဒေါ်ဝင်းမာရဲရဲရင်ခွင်ထဲ တအိအိပြိုကျသွားလျက်.. ၊

"ငါ..ငါ့ကိုမထားခဲ့နဲ့နော်၊ ငါနှင့်တို့ကိုမခွဲ.."

သတိလစ်မှာတောင် သေချာမှာသွားနိုင်သေးသည်။ ပြီးမှ မျက်စိနှစ်လုံးပိတ်လေသည်။ အသက်ထွက်မတတ် ကြောက်လန့်ခဲ့ရသော တကယ့်ဖြစ်ရပ်မှန်သည် အလောင်းကောင်သည် တကယ်မသေသေးသည့် လူသေကောင်ဖြစ်နေခဲ့ရာ.. ၊

♦♦♦♦

အခန်း(၅၀)

"ချစ်..ထလေ ဆေးရုံသွားဖို့ နောက်ကျနေပြီ.."

"ကျွန်တော်ဒီနေ့ ဘယ်ဆေးရုံမှ မထိုင်တော့ဘူး.."

"ဘာဖြစ်လို့လဲ..ချစ်နေမကောင်းဘူးလား.."

"အင်း.."

နဖူးလာစမ်းသည့် ရဲရဲလက်လေးကို ချစ်မဝကဖိဆွဲလိုက်သည်။ သူ့ဘေးမှာ ပုံကျလာကာမှ ရင်ခွင်ထဲရောက်အောင် သိမ်းဖက်ထားလိုက်ကာ..၊

"ခင်ဗျားလည်းမသွားနဲ့တော့.."

ညိုမှောင်သန်စွမ်းသည့် ရဲရဲရဲ့ဆံနွယ်ရှည်တွေကို မြတ်မြတ်နိုးနိုးနမ်းနေရင်း တင်းတင်းကျပ်ကျပ်ဖက်ထားမိကာ.. ၊

"အဲ့ဒါကြောင့်ပြောတာ..ဆရာဝန်မလုပ်ချင်ပါနဲ့ဆိုတာ မရဘူး၊ ခုတော့ ကျွန်တော့်အတွက် ဘယ်မှာလဲအချိန်.."

"ချစ်အတွက် အချိန်တွေချည်းပဲ ပေးထားတာကို စကားနာထိုးနေပြန်ပြီ..အဲ့ဒီပညာရေးကြောင့် ကိုယ်မွေးတဲ့သားအမိအထိ မျက်နှာငယ်ရမှာစိုးလို့လေ၊ ပြီးတော့ ဒေါ်လေးက ကထိကထက်တောင်ဆိုးသေးတယ်..သူပါစာ

ိုက်ကျက်ပေးတာ.."

ရဲရဲကိုချစ်သွားတော့လည်း ဒေါ်ဝင်းမာတစ်ယောက် စာကျက်လည်းါ။ စာမေးပွဲဖြေလည်းလိုက် သည်းသည်းလှုပ်လို့ပါ။ ဒေါ်နုလွင်က ယဥ်အိမ်ထောင်ကျပြီး စက်ဘုပ္ပမှာစီးပွားလုပ်တော့ သမီးနဲ့ပါသွားသည်။ ရဲတို့အိမ်ကတော့ ဆိုင်သာဆိုင်မပိုင်တော့သည့် အနေအထားမို့ တစ်အိမ်နဲ့တစ်အိမ်အသည်အပတ်သွားကြ ဝင်ထွက်မိကြရုံ။ မြေးလေးရလို့ ချစ်ချင်တာတောင်ကိုယ့်သမီးကို ဒေါ်ဝင်းမာသည်းသည်းလှုပ်ဂရုစိုက်နေတာကို သိထားသဖြင့်မြေးကိုပိုဆိုးတော့မှာလည်း စာနာမိကာ အဝေးကနေပဲ ကျေနပ်နေခဲ့ကြသည်။ ခုချိန်မှာ သမီးကအထွေထွေရောဂါအထူးကုဖြစ်လျက် သမက်ကခွဲစိပ်အထူးကုဆရာဝန်ကြီးဖြစ်နေပြီမို့ အရာရာကိုကျေနပ်နေနိုင်တာလည်းါလိမ့်မည်။

ချစ်ရသူရင်ခွင်ထဲရောက်သွားမိတိုင်း ရှေ့ဖြစ်နောက်ကြောင်းလေးတွေ ရဲရဲတွေးမိနေသည်။ ချစ်ကိုတစ်ဖက်သတ်ချစ်ခဲ့ရင်း သိက္ခာကျအရှက်ရတာတွေ ဖြစ်ခဲ့ပေမယ့် လက်ထပ်ပြီးသည့်နောက်မှာ နှစ်ဖက်မိဘများရဲ့သည်းသည်းလှုပ်ချစ်ခြင်းကို ရခဲ့သဖြင့် သူမတို့အိမ်ထောင်ရေးမှာ အဆင်မပြေတာ ဘာမှမရှိခဲ့။ သို့သော်.. ၊

"မနေ့က ခင်ဗျားတို့ဆေးရုံကို ကျွန်တော်နည်းနည်းပဲနောက်ကျသွားဘာပါ..အဲ့ဒါဘာလို့ စောင့်မနေတာလဲ.."

"ပြော့ပြန်ပြီကွာ..ခေါင်းနည်းနည်းနောက်နေလို့ပါဆို၊ ချစ်ရဲ့သမီးကဘာမေးပွဲနီးမှ ဂိမ်းတွေချည်းဆော့နေတာလေ..သူစာကျက်အောင် စောင့်ခေါ်နေရတာနဲ့ ကိုယ့်အလုပ်နဲ့ ညဥ့်နက်မှ အိပ်ရတာ သုံးရက်ရှိပြီ.."

"မသိဘူး..ကလေးငိုလာကြိုသွားတယ်ဆိုတာ လုံးဝတင်းနေတာ.."

တင်းနေသည်ဆိုပြီး မျက်နှာကိုပွတ်တိုက်နမ်းနေတာ နည်းနည်းလေးတောင်မခွာ.. ၊

"ချစ်..ဖယ်ဦးလေ၊ ရှင်စွပ်စွဲတာကို ဖြေရဦးမယ်.."

"ဒီတိုင်းဖြေလေ..ခင်ဗျားကိုနမ်းဖို့ ဘယ်လောက်တောင်စောင့်နေရဘယ်မှတ်လဲ.."

ကလေးဆိုးကြီးလို ဂျီကျနေသည့် ချစ်မဝကြောင့် ရယ်လည်းရယ်ချင်

မိသည်။ ပြီးတော့ ကြည်နူးနေမိ၏။ ထို့ကြောင့် သူ့ခါးကိုပြန်ဖက်ထားမိရင်း.. ၊

"ကလေးငိုက လက်ထပ်တော့မှာပါချစ်ရယ်..ပြီးတော့ ရဲတို့ကဟိုတုန်းတည်းက.."

"ခင်ဗျားကိုတစ်ပိုင်းသေအောင် ကြိုက်လာတာထည့်ပြော.."

ကိုယ်နဲ့လွဲရင်ပြီးရောဆိုပြီး ဟိုဆရာဝန်လက်ထဲကိုယ်တိုင်အရောက်ပို့ခဲ့သေးတာ။ ကိုယ်လက်ဦးခဲ့လို့ ရဲရဲကိုပိုင်ဆိုင်ခဲ့ရတာ မဟုတ်ဘူးလား..။ တကယ်ဆို မျှော်စင်ကျွန်းထဲမှာ 'ရှုပ်လိုက်တာ'ဆိုပြီး လူကိုတွန်းဖယ်ခဲ့လိုက်ရတည်းက သူမကိုဒေါသထွက်ခဲ့ရတာ မှတ်မှတ်ရရ..။ ပြီးတော့ ဒီလောကံတောင်လှသလား ဆိုပြီး ကွယ်ရာရောက်မှ ပြန်လှည့်ကြည့်မိတဲ့အထိ။ နောက်တစ်ခါ ကိုယ်စာသင်ပေးရမှာ သူမမှန်းသိလိုက်သည့်အချိန် ရင်ထဲမှာပျော်ဆန်းအောင်ခါသွားတာတွေ။ သူမကိုမြင်လိုက်တိုင်း မနေတတ်မထိုင်တတ်တဲ့မျက်နှာကို အသားကုန်တင်းထားမိတာတွေ။ 'အဲ့ဒါတွေအကြိုက်ကြီးလို့ဖြစ်တာ'လို့ သူငယ်ချင်းတစ်ယောက်ကပြောခဲ့တာတောင် သူ့မှာရှက်လို့ကောင်းတုန်း။ ဒါတွေပြောပြပြီး သူမဆီက အချစ်တွေချူရပါဦးမည်။

"ချစ်.."

"ဘာလဲ.."

"ဒီမှာမျက်လုံးဖွင့်ပြီး ရဲကိုကြည့်.."

"မကြည့်လည်းမြင်နေတာ ခင်ဗျားမျက်နှာကို..ဒီတိုင်းပြော.."

ပါးချင်းကပ်ထားသဖြင့် မျက်လုံးဆုံလို့မရခြင်းကို သူမပဲလက်လျှော့လိုက်ရကာ.. ၊

"ဒီနေ့ ရဲကမသွားလို့မရဘူးချစ်ရဲ့..ခရီးသွားဖို့ရှိနေတဲ့ လူနာနဲ့သဘောချိန်းထားတာရှိတယ်၊ လူနာကိုခရီးသွားသင့်မသင့်..သွားရင်သူ့ဖို့သောက်ဆေးတွေ ပေးရဦးမှာ၊ ကဲ..လွှတ်ပါတော့၊ သမီးလည်းအပျိုဖြစ်နေပြီ..ဒီဆရာဝန်ကြီးကတော့.."

"ဘာ.."

ချစ်မဝဆတ်ခနဲ ခေါင်းထောင်လာသည်။ ပြီးတော့ လက်တစ်ဖက်ထောက် ကိုယ်ကြွလိုက်ပြီး ရဲရဲ့မျက်နှာထက်က စီးမိုးကြည့်ကာ.. ၊

"ကြာလာလေ..ပိုချစ်လာလေ၊ ခင်ဗျားကို.."

"အား.."

ပြောပြီး ငုံ့နမ်းလိုက်တော့ ရဲကမျက်နှာလွှဲရှောင်လိုက်၏။

"လူကိုအဘိုးကြီးလို့ ပြောနေပြီဆိုတော့ ဒီအဘိုးကြီးသန်ကြောင်းမြန်ကြောင်း ပြရတာပေါ့.."

"ချစ်နော်..သူများဆေးရုံသွားဖို့ ပြင်ထားတာကို၊ တွေ့လားလို့.."

ချစ်ရသူကို မငြိုငြင်ဘဲ တားဆီးနေရသဖြင့် ရယ်သံတွေလည်းပါလာသည်။ ထိုအချိန်မှာ ဒေါ်ဝင်းမာအခန်းရှေ့ရောက်လာလျက် သူမလက်ထဲမှာ ဓာတ်ပုံတွေနဲ့.. ၊

"အေး..ချစ်ကြပေ့ါ၊ နင်တို့ချစ်ဖို့ အရေးကြီးတယ်သိလား..ကလေးဘာဖြစ်နေသလဲ ဘာမှအရေးမကြီးဘူး၊ နင်တို့ပဲချစ်ကြ.."

စိတ်တိုခြင်းက အလိပ်လိုက်တက်၏။ ဖအေလုပ်သူက သူ့တပည့်ကိုခေါ်ပြီး သမီးအတွက်ဂိုက်ဒ်ထားပေးသည်။ စာမေးပွဲတစ်နှစ်ကျပြီးသည့်သမီးဖြစ်သူက မအော့ခြေရာအတိုင်း.. ၊

"ကျွတ်..မဖြစ်သေးပါဘူး၊ ဒီကောင်လေးမိဘတွေက ပညာတတ်သူကုန်ထံတွေ..ငါ့မြေးလေးက စာမေးပွဲကျ.."

နှုတ်မှပြောမိရင်း အတိတ်ကတစ်စုံတစ်ရာကို သတိရသွား၏။

"သူများသားသမီးကို ကြည့်ပြောကြည့်ဆိုပါဝင်းမာရယ်..နင်ဝင်ရှုပ်လိုက်လို့မယ်သိလား.."တဲ့..။ အဲ့တုန်းက သူမဘာပြောခဲ့ပါသလဲ.. ၊

"ငါ့သားကဆရာဝန်..ငါ့သမီးက အင်ဂျင်နီယာ၊ ဘာကိုဝင်ရှုပ်လိုက်ဖို့ရှိသလဲ..ငါမဟုတ်တာပြောတာ မဟုတ်ဘူး.." ဟူ၍ ..။

ဒေါ်ဝင်းမာ မြေးမလေးရဲရဲချစ်မဝစာသင်နေသည့် အခန်းရှေ့မှာခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ခြေစုံရပ်သွားလိုက် ဓာတ်ပုံတွေကိုဆောင်ကြည့်မိလိုက်။ ဒီပုံတွေကို မြေးအခန်းထဲက ပိုစတာတွေမှာ တွေ့ခဲ့ဘာဖြစ်သည်။ ရုပ်ရှင်မင်းသားပုံတွေပေါ်မှာ သင်းကမင်းသားထက်ဆောင်ချောတယ်ထင်နေတာလား.. ဒါမှမဟုတ် သေလုမျောပါးကြိုက်နေတာလား..

မဖြစ်ဘူး.. ဟိုလင်မယားရှိနေတုန်း သူတို့သမီးအကြောင်း ပြောပြသားမှ..

တွေးရင်း ပြန်လှည့်လိုက်မိသည်။ သို့သော် အထဲကဒေါက်တာရင်းသန့်ကို၏ စကားသံကိုကြားလိုက်ရကာ.. ၊

"မင်းမျက်လုံးတွေကို စာအုပ်မှာကပ်ထား..ငါကမင်းကြည့်ဖို့လာထိုင်ပေးနေတာ မဟုတ်ဘူး.."

"ကိုကိုကလည်း ချစ်က ကိုကို့ကိုကြည့်နေမှ စာရတာ..အခု ရပြီ၊ မေးလေ..ကြိုက်တဲ့မေးခွန်းမေး.."

"မေးချင်စိတ်ကိုမရှိတော့ဘူး..စိတ်ကုန်လို့ မင်းကို.."

ဘုရား..

ဒေါ်ဝင်းမာ မျက်တောင်တို့တဖျတ်ဖျတ်ခတ်ရင်း ရင်ဘက်ဖိလျက်..ငါဝင့်လည်ပြီ....

♦♦♦♦

လရောင်ကျူးရင့်